


လူငယ်လူရွယ်များအတွက် ရတနာမြတ်သုံးဖြာ

# ဗုဒ္ဓရတနာ

ဇေယျာမောင်

# မျက်နှာဖုံးသရုပ်ဖော်

ဤစာအုပ်မျက်နှာဖုံး၌ သရုပ်ဖော်ထားသောပုံသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ဂေါဒါဝရီမြစ်နှင့် ကစ္စနာမြစ်နှစ်သွယ်အကြား အမရဝတီရှေးဟောင်းဒေသမှ အသောကမင်းကြီးလက်ထက်နောက်ပိုင်း၌ပေါ်ထွန်းခဲ့သော အေဒီ ၃-ရာစု သတဝါဟန ယဉ်ကျေးမှုခေတ် ကျောက်ဆစ်ရုပ်တုလက်ရာဖြစ်သည်။

ထိုအမရဝတီရှေးဟောင်းဒေသ၌ ထွန်းကားခဲ့သော ဗုဒ္ဓယဉ်ကျေးမှုအနုပညာ၏ထူးခြားချက်မှာ ဗုဒ္ဓရုပ်ပွားတော်ကိုးကွယ်မှုကိုလက်မခံခဲ့သော မဟာသာသကဗုဒ္ဓဘာသာဂိုဏ်းသားများ၏ ဗုဒ္ဓယဉ်ကျေးမှုလက်ရာများပင် ဖြစ်သည်။

ဤစာအုပ်မျက်နှာဖုံးပါ အမရဝတီအနုပညာလက်ရာကို ဗြိတိသျှပြတိုက်၌ **(British Museum. O.A.1880.7.9.80.)** အမှတ်ဖြင့် ပြသထားသည်။ ***(Masterpieces of Buddhist and Hindu Sculpture from the British Museum.*** **1994. Asahi Shimbun. Page-46/155.)**

ဇေယျာမောင်

လူငယ်လူရွယ်များအတွက်ရတနာမြတ်သုံးဖြာ

(ဗုဒ္ဓရတနာ)

စာအုပ်မှတ်တမ်း

၂၀၁၂-ခု၊ ဇွန်လ ၊ ပထမအကြိမ်။
အုပ်ရေ-၁၀၀၀။
စာမူခွင့်ပြုချက်-၁၃၆/၂၀၀၂(၃)
အဖုံးခွင့်ပြုချက်-၂၁၆/၂၀၀၂(၄)

ထုတ်ဝေသူ

ဦးသန်းဆွေ (မြ-၀၁၄၇၃)၊ စစ်သည်တော်စာပေ
အမှတ်-၁၀၃၁/က၊ ဥယျာဉ်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်။

ပုံနှိပ်သူ

ဦးနိုင်ဦး (မြ/၀၆၃၀၃)၊ ငွေပြည်တော်အော့ဖ်ဆက်၊
အမှတ်-၄၄(ခ)၊ ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စန်းလင်း (ယာယီ/၈၆၉)၊ Evergreen Offset
အမှတ်-၉၀၊ ၈-လမ်း၊ လမ်းမတော်မြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံများ

Newday graphic design scanning & color seperation
အမှတ်-၁၄၈၊ လမ်း-၅၀၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၈၆၄၂။

စာအုပ်ချုပ်

ဦးမောင်လေး (သန့်စင်စာအုပ်ချုပ်လုပ်ငန်း)
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။

စီစဉ်သူ

ဒေါ်သက်သက်ခိုင်
မြတ်ဆုမွန်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

တန်ဖိုး – ကျပ်။

**၁၃၀၀-ကျပ်**

အမှတ် ၂၄၅၃၈
နေ့စွဲ ၄ ၊ ၁၀ ၊ ၉၇

## မာတိကာ

– စာရေးသူ၏အမှာ

### အခန်း(၁)

၁၁ စစ်မှန်သောထေရဝါဒဗုဒ္ဓဘာသာ
၁၅ မြတ်စွာဘုရား၏ဗုဒ္ဓဝင်အချုပ်
၂၃ မောင်ဝဏ္ဏ၏မေးခွန်းများ
၂၅ အနောက်နိုင်ငံသားများဗုဒ္ဓစာပေကိုလေ့လာကြပုံ
၂၉ အသောကမင်းကြီးဆိုင်ရာအထောက်အထားများ
၃၀ ကိုယ်တွေ့မဇ္ဈိမဒေသနှင့်လုမ္ဗိနီ
၃၅ တုနှိုင်းမရမြတ်ဗုဒ္ဓ

### အခန်း(၂)

၃၉ ဒီပင်္ကရာဘုရားရှင်ထံမှဗျာဒိတ်ရတော်မူခြင်း
၄၅ ပါရမီဆယ်ပါးအကျင့်တရားများ
၅၁ ပါရမီအမျိုးမျိုးကွဲပြားခြားနားပုံ
၅၄ ပါရမီတော်များကိုဖြည့်ဆည်းရန်ဆင်ခြင်တော်မူခြင်း

### အခန်း(၃)

၅၇ ဘုရားလောင်းတောထွက်တော်မူခြင်း
၆၄ ဗုဒ္ဓ၏အရပ်တော်တစ်ဆယ့်ရှစ်တောင်
၆၆ ဘုရားလောင်းဒုက္ကရစရိယာကျင့်တော်မူခြင်း
၆၉ သဗ္ဗညုတရွှေဉာဏ်တော်ရ၍ဘုရားဖြစ်တော်မူခြင်း
၇၉ သတ္တသတ္တာဟစံတော်မူခြင်း
၈၅ မြတ်ဘုရားရွှေတိဂုံထီးတော်တင်လှူပွဲကြီး

## မာတိကာ


၉၄ သဟာမ္ပတိဗြဟ္မာကြီးတရားဟောရန်တောင်းပန်ခြင်း
၉၇ ကြာလေးမျိုးနှင့်ပုဂ္ဂိုလ်လေးပါး
၉၉ တရားဟောမည်ဟုဝန်ခံစကားမိန့်ကြားတော်မူခြင်း
၁၀၂ ဥပကတက္ကတွန်း


အခန်း(၄)


၁၀၉ ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဟောရန် မိဂဒါဝုန်သို့ကြွတော်မူခြင်း
၁၁၅ ဓမ္မစကြာတရားတော်ကိုဟောတော်မူခြင်း
၁၁၇ အရှင်ကောဏ္ဍညမထေရ် ရှေးဦးစွာတရားထူးရခြင်း
၁၁၉ ပဥ္စဝဂ္ဂီတို့တရားထူးရကြခြင်း
၁၂၅ မောနေယျအကျင့်ကိုကျင့်သောအရှင်နာလကမထေရ်


အခန်း(၅)


၁၃၀ ယသသတို့သားနှင့်မိဘနှစ်ပါးကျွတ်တမ်းဝင်ကြခြင်း
၁၃၉ ရဟန္တာအရှင်မြတ်ခြောက်ဆယ်ပေါ်ထွန်းခြင်း
၁၄၃ ဗုဒ္ဓမြတ်စွာ၏သာသနာပြုစိမ်ကိန်းကြီးစတင်ခြင်း
၁၄၅ မာရ်နတ်သားကလိုက်လံနှောင့်ယှက်ခြင်း
၁၆၀ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် သာသနာတွင်းသို့ရောက်ရှိကြခြင်း
၁၆၂ ဥရုဝေလရသေ့ညီနောင် ရှင်တစ်ထောင်သာသနာတွင်းရောက်ရှိကြခြင်း
၁၇၃ ရာဇဂြိုဟ်ပြည်၌သာသနာပြုတော်မူခြင်း


အခန်း(၆)


၁၈၃ ကပိလဝတ်ပြည်၌သာသနာပြုတော်မူခြင်း
၁၉၉ ပါရမီဖြည့်ဖက်ယသော်ဓရာဒေဝီကိုတရားပြတော်မူခြင်း
၂၀၂ ဆွေတော်မျိုးတော်များ၏အကျိုးကိုဆောင်တော်မူခြင်း
၂၀၅ ညီတော်နန္ဒမင်းသား ရဟန်းဘောင်သို့ရောက်ခြင်း
၂၀၉ သားတော်ရာဟုလာ ရှင်သာမဏေဖြစ်တော်မူခြင်း
၂၁၆ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား ချီးမြှောက်တော်မူခြင်း

# မာတိကာ

၂၁၈ ဆွေတော်မျိုးတော်များအားစောင့်ရှောက်ချီးမြှောက်ခြင်း
၂၂၁ သာကီဝင်များ၏ရေလုပွဲကြီးဖြစ်ပေါ်လာခြင်း
၂၂၄ မဟာသမယအခါတော်နေ့အခမ်းအနားကြီး
၂၂၇ မိထွေးတော်ဂေါတမီနှင့်သာကီဝင်မင်းသမီးငါးရာတို့
ဘိက္ခုနီဘောင်သို့ဝင်ကြခြင်း
၂၃၀ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားဟောတော်မူခြင်း

အခန်း(၇)

၂၃၇ အနာထပိဏ်သူဌေးကြီးဘုရားရှင်အားဖူးတွေ့ခြင်း
၂၄၆ ဇေတဝန်ကျောင်းတော်ဆောက်လုပ်လှူဒါန်းခြင်း
၂၄၉ ဘုရားရှင်အားသာဝတ္ထိပြည်သို့ပင့်ဆောင်တော်မူပုံ
၂၅၅ လိစ္ဆဝီမင်းတို့ ဘုရားရှင်အားဝေသာလီသို့ရေကြောင်းမှပင့်ဆောင်ကြပုံ
၂၅၈ ပုဗ္ဗာရုံကျောင်းအမကြီးဝိသာခါ
၂၆၂ နကုလပိတုနှင့်နကုလမာတုဇနီးမောင်နှံ
၂၆၅ ပဋာစာရီထေရီမ

အခန်း(၈)

၂၇၁ ရှင်တော်ဘုရားနှင့်လောကဓံတရား
၂၇၃ တိတ္ထိများက ရှင်တော်ဘုရား၏ဂုဏ်တော်မှေးမှိန်ရန်လုပ်ကြံကြခြင်း
၂၇၅ တိတ္ထိများ စိဉ္စမာဏဝိကာမိန်းမယုတ်ကိုအသုံးပြု၍လုပ်ကြံကြခြင်း
၂၇၈ တိတ္ထိများ သုန္ဒရီပရိဗိုဇ်မကိုအသုံးပြု၍လုပ်ကြံကြပြန်ခြင်း
၂၈၁ မဟာပရိနိဗ္ဗာန်စံယူတော်မူခြင်း
၂၈၄ သာသနာတော်၌ထူးခြားသောရဟန္တာအရှင်မြတ်ကြီးနှစ်ပါး
၂၈၅ ရတနာမြတ်သုံးဖြာဆည်းကပ်ကြပါ
၂၈၉ ရတနာသုံးဖြာဆည်းကပ်ရကျိုး

# စာရေးသူ၏အမှာစာ

ဤ 'လူငယ်လူရွယ်များအတွက် ရတနာမြတ်သုံးဖြာ' စာအုပ်ကို သုံးပိုင်းခွဲ၍ ပြုစုရေးသားမည်ဖြစ်ရာ ယခုစာအုပ်မှာ 'ဗုဒ္ဓရတနာ' အကြောင်းများသာ ဖြစ်ပေသည်။ ဓမ္မရတနာ၊ သံဃာရတနာ စာအုပ်များ ဆက်လက်ထွက်ရန်ရှိပေသည်။

ဤစာအုပ်များရေးသားရခြင်းအကြောင်းကို စာအုပ်၏ရှေ့ပိုင်းတွင် ပေါ်လွင်လာပါလိမ့်မည်။ ဤနေရာတွင် အနည်းငယ်ဖော်ပြရမည်မှာ မိမိနှင့်ကိုယ်ချင်းစာ၍ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့အကြောင်းများ ကျွန်တော်သိရှိနားလည်သကဲ့သို့ လူငယ်များသိရှိလိုသောဆန္ဒ အရင်းခံပင်ဖြစ်ပါသည်။

ကျွန်တော်သည် အထက်တန်းပညာများ တတ်မြောက်ပြီးနောက် ဆရာကြီးရာဇတ်၏အကူအညီဖြင့် သီးခြား မန္တလေး တက္ကသိုလ်ကြီးကို အောင်မြင်စွာတည်ထောင်ခဲ့ရ၍ ရင်ကော့ကာ ဂုဏ်ယူမဆုံးဖြစ်ခဲ့ရပေသည်။ မိမိမှာ ဗုဒ္ဓဘာသာဝင်မိဘနှစ်ပါးမှ ဆင်းသက်လာသည့်အလျောက် မိရိုးဖလာဗုဒ္ဓဘာသာကျင့်စဉ်များ လိုက်နာဆောင်ရွက်ပါသည်။ ဘုရားရှိခိုးသည်။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းသည်။ မိမိတတ်စွမ်းသမျှ အလှူဒါနပေးကမ်းခဲ့သည်။

သို့ရာတွင် ဗုဒ္ဓဘာသာဝင်ဟုခေါ်ဆိုနေသော မိမိကိုယ်တိုင် ဗုဒ္ဓရှင်တော် မြတ်အကြောင်း နကန်းတစ်လုံးမျှမသိခဲ့ပါ။ ဗုဒ္ဓကား

မည်သူနည်း။ မိဘများကား မည်သူနည်း။ အိမ်ထောင်ရှင်ဘဝ၌ ယသောဓရာနှင့်လက်တွဲ၍ နန်းစည်းစိမ်ခံစားနေရာမှ ချစ်ဇနီးနှင့် သားကလေးရာဟုလာကိုစွန့်ပစ်ထားခဲ့ပြီး အဘယ်ကြောင့် တောထွက်သွားခဲ့ရသနည်း။ တောတွင် မည်ကဲ့သို့ အကျင့်များ ကျင့်ခဲ့သနည်း။ မည်သည့်အခက်အခဲများ ရင်ဆိုင်ကျော်လွှား ခဲ့ရသနည်း။ နောက်ဆုံးတွင် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရား သခင်အဖြစ် မည်သို့ရခဲ့သနည်း စသည်စသည်များ လုံးဝ မကြားဘူး မသိရှိခဲ့ရပါ။

ကုသိုလ်ကံထောက်မ၍ ၁၉၈၉–ခုနှစ်တွင် ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီးပြုစုရေးသားတော်မူခဲ့သော ‘မဟာဗုဒ္ဓဝင် ကျမ်းတော်မြတ်ကြီး’ ၆–တွဲ၊ (၈)အုပ်ကို အင်္ဂလိပ်ဘာသာပြန်ခဲ့ရမှ ရှင်တော်မြတ်ဘုရား၏ဖြစ်တော်စဉ်များကို ဖွားတော်မူသည်မှ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ လေးဆယ့်ငါးနှစ်ပတ်လုံး ဝေနေယျ သတ္တဝါများကို ကရုဏာကြီးမားစွာဖြင့် ကယ်တင်ချေချွတ်ခဲ့ပုံ အလုံးစုံကို ပိုင်ပိုင်နိုင်နိုင်သိလာရပါသည်။

ဤသို့သိမြင်လာသောအခါ ကြီးမားသောကရုဏာရှင်ကြီး၏ အဆုံးအမဩဝါဒများကို တန်ဖိုးထားလာသည်။ လေးစားခဲ့သည်။ ဤအဆင့်မှတက်၍ ဝိပဿနာကမ္မဋ္ဌာန်းတရားများကို အပတ် တကုတ် ကျင့်ကြံအားထုတ်ခြင်းဖြင့် အဖိုးမဖြတ်နိုင်သောအကျိုးထူး များကို ကိုယ်တိုင်ခံစားနေရပေပြီ။

ထို့ကြောင့် လူငယ်လူရွယ်များအားလည်း ကိုယ်ချင်းစာ၍ ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသော ရှင်တော်ဘုရားဖြစ်တော်စဉ် များကို သိစေချင်သည်။ မိမိ မသိရှိခဲ့သော ရှင်တော်မြတ်အကြောင်း

## စာရေးသူ၏အမှာ

ကို မြက်ခင်းသစ်မဂ္ဂဇင်းတွင် လွန်ခဲ့သော(၃)နှစ်ကျော်က လစဉ်ရေးသားခဲ့သော 'စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာ' ဗုဒ္ဓဘာသာဆောင်းပါး(၃၂)စောင်ကို ယခုစာအုပ်တစ်အုပ်အဖြစ် ပြန်လည်တင်ဆက်ရခြင်းဖြစ်ပါသည်။ မောင်သစ္စာ ကလောင်နာမည်ဖြင့်မြေးကလေး မောင်ဝဏ္ဏတို့အား ပြောပြခဲ့သော ဗုဒ္ဓအကြောင်းအရာအလုံးစုံကို မဟာဗုဒ္ဓဝင်အကျဉ်းချုပ်သဘောအဖြစ် ယခုပထမပိုင်း– ဗုဒ္ဓရတနာအကြောင်းကို တင်ပြလိုက်ခြင်းဖြစ်ရာဓမ္မရတနာ၊ သံဃာ့ရတနာအကြောင်းအရာများကို ဆက်လက်၍စာအုပ်အဖြစ်ထွက်ပေါ်လာမည့် သတင်းကောင်းကို ပါးလိုက်ပါသည်။ ။

ဇေယျာမောင်

ဇေယျာမောင်
ဇေယျာရွှေမြေညှို့ပါမောက္ခရိပ်သာ
သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ
ရန်ကုန်မြို့။



ဗုဒ္ဓမြတ်စွာ

ပါကစ္စတန်နိုင်ငံ၊ ဂန္ဓာရလက်ရာ အေဒီ ၂/၄-ရာစု။

# လူငယ်လူရွယ်များအတွက်ရတနာမြတ်သုံးဖြာ

# ဗုဒ္ဓရတနာ

## အခန်း(၁)

### စစ်မှန်သောထေရဝါဒဗုဒ္ဓဘာသာ

ကဆုန်လပြည့် ဗုဒ္ဓနေ့ နေ့ထူးနေ့မြတ်တွင် သားသမီးများနှင့် မြေးကြီး မြေးငယ်တို့စုံလင်စွာ ရောက်လာကြသည်။ မိသားစုအားလုံး ကြုံတောင့်ကြုံခဲ ဆုံမိခဲ့ကြသည်။ အဘိုးနှင့်အဘွားတို့အား ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအတိုင်း ရှိခိုးကန်တော့ကြပြီးနောက် မြေးကြီး မောင်ဝဏ္ဏက 'ဘိုးဘိုးကို တစ်ခုမေးပါရစေ'ဟု စကားစပြီး ဤသို့ ပြောပြပါသည်။

'လွန်ခဲ့တဲ့နှစ်ပတ်လောက်က ကျွန်တော့်မိတ်ဆွေတစ်ဦးက အိမ်တက် ပရိတ်နာကြွပါဖိတ်လို့ ကျွန်တော်သွားခဲ့တယ် ဘိုးဘိုး။ အိမ်တက်ဆိုပေမယ့် သီးသန့်အိမ်ဝင်းနဲ့ ခြံနဲ့မဟုတ်ပါဘူး။ အခုခေတ်'ကွန်ဒိုမီနီယမ်' (Condominium) ခေါ်တဲ့ ဆယ်ထပ်အဆောက်အအုံကြီးထဲက ကျယ်ကျယ်ပြန့်ပြန့် အခန်းကြီးတစ်ခန်းပါပဲ။ အဲဒါကို အခန်းငယ်ကလေးများ ဖွဲ့ထားတာပါ။

'အဲဒီကို ကျွန်တော်ရောက်သွားတော့ ဘုရားခန်းလုပ်ထားတဲ့ အခန်း ငယ်တစ်ခုထဲမှာ ဧည့်ပရိသတ်(၃၀)လောက် စုပြုံရောက်နေကြပြီ၊ ခပ်နိမ့်နိမ့် အောက်ခံ ခုံပြန့်ပေါ်မှာ စားပွဲခုံကြီးကြီးတစ်လုံး တင်ထားတယ်၊ အဲဒီပေါ်မှာ တော်တော်သပ္ပာယ်တဲ့ ကျောက်ဆင်းတုတော်တစ်ဆူရှိတယ်၊ မီးရောင်စုံ အဆင်အပြင်မျိုးစုံနဲ့ ပူဇော်ထားတယ်၊ ဘေးနှစ်ဖက်မှာ ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ ဘိုးတော်တစ်ဦးရဲ့ပုံ၊ တစ်ဖက်ကတော့ ပြုံးရွှင်နေတဲ့လူဝကြီး ဝမ်းဗိုက်ကြီး ဖော်ထားတဲ့ရုပ်ပုံတစ်ခု၊ ပြီးတော့ သပြေ၊ စံပယ်၊ ဂန္ဓမာ ပန်းမျိုးစုံကို လှပတဲ့ ပန်းအိုးတွေမှာ မြိုင်မြိုင်ဆိုင်ဆိုင်ပူဇော်ပြင်ဆင်ထားတယ် ဘိုးဘိုး။

'ကျွန်တော်ရောက်ပြီး မကြာမီ ဆရာတော်ကြွလာပါပြီ ဆိုတော့ ရုတ်ရုတ်သဲသဲနဲ့ နေရာကျဉ်းကလေးမှာ ပရိသတ်တွေ ဖြစ်သလိုနေရာယူကြတယ်။ ဆရာတော်က ခုံမြင့်ပေါ်တက်သွားပြီး ရေမွှေးရည်ဖလားမှာ အသင့်ထည့်ထားတဲ့ သပြေခက်တွေကို လက်နဲ့ဆုပ်ပြီး ဆင်းတုတော်ကို အရင်ပက်ဖျန်းတယ်၊ နောက် ဘိုးတော်ပုံနဲ့ လူဝကြီးပုံတွေကို ပက်ဖျန်းရာက ပရိသတ်ကို သပြေခက်နဲ့ ဝှေ့ရမ်းပြီး သပြေခက်များကိုလည်း လက်လှမ်းပေးတယ်။ ဘုန်းတော်ကြီးနှုတ်မှလည်း 'ဥုမ်...ဥုမ်...'နဲ့ တတွတ်တွတ်မန်းမှုတ်ရွတ်ဖတ်တယ်။

'နောက်တော့ ဆရာတော်ဟာ ဘုရားပလ္လင်စားပွဲခုံရှေ့ ခင်းထားတဲ့ နေရာမှာထိုင်ပြီး ငါးပါးသီလပေးတယ်၊ ပြီးတော့ ပရိသတ်ထဲက ဧည့်သည်တွေရဲ့နာမည်ကိုခေါ်ခေါ်ပြီး 'ဘယ့်နှယ်လဲ–ဟိုကိစ္စ အောင်သွားပြီမဟုတ်လား၊ ဒီကိစ္စ မှန်တယ်မဟုတ်လား' စသည်ဖြင့် အလာပသလ္လာပစကားတွေ ပြောနေတယ်။ ဒါပဲ မြင်တွေ့ခဲ့ရတယ် ဘိုးဘိုး။ ကျွန်တော်တို့ အရင်က တွေ့ကြုံဖူးတဲ့ အိမ်တက်ပရိတ်နာ တရားပွဲကျင်းပတာမျိုးနဲ့ မတူဘူး၊ ဘုန်းတော်ကြီး အနည်းဆုံးသုံးပါးနဲ့ ပရိတ်တော်များရွတ်ဖတ်ကြပြီး အနေကဇာတင်ပုံမျိုးမဟုတ်ဘူး ဘိုးဘိုး'။

မြေးကလေးမောင်ဝဏ္ဏ ပြောပြနေဆဲမှာပင် ကျွန်တော်၏စိတ်၌ အတိတ်ကပုံရိပ်များ၊ ပစ္စုပ္ပန်မြင်ကွင်းများ၊ အနာဂတ်ပုံသဏ္ဌာန်များ မြင်ယောင်လာ၍ သက်ပြင်းတစ်ချက်ချမိခဲ့၏။ မြေးကလေးက 'အဲဒါ ဗုဒ္ဓဘာသာဝင်တွေ ပူဇော်ပသပုံနဲ့မတူဘဲ ကွဲပြားနေတာ ဘာကြောင့်လဲဘိုးဘိုး'ဟု မောင်ဝဏ္ဏစကားအဆုံးသတ်လိုက်မှ လွင့်ပါးနေသောစိတ်များကို ရုတ်တရက် ဘရိတ်အုပ်လိုက်ရသည်။

မောင်ဝဏ္ဏသည် အသက်(၂၆)နှစ်ထဲရောက်နေပေပြီ။ ဆေးကျောင်း စတုတ္ထနှစ်တွင် စာသင်ရပ်ဆိုင်းခဲ့ရသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်ကမှ သူ့မိဘနှင့်တကွ သားမြေးများကို ကျွန်တော်က သာသနာ့ဘောင်သို့သွတ်သွင်းချီးမြှင့်ပေးခဲ့၍ ဘာသာ သာသနာ အဆုံးအမများ၌ စတင်စိတ်ဝင်စား

ကာ လေ့လာကျင့်သုံးလာခဲ့သည်။ ဇေယျာမောင် ဘာသာပြန်ရေးသားသည့် မြတ်ဗုဒ္ဓဒေသနာစာအုပ်ကို ဖတ်ရှုစေ၍၊ ဗုဒ္ဓဘာသာအခြေခံကျမ်းစာများ ကိုလည်း ဆက်လက်ဖတ်ခိုင်းထားပါသည်။ ဤဗဟုသုတကလေးမျှရှိသော မောင်ဝဏ္ဏသည် သူတွေ့ခဲ့သော အိမ်တက်ပရိတ်နာရှုမြင်ကွင်းပေါ် အမြင်မကြည်လင် ရှုပ်ထွေးမျက်စိလည်နေသည်မှာ အံ့ဩဖွယ်မဟုတ်ပါချေ။ ကျွန်တော်ပင်လျှင် သူကဲ့သို့ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးကိစ္စများတွင် မသိနားမလည်သောဘဝက ရုန်းကန်ထွက်လာခဲ့ရသူတစ်ဦးသာ ဖြစ်ခဲ့ပါသည်။

ဟုတ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်(၈၀)ခန့်က ကျွန်တော်တို့ လူငယ်လူရွယ်များသည် မိရိုးဖလာဗုဒ္ဓဘာသာအဆင့်က ရှေ့မတက်နိုင်ဘဲ အခြေအနေအရ ရပ်တန့်နေခဲ့ရသူများဖြစ်ပါသည်။ ၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်သည် တစ်နိုင်ငံလုံး မျိုးချစ်စိတ်ဓာတ် ဝံသာနုစိတ်ဓာတ် အရှိန်အဟုန် မြင့်တက်နေချိန်ဖြစ်သည်။ သူ့ကျွန်ဘဝက လွတ်မြောက်ရေးနည်းလမ်းများ ရှာကြံနေကြချိန်ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားများသည် အိုင်အာရ်အေ (I.R.A) ခေါ် အိုင်ယာလန်ပြည် (Ireland) တွင် ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရေးကြိုးပမ်းနေသူများကိုအားကျ၍ တော်လှန်ရေးဆောင်ရွက်ကြရန်၊ ဗုံးလက်နက်များ ထုတ်လုပ်နိုင်ကြရန် ကြိုးပမ်းနေကြချိန်ဖြစ်သည်။ ဆရာစံခေါ် မြန်မာ့သူရဲကောင်းကြီး ပေါ်ပေါက်လာပြီး ရှိသမျှလက်နက်ဖြင့် နေမဝင်ဟု ခေါ်ဆိုသော အင်ပါယာကြီးကိုဖြိုခွဲရန် အံတုနေကြချိန်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့တွင် ဘာသာသာသနာဆိုင်ရာ စာပေကျမ်းဂန် ဖတ်ရှုလိုက်စားနေချိန်၊ ဘုရားကျောင်းကန်ချဉ်းကပ်၍ ရှိခိုးပူဇော်နေချိန်၊ အေးအေးချမ်းချမ်း တရားကျင့်သုံးနေချိန်များ မရရှိခဲ့ကြပါ။ ခေတ်နောက်ကျ၍ ကျွန်သဘောက်ဘဝရောက်နေသောတိုင်းပြည်ကို လွတ်လပ်သောလူမျိုးဘဝ သို့ရောက်ရှိရေးကိုသာ အလေးပေးဆောင်ရွက်ခဲ့ကြသူများဖြစ်ကြပါသည်။

လွတ်လပ်ရေးရပြီးနောက်လည်း မျိုးဆက်သစ်လူငယ်များဖြစ်သော မောင်ဝဏ္ဏတို့၏မိဘများလက်ထက်တွင် သူဖြူငါမည်း သူတလူငါတမင်း

နှင့် အာဏာလုပွဲအမျိုးမျိုး၊ ဝါဒယှဉ်ပြိုင်ပွဲအမျိုးမျိုး၊ အရင်းရှင် ကွန်မြူနစ် ဆိုရှယ်လစ်စနစ်တွေက အဖုံဖုံ ပွဲလန့်တုန်းဖျာဝင်ခင်းချင်ကြသော ခေတ်သစ် တောသူကြီး ယံန်ကီးစီအိုင်အေက တဖုံတန္ခဲ့ ပြိုကြကွဲကြ သတ်ကြဖြတ်ကြ ဖြစ်နေကြပြန်လေပြီ၊ ရရှိပြီးလွတ်လပ်ရေးကို မဆုံးရှုံးရလေအောင် အစွမ်းကုန် ကြိုးပမ်းကြရပြန်သည်။ တောတောင်လျှိုမြောင် ချောက်ကမ်းပါးများတွင် ဝပ်တွားချီတက် အသက်ကိုစွန့်လွှတ်ပြီး တိုင်းပြည်ရန်အသွယ်သွယ် ကာကွယ် ရန် တာဝန်ထမ်းဆောင်ရင်း မောင်ဝဏ္ဏတို့၏ဖခင်တို့ မျိုးဆက်တစ်ဆက် မှာလည်း ဘာသာရေးဆိုင်ရာပညာဗဟုသုတ ရှာဖွေဆည်းပူးရန်၊ ဘာသာ တရားလေ့လာကျင့်သုံးရန် အချိန်မရနိုင် ဖြစ်ခဲ့ကြပြန်သည်။

မောင်ဝဏ္ဏတို့ လူငယ်လူရွယ်များတွင်လည်း ကံဆိုးမိုးမှောင် ရှစ်လေးလုံး တောင်ချောက်သို့ ကျဆင်းကြရပြီး လောကီရေးရာပညာကိုပင် ကောင်းစွာ မရှာနိုင်ကြရပေ။ ဤအခြေအနေတွင် မောင်ဝဏ္ဏမိဘများ၏မျိုးဆက်နှင့် မောင်ဝဏ္ဏတို့လက်ထက်တွင် မိမိယုံကြည်ကိုးကွယ်သော ဗုဒ္ဓ၏ သြဝါဒ တရားတော်အဆီအနှစ်များကို မသိရှိကြသည်မှာ အံ့သြဖွယ်မဟုတ်ပါ။ ဝမ်းနည်းဖွယ်သာ ဖြစ်ပါသည်။

သူ့ခမျာများတွင် မိမိကိုးကွယ်သည့် မြတ်ဗုဒ္ဓဂေါတမဘုရားရှင်၏ အကြောင်းအရာစုံ ထေရုပ္ပတ္တိဟူ၍ မယ်မယ်ရရ မသိ။ ဘုရား၏အဆုံးအမ ဒေသနာတော်များကိုလည်း လက်ဆုပ်လက်ကိုင်မမိ၊ ဘုရားသာသနာတော် ပြန့်ပွားပုံ၊ မြန်မာပြည်ရောက်ရှိလာပုံ၊ သာသနာတုနှင့်သာသနာစစ် ခြားနားပုံ၊ အဘယ့်ကြောင့် သာသနာတုများဖြစ်ပေါ်လာပုံ၊ လက်ရှိ သာသနာရေး ဆိုင်ရာ ကျင့်သုံးမှုတွင် နတ်၊ ဝိဇ္ဇာဇော်ဂျီ၊ ဥမ်ဖွဂိုဏ်းဂဏာပေါပြောချက်များ ရောစွက်ဖျက်ဆီးနေကြပုံ စသည်စသည်တို့သည် သာသနာတော်အတွက် အန္တရာယ်များလှပုံ၊ ဤသို့ လက်ရှိပုံစံအတိုင်း လှုပ်ရှားရွေ့လျောနေပါက အနာဂတ်သာသနာတော်ကြီး ရင်လေးဖွယ်ဖြစ်ပုံများကို မောင်ဝဏ္ဏက သူ၏ အတွေ့အကြုံတစ်ရပ်ကို ပြောပြနေဆဲမှာပင် ကျွန်တော်သည် အဆက်မပြတ် တွေးတောနေမိခဲ့ပါသည်။

ထို့ကြောင့် မောင်ဝဏ္ဏ၏အမေးကို တိုက်ရိုက်မဖြေကြားဘဲ သူ၏မိဘတို့နှင့် အခြားသောမြေးတို့အား အောက်ပါအတိုင်းပြောကြားလိုက်ပါသည်။

'အေး၊ မောင်ဝဏ္ဏမေးတဲ့ပုစ္ဆာက ပုစ္ဆာကောင်းပဲ၊ အင်္ဂလိပ်လို 'ဂွတ်ကွက်ရှင်'ပေါ့။ အဲဒီတော့ ဘိုးဘိုးက ပြည့်ပြည့်စုံစုံရှင်းပြပြောပြမယ်၊ သားတို့သမီးတို့၊ မြေးတို့က တနင်္ဂနွေနေ့တိုင်း မနက်ခုနစ်နာရီ စုံစုံညီညီ အရောက်လာကြ။ ဘိုးဘိုးက မြတ်စွာဘုရားအကြောင်း၊ မြတ်စွာဘုရား ဟောကြားတဲ့သစ္စာလေးပါးမြတ်တရားအကြောင်း၊ အဲဒီတရားတော် အဆုံးအမများကို ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ဟုခေါ်ကြောင်း၊ တရားတော်ကို စစ်မှန်သော နည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးမှုမလုပ်ဘဲ ဟိုဝါဒကိုဆွဲသွင်း ဒီအယူကိုလက်ခံလုပ်ကြတော့ မောင်ဝဏ္ဏမြင်ခဲ့တဲ့ အိမ်တက်ပရိတ်နာခင်းကျင်းပုံတွေ ဖြစ်ကုန်တာတွေ၊ အဲဒါတွေ စုံစုံစေ့စေ့ပြောပြမယ်။ စားကောင်းသောက်ဖွယ်ရာလဲ ကျွေးပါ့မယ်၊ တနင်္ဂနွေနေ့တိုင်း မှန်မှန်သာလာခဲ့ကြနော်။

## မြတ်စွာဘုရား၏ပုဒ္ဓဝင်အချုပ်

'အေး၊ အရင်တစ်ပတ်က ဘိုးဘိုးမှာလိုက်တဲ့အတိုင်း သားတို့ သမီးတို့နှင့် မြေးကလေးမောင်ဝဏ္ဏတို့ပါ စုံစုံညီညီလာဖြစ်ကြတာ ဘိုးဘိုး ဝမ်းသာတယ်။ မင်းတို့ဘွားဘွားက မင်းတို့ကြိုက်ကြတဲ့ ကြာဆံဟင်းချက်ထားလေရဲ့။ ပြီးတော့ စားကြသောက်ကြတာပေါ့။

'အရင်တစ်ပတ်က ဘိုးဘိုးပြောပြတဲ့ တို့ရဲ့ဆရာသခင် ဗုဒ္ဓရှင်တော်မြတ် ဟောကြားထားခဲ့တဲ့ ဒေသနာအစစ်အမှန်တွေကို ပိဋကတ်သုံးပုံလို့ ခေါ်တယ်ကွယ့်။ ပါဠိလို 'တိပိဋက'ပေါ့။ အဲဒီပါဠိတော်ဟာ ခေတ်အဆက်ဆက် မထေရ်ကြီးများက ထိန်းသိမ်းစောင့်ရှောက်ယူလာတဲ့ ဘုရားရှင်ဟောကြားတော်မူထားတဲ့ တရားတော်ဒေသနာအစစ်အမှန်တွေ ဖြစ်တယ်ကွယ့်။ အဲဒီဒေသနာတော်နဲ့ တိမ်းစောင်းကွဲလွဲတဲ့ ဟိုဝါဒတွေ ဒီအယူတွေ ဝင်လာပြီး ဆည်းကပ်ကိုးကွယ်မှုတွေ လွဲမှားလာခဲ့ရင် အဲဒါ ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် မဟုတ်တော့ဘူးကွယ့်။

'ဒီအကြောင်းအရာတွေကို ပညာရှင်များက အမျိုးစုံရှင်းလင်းရေးပြကြ၊ အများတွေကို ထောက်ပြကြပေမယ့် မင်းတို့ကအလှမ်းမမီတော့ မင်းတို့ သိခွင့်မရသေးဘူးပေါ့။ အဲဒီစာပေမျိုးကို မင်းတို့လက်ထဲရောက်လာရင် တောင် မင်းတို့ဖတ်ကြည့်လို့ အပြည့်အစုံနားလည်မှာမဟုတ်ပါဘူး။ ဘာပြု လို့လဲဆိုတော့ မင်းတို့မှာ ဘာသာရေးအသိဉာဏ်နည်းပါးလှပြီး ဗုဒ္ဓဘာသာ အခြေခံသဘောတွေ လက်တွေ့ကျင့်သုံးပုံတွေကို မသိတဲ့အပြင် ရေးသား ထားတဲ့စာတွေကလဲ မင်းတို့အတွက် နားမလည်နိုင်သေးတဲ့ ပညာရှိသုံး ဝေါဟာရတွေ ပါဠိစကားလုံးတွေနဲ့ချည်း ဖြစ်နေလို့ပဲကွယ့်။

'ဘိုးဘိုးကတော့ မင်းတို့ နားလည်သဘောပေါက်ကြအောင် အခု စကားပြောသလို ရိုးရိုးရှင်းရှင်း စကားလုံးများနှင့် ပြောပြမှာပါ။ ပါဠိစကားလုံး ကတော့ လိုတဲ့နေရာမှာ မပါလို့တော့မဖြစ်ဘူး၊ နည်းနည်းလောက်တော့ ပါရမှာပဲ။ အေး–ပထမဆုံး တို့ကိုးကွယ်ယုံကြည်ဆည်းကပ်တဲ့ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင်အကြောင်းက စပြီးပြောပြမယ်၊ သေသေချာချာ နားထောင် မှတ်သားယူကြပေတော့။

'တို့ရဲ့ ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ကောင်းကင်ဘုံမှာ အမြဲ စံတော်မူပြီး လောကတွင်ရှိသမျှ သက်ရှိသက်မဲ့အရာဟူသမျှကို ဖန်ဆင်း တော်မူတယ်ဆိုတဲ့ မည်သူတစ်ဦးတစ်ယောက်မျှမမြင်ဘူးခဲ့ကြတဲ့ ထာဝရ ဘုရားသခင်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ဘူးကွယ့်။

'ဗြဟ္မာဘုံမှာ စံမြန်းနေထိုင်တော်မူပြီး သူ့ကို ကိုးကွယ်ကြသူတွေအထဲမှ တစ်ဦးတစ်ယောက်ကမျှ မတွေ့ခဲ့ဘူး မမြင်ဘူးကြတဲ့ မဟာဗြဟ္မာကြီးလို ကမ္ဘာကြီးကို ဖန်ဆင်းတည်ထောင်တဲ့ ပုဂ္ဂိုလ်မျိုးလဲ မဟုတ်ဘူးကွယ့်။

'တို့ကိုးကွယ်ဆည်းကပ်ပူဇော်တဲ့ ဂေါတမဘုရားရှင်ဟာ မနုဿလူ့ဘုံ သားပဲဖြစ်တယ်။ လူသားစင်စစ် မိနှင့်ဘများမှ ပေါက်ဖွားထွန်းပေါ်ခဲ့တဲ့ လူသားမျိုးနွယ်တစ်ဦးပါ။ လူသားမျိုးနွယ် မနုဿလူ့ဘုံသားဖြစ်တယ်ဆိုလို့ သာမန်လူသားလို့တော့ မယူဆ မပြောအပ် မတွေးတောအပ်ဘူး။ အဲဒါကို တော့ ဘိုးဘိုး အလေးအနက်ပြောချင်တယ်ကွယ့်။ လူ့အန္တ မျက်ကန်း



မယ်တော်မာယာ အိပ်မက်ခန်း

အိန္ဒိယနိုင်ငံ၊ ဘရဟုတ် ဘီစီ ၂ - ရာစု။

တစ်ချို့က မိမိကိုးကွယ်တဲ့ဘုရားရှင်ကိုမှ ဘယ်လိုမြင့်မြတ်တဲ့ပုဂ္ဂိုလ်၊ ဘယ်လောက် ထူးခြားတဲ့ပါရမီရှင်ဆိုတာမသိဘဲနဲ့ ဂေါတမဗုဒ္ဓဟာ သာမန်လူသားပါပဲလို့ ပြောရဲဆိုရဲလုပ်ခဲ့ကြဘူးတယ်ကွယ့်။

'တို့ဘုရားရှင်ဗုဒ္ဓဟာ သာမန်လူသားမဟုတ်ဘူးဆိုတာ သူ့ရဲ့ မိဘမျိုးနွယ်ကိုပဲ ကြည့်ပါဦး။ သူ့ခမည်းတော်က သူဖွားမြင်တော်မူရာ ကပိလဝတ်ပြည်ကပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး။ မယ်တော်က သီရိမဟာမာယာဒေဝီမိဖုရားကြီးဖြစ်သကွယ့်။ ရှင်ဘုရင်နဲ့မိဖုရား နှစ်ပါးစလုံးကလည်း မင်းသွေးမင်းနွယ်တွေပဲ။ အဲဒီ တိုင်းပြည်ရဲ့အထွတ်အထိပ်ဥသျှောင် ဘုရင်နဲ့မဟေသီမိဖုရားကြီးဖြစ်တော့ ဒီမိဘနှစ်ပါးကဖွားမြင်လာတဲ့ သားတော်ဟာ သာမန်လူသားမဟုတ်ဘူးဆိုတာ အထူးပြောဖို့မလိုပါဘူးပေါ့ကွာ၊ အသိဉာဏ်နည်းနည်းပါးပါးပဲရှိလျှင်တောင် သာမန်လူသားနဲ့ ပါရမီရှင်ကို ကွဲကွဲပြားပြားခွဲခြားပြီးသိနိုင်ပါတယ်။

'ကဲ အဲဒါထားလိုက်ပါဦး၊ တို့ ဘုရားလောင်းတော်မြတ်ကို မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့် သောကြာနေ့မှာ သူ့မယ်တော်မိဖုရားကြီးမာယာဒေဝီဟာ သားတော်ကလေး မီးရှူးသန့်စင်ဖွားမြင်ရန် မိဘများရဲ့မင်းနေပြည် ဒေဝဒဟသို့ ပြန်သွားရာခရီးလမ်းအကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်မှာ မွေးဖွားခဲ့တယ်။ အဲဒီလို မွေးဖွားပြီးစအလောင်းတော်ဟာ မြောက်ဘက်အရပ်သို့ ခြေဖဝါးခုနစ်ဖဝါးလှမ်းကြွတော်မူပြီး ရဲရဲတောက်အံ့သြဖွယ်စကားကြီးငါးခွန်း ကြုံးဝါးလိုက်ပုံများ နားထောင်ကြည့်ကြစမ်းပါဦး။

အဂ္ဂေါဟမသ္မိ လောကဿ= လောကတွင် ငါသည် ထိပ်ဆုံးလူဖြစ်သည်။

ဇေဋ္ဌောဟမသ္မိ လောကဿ= လောကတွင် ငါသည် အကြီးဆုံးလူဖြစ်သည်။

သေဋ္ဌောဟမသ္မိ လောကဿ= လောကတွင် ငါသည် အမြတ်ဆုံးလူဖြစ်သည်။

အယမန္တိမာ ဇာတိ= ယခုဘဝသည် ငါ့အတွက် နောက်ဆုံးဘဝ ဖြစ်သည်။

နတ္ထိဒါနိ ပုနဗ္ဘဝေါ= ငါ့အတွက် ဘဝသစ်တစ်ဖန် ဖြစ်ရန်မရှိပြီ။ ကြုံးဝါးလိုက်ပုံများ ကြက်သီးမွေးညင်းထစရာပေပဲဟော့။ မွေးဖွားပြီးလို့ ငါးရက်မြောက်နေ့မှာ ကပိလဝတ်ပြည် ရွှေနန်းတော်ပြန်ရောက်တယ်။ အဲဒီမှာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက လက္ခဏာဗေဒင်ကျွမ်းကျင်ကြတဲ့ ပညာရှင် (၁၀၈)ဦးကို သားတော်ရဲ့လက္ခဏာကို ဖတ်စေတယ်ကွယ့်။

'အဲဒီထဲက အတော်ဆုံးပညာရှင်ရှစ်ဦးကို ရွေးထုတ်ပြီးမှ လက္ခဏာကို သေသေချာချာ စီစစ်ကြည့်ရန်ခိုင်းတော့ ခုနစ်ဦးက 'ဤသားတော်သည် လူ့ဘောင်တွင်နေလျှင် စကြဝတေးမင်းဖြစ်မည်၊ တောထွက်ရဟန်းဝတ်လျှင် ဘုရားစင်စစ် ကေန်ဖြစ်မည်'လို့ ဟောကိန်းထုတ်ကြတယ်။ ကျန်တဲ့ တစ်ယောက် အထူးချွန်ဆုံးဖြစ်တဲ့ ကောဏ္ဍညအနွယ် ဗြာဟ္မဏသုဒတ္တ ကတော့ 'ဤသူသည် ဘုရားကေန်ဖြစ်မည်'လို့ တစ်ခွန်းတည်းတိတိကျကျ ဟောခဲ့တယ်။ ဘုရားလောင်းမင်းသားကိုလည်း 'သိဒ္ဓတ္ထ'ဟု အမည်မှည့်ခဲ့ကြတယ်။ 'ပြီးမြောက်သော အကျိုးရှိသည့်မင်းသား'လို့ အဓိပ္ပာယ်ရတယ်။ ဘာမဆိုဆောင်ရွက်ရင် ပြီးမြောက်အောင်မြင်တယ်လို့ ဆိုလိုတာပေါ့။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ကို စကြဝတေးမင်းသာ ဖြစ်စေချင်တာ၊ ဘုရားဖြစ်တော်မူမှာ မလိုလားဘူး။ ဘာသာရေးဘက်ကို စိတ်မညွတ်အောင်၊ လောကီရေးရာကိုသာ စိတ်ဝင်စားအောင် ဆွဲဆောင်ဖို့ ကြံစည်တယ်၊ လောကအကြောင်း ဘဝအကြောင်းများကို လေးလေးနက်နက် မတွေးတော မကြံစည်စေချင်ဘူး။ ဒါကြောင့် မနှစ်သက်ဖွယ်ဟူသမျှကို မမြင်မတွေ့ရအောင် အစောင့်တွေချပြီး ကာကွယ်ထားတယ်။ ပြီးတော့ မင်းသားကလေးကို ကာမဂုဏ်စည်းစိမ်မှာ မူးယစ်နေစေရအောင် နွေ၊ မိုး၊ ဆောင်း ရာသီသုံးမျိုးအတွက် နန်းမသုံးဆောင်တွင် ကိုယ်လုပ်တော် မောင်းမမိဿံများသာခြံရံလျက် စံစားနေစေတော်မူတယ်၊ အသက်(၁၆)နှစ် အရွယ်ရောက်တော့ ခမည်းတော်မင်းကြီးက ဆွေတော်မျိုးတော် ထီးဆောင်း

မင်းတွေကို သမီးကညာဆက်သရန်သဝဏ်လွှာများပေးပို့စေခဲ့တယ်။ သို့သော်လည်း ရွှေနန်းသုံးဆောင်တွင် စည်းစိမ်ယစ်မူးကာ ဘာပညာမှ သင်ကြားတတ်မြောက်ခြင်းမရှိတဲ့ မင်းသားငယ်နှင့် လက်ဆက်ရန် မည်သည့်မင်းကမှ သမီးကညာမဆက်သချင်ကြဘဲ မချေမငံမလေးမစား ပြောလွှတ်လိုက်ကြသတဲ့။

'အဲဒီစကားသံများကိုကြားရတော့ သားတော်သိဒ္ဓတ္ထမင်းသားက 'ခမည်းတော်၊ စိုးရိမ်တော်မမူပါနှင့်၊ အပြည်ပြည်ဆိုင်ရာမင်းညီမင်းသားများနှင့် လေးသည်တော်တွေဖိတ်ပြီး နန်းရင်ပြင်မှာ လေးပြိုင်ပွဲကျင်းပပါ။ သားတော်ရဲ့ လေးအတတ် တစ်ဖက်ကမ်းခတ်တတ်မြောက်ပုံကို ပြသလိုက်ပါမည်ဘုရား' လို့ လျှောက်ထားတယ်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက မင်းရင်ပြင်မှာ ကြီးကျယ်ခမ်းနားတဲ့ လေးပစ်ပြိုင်ပွဲကျင်းပပြီး သိဒ္ဓတ္ထမင်းသားဟာ အဲဒီခေတ်က အခက်အခဲဆုံးဖြစ်တဲ့ လေးအတတ်ပညာကိုအံ့မခန်းပွဲထုတ်ပြီး ဆရာမပါ အလိုလိုတတ်မြောက်တဲ့ လေးပညာလက်စွမ်းပြလိုက်တော့မှ အားလုံးထိတ်လန့်ကြောက်ရွံ့ပြီး သမီးကညာမြောက်များစွာကို ဆက်သကြတယ်ကွယ့်။ အဲဒီမှာ နှမတော် ယသောဓရာကို အဂ္ဂမဟေသီမိဖုရားခေါင်ကြီး အရာထားပြီး ရွှေနန်းသိမ်းပွဲခံယူတော်မူလိုက်တယ်။

'အလောင်းတော်သိဒ္ဓတ္ထမင်းသားဟာ ရွှေနန်းတော်မှဆင်းပြီး ဥယျာဉ်တော်သို့ ခရီးထွက်လေ့ရှိတယ်၊ အဲဒီလို ဥယျာဉ်တော်သို့အပန်းဖြေ လေးကြိမ်လေးခါ ထွက်ခဲ့ရာမှာ ပထမအကြိမ် လူအို၊ ဒုတိယအကြိမ် လူနာ၊ တတိယအကြိမ် လူသေနဲ့ စတုတ္ထအကြိမ်မှာ ရဟန်းတော်တစ်ပါးကို တွေ့မြင်ခဲ့တယ်။

'အဲဒီလို စိတ်နှလုံးကို တုန်လှုပ်စေတဲ့မြင်ကွင်းများကို ယခင်က တစ်ကြိမ်မှ မမြင်မတွေ့ခဲ့ဘူးတဲ့ ဘုရားအလောင်းတော်ဟာ ကြီးမားတဲ့ ပါရမီရှင် ဉာဏ်တော်ရှင်ဖြစ်တဲ့အတိုင်း လောကသဘာဝများ အကြောင်းများကို စတင်တွေးတော ဆင်ခြင်တော့တာပဲ။ အဲဒီလို ဆင်ခြင်ရင်း လူအားလုံးဟာ မွေးဖွားခြင်း,အိုခြင်း,သေခြင်းတို့ကို မလွဲမသွေ ရင်ဆိုင်ခံစားရသည့်သဘာဝရှိတယ်။ လောကီစည်းစိမ်နှင့် ပျော်ရွှင်မှုအားလုံးဟာ ရှေ့ပြေး

သာဖြစ်ပြီး နောက်ဆုံးတော့ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဆင်းရဲတွင်း ကျရောက်ကြတာပဲလို့ ထိုးထွင်းသိမြင်သွားတယ်။ အဲဒီဆင်းရဲခြင်းအပေါင်းက လွတ်မြောက်တဲ့လမ်းမရှိဘူးလားလို့လည်း စတင်ကြံဆတော့တယ်။

'ဥယျာဉ်ကို စတုတ္ထအကြိမ်ထွက်တဲ့အခေါက်မှာတော့ ရဟန်းတစ်ပါးကို တွေ့မြင်တာနဲ့တစ်ပြိုင်နက် ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်ကြောင်း လမ်းကိုသိချင်ရင် လောကီပျော်ရွှင်မှုအပေါင်းကို စွန့်လွှတ်ရမယ်လို့ သဘော ပေါက်ပြီး ဥယျာဉ်ကလှည့်ပြန်ခဲ့တယ်။အဲဒီနေ့ဟာ မဟာသက္ကရာဇ် ၉၇–ခု၊ ဝါဆိုလပြည့် တနင်္လာနေ့ ဖြစ်တယ်။ အဲဒီနေ့မှာပဲ သားတော် ရာဟုလာကို မွေးဖွားကြောင်းသတင်းကို ဥယျာဉ်မှမပြန်မီမှာဘဲ ကြားသိရတယ်။

'ဒါပေမယ့် အဲဒီအချိန်အခါတုန်းက ဘုရားပွင့်တော်မူလိမ့်မယ်ဆိုတဲ့ ကောလာဟလကြောင့် ဘုရားဖြစ်ရန် အကျွတ်တရားရရန်ဆိုတဲ့ ရည်ရွယ် ချက်တွေနဲ့ မဇ္ဈိမဒေသအပါအဝင် မဂဓတိုင်းမှာ ကိုယ့်နည်းကိုယ့်ဟန်နှင့် တောထွက်ပြီး တရားကျင့်နေကြတဲ့သူတွေ အများကြီးဆိုပဲ။ တောရိပ် တောင်ရိပ်ခို သစ်တစ်ပင်ရင်းဝါးတစ်ပင်အောက် တရားရှာနေတဲ့ ဗြာဟ္မဏ တွေ သမဏတွေ ပရိဗိုဇ်တွေ မရေတွက်နိုင်ဘူးတဲ့။ နီးစပ်ရာ မြို့ရွာဇနပုဒ် တွေမှာ ဆွမ်းခံစားကြပြီး တရားကျင့်နေကြတယ်။

'တို့ဘုရားလောင်းလည်း သားမယားနှင့်တကွ ထီးနန်းစည်းစိမ်ကို စွန့်ခွာပြီး တောထွက်တော်မူခဲ့တယ်။ ရာဇဂြိုဟ်ပြည်အနီး အနုပိယ သရက် ဥယျာဉ်မှာ ခေတ္တသီတင်းသုံးပြီး ရာဇဂြိုဟ်မြို့တော်သို့ ဆွမ်းခံဝင်သတဲ့။ ဘုရားအလောင်းတော်ရဲ့ ရုပ်ရည်သွင်ပြင်ဟာ အလွန်ထူးခြားပြီး အခြား ဆွမ်းခံဝင်တဲ့ တရားရှာပုဂ္ဂိုလ်တွေနဲ့မတူတော့ တစ်မြို့လုံး အုံးအုံးကျက်ကျက် ဝိုင်းဝန်းကြည့်ကြတာပေါ့။ ဗိမ္ဗိသာရမင်းကြီးလည်း အဲဒီသတင်းကြားရတော့ ဆွမ်းဘုဉ်းပေးနေတဲ့ ဘုရားလောင်းကိုသွားကြည့်တယ်တဲ့။ ဘုရားလောင်း တော်ကို ကြည်ညိုလွန်းလို့ မင်းထိုက်စိုးထိုက်ရုပ်သဏ္ဌာန်နှင့်မို့ တောထဲမှာ ရဟန်း လုပ်မနေပါနှင့်၊ ဘုရင်လုပ်ပါဆိုပြီး နိုင်ငံတော်တစ်ဝက်ကို လှူသတဲ့။ ဘုရားလောင်းက သူအုပ်စိုးနေတဲ့နိုင်ငံတော်နဲ့တကွ ချစ်ဇနီးနှင့် မွေးဖွားစ



ဒုက္ကရစရိယာကျင့်တော်မူခန်း

ပါကစ္စတန်နိုင်ငံ၊ ဂန္ဓာရလက်ရာ အေဒီ ၂-ရာစု။

သားတော်ကလေးကို စွန့်ပစ်လာခဲ့တာဟာ ဘုရားဖြစ်ရန်ကျင့်ကြံဖို့သာ ဖြစ်တယ်ဆိုပြီး ငြင်းပယ်လိုက်တယ်။ အဲဒီတော့ ဗိမ္ဗိသာရမင်းကြီးက ကောန် ဘုရားဖြစ်မယ်ဆိုတာကိုယုံကြည်ပြီး ဘုရားဖြစ်လျှင် ဇာထမဦးဆုံး သူ့ထံသို့ ကြွရောက်ပါရန် ဖိတ်ကြားလိုက်တယ်။

'ဘုရားအလောင်းတော်ဟာ ဥရုဝေလတောအုပ်သို့ကြွတော်မူပြီး ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူတယ်။ ဒုက္ကရစရိယာအကျင့်ဆိုတာ အဲဒီအချိန်အခါတုန်းက မဇ္ဈိမဒေသမှာ ဘုရားဖြစ်ချင်တဲ့ သူတွေ လိုက်နာကျင့်ကြံနေတဲ့ ကျင့်စဉ်ဖြစ်တယ်။ အလွန်ပြင်းထန်တဲ့အကျင့်၊ မအိပ်မနေကျင့်ကြံရ အစားအသောက် အလွန်ခြိုးခြံစွာကျင့်ရတဲ့အကျင့်၊ အစားအစာကို ပဲနောက်ပြုတ်ရည်လေး၊ ပဲပိစပ်ပြုတ်ရည်တစ်လက်ခုပ်လေး လောက်သာ သုံးဆောင်ပြီးနေကြရသတဲ့။ အဲဒီလိုကျင့်ကြံနေတုန်း သိဒ္ဓတ္ထမင်းသား တောထွက်ပြီးတရားကျင့်လို့ ဘုရားဖြစ်ရင် အရင်ဆုံးဖူးတွေ့ချင်တဲ့ ပုဏ္ဏားကြီးငါးဦးတို့က အလောင်းတော်မြတ်ဖွားမြင်စကပင် တောထွက် ရသေ့ရဟန်းဝတ်ပြီး စောင့်နေကြသတဲ့။ အဲဒီထဲမှာ သိဒ္ဓတ္ထမင်းသားကလေး ဟာ ကေန်အမှန်ဘုရားဖြစ်မယ်လို့ ဟောကိန်းထုတ်ခဲ့တဲ့ ကောဏ္ဍညပုဏ္ဏား ကြီးဟာ တစ်ပါးဖြစ်သတဲ့။

'ဒီ ကောဏ္ဍညပုဏ္ဏား ဦးဆောင်တဲ့ ရသေ့ရဟန်းငါးပါးအဖွဲ့ကို ပဉ္စဝဂ္ဂီ ငါးဦးလို့ စာပေမှာခေါ်ဆိုသကွယ့်၊ ဘုရားအလောင်းတော် ဥရုဝေလတောအုပ် ရောက်လာတာမြင်တော့ အဲဒီ ပဉ္စဝဂ္ဂီငါးဦးဟာ ဝမ်းမြောက်ဝမ်းသာဆီးကြို ကြပြီး အနီးကပ်လုပ်ကျွေးပြုစု စောင့်ရှောက်ကြတယ်ကွယ့်။

'အေး၊ အခုနကပြောခဲ့တဲ့ ဒုက္ကရစရိယာအကျင့်ဟာ အလွန်ပြင်းထန် လွန်းလို့ အလောင်းတော်မှာ အရိုးအရေမျှသာကျန်ရှိတော့ပြီး အသွေးအသား ခန်းခြောက်ကာ လွန်စွာပင်ပန်းတော်မူခဲ့တယ်။ အဲဒီလို ပင်ပန်းကြီးစွာ ခြောက်နှစ်ပတ်လုံးကျင့်ခဲ့ပေမယ့် မိမိသိရှိလိုတဲ့အမှန်တရားနဲ့ ထာဝရငြိမ်းချမ်း ရေးတရားကို မတွေ့ရဘူး။ နောက်ဆုံးတော့ မိမိကိုယ်ကိုပင်ပန်းအောင် ညှဉ်းဆဲတဲ့လမ်းစဉ်ကိုစွန့်လွှတ်ပြီး အစာရေစာမျှတအောင်ပြန်လည်သုံးဆောင်

ခဲ့တယ်။ အဲဒီတော့ ပဥ္စဝဂ္ဂီငါးဦးဖြစ်တဲ့ ပရိဗိုဇ်ရဟန်းကြီးတွေက 'သိဒ္ဓတ္ထတော့ ဘုရားဖြစ်တော့မှာ မဟုတ်တော့ဘူး' ဆိုပြီး ခွဲခွာထွက်သွားကြတယ်။

'ဘုရားအလောင်းဟာ တစ်ပါးတည်းကျန်ရစ်ပြီး အစွန်းနှစ်ဖက်ဖြစ်တဲ့ ကာမဂုဏ်ကို အလွန်အကျူးလိုက်စားတဲ့ကျင့်စဉ်နဲ့ မိမိကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲတဲ့ကျင့်စဉ်တို့ကို စွန့်လွှတ်လိုက်တယ်။ ပြီးတော့မှ အလယ်အလတ် ကျင့်သုံးတဲ့ မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ပြောင်းလဲကျင့်ကြံခဲ့တယ်။ မဂ္ဂင်ရှစ်ပါး လမ်းစဉ်လို့လည်း ခေါ်တယ်။ အဲဒါတွေ နောက်ကျတော့ရှင်းပြမယ်။

'မြတ်စွာဘုရားဟာ အဲဒီလို မိမိကိုယ်တော်တိုင် တွေးတောဆင်ခြင်ပြီး ရှာဖွေတွေ့တဲ့ လမ်းစဉ်မှန်ကိုလိုက်ရင်း မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန် လပြည့်နေမှာ ဥရုဝေလတောစွန်း သေနာနိဂုံးအနီး နေရဥ္စရာမြစ်ကမ်း ဘေးရှိ ညောင်ပင်တစ်ပင်အောက်မှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီမှာ သေနာနိဂုံးသူ သူဌေးသမီးသုဇာတာ ဆက်ကပ်တဲ့ ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူတယ်။ နို့ဆွမ်းထည့်ကပ်တဲ့ရွှေခွက်ကို အဓိဋ္ဌာန်ပြုပြီး မြစ်ထဲမှာမျှောလိုက်တယ်။ 'ဒီနေ့မှာပဲ ဘုရားဖြစ်မယ်ဆိုရင် ရွှေခွက်ဟာ ရေစုံမျှော၊ အဆန်ဘက်မျှောပါစေ'လို့ ဓိဋ္ဌာန်လိုက်တော့ ရွှေခွက်ဟာ နေရဥ္စရာမြစ်ကိုဆန်တက်ပြီး မျောသွားသတဲ့။

'အဲဒီကနေ ဂယာဒေသမှာရှိတဲ့ မဟာဗောဓိညောင်ပင်ကြီးဆီ ကြွသွား တော်မူပြီး အရိုးကျေကျေ အရေခန်းခန်း ဘုရားမဖြစ်သမျှ တင်ပျဉ်ခွေ မဖျက်ဘဲ တရားကျင့်မယ်လို့အဓိဋ္ဌာန်ပြီး ညောင်ပင်ကြီးအောက်မှာ ဝိပဿနာ ကမ္မဋ္ဌာန်းတရား ရှုပွားတော်မူတယ်။ အဲဒီလို ရှုပွားတော်မူတော့ ထိုနေ့ ညဦးယံမှာ ရှေးကဖြစ်ခဲ့ဖူးသော ဘဝပေါင်းများစွာ အကြောင်းအရာများကို သိတဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူတယ်။ သန်းခေါင်ယံမှာ (၃၁)ဘုံလုံး မွေးကြ သေကြ ဖြစ်ပျက်နေကြတဲ့ သတ္တဝါအားလုံးကို မြင်နိုင် စွမ်းတဲ့ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံမှာ ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်စွမ်းနိုင်တဲ့ အာသဝက္ခယဉာဏ်တော်များကို ရရှိတယ်။ ဒီလို ဝိဇ္ဇာဉာဏ် သုံးမျိုးကိုရပြီးနောက် ကိလေသာဟူသရွေ့ မြူငွေ့မျှမကျန် ဝါသနာဝလေ့

အထုံအငွေ့ပါ ပယ်သတ်တော်မူနိုင်တော့ တရားအားလုံးကို အကြွင်းအကျန် မရှိ ဟုတ်မှန်စွာအကုန်သိနိုင်တဲ့ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိပြီး ဘုရားဖြစ်တော်မူတယ်။

ဤနေရာတွင် စကားစဉ်ခေတ္တတန့်သွားစဉ် မြေးကလေးမောင်ဝဏ္ဏက ဝင်၍ထောက်လိုက်သည်မှာ

'ဘိုးဘိုးပြောတာတွေ စိတ်ဝင်စားစရာကောင်းပါ တယ်၊ ဒါပေမယ့် စောစောက ဘိုးဘိုးပြောတုန်းကတော့ စကားခက်ကြီးတွေ ပါဠိစကားလုံးတွေ မပါဘဲ လွယ်လွယ်ပြောမယ်ဆို'။

'အေး-ငါ့မြေးပြောတာ မှန်တယ်၊ တို့ဘုရားအကြောင်းနဲ့ ဘုရားဟော တော်မူတဲ့ တရားတွေကို ငါ့မြေးတို့နားလည်အောင် ဘိုးဘိုးက စကားလုံး လွယ်လွယ်တွေနဲ့ ပြောပြမယ်လို့ဆိုတာ။ ဒါပေမယ့် မြေးကလေးတို့ သိစေချင်တဲ့ အကြောင်းအရာတွေက တဖြည်းဖြည်းနက်နဲလာတော့ သာမန် စကားလုံးတွေနဲ့ အဓိပ္ပာယ်ပြည့်ဝအောင် မဖော်ပြနိုင်တဲ့ သဘောတရားတွေ ရှိတယ်။ ဒါကြောင့် ဘိုးဘိုးက မပြောမဖြစ်တဲ့ အခေါ်အဝေါ် ပါဠိစကားလုံး ကလေးတွေ တဖြည်းဖြည်းချင်း နည်းနည်းပါးပါးကြားညှပ်ပြီး ပြောရတာ ကွယ့်၊ မြေးကလေးတို့ နားယဉ်လာအောင်လို့ပါ။'

'တို့ရှင်တော်မြတ်ဘုရားဟာ သဗ္ဗညုတရွှေဉာဏ်တော်ရပြီးနောက် ရှေ့ဆက်ပြီး လောကကြီးချမ်းသာအောင်၊ လူနတ်ဗြဟ္မာတွေ အကျိုးစီးပွား တိုးတက်အောင် ဘာတွေဆောင်ရွက်သွားတော်မူခဲ့သလဲဆိုတာတွေ တဖြည်း ဖြည်းချင်း ပြောပြသွားမယ်။ မင်းတို့အတွက် နောင်အခါမှာ ဘာသာရေး စာပေများ လေ့လာနိုင်ကြစို့ အခုက ကြိုတင်ပြီး အခြေခံသဘောလေးတွေ နားလည်ထားပြီးဖြစ်အောင်လို့ပါ။'

## မောင်ဝဏ္ဏ၏မေးခွန်းများ

ဤနေရာတွင် မောင်ဝဏ္ဏက ကြားဖြတ်ဝင်ထောက်သည်။

'ဘိုးဘိုး၊ ဗုဒ္ဓဝင်အကျဉ်းချုပ်မှာပြောခဲ့တဲ့ အကြောင်းအရာများနှင့် ပတ်သက်ပြီး နည်းနည်းမေးပါရစေ'။

'မေးပါဗျာ–မေးပါ၊ ငါ့မြေးကြီးက သူများထက် ဘိုးဘိုး ပြောတာတွေ စိတ်ဝင်စားပုံရတယ်၊ ကောင်းတာပေါ့။ မေးပါ မေးပါ'။

'ဘိုးဘိုးပြောသွားတဲ့အထဲမှာ ဘုရားလောင်း မီးဖွားပြီးစ ခြေခုနစ်လှမ်း လှမ်းပြီး ကြုံးဝါးစကားငါးခွန်းပြောတယ်ဆိုတဲ့အကြောင်းရယ်။ ပြီးတော့ သိဒ္ဓတ္ထမင်းသားဟာ နန်းတော်ထဲမှာသာ လောကီစည်းစိမ်တွေ ခံစားနေခဲ့ တယ်၊ ဘာပညာ ဘာအတတ်မှ မသင်ကြားဘဲ သူမတူအောင် လေးအတတ် တတ်တယ်၊ အလွန်နာမည်ကြီးတဲ့ အတိုင်းတိုင်းအပြည်ပြည်က လေးသည် တော်တွေ လက်ဖျားခါရအောင် လေးအတတ်ကို ကျွမ်းကျွမ်းကျင်ကျင်ပြသ ခဲ့တယ်ဆိုတာရယ်။ ကျွန်တော် သိပ်ပြီးမယုံချင်ဘူး ဘိုးဘိုးရဲ့။ ဒီအကြောင်း အရာတွေဟာ ယုံတမ်းစကားလိုဖြစ်နေတယ်။ တကယ်ဖြစ်ပျက်ခဲ့တယ်ဆိုတဲ့ စာပေအထောက်အထားစသည် ရှိသလား ဘိုးဘိုး။ ရှိရင်လဲ ဘယ်လိုပုဂ္ဂိုလ် တွေက ပြောဟောရေးသားထားခဲ့ကြသလဲ'

'ဘိုးဘိုးကတော့ မောင်ဝဏ္ဏမေးတာကို သဘောကျသွားပြီ၊ ဒီလိုမှပေါ့ ကွ။ မင်းတို့လူငယ်ကလေးတွေ ဒီလို ကိုယ်တိုင်ဆင်ခြင်တွေးတောပြီး ယုံသင့်မှ ယုံတာ၊ မယုံကြည်မရှင်းလင်းရင် မေးမြန်းစုံစမ်းလေ့လာတဲ့အကျင့်ရှိတာ အလွန်ကောင်းတယ်။ အခု ဘိုးဘိုးကြားသိနေရတာကတော့ စိတ်ပျက်စရာ ကြီးပဲ။ ဘယ်သူကဘာပြောပြော ယုံလိုက်ကြတာပဲ၊ ဟုတ်နိုင်,မဟုတ်နိုင် ကိုယ်တိုင်လည်း စဉ်းစားတွေးတောမှုမရှိကြဘူး၊ အဲဒီတော့ သူများလိမ်တာ ခံကြရတာပေါ့။ ဝိသမလောဘစီးပွားရေးသမားတို့ အောက်တန်းစားနိုင်ငံရေး သမားတို့ဆိုတာတွေက သူတို့ကိုယ်ကျိုးအတွက်သာကြည့်ပြီး မဟုတ်မဟတ် ပြောချင်တာတွေ၊ ကောလာဟလတွေ မှုတ်ထုတ်တတ်ကြတယ်ကွယ့်။ ကြားရတဲ့သူတွေကလဲ ဟုတ်နိုင်ရဲ့,မဟုတ်နိုင်ရဲ့၊ အခြေအမြစ်ရှိ,မရှိ စတာတွေ မစဉ်းစားမဆင်ခြင်တော့ဘူး၊ အားလုံးယုံလိုက်ကြတာပဲ။

'ငါ့မြေးမောင်ဝဏ္ဏတို့လို ကိုယ်ပိုင်ဉာဏ်ကလေးနဲ့ တွေးတောစဉ်းစား တာကို ဘိုးဘိုးက ချီးမွမ်းတယ်၊ သဘောကျတယ်။ အေး၊ သိဒ္ဓတ္ထမင်းသား ကလေး မွေးဖွားစက ခြေလှမ်းငါးလှမ်းလျှောက်တာတို့ စကားငါးခွန်း ကြုံးဝါး

တာတို့ဆိုတာ သာမန်အဖြစ်အပျက်တွေမှမဟုတ်တာ၊ စဉ်းစားတတ်တဲ့လူဆိုရင် ဘယ်လွယ်လွယ်နဲ့ယုံမလဲကွယ့်။

အနောက်နိုင်ငံသားများဗုဒ္ဓစာပေကိုလေ့လာကြပုံ

'အေး–မောင်ဝဏ္ဏတင်မဟုတ်ဘူး၊ ဟို–ခရစ်နှစ် ၁၈၀၀ ပြည့်ဦးပိုင်းဆီက မြန်မာပြည်ကို သာသနာပြုရောက်လာကြတဲ့ ခရစ်ယာန်သာသနာပြုဆရာတွေလည်း မယုံခဲ့ကြဘူးကွယ့်။ ရိုမန်ကက်သလစ်ဂိုဏ်းက ဘုန်းကြီးဘီဂန်ဒက် (Bigandet) တို့၊ ပရိုက်တက်စတင့်ဂိုဏ်းက ဆရာယုဒသန် (Dr.Judson) တို့ပေါ့။ မြန်မာပြည်အောက်ပိုင်းကို ၁၈၂၄–ခုမှာ အင်္ဂလိပ်လက်အောက်ရောက်သွားတုန်းက ခရစ်ယာန်သာသနာပြုကြဖို့အပြေးအလွှားလာကြတဲ့အုပ်စုတွေလေ။

'သူတို့အထင်ကတော့ ၁၆–ရာစု၊ ၁၇–ရာစုက တောင်အမေရိကတို့ အာဖရိကတိုက်တွေမှာ သူတို့အနောက်နိုင်ငံလူဖြူတွေ အနိုင်အထက်သိမ်းပိုက်ခဲ့ကြတဲ့ နိုင်ငံတွေတိုင်းရင်းသားတွေလို ဘာသာမရှိ ယဉ်ကျေးမှုမရှိ စာပေမရှိ လူ့သမိုင်းမှာရေးကျကျန်ရစ်ခဲ့တဲ့လူမျိုးတွေလို မြန်မာတွေလည်း ရိုင်းစိုင်းတယ် အောက်တန်းကျတယ်ထင်လို့ သာသနာပြုနယ်လုရင်း တို့တိုင်းပြည်ကို အပြိုင်အဆိုင်ရောက်လာခဲ့ကြတာပေါ့။

'ဒီရောက်တော့ မြန်မာတွေဟာ သူတို့ထင်သလို အောက်တန်းစားယဉ်ကျေးမှု ဘာသာရေးအနိမ့်စားတွေမဟုတ်ဘဲ၊ အလွန်အဆင့်မြင့်တဲ့ ကိုးကွယ်ယုံကြည်မှု အထက်တန်းကျတဲ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို နှစ်ပေါင်းများစွာက အခြေချခဲ့ပြီးသားဖြစ်နေတာတွေ့ရတော့ အလွန်အံ့သြသွားကြတယ်။

'အဲဒီမှာ မြန်မာလူမျိုးများ ဆရာတော်သံဃာတော်များ အတုယူသင့်ကြတာက ဒီနိုင်ငံကိုသာသနာပြုဖို့လာကြတဲ့ နိုင်ငံခြားသာသနာပြုပုဂ္ဂိုလ်တွေ ဆရာတွေဟာ မြန်မာစာ မြန်မာစကား အမြန်တတ်အောင်သင်တယ်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေသွား ဆရာတော်တွေထံ ချဉ်းကပ်ပြီး ဗုဒ္ဓဘာသာအကြောင်း၊ ဗုဒ္ဓဂေါတမအကြောင်း၊ ဟောကြားတော်မူခဲ့တဲ့

တရားတော်တွေအကြောင်းများကို သင်ကြားလေ့လာကြတယ်၊ စာအုပ်တွေ ရေးကြတယ်။ အဲဒီမှာ ရန်ကုန်မြို့ရှိ စိန်ပေါလ်ကျောင်းကြီးကိုတည်ထောင်ခဲ့တဲ့ ကက်သလစ်ဘုန်းတော်ကြီး ဘီဂန်ဒက်က 'The Life or Legend of Gaudama' (ဗုဒ္ဓဂေါတမ၏အတ္ထုပ္ပတ္တိ သို့မဟုတ် ဒဏ္ဍာရီ)ဆိုတဲ့ စာအုပ်ကြီး နှစ်တွဲကို ရေးခဲ့သတဲ့။

'အဲဒီစာအုပ်အမည်ပေးတာကိုပဲကြည့်လိုက်ရင် သူလေ့လာဆည်းပူး ရခဲ့တဲ့ ဗုဒ္ဓဂေါတမအကြောင်းအရာအလုံးစုံကို သူ မယုံကြည်ဘူး။ အချို့ အကြောင်းအရာတွေဟာ ဒဏ္ဍာရီသဘောမျှသာဖြစ်တယ်လို့ ဆိုလိုတာပေါ့။ အခု မောင်ဝဏ္ဏ စောဒကတက်လာတဲ့ အကြောင်းအရာမျိုးပေ့ါ။ ဘုန်းတော်ကြီး ဘီဂန်ဒက်လိုပဲ သာသနာပြုဆရာယုဒသန်ရော၊ အခြားအခြားသော သာသနာပြုဘုန်းတော်ကြီးတွေ ဆရာတွေရော ဗုဒ္ဓဘုရားအကြောင်းနဲ့ ဗုဒ္ဓဘာသာအကြောင်းတွေရေးလိုက်ကြတာ မရေမတွက်နိုင်ပဲဟေ့။ သူတို့ လူမျိုးတွေမှာ ချီးမွမ်းစရာကောင်းတာ အတုယူစရာကောင်းတာတွေဟာ အဲဒီလိုနေရာမျိုးပေ့ါ။မြန်မာလူမျိုးအကြောင်းနဲ့ ကိုးကွယ်တဲ့ဘာသာအကြောင်း တွေကို သူတို့နိုင်ငံအသီးသီးကလူတွေက သိချင်လာကြတော့ စာအုပ်အရင် ရေးထုတ်နိုင်တဲ့သူတွေက သူများအရင် မြိုးမြိုးမြက်မြက်စားကြရတာပေ့ါလေ။ အခုခေတ်အထိ ဒီလိုပါပဲ။ အဲ-ထားပါတော့လေ၊ အဓိကပြောချင်တာက အချို့စာအုပ်တွေဟာ ဗုဒ္ဓဆိုတာ တကယ်မရှိဘဲ ဒဏ္ဍာရီစိတ်ကူးယဉ်ပုံပြင် လို ရေးရုံမဟုတ်ဘဲ ကဲ့ရဲ့ရှုတ်ချထိခိုက်ဝေဖန်တာတွေလဲပါတယ်ကွယ့်။

'တစ်ချိန်ထဲမှာပဲ စစ်ဦးဘီလူးရောက်လာတဲ့ စစ်သားတွေစစ်ဗိုလ်တွေက တွေ့သမျှကျောင်းကန်ဘုရားတွေထဲ ဝင်ရောက်မွှေနှောက် လုယူဖျက်ဆီး၊ အဖိုးတန်ပစ္စည်းတွေ အနုပညာလက်ရာမြောက်တဲ့ ပန်းချီ ပန်းပု ပန်းတဉ်း ပစ္စည်းတွေကို သူတို့နိုင်ငံသို့ သယ်ယူပို့ဆောင်ကြသကွယ့်၊ကုန်သည်တွေကလဲ သာသနိကအဆောက်အအုံများမှ လက်ရာမြောက်အနုပညာပစ္စည်းတွေ၊ ပေပုရပိုက်တွေ၊ ကျမ်းစာတွေကို သိမ်းကြုံးစုဆောင်း၊ စစ်သားတွေဆီက တစ်ဆင့်ဝယ်ယူကြပြီး သူတို့နိုင်ငံအရောက်ပြန်ပို့ကြ၊ ကုန်ကူးကြသကွယ့်။

မြန်မာပြည်ကကျောင်းကန်ဘုရားဟူသမျှ သူတို့အတွက် ဘယ်တုန်းကမှ မမြင်ခဲ့ဘူးတဲ့ အကောင်းဆုံးအနုပညာလက်ရာဈေးပွဲတော်ကြီးဖြစ်ခဲ့တာပေါ့။

'ဒါတွေကို တက္ကသိုလ်ကျောင်းသားဘဝတုန်းက သိရှိဖတ်ရှုရတော့ မျိုးချစ်စိတ်ဓာတ်အရှိန်အဟုန်နဲ့ အလွန်ခံပြင်းခဲ့တာပေါ့ကွယ်။ ဒါပေမယ့် အခု ဗုဒ္ဓဘာသာကမ္ဘာပြန့်ပွားသွားပုံရေစီးကြောင်းများကို လေ့လာလိုက်စား လာတော့ အဲဒီနိုင်ငံခြားသာသနာပြုတွေ စစ်ဗိုလ်စစ်သားတွေကို အထူး ကျေးဇူးတင်ရပြန်သကွယ့်။ ဘာပြုလို့လဲဆိုတော့ ဗုဒ္ဓဘာသာ အနောက် နိုင်ငံသို့ ပြန့်နှံ့ရောက်ရှိသွားအောင် ဘယ်ဗုဒ္ဓဘာသာဝင်အရှေ့တိုင်းသား ဘယ်ရဟန်းတော် ဘယ်လူပုဂ္ဂိုလ်ကမှ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ဘူးကွယ့်။ သူတို့သယ်ဆောင်သွားတဲ့ ဆင်းတုတော်တွေ ရုပ်ပွားတော်တွေ ကြေးစည် တွေ ခေါင်းလောင်းတွေကို ဆိုင်ရာဆိုင်ရာနိုင်ငံက ပြတိုက်တွေ စာကြည့် တိုက်တွေ တက္ကသိုလ်တွေကို ဖြန့်ဖြူးပေးကြ၊ ပြသကြ၊ ပုရပိုက်စာပေတွေ လေ့လာကြတော့မှ၊ ဗုဒ္ဓဆိုတာ ကြားဖူးကြ၊ ဗုဒ္ဓတရားတော်ကိုသိချင်ကြ၊ ဗုဒ္ဓရုပ်ပွားတော်တွေကိုလေ့လာနိုင်ကြ၊ ကြေး, ကျောက်, သစ်သားအနုပညာ လက်ရာတွေလေ့လာကြနဲ့ ဗုဒ္ဓဘာသာဆိုင်ရာသိမှတ်ဖွယ်တွေ အနောက်တိုင်း လူထုထဲကို ပြန့်နှံ့သွားတော့တာပဲ။ ရှင်တော်ဘုရားသာသနာတော် ဘယ် လောက် အံ့မခန်းတန်ခိုးတော်ရှိမှုသလဲ စဉ်းစားကြည့်စမ်း။

'အင်း–ဆက်စပ်တဲ့အကြောင်းအရာတွေနှင့်ပတ်သက်ပြီး ပြောလိုက်တာ မောင်ဝဏ္ဏမေးတဲ့ကိစ္စကိုတောင် မရောက်နိုင်သေးပါလား။ ဒါက နောက် ပြောမယ့်အကြောင်းအရာတွေရဲ့ ခြေဆင်းပေါ့ကွယ်။ နောက်တော့ အားလုံး လိပ်ပတ်လည်သွားမှာပါ။

'အေး၊ အဲဒီလို ဗုဒ္ဓအကြောင်းတွေကို မယုံကြည်နိုင် လက်မခံနိုင် တာတွေ ရေးကြ ပြောကြ ဝေဖန်ကြတာတွေကိုက ဗုဒ္ဓဘာသာအကြောင်း အရာကို လူတွေအားလုံး စိတ်ဝင်စားအောင် လှုံ့ဆော်ပေးသလိုဖြစ်တော့ သာသနာတော်ပြန့်ပွားအောင်ဆောင်ရွက်ပေးတဲ့ လုပ်ရပ်ကောင်းတစ်ရပ် ဖြစ်တော့တာပေါ့။

'သူတို့တက္ကသိုလ်တွေမှာ ပါဠိစာပေကို စတင်လေ့လာတဲ့ ပညာရှင်တွေက ပါဠိဟာ သာမန်စာပေမဟုတ်၊ ထူးခြားတဲ့ပညာရပ်တွေ ကိန်းအောင်းနေတဲ့ ဘဏ္ဍာတိုက်ကြီးဖြစ်တယ်ဆိုတာ သိလာကြတော့ အထူးအာရုံစိုက်သင်ကြားကြတာပေါ့။ တက္ကသိုလ်မှာ အရှေ့တိုင်းယဉ်ကျေးမှုနှင့် ဘာသာစာပေဌာနတွေဖွင့်ကြပြီး စနစ်တကျလေ့လာကြတော့တယ်။ အကျဉ်းချုပ်လိုက်ရင် သီဟိုဠ်နိုင်ငံကို အုပ်ချုပ်ရေးအရာရှိအဖြစ်ရောက်လာတဲ့ ချိုင်းလ်ဒါး (Childers) ဆိုသူက ၁၈၇၅-ခုနှစ်မှာ ပါဠိ-အင်္ဂလိပ် အဘိဓာန် (Dictionary of the Pāli Language) ကို ရေးခဲ့တယ်။ ရိုင်းဒေးဗစ် (Rhys Davids) တို့ဇနီးမောင်နှံက ၁၈၈၁-ခုနှစ်မှာ (Pāli Text Society) အမည်နှင့် ပါဠိတော်အသင်းကြီးတည်ထောင်ခဲ့တယ်။ အဲဒီအသင်းကြီးဟာ အခု နှစ်ပေါင်းတစ်ရာကျော်ရှိသွားပြီ၊ ပိဋကတ်သုံးပုံပါဠိတော်ကို ရောမအက္ခရာနဲ့ပြန်ရေးတယ်၊ ပါဠိတော်အားလုံး အဋ္ဌကထာ ဋီကာအားလုံး အင်္ဂလိပ်ဘာသာနဲ့ ပြန်ဆိုရေးသားပြီး ကမ္ဘာကိုဖြန့်ချိထုတ်ဝေနေတယ်။

'အဲဒီလိုပညာရှင်တွေက ဘုရားဟောဒေသနာတော်များဖြစ်တဲ့ ပိဋကတ်သုံးပုံတွေကို လေ့လာကြတော့ ဗုဒ္ဓဆိုတာ ဒဏ္ဍာရီပုံပြင်ထဲက ဇာတ်ဆောင်တစ်ဦး မဟုတ်ဘူး၊ တကယ်အစစ်အမှန် အိန္ဒိယမှ ပေါ်ပေါက်လာခဲ့တဲ့ မြင့်မြတ်တဲ့ သူတော်စင်၊ မနိုင်းယှဉ် မတုပနိုင်လောက်အောင် ထူးခြားတဲ့ သီလ,သမာဓိ,ပညာနှင့် ပြည့်စုံတော်မူပြီး သတ္တဝါဟူသမျှအပေါ် ကြီးမားတဲ့ မေတ္တာ,ကရုဏာတော်ဖြင့် ဒုက္ခမှလွတ်မြောက်ကြရန် မှန်သောနည်းလမ်းကို ပြသွားတော်မူတဲ့ အနန္တဉာဏ်တော်ရှင် ဘုန်းတော်ရှင်ကြီးဖြစ်ကြောင်း ပိဋကတ်စာပေအထောက်အထားများနဲ့ ဖြေရှင်းပြလာကြတယ်။

'ဥပမာဆိုပါတော့-အဲဒါတွေထောက်ပြတာတောင် မယုံကြီးမ မယုံနိုင်ပေါင် ဆိုတဲ့သူတွေပေါ်ခဲ့သေးတယ်၊ သူတို့က ဒီလိုရေးသားဖော်ပြထားပြရုံနဲ့ ယုံရမှာလား။ အိန္ဒိယပြည် ကပိလဝတ်ပြည်မှာမွေးပြီး နှစ်ပေါင်းရှစ်ဆယ်တောင် နေထိုင်သွားတာ၊ ရာဇဂြိုဟ်၊ သာဝတ္ထိပြည်မှာ ကျောင်းတော်ကြီးတွေဆောက်ခဲ့တယ်၊ နေထိုင်သွားခဲ့တယ်လို့ ပြောကြတယ်၊ ဘယ်မှာလဲ-

အထောက်အထား၊ အနောက်နိုင်ငံသမိုင်းတွေကိုကြည့်၊ ဘယ်ဘီလိုနီးယား (Babylonia)၊ မက်ဆိုပိုတေးနီးယား (Masopotamia) စတဲ့ ပြည်တွေမှာ မြေမှုတူးဖော်တွေ့ရှိခဲ့တဲ့အထောက်အထားတွေနဲ့ အခြေပြုသမိုင်းစာပေတွေ ရေးခဲ့ကြတယ်။ အခု ဗုဒ္ဓအကြောင်းအရာတွေက သူတို့ပါဠိစာပေမှာပါတာ တွေသာဖြစ်တယ်။ ဘယ်မှာလဲ မြေမှုတူးဖော်ရတဲ့ ခိုင်ခိုင်မာမာ သမိုင်း အထောက်အထားများလို့မေးပြီး ဆင်ခြေတက်ကြပြန်ရောကွယ့်။

## အသောကမင်းကြီးဆိုင်ရာအထောက်အထားများ

အေး–အံ့ဩစရာကောင်းတာက မြတ်စွာဘုရားရဲ့တန်ခိုးတော်အနန္တ ဘုန်းတော်အနန္တ ဆိုတဲ့ အချက်ပဲကွ။ အနောက်နိုင်ငံ သာသနာရောက်ဖို့ အတွက် အဖြစ်အပျက်အမျိုးစုံဟာ ကွင်းဆက်တွေနဲ့ပေါ်လာခဲ့ကြတယ်ကွယ့်၊ အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ ဂျော့တန်းနား (George Turnour) ဆိုသူက သီဟိုဠ်မှာ ပါဠိစာပေသင်ကြားတတ်မြောက်ပြီး မဟာဝံသကျမ်း၊ ဗုဒ္ဓဝံသ ကျမ်းများကို အင်္ဂလိပ်ဘာသာပြန်ခဲ့တယ်ကွယ့်။ အဲဒီကျမ်းတွေထဲမှာ မြတ်စွာ ဘုရားရဲ့ဆွေတော်စဉ်မျိုးတော်အကြောင်းတွေ၊ ဘိုးဘိုးပြောပြပြီးတဲ့ သိဒ္ဓတ္ထ မင်းသား ဘုရားအလောင်းတော် မွေးဖွားတော်မူပုံ၊ ထီးနန်းစိုးစံတော်မူပုံ၊ တောထွက်ပုံ၊ ဘုရားဖြစ်တော်မူပုံ၊ ဗာရာဏသီအနီးရှိတဲ့ မိဂဒါဝုန်တောမှာ ရှေးဦးဓမ္မစကြာတရားဟောပုံ၊ ရာဇဂြိုဟ် သာဝတ္ထိ စတဲ့ နေရာဌာနပေါင်းစုံ လှည့်လည်တရားဟောတော်မူပုံ၊ ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့ အကြောင်းအရာအလုံးစုံပေါ့။

‘အဲဒီအပြင် မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း သုံးရာ အချိန်မှာ အသောကဘုရင်ဖင်းမြတ်ကြီးက အိန္ဒိယပြည် ပါဋလိပုတ်ပြည်မှာ ထီးနန်းစံတော်မူခဲ့ကြောင်း၊ အဲဒီမင်းဟာ ဗုဒ္ဓသာသနာတော်ကို လွန်စွာ ချီးပင့်ထောက်ပံ့ခဲ့ကြောင်း၊ သာသနာတော်တည်တံ့ခိုင်မြဲအောင် ဘုရား ကျောင်းကန် စေတီတန်ဆောင်းများ ဆေးရုံများ ကျွဲမွေးရုံများ ဆောက် ထားခဲ့ကြောင်း၊ မြတ်စွာဘုရားဖွားမြင်တော်မူရာ ဘုရားပွင့်တော်မူရာ

ဓမ္မစကြာတရားတော်ဟောတော်မူရာ ပရိနိဗ္ဗာန်စံတော်မူရာ ဒေသပေါင်း များစွာမှာ အမှတ်အသားအဖြစ် အထိမ်းအမှတ်ကျောက်တိုင်များ၊ စေတီ တော်များတည်ထားခဲ့ကြောင်း အဲဒီ မဟာဝံသကျမ်းတွေမှာရေးသားခဲ့တယ်။

'အေး ဒီထက်အံ့ဩစရာကောင်းတာက အဲဒီအချိန်လောက်မှာပဲ တရုတ်စာပေတွေလေ့လာတဲ့ အနောက်တိုင်းသားပညာရှင်တွေက တရုတ် ပြည်မှ အိန္ဒိယပြည်သို့ ဘုရားဖူးရင်း စာသင်လာကြတဲ့ တရုတ်ရဟန်းတော် ဖာဟီယံ(Fa-Hisen)၊ ရဟန်းတော်ဗုင်သျှင်(ဟူယင်ဆင်) (Hiuan Tsiang)၊ ရဟန်းတော်အီချင် (I-Tsing) တို့ရဲ့ မဇ္ဈိမဒေသခရီးသွားမှတ်တမ်းများကို အင်္ဂလိပ်ဘာသာပြန်ရေးကြတယ်။ အဲဒီတော့မှ ပိဋကတ်တော်လာဗုဒ္ဓမြတ်စွာ ဘုရားနှင့်ပတ်သက်သောအကြောင်းအရာများ နေရာဒေသများဟာ စိတ်ကူး ယဉ်ပန်းချီကားများမဟုတ်ဘဲ သာသနာတော်နှစ် ၉၀၀–ကျော် ၁၀၀၀–ခန့်က အိန္ဒိယပြည်ရောက်ရှိလေ့လာခဲ့သော တရုတ်ဘုန်းတော်ကြီးများ၏မျက်မြင် ကိုယ်တွေ့ဖော်ပြမှတ်တမ်းတင်ထားခဲ့ကြတဲ့အတိုင်း တကယ့်အစစ်အမှန် ဖြစ်ပျက်ခဲ့တဲ့ သမိုင်းဝင်ကိစ္စရပ်များဖြစ်ကြောင်း ပိုပြီးထင်ရှားလာတာပေါ့။

'ဒါတင်ဘာကမလဲ၊ အေဒီ ၁၈၃၀ –ခုနှစ်လောက်မှာ အိန္ဒိယပြည် ကျောက်စာဌာနခေါ် ရှေးဟောင်းသုတေသနဌာနကိုတည်ထောင်ပြီး ပိဋကတ် ကျမ်းမှာဖော်ပြတဲ့နေရာတွေ၊ တရုတ်ရဟန်းတော်များ မှတ်တမ်းပါနေရာ တွေကို ရှာဖွေတူးဖော်လေ့လာကြတော့ သက်သေအထောက်အထား အခိုင်အလုံတွေ ဒီမှာတွေ့လိုက် ဟိုမှာတွေ့လိုက်ဖြစ်တော့မှ မယုံရေးချ မယုံသမားတွေ ပါးစပ်ပိတ်သွားကြတယ်။

## ကိုယ်တွေ့မဇ္ဈိမဒေသနှင့်လုမ္ဗိနီ

'မောင်ဝဏ္ဏက ပိုမိုစိတ်ချသံသယရှင်းသွားအောင် ဘိုးဘိုး ကိုယ်တွေ့ လည်း ပြောပြမကွယ့်။ ဘိုးဘိုးဟာ အဲဒီမဇ္ဈိမဒေသကိုဘုရားဖူးသွားခဲ့တာ သုံးကြိမ်ရှိပြီကွယ့်။ ပထမဆုံးအကြိမ်က ၁၉၄၇–ခု၊ ဒုတိယအကြိမ် ၁၉၈၀– ပြည့်နှစ်၊ တတိယအကြိမ် ၁၉၉၀–ပြည့်နှစ် အားလုံးသုံးကြိမ်ပေါ့။



လုမ္ဗိနီ အသောကကျောက်တိုင်

နီပေါနိုင်ငံ၊ လုမ္ဗိနီ ဘီစီ ၃-ရာစု

'ပထမဆုံးအကြိမ်သွားတုန်းက ဗုဒ္ဓဂယာစေတီကြီးနှင့်တကွ ပတ်ဝန်းကျင်တစ်ခုလုံးကို ဟိန္ဒူဘုန်းကြီး မဟန္တကီက လက်ဝါးကြီးအုပ်သိမ်းပိုက်ထားဆဲအချိန်ပေါ့။ အေး အခုပြောချင်တာက ဟိန္ဒူဂိုဏ်းက ဗုဒ္ဓဘာသာဝင်တို့ရဲ့အထွတ်အထိပ် ဗုဒ္ဓမဏ္ဍာဂါနယ်မြေဒေသကို အပိုင်စီးထားတဲ့အကြောင်း မဟုတ်သေးဘူး။ ဒီနေရာဒေသမှာ တို့ရှင်တော်မြတ်ဘုရားဟာ သဗ္ဗညုတရွှေဉာဏ်တော်ရပြီး ဘုရားအဖြစ်ရောက်တော်မူခဲ့တဲ့ နေရာဒေသအမှန်ဖြစ်တယ်ဆိုတာကိုသာ ပြောဦးမှာ။

'မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း(၂၀၀)ကျော်ကလေးမှာ ဒီနေရာကို သီရိဓမ္မာသောကဘုရင်မင်းမြတ်ကြီး ရောက်လာတော်မူတယ်ကွယ့်၊ ခုနကပြောခဲ့တဲ့ ဗုဒ္ဓသာသနာပြုဘုရင် အသောကမင်းကြီးပေါ့။ ပိဋကတ်စာပေနဲ့ သမိုင်းစာပေများအရ ဒီနေရာမှာ အသောကမင်းကြီးဟာ ထူးခြားတဲ့ပုံသဏ္ဍာန်နဲ့ စေတီတော်ကြီး တည်ခဲ့တယ်။ ဘုရားပွင့်တော်မူတဲ့ ညောင်ပင်ကြီးနဲ့ အဲဒီစေတီကြားမှာ ဝဇီရာသနပလ္လင်ကြီးကိုလည်း တည်ဆောက်ခဲ့တယ်။ ဘုရားဖြစ်တော်မူပြီး သတ္တသတ္တာဟနေရာ(ခုနစ်)ဌာနမှာ အထိမ်းအမှတ်တွေတည်ဆောက်ခဲ့တယ်ဆိုတာတွေကို ဘိုးဘိုး မျက်မြင်ဖူးတွေ့မှတ်သားခဲ့ရတယ်ကွယ့်။


ဒီမှာ အဓိကဘိုးဘိုးပြောချင်တာက ဘယ်သူမှမငြင်းနိုင်တဲ့ အမှတ်အသားတစ်ခုအကြောင်းပါ၊ အဲဒါ ဘာလဲဆိုတော့ ရတနစင်္ကြံဌာနအကြောင်းပဲ။ မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် တတိယသီတင်းပတ်တစ်ပတ်လုံးလုံး စင်္ကြံကြွလျက်နေတော်မူခဲ့တဲ့နေရာမှာ အသောကဘုရင်ကြီးက ပါဒစေတီလို့ခေါ်ရမယ့် ကြာပန်းပွင့်အုတ်ခုံကျောက်ငယ်တစ်ခုစီ သတ်မှတ်ပြုလုပ်ထားပြီး အသောကခေတ်သုံးအက္ခရာနှင့် အမှတ်စဉ်ထိုးထားတဲ့စာတွေကို ဘိုးဘိုးကိုယ်တိုင် မြင်တွေ့ခဲ့ရပါတယ် မောင်ဝဏ္ဏရဲ့။ ၁၉၄၇-ခုနှစ် ပထမအခေါက်ကပေါ့။

မဟာဗောဓိကစပြီး ဓမ္မစကြာတရားဟောရာ မိဂဒါဝုန်ဒေသမှာ အလွန်ခိုင်ခံ့တဲ့အထောက်အထားများ တွေ့ခဲ့ရပြန်တယ်ကွယ့်။ ဒီနေရာမှာ ၁၈၃၄-

ခုနှစ်က အိန္ဒိယကျောက်စာဌာနကတူးဖော်ကြတော့ ဖာဟီယန်နှင့်ဟူယင်ဆင်တို့၏မှတ်တမ်းများအတိုင်း ရှေးဟောင်းစေတီကြီးများ၊ ကျောင်းတော်ရာများ၊ ကျောက်စာတိုင်များ အစီအရီပေါ်ထွက်လာခဲ့တယ်။ အဲဒါတွေလဲ ဘိုးဘိုးမြင်တွေ့ ဖူးမြော်ခဲ့ရတာပေါ့။ အသောကမင်းစိုက်ထူခဲ့တဲ့ ကျောက်စာတိုင်အငုတ်အရင်းကို မိဂဒါဝုန်အရံအတွင်းမှာ မူလအတိုင်း တွေ့ခဲ့ရတယ်။ ခြင်္သေ့လေးစီးကျောချင်းကပ်နေတဲ့ရုပ်လုံးပါ ကျောက်တိုင်ထိပ်ဖျားပိုင်းကိုတော့ မိဂဒါဝုန်အာရံအပြင်ဘက် မိဂဒါဝုန်ပြတိုက်အတွင်းမှာ ခမ်းခမ်းနားနားပြသထားတာတွေ့ခဲ့ရတယ်။ တရုတ်ရဟန်းတော်နှစ်ပါးကို ကျေးဇူးအထူးတင်ရှိကြရမကွယ့်။ သူတို့မှတ်တမ်းကြောင့်သာပေါ့၊ နှစ်ပေါင်း နှစ်ထောင်ကျော်တောကြီးမျက်မည်းအရပ်မှာ မြေသားဖုံးအုပ်နေခဲ့ရာက ရုပ်လုံးပေါ်ပြန်တွေ့ခဲ့နိုင်တာဖြစ်တယ်။ အရပ်လေးမျက်နှာကိုလှည့်ပြီး ကျောချင်းကပ်ထိုင်နေကြတဲ့ ခြင်္သေ့တစ်စီးစီ၏အောက်တည့်တည့်မှာ ဓမ္မစကြာဘီး တစ်ဘီးစီထုလုပ်ထားတယ်ကွယ့်၊ အိန္ဒိယနိုင်ငံလွတ်လပ်ရေးရတော့ အဲဒီခြင်္သေ့လေးစီးပုံကို နိုင်ငံတော်တံဆိပ်အဖြစ် ရွေးချယ်သတ်မှတ်ပြီး အသုံးပြုခဲ့ကြတာအခုတိုင်ပေါ့။

'အဲဒီကနေ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ရာနေရာမှာ တူးဖော်ထားတာတွေ ဝင်ရောက်လေ့လာပြီး၊ မြတ်စွာဘုရားမွေးဖွားတော်မူရာ လုမ္ဗိနီအင်ကြင်းတောဒေသကိုလည်း ဘိုးဘိုး ရောက်ခဲ့သေးတာပေါ့။ အဲဒီရောက်ဖို့ အိန္ဒိယနယ်စပ်ဖြတ်ကျော်ပြီး နီပေါနိုင်ငံတွင်းကို ဝင်ခဲ့ရသကွယ့်၊ အဲဒီတုန်းက ကုလသမဂ္ဂက လုမ္ဗိနီဖွံ့ဖြိုးရေးစီမံကိန်းကြီးကိုတောင် မစဉ်းစားသေး၊ မဆောင်ရွက်ရသေးဘူး။

'နီပေါနိုင်ငံထဲ (၁၀)မိနစ်ခန့် မော်တော်ကားနဲ့ဝင်ရောက်သွားတော့ အင်ကြင်းပင်ကျိုးတိုးကျဲတဲ ကွင်းပြင်ထဲမှာ ဘုရားရှင်ဖွားတော်မူရာနေရာအထိမ်းအမှတ်အဖြစ် အသောကဘုရင်မင်းမြတ် စိုက်ထူထားတဲ့ ကျောက်တိုင်လုံးပြတ်ကြီးကို မြင်ကြရသကွယ့်၊ ကျောက်တိုင်ကြီးကို မဟူရာကျောက်အမျိုးအစား စိမ်းညိုရောင်ကျောက်သားတိုင်ကြီးကို ချောမွတ်အောင်ပြုလုပ်



အသောကမင်း၏ ခြင်္သေ့လေးစီး ကျောက်တိုင်ထိပ်

အိန္ဒိယနိုင်ငံ၊ ဆာရ်နတ် ဘီစီ ၃-ရာစု။

ထားတာ၊ ထိပ်ပိုင်းမှာကျိုးနေပြီ။ ဘိုးဘိုးတို့မြင်တွေ့ခဲ့ရတဲ့ တိုင်ကြီးအငုတ်ဟာ (၁၂)ပေလောက်တော့ရှိပါတယ်။

'တိုင်ကြီးပေါ်မှာ စာငါးကြောင်းခန့် ဗြာဟ္မီအက္ခရာ(အသောကခေတ်သုံးအက္ခရာ)နဲ့ ရေးထားတာတွေ့ရသကွယ့်။ ရှေးဟောင်းသုတေသနဌာနက ဘာသာပြန်ချက်ကတော့–

'နတ်တို့ ချစ်မြတ်နိုးအပ်သော ပိယဒဿီဘွဲ့မည်ခံ အသောကမင်းကြီးသည် အဘိသိက်ခံပြီး အနှစ်နှစ်ဆယ်မြောက်၌ ဘုရားရှင်ဖွားမြင်ရာ ဤဒေသ လုမ္ဗိနီသို့ ကိုယ်တိုင်ကြွရောက်ဖူးမြော်ပူဇော်တော်မူတယ်။ ဤအရပ်၌ ဘုရားရှင်ဖွားမြင်တော်မူသည်'လို့ ကျောက်တိုင်စိုက်ထူခဲ့တယ်။ 'လုမ္ဗိနီရွာကိုလည်း မြေခွန်တော်ရှစ်ဖို့တစ်ဖို့ကိုသာ ထမ်းဆောင်စေ၍ အခွန်တော်များကင်းလွတ်စေသည်'လို့ ဆိုတယ်။

'ကဲ ဘယ့်နှယ်လဲ မောင်ဝဏ္ဏ၊ မြတ်စွာဘုရား လုမ္ဗိနီအင်ကြင်းတောမှာ ဖွားမြင်ခဲ့ပါတယ်ဆိုတာ လက်ခံနိုင်ပြီလား၊ သံသယရှိတုန်းပဲလား'

'ဟာ ဘိုးဘိုးကလဲ ဒါလောက်အခိုင်အမာ အထောက်အထားတွေနဲ့ ပြောပြတော့ ယုံကြည်လက်ခံရတာပေါ့။ ဒါပေမယ့် ကျွန်တော်ပိုသိချင်တာက–'

'အေး အဲဒီ ဒါပေမယ့်ဆိုပြီး ဆက်လာမှာကို ဘိုးဘိုး သိပါတယ်၊ ဘိုးဘိုးပြောပြမှာပါ။ အဲ ခုနက ဘိုးဘိုးပြောပြတဲ့ အသောကကျောက်စာတိုင်ရဲ့ အရှေ့တောင်ဘက် မလှမ်းမကမ်း အုတ်ခုံမြင့်ကြီးတစ်ခုပေါ်မှာ ဆောက်ထားတဲ့ အုတ်ဂူဟောင်းတစ်လုံးကို မြင်ရတယ်။ အဲဒီအုတ်ဂူဟာ ဘုရားအလောင်းတော်ကို မယ်တော်မာယာ ဖွားမြင်တော်မူသည့် အထိမ်းအမှတ် အုတ်တိုက်ဖြစ်သကွယ့်၊ ၁၈၉၆–ခုနှစ်က အိန္ဒိယကျောက်စာဌာနက တူးဖော်တွေ့ရှိရတာဖြစ်တယ်။

'အုတ်ဂူတွင်းမှာ မယ်တော်မာယာ အင်ကြင်းကိုင်းစွဲကိုင်လျက် သားဖွားဟန်ကို နံရံကပ်ကျောက်သားအနက်ပေါ် ရုပ်လုံးထုလုပ်ထားတာကို ဖူးတွေ့

ရတယ်။ မယ်တော်အပါးမှာ ဘုရားလောင်း ကလေးငယ်ရုပ်တုကိုလည်း ဖူးတွေ့ရတယ်၊ ဒါပေမယ့်ကွယ် မယ်တော်မာယာသားဖွားဟန် ကျောက်နက်ရုပ်တုလုံးဆိုရပေမယ့် မျက်မြင်အခြေအနေကတော့ တော်တော်ဆိုးနေသကွယ့်။ မသမာသူတို့လက်ချက်ကြောင့် ရုပ်လုံးဟာ ရုပ်ပြားကြီးဖြစ်ပြီး မျက်လုံး နှာခေါင်း စတဲ့ အင်္ဂါရုပ်တွေမပီသတော့ပါဘူး။ အင်ကြင်းကိုင်းကို ဆွဲထားတဲ့ လက်နဲ့တကွ ကိုယ်ပုံလက်ပုံအနေအထားကြည့်ပြီး မယ်တော်မာယာနှင့် သားတော်ကလေးရုပ်တုဖြစ်တယ်ဆိုတာလောက်သာ သိကြရတော့တယ်။ ဒါပေမယ့် တော်သေးတယ်ကွယ့်၊ အဲဒီရုပ်တုအနီးမှာပဲ ရခိုင်သာသနာပြုဆရာတော်ဦးစန္ဒိမုနိက နောက်ထပ်ဖွားမြင်တော်မူပုံ ကျောက်ရုပ်တုကို ထုလုပ်ထားပါတယ်။ မူလရုပ်တုနှင့် အလွန်တူအောင် လက်ရာမြောက်ပါတယ်။

'မယ်တော်မာယာအုတ်တိုက်အနီးမှာ လေးထောင့်အုတ်ရေကန်တစ်ခုကိုလည်း မြင်ခဲ့ရတယ်ကွယ့်။ အုတ်စီပြီး အင်္ဂတေနှင့်အချောကိုင်ထားတဲ့ ရေကန်လေးကွယ့်၊ ဘုရားရှင်ဖွားသန့်စင်တုန်းက မယ်တော်နှင့် သားတော်ကလေးပါ ရေသပ္ပာယ်စေကြဖို့ ကောင်းကင်က အလိုအလျောက်စီးကျလာတဲ့ ရေပူရေအေးစမ်းရေတံခွန်များမှဖြစ်ပေါ်လာတဲ့ ရေကန်ဖြစ်သကွယ့်။

'ဒါပေမယ့် မောင်ဝဏ္ဏသိချင်နေတဲ့အကြောင်းအရာကတော့ ဒီလိုကွယ့်၊ အဲဒီရေကန်အနီးမှစပြီး မြောက်ဘက်သို့ အလောင်းတော် ခြေခုနစ်လှမ်းကြွလှမ်းခဲ့တဲ့ အထိမ်းအမှတ်အဖြစ် အုတ်ခုံငုတ် ခုနစ်ခုကို မြင်တွေ့ခဲ့ရတယ်ကွယ့်၊ မဟာဗောဓိပင်မှ စင်္ကြံမသတ္တဌာနမှာလိုပဲ ခြေလှမ်းတော်ချတဲ့နေရာအုတ်ခုံငုတ်ပေါ်မှာ မူလက ကြာပန်းပွင့်သဏ္ဌာန်များရှိခဲ့မှာပဲ။ အခုတော့ ပျက်စီးကုန်ပါပြီ။ ဒါပေမယ့် ခြေလှမ်းတော် ခုနစ်လှမ်း လှမ်းပြီး ကြွေးကြော်တော်မူခဲ့တဲ့ အထိမ်းအမှတ်ဖြစ်တယ်ဆိုတာကိုတော့ မငြင်းနိုင်တဲ့သက်သေပြရုပ်တုတစ်ခုလို့ ဘိုးဘိုးကတော့ လက်ခံတယ်။

'အေး၊ ခုလောက်ဆို မောင်ဝဏ္ဏ သံသယရှင်းရှင်း လက်ခံနိုင်လောက်ပြီပေါ့။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း(၃၀၀)ကျော်လောက်က

အသောကမင်းကြီးလက်ထက်က လူတွေဟာ မြတ်စွာဘုရားအကြောင်းကို ပြောကြားဖို့ စိတ်ဝင်စားတုန်းပဲရှိဦးမှာပါ။ ပြီးတော့ အဲဒီတုန်းက ရဟန္တာ အရှင်မြတ်များလည်း အများအပြားပေါ်ထွန်းဆဲမို့ ထိုအရှင်မြတ်များက ရှင်တော်မြတ်ဘုရားနှင့်ပတ်သက်တဲ့ နေရာဒေသ စသည်တို့ကို ကောင်းစွာ ညွှန်ပြနိုင်တုန်း အချိန်အခါဖြစ်တယ်၊ ဒါကြောင့် အသောကဘုရင်မင်းမြတ်က ရှင်တော်မြတ်ဘုရားဆိုင်ရာအထိမ်းအမှတ်တွေကို တိတိကျကျ သေသေချာချာ နိုင်ခံ့စွာတည်ထားခဲ့နိုင်တယ်ဆိုတာ ယုံမှားစရာမရှိပါဘူးကွယ့် မောင်ဝဏ္ဏာရဲ့။

## တုနှိုင်းမရမြတ်ဗုဒ္ဓ

'ဗုဒ္ဓဟာ လူသားမျိုးနွယ်တစ်ဦး၊ လူသားစင်စစ် မိနှင့်ဘတို့မှ မွေးဖွားတော်မူခဲ့တာပါပဲ။ ဒါပေမယ့် သာမန်လူသားတော့ မဟုတ်ဘူး၊ သာမန်လူသားလို့ မယူဆ မပြောအပ်ဘူးလို့ ဘိုးဘိုးပြောခဲ့တာကို မှတ်မိကြသေးရဲ့လား။

'ဗုဒ္ဓမြတ်စွာသည် သာမန်လူသားမဟုတ်ကြောင်း၊ မိဘမျိုးနွယ်က မင်းသွေးမင်းနွယ်ဆိုတာရယ်၊ မွေးဖွားစအခါက ခြေလှမ်း ခုနစ်လှမ်းသွားပြီး စကားငါးခွန်းနှင့်ကြုံးဝါးခဲ့တာရယ်၊ အတတ်ပညာများ အထူးတလည် မသင်ကြားရဘဲ တတ်မြောက်နေတာတွေရယ်၊ ထူးခြားတဲ့ဖြစ်စဉ်များကိုထောက်ပြခဲ့တယ်မဟုတ်လား။ အေး၊ ပြီးတော့ အဲဒါတွေထက်ထူးခြားတာက မင်းသားကလေးဟာ စကြဝတေးမင်းသော်လည်းကောင်း၊ ဘုရားသော်လည်းကောင်း ဖြစ်မယ်လို့ ဟောကိန်းထုတ်ခဲ့တဲ့အချက်၊ လူအို, လူနာ, လူသေ, ရဟန်းတို့ကို မြင်တွေ့ရရုံနဲ့ လူ့လောကကြီးရဲ့ ဒုက္ခဆင်းရဲကြီးမားပုံကို နက်နက်နဲနဲ တွေးတောသုံးသပ်ခဲ့တဲ့အချက်နဲ့ နောက်ဆုံး ကြင်ယာတော်နှင့် မွေးဖွားစ သားကလေးကိုစွန့်ပစ်ပြီး တောထွက်သွားခဲ့နိုင်တဲ့စိတ်ဓာတ်တို့ဟာ သူမတူအောင် ထူးခြားတဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်း ပိုထင်ရှားစေတယ်ကွယ့်။

'ကဲ ရှေ့မဆက်ခင် ငါ့မြေး မောင်ဝဏ္ဏာက မေးမြန်းစရာများရှိသေးလား၊ ရှိလျှင် မေးသာမေးပါ၊ ဘာမှရှုံ့မနေပါနှင့်။ ဘိုးဘိုးက ရှင်းပြမှာပေါ့။

'မေးစရာတွေရှိတယ် ဘိုးဘိုးရဲ့၊ ဘိုးဘိုး စကားမပြတ်သေးလို့ စောင့်နေတာ'

'ကဲ မေးပါဗျာ၊ မေးပါ'

'ဘိုးဘိုးပြောပြလို့ နားလည်သွားတာကတော့ ကျွန်တော်တို့ ကိုးကွယ်တဲ့ မြတ်စွာဘုရားဟာ ဘယ်သူမှမမြင်မတွေ့ရဘူးတဲ့ တန်ခိုးရှင်ထာဝရကောင်းကင်ဘုံစံကြီးတစ်ပါးမဟုတ်ဘူး၊ လူသားစင်စစ်မိဘများက ပေါက်ဖွားလာတဲ့ လူသားနွယ်ဝင် သူတော်စင်ကြီးဆိုတာကို သဘောပေါက်သွားပါပြီ။ ဗုဒ္ဓနှင့်ပတ်သက်တဲ့အဖြစ်အပျက်တွေဟာ စိတ်ကူးယဉ်ဒဏ္ဍာရီ မဟုတ်ပါဘူး၊ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က အိန္ဒိယပြည် မဇ္ဈိမဒေသတစ်ခွင်မှာ တကယ်ဖြစ်ထွန်းပေါ်ပေါက်ခဲ့တဲ့ သမိုင်းဝင်အကြောင်းအရာများဖြစ်တယ်ဆိုတာလဲ လက်ခံနိုင်ပါပြီ။ အဲ ကျွန်တော်သိချင်တာက သိဒ္ဓတ္ထမင်းသားကလေးကို လူသားစင်စစ် ခမည်းတော်မယ်တော်နှစ်ပါးက မွေးခဲ့ပါလျက်ဘာကြောင့် အခြားကလေးတွေလိုမဟုတ်ဘဲ မွေးဖွားကတည်းကစပြီးအံ့မခန်း ထူးထူးခြားခြားပြုမူဆောင်ရွက်မှုတွေလုပ်ခဲ့သလဲ၊ ပညာမသင်ရဘဲနှင့်အဟတ်ပညာတွေတတ်သလဲ၊ ပြီးတော့...'

'အေး၊ ပြီးတော့ လူအို, လူနာ, လူသေ, ရဟန်း စတာတွေမြင်ရုံနဲ့လောကကြီးအတွင်းက ဒုက္ခဆင်းရဲမျိုးစုံအကြောင်းကို နက်နက်နဲနဲတွေးနေခဲ့သလဲ။ မိမိရဲ့ကြင်ယာတော်မိဖုရားမှ မိမိရဲ့ရင်သွေးသားတော်ကလေးမွေးဖွားလာတာတောင် ဝမ်းမြောက်ဝမ်းသာမဖြစ်နိုင်ဘဲ ရက်ရက်စက်စက်စွန့်ပစ်ထားခဲ့နိုင်လောက်အောင် ဘာကြောင့် အကြင်နာစိတ်ထားကင်းရတာလဲ စတာတွေ သိချင်တယ်မဟုတ်လား'

'ဟုတ်ပါတယ် ဘိုးဘိုးရဲ့၊ ဒိပြင် လူသားစိတ်ထားနှင့်မတူဘဲ ထူးခြားတာကတော့ အမှန်ပဲ။ သာမန်လူသား မဟုတ်ဘူးဆိုတာတော့ ရှင်းနေပါတယ်။ ဒါပေမယ့် သိဒ္ဓတ္ထမင်းသားဟာ အဲဒီလို ထူးထူးခြားခြားဘာကြောင့် ဖြစ်နေရသလဲဆိုတာ တွေးနေမိတာပါ။ အဲဒါကိုသိချင်တာပါဘိုးဘိုးရဲ့'

'အေး ဟုတ်ပြီ၊ ငါ့မြေး မောင်ဝဏ္ဏ မေးတဲ့ပုစ္ဆာကို သဘောကျပြီ။ အဲဒီအမေးကိုဖြေရတာလဲ ဘိုးဘိုးဝမ်းသာတယ်၊ ဘာပြုလို့လဲဆိုတော့ ငါ့မြေး မေးတာဖြေပြရင်း ထေရဝါဒဗုဒ္ဓဘာသာရဲ့အခြေခံသဘောကို စာကြီးပေကြီး အပြောအဟောမပါဘဲနဲ့ လူငယ်တွေနားလည်တဲ့ ဥပမာကလေးများပြပြီး လွယ်လွယ်ပြောသွားနိုင်လို့ပဲကွယ့်။

'ဒီလိုရှိတယ် မောင်ဝဏ္ဏရဲ့၊ လူ့လောကမှာ လူရယ်လို့မွေးဖွားလာ ပြီးတော့ သိဒ္ဓတ္ထမင်းသားကလေးသာ သူတစ်ပါးထက်ထူးခြားတာ မဟုတ် ဘူး။ မောင်ဝဏ္ဏတို့ လူငယ်တွေကျောင်းသားတွေချင်းပဲ စဉ်းစားနှိုင်းယှဉ် ကြည့်စမ်းပါ။ တစ်ယောက်နှင့်တစ်ယောက် တူသလားလို့၊ ရုပ်ဆင်းသဏ္ဍာန် ရော၊ အဝတ်အစားရော၊ အပြောအဆိုရော၊ အတန်းထဲမှာ စာလိုက်နိုင်တာ, မလိုက်နိုင်တာ၊ စာမေးပွဲ အောင်တာ,ကျတာ၊ အောင်ရင်လဲ အဆင့်မြင့်, အဆင့်နိမ့် အောင်တာတို့ တူကြရဲ့လား၊ မတူကြဘူးမဟုတ်လား။

'ဒါက မောင်ဝဏ္ဏနားလည်လွယ်အောင်လို့ မိမိတို့ကျောင်းသားအရွယ် လူငယ်ချင်းချင်း မတူကြပုံ ကွဲပြားကြပုံကလေး သုံးသပ်ကြည့်မိအောင်လို့ မေးတာကွယ့်။ အေး လူငယ်အချင်းချင်းသုံးသပ်နှိုင်းယှဉ်ရာကနေပြီး မိဘတွေ အကြောင်းကိုရော မျှော်ခေါ်ပြီးတွေးကြည့်ဦးပေါ့၊ တူကြရဲ့လား။ အချို့မိဘ များက ရာထူးဂုဏ်ရှိန်ကြီးမား၊ ပစ္စည်းဥစ္စာချမ်းသာ၊ တိုက်တာအိမ်ရာတွေနဲ့၊ မော်တော်ကားတွေနဲ့၊ အစေအပါးပစ္စည်းတွေနဲ့၊ အခြံအရံအစောင့်အရှောက် တွေနဲ့၊ တချို့မိဘများကတော့ အလယ်အလတ်အတန်းအစား နေတဲ့အိမ်ရာ နှင့်တကွ ဝတ်စားနေထိုင်ပုံ၊ သွားလာလုပ်ရှားပုံက ကွဲပြားနေတာမြင်နိုင် ပါတယ်။ တချို့အိမ်ထောင်စုကြတော့ ဆင်းရဲမွဲပြာ ပင်ပန်းကြရှာတယ်၊ တစ်နေ့ရှာရတာနဲ့တစ်နေ့ စားသောက်နေထိုင်ကြပြီး လူ့ဘဝမှာ ဆင်းရဲကြီး စွာနဲ့ရုန်းကန်နေကြရရှာတယ်။

'အေး အဲဒါတွေသုံးသပ်ကြည့်ပြီး အကြောင်းရှာကြည့်လိုက်ရင် အဖြေကို တွေ့နိုင်ပါတယ်၊ အဖြေက ဗုဒ္ဓဘာသာတရားရဲ့ အခြေခံအကြောင်းတရား တစ်ခုပဲကွယ့်။ ဘယ်သူမပြု မိမိမှုတဲ့ကွယ်။ မိမိလုပ်ကိုင်ဆောင်ရွက်သမျှ

အမှုကို ပါဠိလို 'ကမ္မ'၊ မြန်မာလို 'ကံ' လို့ခေါ်တယ်။ အေး–လူတစ်ဦး တစ်ယောက် ကြီးပွားတယ်၊ ချမ်းသာတယ်၊ ပညာတတ်တယ်၊ ဆင်းရဲတယ်၊ မွဲပြာကြတယ်၊ နုံချာတယ်ဆိုတာ မိမိပြုလုပ်ခဲ့တဲ့အမှု ကံအလိုက် ဖြစ်ကြရသကွယ့်။ ကောင်းတဲ့အမှုပြုလုပ်ရင် ကောင်းတဲ့အကျိုးရလဒ်ကို ရကြတယ်။ အဲဒါကို မြန်မာစကားမှာ 'ကံကောင်းတယ်' လို့ပြောကြတယ်။ မကောင်းတဲ့အမှုကိုပြုလုပ်ရင် မကောင်းတဲ့အကျိုးရလဒ်ကို ရစမြဲပဲ၊ အဲဒါကို 'ကံဆိုးတယ်' လို့ပြောကြတယ်။

'အဲဒီလို မိမိပြုလုပ်တဲ့ကံအမှုကို ဉာဏ်ကူပြီး အားသွန်ခွန်စိုက် လုံ့လဝီရိယအပြည့်နဲ့ဆောင်ရွက်ရင် မိမိလိုအင်ဆန္ဒအဝဝ ပြီးနိုင်တယ်ကွယ့်။ တို့မြန်မာစကားမှာ 'ကြိုးစားက ဘုရားဖြစ်နိုင်တယ်' လို့တောင် ဆိုထားတယ်။ အေး–ဒါကြောင့် မောင်ဝဏ္ဏာ သိချင်တဲ့အဖြေကို တိုတိုပြောရရင် သိဒ္ဓတ္ထမင်းသားကလေး ဘုရားဖြစ်တာဟာ ကြိုးစားလို့၊ ကောင်းတဲ့အမှုတွေပြုခဲ့လို့ ကောင်းတဲ့ကံ အကျိုးရလဒ်ရရှိတာပေါ့။

'ဒီမှာ မောင်ဝဏ္ဏာမေးနိုင်တာက သိဒ္ဓတ္ထမင်းသားကလေးက ဘယ်တုန်းက အဲဒီကံအမှုတွေ ပြုခဲ့တာလဲ၊ အဲဒီကံအမှုဆိုတာတွေဟာ ဘာလဲ၊ ဘယ်လိုပြုမူလုပ်ဆောင်ခဲ့တာလဲ စသဖြင့်ပေါ့ကွယ်။ အဲဒီလို ကံအကြောင်း သိကောင်းစရာတွေ အများကြီးရှိတယ်။ ဘိုးဘိုးက အဲဒါတွေကို သူ့အကွက် ဆိုက်တိုင်းဆိုက်တိုင်း တဖြည်းဖြည်းရှင်းရှင်းပြသွားမှာပါ။ အခုတော့ အတိုချုပ်ပဲ။ ကံဆိုတာ စိတ်နှင့်ပြုလုပ်တဲ့အမှုကို မနောကံ၊ နှုတ်နှင့်ပြုလုပ်တဲ့အမှုကို ဝစီကံ၊ ကိုယ်နှင့်ပြုလုပ်တဲ့အမှုကို ကာယကံလို့ ခေါ်တယ်ကွယ့်။ အဲဒီမှာ စိတ်က အဓိကအရေးကြီးဆုံးပဲ။ ဘယ်လိုလုပ်ဆောင်မှုပြုပြု စိတ်က ရှေ့ဆောင်ဦးဆောင်ပဲ။ စိတ်ကောင်းသဘောကောင်းနဲ့ ဆောင်ရွက်တဲ့အမှုဆိုရင် ကောင်းကျိုးရတယ်။ စိတ်ဆိုးစိတ်ယုတ်နဲ့ဆောင်ရွက်ရင် ဆိုးကျိုးခံရသကွယ့်၊ ဒါကြောင့် ကံကို စေတနာလို့လဲခေါ်ရတယ်၊ စေတနာအလျောက် အကျိုးပေးတယ်လို့လဲ ပြောရတယ်။

*

# အခန်း(၂)

## ဒီပင်္ကရာဘုရားရှင်ထံမှဗျာဒိတ်ရတော်မူခြင်း

'ကိုင်း အခု သိဒ္ဓတ္ထမင်းသားကလေးဟာ ဘယ်လိုကောင်းမှုတွေ ဘယ်တုန်းက ဆောင်ရွက်ခဲ့လို့ အထွတ်အထိပ်ကောင်းကျိုးဖြစ်တဲ့ မြတ်စွာဘုရားအဖြစ်ကို ရရှိခဲ့သလဲဆိုတာကို ဘိုးဘိုး ရှင်းပြမယ်။

'အခုအချိန်ကနေ မရေမတွက်နိုင်အောင်များပြားတဲ့ နှစ်တွေ ကမ္ဘာတွေကို ပြန်ပြီးသွားလိုက်ရင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်က ဘုရားလောင်းဟာ အမိဘက်အဖဘက် အလွန်ချမ်းသာကြတဲ့ သူဌေးမျိုးမှ ပေါက်ဖွားခဲ့တယ်။ အမရဝတီမင်းနေပြည်မှာတဲ့။ သူ့နာမည်က သုမေဓာလို့ခေါ်သကွယ့်၊ သုမေဓာသတို့သား ငယ်ရွယ်စဉ်ကပဲ မိဘနှစ်ပါးကွယ်လွန်သွားခဲ့လို့ အလွန်များပြားတဲ့ရွှေငွေဘဏ္ဍာအမွေပစ္စည်းတွေကို ဘဏ္ဍာထိန်းမှူးကြီးက ထိန်းသိမ်းစောင့်ရှောက်ပေးထားရတယ်။ ပညာတတ်မြောက်ပြီး (၁၆)နှစ်အရွယ်ရောက်တော့ ဘဏ္ဍာထိန်းမှူးကြီးက ဘဏ္ဍာတိုက်ကို စာရင်းနှင့်တကွ သူဌေးသားကိုပေးအပ်သတဲ့။

'အဲဒီတော့ သူဌေးသားသုမေဓာက ဒီလိုဆင်ခြင်တယ်၊ ဒီဥစ္စာဘဏ္ဍာတွေ အမြောက်အများကို သူ့မိဘများ သူ့ဘိုးဘေးဆွေမျိုးအဆက်ဆက်ရော ဘာတစ်ခုမှ သယ်ယူမသွားနိုင်ကြဘဲ သေသွားကြရတယ်။ သူလဲ ဒီပစ္စည်းတွေယူပြီး စည်းစိမ်ခံစားနေရင် နောက်ဆုံးကျတော့ ပစ္စည်းတွေထားခဲ့ရပြီး သေရဦးမှာပဲ၊ ဒါကြောင့် ဒီပစ္စည်းတွေ စွန့်လွှတ်ခဲ့မယ်၊ မသေတဲ့

တရား တွေ့အောင်ရှာတော့မယ်ဆိုပြီး တောထွက်သွားတယ်။ တောထဲ သွားပြီး ရသေ့အဖြစ်နဲ့ မသေခြင်းတရားကိုရှာတော့ ဈာန်အဘိညာဉ်တရား တွေကိုသိလို့ မြေလျှိုးမိုးပျံနိုင်တဲ့တန်ခိုးတွေတောင်ရသွားတယ်။

'အဲဒီအချိန်မှာ လောကမှာ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူနေတယ်။ ဒီပင်္ကရာမြတ်စွာဘုရားဟာ ရမ္မာဝတီနေပြည်တော်ကို ကြွတော်မူလာမှာမို့ မြို့သူမြို့သားတွေက ဘုရားကြွလာတော်မူမယ့်လမ်းကို ပြင်နေကြတယ်။ သုမေဓာရှင်ရသေ့လဲ ကောင်းကင်ခရီးမှကြွလာရင်း လူတွေလမ်းပြင်နေတာ မြင်တော့ ကောင်းကင်မှသက်ဆင်းပြီး အကြောင်းကိုမေးကြည့်သကွယ့်။ ဘုရားသခင်ကြွလာတော်မူမှာမို့ လမ်းပြင်နေကြကြောင်း ပြောပြကြတယ်။

'သုမေဓာရှင်ရသေ့က 'ဘုရားဆိုတာ ကိုယ်တိုင်ဖူးတွေ့ဖို့မပြောနဲ့၊ ဘုရားလို့ဆိုတဲ့အသံကို ကြားရဖို့တောင် မလွယ်ကူဘူး၊ အခု ဖူးတွေ့ခွင့် ရတော့မယ်'ဆိုပြီး လွန်စွာဝမ်းသာသွားတယ်။ ဒါကြောင့် လမ်းပြင်ရန် တစ်နေရာကိုတောင်းပြီး လမ်းကိုဝင်ပြီးပြင်သတဲ့ကွယ်။ သုမေဓာတန်ခိုးရှင်ဟာ တန်ခိုးဖြင့်လမ်းပြင်လျှင် အမြန်ပြီးမှာကိုသိသော်လည်း ကိုယ်တိုင်ကြိုးပမ်းမှ အကျိုးရှိကြောင်းကိုသိလို့ ရွှံ့နွံတွေကို ကိုယ်တိုင်ထမ်းရွေ့ပြီး လမ်းကိုပြုပြင် နေတယ်။ သုမေဓာရသေ့ လမ်းပြင်လို့မပြီးခင်မှာပဲ ဘုရားရှင်ကြွလာတာ မြင်တော့ ဘုရားရှင် ရွှံ့နွံထဲကမကြွရအောင် ရွှံ့ပေါ်မှာ သူ့ကိုယ်ကို ဝမ်းလျား မှောက်ကာ တံတားခင်းပြီး လှူတော်မူလိုက်တယ်ကွယ့်။

'အဲဒီအခါမှာ ဘုရားသခင်ကိုကြိုဆိုနေတဲ့ ပရိသတ်ကြီးထဲမှ သုမိတ္တာ ဆိုတဲ့ အမျိုးသမီးကလေးက သုမေဓာရသေ့ကလေး ဆောင်ရွက်နေတာကို မြင်လျှင်မြင်ချင်း ဝမ်းမြောက်ကြည်နူးသွားတာနှင့် သူယူဆောင်လာတဲ့ ကြာပန်းခိုင်ရှစ်ခိုင်ထဲက ငါးခိုင်ကို ရှင်ရသေ့လက်ထဲ ဆက်ကပ်လိုက်သတဲ့ ကွယ်။ သုမေဓာရှင်ရသေ့လဲ ဝမ်းလျားမှောက်လျက်နှင့် ကြာပန်းငါးခိုင်ကို ဘုရားရှင်အား ဆက်ကပ်လှူဒါန်းလိုက်တယ်၊ ပြီးတော့ သူက ဒီလိုဆင်ခြင်မိ သတဲ့ကွယ်။ 'ငါဟာ မသေတရားကိုရှာနေတာ၊ ယနေ့ပင် ကိလေသာ ကုန်ခန်းတဲ့ ရဟန္တာဖြစ်ပြီး ငါရှာတဲ့တရားကိုတွေ့နိုင်ပေတော့မယ်၊ ဒါပေမယ့်



ဖွားတော်မူစ ခြေလှမ်းခုနစ်လှမ်း လှမ်းတော်မူခန်း

အိန္ဒိယနိုင်ငံ၊ နာလန္ဒာလက်ရာ အေဒီ ၁၁-ရာစု။

ငါတစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားလို့ မသင့်တော်။ ယခု ဖူးမြော်ရတဲ့ ဒီပင်္ကရာဘုရားလို ဝေနေယျသတ္တဝါတွေကို ကယ်တင်နိုင်အောင် ဘုရားဖြစ်အောင် ကြိုးစားတော့မယ်’လို့ စွဲစွဲမြဲမြဲအဓိဋ္ဌာန်ပြုပြီး ကြာပန်းငါးခိုင်ကို ဘုရားရှင်အား လှူဒါန်းလိုက်တာဖြစ်သကွယ့်။ ပြီးတော့ ပါးစပ်မှ ဖွင့်ဟပြီး ကြိုးဝါးလိုက်သေးတယ်ကွယ့်။

ဗုဒ္ဓေါ ဗောဓေယျံ= ငါသိသလို သစ္စာတရားကို ဝေနေယျသတ္တဝါတွေလည်း သိစေအံ့။

မုတ္တော မောစေယျံ= ငါလွတ်မြောက်သလို ဝေနေယျသတ္တဝါတွေလည်း ဘဝအနှောင်အဖွဲ့မှ လွတ်မြောက်စေအံ့။

တိဏ္ဏော တာရေယျံ= သံသရာတစ်ဖက်ကမ်းသို့ ငါကူးမြောက်နိုင်သလို ဝေနေယျသတ္တဝါတွေလည်း ကူးမြောက်စေအံ့။

‘အဲဒီရှုခင်းကို မြင်တွေ့တော်မူနေတဲ့ ဒီပင်္ကရာမြတ်စွာဘုရားရှင်က သုမေဓာရသေ့ရဲ့ဦးခေါင်းရင်း၌ ရပ်တော်မူပြီး ‘ရဟန်းတို့၊ ဤရသေ့ကို ရှုကြလော့။ သူသည် ဤကမ္ဘာမှစ၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာလတ်သော် ကပိလဝတ်နေပြည်တော်တွင် မယ်တော်မာယာမှဖွားမြင်ပြီး တောထွက်သွားလိမ့်မည်။ ဂေါတမဘွဲ့မည်ခံ ဗုဒ္ဓဘုရားရှင်တစ်ပါးဖြစ်တော်မူလိမ့်မည်’ဟု ဗျာဒိတ်ပေးတော်မူခဲ့တယ်။ ဒီပင်္ကရာမြတ်စွာဘုရားက ဂါထာကိုးဂါထာတို့ဖြင့် ဘုရားဘွဲ့မည်တော်၊ မယ်တော်ရဲ့အမည်နာမ၊ လက်ဝဲရံ၊ လက်ယာရံအဂ္ဂသာဝကကြီးများရဲ့ဘွဲ့တော် စသည်ဖြင့် အသေးစိတ်ဖော်ပြပြီး ပြည့်ပြည့်စုံစုံဗျာဒိတ်ပေးတော်မူခဲ့တာ ဖြစ်တယ်ကွယ့်။

‘အဲဒီနောက် ဒီပင်္ကရာဘုရားရှင်ဟာ ညာဘက်ခြေထောက်ကို စတင်လှမ်းပြီး သုမေဓာရဲ့ညာဘက်ဘေးမှလျှောက်ကြွသွားတော်မူတယ်။ နောက်ပါသံဃာတော်များလည်း ဘုရားရှင်နည်းတူ သုမေဓာရဲ့ခန္ဓာကိုယ်ကို နင်းဖိမသွားကြဘဲ ရှိန့်ခိုးအပေခံပြီး ကြွသွားတော်မူကြတယ်၊ အဲဒီတော့မှ သုမေဓာရှင်ရသေ့ဟာ ဝမ်းမြောက်ရွှင်လန်းစွာနဲ့ ရွှံ့ဗွက်ထဲမှထလာပြီး ဆင်ခြင်သုံးသပ်နေသကွယ့်။

'ဘုရားရှင်တို့မည်သည် မမှန်သောစကားကို ဆိုလေ့မရှိ။ ဒီပင်္ကရာမြတ်စွာဘုရား မြွက်ကြားတော်မူတဲ့ ဗျာဒိတ်တော်အတိုင်း ငါဟာ ဗုဒ္ဓဘုရားရှင်ဖြစ်မည် ကေန်ပင်'ဟု အဲဒီလိုတွေးပြီး အလွန်နှစ်သိမ့်ကြည်နူးနေရှာသကွယ့်။

'အဲဒီနေ့က ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးမြော်ခွင့်ရကြတဲ့ ရမ္မာဝတီနေပြည်တော်က များလှတဲ့ပရိသတ်က ဘုရားရှင်ရဲ့ အသရေတော်၊ ကြည်ညိုဖွယ်ရာ ရုပ်ဆင်းသဏ္ဍာန်၊ ရင့်ကျက်တဲ့ ဣန္ဒြေတော်နှင့် တည်ငြိမ်အေးချမ်းတဲ့အမူအရာ၊ မြင့်မြတ်တဲ့အသွင်တို့ကြောင့် 'ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ ဘုရားဖြစ်ရပါလို၏' ဆုကိုမတောင်းတဲ့သူ မရှိဘူးတဲ့၊ အားလုံးဆုတောင်းခဲ့ကြသတဲ့ကွယ်။

'အေး၊ အဲဒီလို ဘုရားဆုတောင်းခဲ့ကြတဲ့ပရိသတ်တွေဟာ တစ်ယောက်မှ ဘုရားမဖြစ်ကြဘူး၊ သုမေဓာရသေ့တစ်ပါးတည်း နောင်လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာတဲ့အခါမှာ ဗုဒ္ဓဂေါတမဘွဲ့မည်တွေနှင့် ဘုရားဖြစ်တော်မူလာတယ်။ တို့များ ယခုကိုးကွယ်ဆည်းကပ် ရိုသေမြတ်နိုးရှိခိုးပူဇော်နေကြတဲ့ ဗုဒ္ဓရှင်တော်ဘုရားပေါ့။

'ဒီမှာ မောင်ဝဏ္ဏကိုသိစေချင်တာက ရမ္မာဝတီနေပြည်တော်သူ နေပြည်တော်သားတွေဟာ သူတို့ဆုတောင်းကြသလို ဘုရားဖြစ်မလာဘဲ သုမေဓာရှင်ရသေ့တစ်ဦးပဲ အခု ဘဒ္ဒကမ္ဘာမှာ ဘုရားရှင်အဖြစ်ပွင့်ထွန်းတော်မူခဲ့တယ်ဆိုတဲ့အကြောင်းပဲ၊ အတိုချုပ်ကတော့ အဲဒီ ရမ္မာဝတီက ပရိသတ်တွေဟာ ဘုရားဖြစ်ရန်ပြင်းပြတဲ့ဆန္ဒ၊ လိုအပ်တဲ့လုံ့လဝီရိယ၊ မလျော့သောဖွဲနှင့်အားမာန်တို့ မရှိကြဘူး။ ရှိအောင်လည်း မကြိုးပမ်းကြဘူး။ ခုခေတ်တွေ့မြင်ကြရတဲ့အတိုင်းပဲ စေတီပုထိုး ရုပ်ပွားတော်ရှေ့မှာ သွားသွားပြီး ဘာဖြစ်ရပါလိုတယ်၊ ညာဖြစ်ရပါလို၏လို့ လွယ်လွယ်ကလေးဆုတောင်းပြီး လိုအပ်တဲ့ ဒါန,သီလ,ဘာဝနာကုသိုလ်များတော့ အားမထုတ်ကြဘူး။ ပေါ့ပေါ့တန်တန်နေကြထိုင်ကြနှင့် အဖိုးတန်အချိန်တွေ ကုန်ဆုံးကြပြီး တစ်ဘဝပြီးသွားကြသလိုပေါ့။

'အေး–သုမေဓာရှင်ရသေ့ကတော့ သူများနဲ့မတူဘူး၊ ဘုရားဖြစ်ဖို့ ဆန္ဒဖြစ်ပေါ်လာပုံလည်း သူများနှင့်မတူဘူး။ သူများတွေက ဒီပင်္ကရာ ဘုရားရှင်ရဲ့ကျက်သရေတော်၊ သွင်ပြင်သဏ္ဌာန်နဲ့ လူအပေါင်းရဲ့ ဝပ်တွား ရှိကျိုး ရှိခိုးပူဇော်ခံရတာတွေကိုမြင်ပြီး အားကျကြတာ။ အားကျပြီး မြတ်စွာ ဘုရားရဲ့ဂုဏ်ပုဒ်တွေကို သူတို့လဲ ပိုင်ဆိုင်ချင်တဲ့လောဘဇောက လှုံ့ဆော်ပြီး ဘုရားဖြစ်ရပါလို၏လို့ လွယ်လွယ်ဆုတောင်းလိုက်ကြတာကွယ့်။

'သုမေဓာရှင်ရသေ့ကတော့ ထူးခြားသမှ အလွန်ထူးခြားပေ့ါ။သူ့ဒွေးသား ဘဝကတည်းက ဘိုးဘွားမိဘတွေအဆက်ဆက် စုဆောင်းခဲ့ကြတဲ့ဥစ္စာဘဏ္ဍာ တွေကို စွန့်လွှတ်ပြီး သေမင်းနောက် ကောက်ကောက်ပါ လိုက်လိုက်သွားကြ တာကို တွေ့မြင်ရတော့ အဲဒီအဖိုးတန်ပစ္စည်းဥစ္စာတွေကို မတပ်မက်မလိုချင် ဘူး။ သေဘေးဒုက္ခကင်းငြိမ်းရာ မသေခြင်းတရားကိုသာ လိုချင်တယ်။ ဒါကြောင့် ဘိုးဘွားမိဘများ ထားပစ်ခဲ့တဲ့ လယ်ယာရွှေငွေ တိုက်တာကျီကြ တွေကို မမက်မောမတပ်မက်ဘဲ စွန့်လွှတ်လှူဒါန်းခဲ့တယ်၊ တောရိပ်တောင်ရိပ် ခိုမှီးပြီး တရားကျင့်တယ်။ အဲဒီလို လိုအပ်တဲ့ကြိုးပမ်းမှုများကြောင့် ဈာန် အဘိညာဉ်တန်ခိုး ဣဒ္ဓိပါဒ်တွေနှင့်ပြည့်စုံတဲ့ တန်ခိုးရှင်ဖြစ်လာတယ်၊ သူရှာဖွေ နေတဲ့ မသေတရားလဲတွေ့တော့မယ်။ ဒီပင်္ကရာဘုရားရှင်ကို ဖူးမြော်ရင်း သူသုံးသပ်ကြည့်တော့ အဲဒီနေ့မှာပဲ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး မသေတရားကို လက်ဆုပ်လက်ကိုင်ရနိုင်တော့မယ်ဆိုတာ သူသိရတယ်။

'ဒါပေမယ့် သူရည်မှန်းခဲ့တဲ့ မသေတရားကို လက်ဆုပ်လက်ကိုင်ရပြီး ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်သွားနိုင်လျက်နှင့် အဲဒီဆုလာဘ်ကြီးကို မယူတော့ဘဲ ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ ဘုရားရှင်တစ်ဆူဖြစ်ရပါလို၏လို့ ဆုတောင်းလိုက်တယ်ကွယ့်။ အဲဒီလို ဆုတောင်းတာဟာ ရမ္မာဝတီပြည်သူ ပြည်သားတွေလိုတော့ မကောင်းတဲ့စိတ် တစ်ကိုယ်ကောင်းစိတ်တွေကြောင့် မဟုတ်ဘူးကွယ့်၊ အလွန်မြင့်မြတ်တဲ့ ကိုယ်ကျိုးစွန့်လွှတ်တဲ့စိတ်၊ သတ္တဝါတွေ အပေါ် ကြီးမားတဲ့မေတ္တာကရုဏာစိတ်တွေက လှုံ့ဆော်လို့သာဖြစ်တယ် ဆိုတာ နားလည်ကြရမယ်ကွယ့်။

'အဲဒီအချိန်မှာ သုမေဓာရှင်ရသေ့ စဉ်းစားဆင်ခြင်ပုံလဲ ကြည့်ပါဦး။ ဘယ်လောက် ကြည်ညိုစရာ၊ ချီးကျူးစရာကောင်းသလဲကွယ့်။ 'ငါဟာ အလိုရှိရင် ဒီနေ့မှာပဲ မသေတရားကိုတွေ့တဲ့ ကိလေသာကုန်ခန်းတဲ့ ရဟန္တာ ဖြစ်နိုင်တော့မယ်။ ဒါပေမယ့် ဝေနေယျသတ္တဝါများကို ကယ်တင်နိုင်တဲ့ အစွမ်းရှိပါလျက် တစ်ကိုယ်ကောင်းသဘောနဲ့ ကိုယ်လွတ်ရုန်းသွားလျှင် မသင့်တော်ပါ။ ဒီပင်္ကရာမြတ်စွာဘုရားလိုပဲ သတ္တဝါတွေကို ငါသိသလို သစ္စာတရားကို သိစေရမယ်၊ ဒုက္ခဆင်းရဲမှ ငါလွတ်သလို လွတ်စေရမယ်၊ သံသရာတစ်ဖက်ကမ်းသို့ ငါတစ်ဦးတည်းကူးမသွားဘဲ သတ္တဝါတွေလည်း ကူးမြောက်စေရမယ်'ဆိုတဲ့ အလွန်မွန်မြတ်တဲ့ဆန္ဒတော်နဲ့ ဒီပင်္ကရာဘုရား ကဲ့သို့ ဘုရားဖြစ်အောင် ကြိုးစားတော့မယ်လို့ စိတ်မှစွဲမြဲစွာ အဓိဋ္ဌာန်ပြုပြီး ဘုရားဆုပန်လိုက်တာကွယ့် မောင်ဝဏ္ဏရဲ့။

'ဒီပင်္ကရာမြတ်စွာဘုရားက သူတောင်းတဲ့ဆုအတိုင်း ပြည့်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူတာ ကြားရတာနှင့်တစ်ပြိုင်နက် ဘုရားဖြစ်နိုင်စေမယ့် တရား၊ ဘုရားဖြစ်ရန်ကျင့်ဆောင်ရမယ့်တရားတွေကို ဆင်ခြင်ကြည့်တယ်၊ ဘုရားဖြစ်အောင် ကျင့်ဆောင်ရမည့် တရားအချက်အလက်တွေကို အသေးစိတ် ထောင့်စုံစဉ်းစားသုံးသပ်တယ်။ ဘယ်တရားပြီး ဘယ်တရား၊ ဘယ်လို ကျင့်သုံးရမယ် စတဲ့အကြောင်းအရာတွေကို အပြန်အလှန်စဉ်းစားဆင်ခြင် သုံးသပ်တယ်၊ အခုခေတ်သုံးစကားနဲ့ပြောရရင် ဘုရားဖြစ်ဖို့ကြိုးပမ်းအားထုတ်ရမယ့် လုပ်ငန်းစီမံကိန်းကြီးကို စိတ်ကူးနှင့်ရေးဆွဲတယ်ပေါ့ကွယ်၊ အဲဒီစီမံကိန်း ကြီးကို သုမေဓာရှင်ရသေ့က စိတ်ထဲစဉ်းစားသုံးသပ်ပြီးတာနဲ့တစ်ပြိုင်နက် မဟာပထဝီမြေကြီးကတောင် ကောင်းချီးပေးတဲ့အနေနဲ့ မြေငလျင်ပြင်းစွာ တုန်လှုပ်သတဲ့ကွယ်။

'အဲဒီ ဘုရားဖြစ်ရန်လုပ်ငန်းစီမံကိန်းကြီးမှာ ဆောင်ရွက်ရမည့်ကိစ္စ အဆင့်ဆင့်ကို ပါရမီလို့ ခေါ်တယ်ကွယ့်။ အဲဒီပါရမီအဆင့် (၁၀)ခုက ဒါန, သီလ, နေက္ခမ္မ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန်, မေတ္တာ, ဥပေက္ခာ တဲ့၊ ဒီလုပ်ငန်းအဆင့်ဆင့်ကို ပြီးပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်မှ

ဘုရားဖြစ်နိုင်တယ်။ အဲဒီလိုပြည့်စုံအောင် ဖွဲ့လုံ့လအပြည့်နဲ့ဆောင်ရွက်တော်မူတာကို ပါရမီဖြည့်ကျင့်တော်မူတယ်လို့ဆိုရတယ်။ ဒီပါရမီဖြည့်ကျင့်တော်မူရတာ၊ စီမံကိန်းကြီးအောင်မြင်အောင် ဆောင်ရွက်ခဲ့ရတာ ဘယ်လောက်ကြာသလဲဆိုရင် ခုခေတ်လို ငါးနှစ်၊ ဆယ်နှစ် စီမံကိန်းမျိုးမဟုတ်ဘူး။ ကမ္ဘာနှင့်ချီပြီး အချိန်ကြာမြင့်တယ်ကွယ့်။ ဘယ်နှစ်ကမ္ဘာလဲဆိုတော့ လေးအသင်္ချေနှင့် တစ်သိန်းကမ္ဘာကြာသတဲ့။

'အေး–မောင်ဝဏ္ဏ၊ ကမ္ဘာဆိုတာ ဘယ်လောက်ကြာသလဲ?။ အသင်္ချေဆိုတာ ဘယ်လောက်ရှိသလဲ? လို့ မေးမလို့ တွေးနေပြီမဟုတ်လား။ အခုနည်းနည်းသိအောင်ပြောလိုက်မယ်။ အသင်္ချေဆိုတာ (၁)ဂဏန်းနောက်ကသုည(၁၄)လုံးတိုးရတဲ့ကိန်းတဲ့။

'ကဲ–ပါရမီဆယ်ပါးကို မမေ့အောင်ကျက်မှတ်ကြ၊ ငါးလုံးတွဲ ကျက်ရမယ်။

ဒါန, သီလ, နေက္ခမ္မ, ပညာ, ဝီရိယ၊

ခန္တီ, သစ္စာ, အဓိဋ္ဌာန်, မေတ္တာ, ဥပေက္ခာ။

## ပါရမီဆယ်ပါးအကျင့်တရားများ

'ဘယ့်နှယ်လဲ မောင်ဝဏ္ဏ။ ပါရမီဆယ်ပါး မှတ်မိရဲ့လား။ ပါရမီအကြောင်း အတိုချုပ်လောက်ပြောပြဦးမယ်၊ အလွန်စိတ်ဝင်စားစရာကောင်းတယ်ကွယ့်၊ ပါရမီအကြောင်းနည်းနည်းနားလည်ရင် သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းဟာ သူများနှင့်မတူဘဲ မနှိုင်းယှဉ်သာအောင်ထူးခြားတာရယ်၊ သာမန်လူချင်းတစ်ယောက်နှင့်တစ်ယောက် ကွဲပြားထူးခြားတာတွေရယ်၊ ဘာကြောင့် ဖြစ်ရတယ်ဆိုတာ တော်တော်ရှင်းလင်းသွားမယ်။

'ပါရမီ'ဆိုတဲ့စကားလုံးက ပါဠိမူရင်းပါ။ အဓိပ္ပာယ်လည်း တော်တော်ကျယ်ပြန့်ပါတယ်။ လွယ်လွယ်နှင့်လိုရင်းအဓိပ္ပာယ်ကို မင်းတို့သိထားရုံပြောပြရမယ်ဆိုရင် 'အလွန်မြင့်မြတ်တဲ့ပုဂ္ဂိုလ်များက မြင့်မြတ်တဲ့အမှုများကို

ထွတ်မြတ်တဲ့အကျိုးပေးမှုအတွက် ကျင့်ကြံပြုလုပ်ဆောင်ရွက်ကြဲ့ဟဲ့ အမှုကိစ္စရပ်များ’လို့ ပြောချင်တယ်။

‘အေး–မင်းတို့ ပိုပြီးနားလည်အောင် ဘိုးဘိုးက ဥပမာများရှင်းပြဦးမယ်၊ ပါရမီတစ်ပါးတစ်ပါးကို အလွန်အဖိုးထိုက်တန်တဲ့ရတနာတစ်ပါးလို သဘောထားပြီး သိုမှီးသိမ်းဆည်းထားရမယ့် ရွှေအိုးကြီးဆယ်လုံးပဲလို့ သဘောထားပြီး စဉ်းစားကြရအောင်။ ဥပမာဆိုပါတော့ကွာ–ဒါနပါရမီ၊ မင်းတို့နားလည်ရုံ သဘောလောက်ပြောပြမယ်။

‘ဒါနဆိုတာ စွန့်ကြဲပေးကမ်းကူညီထောက်ပံ့ခြင်းအမှု၊ တစ်မျိုးမျိုးပြုလုပ်တာ။ အလှူတစ်မျိုးမျိုးပြုလုပ်ပြီး ကုသိုလ်ယူတာလို့ နားလည်ကြရမယ်။ အဲဒီတော့ ပထမဆုံး ကောင်းသောအမှုကိုပြုရင် ကောင်းကျိုးရတယ်၊ မကောင်းမှုပြုလျှင် မကောင်းကျိုးရတယ်ဆိုတဲ့သဘောတရားကို ပြည့်ပြည့်ဝဝယုံကြည်လက်ခံစွဲမြဲဖို့ အရေးကြီးတယ်။ ပြီးတော့ ပေးကမ်းခြင်းဟူသမျှသာမန်အားဖြင့် ‘ဒါန’လို့ခေါ်ဆိုနိုင်ပေမယ့် ကြည်လင်စင်ကြယ်တဲ့သဒ္ဓါတရားစစ်စစ်ဖြင့် ပေးကမ်းတာကိုသာ ‘ဒါနပါရမီ’လို့ ခေါ်ဆိုနိုင်တယ်ကွယ့်။ သဒ္ဓါတရားမပါဘဲ ကြောက်လို့ပေးရတာ၊ ကိုယ်အ,လို့ န,လို့ အလိမ်ခံရလို့ပေးရတာ၊ ချစ်ကြိုက်လို့ပေးတာ၊ ဂုဏ်ပကာသနမက်မောပြီး နာမည်ကြီးချင်လို့ပေးတာမျိုးတွေဟာ ဒါနပါရမီနှင့်မသက်ဆိုင်ပါဘူး။

‘ဒါန အဓိပ္ပာယ်တွေကို အမျိုးမျိုးဖွင့်ကြသပေါ့ကွာ။ ကိုယ်နားလည်နိုင်သမျှကလေးကို ပထမ ပိုင်ပိုင်နိုင်နိုင်သိထားဖို့အရေးကြီးပါတယ်။ မိမိပိုင်ဆိုင်တဲ့ဥစ္စာကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဆိုရာမှာ ဘုရားအစရှိသောအလှူခံပုဂ္ဂိုလ်များအား ပူဇော်သောအားဖြင့် စွန့်ကြဲပေးကမ်းတာမျိုး၊ အလှူခံပုဂ္ဂိုလ်ရဲ့အကျိုးစီးပွားကို ဖြစ်ထွန်းစေလိုတဲ့ သဒ္ဓါစေတနာနှင့်ပေးကမ်းတာမျိုးကို ဆိုလိုတာပါ။ ပြီးတော့ ဒါနအမျိုးမျိုးရယ်လို့လည်းရှိတယ်။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး အလှူဒါနလေးမျိုး။ အဆင်းဒါန, အသံဒါန, အနံ့ဒါန စတဲ့ ဒါနခြောက်မျိုး။ စားဖွယ်သောက်ဖွယ်, အဝတ်အထည်, စီးနင်း

စရာယာဉ်အမျိုးမျိုး, ပန်းနံ့သာ, ညောင်စောင်း, အိပ်ရာ အစရှိသော ဒါနဆယ်မျိုး စသည်ဖြင့်ရှိတယ်။

'ပြီးတော့ လှူဖွယ်ဝတ္ထုပစ္စည်းလဲ လှူဒါန်းတဲ့အချိန်ကာလ၊ လှူဒါန်းတဲ့ အကြောင်းရင်း၊ အလှူခံပုဂ္ဂိုလ် စသည်ဖြင့် စဉ်းစားရမယ့်အကြောင်းအရာ တွေလဲရှိသေးသကွယ့်။ အဲဒီအသေးစိတ်တွေ ထားပါတော့လေ။ ပါရမီ သဘောလေးကို နားလည်ရုံလောက်ပြောပြတာပါ။

'အဲဒီ ဒါနစတဲ့ ကုသိုလ်မျိုးကို ဘယ်လိုပုဂ္ဂိုလ်တွေက ဖြည့်ဆည်းကြ သလဲဆိုရင် သုံးဆယ့်တစ်ဘုံကျင်လည်ကြတဲ့ လူနတ်ပြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ တိုင်းဟာ အနည်းနှင့်အများ ဒီပါရမီအိုးကြီးဆယ်လုံးမှာ ကိုယ့်အတိုင်းအတာ နှင့်ကိုယ် ကုသိုလ်နည်းများမဆို ဖြည့်ဆည်းခဲ့ကြရသူများဖြစ်ကြတယ်ကွယ့်။ ဒီအိုးကြီးဆယ်အိုးမှာ တစ်လုံးတစ်လေမျှမှာပင် ကုသိုလ်အစု မထည့်သွင်း ခဲ့သော သတ္တဝါဟူသမျှ သုဂတိဘုံသို့ရောက်နိုင်ကြရန် အကြောင်းမရှိဘူးတဲ့၊ အပါယ်လေးဘုံမှာသာ စုန်ဆန်ကူးခတ်နေကြရပေမကွယ့်။

'အေး ဒါနအိုး, သီလအိုး, ခန္တီ, သစ္စာ, မေတ္တာ, ပညာ စတဲ့ အိုး အတော်များများမှာ ကုသိုလ်အထိုက်အလျောက်ဖြည့်ဆည်းခဲ့တူးကြမယ်ဆိုရင် လူ့ဘုံလို သုဂတိဘုံမှာ ပဋိသန္ဓေနေလာကြရတယ်။ အဲဒီလို လူ့ဘဝ ရောက်လာနိုင်တောင်မှ အရင့်အရင်က ပါရမီအိုးဆယ်လုံးများကို ဘယ့် လောက်များဖြည့်စွက်ခဲ့တယ်ဆိုတဲ့အပေါ်မှာမိုပြီး တချို့ပြည့်စုံကြွယ်ဝတဲ့ မိဘများထံမှာ လူဖြစ်ရတယ်။ တချို့ အသိဉာဏ်ခေါင်းပါး ဉာဏ်ပညာ ညံ့ဖျင်းတယ်။ တချို့ ဉာဏ်ပညာထူးခြား ထက်မြက်တယ် စသည်ဖြင့် မိမိ စုဆောင်းခဲ့တဲ့ ကုသိုလ်အိုးအလိုက် ပြည့်ဝခြင်း ချို့တဲ့ခြင်းအပေါ်မူတည်ပြီး ဘဝလမ်းကြောင်း စကြရတာဖြစ်တယ်။

'ဒါနအိုး တော်တော်ပြည့်ဖြိုးအောင် ဖြည့်ဆည်းခဲ့ရင် ဒီဘဝမှာ မတောင့် မတ မကြောင့်မကြ နေထိုင်ကြရတာပေါ့။ ဒါနအိုး ဘာမှ မဖြည့်ဆည်းခဲ့ရင် ဒီဘဝမှာ ကျူထရံစုတ်နဲ့ တဲပုတ်မှာနေရမှာ သေချာတယ်ကွယ့်။ အဲဒီလိုပဲ မေတ္တာ, ကရုဏာ, ဥပေက္ခာ စတဲ့ ပြဟ္မစိုရ်အိုးများ တော်တော်ဖြည့်ခဲ့ရင်

ဒီဘဝမှာ စိတ်ကောင်းနှလုံးကောင်းနဲ့ သူတစ်ပါးအကျိုးကို သည်ပိုးကြတဲ့ သူတော်ကောင်းများဖြစ်နိုင်ကြတယ်။ အဲဒီ ဒါနအိုးမျိုး, ခန္တီအိုးမျိုး မဖြည့် ဆည်းခဲ့ဘူးဆိုရင် ဒေါသပုံမင်းသားတို့ ဣဿာမင်းသမီးတို့လို 'ငါ၊ ငါဟာ' စတဲ့ အတ္တလွှမ်းမိုးခံရတဲ့ မာနအိုးအကြီးအငယ်စားတို့ ဖြစ်နေကြမှာ မြင်တွေ့ နိုင်တယ်ကွယ့်။

'ဒါက သာမန်အခြေအနေ ပုထုဇဉ်လူသားတို့ ကွဲပြားခြားနားရတဲ့ အကြောင်းရင်း၊ တစ်ဦးနှင့်တစ်ဦး မတူထူးခြား ကွဲပြားကြတာ ဘာကြောင့် ဆိုတာ နားလည်ရုံလောက်ကလေး သိအောင် ဘိုးဘိုးက ပြောပြတာ၊ မောင်ဝဏ္ဏတို့ သဘောပေါက်လောက်ပြီနော်။

အေး၊ တို့ထေရဝါဒဗုဒ္ဓဘာသာက ဘယ်လိုအခြေအနေမျိုးနဲ့ လူ့ဘဝကို ရောက်လာရောက်လာ အောက်ဆုံးတန်းအခြေအနေကနေ မြင့်မြတ်တဲ့ အထက်တန်းကို လှမ်းနိုင်စေမယ့် နည်းလမ်းအသွယ်သွယ်ကို မြတ်စွာဘုရား ရှင်များက ဟောကြားတော်မူခဲ့ကြသကွယ့်။ တို့မြတ်စွာဘုရားက တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးရာမှာ သတ္တဝါအဆင့်အတန်း၊ ပါရမီအနု အရင့်၊ ပညာအသိဉာဏ်အခြေအနေတွေကို သိတော်မူတယ်။ အဲဒီလို သိတော်မူတဲ့အတိုင်း သတ္တဝါတို့အခြေအနေနဲ့လိုက်ဖလျာညီမယ့် တရား တွေကို ဟောပြောတော်မူခဲ့တယ်။ ဒါနကထာ, သီလကထာ ဆိုတဲ့ ဒါန, သီလနှင့်စပ်သော တရားစကားများနှင့် သဂ္ဂကထာဆိုတဲ့ နတ်ပြည်သုဂတိနှင့် စပ်သောတရားတွေ ဟောပြောတော်မူသကွယ့်၊ အဲဒီဆုံးမဟောပြောတော် မူတဲ့အတိုင်း ပါရမီအိုးကြီးဆယ်အိုးကို ဆတက်ထမ်းပိုး တိုးတက်ဖြည့်ဆည်း ကြတော့ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်တဲ့ဘဝများကို တက်လှမ်းနိုင်ကြ သကွယ့်။

'အဲဒါကြောင့် လူ့ဘဝကိုရတာ၊ မြတ်စွာဘုရားသာသနာနှင့်တွေ့ကြုံ ရတာ၊ ဘုရားဟောတရားများ နာကြားခွင့်ရတာများဟာ အလွန်ထူးခြားတဲ့ အခွင့်အရေးများဖြစ်တယ်လို့ ပြောရတာပေါ့။ ဘုရားဟောတရားများ နာခံ ပြီးတော့ ဆုံးမဩဝါဒတော်များအတိုင်း လိုက်နာကျင့်သုံးကြမယ်ဆိုရင်

အပါယ်တံခါးပိတ်ပြီး ကောင်းရာသုဂတိတွေမှာ စုန်ဆန်ကူးသန်းနေနိုင်ကြသကွယ့်။

'ဒါက အလွန်အောက်တန်းကျနေတဲ့အခြေအနေက ဆွဲတင်ပြီး အပါယ်မကျနိုင်ကြရအောင် မြတ်စွာဘုရားက ကယ်တင်တော်မူတာဖြစ်တယ်။ မင်းတို့အရပ်စကားနဲ့ပြောရရင် ဖိကုတ်ပြီး နတ်ပြည်တင်ပို့ပေးတာပေါ့။ ဒါက သာမန်ပုထုဇဉ်လူသားတွေကို အတတ်နိုင်ဆုံးစောင့်ရှောက်ကယ်တင်ပေးတော်မူတာဖြစ်တယ်။ အဲဒီလို အညံ့စားလူတန်းစားဘဝကို မိမိ၏ဖွဲ့လုံ့လဝီရိယနှင့် မြှင့်တင်နိုင်ကြောင်းဖြစ်တဲ့ ဗုဒ္ဓတရားတော်မြတ်များနှင့် ကြားနာထိတွေ့ကျင့်ကြံနိုင်တဲ့ အခွင့်အလမ်းကောင်းကြီးဟာ ဗုဒ္ဓသာသနာတော်ထွန်းကားချိန်နှင့် ကြုံတွေ့နိုင်မှုဖြစ်တာမို့ အလွန်ထူးခြားတဲ့ အခွင့်အလမ်းကြီးလက်မလွှတ်ကြရန် သတိရှိကြဖို့လိုသကွယ့်။

'အေး၊ အခုပြောတာက အလွန်အောက်ကျနောက်ကျဖြစ်တဲ့ ပုထုဇဉ်သတ္တဝါများကို ကယ်တင်ပေးတော်မူပုံပဲကွယ့်၊ သူတို့ရဲ့အခြေအနေ၊ အဆင့်အတန်းအရ အမြင့်ဆုံးရောက်နိုင်တဲ့ဘုံဘဝကို ပို့ပေးကယ်တင်တော်မူတာဖြစ်တယ်။ တစ်ခါကျမိရင် လွတ်မြောက်ဖို့နည်းလမ်းမရှိတော့တဲ့ အပါယ်ငရဲသို့ ကျွမ်းစိုက်ကျမသွားကြရအောင် ကာကွယ်ပေးရုံမျှသာ ရှိသေးတယ်။ အပါယ်လေးဘုံမှကင်းလွတ်ပြီး လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံများမှာ စုန်ဆန်နေကြရတာဟာ တကယ်တော့ ဒုက္ခဆင်းရဲက ကင်းလွတ်ကြတာမဟုတ်သေးဘူး။ သံသရာဝဲဩဃဒုက္ခပင်လယ်ထဲမှာ တဝဲလည်လည်ဆင်းရဲနေကြရသေးတာပဲဆိုတာ မြတ်စွာဘုရားက ကောင်းစွာသိမြင်တော်မူပါတယ်။

'ဒါကြောင့် မြတ်စွာဘုရား၏တရားတော်ကြောင့် အပါယ်ငရဲမှ လွတ်မြောက်သွားကြတဲ့ ပုဂ္ဂိုလ်များအတွက်ရယ်၊ ယခင့်ယခင်ဘဝများက ရှေးအိုးကြီးဆယ်လုံးကို အတော်အတန်ဖြည့်ဆည်းထားပြီးဖြစ်တဲ့ ဝေနေယျသတ္တဝါတွေအတွက်ရယ်၊ ဘုရားရှင်တော်မြတ်က ဒါနကထာ, သီလကထာ, သဂ္ဂကထာက တစ်ဆင့်တက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းကျင့်စဉ်နဲ့စပ်တဲ့ မဂ္ဂကထာကို အစဉ်အတိုင်းဟောလေ့ရှိတော်မူတယ်။

'အဲဒီလို မြတ်စွာဘုရားသာသနာတော်နှင့် တွေ့ကြုံရသူများ၊ တရားတော်ကို နာကြားရသူများ၊ လိုက်နာကျင့်သုံးကြသူများဟာ မိမိရှေးဘဝများက ရွှေအိုးဆယ်လုံးကိုဖြည့်ဆည်းခဲ့ကြသလောက် ရသင့်သည့်အကျိုးထူးများကို ရရှိကြရသကွယ့်။ သာမန်သဘောလောက် ကုသိုလ်ရရှိရုံလောက်သဘောထားပြီး ဖြည့်ဆည်းခဲ့ကြသူတွေကတော့ သုဂတိဘဝများ ကျင်လည်ရုံလောက်သာ အကျိုးခံစားကြရသကွယ့်။ ရွှေအိုးကြီးဆယ်လုံးကို အတော်အတန်ဖြည့်ဆည်းခဲ့ဖူးတဲ့ ဝေနေယျတွေကြတော့ မြတ်စွာဘုရားရဲ့ မဂ္ဂကထာများကို ကြားနာကြည်ညိုရတာနှင့်တစ်ပြိုင်နက် လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံတို့ထက် သာလွန်မြင့်မြတ်တဲ့နိဗ္ဗာန်ချမ်းသာကို မျှော်မှန်းသွားနိုင်ကြပြီး အဲဒီလိုမျှော်မှန်းရင်း အိုနာသေဘေးကင်းတဲ့နိဗ္ဗာန်ကို ဘယ်အဆင့်နဲ့ဝင်စံကြမလဲလို့လည်း ဆင်ခြင်ကြံဆပြီး မိမိဆန္ဒရှိရာအဆင့်မှာ နိဗ္ဗာန်ဝင်စံရန် ဆုံးဖြတ်ချက်သန္နိဋ္ဌာန် ပြုလုပ်နိုင်ကြတော့တာပဲကွယ့်။

'အေး၊ မင်းတို့လောကမှာရှိတဲ့ တက္ကသိုလ်တွေမှာ စာသင်ကြတာကိုပဲ စဉ်းစားကြည့်ပေါ့။ ဘဝဘဝက ထိုက်သင့်သလောက် ရွှေအိုးများ ဖြည့်ဆည်းခဲ့သူများသာ တက္ကသိုလ်ကောလိပ်အဆင့်ကိုရောက်နိုင်ကြတာ၊ သူတို့လောက်မှ ရွှေအိုးများမဖြည့်ဆည်းခဲ့တဲ့ပုဂ္ဂိုလ်များကတော့ မိဘများဆင်းရဲလို့ ဘဝအခြေအနေမပြည့်စုံလို့ စတဲ့အကြောင်းတွေကြောင့် (၁၀)တန်းမအောင်နိုင်ဘဲ လောကကြီးထဲမှာ တဝဲလည်လည်နဲ့ ရုန်းကန်နေကြတာ မင်းတို့ မျက်မြင်မဟုတ်လား။

'သူတို့ကိုကျော်လွန်ပြီး တက္ကသိုလ်ကောလိပ်ရောက်လာတဲ့သူများထဲမှာကိုပဲ ရှေးက ရွှေအိုးဖြည့်ဆည်းခဲ့ပုံချင်းမတူ၊ ထူးခြားချက်တွေပေါ်လာပြီ။ တချို့က သာမန်ဘွဲ့ကလေးရနိုင်ရုံကို အတော်ရုန်းကန်ကြိုးပမ်းကြရတယ်။ အချို့က ဂုဏ်ထူးဘွဲ့များကိုသာ ယူချင်ကြတယ်၊ တချို့က မဟာဝိဇ္ဇာ မဟာသိပ္ပံဘွဲ့ကို ရည်မှန်းကြတယ်၊ ရယူကြတယ်။ တချို့ကျတော့လဲ အဲဒီလို ဘွဲ့များနဲ့ တောင်မှ မကြေနပ်ကြဘူး၊ ပညာအရာမှာအထွတ်အထိပ်ဖြစ်တဲ့ သိပ္ပံပါရဂူ ဝိဇ္ဇာပါရဂူဘွဲ့ အမျိုးမျိုးရအောင်ကြိုးပမ်းပြီး ဆွတ်ခူးကြတယ်မဟုတ်လား။



တောထွက်တော်မူခန်း

ပါကစ္စတန်နိုင်ငံ၊ ဂန္ဓာရလက်ရာ အေဒီ ၂-ရာစု။

## ပါရမီအမျိုးမျိုးကွဲပြားခြားနားပုံ

'ဒီလိုပဲပေါ့၊ မြတ်စွာဘုရားတစ်ပါးပါးထံမှာ ဒါနကထာ, သီလကထာ, သဂ္ဂကထာ တရားတွေ နာကြားကြရပြီး နောက်ဆုံး မဂ္ဂကထာဆိုတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်များကို ကျင့်ကြံအားထုတ် ကြရတဲ့ပုဂ္ဂိုလ်များ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရဟတ္တဖိုလ်ဆိုတဲ့ ဘွဲ့များကို သေချာပေါက်ရနိုင်ကြပြီး သံသရာဝဲသြဃမှလွတ်ထွက်ရန် ကျင့်စဉ် နည်းလမ်းကောင်းများကိုသိရပြီး သေတာပန်ဆိုတဲ့ အရိယာဘွဲ့ကိုရရင်ပဲ (ခုနစ်)ဘဝမလွန်ဘဲ အနုပါဒိသေသနိဗ္ဗာန်မျက်မှောက်ပြုရတော့မယ်ဆိုတာ သိလာတော့ သူတို့စဉ်းစားကြပြီ၊ 'ငါတို့ သာမန်အရိယာဘွဲ့နဲ့ပဲ တင်းတိမ်ကြ တော့မလား၊ကိုယ့်ဒုက္ခပြီးငြိမ်း ကိုယ်လွတ်ကိန်းကြံပြီမို့ ဝမ်းအသာကြီးသာကာ နိဗ္ဗာန်ရွှေပြည်သာသို့ တစ်ကိုယ်တည်း ဝင်စံသွားကြတော့မလား' စသည်ဖြင့် အများဝေနေယျတွေအတွက် ထည့်သွင်းစဉ်းစားတဲ့ မြင့်မြတ်တဲ့အသိဉာဏ် တွေ ဝင်လာကြတော့တာပဲ။

'အဲဒီတော့ တချို့ပုဂ္ဂိုလ်တွေက သာမန်အရိယာဘဝနှင့် နိဗ္ဗာန်သို့ မကူးလိုကြဘဲ မြတ်စွာဘုရားတစ်ဆူဆူ၏မျက်မှောက်တွင် ရဟန္တာသာဝက တစ်ပါးအဖြစ် အလုပ်အကျွေးပြုပြီးမှ နိဗ္ဗာန်ဝင်လိုကြတယ်၊ အဲဒီလို သာဝက တစ်ပါးအဖြစ်မှာတောင် အဆင့်ကကွဲပြားသေးတယ်။

(က) ပကတိသာဝကအဆင့်ကိုလိုချင်လျှင် ကမ္ဘာတစ်သိန်းအောက်၊ ကမ္ဘာတစ်ရာ၊ ကမ္ဘာတစ်ထောင် ပါရမီဖြည့်ဆည်းရတယ်။ ဘိုးဘိုးပြောတဲ့ ရွှေအိုးကြီးဆယ်အိုးကို တစ်လုံးမကျန်အပြည့်ဖြည့်ကြရတာ။

(ခ) တချို့ပုဂ္ဂိုလ်များကတော့ အဲဒီလို ပကတိသာဝက ရဟန္တာအဖြစ် နှင့် မရောင့်ရဲဘူးကွယ့်။ မြတ်စွာဘုရားလက်ထက်တော်တုန်းက အသီတိ ရှစ်ကျိပ်ဝင် မဟာသာဝကကြီးများ ဖြစ်လိုကြတယ်ကွယ့်၊ အဲဒီလို ပုဂ္ဂိုလ်တွေ ကတော့ ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ဆည်းခဲ့ကြရတယ်။

(ဂ) အေး၊ တချို့ပုဂ္ဂိုလ်များကြတော့လည်း မဟာသာဝကအဆင့်နှင့် တောင် အားမရကြသေးဘူး။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်

တို့လို အဂ္ဂသာဝကကြီးနှစ်ပါးအနက် တစ်ပါးပါးဖြစ်လိုကြတယ်ကွယ့်။ အဲဒီလိုပုဂ္ဂိုလ်ထူးများကတော့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ကြရတယ်။

(ဃ) 'အေး–အခုပြောခဲ့တဲ့ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂမဟာသာဝကအဖြစ်ရည်မှန်းတဲ့ ဗောဓိလောင်းလျာများထက် ထူးခြားတဲ့ ပစ္စေကဗောဓိလောင်းလျာဆိုတာ ရှိသေးတယ်ကွယ့်။ သာဝကဗောဓိလောင်းလျာများက ဘုရားတစ်ဆူတစ်ဆူပွင့်တဲ့ကမ္ဘာမှာ ဘုရားသာသနာတော်ရှိတုန်း သစ္စာလေးပါးတရားများနှင့် မဂ္ဂင်ရှစ်ပါးတရားများကို နာကြားနိုင်တုန်း၊ ကျင့်ကြံအားထုတ်နိုင်တုန်းအချိန်ကာလမှာ ပေါ်ပေါက်ကြတာဖြစ်တယ်ကွယ့်၊ ပစ္စေကဗောဓိဆုပန်ရှင်များကတော့ ဗုဒ္ဓမြတ်စွာဘုရားများပွင့်တော်မူတဲ့ ကမ္ဘာနှစ်ခုကြားက ဘုရားတစ်ဆူမှပွင့်တော်မမူတဲ့ သုညကမ္ဘာမှာ လူ့ဘဝရောက်ခဲ့ကြသူများဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဘဝဘဝက သူတော်ကောင်းစိတ်ဓာတ် မွေးမြူခဲ့ကြပြီးဖြစ်တယ်။ အဲဒီ ပါရမီဓာတ်ခံများကြောင့် ပါရမီများကို အလိုအလျောက် ဆက်လက်ဆည်းပူးရင်းနှင့် သစ္စာလေးပါးတရားတော်များ၊ မဂ္ဂင်ရှစ်ပါးတရားတော်များကို ရှေးဘုရားရှင်များရဲ့ တရားတော်များကို မနာကြားမသိရှိရဘဲ အလိုအလျောက် မိမိကိုယ်တိုင်တွေ့ရှိတော်မူကြပြီး အရဟတ္တဖိုလ်ပေါက်တော်မူကြရတာဖြစ်သကွယ့်။ အဲဒီအကျိုးရလဒ်ရဖို့အတွက် နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ကျင့်တော်မူကြရတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်များက ဗုဒ္ဓဘုရားတစ်ဆူရဲ့ သာသနာမရှိဘဲ မိမိကိုယ်တိုင်တရားရှာ တရားကျင့်ပြီး သံသရာမှတစ်ဦးတည်း လွတ်မြောက်သွားတော်မူကြတဲ့ ပုဂ္ဂိုလ်ထူးများဖြစ်ကြသကွယ့်၊ ဝေနေယျတွေကို တရားပြသဟောကြားခြင်း မပြုနိုင်၊ မပြုခဲ့ကြဘူး။

(င) အေး၊ နောက်ဆုံး သူ့ထက်သူလူစွမ်းကောင်းဆိုရမယ့် ပုဂ္ဂိုလ်ထူးကတော့ သဗ္ဗညုတရွှေဉာဏ်တော်ရတဲ့ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူဖြစ်ရန် ရည်သန်ကြိုးပမ်းတဲ့ အာဇာနည်ပုဂ္ဂိုလ်မြတ်များပေါ့။ ဥပမာပြရရင်– တို့ဂေါတမဘုရားရှင်ဖြစ်လာမယ့် သုမေဓာရှင်ရသေ့ကြီးပဲပေါ့။ သုမေဓာရှင်ရသေ့

ဟာ ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးတွေ့ရချိန်မှာ ပါရမီတွေအတော်ပြည့်ဝနေပြီ။ သူ့အလိုရှိရင် ဒီပင်္ကရာဘုရားထံမှာ သစ္စာလေးပါး မြတ်တရားနှင့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်လမ်းများကို နာကြားကျင့်ကြံလိုက်လျှင် အရဟတ္တဖိုလ်ရောက် နိဗ္ဗာန်ထုတ်ချင်းပေါက်သွားတော်မူနိုင်နေပြီ၊ အဲဒီအချိန်မှာ သာဝကဗောဓိဆုနှင့် ပြည့်စုံနိုင်အောင် ပါရမီဖြည့်ဆည်းပြီးပြီ၊ ဈာန်အဘိညာဉ်တွေတောင် ရနေပြီပဲ။

'ဒါပေမယ့် ဒီပင်္ကရာဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးတွေ့ရတာနှင့် တစ်ပြိုင်နက် အဲဒီဘုရားရှင်လိုပဲ သံသရာမှကိုယ်လွတ်ရုန်းထွက်မသွားသေးဘဲ ဝေနေယျသတ္တဝါများကို ကယ်တင်လက်လှမ်း နိဗ္ဗာန်ကမ်းသို့ ဆောင်ပို့ပေးဦးမယ်ဆိုတဲ့ ကြီးမားသောကရုဏာတော်ကြောင့် ချက်ချင်းပဲ ဘုရားဆုပန်တော်မူလိုက်တယ်၊ ဒီပင်္ကရာမြတ်စွာဘုရားကလည်း သုမေဓာအလိုရှိအပ်တောင့်တအပ်တဲ့ ဘုရားရှင်အစစ်အမှန် တကယ်ဖြစ်နိုင်တဲ့ အရည်အချင်းများနှင့်ပြည့်စုံကြောင်း ကောင်းစွာသိတော်မူတယ်။ ဒါကြောင့်မို့ မဆိုင်းမတွဘဲ သုမေဓာရှင်ရသေ့အား 'သင်တောင်းတဲ့ဆုအတိုင်း ပြည့်စုံလိမ့်မယ်၊ ဒီကနောက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်မှာ ဂေါတမဘွဲ့မည်တော်နှင့် သဗ္ဗညုတရွှေဉာဏ်ရှင် ဘုရားသခင်ဖြစ်လိမ့်မယ်'လို့ နိယတဗျာဒိတ်ပေးတော်မူခဲ့တယ်။

နိယတဗျာဒိတ်ဆိုတာ မလွဲကေန် အမှန်ဖြစ်လိမ့်မယ်လို့ ဟောကိန်းထုတ်တာကွယ့်။ အဲဒီမှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းဆိုတာ မရေမတွက်နိုင်အောင်ကြာလှတဲ့ အချိန်အတိုင်းအတာပဲ၊ မောင်ဝဏ္ဏက ကြားဖောက်ပြီး သင်္ချာနည်းနှင့် ဘယ်လောက်ရှိသလဲလို့ အခုမသိချင်နှင့်ဦး၊ တိုင်းတာတဲ့အချိန်သတ်မှတ်တာကိုက ကမ္ဘာနှင့်သတ်မှတ်တာ၊ တစ်ခါ ကမ္ဘာဆိုတာကလည်း အမျိုးမျိုးရှိတယ်။ အဲဒါတွေကိုတော့ မောင်ဝဏ္ဏ တဖြည်းဖြည်း လေ့လာမှဖြစ်မယ်၊ သာသနာရေးဦးစီးဌာနကထုတ်တဲ့ ဗုဒ္ဓဘာသာလက်စွဲကျမ်း(ပ၊ဒု)အတွဲများ၊ ကျေးဇူးရှင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးပြုစုရေးသားတဲ့ မဟာဗုဒ္ဓဝင်(ပ၊ဒု)တွဲတွေမှာ ကမ္ဘာ(ကပ္ပ)အကြောင်း၊

အသင်္ချေတွေအကြောင်း အပြည့်အစုံရေးသားဖော်ပြထားပါတယ်။ အဲဒါတွေကို ဖတ်ရှုလေ့လာကြရမှာပေါ့။ မှတ်ထားနော်။ ငွေစာရင်းမင်းကြီးရုံးမှာ နှစ်ပေါင်း(၃၀)ကျော် စာရင်းအင်းတွေ ဂဏန်းတွေ တွက်ချက်လာခဲ့တဲ့ တို့ကျေးဇူးရှင်ဆရာကြီးဦးဘခင် အဆိုအရတော့ တစ်သင်္ချေဟာ ဂဏန်း(၁)နောက်က (သုည)အလုံးပေါင်း(၁၄၀)ရှိသတဲ့ကွယ့်။ လေးသင်္ချေဆိုတော့ ဂဏန်း(၁)နောက်က (သုည)အလုံးပေါင်း(၅၆၀)ရှိမှာပေါ့။ သမုဒ္ဒရာထဲက ရေပေါက်တွေထက်များပြားလွန်း မရေတွက်နိုင်တော့ အသင်္ချေယျလို့ခေါ်တဲ့ အတိုင်းအတာနှင့် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းဆိုတဲ့ အချိန်ကာလကြာမှ ဆုတောင်းပြည့်မှာကိုး။

## ပါရမီတော်များကိုဖြည့်ဆည်းရန်ဆင်ခြင်တော်မူခြင်း

သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာဘုရားရှင်က နိယတဗျာဒိတ်လည်း ပေးပြီးရော နက်ဖြန်သန်ဘက်ခါမှာပဲ ဘုရားဖြစ်တော့မလို အလွန်ဝမ်းမြောက်သွားတယ်ကွယ့်၊ ဝမ်းသာလွန်းလို့ ပီတိတွေဖြာနေတုန်း ဒီပင်္ကရာဘုရားရှင်က သူ့နားကခွာပြီးနောက် နောက်ပါရဟန္တာလေးသိန်းနှင့်တကွ ရမ္မာဝတီ နေပြည်တော်ထဲသို့ ကြွသွားတော်မူတယ်။

'အဲဒီတော့မှ ရွှံ့နွံထဲမှာ အလျားမှောက်နေရာမှ စိတ်တော်ချမ်းမြေ့ ဝမ်းမြောက်စွာနှင့်ထတော်မူပြီး နတ်လူတို့ပူဇော်ကြဲဖြန့်ထားတဲ့ ပန်းပုံကြီးထက်မှာ တင်ပျဉ်ခွေ ထိုင်နေတော်မူတယ်။ ပြီးတော့ 'မြတ်စွာဘုရားတို့ မည်သည် စကားနှစ်မျိုးနှစ်ခွ ပြောရိုးမရှိ၊ ပြောစကားသည် ချွတ်လွဲသည် မရှိ၊ ဒါကြောင့် ငါတော့ ဗုဒ္ဓဘုရားရှင်တစ်ဆူ ကေန်ဖြစ်တော့မယ်၊ အဲဒီတော့ ဘုရားသခင်အဖြစ် ဆောင်နိုင်တဲ့တရားတွေ ဘာလဲ၊ ဘုရားဖြစ်အောင် ပြုနိုင်တဲ့အကြောင်းတရားတွေဟာ ဘာလဲ'လို့ စတင် ဆင်ခြင်စဉ်းစားတော်မူတယ်။

'အဲဒီလို သုမေဓာရှင်ရသေ့ဟာ ပန်းမွေ့ရာကြီးပေါ်မှာထိုင်ရင်း ဆင်ခြင်စဉ်းစားတော့မှ ဘုရားဖြစ်တော်မူကြတဲ့ပုဂ္ဂိုလ်ထူးများ ကျင့်ကြရတဲ့ပါရမီ

ကျင့်စဉ်များ ဉာဏ်တော်၌ တစ်ခုပြီးတစ်ခု ပေါ်လာတယ်ကွယ့်။ အဲဒီလို ပါရမီများကိုဆင်ခြင်စဉ်းစားတတ်တဲ့ဉာဏ်ကို 'ပါရမီပဝိစယဉာဏ်တော်' လို့ ခေါ်သကွယ့်၊ သုမေဓာရှင်ရသေ့လိုဘုရားအလောင်းတော်များမှာသာ ပေါ်လာနိုင်တဲ့ ဉာဏ်ကွယ့်။

'ဒီမှာ တစ်ချက် ကောင်းကောင်းနားလည်ဖို့က ဒီပင်္ကရာမြတ်စွာဘုရားဟာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်မှာ ဂေါတမဘွဲ့မည်တော်နှင့် ဘုရားဖြစ်လိမ့်မယ်လို့သာ ဗျာဒိတ်ပေးဟောကြားတော်မူခဲ့တာဖြစ်တယ်။ ဘယ်တရား ဘယ်တရားတွေကျင့်ရမယ်လို့ မဟောကြားခဲ့ဘူး။ ဘုရားအလောင်းကိုယ်တော်တိုင်က အခုပြောခဲ့တဲ့ ပါရမီပဝိစယဉာဏ်တော်ကိုသုံးပြီး စဉ်းစားဆင်ခြင်ယူရတာကွယ့်။

'အေး–အဲဒီလိုဆင်ခြင်စဉ်းစားတော့ ရှေးကပွင့်တော်မူခဲ့တဲ့ မြတ်စွာဘုရားတိုင်းဟာ ဘုရားဖြစ်ကြောင်း နည်းလမ်းကောင်းအဖြစ် ဒါနပါရမီကို ပထမဦးဆုံး ဖြည့်ကျင့်တော်မူကြတာကို ဉာဏ်ထဲမှာ ပေါ်လာသကွယ့်။ ပြီးတော့ ဒါနပါရမီ တစ်ခုတည်းသာ မဟုတ်နိုင်သေးဘူး၊ အခြားသောတရားများရှိသေးသလား ဆိုတာကို ဆက်လက်စဉ်းစားတော့ သီလပါရမီ, နေက္ခမပါရမီ, ပညာပါရမီ စသဖြင့် ဥပေက္ခာပါရမီအထိ ဘုရားဖြစ်ရန် ဖြည့်ဆည်းရမည့် ပါရမီတရားဆယ်ပါး ကျင့်စဉ်တရားတို့ကို အစဉ်လိုက် ဉာဏ်တော်မှာ ရှင်းရှင်းလင်းလင်းထင်မြင်လာခဲ့သကွယ့်။

'အဲဒီလိုကျင့်ကြံရမယ့် ပါရမီဆယ်ပါးကို အားလုံး ရှင်းရှင်းလင်းလင်း သိနားလည်သွားတော့ ဘုရားလောင်းသုမေဓာရှင်ရသေ့ဟာ သူ့ကိုယ်သူ ပြောဆိုဆုံးမသတဲ့ကွယ်။ 'အမောင်သုမေဓာ၊ ဉာဏ်ထဲမှာ အခုလို သိမြင်လာတဲ့အတိုင်း ပါရမီဆယ်ပါးကို ဖြည့်ဆည်းပြီး ဥပေက္ခာပါရမီ အထွတ်အထိပ်ရောက်မှ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ရပြီး ဘုရားဖြစ်လိမ့်မယ်' လို့ မိမိကိုယ်မိမိ ဆုံးမတော်မူသတဲ့။

'ပြီးတော့မှ ပါရမီဆယ်ပါးကို သိမ်းရုံးပြီး ဆင်ခြင်ပြန်တော်မူတယ်။ ဒါနပါရမီ,သီလပါရမီ,ဥပေက္ခာပါရမီများဆိုပြီး ရှေ့နောက်အစဉ်လိုက် ဆင်ခြင်

လိုက်။ ပြီးတော့ ဥပေက္ခာပါရမီ၊ မေတ္တာပါရမီ၊ သီလပါရမီ၊ ဒါနပါရမီလို့ နောက်ပြန် အစဉ်အတိုင်းသုံးသပ်လိုက်။ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ ဒါနပါရမီ၊ ဥပေက္ခာပါရမီလို့ အလယ်မှစပြီး နှစ်ဖက်၌ဆုံးသော နည်းလမ်းဖြင့် သုံးသပ်လိုက်။ ဒါနပါရမီ၊ ဥပေက္ခာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ စသဖြင့် အစွန်း နှစ်ဖက်ကစပြီး အလယ်၌ဆုံးသောနည်းအတိုင်း ဆင်ခြင်သုံးသပ်လိုက်နှင့် အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်တော်မူတယ်ကွယ့်။

'တစ်ခါ တစ်ဆင့်တက်ပြီး ဆင်ခြင်သုံးသပ်တော်မူပုံက အပြင်အပ ဥစ္စာပစ္စည်းမျိုးကို စွန့်လွှတ်ဖြည့်ကျင့်တာက ရိုးရိုးပါရမီသာဖြစ်တယ်၊ အဲဒါက ဆယ်မျိုး။ မျက်စိ, လက်ခြေ, အင်္ဂါကြီးငယ်များကို စွန့်လွှတ်ဖြည့်ကျင့်တဲ့ ဥပပါရမီကဆယ်မျိုး။ အဲဒီနောက် အသက်ကိုပင် စွန့်လွှတ်ဖြည့်ကျင့်ရတဲ့ ပရမတ္ထပါရမီ ဆယ်မျိုး။ အားလုံး ပါရမီရွှေအိုးကြီးပေါင်းသုံးဆယ်ကို အပြည့် ဖြည့်ဆည်းမှ သဗ္ဗညုတရွှေဉာဏ်တော်ကို ပိုင်ဆိုင်တော်မူသော မြတ်ဗုဒ္ဓ ဘုရားရှင်စစ်စစ် ဖြစ်တော်မူတယ်လို့ အကြွင်းအကျန်မရှိ သုံးသပ်တော် မူပြီးတာနှင့်တစ်ပြိုင်နက် မဟာပထဝီမြေကြီးဟာ အိုးထိန်းစက်ကဲ့သို့ ဝဲယာ ရှေ့နောက် အထက်အောက် သွက်သွက်ခါအောင်တုန်လှုပ်ပြီး ပွဲတင်မြည်ဟီး ကာ ကောင်းချီးပေးသတဲ့ကွယ်။

*

# အခန်း(၃)

## ဘုရားအလောင်းတောထွက်တော်မူခြင်း

'သိဒ္ဓတ္ထမင်းသား ဥယျာဉ်တော်ကို အပန်းဖြေထွက်တုန်းက လူအို, လူနာ, လူသေနှင့် ရဟန်းတော်တို့ကို တွေ့မြင်ရုံနှင့် လောကကြီးအတွင်းက ဒုက္ခဆင်းရဲမျိုးစုံအကြောင်းကို ဘာကြောင့် နက်နက်နဲနဲတွေးနေခဲ့သလဲ။ မိမိရဲ့ကြင်ယာတော်မိဖုရားက မိမိရဲ့ရင်သွေး သားတော်ကလေးမွေးဖွားလာတာတောင် ဝမ်းမြောက်ဝမ်းသာမဖြစ်နိုင်ဘဲ ရက်ရက်စက်စက် စွန့်ပစ်ထားခဲ့နိုင်လောက်အောင် ဘာကြောင့် အကြင်နာစိတ်ထားကင်းရတာလဲ စတဲ့ မေးခွန်းတွေ မောင်ဝဏ္ဏ တွေးနေမိတယ်ဆို မဟုတ်လား။

'အေး–ဒီပြဿနာတွေရှင်းသွားအောင် ဟိုတုန်းက ဘိုးဘိုးပြောပြလို့ မင်းတို့နားလည်ဦးမှာ မဟုတ်သေးဘူး။ အခုတော့ သတ္တဝါတွေ ဒုက္ခဆင်းရဲမှ ကယ်တင်ချင်လို့ သုမေဓာရှင်ရသေ့ဘဝကစပြီး ဘုရားဆုကိုတောင်းခဲ့တယ်။ တောင်းခဲ့တဲ့အတိုင်းလဲ ဒီပင်္ကရာဘုရားရှင်တော်မြတ်က သူအလိုရှိတဲ့အတိုင်း ဘုရားဖြစ်လိမ့်မယ်လို့ဗျာဒိတ်စကားမိန့်ကြားခဲ့တယ်။ ဗျာဒိတ်အရ ဘုရားဖြစ်ဖို့ ပါရမီတွေဖြည့်ခဲ့ရတယ်။ အခု သိဒ္ဓတ္ထမင်းသားဘဝမှာ ပါရမီများပြည့်စုံလို့ ဘုရားဖြစ်တော့မယ့် နောက်ဆုံးလူ့ဘဝသို့ရောက်လာပြီ။ အဲဒီတော့ ဒီလို ထူးခြားမြင့်မြတ်တဲ့ပုဂ္ဂိုလ်ရဲ့ အမြင်အတွေးဆင်ခြင်ဉာဏ်များဟာ မင်းတို့ ငါတို့ရဲ့အတွေးအခေါ်တွေနဲ့ တခြားစီတစ်မျိုးစီကွဲပြားနေမယ်ဆိုတာ ခုနားလည်နိုင်ကြပြီပေါ့။

'လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်တွေဖြည့်ဆည်းထားပြီးဖြစ်တယ်။ပါရမီတော်များဟာလည်း သာမန်သာဝကကြီးများရဲ့ပါရမီမျိုး မဟုတ်

ဘူး၊ 'ပါရမီ(၁၀)ပါး အပြား(၃၀)'လို့ ဆိုရိုးရှိတဲ့အတိုင်း မိမိရဲ့ ကိုယ်ခန္ဓာမှအပ ဖြစ်တဲ့ အရာဝတ္ထုများအတွက်မငဲ့ကွက်မှု ရိုးရိုးပါရမီဆယ်ပါး။ ကိုယ်အင်္ဂါ အစိတ်အပိုင်း ခြေ,လက်,မျက်စိတို့အတွက်မငဲ့ကွက်မှု ဥပပါရမီဆယ်ပါး။ ကိုယ့်အသက်ကိုပင် မငဲ့ကွက်မှုဖြစ်တဲ့ ပရမတ္ထပါရမီဆယ်ပါး။ အားလုံး တို့ဥပမာပေးခဲ့တဲ့ ပါရမီရွှေအိုးကြီးပေါင်း အလုံးသုံးဆယ်တောင် အပြည့်အဝ ဖြည်းဆည်းထားတော့ တို့ရဲ့ ဘာမဟုတ်တဲ့ဉာဏ်အမြင်မျိုးနဲ့ ကြည့်မြင် တာမျိုး မဟုတ်တော့ဘူး။ တို့ရဲ့မဆိုစလောက်မေတ္တာစိတ်မျိုးလည်း မဟုတ် တော့ဘူး။ ကမ္ဘာသူကမ္ဘာသားအများကို မိမိနှင့်တစ်သားတည်း ကြင်နာ သနားချစ်ခင်တဲ့ မေတ္တာစိတ်များဖြစ်တယ်ကွယ့်။ မိမိရဲ့ကြင်ယာတော်နဲ့ သားတော်ကလေးကို စိမ်းကားရက်စက်တဲ့စိတ်များနဲ့ ပစ်ထားတော်မူခဲ့တာ ဘယ်ဟုတ်မှာလဲကွယ့်။ သူတို့ကိုသာမက ဝေနေယျသတ္တဝါတွေအားလုံး အတွက် စွန့်ခြင်းကြီးငါးပါးအပြည့်အစုံ စွန့်လွှတ်တော်မူသွားခဲ့တာပါ။

'စွန့်ခြင်းကြီးငါးပါးဆိုတာ သမ္မာသမ္ဗောဓိဆုပန် ဘုရားအလောင်းတော် များသာ လိုက်နာကျင့်သုံးကြတဲ့ ပါရမီဖြည့်ဆည်းခြင်းမျိုးဖြစ်တယ်။ အဲဒီ ငါးမျိုးက (၁) မင်းစည်းစိမ်အပါအဝင် ရွှေငွေရတနာ ဆင်မြင်း တိုင်းပြည် ကိုပင်စွန့်ခြင်း။ (၂) ခြေ,လက် အစရှိတဲ့ အင်္ဂါအစိတ်ပိုင်းများစွန့်လွှတ်ခြင်း။ (၃) သားတော်သမီးတော်တို့ကိုစွန့်ခြင်း။ (၄) ကြင်ယာတော်ကိုစွန့်ခြင်း။ (၅) မိမိအသက်ကိုစွန့်ခြင်း စတဲ့ သာမန်လူတို့ မကြံစည်မတွေးဝံ့ မတွေးတော နိုင်တဲ့ ထူးကဲတဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်အပြုအမူတွေဖြစ်တယ်ကွယ့်။

'အေး-အဲဒီလို လိုအပ်တဲ့ပါရမီများဖြည့်ဆည်းခဲ့ပြီး နောက်ဆုံးလူ့ဘဝ သက်တော်(၂၉)နှစ်ပြည့်ချိန်မှာ အားလုံးကို စွန့်လွှတ်တော်မူခဲ့တယ်။ ဘုရား ဖြစ်တော်မူရန် ပဓာနတရားများကျင့်ကြံဆောက်တည်မယ်လို့ တောထွက် သွားတော်မူခဲ့တာပဲကွယ့်။အဲဒီတောထွက်သွားတော်မူခဲ့ပုံ အသေးစိတ်ကလေး များ ဖတ်ရှုရ၊ ပန်းချီကားများကိုရှုမြင်ရတုန်းကများ ဘိုးဘိုးစိတ်တွေ အတော် တုန်လှုပ်ခဲ့ရတယ်၊ ခံစားခဲ့ရဘူးတယ်ကွယ့်။ 'သားတော်ရာဟုလာနှင့် မယ်တော်ကို နောက်ဆုံးကြည့်တော်မူခြင်း' ဆိုတဲ့ ဗုဒ္ဓဝင်ပန်းချီကားကို မြင်ခဲ့

တုန်းကပေါ့ကွယ်။ မန္တလေး မဟာမုနိဘုရားပြတိုက်မှာလား၊ မန္တလေး တောင်တော် ဂန္ဓကုဋိတိုက်ခန်းမှာလား မမှတ်မိတော့ဘူး၊ ဘိုးဘိုး မြင်ခဲ့ဖူးတာကွယ့်။

'မဟာသက္ကရာဇ် ၉၇–ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ ညသန်းခေါင် အချိန်မှာပေါ့၊ ဘုရားအလောင်းတော်ဟာ သတ္တဝါများကို ဒုက္ခဆင်းရဲမှ ကယ်တော်မူရန် အလွန်ကြီးမားတဲ့ ကရုဏာ,စေတနာများက တိုက်တွန်း တော်မူချက်ကြောင့် သားတော်ကလေးရဲ့သံယောဇဉ် အလွန်မကြီးမားခင် ရှုန်းထွက်ဖို့ ဆုံးဖြတ်လိုက်တာကွယ့်။ ဖွားဖက်တော်အမတ်ဆန္နကိုခေါ်ပြီး သူတောထွက်တော်မူမည့်အကြောင်း၊ ကဏ္ဍကမြင်းဖြူတော်ကို အသင့်ပြင်ဖို့ မိန့်တော်မူတယ်။ ဆန္နအမတ်လည်း မိန့်တော်မူတဲ့အတိုင်း မြင်းဖြူတော်ကို ကကြိုးတန်ဆာများတပ်ဆင်နေတုန်း သားတော်ကလေးကို ကြည့်သွားချင်တဲ့ ဆန္ဒဖြစ်ပေါ်လာတယ်ကွယ့်။ ရာဟုလာမယ်တော်စံမြန်းတဲ့ တိုက်ခန်းကို ကြွမြန်းတော်မူပြီး သားတော်နှင့်ကြင်ယာတော်ကို နောက်ဆုံးကြည့်တော် မူခဲ့တဲ့ပန်းချီကားပေါ့ကွယ်။ ဘိုးဘိုး ကြည့်ခဲ့ဘူးတာ။

'ခန်းမအလယ်မှာ ထွန်းလင်းတောက်ပနေတဲ့ ဆီမီးရောင်အောက် ပန်းမွှေ့ရာအခင်းထက်မှာ သားတော်ကလေးအပေါ် လက်တော်တင်လျက် အိပ်စက်နေရှာတဲ့ ကြင်ယာတော်ကို မြင်တွေ့နေရတယ်။ သားတော်ကလေး ကို ပွေ့ပိုက်ချီလိုတဲ့ အာသာတော်ဟာ ရုတ်ချည်းပေါ်ပေါက်လာလို့ တံခါးခုံမှ ခြေတစ်ဖက်ကြွလှမ်းနေတော်မူပုံကွယ့်၊ အလွန်သရုပ်ပေါ်တယ်။ စိတ်တော်မှာ ဘယ်လိုခံစားနေရတာကို ပေါ်လွင်အောင် ဖော်ထုတ်နိုင်တဲ့ပုံပဲ။ ပန်းချီဆရာ ဘယ်သူဆိုတာလဲ သတိမပြုမိဘူး၊ အလောင်းတော်ခံစားနေရပုံကလေးကို သနားလာတဲ့ ဘိုးဘိုးခံစားမှုကိုသာ ဘိုးဘိုး အခုထိ မှတ်မိသတိရနေတယ်။ အဲဒီလို သားတော်ကလေးကို သွားပွေ့ပိုက်လိုက်ရင် ကြင်ယာတော်နိုးသွားပြီး တောထွက်ရန်ကြံစည်တော်မူထားတဲ့ အစီအစဉ်အားလုံးပျက်သွားမှာကို သတိရတဲ့အတွက် အာသာတော်ကိုချုပ်တည်းခဲ့တယ်။ ကြာခြည်ရံကို လှစ်ကြည့်တဲ့လက်တော်ကိုရုပ်သိမ်းပြီး ပြန်လှည့်ထွက်သွားတော်မူခဲ့တဲ့ပုံပေါ့။

'အဲဒီနောက် ကဏ္ဍကမြင်းကိုစီးနင်းတော်မူပြီး ဆန္နအမတ်ကိုအဖော်ပြုပြီး ကပိလမြို့တော်က ထွက်တော်မူခဲ့တယ်။ မာရ်နတ်ကလည်း အဲဒီအချိန်ကစပြီး အမျိုးမျိုးနှောင့်ယှက်တော့တာပဲ။ အဲဒီနေ့ကစပြီး ခုနစ်ရက်အကြာတွင် စကြာရတနာ ဆိုက်ရောက်တော့မယ်၊ စကြဝတေးမင်းဖြစ်ပါလိမ့်မယ်၊ တောထွက်တော်မမူပါနှင့်လို့ ဖွတ်အတင်းဝင်တားသေးတယ်။ ဘုရားအလောင်းတော်က 'အို–မာရ်နတ်၊ စကြာရတနာဆိုက်ရောက်မှာကို ကျွန်ုပ်မသိမဟုတ် သိပြီးဖြစ်တယ်၊ အဲဒီ စကြဝတေးမင်းအဖြစ်ကို စက်ဆုပ်လို့အခုလို တောထွက်လာတာပဲ' လို့ ပြောဆို ငြင်းပယ်လိုက်တယ်။ ပြီးတော့ ခရီးဆက်လက်ထွက်ခွာခဲ့ရာ ကပိလ၊ ကောလိယ၊ ဒေဝဒဟ စတဲ့ သကျမင်းမျိုးတို့စိုးစံရာ သုံးနိုင်ငံလွန်မြောက်ပြီး မဂဓတိုင်းနဲ့နယ်နိမိတ်ဖြစ်တဲ့ အနောမာမြစ်ကမ်းကို နံနက်အာရုဏ်မတက်မီ ဆိုက်ရောက်သွားကြသကွယ့်။

'အဲဒီ အနောမာမြစ်ကမ်းနဖူးမှာလည်း ကြေကွဲဖွယ်ရာဖြစ်ရပ်များကို မြင်တွေ့ရပြန်သကွယ့်၊ အနောမာမြစ်တစ်ဖက်ကမ်း မဂဓတိုင်းပြည်နယ်စပ်ကို ကဏ္ဍကမြင်းတော်က အရောက်ပို့ပေးရှာတယ်။ ဘုရားအလောင်းရော၊ ဆန္နအမတ်ရော နှစ်ဦးစလုံးကိုသယ်ဆောင်ပို့ပေးတာ၊ ဘယ်လောက် ခွန်အားပြည့်စုံတဲ့ ဖွားဖက်တော်မြင်းဖြစ်သလဲ။ တစ်ဖက်ကမ်း တစ်ဖက်နိုင်ငံထဲဝင်ရောက်ပြီးတာနှင့်တစ်ပြိုင်နက် အလောင်းတော်ဟာ မင်းဝတ်တန်ဆာရတနာများကို ဆန္နအမတ်အားပေးအပ်ပြီး 'ငါ ဒီမြစ်ကမ်းမှာ ရဟန်းပြုနေခဲ့တော့မယ်၊ ကဏ္ဍကမြင်းကိုယူ၍ ပြန်ပေတော့' လို့ မိန့်တော်မူသကွယ့်။ ဆန္နအမတ်က သူလည်း အလောင်းတော်နှင့်အတူ လိုက်လံတောထွက်ပါမယ်လို့ သုံးကြိမ်လျှောက်တာကို လက်မခံတော်မူဘူး။ ကဏ္ဍကမြင်းလည်း အလောင်းတော် မမြင်နိုင်လောက်တဲ့နေရာလဲရောက်ရော လွမ်းဆွတ်တသဝမ်းနည်းလွန်းလို့ နှလုံးကြေကွဲပြီး သေပွဲဝင်သွားရှာသကွယ့်။ ဆန္နအမတ်လည်း ဖွားဖက်တော်အလောင်းတော်နှင့် ရှင်ကွဲ ကွဲရ၊ ဖွားဖက်တော်ကဏ္ဍကမြင်းတော်နှင့် သေကွဲ ကွဲရ၊ အလွန်ဝမ်းနည်းပက်လက်ဖြစ်ကာ တစ်ယောက်တည်း ကပိလပြည်သို့ပြန်သွားခဲ့ရရှာတယ်။



စတုမဟာရာဇ် နတ်မင်းကြီးလေးပါး သပိတ်လှူခြင်း

ပါကစ္စတန်နိုင်ငံ၊ ဂန္ဓာရလက်ရာ၊ အေဒီ ၂/၄-ရာစု။

'အနောမာမြစ်တစ်ဖက်ကမ်းမှာ တစ်ဦးတည်းကျန်ရစ်တဲ့ အလောင်းတော်ဟာ သဲသောင်ပြင်မှာရပ်လျက်နေစဉ် သန်လျက်တော်နှင့် ဆံပင်ကို ပယ်ဖြတ်ပြီး 'ငါသည် သစ္စာလေးပါးတရားထူးများ သိမြင်၍ ဘုရားရှင်ကေန်ဖြစ်မည်မှန်လျှင် ဤဆံပင်တော်များသည် မြေသို့ပြန်မကျဘဲ ကောင်းကင်တွင် တည်ပါစေသတည်း'ဟု အဓိဋ္ဌာန်၍ ကောင်းကင်သို့ ပစ်လွှတ်တော်မူလိုက်သကွယ့်။ ယင်းဆံတော်များကို သိကြားမင်းက ရတနာပန်းတောင်းဖြင့် အသင့်ခံယူထားလိုက်ပြီး နတ်ပြည်မှာ စူဠာမဏိစေတီမြတ် တည်ထားကိုးကွယ်ထားသကွယ့်။

'နောက်ပြီး ကိုယ်မှာဝတ်ဆင်ထားတဲ့ ကာသိတိုင်းဖြစ် နူးညံ့တဲ့အဝတ်အထည်များဟာ ရဟန်းအဖြစ်နှင့် ဝတ်ရုံဖို့မသင့်လျော်ပါလားလို့ စိတ်မှဆင်ခြင်တော်မူလိုက်တော့ ကဿပဘုရားလက်ထက်တုန်းက မိတ်ဆွေတော်ခဲ့တဲ့ အိုးထိန်းသည်ဃဋိကာရဟာ အဲဒီအချိန်မှာ ဗြဟ္မာကြီးဖြစ်နေလို့ ဘုရားအလောင်းတော်ရဲ့စိတ်အကြံကို သိရှိသတဲ့။ အဲဒီတော့ ရဟန်းနှင့်လျောက်ပတ်မယ့် ပရိက္ခရာရှစ်ပါးကိုယူလာပြီး ဆက်ကပ်တယ်ကွယ့်။ အဲဒီဗြဟ္မာကြီး လာဆက်ကပ်တဲ့ သင်္ကန်းအထည်များကိုဝတ်ရုံကာ ရဟန်းပြုတော်မူလိုက်တယ်။ ဗြဟ္မာကြီးကတော့ ဝတ်လဲတော်များကို သုဒ္ဓါဝါသဗြဟ္မာ့ပြည်မှာ ဒုဿစေတီတည်ကာ ဌာပနာပြီး ကိုးကွယ်ထားသကွယ့်။

'အလောင်းတော်မြတ်ဟာ အနောမာမြစ်ကမ်းကခွာခဲ့ပြီး အနုပိယခေါ်တဲ့ သရက်ဥယျာဉ်မှာ ခုနစ်ရက်သီတင်းသုံးတယ်။ ပြီးတော့ ရှေ့ဆက်၍ လုပ်ရမယ့်အစီအစဉ်များကို စဉ်းစားဆုံးဖြတ်နေတော်မူတယ်။ အဲဒီတုန်းက ရာဇဂြိုဟ်မြို့တော်ထဲဝင်ပြီး အိမ်စဉ်တလျောက် ဆွမ်းခံကြွတော်မူသကွယ့်။ ရာဇဂြိုဟ်မြို့ဟာ တိတ္ထိ, တက္ကဒွန်း, ပရိဗိုဇ်အမျိုးစုံ ကျက်စားနေထိုင်ရာဌာနကြီးဖြစ်သကွယ့်။ အချို့က မြို့ထဲမှာပဲ ကျောင်းကြီး အရာမ်ကြီးတွေ ဥယျာဉ်ကြီးတွေထဲမှာနေကြသကွယ့်။ တချို့ကတော့အနီးအနားက တောအုပ်ကောင်းကောင်းတွေမှာ ခိုအောင်းပြီး သူတို့နည်းသူတို့ဟန်နှင့် တရားအားထုတ်နေကြသတဲ့။

'အိန္ဒိယပြည်မှာ အဲဒီအချိန်အရင်က နှစ်ပေါင်း(၁၀၀၀)ကျော်ကစပြီး 'ဗုဒ္ဓကောလဟာလ'ဆိုတာ ဖြစ်ပေါ်ဘူးသတဲ့ကွယ်။ လောကကြီးဟာ ဘုရားရှင်တစ်ဆူပွင့်တော်မူတော့မယ်ဆိုလို့ရှိရင် အဲသလို ဗုဒ္ဓကောလဟာလ ဖြစ်ပေါ်မြဲဖြစ်တယ်။ အဲဒီ ဗုဒ္ဓကောလဟာလအတိုင်း ဘုရားဖြစ်ရန် ရည်မှန်းကြတယ်။ အိမ်ရာစွန့်ခွာ တောတောင်ချဉ်းကပ်ပြီး တရားကျင့်ကြတာပေါ့။ အချို့က ဘုရားဖြစ်ဖို့ ကိလေသာအညစ်အကြေးတွေကင်းစင်အောင် နည်းအမျိုးမျိုး ကျင့်ကြံကြတယ်။ အချို့က ကာမဂုဏ်တွေ အီအောင်ဝအောင် ငြီးငွေ့အောင် အစွမ်းကုန်လိုက်စားလိုက်ရင် နောက်ထပ်ကာမဂုဏ်တွေကို မတပ်မက်တော့ဘူးဆိုပြီး ကာမဂုဏ်တွေကို အစွမ်းကုန်ကြိုးပမ်းလိုက်စားကြတော့တာပဲ။ အချို့ကတော့ သူတို့နှင့်ဆန့်ကျင်ဖက် အယူအဆနှင့် ကာမဂုဏ်အမျိုးစုံကို ဝေးဝေးမှရှောင်ရှားပြီး ခြိုးခြံကျင့်ကြံနေထိုင်ကြတယ်၊ အစာအာဟာရတောင် မသုံးဆောင်သလောက်ဘဲ၊ ရေအနည်းငယ်လောက် သောက်ပြီး တရားကျင့်ကြတယ်။

'အဲဒီ တရားအားထုတ်ကြတဲ့ တိတ္ထိတွေ ပရိဗိုဇ်တွေဟာ အကုန်လုံး ရာဇဂြိုဟ်မြို့တော်ကြီးကို မှီခိုပြီးနေကြရတာကွယ့်။ မနက်, နေ့လည်, ညနေ အချိန်မရွေး အဲဒီတရားအားထုတ်သူတွေဟာ မြို့တော်ထဲဝင်လာပြီး အိမ်စဉ် လှည့်လည်ပြီး အာဟာရကိုအလှူခံကြသတဲ့။ သူတို့ရုပ်ဆင်းသဏ္ဌာန်ကြည့်ရတာကလည်း ကြည်ညိုသဒ္ဓါထက်သန်စေဖို့ကောင်းတဲ့ ရုပ်ဆင်းသဏ္ဌာန်မျိုး မဟုတ်ဘူးကွယ့်။ သစ်ခေါက်ကိုထုလုပ်ထားတဲ့ အဝတ်အမျိုးမျိုး၊ သစ်ရွက်တွေ ချုပ်သီထားတဲ့အဝတ်မျိုး၊ မုတ်ဆိတ်ဗရပျစ်နှင့် တချို့လဲ ဆံပင်တွေ ကျစ်ဆံမြီးထိုးလို့ ကြည့်မကောင်းရှုမကောင်းလှပါဘူးကွယ်။

'အဲဒီလို တရားကျင့်တယ်ဆိုတဲ့လူတွေနှင့် တစ်မူထူးခြားကာ အသားအရေ စိုပြည်သန့်ပြန့် ကြည်ညိုဖွယ်ရုပ်ဆင်းသဏ္ဌာန်ရှိပြီး ဗြဟ္မာမင်း ဆက်ကပ်ခဲ့တဲ့ သင်္ကန်းကိုဝတ်ရုံပြီး ရာဇဂြိုဟ်မြို့ထဲဆွမ်းခံဝင်လာတဲ့ ဘုရားအလောင်းတော်ကို လူတွေဖူးတွေ့ရတော့ ထူးထူးဆန်းဆန်း တအံ့တသြ ဖြစ်ကြရတယ်။ 'ဟာ–အံ့သြဖွယ်ကောင်းလေစွ၊ မဖြစ်စဖူး အထူးဖြစ်ပေစွ'ဟု

အုတ်အော်သောင်းတင်းပြောကြဆိုကြ မှတ်ချက်ချကြတယ်။ အဲဒီလို မမြင်စဖူး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါး မြို့တော်ထဲ ဆွမ်းခံဝင်လာတဲ့သတင်းဟာ ရွှေနန်းတော်ထိရောက်ပြီး ဗိမ္ဗိသာရဘုရင်မင်းမြတ်ကိုယ်တိုင် နန်းတော်ပြတင်းပေါက်မှ လှမ်းမျှော်မြင်တွေ့လိုက်ရသကွယ့်။

'အဲဒီမှာ မင်းလုလင်တွေကိုစေလွှတ်ပြီး ထူးမြတ်တဲ့ပုဂ္ဂိုလ်ကို မျက်ခြည်မပြတ် လိုက်လံစောင့်ကြည့်စေသတဲ့ကွယ်။ နောက် ဘုရင်မင်းမြတ်ကိုယ်တိုင် ယာဉ်ရထားနှင့် လျင်စွာထွက်တော်မူပြီး ပဏ္ဍဝတောင်ခြေရင်း ကျောက်ဖျာတစ်ခုပေါ်မှာ ထိုင်တော်မူပြီး ဆွမ်းဘုဉ်းပေးနေတော်မူတဲ့ ဘုရားလောင်းထံ ချဉ်းကပ်သွားခဲ့တယ်ကွယ့်။ မြို့သူမြို့သား ဆင်းရဲသားအပေါင်းတို့က လှူဒါန်းလိုက်တဲ့ သောင်းပြောင်းရောဆွမ်း ကြမ်းတမ်းတဲ့အစာအာဟာရများကို ခဲယဉ်းစွာမျိုသိပ်ချလျက် ဆွမ်းဘုဉ်းပေးနေတုန်း မင်းကြီးရောက်သွားတယ်။ ဘုရားအလောင်းတော်ရဲ့ မျိုးရိုးအကျိုးအကြောင်း လျှောက်ထားမေးမြန်းပြီးတော့ အလောင်းတော်၏ဥပမိရုပ်တော်နှင့် ဝင့်ထည်ခန့်ငြားသောကျက်သရေတွေကို ထောက်ထားပြီး သူ၏နန်းစည်းစိမ်တစ်ဝက် လက်ခံပြီး ဘုရင်ပြုလုပ်တော်မူပါလို့ လျှောက်ထားသကွယ့်။ ဘုရားအလောင်းတော်က လက်ခံတော်မမူဘဲ ငြင်းပယ်လိုက်တော့ 'သစ္စာလေးပါး မြတ်တရားတို့ကို သိမြင်တော်မူပြီး မြတ်စွာဘုရားတစ်ဆူ ဖြစ်တော်မူတဲ့အခါ ဘုရားတပည့်တော်အား တရားဦးဟောကြား ချီးမြှင့်တော်မူပါ'လို့ လျှောက်ထားခဲ့တယ်ကွယ့်။

ဘုရားအလောင်းတော်ဟာ ရာဇဂြိုဟ်ပြည်ကဖဲခွာခဲ့ပြီး အနီးအပါးတောကြိုတောင်ကြားမှာ တရားကျင့်နေကြတဲ့ အခြားသူတော်စင်တွေအကြောင်း သတင်းလေ့လာနားထောင်ရင်း အဲဒီတုန်းက ကမ္ဗဋ္ဌာန်းပြဆရာကြီးများလို့ အထူးကျော်ကြားနေတဲ့ အာဠာရကာလာမနှင့် ဥဒကရာမပုတ္တ ဆိုတဲ့ ဆရာကြီးနှစ်ဦးထံ ရောက်သွားခဲ့တယ်ကွယ့်၊ သူတို့ ပြသနေတဲ့ ကမ္ဗဋ္ဌာန်းတရားများအကြောင်း မေးမြန်းစုံစမ်းကြည့်တယ်၊ သူတို့ ရှင်းလင်းပြောပြပြီးတာနှင့်တစ်ပြိုင်နက် အဲဒီတရားများအကြောင်း ဘုရားအလောင်း

သိရှိနားလည်သွားတဲ့အပြင် သူတို့ရရှိရောက်ရှိဖူးတဲ့ ဈာန်အဆင့်ထက် ကျော်လွန်ပြီး ဘုရားအလောင်းက သိမြင်တာတွေပြောပြတော့ သူတို့ အံ့ဩချီးမွမ်းကြတယ်။ 'သူတို့နှင့်အတူ တရားပြပါ၊ သူတို့တပည့်တွေကို အုပ်ချုပ်ပြီး ဆရာလုပ်ပါ'လို့ သူတို့နှင့်တန်းတူ အဆင့်အတန်းပေးပြီး ဖိတ်ခေါ်သတဲ့ကွယ့်။

'ဒါပေမယ့် သူတို့ရဲ့အမြင့်ဆုံးသမာဓိနှင့် သိရှိကြတဲ့အသိဉာဏ်တရား တွေဟာ ဘုရားလောင်းရှာဖွေတော်မူနေတဲ့ ဒုက္ခကင်းငြိမ်းရာတရားတွေ မဟုတ်ဘူး။ အိုနာသေဘေးကင်းဝေးတဲ့ အပြီးသတ်ငြိမ်းချမ်းစေတဲ့တရားများ မဟုတ်သေးဘူးဆိုတာ သဘောပေါက်ပြီး ဘုရားအလောင်းဟာ သူတို့ထံမှ ထွက်ခွာသွားခဲ့ပြန်တယ်။

'ဒီလိုနှင့် တစ်တောဝင်တစ်တောထွက်ရင်း နောက်ဆုံးကျတော့ နေရဉ္ဇရာမြစ်ကမ်းဘေးက ဥရုဝေဠတောအုပ်ရောက်သွားတယ်။ အဲဒီမှာ သာယာစိမ်းလန်းတဲ့ တောတန်းတောအုပ်၊ ပြေပြစ်တဲ့ ရေချိုးဆိပ်၊ တသွင်သွင် စီးဆင်းနေတဲ့ ကြည်လင်အေးမြတဲ့ မြစ်ရေအလျဉ် စသဖြင့် နေရာထိုင်ခင်း အဆင်ပြေသာယာလှတဲ့အပြင် မနီးမဝေးမှာလည်း သေန နိဂုံးရွာကြီးရှိလို့ ဆွမ်းခံသွားရန် မပင်ပန်းမခဲယဉ်းတဲ့ နေရာကောင်းကို တွေ့ရှိတော်မူတယ်။ ဒါကြောင့် အဲဒီတောအုပ်အလယ်လောက်မှာ မမြင့်မား လှတဲ့ တောင်ကမူလေးကိုရွေးပြီး အဲဒီတောင်ထိပ်ပေါ်မှာ ကျောက်လိုဏ်ဂူ တစ်ခုကို တရားအားထုတ်နေထိုင်ရန် ရွေးချယ်လိုက်တယ်ကွယ့်။

## ဗုဒ္ဓ၏အရပ်တော်တစ်ဆယ့်ရှစ်တောင်

'ဒါနှင့် စကားဆက်စပ်နေလို့ မောင်ဝဏ္ဏတို့ စိတ်ဝင်စားစရာ ကောင်း တာလေးတစ်ခု ဒီနေရာမှာ ပြောပြရဦးမယ်။ ဟို ဘိုးဘိုးတို့ တက္ကသိုလ် ကျောင်းသားဘဝတုန်းက မြတ်စွာဘုရားရဲ့အရပ်တော်ဟာ (၁၈)တောင် ရှိတယ်ဆိုတဲ့ အဆိုစကားတစ်ရပ်နှင့်ပတ်သက်ပြီး ငြင်းကြခုံကြ ရေးကြ ပြောကြ ဝေဖန်ကြခဲ့တဲ့ကိစ္စ ဖြစ်ပေါ်ဖူးတယ်ကွယ့်။ ဘိုးဘိုးတို့ကတော့

သိပ္ပံသမားပီပီ အရပ်(၁၈)တောင်ရှိတဲ့လူသားမျိုးဆိုတာ ဘယ်နည်းနှင့်မှ မရှိနိုင်တာသိလို့ မယုံကြီးမှ မယုံဆိုတဲ့ အဖွဲ့ဝင်တစ်ဦးပေါ့။ မြတ်စွာဘုရား အရပ်တော်(၁၈)တောင်ရှိပါတယ်ဆိုတဲ့ဘက်ကလဲ စာတွေပေတွေ အကိုး အကားတွေနှင့် ရေးကြသားကြသကွယ့်။

'အဲဒီကိစ္စ တက္ကသိုလ်ကလည်းထွက်ခဲ့ရော ပြီးပြီးပျောက်ပျောက်မေ့သွား ခဲ့တယ်။ နှစ်ပေါင်းလည်း ငါးဆယ်ကျော်ခဲ့ပြီကိုး။ ဒါပေမယ့် ၁၉၅၂–ခုနှစ်က ဒုတိယအကြိမ် အိန္ဒိယကို သိပ္ပံပညာအစည်းအဝေးတက်ရင်း ရောက်သွား ပြန်တော့ အဲဒီဘုရားအလောင်းတော် ဂူအောင်းပြီးတရားကျင့်တော်မူခဲ့တဲ့ တောင်ကုန်းကလေးကို တက်ဖြစ်ခဲ့တယ်ကွယ့်။ အဲဒီဂူကလေးကိုလည်း သေသေချာချာ အကြိမ်ကြိမ်ဝင်ထွက်ကြည့်ပြီး လေ့လာခဲ့တယ်ကွယ့်။ အဲဒီတော့မှ ဟိုရှေးကပေါ်ပေါက်ခဲ့တဲ့ အရပ်တော်(၁၈)တောင်ကိစ္စကို သဘာဝကျကျ ကိုယ်တိုင်ဖြေရှင်းနိုင်ခဲ့တယ်။ပြေလည်သွားခဲ့တယ်။ ကာလာမ သုတ်တော်မှာဟောကြားထားခဲ့တဲ့အတိုင်း ဘယ်ဆရာကပြောပြော ဘယ် ကျမ်းကဘာရေးရေး တို့ကတော့လက်မခံတော့ဘူး။

'ဘာပြုလို့တုန်း ဘိုးဘိုးရဲ့၊ ဘိုးဘိုးက အဲဒီလိုဏ်ဂူမှာ ဘာများ တွေ့ခဲ့လို့တုန်း'

'ဟ မောင်ဝဏ္ဏရ၊ ဘာတွေ့ရမှာတုန်း၊ သဘာဝလိုဏ်ဂူပေါ့။ ဘုရား အလောင်းတော် တရားကျင့်တော်မူခဲ့တဲ့ လိုဏ်ဂူအရွယ်အစား အနေအထား အပြောင်းအလဲမရှိ၊ အနိမ့်အမြင့် အပေါက်ဝအကျဉ်းအကျယ် လုံးဝ မပြောင်းလဲဘဲ တည်ရှိနေတဲ့ လိုဏ်ဂူမှာ မြတ်စွာဘုရား ခြောက်နှစ်တိုင်တိုင် နေထိုင်တော်မူခဲ့တာ။ အဲဒါကိုထောက်ရှုရင် (၁၈)တောင်အရပ်တော်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ ဒီလိုဏ်ဂူမှာ အဝင်အထွက် အနေအထိုင် မဖြစ်နိုင်လို့ ဘယ်နည်းနှင့်မှ သီတင်းသုံးနေထိုင်နိုင်မှာ မဟုတ်ဘူး။ ဘုရားအလောင်း တော်ဟာ ဒီမှာ ခြောက်နှစ်တိုင်တိုင်ဂူအောင်းတရားကျင့်ခဲ့တာကလဲ သမိုင်း အထောက်အထားပြည့်စုံနေတော့ တက္ကဗေဒနည်းအရ ဘုရားအလောင်း တော်ဟာ အရပ်(၁၈)တောင်မရှိဘူးလို့ တစ်ထစ်ချကောက်ချက်ချနိုင်တာပေါ့။

'အေး၊ အမှန်ကတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဟာ သာမန်လူပုဂ္ဂိုလ်များထက်တော့ ထွားကျိုင်းတယ်၊ ဖွံ့ဖြိုးတယ်၊ ဥပဓိရုပ် သူမတူအောင် ကောင်းမွန်ချောခန့်တယ်၊ ဒါပေမယ့် သာမန်လူပုဂ္ဂိုလ်တွေထဲက အမြင့်ဆုံးပုဂ္ဂိုလ်လောက်ပဲ အရပ်တော်ရှိတာပါ။ အေး၊ အလိုဆန္ဒရှိလာပြီဆိုလျှင်တော့ မြတ်စွာဘုရားဟာ မြင်းမိုရ်တောင်ကြီးလောက် ကြီးမားတဲ့ ထွားကျိုင်းတဲ့ ကိုယ်ခန္ဓာကြီးဖြစ်အောင် ဖန်ဆင်းနိုင်တယ်ကွယ့်။ ကိုယ်ခန္ဓာသေးငယ်စေချင်လျှင်လဲ မုန်ညင်းစေ့လောက်ဖြစ်အောင် ဖန်ဆင်းနိုင်တယ်။ ဒါတွေက တန်ခိုးတော်ဆိုင်ရာအကြောင်းအရာတွေပါ၊ သဘာဝပုံမှန်ကိစ္စတွေ မဟုတ်ကြောင်း ရှင်းရှင်းနားလည်ကြရမယ်ကွယ့်။

## ဘုရားလောင်းဒုက္ကရစရိယာကျင့်တော်မူခြင်း

'မအို မနာ မသေတဲ့ ဆင်းရဲကင်းတဲ့နိဗ္ဗာန်ရောက်ကြောင်းတရားများကို ရှာဖွေလိုတဲ့ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားဟာ တောထွက်လာခဲ့တယ်။ အဲဒီတုန်းက ထင်ရှားကျော်ကြားနေတဲ့ အာဠာရကာလာမနှင့် ဥဒကရာမပုတ္တဆရာကြီးနှစ်ဦးထံမှာ သမထကမ္မဋ္ဌာန်းနည်းနာများကို လေ့လာခဲ့တယ်ဆိုတာတွေ ပြောပြခဲ့ပြီးပြီနော်၊ ပြီးတော့ ဒီနည်းနာများဟာ သဗ္ဗညုတဉာဏ်တော် ရနိုင်လောက်တဲ့ လမ်းစဉ်မဟုတ်ကြောင်းသိပြီးတော့ ဆက်လက်တရားရှာရန်ထွက်ခွာခဲ့ရာ ဥရုဝေလတောအုပ်သို့ ဘုရားအလောင်း ရောက်သွားတယ်ဆိုတာလဲ ပြောခဲ့ပြီးပြီနော်။

'အဲဒီခေတ်က ဘုရားဖြစ်ကြဖို့၊ တရားထူးရကြဖို့ ပြင်းပြင်းထန်ထန် ခြိုးခြံကျင့်ကြတဲ့နည်းဆိုတာလည်း ရှိသေးတယ်ကွယ့်၊ ဘုရားအလောင်းဟာ အဲဒီကျင့်နည်းကိုလည်း ဖောက်ချပြီးလေ့ကျင့်ဖို့ ဥရုဝေလတောအုပ်ရှိ တောင်ကုန်းကလေးပေါ်က လိုဏ်ဂူကလေးမှာ စခန်းချနေထိုင်တော်မူခဲ့တယ်ကွယ့်၊ အဲဒီနည်းက ခေါင်းခေါင်းပါးပါး ပြင်းပြင်းထန်ထန်ခြိုးခြံကျင့်မှ ကိလေသာတွေကို ချိုးနှိမ်ပစ်နိုင်တယ်၊ အဲဒီလိုချိုးနှိမ်ရှင်းလင်းနိုင်မှ တရားထူးရတယ်လို့ ယူဆတဲ့ အတွေးအခေါ်တွေက ဖြစ်ပေါ်လာတဲ့အကျင့်မျိုးကွယ့်။

'အဲဒီအကျင့်ကို ပါဠိလို'ဒုက္ကရစရိယာအကျင့်'လို့ခေါ်တယ်။ 'ခဲယဉ်းစွာ ကျင့်ရသောအကျင့်'လို့ အဓိပ္ပာယ်ရတယ်ကွယ့်။ အဲဒါ လူအချို့က 'ဒုက္ခ စရိယ'လို့ သတိမထားဘဲပြောတတ်ကြတယ်။ ဆင်းရဲခြင်း ဆင်းရဲသော အကျင့်လို့ အဓိပ္ပာယ်ပေါက်နေတာပေ့ါ။ အကျင့်က ဘယ်ဆင်းရဲမှာလဲကွယ့်၊ အကျင့်ကျင့်တဲ့လူတွေကသာ ခဲခဲယဉ်းယဉ်းကျင့်ကြရလို့ ဆင်းရဲပင်ပန်းတာ ပါ။ အေး၊ မောင်ဝဏ္ဏတို့ကို အဲဒီလို အခြေခံသဘောလေးတွေ နားလည် သွားကြအောင် ပါဠိစကားလုံးလေးတွေ တရားသဘောလေးတွေ ဖြည်းဖြည်း ချင်း ထည့်သွင်းပြောပြောသွားရတာ။

'အဲဒီ ဒုက္ကရစရိယာကျင့်ကြံနည်းက အစားအစာကို စားတယ်ဆိုရုံ လောက်သာစားပြီး ကျင့်ကြံရတာကွယ့်။ တစ်နေ့လုံးမှ သစ်သီးတစ်လုံး လောက်စားပြီး ပြင်းပြင်းထန်ထန် မနေမနား တရားကျင့်ရတာ။ တစ်ခါတစ်ရံ လုံးဝမစားမသောက်ဘဲ အလွန်အမင်းကြိုးစားရတယ်။ ဘိုးဘိုးပြောခဲ့တဲ့ ဥရုဝေလတောအုပ်ကလိုဏ်ဂူမှာ နေထိုင်ပြီး ဒီအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူခဲ့ရှာတယ်။ အဲဒီလို ကျင့်နေတော်မူတုန်း ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဆိုတဲ့ ရသေ့ငါးဦး (ပဉ္စဝဂ္ဂီ)တို့ ဘုရားလောင်းထံ ရောက်လာကြတယ်ကွယ့်။

'အေး၊ သူတို့အကြောင်းနှင့်ပတ်သက်လို့ စိတ်ဝင်စားစရာလေးပြောပြဦး မယ်။သိဒ္ဓတ္ထမင်းသားကလေးဖွားမြင်ကာစက မင်းသားကလေးရဲ့ရှေ့ဖြစ်စဉ်ကို ဟောကြားဖို့ ပုဏ္ဏားပညာရှိကြီးရှစ်ဦးရွေးခဲ့တယ်၊ သူတို့ရှစ်ဦးထဲက ကောဏ္ဍည ပုဏ္ဏားပညာရှိကြီးဦးဆောင်တဲ့ ပုဏ္ဏားကြီးငါးဦးက မင်းသားကလေးဟာ ကေန်ပင် ဘုရားစင်စစ်ဖြစ်တော်မူလိမ့်မည်လို့ နိမိတ်ဖတ်ခဲ့ကြတယ်။ အဲဒီ ပုဏ္ဏားပညာရှိကြီးငါးဦးဟာ အလောင်းတော်ရဲ့နိမိတ်ဖတ်ပြီးစ ငယ်ရွယ်စဉ် ကတည်းက သူတို့ဟောကိန်းကို သူတို့ယုံကြည်ကြတဲ့အလျောက် အိမ်ရာ ထူထောင် လူ့ဘောင်မှာမနေကြတော့ဘဲ ကြိုတင်ပြီး တောထွက်နှင့်ကြတယ်၊ မင်းသားကလေး တောထွက်တရားကျင့်ပြီး ဘုရားဖြစ်တော်မူလျှင် ရှေးဦးစွာ တရားထူးနာကြရအောင်ဆိုပြီး အဲဒီလိုဆောင်ရွက်ခဲ့ကြတာပဲ။

'သူတို့လည်း သိဒ္ဓတ္ထမင်းသား နန်းစည်းစိမ်ခံစားနေတော်မူတဲ့အချိန် တစ်လျှောက်လုံး တောထဲမှာနေပြီးတရားကျင့်ရင်း မင်းသားကလေး တောထွက်တော်မူတဲ့သတင်းကို နားစွင့်နေခဲ့ကြသတဲ့။ အေး၊ သက်တော်(၂၉)နှစ်မှာ သိဒ္ဓတ္ထမင်းသား ရွှေနန်းစည်းစိမ်စွန့်လွှတ်ပြီး တောထွက်သွားတော်မူပြီဆိုတဲ့ သတင်းကိုကြားရတော့ တစ်တောဝင်တစ်တောထွက်နှင့် မင်းသားကလေးကို လိုက်ရှာကြတာ။ နောက်ဆုံးတော့ ဘုရားအလောင်းတော်ကို ဥရုဝေလ တောအုပ်က လိုဏ်ဂူမှာ သွားတွေ့ကြတယ်။ အဲဒီပဥ္စဝဂ္ဂီငါးဦးဟာ သူတို့ အလွန်နှစ်ခြိုက်တဲ့ ဒုက္ကရစရိယာအကျင့်ကိုပဲ ဘုရားအလောင်းကျင့်နေတာကို သိရမြင်ရတော့ အလွန်ဝမ်းမြောက်ကြတယ်။ ဒီအကျင့်ကိုကျင့်ရင် တို့ဟော ထားတဲ့အတိုင်း ဘုရားဖြစ်မှာသေချာတယ်။ တို့တော့ တရားဦး နာကြရ တော့မယ်၊ စောင့်ရကျိုးနပ်ပေပြီလို့ ကြေနပ်အားတက်နေကြတယ်။ သူတို့ ငါးပါးလည်း လိုဏ်ဂူအနီးအပါးမှာနေထိုင်ကြပြီး ဘုရားအလောင်းတော်အား ရေပူရေချမ်းကမ်းလှမ်းကာ ပြုစုလုပ်ကျွေးနေကြတယ်။

'ဒုက္ကရစရိယာတရားကျင့်စဉ်အတိုင်း ကြိုးပမ်းအားထုတ်တာ ခြောက်နှစ် တိတိရှိသွားတဲ့အခါမှာ ဘုရားအလောင်းဟာ သူရှာဖွေနေတဲ့ ဒုက္ခဆင်းရဲမှ လွတ်မြောက်ရာနည်းလမ်းကိုတွေ့တော်မမူဘဲ အလွန်အမင်းကြိုးစားမှုကြောင့် ခန္ဓာကိုယ်မှာ အသားအရေများ ခြောက်ကပ်သွားတယ်၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်များကွယ်ပျောက်သွားပြီး ဝါဝါဝင်းဝင်း ရွှေရောင်လိုပြောင်လင်းနေတဲ့အဆင်းတော်ဟာ ညှိုးမည်းသွားတယ်၊ ဝမ်းဗိုက် သားနှင့်ကျောပြင်တို့ ကပ်သွားကြတယ်၊ အရိုးပေါ်အရေတင်ပြီး အရိုးပြိုင်းပြိုင်း ထနေတယ်။ ဦးခေါင်းတော်ဟာလည်း နေပူလောင်တဲ့ ဘူးသီးနုနုလို ရှုံ့ပိန် ဝင်သွားတယ်။ အဲဒီလို ချိနဲ့ပြီးခွန်အားမရှိတုန်း စင်္ကြံလျှောက်ရာမှာ မူးမေ့ လဲသွားတော်မူခဲ့တယ်၊ အချို့နတ်တွေက ဘုရားအလောင်း ကွယ်လွန်သွားပြီ လို့တောင် ယူဆကြသတဲ့။

'အဲဒီလို ဒုက္ခဆင်းရဲများခံစားရတော့ ခန္ဓာကိုယ်အင်အားချိနဲ့နေရင် တရားရနိုင်မှာမဟုတ်ဘူးလို့ ဘုရားအလောင်းတော်က ဆင်ခြင်သုံးသပ်မိ

တယ်။ ပြီးတော့လည်း ဒုက္ကရစရိယာကျင့်စဉ်အစား မိမိရှာဖွေနေတဲ့ ငြိမ်းအေးရေးလမ်းစဉ်ကိုတွေ့ရှိရန် ဘယ်လိုဆောင်ရွက်ရမလဲလို့ စဉ်းစားကြံဆတွေးကြည့်တယ်။

'အဲဒီတော့ အလောင်းတော်မြတ်က သူငယ်စဉ်က ခမည်းတော်ကြီးလယ်ထွန်မင်္ဂလာပွဲဆင်နွှဲနေတုန်း ယာယီတဲနန်းမှာ တစ်ဦးတည်းစံပယ်နေစဉ် အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းခဲ့ဖူးတာ သွားသတိရမိတယ်။ အဲဒီလို ထွက်လေဝင်လေရှုရင်း အလွန်အေးချမ်းတည်ငြိမ်မှု စိတ်ကြည်လင်မှုဖြစ်ပေါ်ခဲ့တာတွေကို ပြန်လည်သတိရသွားတယ်။ အဲဒီမှာတင် အာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်ကို အသုံးပြုပြီး မိမိလိုချင်တဲ့ အမတနိဗ္ဗာန်စခန်းကိုတက်လှမ်းဖို့ ဆုံးဖြတ်တော်မူလိုက်တယ်။

'ဒါပေမယ့် မိမိ၏ခန္ဓာကိုယ်ရဲ့ လက်ရှိအခြေအနေနှင့်တော့ အာနာပါနကျင့်စဉ်ကို ကျင့်လို့မဖြစ်နိုင်သေး။ ခန္ဓာကိုယ်စိုပြည်ရွှင်လန်း ကုန်ခန်းသွားတဲ့ အားအင်များ ပြန်လည်ပြည့်ဖြိုးလာမှ တရားကြိုးပမ်းလို့ရမယ်လို့ ဆင်ခြင်မိတာနှင့် တစ်ပါးတည်း ဆွမ်းခံထွက်ပြီး အာဟာရဖြည့်တင်းတော်မူတယ်။ အဲဒီလို ကျင့်စဉ်ပြောင်းလဲပြီး အာဟာရပြန်လည်သုံးဆောင်တာကို တွေ့မြင်ကြရတဲ့ ပဉ္စဝဂ္ဂီငါးဦးဟာ 'ကိုယ်တော်မှန်းသလို သိဒ္ဓတ္ထတော့ ဘုရားဖြစ်မှာမဟုတ်ပေဘူး၊ အာဟာရပြန်လည်စားသုံးမှတော့ ဒုက္ကရစရိယာကျင့်စဉ်ပျက်ပြီပေါ့'ဟု အားလျော့စိတ်ပျက်သွားကုန်ကြတယ်။ ပြီးတော့ အလောင်းတော်ထံမှထွက်ခွာပြီး မိဂဒါဝုန်တောကို ပြောင်းရွှေ့သွားကြတော့တယ်။

## သဗ္ဗညုတရွှေဉာဏ်တော်ရ၍ဘုရားဖြစ်တော်မူခြင်း


'ဒီနေရာမှာ မောင်ဝဏ္ဏတို့ အခုကတည်းက သိမှတ်ထားကြဖို့ အချက်နှစ်ချက် ဘိုးဘိုးပြောပြထားမယ်။ အချို့အချို့က ပြောကြတယ်။ 'သယမ္ဘူရွှေဉာဏ်တော်ဖြင့် သစ္စာလေးတန် ဉေယျဓံတို့ကို ကိုယ်တော်တိုင်အကြွင်းမရှိသိတော်မူသော မြတ်စွာဘုရားလို့ဆိုပြီး အာဠာရနှင့် ဥဒကဆရာကြီးတွေဆီက နည်းနာယူခဲ့သေးတယ် မဟုတ်လား'လို့ပြောတယ်။

'သေသေချာချာ ရှင်းရှင်းလင်းလင်း မှတ်ထားကြ။ အဲဒီဆရာကြီးတွေထံက ဘုရားဖြစ်ဖို့ နည်းလမ်းရခဲ့တယ်လို့ မဆိုနိုင်ပါဘူး။ အဲဒီဆရာကြီးတွေရဲ့ နည်းလမ်းက ဈာန်သမာပတ်ရတဲ့နည်းလမ်းသာဖြစ်ပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန် ရောက်တဲ့နည်းလမ်းမဟုတ်လို့ သူတို့ဆီက ထွက်ခွာသွားခဲ့တယ်မဟုတ်လား။

'ပြီးတော့ အဲဒီတုန်းက သူတို့ကိုယ်သူတို့ ဘုရားပါလို့ ပြောနေကြတဲ့ တိတ္ထိဆရာကြီး ခြောက်ယောက်တောင်ရှိတယ်။ သူတို့ရဲ့ကျင့်စဉ်က ဒုက္ကရစရိယနည်းလမ်းပေါ့။ အဲဒီနည်းလမ်းများလည်း သဗ္ဗညုတဉာဏ်တော် ရနိုင်ဖြစ်နိုင်တဲ့ နည်းလမ်းမဟုတ်ကြောင်း ဘုရားလောင်းက လက်တွေ့ စမ်းသပ်ကြည့်ပြီး သိခဲ့တာပါ။

'ဘုရားဖြစ်ရန်ကျင့်ကြံနေကြတဲ့ဆိုသူတွေထံမှ ဘုရားအလောင်းတော် ပထမဆုံး ကြားသိနားလည်ခဲ့ရတာက သမထကမ္မဋ္ဌာန်းထိုင်ပြီး ဈာန်လေးပါး၊ ဈာန်ခြောက်ပါးလောက်သာ ရအောင်ကြိုးပမ်းတဲ့နည်းပါ။ အဲဒီကမ္မဋ္ဌာန်း နည်းတွေကို သူတို့နှင့်တွေ့မှ ဘုရားအလောင်း သိတာမဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက ခမည်းတော် လယ်ထွန်မင်္ဂလာပွဲကျင်းပစဉ်ကတည်းက အာနာပါနကမ္မဋ္ဌာန်းထိုင်ပြီး ဈာန်ဝင်စားနိုင်ခဲ့တာပါ။ ပြီးတော့ ထိပ်တန်း ကမ္မဋ္ဌာန်းဆရာကြီး အာဠာရနှင့်ဥဒကဆိုတာ သူများတွေက စတုတ္ထဈာန် အထိ ဈာန်လေးမျိုးသာရရှိနေတုန်း သူတို့က ဈာန်ခြောက်ပါးတောင်ရနိုင်လို့ အလွန်နာမည်ကြီးနေတာပေါ့။ ဘုရားလောင်း သူတို့ဆီရောက်သွားတော့ သူတို့ရဲ့နည်းများကိုမေးမြန်းပြီး စမ်းသပ်ကြည့်ခဲ့တယ်မဟုတ်လား။ အဲဒီမှာ ဘုရားလောင်းက သူတို့ရတဲ့ဈာန်ခြောက်ပါးသာမက ဈာန်ရှစ်ပါးအထိရနိုင် ကြောင်း လက်တွေ့ပြလိုက်တော့ အဲဒီဆရာကြီးတွေက သူတို့ရဲ့ဂိုဏ်းဆရာ အဖြစ်ခံယူပြီး သူတို့နှင့်အတူ တရားကျင့်ပါလို့တောင် ဖိတ်ခေါ်ခဲ့တာပဲ။ ဘယ်မှာ သူတို့နည်းလမ်းကိုယူလို့လဲ၊ သူတို့ကို ဘယ်မှာဆရာတင်လို့လဲ။

'တို့ဘုရားလောင်းဟာ နောက်ကျင့်စဉ်တစ်မျိုးဖြစ်တဲ့ ဒုက္ကရစရိယာ နည်းလမ်းကိုလည်း စမ်းသပ်ကြည့်ခဲ့သေးတာပဲ၊အလွန်ပြင်းထန်စွာ ကျင့်ပြီးတဲ့ အခါမှာ အကြံတော်ဖြစ်ခဲ့တယ်။ 'ဒီကျင့်စဉ်ကို ငါ့လောက် ဘယ်သူမှ



ကာလဒေဝီလရသေ့ကိုပြခန်း

မြန်မာနိုင်ငံ ပုဂံမြို့၊ အာနန္ဒာဘုရားကြီး၊ အေဒီ ၁၁-ရာစု။

ပြင်းထန်စွာ ပင်ပန်းစွာကျင့်နိုင်မှာ မဟုတ်ဘူး၊ သူမတူအောင် အရိုးအရေဖုံးတဲ့အထိ ကျင့်ခဲ့တာတောင်မှ ဘာတရားထူးမှမရခဲ့ဘူး၊ ဒါကြောင့် ဒီကျင့်စဉ်ကို ငါ စွန့်ပစ်လိုက်တော့မယ်'ဆိုပြီး စည်းစိမ်အရသာ ခံစားရင်း ရသာတဏှာကို လွန်စွာစွဲမက်တဲ့ တစ်ဖက်စွန်းကိုရော၊ ဒုက္ကရစရိယာလို အစားအစာ လုံးဝမစားသလောက် ခြိုးခြံရတဲ့ အခြားတစ်ဖက်စွန်းကျင့်စဉ်ကိုရော နည်းလမ်းနှစ်ခုလုံးကိုစွန့်ပယ်ပြီး မျှတစွာသုံးဆောင်တဲ့ အလယ်အလတ်ကျင့်စဉ်ကိုသာ ကျင့်သုံးတော့မယ်လို့ ဆုံးဖြတ်တော်မူခဲ့တာပဲ။

'အေး–နောက်ထပ် မေးစရာတစ်ခု ပေါ်လာပြန်တယ်။ ဘုရားလောင်းဟာ ဈာန်ကျင့်စဉ်တွေကို ကိုယ်တိုင်သိပြီးဖြစ်ပေမယ့် အခြားအယူဝါဒရှိသူတွေထံက နည်းလမ်းမေးမြန်းပြီး ဘာပြုလို့ကျင့်ခဲ့သလဲ။ ဒုက္ကရစရိယာအကျင့်ဟာ အကျိုးမရှိမှန်းသိနိုင်ပေမယ့် ကိုယ်တိုင်အပင်ပန်းခံပြီး ဘာပြုလို့ ကျင့်ကြံအားထုတ်ခဲ့သလဲလို့ စောဒကတက်နိုင်ပါတယ်။

'ဒါကတော့ ဘုရားအလောင်းတော်ဟာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဆည်းပူးပြီးတော့ ဘုရားစင်စစ် ကေန်ဖြစ်မှာကို သိတော်မူပါတယ်။ ဒါပေမယ့် အဲဒီအချိန်အခါမှာ သူလိုပဲ ဘုရားဖြစ်ဖို့ကျင့်ကြံအားထုတ်နေတဲ့ ရသေ့ရဟန်းသူတော်စင်တွေဟာ တောတောင်အနှံ့အပြား ပေါ်များနေတဲ့ အခါဖြစ်တယ်။ ဘုရားလောင်းဟာ အမှန်စင်စစ် ဘုရားဖြစ်လာတော်မူပြီးရင် တရားရေအေးအမြိုက်ဆေးကို ဝေနေယျသတ္တဝါအများကို တိုက်ကျွေးတော်မူမယ်။ အဲဒီအခါမှာ သူ့ပရိသတ် ငါ့ပရိသတ် သူ့တပည့် ငါ့တပည့် စသည့် ပုဂ္ဂိုလ်ပေါင်းစုံ လာရောက်တရားနာကြမယ်၊ စုံစမ်းကြမယ်၊ မေးမြန်းကြမယ်၊ အကဲစမ်းဉာဏ်စမ်းကြမယ်။ မြတ်စွာဘုရားဟောကြားတဲ့ ဒေသနာတော်တွေမှာ ဒီအကြောင်းတွေ အများအပြားဖတ်ရှုနိုင်ပါတယ်။

'အဲဒီအချိန်အခါတွေမှာ မြတ်စွာဘုရားက မိမိရရှိထားတဲ့ သစ္စာလေးပါးတရားတော်နှင့် မဂ္ဂင်ရှစ်ပါးနည်းလမ်းကောင်းများကသာ တရားအမှန်ဖြစ်ကြောင်း၊ အခြားအခြားနည်းလမ်းတွေဟာ တရားထူးတရားမြတ်များ ရရာရကြောင်း နည်းလမ်းကောင်းမဟုတ်ကြောင်း၊ ကိုယ်တော်တိုင် စမ်းသပ်

ကျင့်ကြံပြီး သိရှိခဲ့ရပုံတွေကို အကုန်အစင်ပြန်လည်ဖော်ထုတ် ဟောတော်မူလေ့ရှိတယ်။ အဲဒါကြောင့် မဟုတ်မမှန်စကားမဖြစ်ရအောင် ကိုယ်တော်တိုင် တကယ်ကျင့်ကြံကြည့်ပြီး အကျိုးမများကြောင်း တကယ်သိတော်မူခဲ့တာဖြစ်ကြောင်း ဟောပြောပြသနိုင်အောင် တကယ်ပင်ပန်းဆင်းရဲခံပြီး တကယ်လက်တွေ့စမ်းသပ်ကြည့်တော်မူတာဖြစ်တယ်ကွယ့်။

'အေး–ရှေ့ဆက်ကြရအောင်၊ ပဉ္စဝဂ္ဂီငါးဦးဟာ ဘုရားအလောင်းတော်ကို တစ်ဦးတည်းထားပစ်ခဲ့ပြီးစွန့်ခွာသွားခဲ့တာဟာလဲ ရှေးယခင် ပွင့်တော်မူခဲ့ကြတဲ့ မြတ်စွာဘုရားများရဲ့ အတွေ့အကြုံတစ်ခုပဲကွယ့်။ မြတ်စွာဘုရားအလောင်းတော်ဟာ သဗ္ဗညုတရွှေဉာဏ်တော်ရခါနီးလာပြီဆိုရင် တစ်ဦးတည်းနေထိုင်ရဖို့အခြေအနေက အလိုလိုဖန်တီးပေးလာတယ်။

'အဲဒီလို တစ်ဦးတည်းနေထိုင်ပြီး အစာအာဟာရကို သင့်တင့်အောင်သုံးဆောင်လိုက်တော့ ကိုယ်တော်မြတ်ရဲ့အားအင်များ ပြန်လည်ပြည့်ဖြိုးလာတယ်။ အသားအရေစိုပြည်ပြည့်တင်းပြီး ဝါဝင်းလာတယ်။ ကိုယ်တော်မြတ်ရဲ့ လက္ခဏာကြီးလက္ခဏာငယ်များလည်း ပြန်လည်ပေါ်ထွန်းလာပြီး ကျက်သရေအပေါင်းနှင့် တင့်တယ်နေတော်မူတယ်။ အချိန်ကလည်း မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်သို့တိုင် ရောက်လာပြီ။ အဲဒီညမှာ ဘုရားအလောင်းတော်ဟာ အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူတယ်။ အဲဒီအိပ်မက်ကြီးများမြင်မက်ပြီး နံနက်မိုးသောက်ချိန်မှာ ကိုယ်တော်တိုင် အိပ်မက်ကြီးတို့၏နိမိတ်ကို ဖတ်တော်မူတယ်။ 'ငါသည် ယနေ့ပင် အမှန်မချွတ် ဧကန်ဘုရားဖြစ်တော်မူလိမ့်မည်' ဟု ဆုံးဖြတ်တော်မူလိုက်တယ်။

'ဘုရားအလောင်းတော်သည် လိုဏ်ဂူမှဆင်းပြီး ဆွမ်းခံရန်အလို့ငှာ သေနာနိဂုံးဆီသို့ ရှေ့ရှု၍ ကြွလာတော်မူခဲ့တယ်။ လမ်းခရီးမှာ ညောင်ပင်ကြီးတစ်ပင်အောက်တွင် ခေတ္တထိုင်တော်မူ၍ နားနေတော်မူစဉ် သုဇာတာအမည်ရှိတဲ့ အမျိုးသမီးကြီးတစ်ဦးရောက်လာ၍ ရွှေခွက်တွင်ထည့်ယူခဲ့သော ယနာနို့ဆွမ်းကို တရိုတသေဆက်ကပ်လှူဒါန်းတယ်ကွယ့်၊ ဘုရားအလောင်း

တော်သည် ယနာနို့ဆွမ်းကို(၄၉)လုပ်ပြုလုပ်ပြီး ဘုဉ်းပေးတော်မူတယ်။ အဲဒီနောက် နေရဥ္စရာမြစ်ကမ်းကိုဆင်းပြီး ရွှေခွက်ကိုင်ကာ အဓိဋ္ဌာန်ပြုတော်မူတယ်။ 'အကယ်၍ ငါသည် ယနေ့ ဘုရားဖြစ်ရန် ကြိုးပမ်းနိုင်ပါက ဤရွှေခွက်သည် ရေညာသို့ဆန်တက်ပါစေသား၊ ဘုရားဖြစ်ရန် မစွမ်းနိုင်ပါက ရေစုန်သို့မျောပါစေသား' အဲဒီလိုအဓိဋ္ဌာန်ပြုပြီး ရွှေခွက်ကို ရေမှာမျောလိုက်တော့ ရွှေခွက်ဟာ ရေစီးကြောင်းကိုဖြတ်ပြီး မြစ်လယ်ကို မျောသွားတယ်။ မြစ်လယ်ရောက်တော့ ဒုန်းစိုင်းပြေးနေတဲ့ မြင်းရဲ့အလျင်နဲ့ မြစ်ညာကို အတောင်ရှစ်ဆယ်ခန့် လျင်မြန်စွာဆန်တက်သွားပြီးမှ မြစ်ထဲကို နစ်မြုပ်သွားတယ်ကွယ့်။

'ဘုရားအလောင်းလည်း ဘုရားစင်စစ်ဖြစ်တော့မည် ကောန်အမှန်ကို သိရ၍ လွန်စွာဝမ်းမြောက်တော်မူပြီး နေရဥ္စရာမြစ်အနီးမှာရှိတဲ့ အင်ကြင်းတောမှာ ခေတ္တအနားယူတော်မူတယ်။ အဲဒီ နေ့လည်ခင်းမှာပဲ ကလေးဘဝကအားထုတ်ခဲ့တဲ့ အာနာပါနကမ္မဋ္ဌာန်းကိုစီးဖြန်းတော်မူတယ်။ အဲဒီအခါမှာ လောကီစျာန်သမာပတ်ရှစ်ပါးနှင့် အဘိညာဉ်ငါးပါးကို ဖြစ်ပွားစေတော်မူခဲ့တယ်။ ညနေချမ်းမှာ အင်ကြင်းတောကထွက်ခဲ့ပြီး ဗောဓိညောင်ပင်တည်ရှိရာသို့ ရှေးရှုထွက်ခဲ့တယ်။ လမ်းခရီးမှာ မြက်ထုပ်များထမ်းလာတဲ့ သောတ္ထိယ ခေါ်တဲ့ မြက်ထမ်းသမားက ဘုရားအလောင်းတော်ကို မြက်ရှစ်ဆုပ် လှူဒါန်းလိုက်တယ်ကွယ့်။

'ဘုရားအလောင်းတော်ဟာ ဗောဓိပင်ခြေရင်းရောက်တော့ ဗောဓိပင်ရဲ့အရှေ့ဘက် မလှမ်းမကမ်းမှာ မြက်ထမ်းသမားလှူလိုက်တဲ့ မြက်ရှစ်ဆုပ်ကို ကျဲဖြန့်လိုက်တာနှင့်တစ်ပြိုင်နက် လွန်စွာဆန်းကြယ်တဲ့ တစ်ဆယ့်ရှစ်တောင်ပမာဏရှိတဲ့ ရတနာပလ္လင်ကြီး ပေါ်ပေါက်လာတယ်။ ဘုရားအလောင်းတော်ဟာ အဲဒီပလ္လင်ပေါ်တက်ပြီး အရှေ့ဘက်မျက်နှာမူကာ ဗောဓိပင်ကြီးကို ကျောထောက်နောက်ခံပြုပြီး တင်ပျဉ်ခွေ ထိုင်တော်မူလိုက်တယ်။ ပြီးတော့ ကြောက်ခမန်းလိလိ ခိုင်မာလှတဲ့အဓိဋ္ဌာန်ကို ဒီလိုပြုတော်မူလိုက်သကွယ့်။

၁။ အရေမျှ ကျန်လိုလျှင် ကျန်ပါစေ၊

၂။ အကြောမျှ ကျန်လိုလျှင် ကျန်ပါစေ၊

၃။ အရိုးမျှ ကျန်လိုလျှင် ကျန်ပါစေ၊

၄။ ငါ၏တစ်ကိုယ်လုံး အသားအသွေးအားလုံးတို့ ခန်းခြောက်၍ သွားလိုလျှင်သွားစေ... ငါသည် ယခု ဖွဲ့ခွေထားသော တင်ပျဉ်ကို အဘယ်နည်းနှင့်မျှ ဖျက်လိမ့်မည်မဟုတ်။

'အဲဒီပလ္လင်တော်ပေါ်မှာ မာရ်နတ်အစရှိတဲ့ နှောင့်ယှက်ဖျက်ဆီးလာတဲ့ ရန်သူအပေါင်းကိုအောင်မြင်တော်မူခဲ့လို့ အပရာဇိတပလ္လင်တော်လို့ ခေါ်သကွယ့်။

အဲဒီလို ဘုရားဖြစ်တော်မူဖို့ နောက်ဆုံးအားထုတ်တာဟာ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ ညနေချမ်းအချိန်မှာ ဖြစ်တယ်။ အခုပြောခဲ့တဲ့ အပရာဇိတပလ္လင်တော်မှာထိုင်ပြီးတာနှင့်တစ်ပြိုင်နက် ဘုရားအလောင်းဟာ ငယ်စဉ်ကျင့်တော်မူခဲ့တဲ့ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတယ်။စတုတ္ထဈာန်ကိုရတော့ ဖြစ်ပေါ်လာတဲ့ တည်ငြိမ်အေးချမ်းထက်မြက်တဲ့ စိတ်အင်အားကိုအသုံးပြုပြီး ဝိပဿနာတရားများကို ဆက်လက်ရှုပွားတော်မူရင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကို ညဥ့်ဦးယံမှာရတော်မူတယ်ကွယ့်။ အဲဒီဉာဏ်တော်အားဖြင့် မိမိကိုယ်တော်တိုင်နှင့် အခြားသူများရဲ့ ရှေးဘဝများစွာကို မြင်နိုင်စွမ်းတော်မူတယ်။ သန်းခေါင်ယံခေါ်တဲ့ ညဥ့်အလယ်ပိုင်းမှာတော့ နတ်မျက်စိပမာ အကြီးအသေး နီးဝေးအကုန် ထိုးဖောက်မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူတယ်။ အဲဒီဉာဏ်တော်အားဖြင့် ဘဝတစ်ပါးပြောင်းကာနီးဆဲဆဲ ပုဂ္ဂိုလ်များကိုမြင်နိုင်ပြီး၊ နောက်ဘဝ ဘယ်မှာသန္ဓေယူမလဲဆိုတာကိုလည်း သိနိုင်တယ်ကွယ့်။

'မောင်ဝဏ္ဏတို့ စိတ်ဝင်စားပြီး ပိုမိုနားလည်ကြရအောင် ပြောရဦးမယ်။ အခုပြောခဲ့တဲ့ဉာဏ်တော်တွေဟာ လောကီဆိုင်ရာအဘိညာဉ်တန်ခိုးတွေနှင့်

သိမြင်နိုင်တာ ဖြစ်တယ်ကွယ့်။ အခုခေတ်မှာ (X-ray) ကိုသုံးပြီး ကိုယ်ခန္ဓာတွင်းက အရိုးပိုင်းများကို မျက်ဝါးထင်ထင်သိမြင်နိုင်အောင် ခေတ်ပုံပြင်မှာ ဖော်ယူနိုင်ကြတယ် မဟုတ်လား။ အဲဒါထက်ထူးကဲပြီး ဂြိုဟ်တုပေါ်မှာ တင်လွှတ်လိုက်တဲ့ကင်မရာနှင့် မြေပြင်မှာရပ်ထားတဲ့ မော်တော်ကားနံပါတ်တောင် ထင်ထင်ရှားရှား ရိုက်ယူနိုင်ပြီမဟုတ်လား။ အဲဒါတွေက သိပ္ပံဆရာတွေ နည်းပညာအတတ်တွေ တီထွင်ကြံဆထုတ်လုပ်ထားတဲ့ စက်ကိရိယာတွေပဲ။ ခေတ်ရောင်ခြည်တစ်မျိုးမျိုးလွှင့်ထုတ်ပြီး ထိုးဖောက်မြင်နိုင်အောင် ဆောင်ရွက်ထားချက်မျိုးသာဖြစ်တယ်ကွယ့်။

'တို့မြတ်စွာဘုရားအလောင်းတော်ကတော့ စတုတ္ထဈာန်ဝင်စားပြီး ရလာတဲ့ အဘိညာဉ်တန်ခိုးနဲ့ ကိရိယာတန်ဆာပလာမသုံးဘဲ ရောင်ခြည်များလွှတ်ပြီး ကြည့်တော်မူခဲ့နိုင်တာပဲ။ သိပ္ပံသဘောတရားမှာတော့ အတူတူပဲကွယ့် မောင်ဝဏ္ဏ။ ဒါကြောင့် တို့ကတော့ အဘိဓမ္မာတရားတွေဟာ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ အဆင့်အမြင့်ဆုံး သိပ္ပံပညာရပ်များလို့ဆိုချင်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုလည်း အရာရာကို သယမ္ဘူရွှေဉာဏ်တော်ဖြင့်သိတော်မူတဲ့ တုနှိုင်းမရှိသိပ္ပံပညာရှင်ကြီး (Supreme Scientist) ဖြစ်တော်မူတယ်လို့ ယူဆထားတယ်ကွယ့်။

'မိုးသောက်ယံခေါ်တဲ့ အရုဏ်တက်အချိန်မှာ သစ္စာလေးပါးမြတ်တရားစုကို ထိုးထွင်းသိမြင်တော်မူတယ်။ ကိလေသာအညစ်အကြေးဟူသမျှ အကုန်အစင် သုတ်သင်ရှင်းလင်းပြီး အာသဝက္ခယဉာဏ်၊ ဒါမှမဟုတ် အရဟတ္တမဂ်ဉာဏ်တော်ကိုရတော်မူတယ်။ အရဟတ္တမဂ်ဉာဏ်တော် ရတော်မူတာနှင့် တစ်ပြိုင်နက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ဆည်းခဲ့ရတဲ့ ပါရမီအပြားသုံးဆယ်တို့၏အကျိုးစွမ်းအင်ကြောင့် အရာခပ်သိမ်း အကုန်အစင်သိမြင်တော်မူတဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကိုလည်းရပြီးဖြစ်သွားတာပဲ။ အဲဒါ လူ, နတ်,ဗြဟ္မာဆိုတဲ့ လောကသုံးပါးမှာ အတုမရှိတဲ့ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဖြစ်ထွန်းပွင့်ပေါ်တော်မူလာတာပဲကွယ့်၊ ဒါကြောင့် တို့ရဲ့ဂေါတမမြတ်စွာ

ဘုရားကို 'သုံးလောကထွတ်ထား သဗ္ဗညုတဉာဏ်တော်သခင်ဘုရားရှင်' ဟု ရိုသေညွတ်ကျိုး ရှိခိုးပူဇော်ကြရတာပေါ့ကွယ်။

'အေး–မောင်ဝဏ္ဏာတို့ နားလည်သွားအောင် ထပ်ပြောရမယ်။ သဗ္ဗညုတဉာဏ်တော်ဆိုတာ သိသင့်သိထိုက်တာဟူသမျှ အကြွင်းအကျန်မရှိ အကုန်သိမြင်တော်မူတာကို ပြောတာ၊ မသိတာဆိုလို့ ဘာမှ မရှိဘူးတဲ့။ ဥပမာ–ဆိုပါတော့၊ မြတ်စွာဘုရားက တရားနာပရိသတ်ကို တရားဟောတော့မယ်ဆိုရင် (က) ဟောကြားမယ့်အကြောင်းအရာနဲ့ပတ်သက်လို့ အကြွင်းမရှိ၊ အားလုံးသိတော်မူတယ်။ (ခ) တရားနာပုဂ္ဂိုလ်တို့ရဲ့ သဘာဝအခြေအနေ၊ ဉာဏ်အမြင်အဆင့်အတန်း စတာတွေလဲ အကုန်အစင်သိတော်မူတယ်။ (ဂ) အခြေအနေအလိုက် ဟောပြမည့်တရားကိုလည်း အထိရောက်ဆုံး ဘယ်ပုံဘယ်နည်း ဟောပြရမယ်ဆိုတာ အကုန်အစင်သိတော်မူတယ်ကွယ့်။ ဒါလောက်တော့ မောင်ဝဏ္ဏာတို့သိထားရမယ်နော်။

'မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ရောက်တော်မူတော့ လောကသုံးပါး၌ အတုမရှိဖြစ်တော်မူသည့် မြတ်စွာဘုရားဟာ စိတ်နှလုံးအလွန်ရွှင်လန်းဝမ်းမြောက်တော်မူလှသဖြင့် ဥဒါန်းကျူးရင့်တော်မူတယ်ကွယ့်။ ဒါ အလွန်သဘာဝကျပေတာပဲ။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာမြင့်လှအောင် မသေတရား တစ်နည်း ဆင်းရဲဒုက္ခကင်းဝေးရာ နိဗ္ဗာန်ကို ဘဝဆက်တိုင်းဆက်တိုင်း ပါရမီအပြားသုံးဆယ်ဖြည့်ကျင့်ပြီးရှာဖွေခဲ့ရာ အဲဒီနေ့အဲဒီအချိန်မှာမျှော်လင့်တောင့်တခဲ့ရတဲ့နိဗ္ဗာန်ကို မျက်ဝါးထင်ထင်တွေ့မြင်ရတော့ ရွှင်လန်းဝမ်းမြောက်ခြင်းဖြစ်မယ်ဆိုတာ သိပ်သဘာဝကျတာပေါ့ကွယ်။

'ဥဒါန်းကျူးရင့်တယ်ဆိုတာ မိမိ၏အောင်မြင်မှုအတွက်နှစ်သက်ကြေနပ်လှတဲ့ ပီတိတွေပြည့်လျှမ်းလာလို့ ဖြစ်ပေါ်လာတဲ့စိတ်တော်ကို ဂါထာနှစ်ပိုဒ်နဲ့ ထုတ်ဖော်ပြတာကွယ့်။ ဒါပေမယ့် မြတ်စွာဘုရားက အဲဒီဂါထာနှစ်ပိုဒ်ကို စိတ်တော်မှာသာ ကျူးရင့်ခဲ့တာပါ။ နောင်အခါကျမှ ရှင်အာနန္ဒာက မေးလျှောက်လို့ ပြန်လည်ဟောကြားတာဖြစ်တယ်ကွယ့်။ အဲဒီဂါထာနှစ်ပိုဒ်

ဟာ အမှန်စင်စစ်တော့ မြန်မာနွယ်ဖွားဗုဒ္ဓဘာသာဝင်များအားလုံး ကြားသိဖူးကြတဲ့ ဂါထာတော်ပါပဲ။ ဒါပေမယ့် ဘယ်လိုဖြစ်ပေါ်ခဲ့တယ်၊ ဘယ်လိုဟောခဲ့တယ်၊ ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာတွေတော့ အများအားဖြင့် မသိကြဘူးကွယ့်။ မစူးစမ်းမိကြဘူး။ ဒါကြောင့် ဘိုးဘိုးက ရှင်းပြပေးပါမယ်။

'ဒီ အနေကဇာတိ သံသာရံ-အစချီတဲ့ ဂါထာနှစ်ပိုဒ်ကို မြတ်စွာဘုရားအား ရည်မှန်းကိုးကွယ်မယ့် ရုပ်တုတော် စေတီတော် စသည်တို့ကို ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားဖြင့် ပူဇော်ကြတဲ့အခါမှာ ဆရာတော်သံဃာတော်များက တံခွန်ကုက္ကား မုလေးပွားများ သပြေပန်းများကိုင်စွဲပြီး ရွတ်ဆိုပူဇော်ကြတဲ့ ဂါထာများဖြစ်သကွယ့်။ ရှင်တော်ဘုရားကိုယ်တော်တိုင် ရှေးဦး ဖော်ကျူးခဲ့တဲ့ဂါထာတော်များဖြစ်လို့ လွန်စွာအလေးဂရုပြုကြရတာပေါ့ကွယ်။ အရပ်စကားနှင့်တော့ ဆင်းတုတော် စေတီတော် စသည်တို့ကို အနေကဇာတင်တယ်လို့ ပြောဆိုကြတယ်မဟုတ်လား။

'ဂါထာတော်ရဲ့အနက်အဓိပ္ပာယ်ကလည်း ဗုဒ္ဓတရားတော်များရဲ့ အနှစ်သာရတို့ ပေါင်းစည်းစုဝေးပါရှိလို့ အလွန်အဖိုးထိုက်တန်လှတယ်ကွယ့်။ ဒီဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်နေရင် မြတ်စွာဘုရားကို တရားတော်နှင့် ပူဇော်နေရာ ရောက်လို့ အလွန်ထူးမြတ်တဲ့အကျိုးကျေးဇူးများရသကွယ့်။ မောင်ဝဏ္ဏတို့ ခုကတည်းက ကျက်မှတ်ကြဖို့ အဘိုးက တိုက်တွန်းသကွယ့်။

'ဒီဂါထာနှစ်ပိုဒ်မှာ မြတ်စွာဘုရားက တို့ကိုယ်စီဆောင်ထားရတဲ့ ဒီခန္ဓာကိုယ်ကို အိမ်နှင့်ဥပမာယှဉ်ပြထားတယ်၊ဒီခန္ဓာကိုယ်ကြီးရှိလို့ ဘဝအကြိမ်ကြိမ်ဆင်းရဲဒုက္ခများစွာတွေ့ကြရတယ်။ ဒုက္ခပေးလှတဲ့ ခန္ဓာကိုယ်တည်းဟူသောဒီအိမ်ကြီးကို ဘယ်လက်သမားက ဆောက်သလဲဆိုတာကိုသိချင်လို့ ရှာဖွေခဲ့တာ ဘဝသံသရာများလှပြီတဲ့၊ ဒီလက်သမားဘယ်သူလဲဆိုတာ သိမြင်နိုင်တဲ့ ဉာဏ်မရှိလို့ အဖန်ဖန်ပဋိသန္ဓေနေရတဲ့ ဆင်းရဲများကိုသာ ခံစားခဲ့ရပြီတဲ့။

'အခုတော့ ပညာမျက်စိနှင့်ကြည့်ရှုရှာဖွေနိုင်လို့ ဒီဒုက္ခပေးတဲ့ခန္ဓာအိမ်ကြီးကို တည်ဆောက်တဲ့လက်သမားကို တွေ့ပြီတဲ့။ အဲဒီလက်သမားက ဘယ်သူလဲဆိုတော့(တဏှာ)ဖြစ်သတဲ့၊ အဖန်ဖန်ပဋိသန္ဓေနေရတဲ့ ဆင်းရဲခြင်း

အကြောင်းဟာ(တဏှာ)ဖြစ်တယ်ဆိုတာ အရဟတ္တမဂ်ဉာဏ်တော်နှင့် သိမြင်ပြီတဲ့။

'(တဏှာ)ဆိုတဲ့လက်သမားဟာ ခန္ဓာကိုယ်အိမ်ကြီးကို (အဝိဇ္ဇာ)တည်းဟူသော အိမ်ခေါင်ထွတ်ရယ်၊ (ကိလေသာ)တည်းဟူသော အခြင်ရနယ်စသည်တို့နှင့် တည်ဆောက်နေတာတဲ့။ အခုတော့ မြတ်စွာဘုရားက အရဟတ္တမဂ်ဉာဏ် လက်နက်တော်ကိုသုံးပြီး (အဝိဇ္ဇာ)အိမ်ခေါင်ထွတ်နှင့် (ကိလေသာ)အခြင်ရနယ်တွေကို ချိုးဖျက်ပစ်လိုက်ပြီတဲ့။

'ဒါကြောင့် တဏှာလက်သမားဟာ ခန္ဓာကိုယ်တည်းဟူသော အိမ်ကို နောက်ထပ်တစ်ဖန် ဆောက်ခွင့်မရနိုင်တော့ဘူး။ (တဏှာ)နှင့် (အဝိဇ္ဇာ)ကို အကြွင်းမဲ့ချုပ်ငြိမ်းစေလိုက်ပြီတဲ့။

'အဲဒီလို လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကျူးရင့်လိုက်တဲ့ ဥဒါန်း၏ တရားအနှစ်တွေကို ရှင်းရှင်းလင်းလင်းမှတ်သားနိုင်အောင် ဘိုးဘိုး ထပ်ပြီး ပြောပြဦးမယ်။

၁။ အဖန်ဖန် ပဋိသန္ဓေနေရခြင်းဟူသော ဆင်းရဲခြင်းအကြောင်းသည် (တဏှာ)ဖြစ်သည်။

၂။ အဲဒီအချက်ကို မသိလို့ ဉာဏ်အမြင်မရှိလို့ (အဝိဇ္ဇာ) သံသရာ ရှည်လျားခဲ့ကြရသည်။

၃။ ခန္ဓာအိမ်ဆောက်တဲ့ (တဏှာ)လက်သမားကို ယခု ပညာမျက်စိ (ဝိဇ္ဇာဉာဏ်)ဖြင့် မြင်ရပြီ။

၄။ (တဏှာ)နှင့် (အဝိဇ္ဇာ)တို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းစေလိုက်ပြီ၊ ခပ်သိမ်းသော(တဏှာ) (ရာဂ)ချုပ်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကိုရပြီ။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီ။ သံသရာစက် လည်ပတ်မှုရပ်တန့်ပြီးဆုံးပြီ။

မောင်ဝဏ္ဏတို့အတွက် ပွဲဦးထွက်တရားသဘောများလို့ ယူဆပြီး ရိုရိုသေသေ လေးလေးစားစား မှတ်သားလေ့လာထားကြပေါ့ကွယ်။ ဒီ

အခြေခံတွေပေါ်မှာတည်မီပြီး ရှေ့ဆက်သင်ကြားလေ့လာကြရမှာနော်၊ မမေ့ကြနှင့်ကွယ်။

## သတ္တသတ္တာဟစံနေတော်မူခြင်း

'ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် မြတ်စွာဘုရားဟာ မဟာဗောဓိပင်ခြေတော်ရင်းမှ ရုတ်တရက် ထွက်ခွာသွားတော်မမူသေးဘူး။ ဗောဓိပင်တော်အနီး ပတ်ဝန်းကျင် ခုနစ်နေရာမှာလှည့်လည်ပြီး တစ်နေရာမှာ ခုနစ်ရက်စီ သီတင်းသုံးနေထိုင်တော်မူသကွယ့်။ အဲဒါကို သတ္တသတ္တာဟ စံနေတော်မူတယ်လို့ ပြောဆိုတာဖြစ်တယ်။


'မောင်ဝဏ္ဏတို့ ရောက်ရှိဖူးမြော်ဘူးတဲ့ အချို့စေတီပုထိုးများကို ဝိုင်းရံလျက် ခုနစ်နေရာမှာ အထိမ်းအမှတ်အဆောက်အအုံ ရုပ်တုပုံတော် စတာတွေ တည်ဆောက်ပူဇော်ထားတာ တွေ့ခဲ့မြင်ခဲ့ကြဘူးမှာပေါ့။ အဲဒါတွေ သမိုင်းနောက်ခံက ဘယ်လိုရှိတယ်၊ ဘယ်လိုကြည်ညိုဖွယ်ဖြစ်တယ်ဆိုတာတော့ ကောင်းကောင်းမသိကြဘူးမဟုတ်လား။ အေး၊ အဲဒီအကြောင်းများနှင့် ပတ်သက်ပြီး သိသင့်တာတွေ ကြည်ညိုစရာတွေ ဘိုးဘိုးပြောပြမယ်၊ ကောင်းကောင်းနားထောင်ကြနော်။

၁။ ပလ္လင်္ကသတ္တာဟ။ ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော် (၁)ရက်နေ့သို့ ရောက်ကာစအချိန်မှာ အပရာဇိတပလ္လင်တော်၌ထိုင်နေတော်မူစဉ် ရှင်တော်မြတ်ဘုရားဟာ ဒီလိုကြံစည်တော်မူသတဲ့။ 'ဒီအပရာဇိတပလ္လင်တော်ကိုရရှိဖို့ရန် ပါရမီအပြားသုံးဆယ်ကိုဖြည့်ဆည်းပြီး ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရပြီ၊ ဦးခေါင်းများစွာဖြတ်၍လည်း လှူခဲ့ပြီ၊ မျက်လုံးတော်အစုံပေါင်းများစွာ နှလုံးသားပေါင်းများစွာကိုလည်း လှူခဲ့ပြီးပြီ၊ ဝေဿန္တရာဇာတ်တော်မှာလာသလိုပဲ သားတော် သမီးတော်ပေါင်းများစွာ ဇနီးပေါင်းများစွာကိုလည်း အလှူခံပုဂ္ဂိုလ်များကို လှူခဲ့ပြီးပြီ။ ဤပါရမီကုသိုလ်ပေါင်းများစွာတို့၏ တန်ခိုးအာနုဘော်တွေကြောင့် ဤအပရာဇိတပလ္လင်တော်ကို ရရှိခဲ့ပြီ။ ဤပလ္လင်တော်မှနေ၍ ဒေဝပုတ္တမာရ်နတ်အပါအဝင် မာရ်ငါးပါး

ကိုလည်း အောင်မြင်ခဲ့ပြီ၊ ဘုရားဖြစ်ရန် တောင့်တလိုလားခဲ့သမျှအားလုံးလဲ ပြည့်စုံပြီ၊ ဒီလိုကျေးဇူးများလှသော ပလ္လင်တော်မှ ငါမထသေး'ဟု ကြံစည်ပြီး အရဟတ္တဖိုလ်သမာပတ်ကိုဝင်စားကာ ပလ္လင်တော်ပေါ်မှာပဲ ခုနစ်ရက်ကြာ ဆက်လက်သီတင်းသုံးနေတော်မူခဲ့သကွယ့်။ အဲဒီခုနစ်ရက်ကို ပလ္လင်္က သတ္တာဟလို့ခေါ်သကွယ့်။

၂။ အနိမိသသတ္တာဟ။ အဲဒီလို ခုနစ်ရက်ပတ်လုံး အပရာဇိတပလ္လင် တော်၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားသုံးဆောင်နေတော်မူတာကို အရိယာ ဖြစ်ပြီးတဲ့ နတ်ပြဟ္မာတို့ကတော့ ကောင်းကောင်းသိကြတာပေါ့။ ဒါပေမယ့် ပုထုဇဉ်နတ်ပြဟ္မာတို့က ပလ္လင်တော်က ထတော်မမူသေးတာဟာ ဘုရား စင်စစ်မဖြစ်သေးလို့ အားထုတ်နေရဆဲဖြစ်တယ်လို့ ယုံမှားသံသယဖြစ်ကြ သတဲ့ကွယ်၊ အဲဒီယုံမှားမှုဖြစ်နေကြတာကို သိရှိတော်မူတဲ့ မြတ်စွာဘုရားဟာ ရှစ်ရက်မြောက်နေ့မှာ အရဟတ္တဖိုလ်သမာပတ်မှ ထတော်မူလိုက်တယ်။ ပြီးတော့ ယုံမှားမှုကိုပယ်ဖျောက်ပစ်ရန် ကောင်းကင်သို့ပျံတက်ပြီး ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကိုပြတော်မူသကွယ့်၊ ယမိုက်ပြာဋိဟာလို့ခေါ်တယ်၊ ကိုယ်တော်ရဲ့မျက်လုံးအစုံ နားအစုံ ဝဲဘက်ယာဘက်အစုံတို့မှ မီးပွားမီးပန်း များ၊ ရေပန်းရေပွင့်များ၊ တစ်မျိုးစီတစ်မျိုးစီ ပြောင်းလဲထွက်ပေါ်နေအောင် တန်ခိုးပြခြင်းပဲကွယ့်၊ ဒီပြာဋိဟာနှင့်ပတ်သက်ပြီး မောင်ဝဏ္ဏတို့ ပိုပြီးနားလည် အောင် နောက်မှထပ်ပြီးရှင်းပြဦးမယ်။

'အဲဒီလို ရေမီးအစုံအစုံတန်ခိုးပြာဋိဟာပြတော်မူကာ အချို့နတ်ပြဟ္မာ တို့ရဲ့ယုံမှားမှုကို ပယ်ရှားတော်မူပြီးတော့ ကောင်းကင်မှဆင်းသက်တော် မူတယ်ကွယ့်၊ ပြီးတော့ ပလ္လင်တော်မှထတော်မူကာ အပရာဇိတပလ္လင်တော်မှ အရှေ့မြောက်အရပ် လေးဆယ့်ရှစ်တောင်အကွာလောက်မှာ တည်ငြိမ်စွာ ရပ်နေတော်မူတယ်။ အဲဒီလိုရပ်တော်မူနေရင်း အရဟတ္တမဂ်ဉာဏ်နဲ့ သဗ္ဗညုတဉာဏ်တော်ရတော်မူခဲ့ရာ အပရာဇိတပလ္လင်နှင့် မဟာဗောဓိပင် တို့ကို မျက်လုံးတော်မမှိတ်ဘဲ ခုနစ်ရက်တိတိကြည့်ရှုနေတော်မူတယ်ကွယ့်၊ အဲဒီခုနစ်ရက်ကို အနိမိသသတ္တာဟလို့ခေါ်သကွယ့်၊ အဲဒီလို မိမိအောင်မြေ



မဟာဗောဓိစေတီတော်

အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ အေဒီ ၁၄-ရာစု။

ဖြစ်တဲ့ မဟာဗောဓိပင်ခြေနှင့် ပလ္လင်တော်တို့ကို မမှိတ်မသုန်စိုက်ကြည့်ပြီး နေတော်မူတာလဲ အလွန်သဘာဝကျလှလို့ ဘိုးဘိုးတော့ သိပ်ကြည်နူးမိသကွယ့်။ လွန်စွာထူးကဲတဲ့ အောင်မြင်မှုရယ်၊ မနှိုင်းယှဉ်နိုင်အောင် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ရယ်၊ သူမတူအောင်ထူးခြားတဲ့အပြုအမူရယ်၊ အဲဒီသုံးခုဟာ အလွန်လိုက်ဖက်ညီတဲ့ ကိစ္စရပ်တွေပဲ။ သာမန်လူတွေရဲ့ အမြင် အတွေးအခေါ်နှင့် နားလည်လွယ်လှမှာ မဟုတ်ဘူးကွယ့်၊ သဒ္ဓါကြည်ညိုမှုအခံကောင်းမှ မြင်နိုင်စွမ်းရှိမယ်။

၃။ စင်္ကြံမသတ္တာဟ။ ထို့နောက် ထိုရပ်တော်မူရာနှင့် မဟာဗောဓိပင်အကြား အရှေ့အနောက် အတောင်ခြောက်ဆယ်ရှည်လျားသော ရတနာစင်္ကြံလမ်း၌ တရားတော်ကိုဆင်ခြင်ကာ ဖလသမာပတ်ဝင်စားလိုက်၊ လူးလာတုံ့ခေါက် ခုနစ်ရက်လုံးလုံး စင်္ကြံသျှောက်လှမ်းလိုက်နှင့်နေတော်မူသကွယ့်။ အဲဒီခုနစ်ရက်ကို ရတနစင်္ကြံမသတ္တာဟလို့ခေါ်ရသကွယ့်။

၄။ ရတနဃရသတ္တာဟ။ အဲဒီနောက် မြတ်စွာဘုရားဟာ မဟာဗောဓိပင်ရဲ့အနောက်မြောက်ထောင့် အတောင်လေးဆယ်ကွာအရပ်သို့ ကြွတော်မူပြီး နတ်ဗြဟ္မာတို့ဖန်ဆင်းထားတဲ့ ရတနဃရရွှေစံကျောင်းတော်မှာ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးနေထိုင်တော်မူတယ်ကွယ့်။ အဲဒီလို နေထိုင်တော်မူရာမှာ မြတ်စွာဘုရားဟာ အဘိဓမ္မာတရားတော်များကိုဆင်ခြင်တော်မူတယ်ကွယ့်။ အဘိဓမ္မာခုနစ်ကျမ်းမှာလဲ ရှေ့ပိုင်းကျမ်းတွေကို သုံးသပ်ဆင်ခြင်တော်မူတုန်းက မြတ်စွာဘုရားကိုယ်တော်မှ ထူးထူးခြားခြားရောင်ခြည်တော်များ မကွန့်မြူးခဲ့ကြဘူးကွယ့်၊ နောက်ဆုံးဖြစ်တဲ့ မဟာပဋ္ဌာန်းကျမ်းမြတ်တော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူတဲ့အခါကျတော့မှ သဗ္ဗညုတရွှေဉာဏ်တော်ကြီးဟာ အတိုင်းအဆမရှိဖြန့်ကျက်ပြီး ကွန့်မြူးနိုင်ခဲ့သကွယ့်၊ မြတ်စွာဘုရားရှင်ရဲ့သန္တာန်တော်မှာလည်း အလွန်နှစ်သက်ဝမ်းမြောက်ခြင်းပီတိတရားတွေ ဖြစ်ပွားသကွယ့်။

'မြတ်စွာဘုရားစိတ်တော်ဟာ အထူးကြည်လင်တော့ အသွေးအသားများလည်း အထူးကြည်လင်ပြီး အရေတော်များလည်း ကြည်လင်လာကာ

ကိုယ်တော်အစိတ်စိတ်မှ ရောင်ခြည်တော်များ တဖိတ်ဖိတ်ဖြာထွက်ပြီး အရှေ့အရပ်မျက်နှာ အနန္တစကြဝဠာတို့ဆီသို့ မြူးကွန့်ပြေးသွားကြသကွယ့်။

'အေး၊ ဒီနေရာမှာ မင်းတို့ စိတ်ဝင်စားစရာအကြောင်းတစ်ခု ဘိုးဘိုး ပြောပြဦးမယ်။ တရုတ်ပြည်ကြီးဆိုတာ အလွန်ရှေးကျတဲ့ အချိန်အခါကပဲ ယဉ်ကျေးမှုထွန်းကားခဲ့တဲ့ တိုင်းကြီးပြည်ကြီးဖြစ်သကွယ့်၊ ရှေးကတည်းက လည်း မှတ်တမ်းမှတ်ရာ ပြည့်ပြည့်စုံစုံထားရှိတဲ့အလေ့အထလည်း ရှိခဲ့ တယ်ကွယ့်။ အေး၊ ရှေးတရုတ်ရာဇဝင်မှတ်တမ်းတစ်ခုအရ ငါးခုမြောက် တေတုနိုင်ငံတော် ချောင်ဝမ်မင်းတရားကြီးနန်းစံ(၂၆)နှစ်မြောက်အချိန် တုန်းက အနောက်တောင်အရပ်မှာ မမြင်စဖူး ထူးကဲတဲ့ရောင်ခြည်တန်းကြီး တစ်ခု တောက်ထွန်းနေတာကို မင်းကြီးရောပြည်သူများပါ တွေ့ကြရသတဲ့။ မင်းကြီးက ထိုအရောင်တော်၏အဖြစ်အပျက်အတိတ်နိမိတ်များအကြောင်းကို ပညာရှိများအားမေးမြန်းတော့ ပညာရှိများက ရောင်ခြည်တော်ထွန်းလင်းရာ အရပ်မှာ လောကတွင်မပေါ်ဖူးသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါး ပေါ်ထွန်း လာသည့်နိမိတ်ဖြစ်ကြောင်း လျှောက်ထားကြတယ်။ ပြီးတော့ ထိုအရှင်မြတ်ရဲ့ အဆုံးအမသာသနာတော်ဟာ နောင်နှစ်ပေါင်းတစ်ထောင်လောက်တွင် တရုတ်နိုင်ငံသို့ ရောက်ရှိစည်ပင်ထွန်းကားပါလိမ့်မယ်လို့လဲ ဟောကိန်း ထုတ်ကြသကွယ့်။

'မင်းကြီးက လွန်စွာကြည်ညိုလေးမြတ်စွာနှင့်ဤအရာများကိုနိုင်ငံတော် မှတ်တမ်းများတွင် ရေးသွင်းထားကြလို့ အမိန့်တော်ချမှတ်ခဲ့သတဲ့ကွယ်။ အေး၊ အဲဒီမှတ်တမ်းတင်ခဲ့တဲ့အချိန်ကာလဟာ လောကသုံးပါး၌ မြတ်ဗုဒ္ဓ ပွင့်တော်မူချိန်နှင့် တိုက်ဆိုင်နေကြောင်းတွေ့ကြရသကွယ့်။ ထို အလင်း ရောင်ခြည်တန်းကြီးသည် ဗုဒ္ဓမြတ်စွာဘုရား ရတနဃရသတ္တာဟမှာ ပဋ္ဌာန်း ဒေသနာတော်ကြီးကို ဆင်ခြင်သုံးသပ်ရာမှဖြစ်ပေါ်လာတဲ့ အလင်းရောင်ကြီး ဖြစ်မည်ဟု သိပ္ပံပညာရှင်များကမှတ်ချက်ချခဲ့ကြသကွယ့်။ အဲဒီလို အလင်း ရောင်ကြီးဖြစ်ပေါ်ဖို့ဟာ သိပ္ပံပညာအရ စွမ်းအားများစွာလိုလိမ့်မယ်ဟု ခန့်မှန်း ပြောဆိုကြသကွယ့်။

'အေး–အဲဒီနောက် သာသနာတော် ၆၀၄–ခုနှစ်မှာ လင့်အမျိုးအနွယ် ဘုရင်မင်းထီးဟာ တစ်ညမှာ ထူးခြားတဲ့အိပ်မက် မြင်သတဲ့ကွယ်။ နေရောင် ပမာ ရောင်ခြည်တွေဖြာလျက် အလွန်ကြည်ညိုဖွယ်တင့်တယ်လှတဲ့ ရွှေဆင်းတုတော်တစ်ဆူဟာ ကောင်းကင်မှကြွလာပြီး ကောင်းကင်မှာရပ်တန့် တော်မူနေတာကို ဖူးတွေ့ရကြောင်း အိပ်မက် မြင်မက်သတဲ့ကွယ်။ နံနက် ညီလာခံသဘင်မှာ မင်းကြီးက သူမြင်မက်တဲ့အိပ်မက်ကို ပညာရှိတွေပြောပြ တယ်။ ပညာရှိပုရောဟိတ်ကြီး ဖူရီက မြတ်စွာဘုရားရှင်ရဲ့သာသနာတော် ဟာ တရုတ်ပြည်ကြီးသို့ မကြာခင်ရောက်လာမည့် ကောင်းမြတ်တဲ့နိမိတ် ဖြစ်ကြောင်း လျှောက်ထားသကွယ့်။

'မင်းထီးဘုရင်ကြီးဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အနောက်တောင် အရပ်မှ အလင်းရောင်ကြီးမြင်ရသည်ဆိုတဲ့ ရှေးက ရာဇဝင်မှတ်တမ်းဟာ မှန်ကန်တာပေါ့လို့ မိန့်မြွက်သတဲ့၊ ပြီးတော့ မှူးမတ်ပညာရှိသုံးဦး ခေါင်းဆောင် တဲ့ သုတေသနအဖွဲ့တစ်ဖွဲ့ကို မဇ္ဈိမဒေသသို့ စေလွှတ်လိုက်တယ်။ အဲဒီ အဖွဲ့ဟာ သာသနာ ၆၀၈–ခုနှစ်မှာ စတင်ခရီးထွက်ခဲ့ကြပြီး ကနိဿျကမင်းကြီး သာသနာပြုခဲ့တဲ့ ဂန္ဓာရတိုင်းကိုရောက်ကြသကွယ့်၊ အဲဒီမှာ ကဿပမာတင်္ဂ ဆိုတဲ့ မဟာယာနဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးကို တွေ့ကြုံဖူးမြော်ရပြီး သူတို့ လာခဲ့တဲ့အကြောင်းရင်းကို လျှောက်ထားသတဲ့။ အတိုချုံးပြောရရင် အဲဒီအရှင်ကို တရုတ်ပြည်ကို သာသနာပြုရန်ပင့်လျှောက်ပြီး ဓာတ်တော် ဆင်းတုတော်နှင့် ကျမ်းစာများပါသယ်ဆောင်ပြီး တရုတ်ပြည်ပြန်သွားကြတာ သာသနာ ၆၁၁–ခုမှာ မင်းထီးဘုရင်ကြီးထံ ပြန်ရောက်ကြတယ်ကွယ့်။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာနှင့် ရဟန်းတော်အရှင်မြတ်များနှင့် ဓာတ်တော်ဆင်းတုတော်များအတွက် ကြီးကျယ်ခမ်းနားတဲ့ ကျောင်းကြီး တည်ဆောက်ကိုးကွယ်သတဲ့။ ယူဆောင်လာခဲ့တဲ့ မဟာယာနကျမ်းများကို တရုတ်ဘာသာပြန်ဆိုကြသတဲ့၊ အဲဒါ တရုတ်ပြည်သို့ မဟာယာနဗုဒ္ဓဘာသာ ပထမဆုံးရောက်ရှိအခြေချတဲ့ သမိုင်းအကျဉ်းချုပ်ပဲကွယ့်။ အဲဒီသမိုင်းအရ တရုတ်ပြည်စရောက်တဲ့ သာသနာဟာ ထေရဝါဒ ဗုဒ္ဓဘာသာမဟုတ်ဘူး

ဆိုတာ နားလည်ထားကြရမယ်။ ကိုင်း သတ္တသတ္တာဟအကြောင်း ပြန်ဆက်ကြဦးစို့။

၅။ အဇပါလသတ္တာဟ။ အဲဒီနောက် ဗောဓိပင်ရဲ့အရှေ့ဘက် တစ်ရာ့နှစ်ဆယ်တောင်ကွာအရပ်မှာ ဆိတ်ကျောင်းသားတို့နားနေရာ အဇပါလညောင်ပင်သို့ မြတ်စွာဘုရားကြွတော်မူပြီး ခုနစ်ရက်ကြာ ဖလသမာပတ်ဝင်ကာ နိဗ္ဗာန်ချမ်းသာကိုခံစားနေတော်မူတယ်။ အဲဒီခုနစ်ရက်ကို အဇပါလသတ္တာဟလို့ ခေါ်သကွယ့်။

၆။ မုစလိန္ဒသတ္တာဟ။ အဇပါလညောင်ပင်ကနေ ဗောဓိပင်ရဲ့အရှေ့တောင်ထောင့် အတောင်နှစ်ရာကွာ ကျည်းပင်ကြီးရှိရာသို့ ကြွသွားတော်မူတယ်ကွယ့်။ အဲဒီ ကျည်းပင်ကြီးအနီးမှာလည်း မုစလိန္ဒလို့ခေါ်တဲ့ ရေအိုင်တစ်ခုရှိသကွယ့်။မြတ်စွာဘုရားဟာ ကျည်းပင်ကြီးအောက်မှာ ဖလသမာပတ်ဝင်စားပြီးနေတုန်း ခုနစ်ရက် စွေသောမိုးကြီးရွာသွန်းလာတယ်။ ရာသီဥတုလဲ အလွန်ချမ်းအေးသကွယ့်။ အဲဒီတော့ အဲဒီရေအိုင်ကိုအုပ်စိုးတဲ့ နဂါးမင်းက မြတ်စွာဘုရား လေမိုးကာကွယ်ရန်နှင့် အအေးဒဏ်မခံစားရအောင် မိမိကိုယ်နှင့် ဘုရားရှင်ကိုရစ်ပတ်ကာ ကာကွယ်စောင့်ရှောက်ပေးသကွယ့်၊ ဦးထိပ်မှာလည်း ပါးပျဉ်းဖြင့်အုပ်မိုးပေးသကွယ့်။ အဲဒီခုနစ်ရက်ကို မုစလိန္ဒသတ္တာဟဟုခေါ်သကွယ့်။

၇။ ရာဇာယတန သတ္တာဟ။ အဲဒီမှတစ်ဆင့် မြတ်စွာဘုရားဟာ ဗောဓိပင်ရဲ့တောင်ဘက် အတောင်တစ်ရာ့ခြောက်ဆယ်ကွာ ရာဇာယတနခေါ်တဲ့ လင်းလွန်းပင်အောက်သို့ကြွတော်မူပြီး ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ဝင်စားပြီး နိဗ္ဗာန်ချမ်းသာကိုခံစားတော်မူနေပြန်တယ်ကွယ့်၊ အဲဒီခုနစ်ရက်ကို ရာဇာယတနသတ္တာဟလို့ခေါ်သကွယ့်။

'ဒီသတ္တာဟမှာ မြန်မာပြည်က ရွှေတိဂုံစေတီတော်မြတ်ကြီးဖြစ်ပေါ်လာရန် အကြောင်းဆိုက်ခဲ့သကွယ့်၊ ဥက္ကလာပတိုင်းက တပုဿနှင့်ဘလ္လိကညီနောင်ကုန်သည်နှစ်ဦးဟာ မြတ်စွာဘုရားကို ရှေးဦးဖူးမြော်ရတဲ့ လူသားနှစ်ဦးအဖြစ် ထူးခြားထင်ရှားလာခဲ့တယ်။

## မြတ်ဘုရားရွှေတိဂုံထီးတော်တင်လှူပွဲကြီး

'ဘိုးဘိုးတို့ ခမ္မစကားဝိုင်းမှာ တပုဿ၊ ဘလ္လိက ညီနောင်တို့ ကျေးဇူးကြောင့် မြန်မာပြည်ကို ဗုဒ္ဓဆံတော်ရှင်ရှစ်ဆူရောက်ရှိလာတယ်၊ စေတီအဖြစ် တည်ထားကိုးကွယ်ကြတယ်လို့ ဘိုးဘိုးပြောပြနေတုန်း အေး–အခုတိုက်တိုက်ဆိုင်ဆိုင်ပဲ ရွှေတိဂုံစေတီတော်မြတ်ထီးတော်တင်ပွဲကြီး ဖုံဖုံဖိုးအုံ့ဖွယ်ဆင်နွှဲကြရာမှာ ဘိုးဘိုးတို့လဲ ပါဝင်ကုသိုလ်ပြုနေကြခဲ့လို့မဟုတ်လား။ အေး၊ ဘိုးဘိုးတို့ မောင်ဝဏ္ဏတို့ ဒီအချိန်အခါ မြန်မာပြည်မှာ လူ့ဘဝရောက်ရှိနေတာ၊ ဒီအချိန်အထိ ဘိုးဘိုးကျန်းမာစွာနှင့် အသက်ရှင်နေရသေးတာတို့ဟာ အလွန်ထူးတဲ့ကုသိုလ်ပဲလို့ ယူဆကြရမယ်ကွယ့်။ တစ်သက်တစ်ခါတွေ့ခဲကြုံခဲတဲ့ မင်္ဂလာပွဲကြီးပေပဲ။

'ဥက္ကလာပတိုင်းမှ တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်ဟာ ဇမ္ဗူဒီပမှာ ပွင့်တော်မူလာတဲ့ ဗုဒ္ဓမြတ်စွာဘုရားကို ရှေးဦးစွာဖူးတွေ့ရကြောင်း ပြောပြခဲ့ကြတယ်မဟုတ်လား။ အဲဒီလို လူသားထဲက ထူးကဲတဲ့ အမျိုးသားနှစ်ဦး အကြောင်းပြုပြီး မြန်မာပြည်မှာ လေးဆူဓာတ်ပုံ ရွှေတိဂုံလို့ ကမ္ဘာတစ်ဝန်း ထင်ရှားကျော်ကြားတဲ့ စေတီတော်မြတ်ကြီးဖြစ်ပေါ်လာခဲ့ရတာဟာ အလွန်စိတ်ဝင်စားစရာကောင်းသကွယ့်။ အဲဒီအကြောင်းစုံ ပြောပြရမှာကို ဘိုးဘိုး အလွန်စိတ်ကြည်နူးရသကွယ့်။

'တိုက်တိုက်ဆိုင်ဆိုင်ပဲ တိုင်းပြည်အေးချမ်းသာယာဖို့ ဖွံ့ဖြိုးတိုးတက်စေဖို့ နေ့မအားညမနား တက်စုံရွက်စုံဖွင့်ပြီး ကြိုးပမ်းနေတဲ့ နိုင်ငံတော်အစိုးရဟာ မြန်မာတို့ရဲ့အထွတ်အထိပ် ကိုးကွယ်ပူဇော်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဘက်စုံမွမ်းမံပြုပြင်ခဲ့တာ အခုဆို စေတီတော်မြတ်ကြီးမှာ စိန်ဖူးတော်၊ ငှက်မြတ်နားနှင့်တကွ ထီးတော်မြတ်ကြီးကို သစ်သစ်လွင်လွင် အပြီးသတ်တပ်ဆင်ပူဇော်ကြတော့မယ်။ ကြုံတောင့်ကြုံခဲ မင်္ဂလာပွဲတော်အခါကြီးပေပဲကွယ့်။

'မြန်မာတို့ ဘုန်းကံညှိုးနွမ်းပြီး ဂုဏ်သိက္ခာကျဆင်းနေချိန်က မင်းတုန်းမင်းတရားကြီးဟာ မိစ္ဆာနယ်ချဲ့ ကုလားဖြူဘုရင်ခံထံမှာ မျက်နှာငယ်ကလေး

နှင့် တောင်းပန်တိုးလျှိုးပြီးမှ ပျက်စီးနေတဲ့ထီးတော်ကြီးကို ပြုပြင်ခွင့်ရခဲ့ကြတယ်ကွယ့်။ အဲဒီလို ဂုဏ်သိန်ငယ်စွာနှင့် တင်ခဲ့ရတဲ့ ထီးတော်ကြီးဟာ အခုအခါ သဘာဝရသဘောအလျောက်ပျက်စီးချိန်ရောက်ပြန်လို့ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ဖို့တာဝန်ဟာ လက်ရှိနိုင်ငံတော်အစိုးရအပေါ် ကျရောက်လာခဲ့တာပေါ့။ အဲဒီလို ရွှေတိဂုံစေတီတော်ကြီးရဲ့ ပျက်စီးဟောင်းနွမ်းနေတဲ့ ထီးတော်ကြီးကို အဖက်ဖက်မှပြည့်စုံလုံလောက်စွာ ပြင်ဆင်မွမ်းမံပြီး ပြန်လည်တပ်ဆင်ခြင်း၊ စေတီတော်တစ်ဆူလုံး ရွှေသင်္ကန်းအပြည့်ကပ်လှူခြင်း စတဲ့ဆောင်ရွက်မှုတွေဟာ အလွန်မင်္ဂလာအပေါင်းနှင့်ပြည့်စုံတဲ့ တိတ်ကောင်းနိမိတ်ကောင်း ကျက်သရေပေါင်းခတဲ့ ကောင်းမှုကုသိုလ်ကြီး တစ်ရပ်ဖြစ်တယ်လို့ ဘိုးဘိုးပြောချင်တယ်ကွယ့်။

'ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တပ်ဆင်ရာအထိ တက်ရောက်ပူဇော်ပြီး ရောင်တော်များဖွင့်ကာ ရေစင်များသွန်းလောင်းတိုင်း ဘိုးဘိုးမှာ ပီတိလှိုင်းတွေဝေဖြာရသကွယ့်။

'ဘာ့ကြောင့်လဲဆိုတာ ပြောပြမကွယ့်။ တို့ ဗုဒ္ဓဘာသာမြန်မာတွေ အထွတ်အမြတ်ထားပြီး ပူဇော်ကိုးကွယ်ကြတဲ့ မြတ်ရွှေတိဂုံစေတီတော်ကို ၁၈၂၄-ခုနှစ်ကစပြီး မိစ္ဆာတို့စစ်ဖိနပ်တွေနှင့် တက်ရောက်ကျူးကျော်စော်ကားခဲ့တာကို ဘိုးဘိုးငယ်ငယ်တုန်းကစပြီး အသည်းခိုက်ခိုက် နာနေခဲ့တာကွယ့်။ စေတီတော်ကြီးရဲ့ ပထမပစ္စယံအထိတက်ပြီး အမြောက်တွေတပ်ဆင်ကာ အဲဒီကနေ မြန်မာတပ်တွေကိုချေမှုန်းခဲ့ကြကာတွေကို မျက်စိထဲမြင်မြင်ပြီး မကြေချမ်းခဲ့ရတယ်ကွယ့်။

'၁၉၂၀-ပြည့်နှစ်ကစပြီး မြန်မာတွေညီညာဖြဖြန်းကြားလာကြပြီး ဝံသာနုခေတ်မှာ စတင်အရေးဆိုကြမှ စေတီရင်ပြင်မှထွက်ခွာသွားခဲ့ကြသော်လည်း ဘိုးဘိုးက ဒီမိစ္ဆာတွေအခြေချနေထိုင်သွားကြတဲ့ စေတီပတ်ဝန်းကျင်တစ်ခုလုံး မသတီစရာ ညစ်ညမ်းပေကျံနေခဲ့တယ်လို့ တစ်သက်လုံး ထင်မှတ်စွဲလန်း

နေခဲ့တာကွယ့်။ သာသနာအရောင် ဘာသာအရောင် အမျိုးဂုဏ်ရောင်လဲ ညှိုးမှိန်သေးသိမ်ခဲ့ရတယ်လို့သဘောထားတယ်။ လွတ်လပ်ရေးရပြီးတော့ မိစ္ဆာနယ်ချဲ့တို့ရဲ့ ကလိန်ဉာဏ်အမျိုးမျိုးကြောင့် စည်းလုံးညီညွတ်ခဲ့ကြတဲ့ မြန်မာတိုင်းရင်းသားတွေလဲ ဥက္ကဲသိုက်ပျက်ဖြစ်ကြရပြီး ကမ္ဘာ့အလယ်မှာ ညှိုးငယ်နေကြရတာပဲမဟုတ်လား။

'ဟော အခုတော့ တိုင်းရင်းသားများ စည်းလုံးညီညွတ်ကြပြီး လက်တွဲညီညာစွာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလိုက်ကြတာ အချိန်တိုအတွင်း အတော်ခရီးရောက်လာပြီမဟုတ်လား။ အဲဒီအချိန်မှာ ရွှေတိဂုံစေတီတော်ကြီး ထိပ်ဖျားမှနေပြီး စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်များကို ရောင်တော်ဖွင့်ကာ ရေစင်သွန်းလောင်းပေးလိုက်တော့ အမျိုးဂုဏ်ဇာတိဂုဏ်သိမ်ငယ်စေခဲ့တဲ့ အညစ်အကြေးများအားလုံး ဆေးကြောပစ်လိုက်သလို သန့်ရှင်းဖြူစင်လာပြီး ညှိုးမှိန်ခဲ့ရတဲ့ သာသနာအရောင် ဘာသာအရောင် အမျိုးဂုဏ်ရောင်လဲ ထွန်းပြောင်ဝင်းလက်လာတော့မည်လို့ တိတ်ကောင်းနိမိတ်ကောင်း ဖတ်မိရတယ်ကွယ့်။

'နေ့စဉ်အဆက်မပြတ် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ရွှေစင်ရွှေသား ရတနာပစ္စည်းနှင့် အလှူငွေများ ရက်ရက်ရောရော ပေးအပ်လှူဒါန်းကြတဲ့ ကုသိုလ်အင်အားများကိုကြည့်ရင်း သာဓုခေါ်ရင်း တို့တိုင်းပြည်တော့ မကြာမီအချိန်ကာလအတွင်း ဆန်ရေစပါးပေါများတိုးကြွယ် ကိုးသွယ်ပတ္တမြားရွှေငွေပွားကာ တိမ်ဖျားနဘံရောက် ဖြိုးမောက်လျှံညီး တားဆီးမမှု ပိတ်ပင်ပြုလည်း ဇမ္ဗူအလယ် ရွှမ်းတင့်တယ်တော့မည်အမှန်ပဲဟော့လို့ ကြုံးဝါးလိုက်ချင်တော့သကွယ့်။

'ဘိုးဘိုး ပြောတာဆိုတာ မြင်ရကြားရတာ ကြက်သီးမွေးညင်းတွေ တောင် ထလာတယ်၊ အားရစရာအားတက်စရာကြီးပဲ'။

'ဘယ့်နှယ်ပြောပါလိမ့် မောင်ဝဏ္ဏရယ်၊ ဘိုးဘိုးက အမှန်ဖြစ်ပျက်မယ့် အရေးအကြောင်းတွေမြင်လို့ ပြောတာပါ၊ တရားလက်လွှတ် မဟုတ်ဘူးကွယ့်။

ထေရဝါဒဗုဒ္ဓဘာသာမှာ ကျင့်သုံးလိုက်နာကြတဲ့ သမ္မာဒိဋ္ဌိလမ်းစဉ်အတိုင်း ပြောနေတာ။ မှန်ကန်သောအယူအဆ၊ မှန်ကန်သော သိမြင်နားလည်မှုပဲ၊ ကမ္မဿကတဉာဏ်လို့ခေါ်တယ်။ ကောင်းသောအမှုကိုပြုရင် ကောင်းကျိုး ခံစားရတယ်၊ မကောင်းသောအမှုပြုရင် မကောင်းကျိုးကို မုချမသွေ ခံရလိမ့်မယ်လို့ ယုံကြည်တာ၊ တို့ထေရဝါဒဗုဒ္ဓဘာသာမှာ ရှေးဦးလက်ကိုင်ပြုရတဲ့ တရားကွယ့်။ ဒီတရားကင်းမဲ့ရင် ဘာအကြောင်းကြောင့်မှ ဘာအကျိုးမရ ဆိုတဲ့ အဟေတုကဒိဋ္ဌိဆိုတဲ့ မိစ္ဆာအယူသမားတွေဖြစ်သွားမှာပေါ့။

'ကဲ ကဲ ငါက စိတ်တွေအလွန်ကြည်နူးပြီး ပီတိတွေလွှမ်းနေလို့ ပြောရမယ့်အကြောင်းက လမ်းနည်းနည်းလွဲသွားတယ်။ မူလ ပြောရင်းစကား ပြန်ဆက်ကြဦးစို့။ တို့ပြောနေကြတာက ရွှေတိဂုံစေတီတော်ကြီး မြန်မာ့မြေပေါ်မှာ ဖြစ်ထွန်းပေါ်ပေါက်လာတာဟာ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်ကျေးဇူးကြောင့်လို့ စကားစရင်း တိုက်တိုက်ဆိုင်ဆိုင် ရွှေတိဂုံစေတီတော်ကြီး စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်များ ရောင်ခြည်ဖွင့်ခြင်း၊ ရေစင်ရေချမ်း သွန်းလောင်းသန့်စင်ခြင်းနှင့်ပတ်သက်တဲ့သတင်းကောင်းတွေ ကြားရမြင်ရတော့ တို့တိုင်းပြည်ကြီး အေးချမ်းသာယာတော့မယ့်နိမိတ်လက္ခဏာတွေမြင်တွေ့ရလို့ ဝမ်းမြောက်ကြည်နူးဖြစ်သွားရတာကိုးကွယ့်။

'အေး၊ ပြောခဲ့တဲ့အတိုင်း တို့မြတ်စွာဘုရားဟာ နောက်ဆုံးသတ္တာဟကို မဟာဗောဓိပင်ကြီးရဲ့တောင်မျက်နှာမှာရှိတဲ့ လင်းလွန်းပင်ရင်းမှာ ဖလသမာပတ်ကိုဝင်စားရင်း သီတင်းသုံးစံမြန်းတော်မူခဲ့တယ်။ အဲဒီသတ္တာဟအထိ လေးဆယ့်ကိုးရက်ပတ်လုံး မြတ်စွာဘုရားဟာ ဘာဆွမ်းအာဟာရမှ ဘုဉ်းပေးသုံးဆောင်တော်မမူဘဲ နေတော်မူခဲ့တာကွယ့်။ ကိုယ်လက်သန့်စင်တော်မူခြင်း စသည်တို့ကိုလဲ ပြုတော်မမူဘူးကွယ့်။ အဲဒီနောက်ဆုံးနေ့ မဟာသက္ကရာဇ် ၁၀၃–ခု၊ ဝါဆိုလဆန်း(၆)ရက်နေ့ နံနက်မှာ သိကြားမင်းက ကြဖုသီးကွမ်းရိုးဒန်ပူနှင့် အနောတတ်ရေအိုင်မှ ရေတော်များကို ယူဆောင်လာပြီး ဆက်ကပ်မှ ခံတွင်းတော်ဆေးခြင်း၊ မျက်နှာတော်သစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်း စသည်တို့ကိုပြုလုပ်တော်မူတယ်ကွယ့်။

'အဲဒီနောက် လင်းလွန်းပင်ရင်းမှာထိုင်နေတော်မူတုန်း စတုမဟာရာဇ် နတ်မင်းကြီးလေးပါးက ဣန္ဒနီလာကျောက်ညိုသပိတ်လေးလုံး လာဆက်ကပ်တာကို လက်ခံတော်မမူဘူး။ ပဲနောက်အဆင်းရှိတဲ့ ကျောက်သပိတ်လေးလုံးကို ဆက်ကပ်မှ ခံယူတော်မူတယ်။ အဲဒီကျောက်သပိတ်လေးလုံးကို ထပ်ဆင့်ပြီး အဓိဋ္ဌာန်နှင့်လက်တော်ဖြင့်နှိပ်လိုက်ရာ အနားရေးလေးခုရှိတဲ့ သပိတ်တစ်လုံး ဖြစ်သွားသကွယ့်။

'ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်၊ သက်ဿနဂိုနှင့် တက္ကသိုလ်ပြည်များသို့သွားရာ ခရီးလမ်းမကြီးဟာ မြတ်စွာဘုရား သီတင်းသုံးတော်မူနေတဲ့ တောအုပ်အနီးအနားက ဖြတ်သွားသကွယ့်။ အဲဒီအချိန်မှာ ရာမညတိုင်း ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့သား တပုဿနှင့်ဘလ္လိက ကုန်သည်သူကြွယ်ညီနောင်တို့ဟာ ကုန်စည်တင်လှည်းငါးရာကို တောအုပ်အနီးမှာ ရပ်နားကြပြီး အစာအာဟာရစားသောက်ကြဖို့ ပြင်ဆင်နေကြသတဲ့။ အဲဒီအခိုက် ယခင်ဘဝက ဆွေမျိုးရင်းချာတော်စပ်ခဲ့ဖူးတဲ့ ရုက္ခစိုးနတ်က ကုန်သည်ညီနောင်တို့ကို လာပြောသတဲ့၊ 'လောကအလယ်မှာ ရှင်တော်မြတ်ဘုရားရှင် ပွင့်တော်မူပြီ၊ ဒီတောအုပ်အတွင်းက လင်းလွန်းပင်အောက်မှာ သီတင်းသုံးနေတော်မူတယ်၊ အာဟာရများ သွားရောက်ဆက်ကပ်ပူဇော်ကြ' လို့ ပြောကြားတိုက်တွန်းသတဲ့။


'တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်လဲ ဝမ်းမြောက်ဝမ်းသာစွာနှင့် မြတ်စွာဘုရားသီတင်းသုံးနေတော်မူရာ လင်းလွန်းပင်အရပ်သို့ ချဉ်းကပ်သွားကြပြီး ကြွက်ကျစ်မုန့် ပျားဆုပ်မုန့်တို့ကို ကျောက်သပိတ်တော်မှာ ထည့်ပြီး ရှင်တော်ဘုရားအား ဆက်ကပ်လှူဒါန်းကြသကွယ့်။ အဲဒီအာဟာရများဟာ သုဇာတာဆက်ကပ်တဲ့ ဃနာနို့ဆွမ်းဘုဉ်းပေးတော်မူပြီး (၄၉)ရက်ကြာမှ ပထမဆုံးအကြိမ် ဘုဉ်းပေးသုံးဆောင်တော်မူတဲ့ အာဟာရများ ဖြစ်တယ်။

'မြတ်စွာဘုရားဟာ ကုန်သည်တို့ဆက်ကပ်သော မုန့်ဆွမ်းများကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးတော့ သင့်တင့်လျောက်ပတ်တဲ့ အနုမောဒနာ

တရားကို ချီးမြှင့်ဟောကြားတော်မူတယ်။ အဲဒီကုန်သည်နှစ်ယောက်ဟာ မြတ်စွာဘုရား ချီးမြှင့်တော်မူတဲ့တရားကို နာကြားကြပြီးနောက် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်များသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ကိုးကွယ်လဲလျောင်းရာဟူ၍ ဆည်းကပ်ကြပါ၏ဘုရား'ဟု လျှောက်ထားကြတယ်ကွယ့်၊ အဲဒါဟာ မြတ်စွာဘုရားကို ယုံကြည်ကိုးကွယ်ဆည်းကပ်တဲ့ တပည့်ဒါယကာအဖြစ် ခံယူကြောင်း လျှောက်ထားတာပဲကွယ့်။

'မောင်ဝဏ္ဏတို့၊ အခု ဗုဒ္ဓဘာသာဝင်မိဘများက ဆင်းသက်လာလို့ ဗုဒ္ဓဘာသာအဖြစ် ခံယူပြီးသားဆိုပေမယ့် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' လို့ ယုံယုံကြည်ကြည် ဖွင့်ဟလျှောက်ထား ကိုးကွယ်ဆည်းကပ်ပါမှ ဗုဒ္ဓဘာသာဝင်ပီပီသသဖြစ်တယ်ကွယ့်။ အဲဒီလို သုံးခွန်းသောခံယူချက်ပြုလုပ်ပြီးမှ သရဏဂုံသုံးပါးတည်တယ် ဆိုပါတော့။ တပုဿနှင့် ဘလ္လိကညီနောင်တို့ မြတ်စွာဘုရားကို ဖူးတွေ့ရစဉ်ကတော့ သံဃာရတနာ မပေါ်ထွန်းသေးဘူးကွယ့်။ ဒါကြောင့် သူတို့က 'မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း ဆည်းကပ်ကြပါ၏ဘုရား'ဟု နှစ်ခွန်းသာဆိုပြီး လျှောက်ထားကြတယ်၊ ဒါကြောင့် နှစ်ခွန်းသာ ဆိုရတဲ့ ဒွေဝါစိကသရဏဂုံတည် ပထမဆုံးဉပါသကာများအဖြစ် သူတို့ကို အသိအမှတ်ပြုကြတယ်ကွယ့်။

'အဲဒီလို မြတ်စွာဘုရားရဲ့ ရှေးဦးလူဝတ်ကြောင်တပည့်များအဖြစ် ခံယူပြီး 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်များအား အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ပူဇော်ဖို့ရန် ပူဇော်ဖွယ်ဝတ္ထုတစ်ခုခုကို ကရုဏာရှေ့ထား ပေးသနားတော်မူပါဘုရား'လို့ ကုန်သည်ညီနောင်တို့က လျှောက်ထားကြသကွယ့်။ အဲဒီတော့ ရှင်တော်မြတ်ဘုရားက ဦးခေါင်းတော်ကို လက်ယာလက်တော်ဖြင့်သုံးသပ်ပြီး ဆံတော်ဓာတ်ရှစ်ဆူကို ကုန်သည်ညီနောင်တို့အား ချီးမြှင့်ပေးသနားတော်မူလိုက်တယ်ကွယ့်။



# ရွှေတိဂုံစေတီတော်

'အဲဒီလို မြတ်စွာဘုရားက ရှေ့သာသနာတော်အလားအလာကို မြင်တော်မူပြီး ဆံတော်မြတ်များပေးသနားတော်မူလိုက်လို့ ကုန်သည် ညီနောင်ဟာ အမြိုက်ရည်ဖြင့်သွန်းလောင်းအပ်သည့်ပမာ လွန်စွာဝမ်းမြောက်ကြသတဲ့။ ရောင်းဝယ်ဖောက်ကားမှုများ ပြုကြပြီးတဲ့နောက် မိမိတို့နေရာ ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့ ပြန်လည်ရောက်ကြတော့ မြို့တံခါးအနီးမှာ သုံးရက်တိုင် ပွဲသဘင်ကျင်းပကြပြီး ဗုဒ္ဓဆံတော်များကို အပူဇော်ခံခဲ့ကြသကွယ့်။ အဲဒီသတင်းများကြားသိရတော့ ဥက္ကလာပမင်းကြီးက သူထိန်းသိမ်းစောင့်ရှောက်ပူဇော်ထားတဲ့ ကကုသန်ဘုရားရဲ့ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရဲ့ ရေစစ်တော်၊ ကဿပဘုရားရဲ့ ရေသနုတ်တော်များကို တပုဿနှင့်ဘလ္လိကတို့ ပင့်ဆောင်ခဲ့တဲ့ ဆံတော်များနှင့်အတူတကွ ဌာပနာလျက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် သိင်္ဂုတ္တရကုန်းတော်၌ ရွှေတိဂုံစေတီတော်ကြီးကို စတင်တည်ထားကိုးကွယ်ခဲ့တယ်လို့ မြန်မာသမိုင်းမှတ်တမ်းမှတ်ရာများမှာ ဖော်ပြထားကြသကွယ့်။ ရှေးနှစ်ပေါင်း (၂၅၀၀) ကျော်ကပေါ့။

'အေး၊ ဒီအကြောင်းအရာတွေနှင့်ပတ်သက်ပြီး အိန္ဒိယနှင့် အနောက်တိုင်း သမိုင်းဆရာတွေကတော့ တပုဿနှင့်ဘလ္လိကတို့ဟာ အိန္ဒိယပြည် သြရိဿ(Orissa)နယ်မှာရှိတဲ့ အွတ်ကလာ (ဥက္ကလာ) (Okkalā) မြို့သားတွေဖြစ်ကြတယ်လို့ အဆိုရှိကြတယ်။ မြန်မာတွေကတော့ တပုဿနှင့်ဘလ္လိကတို့ဟာ မြန်မာပြည်သားတွေဖြစ်ပါတယ်လို့ အခိုင်အမာစွဲယူထားပြီးဖြစ်ကြသကွယ့်၊ ဒီလိုပြဿနာမျိုးဟာ လူ့သမိုင်းတစ်လျှောက် အကြိမ်ကြိမ်ပေါ်ခဲ့ပြီးပါပြီ။ မောင်ဝဏ္ဏတို့ လူငယ်လူရွယ်မျိုးဆက်သစ်တွေ သိရှိထားကြရအောင် ဘိုးဘိုးက အနည်းငယ်ရှင်းပြမကွယ့်။

'ဒီကိစ္စမှာ မြန်မာများလက်ခံယူဆထားကြသလို တပုဿနှင့် ဘလ္လိကညီနောင်တို့ဟာ မြန်မာပြည်သားများဖြစ်ကြတယ်ဆိုတာလည်း မှန်ကန်တာပဲ၊ အိန္ဒိယနှင့် အနောက်တိုင်းသမိုင်းဆရာတွေ ယူဆကြသလို သူတို့ဟာ အိန္ဒိယပြည် သြရိဿနယ် အွတ်ကလာမြို့သားတွေ ဖြစ်တယ်ဆိုတာလည်း

ငြင်းခုံစရာမလို မှန်ကန်တာပဲကွယ့်။ တကယ်ဖြစ်ပျက်ခဲ့တဲ့သမိုင်းစဉ်ကို ပြည့်ပြည့်စုံစုံသိရှိကြပြီး အကြောင်းအချက်ကွဲပြားသယောင်ရှိတာများကို ညှိနှိုင်းသုံးသပ်ကြည့်ရင် အဖြေမှန်ရနိုင်ပါတယ်။

'အနောက်ဘက် အိန္ဒိယပြည်နှင့် အရှေ့ဘက် တရုတ်တိုင်းပြည်ကြီး တို့ဟာ ကျောက်ခေတ်အချိန်ကစပြီး ရှေးဦးယဉ်ကျေးမှု ထွန်းကားပြန့်ပွား လာရာ ဒေသကြီးများဖြစ်ကြသကွယ့်။ ကုန်းလမ်း ရေလမ်း နှစ်သွယ်ဖြင့် ဆက်သွယ်ကြပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ ယဉ်ကျေးမှုဖလှယ်မှု ပြုခဲ့ကြတယ်။ အဲဒီတိုင်းပြည်ကြီးနှစ်ခုရဲ့အလယ်မှာ ကြားခံနယ်မြေဖြစ်တဲ့ မြန်မာပြည်ဟာ မြတ်စွာဘုရားပွင့်တော်မမူမီ ရှေးပဝေသဏီကပဲ အိန္ဒိယ နွယ်ဖွားနှင့် တရုတ်ပြည်သားများ ဖြတ်သန်းသွားလာ ကူးလူးဆက်ဆံ နေထိုင်ခဲ့ကြတဲ့ အချက်အခြာကျနယ်မြေ ဖြစ်ခဲ့တယ်ကွယ့်။ ဒါကြောင့် သာသနာတော်နှစ် ၁၀၁–ခုနှစ် (မြတ်စွာဘုရားပွင့်တော်မမူမီ ၂–နှစ်)မှာ ဒွတ္တပေါင်မင်းဟာ သရေခေတ္တရာနေပြည်တော်ကြီးကို တည်ထောင်ပြီး အိန္ဒိယ၊ တရုတ်ပြည်တို့နှင့် ရွှေလမ်းငွေလမ်းဆက်သွယ်ကာ ထည်ဝါစွာ တည်ရှိနေခဲ့တာပေါ့။

'အဲဒီတော့ အိန္ဒိယမြောက်ပိုင်းက သာကီဝင်မင်းမျိုးမင်းနွယ်တွေ၊ ကုန်သည်တွေ၊ နယ်သစ်ရှာသူတွေ မြန်မာနိုင်ငံကိုဝင်လာခဲ့ကြတယ်ဆိုတာ သိရှိနိုင်ပါတယ်။ အဲဒီအိန္ဒိယနွယ်ဖွားများဟာ ရောက်ရာအရပ်မှာ မြို့ရွာ တည်ထောင် နေထိုင်လေ့ရှိကြတယ်။ ပြီးတော့ မြို့ရွာအမည်၊ မြစ်အမည်၊ တောင်အမည်၊ မင်းအမည်၊ လူအမည်များကိုလည်း အိန္ဒိယပြည်မှ ရှိရင်းစွဲ နာမည်များအတိုင်း ပေးလေ့ရှိတာကို သတိပြုနိုင်ကြပါတယ်။ ဂင်္ဂါမြစ်ကမ်း ပေါ်မှ ဟတ္ထိနပုရကို ဧရာဝတီမြစ်ကမ်းပေါ်မှ ဟတ္ထိနပူရ၊ အိန္ဒိယမှ ရှရီခတ်တရ (Śrī Kṣetra) ကို မြန်မာပြည်မှာ သရေခေတ္တရာ၊ အိန္ဒိယပြည် သြရိသ နယ်က အွတ်ကလာ(Okkalā) ကို မြန်မာပြည်မှာ ဥက္ကလာလို့ ခေါ်တွင် ကြပြီး မြို့ရွာနယ်ပယ် တည်ထောင်နေကြတယ်ဆိုတာ တကယ့်ဖြစ်မှန် အကြောင်းတစ်ရပ်ပါပဲ။

'အဲဒီတော့ တပုဿနှင့် ဘလ္လိကညီနောင်တို့ဟာ မူလအိန္ဒိယပြည်မှ ဩရိဿနယ်သားများ၊ ဒါမှမဟုတ် အဲဒီနယ်သား မိဘဘိုးဘွားများက ဆင်းသက်လာသူများဖြစ်ပြီး မြန်မာပြည် ဥက္ကလာပမြို့မှာ အခြေချနေထိုင်ကြသူများဖြစ်တယ်။ အိန္ဒိယပြည်ကို အဆက်မပြတ်ကုန်စည်ကူးသန်းသွားလာနေကြသူများဖြစ်တယ်။ အဲဒီလို ကုန်ရောင်းကုန်သွယ်သွားနေကြတာဟာ အဲဒီအချိန်က ဥဒဟိုပါ။ တရုတ်ပြည်က ကုန်တင်ရွက်သင်္ဘောကြီးတွေ၊ အခု အင်ဒိုနီးရှား ခေါ်တဲ့ အိန္ဒိယန္ဒယ်ဖွားများ အခြေချပြီး တိုင်းပြည်ထူထောင်ထားတဲ့ သီရိဝိဇယတိုင်းက ကုန်သင်္ဘောကြီးတွေဟာ အိန္ဒိယက အလွန်နာမည်ကျော်တဲ့ တာမလိတ္တ ဆိုတဲ့ ဟူဂလာမြစ်ဝက ပင်လယ်သင်္ဘောဆိပ်ကမ်းမြို့ကြီးမှာ ကုန်စည်တွေချကြ ဖလှယ်ကြသကွယ့်၊ အဲဒီဆိပ်ကမ်းမြို့ကြီးကနေပြီးမှ ပါဋလိပုတ်၊ ရာဇဂြိုဟ်၊ သာဝတ္ထိနေပြည်တော်စတဲ့မြို့ကြီးတွေကို လှည်းပေါင်းများစွာနှင့် ကုန်စည်တင်ကြပြီး သွားလာရောင်းဝယ်ကြသကွယ့်။

'မဟာဗောဓိဒေသနှင့် ဥရုဝေလတောအုပ်ကြီးများကိုဖြတ်ပြီး အဲဒီကုန်သည်လမ်းကြောင်းကြီးဟာ သွားရတယ်ကွယ့်။ ဒါကြောင့်မို့ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း(၆)ရက်နေ့မှာ တပုဿ, ဘလ္လိကညီနောင် ကုန်သည်ကြီးနှစ်ဦးဟာ တာမလိတ္တဆိပ်ကမ်းမြို့ကြီးက သာဝတ္ထိမြို့တော်ကြီးသို့ ကုန်ရောင်းအသွား အဲဒီတောအုပ်နားမှာ စခန်းချတုန်း မြတ်စွာဘုရားကို ဦးဦးဖျားဖျားထူးထူးခြားခြား ဖူးမြော်ခွင့်ရခဲ့ကြတာကွယ့်။

'အဲဒီလို ထူးခြားတဲ့အခွင့်အရေးကြီးရခဲ့လို့လည်း တို့မြန်မာပြည်မှာ ထူးခြားမြင့်မြတ်လှတဲ့ လေးဆူဓာတ်ပုံရွှေတိဂုံကြီးကို တည်ထားကိုးကွယ်ဖူးမြော်ခွင့်ရကြတာပေါ့။ အေး-မင်းတို့ ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ ပြောရဦးမယ်။

'ဝိပဿနာတရားပြဆရာကြီးဦးဘခင်ရဲ့ တပည့်ကြီးဖြစ်သူ ဂုရုကြီး ဦးဂိုအင်ကာဟာ ၁၉၆၉ -ခုနှစ်ကစပြီး သူ့ဆရာ ဆရာကြီးဦးဘခင်ရဲ့ရည်မှန်းချက်ကို ဖြည့်စွမ်းသောအားဖြင့် အိန္ဒိယပြည်မှစပြီး ဝိပဿနာတရားကို

ကမ္ဘာကိုဖြန့်ဝေလိုက်တာ နိုင်ငံပေါင်းငါးဆယ်မှာ တရားစခန်းကိုးဆယ်ကျော် ဖွင့်လှစ်ပြီးခဲ့ပြီကွယ့်၊ ဒါ ပဋိပတ္တိတရားတော်ကို အိန္ဒိယပြည်အခြေပြုပြီး ကမ္ဘာကို ဖြန့်လိုက်တာပဲကွယ့်။ ပြီးတော့ ပိဋကတ်သုံးပုံကိုလည်း ဘာသာစုံအက္ခရာနှင့် CD-ROM ဓာတ်ပြားချပ်နဲ့သွင်းပြီး အခမဲ့ဖြန့်ဝေအလှူဒါနပြုနေတယ်ကွယ့်၊

'ဒီလိုသာသနာ့အကျိုး ဘက်စုံဖြည့်စွမ်းဆောင်ရွက်နိုင်တာဟာ မြန်မာပြည်ရဲ့ကျေးဇူး၊ ဆရာကြီး ဦးဘခင်၏ကျေးဇူးများ အလွန်ကြီးမားလှပေတယ်လို့ ဂုရုကြီးဦးဂိုအင်ကာက သက်ဝင်ယုံကြည်သကွယ့်။ အဲဒီလို ကြီးမားလှတဲ့ ကျေးဇူးများကို ပြန်လည်ပေးဆပ်တဲ့အနေနှင့် ပဋိပတ်ပရိယတ် သာသနာ တော်မြတ်များ ဘုရားရှင်ပွင့်တော်မူရာ အိန္ဒိယသို့ပြန်လည်ရောက်ရှိလာခြင်း အထိမ်းအမှတ်အဖြစ် အိန္ဒိယပြည် မွန်ဘိုင်းမြို့(ယခင် ဘုံဘေမြို့)အနီး ဗုဒ္ဓဒီပ ကျွန်းမြေတွင် ဂုရုကြီးဦးဂိုအင်ကာက သူ့ဆရာကြီးဦးဘခင်ရဲ့ အသက် နှစ်တစ်ရာပြည့်နှစ် ၁၉၉၉–ခုနှစ်အတွင်းမှာပြီးစီးအောင် ရန်ကုန်မြို့က လေးဆူ ဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူရွယ်တူ ဓမ္မဒီပစေတီတော် ကြီးကို တည်ဆောက်ကုသိုလ်ပြုနေတယ်။ ပြီးစီးလုနီးဖြစ်နေပြီကွယ့်။

## သဟာမ္ပတိဗြဟ္မာကြီးတရားဟောရန်တောင်းပန်ခြင်း

'မောင်ဝဏ္ဏတို့ သိင်္ဂီတို့ဟာ ဘိုးဘိုးတို့ကဆင်းသက်လာတဲ့ သားသမီး တွေ မြေးတွေဖြစ်လို့ ဘိုးဘိုးတို့ ကိုးကွယ်ဆည်းကပ်ကြသလို ဗုဒ္ဓ,ဓမ္မ,သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကြတယ်။ ဗုဒ္ဓဘာသာဝင်တွေဖြစ်တယ်ပေါ့။ ဒါကြောင့် ဗုဒ္ဓအကြောင်း၊ ဗုဒ္ဓဟောကြားတော်မူတဲ့ တရားတော်များ အကြောင်းနှင့် ရှင်တော်ဘုရားရဲ့တရားအမွေခံ သားတော်များဖြစ်တဲ့ ရဟန်း သံဃာတော်များအကြောင်းကို ကောင်းကောင်းသိရှိ နားလည်ထားကြဖို့ လိုတယ်ကွယ့်။

'ဗုဒ္ဓဘုရားရှင်၏အကြောင်း ပြည့်ပြည့်စုံစုံသိရှိလေ ရှင်တော်မြတ်ဘုရား ကို ကြည်ညိုသဒ္ဓါများတိုးပွားလေဖြစ်မယ်။ အဲဒီလို ဘုရားရှင်ရဲ့ဂုဏ်တော် များကို ကြည်ညိုသဒ္ဓါများလေ ရှင်တော်ဘုရားဟောကြားတော်မူခဲ့တဲ့

တရားတော်များကို ယုံကြည်အားထားစိတ်များဖြစ်လေပေါ့။ တရားတော်ကို ကောင်းစွာယုံကြည်လက်ခံပြီဆိုတော့ ဘုရားရှင်ဆိုဆုံးမသည့်အတိုင်း ကျင့်ကြံအားထုတ်ကြရမယ်။ သဒ္ဓါယုံကြည်မှုအပြည့်အဝနှင့်ကြိုးပမ်းကြမှ ဘုရားရှင်လိုလားတော်မူတဲ့ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ကြပေမယ်။ ဒါကြောင့်မို့ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးအတွက် အခြေခံအချက်မှာ ရှင်တော်ဘုရားအပေါ် သဒ္ဓါယုံကြည်မှုဟာ အဓိကဖြစ်တယ်ကွယ့်။ သဒ္ဓါယုံကြည်မှုအစစ်အမှန်ရဖို့မှာလဲ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဘဝဖြစ်စဉ်အလုံးစုံကိုခြုံမိငုံမိအောင် လေ့လာဆည်းပူးကြရမယ်။ ဆရာတော် သံဃာတော်များဟောကြားဆုံးမတော်မူကြတဲ့ တရားဒေသနာများ နာကြားခွင့်မရရှိကြသေးတဲ့ စာကြီးပေကြီးများ ကိုယ်တိုင်မဖတ်နိုင်ကြသေးတဲ့ မောင်ဝဏ္ဏတို့လို လူငယ်လူရွယ်များကို ဘိုးဘိုးက ဘာသာရေးဗဟုသုတတွေကို တဖြည်းဖြည်းပေးကမ်းနေတာကွယ့်။ ကောင်းကောင်း မှတ်သားနာယူထားကြ။

'ကိုင်း၊ ပြောလက်စ ဗုဒ္ဓဝင်အကြောင်း ဆက်ကြရအောင်။ သတ္တသတ္တာဟ (၄၉)ရက်ပြည့်မြောက်တဲ့ ဝါဆိုလဆန်း(၅)ရက်နေ့မှာ လင်းလွန်းပင်ရင်း သီတင်းသုံးနေစဉ် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ဆက်ကပ်ကြတဲ့ မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်များကို ဘုဉ်းပေးသုံးဆောင်တော်မူတဲ့အကြောင်း ပြောပြီးပြီနော်။ အဲဒီနောက်တစ်ရက် (ရက် ၅၀ ပြည့်) ဝါဆိုလဆန်း(၆)ရက်နေ့မှာ မြတ်စွာဘုရားဟာ လင်းလွန်းပင်မှပြောင်းရွှေ့ပြီး အဇပါလညောင်ပင်ရင်းကို ပြန်ကြွတော်မူတယ်ကွယ့်။

'အဲဒီညောင်ပင်ရင်းမှာ တစ်ပါးတည်း ကိန်းစံတော်မူရင်း မိမိရရှိပြီး တရားတော်များကို ဆင်ခြင်သုံးသပ်တော်မူတယ်။ 'မိမိထိုးထွင်းသိရှိခဲ့သော သစ္စာလေးပါးတရားတော်၊ ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဒုက္ခအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်တို့သည် လွန်စွာနက်နဲလှ၏။ မြင်နိုင်ခဲလှ၏။ သိနိုင်ခဲလှ၏။ ငြိမ်းချမ်းလှ၏။ မွန်မြတ်လှ၏။ တက္ကဗေဒနည်းဖြင့် တွေးတောကြံယူ၍ မရနိုင်စကောင်း။ အကျင့်ကောင်းအကျင့်မှန်ဖြင့် ရအပ်သောပညာရှိသည့် သူတော်စင်တို့၏အရာသာဖြစ်၏။'

'ယခု လောကမှ သတ္တဝါအပေါင်းတို့သည် ကာမဂုဏ်ငါးပါးကို လွန်စွာ မှီဝဲသုံးဆောင်ကြ၏။ ကာမဂုဏ်များ၌ လွန်စွာတပ်မက်စွဲလန်းကြ၏။ ပျော်ပိုက်နှစ်ခြိုက်ခုံမင်ကြ၏။ ဤမျှလောက် ကာမဂုဏ်အာရုံများ၌ လိုက်စား နစ်မွန်းနေကြသည့် သတ္တဝါအပေါင်းအား မိမိကိုယ်တိုင်တွေ့မြင်သိရှိခဲ့သည့် နက်နဲလှသည့်တရားတော်များကိုဟောကြားလျှင် ထိုလူနတ်သတ္တဝါအပေါင်း တို့သည် သိမြင်နားလည်နိုင်စွမ်းရှိကြပါမည်လော။အသိဉာဏ်နုံ၍ ကာမဂုဏ် ငါးပါး အာရုံများကြသည့် သတ္တဝါတို့ကို မိမိက တရားဟောကြားပါလျှင် ငါဘုရားသာလျှင် ပင်ပန်းနွမ်းနယ်ရုံဖြစ်နေပေမည်'ဟု စိတ်တော်တွင် ဆင်ခြင် နေတော်မူသကွယ့်။

'ဒီလိုဆင်ခြင်သုံးသပ်တာဟာ အလွန်သဘာဝကျတယ်ကွယ့်။ လွန်စွာ နက်နဲတဲ့တရားတော်ကို ပြန်လည်သုံးသပ်ပြီး ကာမရာဂတွေထူပြောတဲ့ သတ္တဝါတွေနှင့် သင့်လျော်ပါ့မလားဟု တွေးတောမိရုံသာပါ။ သတ္တဝါတွေရဲ့ ပါရမီအနိမ့်အမြင့် စတာတွေ မဆင်ခြင်သေးပါဘူး။ သတ္တဝါတွေကို တရား မဟောတော့ဘူးလို့ ဆုံးဖြတ်ချက်ချတာလဲ မဟုတ်ပါဘူး။

'ဒါပေမယ့် အဲဒီလို မြတ်စွာဘုရားဟာ နိယာမတရားသဘောအတိုင်း ဆင်ခြင်နေတာကို သဟမ္ပတိဗြဟ္မာကြီးကသိမြင်တော့ အလွန်စိတ်ပူပန် သွားသတဲ့၊မြတ်စွာဘုရားက တရားမဟောရင်တော့ သံသရာမှကျွတ်ထိုက်တဲ့ သတ္တဝါတွေ ကျွတ်လွတ်ခွင့်ရကြတော့မှာ မဟုတ်တော့ဘူးလို့အတွေးရောက် သွားသကွယ့်။ သတ္တဝါတွေအကျိုး ဆုံးရှုံးကုန်တော့မှာပဲလို့ အတော်ပူပင်ပြီး မြတ်စွာဘုရားထံတော်မှောက်ကို ရတ်ခြည်းသွားပြီး လျှောက်ထားသကွယ့်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် လူနတ် ဗြဟ္မာသတ္တဝါတို့အား တရားဟောတော်မူပါလော့။ ဉာဏ်ပညာမျက်စိ၌ ကိလေသာမြူမှုန်နည်းပါးသော သတ္တဝါများစွာရှိကြပါသည်၊ ထိုသတ္တဝါ တို့သည် ရှင်တော်မြတ်ဘုရား၏တရားကြားနာခွင့်မရလျှင် သူတို့ရသင့် ရထိုက်သော မဂ်ဖိုလ်တရားထူးများမှ ဆုံးရှုံးကြရပါတော့မည်'ဟု လျှောက် ထားသကွယ့်။

'အရပ်စကားနှင့်ပြောရရင်တော့ သဟမ္ပတိဗြဟ္မာကြီးက သတ္တဝါတွေ အကျိုးအတွက် မြတ်စွာဘုရားထံ အတင်းဝင်ပြီး ရှေ့နေလိုက်ပေးရှာတာ ပေါ့ကွယ်။ အမှန်ကတော့ မြတ်စွာဘုရားက မိမိရရှိသိမြင်တဲ့တရားတွေကို ပြန်လည်သုံးသပ်ရင်း တရားတော်တို့၏နက်နဲပုံ သိမြင်ရန်ခက်ခဲပုံတွေကိုသာ ဆင်ခြင်နေဆဲ စက္ကန့်ပိုင်းကလေးအတွင်း ဗြဟ္မာကြီးရောက်လာတာပါ။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး ပြုစုရေးသားတော်မူခဲ့တဲ့ မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ (စာမျက်နှာ–၄၀၅)မှာ ဒီအကြောင်းအချက်တွေ ရှင်းလင်းဖော်ပြ ရေးသားထားခဲ့ပါတယ်။အလွန်မှတ်သားဖို့ကောင်းသကွယ့်။ မောင်ဝဏ္ဏတို့၊ မသီဂီတို့ နောင်တဖြည်းဖြည်းလေ့လာမှတ်ရှုရမယ့် ကျမ်းတော်ကြီးပေါ့။

'အဲဒီကျမ်းမှာ ဆရာတော်ကြီးရှင်းပြထားတာက မြတ်စွာဘုရားက မိမိသိမြင်တဲ့တရားတွေကို မဟောပြောတော့ဘူးလို့ ဆုံးဖြတ်တာမဟုတ်ပါ ဘူးတဲ့။ ပွင့်တော်မူသွားသော ဘုရားရှင်တိုင်းအတွက် ဖြစ်မြဲဓမ္မတာ၊ သဟမ္ပတိဗြဟ္မာကြီးက တရားဟောရန်လာလျှောက်ထားမှာကို စောင့်ဆိုင်း နေတော်မူတာပါတဲ့။ အဲဒီလိုစောင့်ဆိုင်းတာကလဲ အလွန်ကောင်းမွန်တဲ့ အကြောင်းရှိလို့တဲ့။ ဘယ်လိုအကြောင်းလဲဆိုတော့ မြတ်စွာဘုရား ပွင့်တော် မမူခင်က လူဝတ်ကြောင်တွေ၊ ရသေ့ပရိဗိုဇ်တွေ၊ သမဏဗြာဟ္မဏလို့ ခေါ်ကြတဲ့ သူတော်ကောင်းများအားလုံးဟာ ဗြဟ္မာကိုသာ အလေးပြုပြီး ကိုးကွယ်ကြတယ်ကွယ့်။ အဲဒီအချိန်မှာ တစ်လောကလုံးက အလေးပြုကြ ရတဲ့ ဗြဟ္မာကြီးကိုယ်တိုင် မြတ်စွာဘုရားကို အလေးပြုညွှတ်တွား ရှိသေ တယ်ဆိုရင် တစ်လောကလုံးကပါ မြတ်စွာဘုရားကို ရှိသေညွှတ်တွား ကိုင်းရှိုင်းပေမယ်၊ သက်ဝင်ယုံကြည်ကြပေမယ်ပေါ့။

## ကြာလေးမျိုးနှင့်ပုဂ္ဂိုလ်လေးပါး

'မဟာဗြဟ္မာကြီး လျှောက်ထားနေစဉ်ပဲ မြတ်စွာဘုရားက ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော့ သတ္တဝါအဆင့်အတန်းအမျိုးမျိုး မြင်တော် မူတယ်ကွယ့်။ အလွန်စိတ်ဝင်စားစရာကောင်းတယ်။ ကြာမျိုးစုံပေါက်ရောက်

နေတဲ့ ရေကန်ကြီးထဲက ကြာအမျိုးမျိုးတွေလို သတ္တဝါတွေကို ရှင်တော်ဘုရားက မြင်တော်မူတယ်ကွယ့်။

'တချို့ကြာဟာ ရေမျက်နှာပြင်ပေါ်မှထွက်လျက် ရေနှင့်လွတ်ကာ တည်နေသတဲ့။ အဲဒီကြာမျိုးက နေထွက်ပြုလာပြီး အလင်းရောင်ရတာနဲ့ တစ်ပြိုင်နက် ပွင့်မယ့်ကြာတွေတဲ့။ အဲဒီ နေ့ချင်းပွင့်တဲ့ကြာမျိုးလိုပဲ သတ္တဝါအချို့ဟာ သစ္စာလေးပါးတရားတော်ကို အကျဉ်းဟောလိုက်ရုံနှင့် တရားသိမြင် ကျွတ်တမ်းဝင်ကြမယ့်ပုဂ္ဂိုလ်တွေတဲ့။

'နောက် ပုဂ္ဂိုလ်များကတော့ ရေမျက်နှာပြင်ပေါ် ထွက်ပေါ်မလာသေးဘဲ ရေမျက်နှာပြင်နှင့်အညီ တည်နေကြတဲ့ ကြာပင်မျိုးနှင့်တူသတဲ့။ ဒီကြာမျိုးကတော့ အဲဒီနေ့မှာမပွင့်ဘဲ နောက်တစ်နေ့မှ ရေမျက်နှာပြင်ပေါ်တက်လာပြီး ပွင့်မှာတဲ့။ အဲဒီကြာမျိုးနှင့်တူတဲ့ သတ္တဝါတွေဟာ တရားအကျဉ်းကို နာကြားရရုံနှင့် ကျွတ်တမ်းမဝင်နိုင်ကြသေးဘူးတဲ့။ တရားတော်ကိုအကျယ်ချဲ့ပြီး ဟောကြားမှ သစ္စာလေးပါးတရားကို သိမြင်ပြီး ကျွတ်တမ်းဝင်ကြမှာတဲ့။

'တတိယကြာမျိုးက ရေမျက်နှာပြင်အနီးအပါး မရောက်လာသေးဘဲ ရေနက်အတွင်းမှာပဲ ရှိနေသေးတဲ့ကြာမျိုးတဲ့။ တတိယနေ့မှာ ရေပေါ်ရောက်လာမလား၊ နောက်နေ့နောက်နေ့များမှ ပေါ်ထွက်လာမလားလို့ မသိနိုင်ဘူးတဲ့။ အဲဒီကြာမျိုးလိုပဲ အချို့သတ္တဝါများဟာ တရားတော်ကို အကျဉ်းနည်း အကျယ်နည်းများနှင့် နာကြားရသော်လည်း သစ္စာလေးပါးတရားတော်ကို မသိမြင်နိုင်ကြသေးဘူး။ ကလျာဏမိတ်ဆွေလို့ခေါ်တဲ့ သူတော်ကောင်းများကို မှီဝဲဆည်းကပ် ဘာဝနာတရားများကို အဖန်ဖန်နှလုံးသွင်း လေ့လာပွားများပြီး နောက်ရက် နောက်လ နောက်နှစ် စသည် အချိန်ကြာမှ သစ္စာလေးပါးတရား သိမြင်ကျွတ်တမ်းဝင်နိုင်ကြမတဲ့။

'နောက်ဆုံး စတုတ္ထကြာမျိုးကတော့ ကြာပင်က ကြုံလှီသေးကွေးလို့ ရွှံ့နွံထဲမှ ရေထဲကိုရောက်အောင် တိုးပေါက်ထွက်မလာနိုင်ဘူးတဲ့၊ ရေအောက်ထဲကနေ ရေပေါ်အရောက်လာနိုင်ဖို့ဆိုတာဝေးရော။ ဒါကြောင့် ရေကန်အောက် ရွှံ့မြေထဲမှာပဲ ငါးလိပ်တို့အစားအစာဖြစ်ပြီး ကြေပျက်ပျုန်းသွားကြသတဲ့၊

အဲဒီကြာမျိုးနှင့်တူတဲ့သတ္တဝါအချို့ဟာ ဒီဘဝမှာ တရားတော်ကို ဘယ်လောက် နာယူလေ့လာပွားများသော်လည်း မဂ်ဖိုလ်ကိုမရနိုင်သေးပါဘူးတဲ့။ နောက်နောက်ဘဝများမှာ တရားအထုံဝါသနာပါရုံအကျိုးမျှသာရနိုင်သတဲ့။

'မောင်ဝဏ္ဏတို့ အခြေခံသဘောလောက်သိထားဖို့ကတော့ တရားတော်ကို အကျဉ်းနည်း အကျယ်နည်းနှင့် နာကြားရုံနှင့် မဂ်ဖိုလ်ပေါက်တဲ့ ပထမအမျိုးနှင့် ဒုတိယအမျိုးမှသတ္တဝါများလို ပုဂ္ဂိုလ်မျိုးကတော့ ယခုခေတ်အခြေအနေမျိုးမှာတွေ့ရှိနိုင်မယ်မထင်ပါဘူး။ တတိယနှင့်စတုတ္ထအမျိုးအစားမှာသာပါဝင်ကြမှာပါ။ ဘာပဲဖြစ်ဖြစ်လေ တရားနာ တရားကျင့် တရားပွားကြိုးပမ်းထားတာဟာ အကျိုးမယုတ်ပါဘူး။ ဒီဘဝ တစ်မဂ်တစ်ဖိုလ် မခံစားရရင်တောင် နောက်ဘဝများအတွက် အထုံပါရမီ အသေအချာဖြစ်နိုင်တယ်' လို့ သဘောပေါက်ကြရမကွယ့်။

## တရားဟောမည်ဟုဝန်ခံစကားမိန့်ကြားတော်မူခြင်း

'အေး၊ မြတ်စွာဘုရားက ဗုဒ္ဓစက္ခုနှင့်ကြည့်ရှုလို့ အဲဒီလို ကျွတ်တမ်းဝင်နိုင်တဲ့သတ္တဝါများ တွေ့မြင်ရပြီး မဟာဗြဟ္မာကြီးကိုယ်တိုင်က လာရောက်ကာ တရားဟောပါရန် လျှောက်ထားတော့ 'ကောင်းပြီ ဗြဟ္မာမင်းကြီး၊ ငါဘုရားသည် နိဗ္ဗာန်သို့ဝင်ရန် မဂ္ဂင်ရှစ်ပါး တံခါးကြီးရှစ်ပေါက်ကို ဖွင့်လှစ်ပေးထားပြီ။ နားကောင်းရှိသူများ ငါ၏တရားတော်ကိုနာကြားကြ။ ငါဘုရားအားလည်းကောင်း၊ ငါဘုရား၏တရားတော်အပေါ်၌လည်းကောင်း ယုံကြည်မှုအပြည့်အဝထား၍ ကျင့်ကြံအားထုတ်ကြ။ နိဗ္ဗာန်တံခါးများ ပွင့်လာကြမည်။ သတ္တဝါအပေါင်းတို့သည် ငါဘုရားအပေါ် ယုံကြည်မှုသဒ္ဓါရှိကြပါစေ။ ငါဘုရားအပေါ်ယုံကြည်မှ ငါ၏တရားတော်မှာ ယုံကြည်သဒ္ဓါသက်ရောက်မှ လိုက်နာပွားများအားထုတ်မည်၊ လိုက်နာပွားများအားထုတ်မှ နိဗ္ဗာန်တံခါးပွင့်လိမ့်မည်၊ သတ္တဝါတို့သည် ယုံကြည်မှုသဒ္ဓါကိုစေလွှတ်၍ ငါ၏တရားတော်နာကြားကြပါစေကုန်'ဟု ဗြဟ္မာကြီး တောင်းပန်သည့်အတိုင်း တရားဟောတော်မူမည်ဟု မိန့်မြွက်တော်မူလိုက်တယ်။

'ထို့နောက် ရှင်တော်မြတ်ဘုရားသည် ကျွတ်ထိုက်သူသတ္တဝါများအနက် မည်သူကိုများ စတင်ပြီး တရားဟောကြားရမည်နည်းဟု ဆင်ခြင်တော်မူ လိုက်တယ်။ အဲဒီအခါ ဘုရားလောင်း တောထွက်ခါစက တွေ့ခဲ့ရတဲ့ ဂိုဏ်းဆရာကြီးနှစ်ဦးကို ပထမသတိရတယ်။ ကာဠာမနွယ်ဖွား အာဠာရ ဂိုဏ်းဆရာကြီးနှင့် ရာမ၏သား ဥဒကဂိုဏ်းဆရာကြီးများပေါ့။ အဲဒီ အာဠာရ ကာလာမနှင့်ဥဒကရာမပုတ္တတို့ဟာ အကျင့်သီလစင်ကြယ်ပြီး ဈာန်အဘိညာဉ် များရထားပြီးဖြစ်တယ်။ သူတို့ဉာဏ်မျက်စိမှာ ကိလေသာမြူနည်းပါးတာ ကြောင့် မြတ်စွာဘုရားတရားတော်နာရလျှင် သစ္စာလေးပါးတရားတော်ကို လွယ်လွယ်နှင့်ထိုးထွင်းနားလည်ပြီး ကျွတ်တမ်းဝင်နိုင်ကြမယ်။

'မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ဒီဂိုဏ်းဆရာကြီးနှစ်ဦး ဘယ်မှာရောက်နေသလဲလို့ ဆင်ခြင်ကြည့်တော့ လူ့ပြည်မှာမရှိကြတော့ဘူး။ မြတ်စွာဘုရားတရားတော်ကို နာကြားရန်မဖြစ်နိုင်တဲ့ အရူပဗြဟ္မာဘုံများမှာ ရောက်နေတာကို မြင်တွေ့သတဲ့၊ 'ဩော်၊ ဒီဆရာကြီးနှစ်ဦးဟာ မဂ်ဖိုလ်နိဗ္ဗာန် ဆုလာဘ်ကြီးနှင့်လွဲကြရရှာပကော'လို့ ကရုဏာဖြစ်တော်မူတယ်၊အဲဒီနောက် ခြောက်နှစ်ကြာ ဒုက္ကရစရိယအကျင့်ကို ကျင့်တော်မူတုန်းက ရေပူရေချမ်း ကမ်းလှမ်းပြီးပြုစုခဲ့ကြတဲ့ ပဥ္စဝဂ္ဂီငါးဦးကိုသတိရတယ်။ မြတ်စွာဘုရားရှင်က သူတို့ကျေးဇူးကို မေ့တော်မမူဘူး။ အခုအခါ သူတို့ငါးဦးဟာ ဗာရာဏသီမြို့ အနီး မိဂဒါဝုန်တောမှာရောက်ရှိနေကြောင်း ဗုဒ္ဓစက္ခုနှင့်ကြည့်လိုက်တော့ သိရှိတော်မူတယ်ကွယ့်။ဒါကြောင့် အဲဒီမိဂဒါဝုန်တောကိုကြွတော်မူပြီး ပဥ္စဝဂ္ဂီ ငါးဦးကို တရားဟောတော်မူမည်လို့ ဆုံးဖြတ်တော်မူလိုက်တယ်။

'ဗုဒ္ဓဂယာနှင့် ဗာရာဏသီရှိ မိဂဒါဝုန်ဟာ (၁၈)ယူဇနာဝေးကွာသကွယ့်။ မိုင်ပေါင်း(၂၀၀)ကျော်လောက်ရှိလိမ့်မည်။ ရှေးရှေးဘုရားများဟာ သူတို့ရဲ့ တရားဦး ဓမ္မစကြာတရားဟောရန် ဗုဒ္ဓဂယာက မိဂဒါဝုန်ကို ဈာန်ယာဉ်စီး ကာ ကြွတော်မူကြစမြဲပဲ။ ဒါပေမယ့် ဂေါတမဗုဒ္ဓရှင်တော်ဘုရားက မိဂဒါဝုန် သို့အသွား လမ်းခရီးမှာ ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါတစ်ဦးဖြစ်တဲ့ ဥပက ခေါ်တဲ့ တက္ကတွန်းကို ကျွတ်တမ်းဝင်ပါစေလို့ ဒီဝေးကွာတဲ့ခရီးကို



ဓမ္မစကြာပဟောတော်မူခန်း

အိန္ဒိယနိုင်ငံ၊ ဆာရ်နတ်၊ အေဒီ ၅-ရာစု။

ခြေလျင်ကြွသွားတော်မူခဲ့တယ်ကွယ့်။ မြတ်စွာဘုရားသာ ဤကဲ့သို့ ကြီးမားသော ကရုဏာတော်သက်ဝင်ပြီး ခဲယဉ်းတဲ့ခရီးကြီးကို ခြေလျင်ကြွတော်မမူခဲ့ရင် ပါရမီများရင့်သန်နေတဲ့ ဥပကခမျာ မဂ်ဖိုလ်နိဗ္ဗာန်နှင့်ဝေးကွာပြီး သံသရာမှာလည်နေမှာကို ရှင်တော်ဘုရားက မြင်တော်မူတယ်ကွယ့်။

'အေး၊ ဒီမှာ မင်းတို့ 'တက္ကတွန်း' ဆိုတဲ့ဝေါဟာရကို သိချင်ပေလိမ့်မယ်။ မြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မမူခင်ကတည်းက မဂဓတိုင်း အင်္ဂတိုင်းတို့မှာ ဘုရားဖြစ်ရန်ဆိုပြီး တောတောင်အနှံ့မှာ တရားကျင့်နေသူတွေ အများကြီးရှိတဲ့အကြောင်း ပြောပြီးပြီပဲ။ အဲဒီလိုနဲ့ တရားကျင့်တဲ့သူတွေဟာ သူတို့ယုံကြည်တဲ့ ကိုးကွယ်တဲ့ ဂိုဏ်းဆရာကြီးအသီးသီးထံချဉ်းကပ်ပြီး သူတို့ဂိုဏ်းဝင်အဖြစ် တရားကျင့်ကြတယ်၊ ဥပကတက္ကတွန်းတို့ဂိုဏ်းကတော့ အစစအရာရာစွန့်လွှတ်ပြီး ခြိုးခြံစွာကျင့်ရာမှာ အဝတ်အစားဆင်မြန်းတာကိုတောင်ပစ်ပယ်ပြီး ကျင့်တဲ့ဂိုဏ်းပေါ့။ ဝတ်လစ်စလစ်နေထိုင် ကျင့်ကြံကြတဲ့သူတွေပေါ့။

မြတ်စွာဘုရားဟာ မဟာဗောဓိအရပ်မှထွက်ခွာလာခဲ့ပြီး မကြာခင်ဘဲ မျက်နှာဆိုင်ဘက်ကလာနေတဲ့ ဥပကကို မြင်တွေ့နေရတယ်။ ဥပကကလည်း မြတ်စွာဘုရားကိုမြင်ပြီး သေသေချာချာ စိုက်ကြည့်တယ်၊ ပြီးတော့ သူက စတင်ပြီး မြတ်စွာဘုရားကို နှုတ်ခွန်းဆက်တယ်။

'ငါ့ရှင်၊ အသင့် မျက်စိ၊ မျက်နှာ၊ အသားရေများဟာ လွန်စွာကြည်လင်တယ်၊ ကိုယ်အဆင်းလည်း သန့်ရှင်းပြီးတောက်ပနေတယ်၊ ငါ့ရှင်ရဲ့ဆရာဟာ ဘယ်သူလဲ၊ ငါ့ရှင် အဘယ်တရားကို ကျင့်ကြံသလဲ' လို့ နှုတ်ဆက်စကားပြောရင်း မေးလိုက်တယ်။

'အဲဒီမှာတင်ပဲ မြတ်စွာဘုရားက ရဲရဲတောက်ပြန်ပြောလိုက်တယ်။ 'ငါဘုရားဟာ တရားအလုံးစုံကို အကြွင်းမဲ့သိမြင်သူဖြစ်တယ်၊ လောကသုံးပါးမှာ တရားအားလုံးကို လွှမ်းမိုးအုပ်စိုးသူ၊ ကိလေသာအညစ်အကြေးလိမ်းကျံခြင်းမရှိသူ၊ တဏှာဟူသမျှစွန့်ပစ်၍ အေးချမ်းသောနိဗ္ဗာန်သို့ ကျွတ်ကျွတ်လွတ်လွတ် ဝင်စံနေသူဖြစ်တယ်၊ တရားအလုံးစုံကို ကိုယ်တော်

တိုင်သိခဲ့သူဖြစ်လို့ ဘယ်သူ့ကိုဆရာလို့ညွှန်ပြဖွယ်ရာမရှိဘူး၊ ငါ့မှာ ဆရာမရှိ၊ ငါနှင့် ရည်တူသောသူပင်မရှိ။

'လောကတစ်ဝန်းမှာ ပူဇော်အထူးကိုခံတော်မူထိုက်သော အရဟံ ဂုဏ်ရှင်ဖြစ်တယ်။ လူနတ်ဗြဟ္မာတို့၏ အတုမရှိ မြင့်မြတ်သောဆရာလည်း ဖြစ်တယ်။ ပြိုင်ဖက်မရှိ တစ်ဆူတည်းသာဖြစ်တယ်။ ကိလေသာမီး အေးငြိမ်း ပြီးသူလည်းဖြစ်တယ်။ ပညာမျက်စိမရှိ သူကန်းသဖွယ်ဖြစ်နေတဲ့ နတ်လူ အပေါင်းကို တရားပြသဖို့ တရားတည်းဟူသောအမြိုက်စည်ကြီးကို ရိုက်တီး ဆော်ရွမ်းပေးဖို့ ကာသိတိုင်း ဗာရာဏသီပြည်ကို ငါသွားမည်'ဟု ရဲရဲတောက် မိန့်မြွက်လိုက်သကွယ့်။

'အဲဒီတော့ ဥပကတက္ကတွန်းက 'င့ါရှင်၊ သင်ပြောတဲ့အတိုင်းသာဆိုလျှင် သင်သည် အနန္တဉာဏ်ရှင် မာရ်ငါးပါးအောင်မြင်ပြီးသူဖြစ်မှာပေါ့'လို့ မယုံကြည်သလို ငေါ့သလိုလို ပြန်ပြောခဲ့တယ်။

'ဥပက၊ ငါကဲ့သို့သဘောရှိသော မြတ်စွာဘုရားတို့သည် အာသဝေါ တရားကို ကုန်ခမ်းကာ မကောင်းမှုအကုသိုလ်တို့ကိုအောင်နိုင်သောကြောင့် 'ဇိန'ဘွဲ့ထူးကို ခံယူတော်မူခဲ့ကြကုန်ပြီ၊ ငါသည်လည်း ထိုဘုရားများနည်းတူ အာသဝက္ခယဉာဏ်တော်တို့ကိုရရှိ၍ မကောင်းမှုအကုသိုလ်တို့ကိုအောင်နိုင် သောကြောင့် အနန္တဇိနဘွဲ့ရ အောင်နိုင်သူတစ်ပါးဖြစ်၏'ဟု မြတ်စွာဘုရားက ပြန်လည်ပြောကြားသကွယ့်။

'အဲဒီတော့ ဥပကတက္ကတွန်းက ပါဠိလို 'ဟုပေယျပါဝုသော'လို့ ပြောတယ်။ မြန်မာလိုတော့ 'ဟုတ်ပေမှာပဲ'ဟုရေရွတ်ပြီး မြတ်စွာဘုရားအား လမ်းဖယ်ပေးလိုက်တယ်။ အဲဒီနောက် သူ့ခရီးသူဆက်သွားတယ်ကွယ့်။ မြတ်စွာဘုရားလည်း ဥပကနှင့်လမ်းခွဲပြီး ပဥ္စဝဂ္ဂီတို့နေထိုင်ရာ မိဂဒါဝုန်သို့ ဆက်လက်ခရီးနှင်သွားတော်မူသကွယ့်။

## ဥပကတက္ကတွန်းဝတ္ထု

'ဒီနေရာမှာ စိတ်ဝင်စားစရာကောင်းတဲ့ ဥပကအကြောင်းကို ဘိုးဘိုး ပြောပြမယ်။ ဘိုးဘိုးတို့ ကလေးဘဝက အဘွားကရော အမေကရော

ဒီဥပကအကြောင်း ခဏခဏပြောပြတတ်ကြတယ်။ သိချင်းလဲ ဆိုပြလေ့ရှိသကွယ့်။ ဘုရားကျောင်းကန် တန်ဆောင်းများမှာလဲ ဥပကနှင့် စာပါဖနီးမောင်နှံအကြောင်း ပန်းချီကားများနှင့်တစ်မျိုး၊ ပန်းပုရုပ်များနှင့်တစ်မျိုး ပြထားလေ့ရှိကြသကွယ့်။ အချို့က စာပါကို မဆာဝါလို့လဲ ပြောကြတယ်။

'အဲဒီမှာ ဥပကတက္ကတွန်းကြီးဟာ အလွန်ကြုံတောင့်ကြုံခဲ ပွင့်တော်မူကာစ ရှင်တော်မြတ်ဘုရားရှင်ကို ကိုယ်တိုင်ဖူးတွေ့ခွင့်ရလျက်သားနှင့် ဘုရားစင်စစ်ဖြစ်ကြောင်း မသိရှာ မယုံကြည်ရှာလို့ ကျွတ်တမ်းဝင်နိုင်လောက်တဲ့ ပါရမီဓာတ်ခံရင့်သန်လျက်နဲ့ အခွင့်ထူးကြီးဆုံးရှုံးရတာကို ဘိုးဘိုးပြောချင်တာပါ။ ဒါပေမယ့် ဒီခေတ္တခဏကလေး မြတ်စွာဘုရားရဲ့နှုတ်မြွက်တော်စကားများ ကြားခွင့်ရလိုက်တဲ့အတွက် နောင်အခါမှာ ဘုရားရှင်တော်မှောက် ပြန်ရောက်နိုင်လောက်အောင် အထုံပါရမီကုသိုလ်များလောက်တော့ ရသွားရှာတယ်။

'အေး၊ ဥပကကြီးဟာ မြတ်စွာဘုရားနှင့်လမ်းခွဲပြီး တစ်တောဝင်တစ်တောင်ထွက်နှင့် နောက်ဆုံးကျတော့ ဝင်္ကဟာရဇနပုဒ်အနီး တောအုပ်မှာ အခြေချ သီတင်းသုံးနေတယ်။ အဲဒီဝင်္ကဟာရဇနပုဒ် မုဆိုးရွာငယ်ရဲ့ အကြီးအကဲဖြစ်သူ မုဆိုးကြီးက ဥပကကို ရဟန္တာထင်မှတ်ပြီး ကြည်ညိုလို့ ကိုးကွယ်ဆည်းကပ် လုပ်ကျွေးပြုစုနေသကွယ့်။ အဲဒီလိုနေရင်းက တစ်နေ့တော့ သူတို့ရွာနဲ့ အတော်လှမ်းတဲ့ဒေသမှာ သမင်အုပ်စုတစ်စု ကျလာတဲ့ သတင်းကြားရတော့ မုဆိုးကြီးက သူ့သားများ ညီများနှင့် လူစုဖွဲ့ပြီး သမင်လိုက်ရန် ခရီးထွက်သွားကြသကွယ့်။ ခရီးမထွက်ခင် သူ့သမီး စာပါကို သေသေချာချာ မှာထားခဲ့တယ်၊ သူ့ဆရာတက္ကတွန်းဟာ နေ့စဉ်မနက်တိုင်း ဆွမ်းကွမ်းကိစ္စအတွက် ကြွရောက်လာရင် ဂရုတစိုက် မလစ်ဟင်းရအောင် ပြုစုလုပ်ကျွေးဖို့ အထပ်ထပ်မှာပြီးမှ ခရီးထွက်သွားတယ်။

'မုဆိုးကြီးသမီးစာပါက အလွန်ချော အလွန်လှဆိုပဲ။ စာပါရဲ့ရုပ်သွင်ပြင်ဟာ အချိုးအဆက်ကျကျ၊ မိန်းမတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်း လှလှကြွကြွနှင့် မြင်သူငေးလောက် ယောက်ျားများဘဝင်အေးလောက်အောင်

ဆွဲငင်မာတတ်ကောင်းတယ်ဆိုပဲ။ အေး–နောက်တစ်နေ့ ရသေ့ကြီးဥပက မုဆိုးကြီးအိမ် ဆွမ်းစားကြွရောက်လာတော့ ခါတိုင်း ခရီးဦးကြိုနေကျ မုဆိုးကြီး မတွေ့ရဘဲ သူ့သမီးမစာပါကိုသာ တွေ့မြင်ရတယ်။ မစာပါကို မြင်လျှင် မြင်ချင်း ဥပကဟာ ဣန္ဒြေမဆယ်နိုင်လောက်အောင် ရာဂနတ်ဖမ်းစားခံရ သကွယ့်။ စာပါက သူ့အဖေမှာစကားအတိုင်း ရိုရိုသေသေကောင်းမွန်စွာ ပြင်ဆင်ကျွေးတဲ့ဆွမ်းများကိုပင်မစားနိုင်ဘဲ ဆွမ်းများကိုခွက်ဖြင့်ထည့်ယူပြီး သူ့နေရာ ပြန်ကြွသွားသတဲ့၊ သူ့ကျောင်းသင်္ခမ်းရောက်တော့လဲ ဆွမ်းခွက်ကို ချထားကာ ဆွမ်းမစားတော့ဘဲ 'စာပါကိုရပါမှ ငါအသက်ရှင်မယ်၊ စာပါကို မရလျှင် ငါအသက်သေတော့မယ်'လို့ တွေးတောအောက်မေ့ကာ လဲလျောင်း အိပ်စက်နေသကွယ့်။

'ခုနစ်ရက်မြောက်တဲ့နေ့ကျတော့ မုဆိုးကြီးလဲ သမင်လိုက်သွားရာက ပြန်ရောက်လာတယ်။ သူ့သမီးစာပါက ဖြစ်ကြောင်းကုန်စင်ပြောပြတာပေါ့။ 'ပထမနေ့တော့ ဆွမ်းစားကြွလာပါတယ်၊ ဒါပေမယ့် ဘာမှ မစားဘူး၊ ဆွမ်းတွေ ခွက်နှင့်ထည့်ယူသွားတယ်၊ နောက်တော့ တစ်ရက်မှကြွမလာ တော့ဘူး အဘရဲ့'လို့ ပြောပြတယ်။

'မုဆိုးကြီးဟာ စိုးရိမ်ကြီးစွာနှင့် ရသေ့ကျောင်းသင်္ခမ်းကို လိုက်သွား တယ်။ ကျောင်းသင်္ခမ်းမှာ မြင်တွေ့ရတဲ့ မြင်ကွင်းကြောင့် သူ အတော် တုန်လှုပ်သွားရသတဲ့။ သူအလွန်ကြည်ညိုလှတဲ့ ရဟန္တာ့သူတော်မြတ် ကြီးလို့ထင်တဲ့ ရသေ့ဥပကဟာ ဘယ်လိုရောဂါများနှိပ်စက်လို့ အိပ်ရာမှာ လဲလျောင်းနေသလဲလို့ ခြေဆုပ်လက်နယ်ပြုစုရင်း မေးလျှောက်တော့ ဥပက တက္ကတွန်းက ဘာမှမဖြေကြားဘဲ ညည်းတွားကာ အိပ်ရာပေါ်မှာ လူးလိမ့် နေသကွယ့်။ အဲဒီတော့ မုဆိုးကြီးက စိုးရိမ်ပူပန်စွာနှင့် 'အရှင်ဘုရား အလိုရှိ တာသာပြောပါ၊ တပည့်တော် တတ်နိုင်တာဖြစ်ရင် အရှင်ဘုရား စိတ်ချမ်း သာအောင် ဆောင်ရွက်ပေးပါ့မယ်'လို့ လျှောက်ထားသကွယ့်။

'အဲဒီတော့မှ ပူပုံပန်းဖြစ်နေတဲ့ ဥပကတက္ကတွန်းက 'စာပါကို ငါ လိုချင်တယ်၊ စာပါကိုရမှ ငါအသက်ရှင်မယ်၊ စာပါကို မရလျှင် သေရတာက

မြတ်သေးတယ်'လို့ မိန့်မြွက်သကွယ့်။ မုဆိုးကြီးလဲ သူအလွန်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ကြီးအလိုကို ဖြည့်စွမ်းချင်လို့ ဒီလိုမေးသကွယ့်။ 'အရှင်ဘုရား၊ အသက်မွေးဝမ်းကျောင်း တစ်စုံတစ်ခုအတတ်ပညာ တတ်သလားဘုရား'လို့ မေးတော့ ဥပကက ဘာအတတ်ပညာမှ မတတ်ကြောင်း ပြန်ပြောသကွယ့်၊ မုဆိုးကြီးက 'အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခုမရှိရင် အိမ်ထောင်မှုကို စီမံခန့်ခွဲနိုင်မှာ မဟုတ်ပါဘုရား'လို့ ရှင်းပြတယ်။ အဲဒီတော့မှ သူ ရဟန္တာလို့ ကြည်ညိုနေတဲ့ တက္ကတွန်းကြီးက 'အတတ်ပညာတော့ မတတ်ဘူး၊ ဒါပေမယ့် အသင်တို့သတ်ဖြတ်ရလာတဲ့အသားတွေကို သယ်ပိုးပေးနိုင်တယ်၊ ရောင်းချလဲပေးနိုင်တယ်'လို့ ပြန်ပြောတော့ မုဆိုးကြီးက အပေါ်ဝတ်အင်္ကျီတစ်ထည်ပေးပြီး တက္ကတွန်းကြီးအား လူဝတ်လဲစေသတဲ့၊ ပြီးတော့မှ အိမ်ခေါ်သွားပြီး သူ့သမီးစာပါနှင့် နေရာချထားပေးလိုက်သတဲ့။

'မုဆိုးကြီးကတော့ သမက်ဖြစ်သူတက္ကတွန်းလူထွက်အပေါ် စိတ်တိုင်းကျ ဖြစ်နေသကွယ့်။ တောမှ သားကောင်များပစ်သတ်ပြီး ရွာသို့သယ်ယူလာရန် အကူအညီလိုနေတာ၊ ပြီးတော့ ရွာတွင်းလည်း အသားများရောင်းချပေးရန် လူလိုတာ၊ တက္ကတွန်းလူထွက်က အဲဒီအလုပ်တွေကို ကောင်းကောင်း လုပ်ကိုင်ပေးနိုင်လို့ မုဆိုးကြီးနှင့် အဆင်ပြေနေတာပေါ့။ ဒါပေမယ့် ဇနီးဖြစ်သူ မစာပါနှင့်တော့ အဆင်မပြေဘူး။ မစာပါမှာ သူကိုယ်တိုင် ချစ်ကြိုက်လို့ မဟုတ်ဘဲ ဖခင်မုဆိုးကြီးက ဖွတ်အတင်းပေးစားခဲ့လို့သာ တက္ကတွန်း လူထွက်ကြီးနှင့်ပေါင်းသင်းနေရတာ၊ နည်းနည်းမှ အဆင်မပြေဘူး။ သူ့ထက် အသက်အတော်ကြီးသူကို ယူထားရတာဖြစ်လို့ အိမ်ကိစ္စ လူ့လောက ပေါင်းသင်းဆက်ဆံရေးကိစ္စများမှာ အဆင်မပြေဖြစ်နေရတော့ စိတ်မချမ်းသာ ရှာဘူးပေါ့ကွယ်။ အဲဒီတော့ ဥပကကြီးကို အစဉ်မြည်တွန်တောက်တီးနေ သကွယ့်။

'ဒီလိုနှင့် သားကလေးတစ်ယောက်မွေးလာတော့ သုဘဒ္ဒလို့ အမည် ပေးထားသကွယ့်၊ သားကလေး ငိုကြွေးတဲ့အခါများမှာ မစာပါက ကလေးကို ပုခက်မှချော့သိပ်ရင်း ဥပကကို စောင်းမြောင်းကဲ့ရဲ့ရင်း သီချင်းဆိုသိပ်လေ့

ရှိတယ်။ အဲဒီသီချင်းကို မန်လည်ဆရာတော်ကြီးက ရေးထားခဲ့တာကို ဘိုးဘိုး ဆိုပြမယ်။ မောင်ဝဏ္ဏတို့ သဘောကျမှာပါ။

'အမဲသားထမ်း၊ တက္ကတွန်း၊ ရဟန်းလူထွက်သား။
မုဆိုးနောက်လိုက်၊ ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား။
မိခင်ချော့သိပ်၊ အငိုတိတ်၊ မောင်အိပ်ပါတော့လား။
မြကြိုးလိမ် ကျိန်ပုခက်ကယ်နှင့်၊ စက်ပါတော့ သားရွှေစင်။
ပျော်ကြောင်းငယ်မာယာနှင့်၊ ဖွဲ့ဆိုကာ အမေလွှဲမယ်ပ။
ရွှေခဲအငိုတိတ်၊ မင်းအိပ်စေချင်။
မောင့်ဖခင်၊ လူတွင်နောက်ဆုံး။
သည်နှယ်ကိုရှောင်ခွာလို့၊ နောက်နောင်ခါလွတ်အောင်ရှားပါတော့
မွေးမယ်တော် ခုမှာထားလိုက်မယ်၊ သားလှရွှေလုံး'။ ။

'အမယ်–မသီဂီက ဘိုးဘိုးဆိုပြတာကို ဩဘာတွေ ဘာတွေပေးလို့၊ လက်ခုပ်လက်ဝါးတီးလို့ပါကလား။ အေး–ဒီအဖြစ်အပျက်ကလေးက အလွန် စိတ်ဝင်စားစရာကောင်းတယ်။ သင်ခန်းစာတွေ သံဝေဂရစရာတွေ အများကြီး တွေ့ရနိုင်တယ်။

'အဲဒီလို မယားလုပ်တဲ့သူက စောင်းမြောင်းထေ့ငေါ့ပြီး သားချော့ သီချင်းနှင့် ထိပါးတိုက်ခိုက် ပြောင်လှောင်တာတွေကို ဥပကလူထွက်ကြီးက အစတော့ သည်းခံနေခဲ့သကွယ့်။ သူ့ကို ကျီစယ်တယ်သဘောထားပြီး ရယ်ရယ်မောမောနှင့်ပေါ့။ ဒါပေမယ့် လူ့ပ်ပါများတော့ မြေမှာစိုက်ထားတဲ့ တိုင်တောင် လှုပ်လာတယ်မဟုတ်လား။ အဲဒီလိုပဲ မစာပါက မထိခလုတ် ထိခလုတ် လှုပ်လွန်းဖန်များတော့ ဥပကကြီးက ပြန်ပြောသတဲ့။

'ရှင်မ–သင်က ငါ့မှာ ကိုးကွယ်ရာမဲ့ တစ်ကောင်ကြွက်ထင်နေသလား၊ ငါ့မှာ အနန္တဇိနဆိုတဲ့ မိတ်ဆွေကောင်းကြီးရှိပါတယ်၊ အဲဒီမိတ်ဆွေကြီးဆီကို ငါထွက်သွားလိမ့်မနော်'လို့ ခြိမ်းခြောက်လိုက်သကွယ့်၊ အဲဒီမှာတင် မစာပါက ဥပကကြီး ငါစောင်းမြောင်းပြောဆိုတာကို အခံရခက်လာပြီလို့ စဉ်းစားမိပြီး သူ့ရဲ့သားချော့သီချင်းကို နေ့စဉ်အဖန်ဖန် ထပ်ဆိုတယ်ကွယ့်။ နောက်ဆုံး

တော့ ဉပကကြီးက စာပါကို အသိမပေး မပြောကြားဘော့ဘဲ တစ်နေ့မှာ အိမ်ကထွက်သွားတော့သကွယ့်။

'အေး-ဉပကနှင့်စာပါတို့ရဲ့ နိဂုံးချုပ်ဇာတ်ကြောင်းကလေး ပြီးအောင် ဘိုးဘိုး ပြောပြဦးမယ်၊ အလွန်စိတ်ဝင်စားစရာပဲ။ ဉပကကြီးဟာ စာပါကို ပစ်ထားခဲ့ပြီး သူက အနန္တဇိနလို့ မှတ်မိထားတဲ့ မြတ်စွာဘုရားထံတော်ကို ဟိုမှာဒီမှာ စုံစမ်းမေးမြန်းပြီး ရောက်အောင်သွားခဲ့သကွယ့်။ အဲဒီတော့ မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပြီ။ ဉပကကြီး မြတ်စွာဘုရားထံတော်မှောက်ရောက်မယ့်နေ့ နံနက်မှာ မြတ်စွာဘုရားက နေ့စဉ်ပြုလုပ်နေကြအတိုင်း နံနက်စောစောမှာ ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါများကို ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ရှုကြည့်တော့ အဲဒီနေ့မှာ ဉပကကြီးရောက်လာမှာကို သိတော်မူတယ်။ ဒါကြောင့် ရဟန်းတွေကို 'အနန္တဇိန ဘယ်မှာနေသလဲ' လို့ မေးမြန်းလာတဲ့သူကို မြတ်စွာဘုရားထံ ရောက်အောင် လိုက်ပို့ပေးကြပါလို့ မှာထားသကွယ့်။

'အတိုချုံးပြောရလျှင် မြတ်စွာဘုရားထံရောက်လာတဲ့ ဉပကကို ရဟန်း ဝတ်ပေးပြီး တရားထိုင်နိုင်းတယ်၊ လောကလူ့ဘဝကို လွန်စွာငြီးငွေ့လာတဲ့ ဉပကဟာ မြတ်စွာဘုရားပေးတဲ့ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်တယ်၊ အဲဒါကြောင့် အနာဂါမိဖိုလ်အထိတရားပေါက်ပြီး စုတေကွယ်လွန်တဲ့ အခါ ဗြဟ္မာ့ဘုံသို့ ရောက်သွားတယ်၊ အဲဒီဗြဟ္မာ့ဘုံမှာပဲ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်ပြီး သူ့အတွက် ဒုက္ခခပ်သိမ်း အားလုံးငြိမ်းပြီး ချမ်းသာသုခကို ခံစံသွားနိုင်သကွယ့်။

'မစာပါလဲ ခေတ့်သူမဟုတ်ဘူးကွယ့်။ သူလဲပဲ ဉပက ပစ်သွားတော့ သားတွဲလဲနှင့် ဒုက္ခတဝဲလယ်လယ်ဖြစ်နေခဲ့တယ်။ သူ့ဖခင်ကြီးကလဲ သူအလွန်သဘောကျတဲ့ ဉပကကို ထွက်ပြေးအောင်လုပ်ရမလားလို့ သမီးကို မြည်တွန်တောက်တီးလုပ်၊ ကလေးတစ်ဖက်နှင့် အနေရဆင်းရဲလွန်းလာတော့ သားကလေးသုဘဒ္ဒကို ဖခင်ကြီးထံအပ်ထားခဲ့ပြီး ဉပကရျာပုံတော်ဖွင့်ရင်းနဲ့ ဉပကသွားရာလမ်းကြောင်းအတိုင်း လိုက်သွားတာ သာဝတ္ထိပြည်ကို

ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားသကွယ့်။ သာဝတ္ထိပြည် ဘိက္ခုနီမကျောင်းတော်ကြီးမှာ ဘိက္ခုနီမတို့အထံ၌ ရဟန်းမိန်းမပြုလိုက်သကွယ့်။ ပြီးတော့ ဝိပဿနာတရားကမ္မဋ္ဌာန်း အားထုတ်လိုက်တော့ အရဟတ္တဖိုလ်တည်ပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာမဖြစ်သွားသကွယ့်။ စာပါထေရီလို့ အမည်ရတယ်။

'အေး–သူတို့အကြောင်းတွေလေ့လာရင် ဘဝဘဝကပြုခဲ့ကြတဲ့ ကုသိုလ်ကောင်းမှုပါရမီများ လူကိုယ်စီမှာ မည်မျှရှိကြတယ်လို့ မခန့်မှန်းနိုင်ကြဘူးနော်။ မြတ်စွာဘုရားကဲ့သို့ သူတော်ကောင်းမိတ်ဆွေများနဲ့တွေ့ကြရရင် ရင့်ကျက်ပြီး ပါရမီရှိသူများဟာ လွယ်ကူစွာနှင့် ဘဝဇာတ်ကိုသိမ်း၍ ဒုက္ခငြိမ်းသွားနိုင်ကြတယ်။ ဒါကြောင့်မို့ မင်္ဂလာတရားတော်မှာ သူမိုက်ကိုရှောင်ပြီး သူတော်ကောင်းကို အဆွေခင်ပွန်းပြု ဆည်းကပ်ရတယ်လို့ မြတ်စွာဘုရားက ဟောကြားထားခဲ့တာပေါ့၊ မှတ်ထားကြကွယ့်။

*

## အခန်း(၄)

### ပဋ္ဌဝဂ္ဂီငါးဦးကိုတရားဦးဟောရန် မိဂဒါဝုန်သို့ကြွတော်မူခြင်း

'မောင်ဝဏ္ဏတို့ မသိင်္ဂီတို့ အခုလို ဘိုးဘိုးပြောပြတဲ့ 'စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာ'အကြောင်းကိုနားထောင်ကြတာ အလွန်အားရကြေနပ်တယ်။ အေး၊ ဘိုးဘိုး အခုလိုပြောပြနေတာက မင်းတို့လူငယ်လူရွယ်တွေ မိရိုးဖလာဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ်နှင့်ပဲ ပေါ့ပေါ့စားပေါ့ပေါ့သွား ဖြစ်မနေကြစေချင်လို့ကွယ့်။ ကိုယ်ကိုးကွယ်တဲ့ ဘာသာတရားအကြောင်း ခြေခြေမြစ်မြစ်နားမလည်ကြရင် ဟိုကပြော ဟုတ်နိုးနိုး၊ ဒီကပြော ဟုတ်နိုးနိုး၊ တွေ့ကရာတွေ နားထောင်နားယောင်ကြ၊ ပြီးတော့ တို့ဗုဒ္ဓရှင်တော်ဘုရားရဲ့ ဆုံးမစကား တရားတော်စစ်စစ်မဟုတ်တဲ့ ကိုးကွယ်ပုံကိုးကွယ်နည်း၊ အမှားယုံကြည်မှုတွေနှင့် လာဘ်သပ်ပကာရွှင်ရေး၊ ရာထူးတိုးတက်ရေး စတာတွေအတွက် သူများပြောသမျှ လိုက်လုပ်နေကြတာတွေ မြင်တွေ့နေရတယ်ကွယ့်။ ဝမ်းနည်းစရာပဲ။

'အဲဒီလို လုပ်ကိုင်ပြုမူလမ်းလွဲနေကြတာဟာ တို့မြတ်စွာဘုရား ဟောကြားတော်မူတဲ့ လွယ်လွယ်ကူကူလိုက်နာကျင့်သုံးနိုင်တဲ့ တရားနည်းလမ်းများကို မသိရှိကြလို့ကွယ့်။ တချို့ပုဂ္ဂိုလ်တွေက 'ဒုလောကီကြီးပွားရေးအတွက် လောကီလမ်းလိုက်တာပါ၊ ကုသိုလ်ရဖို့ နိဗ္ဗာန်ရောက်ဖို့တော့ လောကုတ္တရာလမ်းလိုက်မှာပါ'လို့ ပြောလေ့ယူဆလေ့ရှိကြတယ်။ အေး၊ ဒီလို ယူဆပြောနေတာကိုက ဘာကိုပြနေသလဲဆိုရင် တို့မြတ်စွာဘုရားရဲ့ ကရုဏာတော်ကြီးမားစွာနှင့် သတ္တဝါတွေ လောကီလောကုတ်တရား နှစ်ဖြာသော စီးပွားအတွက် ပြည့်ပြည့်စုံစုံ ရည်ရွယ်ပြီးဟောတော်မူခဲ့တဲ့တရားတွေ အကြောင်း မသိကြလို့ဆိုတာ ဘူးပေါ်သလိုပေါ်နေတာပဲ။

'မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို ကောင်းကောင်းသိကြရင် အခု ဘိုးဘိုးပြောပြတဲ့အချက်တွေ နားလည်နိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်ဆိုသူတိုင်း ရှင်တော်ဘုရားရဲ့ ဂုဏ်တော်ကိုးပါးလောက်တော့ ကြားဖူးကြမှာပဲ၊ တချို့လဲ အလွတ်ရပြီး ရွတ်ဖတ်နေကြမှာပါ။ 'ဣတိပိ သော ဘဂဝါ အရဟံ–' စတဲ့ ဂုဏ်တော်ကိုးပါးပေါ့။ အနက်အဓိပ္ပာယ်တော့ အဲဒီလိုရွတ်နေတဲ့သူတိုင်း ထိထိမိမိသိကြမယ်မဟုတ်ဘူး။

'ဂုဏ်တော်ကိုးပါးထဲက 'သုဂတော'ဂုဏ်တော်ရဲ့ အနက်အဓိပ္ပာယ် ကြည့်ပါလား။ အဓိပ္ပာယ်ဖွင့်ပုံတွေတော့ အများကြီးရှိသပေါ့ကွယ်၊ ဘိုးဘိုးက လိုရင်းပြောပါမယ်။

'သုဂတော=သတ္တဝါတွေအကျိုးများကြောင်း ဟုတ်မှန်သည့်စကား ကောင်းကိုသာ မြွက်ဆိုတော်မူသော မြတ်စွာဘုရား'တဲ့။

'နောက်ဂုဏ်တော်တစ်ခုက သတ္တာဒေဝမနုဿာနံ= ချမ်းသာစေ ကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော်မူတတ်၍ လူနတ်တို့၏ဆရာမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားတဲ့။

'အေး–အဲဒီဂုဏ်တော်နှစ်ခုရဲ့ အနက်အဓိပ္ပာယ်က နောက်ဘဝကျမှ မဂ်ဖိုလ်ရမှ နိဗ္ဗာန်ချမ်းသာရမယ်၊ အကျိုးများမယ်လို့ဆိုလိုတာ မဟုတ်ဘူး ကွယ့်။ မြတ်စွာဘုရားရဲ့ဆုံးမဩဝါဒအတိုင်း တစ်သဝေမတိမ်း လိုက်နာ ကျင့်သုံးတာနဲ့ 'အကာလိကော'တစ်ပြိုင်နက် ယခုဘဝနောက်ဘဝ အချိန် မရွေး လောကီလောကုတ္တရာအကျိုးကို ရရှိကြမယ်လို့ဆိုလိုတယ်ကွယ့်။

'အခု ဘိုးဘိုးပြောဟောနေတာက မြတ်စွာဘုရားဟောကြားတော်မူတဲ့ ဆုံးမဩဝါဒတွေအကြောင်း မရောက်သေးပါဘူး။ မြတ်စွာဘုရားကိုယ်တော် တိုင် ဘုရားဖြစ်အောင် ဘယ်လိုဆုပန်ပြီး ဘယ်လိုပါရမီတွေဆည်းပူးခဲ့ရ တယ်၊ ဘယ်လိုကျင့်ကြံပြီးတရားရခဲ့တယ်ဆိုတာတွေ ကောင်းကောင်း သိအောင်လို့ ဗုဒ္ဓဝေါတမအကြောင်းကိုသာ ပြောပြနေသေးတာပါ။

'အခုပဲ ပြောခဲ့တယ်မဟုတ်လား။ မြတ်စွာဘုရားဟာ သတ္တာဒေဝ မနုဿာနံ လူနတ်တို့ရဲ့ဆရာမြတ်ဖြစ်တော်မူတယ်လို့။ အေး၊ ကိုယ်က

ဆရာတင်ရမယ့်ပုဂ္ဂိုလ်အကြောင်းကို ကောင်းကောင်းမသိရင် အဲဒီဆရာကို လေးစားကြည်ညိုမှု ကောင်းကောင်းမဖြစ်နိုင်ဘူး။ သဒ္ဓါယုံကြည်မှုလည်း ခိုင်မြဲတည်တန့်မှုမရှိဘူး။ အဲဒီတော့ ဆရာဆိုတဲ့ပုဂ္ဂိုလ်ရဲ့ ဟောပြောတာတွေကို တန်ဖိုးမထားနားမလည် ယုံယုံကြည်ကြည်မရှိဘူးပေါ့။ အခုခေတ် လူငယ်လူရွယ်တွေရဲ့ ဘာသာရေးအပေါ်ယုံကြည်လေးနက်မှု အများအားဖြင့် အားနည်းလျော့ပါးနေတာဟာ မြတ်စွာကိုယ်တော်မြတ်ရဲ့ဖြစ်တော်စဉ်ကို ကောင်းကောင်းမသိရှိကြလို့ပဲ။

'ဒါကြောင့် ဘိုးဘိုးက မောင်ဝဏ္ဏတို့ကို တို့မြတ်စွာဘုရားရဲ့ဖြစ်တော်စဉ် အကြောင်း သိသင့်သိထိုက်တာတွေကို တော်တော်စုံစုံလင်လင် ပြောပြနေတာပေါ့။ တို့မြတ်စွာဘုရားဟာ လူသားမိဘနှစ်ပါးမှ မွေးဖွားတော်မူခဲ့ပေမယ့် သာမန်လူသားမဟုတ်ကြောင်း၊ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း ယုံကြည်လက်ခံကြည်ညိုလာနိုင်ကြအောင် ပြောပြနေရတာ။

'အခုတော့ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းလုံးလုံး သတ္တဝါများချမ်းသာစေရေး ကယ်တင်ရေးအတွက် မဟာကရုဏာတော်ဖြင့် ကြိုးပမ်းတော်မူခဲ့တာ သဗ္ဗညုတဉာဏ်တော်ဖြင့် သမ္မာသမ္ဗုဒ္ဓဆုတော်မြတ်ကြီးကို ဆွတ်ခူးနိုင်ခဲ့ပြီမို့ သတ္တဝါတွေကို တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူမည့် အခန်း ရောက်လာပြီမဟုတ်လား။

'အေး–ဉပကကြီးကို ပုံပမာပြုပြီး ဘုရားနှင့်တွေ့တာတောင် ကျွတ်တမ်းမရသူလို့ မလိမ္မာသူတွေနှင့်ပတ်သက်ပြီး ပြောစမှတ်ပြုကြတယ်မဟုတ်လား။ မြတ်စွာဘုရားဟာ ဉပကကြီးနှင့်လမ်းခွဲပြီး ဗာရာဏသီမြို့တော်ဆီသို့ ဆက်လက်ကြွမြန်းတော်မူသွားတယ်။ သူတရားရှာစဉ်က သူ့အားပြုစုစောင့်ရှောက် အလုပ်အကျွေးပြုခဲ့သူ ငါးပါးသောရဟန်း ပဉ္စဝဂ္ဂီတို့ဟာ ဗာရာဏသီမြို့နှင့်(၆)မိုင်အကွာ သားသမင်တို့ခိုအောင်းနေထိုင်ရာ မိဂဒါဝုန်တောအုပ်မှာ တရားကျင့်နေကြကြောင်းကို ရှင်တော်မြတ်ဘုရားက သိရှိတော်မူလို့ သူတို့ကို တရားဦးဟောရအောင် ကြွသွားတော်မူတာဖြစ်တယ်ကွယ့်။

'ဒီမှာ ဘိုးဘိုး ကြားဖြတ်ပြီးတစ်ခုပြောချင်တယ်။ တို့မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေမှာ အလွန်နှစ်လိုဖွယ်ရာကောင်းတဲ့ ဓလေ့ထုံးတမ်းရှိတယ်ကွယ့်။ အဲဒါဘာလဲဆိုတော့ မိမိတို့နေထိုင်ရာ အိမ်ဂေဟာသို့လာရောက်တဲ့ ဆွေမျိုးမိတ်ဆွေများကို ဝမ်းပန်းတသာ ပျူငှာစွာကြိုဆိုဧည့်ခံ ပြုစုလုပ်ကျွေးတဲ့ အလေ့အထပေါ့။ အဲဒီဓလေ့ထုံးတမ်းဟာ မဇ္ဈိမဒေသမှာ ဟိုရှေးပဝေသဏီကတည်းက ကျင့်သုံးခဲ့ကြတဲ့ အလွန်မွန်မြတ်တဲ့ယဉ်ကျေးမှုတစ်ရပ်ပဲကွယ့်။ မြန်မာပြည်နှင့် အရှေ့အာရှတစ်ခွင်သို့လည်း ဒီယဉ်ကျေးမှုအမွေကို ဖြန့်ဝေခဲ့ဟန်တူပါရဲ့။ ဒါပေမယ့် ဒီဓလေ့ကို အခုအချိန်မှာ ထင်ထင်ရှားရှားလိုက်နာကျင့်သုံးနေတာကတော့ မြန်မာပြည်ကထိပ်ဆုံးမှာရှိတယ်လို့ ဘိုးဘိုး ပြောချင်တယ်။

'မြတ်စွာဘုရားဟာ ဗာရာဏသီမြို့ကနေဆက်ပြီး မိဂဒါဝုန်(ခုခေတ်ဆာရနသ်) (Sarnath) ဘက် ကြွချီတော်မူလာစဉ် မိဂဒါဝုန်ကိုချဉ်းကပ်မိလာတော့ ရဟန်းကြီးငါးပါးက မြတ်စွာဘုရားကို ခပ်လှမ်းလှမ်းမှပင် မြင်တွေ့ကြရတယ်။ အဲဒီတော့ 'သံသရာဆင်းရဲဒုက္ခများကလွတ်မြောက်ရန် မကျင့်ကြံတော့ဘဲ လက်မြှောက်အရှုံးပေးသွားတဲ့ ဂေါတမလာနေပြီ၊ သူ့ကို တို့က မကြိုဆိုကြစတမ်း၊ ဘယ်သူကမှ သူ့ရဲ့လက်ကသပိတ်ကို မယူစတမ်း၊ ဘယ်သူကမှ သူ့ကို ခြေဆေးရေတို့ ထိုင်ခုံတို့ပေးပြီး ခြေဆေးမပေးကြစတမ်း'လို့ သူတို့အချင်းချင်းညှိကြပြီး တောတွင်းသီတင်းသုံးဖော်အချင်းချင်း ဧည့်ဝတ်ပြုကြရတဲ့ ယဉ်ကျေးမှုဓလေ့ကို ဖောက်ဖျက်ကြရန်စီစဉ်ကြတယ်။

'မြတ်စွာဘုရားကလည်း သူတို့ငါးဦးကို တစ်ပြိုင်နက်လှမ်းမြင်တဲ့အပြင် သူတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြတာတွေလည်း အားလုံးသိတော်မူပါတယ်။ ဒါကြောင့် သူတို့အပေါ် ကြီးစွာသောကရုဏာတော်ဖြင့် မေတ္တာရောင်ခြည်တန်ခိုးတော်များ ဖြန့်လွှတ်တော်မူလိုက်ပါတယ်။ ဒါကြောင့် သူတို့အနား နီးကပ်လာလေ မြတ်စွာဘုရားရဲ့မေတ္တာဓာတ်ရောင်ခြည်များ လွှမ်းမိုးခံရလေဖြစ်လာတော့ အချင်းချင်းထားခဲ့ကြတဲ့ ကတိအစီအစဉ်တွေဖျက်ပြီး ရဟန်းတစ်ပါးက သပိတ်နှင့်သင်္ကန်းကြီး လှမ်းယူတယ်။ အခြားတစ်ပါးက

နေရာထိုင်ခင်း ပြင်ဆင်တယ်။ နောက်တစ်ပါးက ခြေဆေးရေကို ပေးတယ်။ နောက်တစ်ပါးက ထိုင်ခုံကို ချထားပေးတယ်။ နောက်ဆုံးတစ်ပါးကတော့ ခြေကိုပွတ်တိုက်ရန် အိုးခြမ်းစကို ချထားပေးကြတယ်၊ ဒီလိုနှင့် မြတ်စွာဘုရားဟာ ခြေများကို ရေဆေးသန့်စင်ပြီးတော့ ခင်းပေးထားတဲ့ အခင်းပေါ်မှာ ထိုင်တော်မူတယ်။

'မြတ်စွာဘုရား ထိုင်တော်မူပြီးတဲ့နောက် ပဉ္စဝဂ္ဂီငါးဦးဟာ မြတ်စွာဘုရားကို ဝိုင်းရံထိုင်ကြပြီး 'ငါ့ရှင်–ဂေါတမ၊ သင်တရားကျင့်နေတုန်းက ရေပူရေချမ်းများကို ငါတို့က ကမ်းလှမ်းခဲ့ကြတယ်။ ကျောင်းသင်္ခမ်း သန့်ရှင်းရေးကို ငါတို့ ဆောင်ရွက်ပေးခဲ့တယ်။ ခရီးလှည့်လည်ရင်လဲ သပိတ်သင်္ကန်းကို ငါတို့က ယူဆောင်ကြတယ်။ ငါတို့ ထွက်ခွာလာပြီးနောက် ငါ့ရှင်ကို ဘယ်သူများ ကြည့်ရှုစောင့်ရှောက်ပေးသလဲ။ ငါ့ရှင်တစ်ဦးတည်းပဲ နေထိုင်ခဲ့ရသလား' လို့ ဝိုင်းမေးကြပါတယ်။

'အဲဒီလိုပြောဆိုကြတော့ မြတ်စွာဘုရားသခင်က သတိပြုမိတော်မူတယ်။ ဒီပဉ္စဝဂ္ဂီငါးဦးဟာ မိမိကို ကာယကံအနေဖြင့် ရိုသေကျိုးနွံမှုပြုကြသော်လည်း စိတ်တွင်း၌ သူတို့နှင့်တန်းတူရည်တူပဲ သဘောထားနေကြတယ်။ တရားအနေမှာ သူတို့နှင့်တန်းတူမျှသာရှိသေးတယ်လို့ ထင်နေကြတာကို မြတ်စွာဘုရား သုံးသပ်တော်မူမိတယ်။ အဲဒါကြောင့် 'ပဉ္စဝဂ္ဂီငါးဦးရဟန်းတို့၊ သင်တို့သည် ငါဘုရားအား ဂေါတမဟူသော မျိုးနွယ်အမည်ဖြင့်လည်းကောင်း၊ တန်းတူသဘောဖြင့် 'အာဝုသော–ငါ့ရှင်' ဟူ၍လည်းကောင်း မခေါ်ကြနှင့်။ ငါသည် မှန်ကန်သောအကျင့်ဖြင့် သိသင့်သိထိုက်သော သစ္စာလေးပါးတရားတို့ကို သိမြင်တော်မူခဲ့ပြီ။ အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအလုံးစုံကိုပယ်ဖျက်ပြီး၍ သဗ္ဗညုတဉာဏ်တော်ဖြင့် သမ္မာသမ္ဗုဒ္ဓဗောဓိဆုရသော ပူဇော်အထူးကိုခံယူထိုက်သော ဘုရားစင်စစ်ဖြစ်ခဲ့ပြီ၊ သင်တို့နားထောင်ကြလော့။ သင်တို့အား ငါဘုရားသည် တရားဟောကြား ဆုံးမပြသပေးမည်။ ငါ၏တရားကိုနာ၍ ငါဟောပြသည့်အတိုင်း လိုက်နာကျင့်သုံးပါက လောကီလူ့ဘောင်ကိုစွန့်လွှတ်ပြီး သင်တို့လိုက်လံရှာဖွေနေခဲ့သော

အမြိုက်နိဗ္ဗာန်တရားထူးကို ရကြပေအံ့`ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူတယ်။

'အဲဒီလို မြတ်စွာဘုရားက မိန့်ကြားတော်မူတာကို ရဟန်းငါးပါးက မယုံကြည်ကြဘူးတဲ့။ မြတ်စွာဘုရားက သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကာ ကိလေသာကုန်ခန်းပြီး ဗုဒ္ဓစင်စစ်ဖြစ်တော်မူပြီဆိုတာကို သူတို့က လက်မခံဘဲ စောဒကတက်ကြတယ်။ 'ဘယ့်နှယ် ငါ့ရှင်ဂေါတမ၊ ဟိုတုန်းက တရားကျင့်စဉ်အမှန်ဖြစ်တဲ့ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်လုံးလုံးကျင့်ခဲ့တာတောင် သင်ပြောတဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်များမရခဲ့ဘဲ အဲဒီလမ်းစဉ်ကိုစွန့်လွှတ် ပစ္စည်းလေးပါးပေါများဖို့ ကျင့်စဉ်သစ်ကိုကျင့်မှ အဲဒီဉာဏ်တွေရလာပြီ ဘုရားဖြစ်ခဲ့ပြီဆိုတာ ဘယ်မှာဟုတ်နိုင်ပါ့မလဲ'လို့ ပြန်ပြောကြတယ်။

'အဲဒီမှာ မြတ်စွာဘုရားက သင်တို့လမ်းစဉ်ဟောင်းက ပင်ပန်းဆင်းရဲရုံသာ ဖြစ်ခဲ့ရတာ။ ငါဘုရားရှင်ကိုယ်တိုင် ထိုးထွင်းသိမြင်ပြီး လိုက်နာကျင့်သုံးခဲ့တဲ့ အလယ်အလတ်လမ်းစဉ်နှင့်မှ ဒီမဂ်တရားဖိုလ်တရားများကို ကိုယ်တိုင်ထိုးထွင်းသိလာနိုင်ခဲ့တာ။ ဒါကြောင့် သင်တို့ ငါဘုရားဟောကြားမည့်တရားနှင့် ကျင့်စဉ်နည်းလမ်းကို သေသေချာချာ နားထောင်ကြစမ်းပါ။ ပြီးတော့ ငါဘုရား ပြသပေးမယ့် လမ်းစဉ်အတိုင်း ကျင့်ကြစမ်းပါ။ သင်တို့ကိုယ်တိုင် ချမ်းသာသုခ ရပါစေမယ်'လို့ ရဲရဲကြီးအာမခံပြီး သူပြောပြမည့်တရားကို အနာခိုင်းတယ်။ ဒါပေမယ့် ရဟန်းကြီးတို့က မယုံကြည်လက်မခံဘဲဖြစ်နေတယ်။

'မြတ်စွာဘုရားက သူတကယ်ပဲ တရားမှန်တွေ့ခဲ့လို့ ဘုရားစင်စစ်အမှန်ဖြစ်လာပြီလို့ ထပ်မံရှင်းပြသော်လည်း ပဉ္စဝဂ္ဂီငါးဦးက ဒုတိယအကြိမ်ထပ်မံပြီး မယုံကြည်နိုင်ကြောင်း ပြောကြတယ်ကွယ့်။ အဲဒီတော့ မြတ်စွာဘုရားက နည်းတစ်မျိုးပြောင်းပြီး ရှင်းပြရပြန်တယ်။

'ပဉ္စဝဂ္ဂီငါးဦးတို့၊ သင်တို့နှင့် ဉရုဝေလတောအုပ်မှာ တရားကျင့်ကြစဉ် သင်တို့ကလဲ မျှော်တလင့်လင့်နှင့် ဘုရားဖြစ်နိုးဖြစ်နိုး စောင့်နေကြရင်း ငါ့ကိုပြုစုစောင့်ရှောက်နေကြတုန်းက သင်တို့အားရှိအောင် ငါဘုရားကို ပစ်ခွာ

မသွားအောင် ငါ့ရှင်တို့၊ ဟိုဟိုဒီဒီထွက်ခွာသွားဖို့ မကြံကြနှင့်၊ ငါကိုယ်တော်မြတ်သည် အရောင်တွေအလင်းတွေ ကမ္ဘာ့ဒြာန်းနိမိတ်တွေရပြီလို့ ပြောခဲ့ဖူးသလား၊ သင်တို့ပြန်စဉ်းစားကြည့်ကြစမ်းပါ'လို့ တိုက်တွန်းရသကွယ့်။

'အဲဒီတော့ ရဟန်းငါးပါး အတော်တွေဝေသွားပြီး 'အေး–ဟုတ်ပေသားပဲ၊ သူ ဒီလိုတစ်ခါမှမပြောဖူးဘူး။ အဲဒီတုန်းက ငါ့ရှင်တို့ ငါရဟန္တာဖြစ်ပြီ၊ တရားထူးရပြီလို့ပြောရင် တို့ယုံခဲ့ကြမှာအမှန်ပဲ။ ဒါပေမယ့် တို့ကိုထွက်ခွာမသွားအောင် ဘယ်လိုမှမပြောခဲ့ဘူး၊ မတားမြစ်ခဲ့ဘူး။ အခုမှ တို့နေရာကို တမင်လိုက်လာပြီး ငါဘုရားဖြစ်ပြီလို့ ရဲရဲကြီးဝန်ခံနေတာ၊ သူ့စကား ဟုတ်တန်ကောင်းရဲ့'လို့ အတွေးဝင်လာကြတယ်။ အဲဒီလိုစဉ်းစားမိကြတာနှင့်တစ်ပြိုင်နက် မြတ်စွာဘုရားရှင်ရဲ့ ဘဂဝါဂုဏ်တော်တန်ခိုးကြောင့် ပဉ္စဝဂ္ဂီငါးပါးဟာ မြတ်စွာဘုရားအပေါ် ကြည်ညိုသဒ္ဒါစိတ်များ တဖွားဖွားဖြစ်ပေါ်လာကြတယ်။ အဲဒီတော့မှ မြတ်စွာဘုရားအား ရိုသေလေးမြတ်စွာရှိခိုးကန်တော့ကြပြီး 'အဲဒီလိုမပြောခဲ့ဘူးပါဘုရား'ဟု ဝန်ခံကြတယ်။

## ဓမ္မစကြာတရားတော်ကိုဟောတော်မူခြင်း

'ရှင်တော်မြတ်သည် ပဉ္စဝဂ္ဂီငါးပါးတို့ဟာ ဘုရားအဟုတ်အမှန်ဖြစ်လာကြောင်းကို ယုံကြည်သွားကြပြီး ဟောပြောဆုံးမတော်မူမည့် သံသရာဝဋ်မှ ကျွတ်လွတ်ကြောင်း တရားကောင်းတရားမြတ်တော်ကို နာကြားကြရန်အဆင်သင့်ဖြစ်နေကြောင်း သိရှိတော်မူတော့မှ မိမိသည် မည်သည့်လမ်းစဉ်ဖြင့်ကျင့်ခဲ့၍၊ မည်ကဲ့သို့ကြိုးပမ်းမှုကြောင့် သဗ္ဗညုတဉာဏ်တော်ကိုရရှိ၍ ဘုရားရှင်စင်စစ်ကေန်ဖြစ်ခဲ့ပုံများကို အသေးစိတ်ပြောပြရန် မြတ်စွာဘုရားရှင်တို့ ရှေးဦးဟောတော်မူမြဲဖြစ်သော တရားဦး ဓမ္မစက္ကပဝတ္တနသုတ္တန်တရားတော်ကို ဟောကြားတော်မူရတယ်။

'အချိန်က ညနေချမ်း၊ အလွန်သာယာတဲ့အချိန်။ ဝါဆိုလပြည့် စနေနေ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၆၀၀)ခန့်က မဟာသက္ကရာဇ် ၁၀၃–ခုနှစ်ကပေါ့။ နေမင်းကြီးဟာ အနောက်ဂေါယာကျွန်းသို့ ယွန်းလုဆဲဆဲ နီသောပတ္တမြားလုံးကြီး

ကဲ့သို့မြင်နေရဆဲ၊ လမင်းကြီးကလဲ အရှေ့ဘက်ကောင်းကင်ပြင်မှာ အဝါရောင်များဖြာထွက်၍ပေါ်လာဆဲ၊ နေမင်းကြီးရော လမင်းကြီးပါ တစ်ပြိုင်နက်မြင်နေရဆဲခဏမှာပဲ ရှေးဦးတရားတော်မြတ်ကို ဟောကြားတော်မူခဲ့တာဖြစ်သကွယ့်။

'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။'

'ရဟန်းတို့၊ လောကလူ့ဘောင်ကိုစွန့်ပစ်ခဲ့ပြီး တရားကျင့်နေသူများဟာ အစွန်းနှစ်ဖက်ကျရောက်သောအကျင့်ကို မကျင့်သုံးသင့်ကြပါ။'

'အဲဒီအချိန်က မြတ်စွာဘုရား ရှေးဦးဟောကြားတော်မူလိုက်သောတရားတော်မြတ်ကို နာကြားနေသူအပေါင်းမှာ လူသားများမှ ငါးယောက်သောရဟန်းကြီးများပဲရှိသကွယ့်။ ဒါပေမယ့် အလွန်သာယာသော ကြည်လင်အေးမြသောအသံတော်ဖြင့်ဟောလိုက်တဲ့ 'ဒွေမေ ဘိက္ခဝေ အန္တာ' စတဲ့တရားသံဟာ အထက်အမြင့်ဆုံးဘဝဂ် ဗြဟ္မာပြည်၊ အောက်အဝီစိ ငရဲထိ (တစ်သောင်းသောစကြာဝဠာတိုက်အပေါင်းသို့) တစ်မုဟုတ်ချင်းပြန့်နှံ့ရောက်ရှိသွားသကွယ့်။ စည်ကြီးတီးလိုက်တော့ မြည်ဟီးသံကြီးထွက်ပေါ်လာသလိုပေါ့။ အဲဒီတော့ ဘုရားပွင့်မှာကိုစောင့်မျှော်နေကြတဲ့ ကုသိုလ်ပါရမီများ ရင့်သန်စွာဖြည့်ဆည်းပြီးကြတဲ့ ဗြဟ္မာပေါင်းတစ်ဆယ့်ရှစ်ကုဋေတို့ဟာ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီ လျင်မြန်သောအချိန်ကလေးအတွင်းမှာ မြတ်စွာဘုရား တရားဟောတော်မူနေတဲ့ မိဂဒါဝုန်တောအုပ်သို့ တစ်ပြိုင်နက်စုဝေးရောက်ရှိလာကြပြီး တရားရေစင်ကို သောက်သုံးနိုင်ကြသကွယ့်။

'မြတ်စွာဘုရား ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်တော်မူသောအခါ၊ ပရိနိဗ္ဗာန်စံတော်မူသောအခါမှာ ဖြစ်ပေါ်မြဲ အံ့ဖွယ်သရဲထူးဆန်းတဲ့နိမိတ်ကြီးများလည်း ဓမ္မစကြာတရားဟောတော်မူသောအခါမှာ ဖြစ်ပေါ်ခဲ့တယ်ကွယ့်။ အထူးကဲဆုံး နိမိတ်ကြီးများကတော့ လောကဓာတ်တိုက်တစ်သောင်းလုံး တုန်သွားလှုပ်သွား သွက်သွက်ခါလည်ပတ်သွားတဲ့နိမိတ်ကြီးပေါ့။ ဓမ္မစကြာတရားတော်မြတ်ကြီး ဟောကြားလို့ပြီးဆုံးတာနှင့်တစ်ပြိုင်နက် ပဉ္စဝဂ္ဂီငါးပါး

အနက် သက်တော်အကြီးဆုံးဖြစ်တဲ့ အရှင်ကောဏ္ဍညမထေရ်ကြီးနှင့် အတူတကွ တစ်ဆယ့်ရှစ်ကုဋေသောဗြဟ္မာတို့ဟာ သောတာပတ္တိဖိုလ် တရားထူးများကို ရသွားကြသကွယ့်။

## အရှင်ကောဏ္ဍညမထေရ် ရှေးဦးစွာတရားထူးရခြင်း

'ရှင်တော်မြတ်ဘုရားဟာ အရှင်ကောဏ္ဍညမထေရ်ကြီး သောတာပန် တည်တာကို ချက်ချင်းသိမြင်တော်မူသကွယ့်။ အဲဒီတော့ လွန်စွာဝမ်းမြောက် ရွှင်လန်းတော်မူပြီး ဥဒါန်းကျူးရင့်တော်မူတယ်။ 'အညာသိ ဝတ ဘော ကောဏ္ဍညော။ အညာသိ ဝတ ဘော ကောဏ္ဍညော= ကောဏ္ဍညရဟန်း တရားထူးရပြီ၊ ကောဏ္ဍညရဟန်း တရားထူးရပြီ'လို့ အလွန်ကြည်နူးစွာ မြွက်ဆိုတော်မူခြင်းဖြစ်တယ်။

'အရှင်ကောဏ္ဍညလဲ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားထူးကို နက်နဲစွာသိမြင်ပြီး မြတ်စွာဘုရားကိုလဲ ဘုရားစင်စစ်ကေန်ဖြစ်ကြောင်း လုံးဝသံသယမရှိတော့ဘဲ မြတ်စွာဘုရားထံတော်မှောက်၌ ရဟန်းပြုခွင့် ချီးမြှင့်ရန် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် လျှောက်ထားတောင်းခံလိုက် သကွယ့်၊ မြတ်စွာဘုရားက မဆိုင်းမတွ 'လာလော့ ချစ်သား၊ သင်တောင်းခံ အပ်သော ရဟန်းအဖြစ်ကို ခံယူလော့၊ ငါဘုရားသည် တရားတော်များကို ကောင်းစွာဟောကြားတော်မူအပ်ပြီ၊ သင်သည် ဝဋ်ဆင်းရဲဒုက္ခများကို အဆုံးသတ်ရန် မြတ်သောအထက်မဂ်သုံးပါးတရားများကို ကျင့်ကြံလော့'ဟု 'ဧဟိ ဘိက္ခု'လို့ ခေါ်တော်မူလိုက်တယ်။

'အဲဒီလို မြတ်စွာဘုရားက လက်ယာရွှေလက်တော်ကို သင်္ကန်းတော် အတွင်းမှ ထုတ်ဖော်ဆန့်တန်းပြီး 'ဧဟိ ဘိက္ခု'လို့ ခေါ်တော်မူလိုက်တာနှင့် တစ်ပြိုင်နက် အရှင်ကောဏ္ဍညဟာ နဂိုအသွင်ပျောက်ပြီး ရဟန်းအဖြစ် ပြီးမြောက်အောင်မြင်တော်မူသွားတယ်။ ယခုခေတ်အခါလို သိမ်ဝင်ပြီး ဥပဇ္ဈာယ်ဆရာတော်နှင့်တကွ အနည်းဆုံးသံဃာ(၁၀)ပါးရှေ့မှောက်မှာ ရဟန်းဘဝတောင်းခံရယူတော်မူသလို မဟုတ်ဘူးကွယ့်။

'ဟေ ဘိက္ခု'လို့ခေါ်ပြီး ရဟန်းဖြစ်သွားတယ်ဆိုတာဟာ ရဟန်းလောင်းအရှင်ကောဏ္ဍညကို မြတ်စွာဘုရားက 'ဟေ ဘိက္ခု'လို့ ခေါ်တော်မူလိုက်တာနှင့် သူထိုင်နေတဲ့နေရာမှာ အထိုင်မပျက်ဘဲ ဆံရိတ်ပြီး သင်္ကန်းများဝတ်ရုံပြီးဖြစ်သွားတယ်။ သင်္ကန်းတစ်ထည်က ခါးမှာဝတ်လျက်၊ နောက်တစ်ထည်က ကိုယ်မှာရုံလျက်၊ အခြားတစ်ထည်သောသင်္ကန်းကြီးက ပခုံး၌တင်လျက်၊ လက်ဝဲပခုံးစွန်းမှာက သပိတ်ကိုလွယ်လျက် ပရိက္ခရာရှစ်ပါးစလုံးသူ့နေရာသူ အဆင်သင့်ဆင်ယင်ပြီးဖြစ်နေကြတာ။ ဝါတော်ခြောက်ဆယ်(သက်တော်–၈၀)ရှိသော ကြည်ညိုဖွယ်ရာ မထေရ်ကြီးတစ်ပါးသဏ္ဌာန်ဖြစ်ပေါ်လာပြီး ဆရာဥပဇ္ဈာယ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ရိုသေဦးညွှတ် ရှိခိုးလျက်သား တည်နေတော်မူသကွယ့်။

'ဘယ့်လောက်များ ကြည်နူးဖွယ်ရာကောင်းသလဲလို့ကွယ်၊ အခုခေတ်မှာ ရဟန်းခံပွဲတွေမှာ ရဟန်းလောင်းတွေ သိမ်ထဲမှာရဟန်းခံကြပြီး သိမ်ကထွက်လာတော့ ဆွေမျိုးမိဘအပေါင်းက ရိုသေစွာလက်အုပ်မိုးရှိခိုးကြပြီး ကြည်ညိုကြလွန်းလို့ လှူဖွယ်ရာပစ္စည်းများဆက်ကပ်ပြီး ပူဇော်ကြတယ်မဟုတ်လား။ အဲဒီလိုပဲပေါ့။ ဘိုးဘိုးတော့ မင်းကွန်းဆရာတော်ဘုရားကြီးရေးသားပြုစုတော်မူထားတဲ့ မဟာဗုဒ္ဓဝင်(၆–တွဲ၊ ၈–အုပ်)ကို အကြိမ်ကြိမ်ဖတ်ရင်း အရှင်ကောဏ္ဍညမထေရ်ကြီး ဟေဘိက္ခုရဟန်းဘဝရောက်ရပုံကိုမျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်မိပြီး ကြည်ညိုမှော်မှန်းကာ ဘုရားရှင်နှင့်တကွ အသစ်စက်စက်ရဟန်းတော်မြတ် အရှင်ကောဏ္ဍညကို အကြိမ်ကြိမ်ရှိခိုးကန်တော့ရသကွယ့်။

'မောင်ဝဏ္ဏ၊ လှုပ်လှုပ်ရွရွ နှုတ်ခမ်းတပြင်ပြင်နှင့် ဘာမေးမလို့ ပြင်ဆင်နေတာလဲ။ ဘိုးဘိုးသိပါတယ်ကွယ့်။ မင်းသိချင်တာက ကျန်တဲ့ ရဟန်းလေးပါးအကြောင်းမဟုတ်လား။ သူတို့ ဘယ်လိုအခြေအနေရောက်ပြီး တရားဦးနာကြားရတော့ ဘာတရားထူးရကြတယ်ဆိုတာ သိချင်နေတယ်မဟုတ်လား။

## ပဉ္စဝဂ္ဂီတို့တရားထူးရကြခြင်း

'မြတ်စွာဘုရားရှင် ရှေးဦးစွာဟောကြားတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော်အကြောင်း ဘိုးဘိုးပြောပြခဲ့တယ်နော်။ အဲဒီဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားက သူနှင့်တရားကျင့်ဖော်ကျင့်ဖက်ဖြစ်ပြီး သူ့ကို ခြောက်နှစ်လုံးလုံးအလုပ်အကျွေးပြုခဲ့ကြတဲ့ ပဉ္စဝဂ္ဂီရဟန်းကြီးငါးပါးကို ဟောပြတာလို လည်း ပြောခဲ့တယ်နော်။ အဲဒီလိုဟောပြတော့ ရဟန်းကြီးငါးပါးထဲက ကောဏ္ဍညမထေရ်ကြီးရယ်၊ အခြားတရားနာပရိသတ်ဖြစ်တဲ့ တစ်ဆယ့်ရှစ်ကုဋေရှိတဲ့ဗြဟ္မာကြီးတွေရယ် သောတာပန်တည် အရိယာသူတော်မြတ်တွေ ဖြစ်သွားကြတယ်ဆိုတာလည်း ပြောပြခဲ့တယ်နော်။

'အေး၊ ရဟန်းကြီးငါးပါးအနက် ကောဏ္ဍညအပြင် ကျန်လေးပါးသော ရဟန်းများကော ဘယ်လိုအခြေအနေရောက်သွားသလဲလို့ သိချင်လို့ မေးတော့မယ့်ဟန် ပြင်ခဲ့တယ်မဟုတ်လား။ ဘိုးဘိုးက အဲဒီအချက်ကို အခုပြောပြရမှာပေါ့။

'အဲဒီ ပဉ္စဝဂ္ဂီရဟန်းကြီးငါးပါးဟာ တောထွက်တုန်းကလည်း တစ်ချိန်တည်းလိုထွက်ခဲ့ကြတယ်။ တရားကျင့်တော့လည်း တစ်လျှောက်လုံးအတူတူ၊ မြတ်စွာဘုရားကိုဖူးတွေ့ရပြီး ရှေးဦးတရားတော်နာကြားခွင့်ရကြတာလည်း အတူတကွဖြစ်ကြပေမယ့် ဘိုးဘိုးပြောပြပြီးတဲ့အတိုင်း ကောဏ္ဍည တစ်ပါးတည်းသာ ရှေးဦးစွာ တရားထူးရတယ်။ ကျန်တဲ့လေးပါးကတော့ ရိုးရိုးပုထုဇဉ်ဘဝမှာပဲ ကျန်ရစ်ခဲ့တယ်။ အဲဒီတော့ ဒါဘာကြောင့်လဲလို့ မောင်ဝဏ္ဏက ဆက်ပြီးမေးဦးတော့မယ်မဟုတ်လား။ အေး–မေးသင့် မေးထိုက်တဲ့ ပုစ္ဆာပဲကွယ့်၊ မောင်ဝဏ္ဏမမေးခင်ဘဲ ဘိုးဘိုးကအဖြေပေးပါမယ်။

'ဒီလိုရှိသကွယ့် မောင်ဝဏ္ဏ၊ လောကတစ်ခွင်မှာ မြတ်စွာဘုရားတစ်ဆူ ပွင့်တော်မူလာနိုင်ဖို့ရာ ကမ္ဘာပေါင်းမရေမတွက်နိုင်အောင် ပါရမီများဆည်းပူး ခဲ့ကြရတယ်ဆိုတာ ဘိုးဘိုး အရင်ကရှင်းပြပြီးပြီနော်။ အေး၊ မြတ်စွာဘုရား ပွင့်တော်မူလာလို့ တရားနာကြားရအောင်ရယ်၊ တရားနာကြားရပြီး တရားထူး ရနိုင်အောင်ရယ် လုံလောက်တဲ့ပါရမီများ ဆည်းပူးပြီးဖြစ်ရသကွယ့်၊ မြတ်စွာ

ဘုရားဆုကိုတောင်းတော်မူတဲ့ အာဇာနည်ပုဂ္ဂိုလ်ထူးကြီးများလောက် မရေ မတွက်နိုင်တဲ့ ကမ္ဘာအသင်္ချေကြာရှည်အောင် ပါရမီတော်များကို မဆည်းပူး ရသော်လည်း ထိုက်တန်သလောက် ကြိုးပမ်းအားထုတ်ပြီး ပါရမီများဖြည့်ခဲ့ ဘူးကြဖို့တော့ လိုအပ်တယ်ကွယ့်။

'ဘိုးဘိုးပြောပြပြီးသားပဲလေ။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်တစ်ဆူ ဖြစ်နိုင်အောင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ ပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့က နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလကြာအောင် ပါရမီ တော်တို့ကိုဖြည့်ကျင့်ရတယ်။သာဝကအလောင်းအလျာတို့မှာ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့လို အဂ္ဂသာဝကအဆင့်ရောက်ဖို့ တစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း၊ မဟာသာဝကဖြစ်လိုလျှင် ကမ္ဘာတစ်သိန်း၊ ပကတိသာဝကဖြစ်လို လျှင် ကမ္ဘာတစ်ရာတစ်ထောင် စသဖြင့် ပါရမီတို့ကိုဆည်းပူးရတယ်ကွယ့်။

'အဲဒီမှာ ပဥ္စဝဂ္ဂီငါးဦးတို့ကတော့ ပကတိရိုးရိုးသာဝကဖြစ်ကြလို့ ကမ္ဘာ တစ်ရာကစပြီး ကမ္ဘာတစ်ထောင် ပါရမီဖြည့်ခဲ့ကြဘူးလို့ ဂေါတမမြတ်စွာ ဘုရားရှင်ပွင့်တော်မူခိုက်မှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို ဦးဦးဖျားဖျား ဖူးတွေ့ ခွင့်တော့ရကြသပေါ့။ ဒါပေမယ့် နောက်ဆုံးသာဝကဖြစ်ရန် အချိန်ကျရောက် တဲ့အခါမှာ လပိုင်းရက်ပိုင်းတော့ အနည်းအများ ကွာခြားကြတာပေါ့။ ဥပမာ–မီတာ(၁၅၀၀)ပြေးပွဲမှာ ပန်းဝင်ဖို့နောက်ဆုံးအကွေ့မှာ ပထမ,ဒုတိယ, တတိယ စသည်တို့ကိုမြင်တွေ့ရပေမယ့် ပန်းဝင်တော့ အသီးသီး စက္ကန့်ပိုင်း ခြားပြီးမှ ပန်းဝင်သွားကြသလိုပေါ့။

'ကောလျှာညမထေရ်ကြီးက ဝါဆိုလပြည့်နေ့မှာ သောတာပန်ပန်းတိုင် ဝင်သွားတော့ ကျန်လေးပါးက ပန်းတိုင်တော့မြင်နေရပြီဖြစ်သော်လည်း နောက်ကျနေကြသေးတာပေါ့။ အခြားဥပမာပြောရမယ်ဆိုရင်တော့ သာမန် ပုထုဇဉ်တွေကို ပဒုမ္မာကြာအိုင်ကြီးထဲက ကြာပင်တွေလို ရှုမြင်ကြည့်နိုင် ပါတယ်။ သံသရာဝဲထဲမှာလှည့်လည်နေတဲ့ သတ္တဝါတွေဟာ ကြာအိုင်ကြီး အောက်ခြေမှ ကြာဥကြာစွယ်များမှ ထိုးတက်လာတဲ့ ကြာပင်ကလေးတွေနှင့် တူတယ်ကွယ့်။ အဲဒီကြာပင်ကလေးတွေဟာ သန့်စွမ်းတဲ့ကြာဥကြာစွယ်တို့မှ

အပင်အညှောက် ..ကလေးတွေအဖြစ်နှင့် ပေါ်ထွက်လာကြတယ်။ ပြီးတော့ လိုအပ်တဲ့ ဩဇာအာဟာရဓာတ်ကို မြေနှင့်ရေမှရကြပြီး တဖြည်းဖြည်း ပင်စည်တွေက ရှင်သန်ကြီးထွား တိုးတက်လာကြတာ။ ရေအိုင်ကြီးအောက် ခြေမှ တဖြည်းဖြည်းရေမျက်နှာပြင်နားသို့ ချဉ်းကပ်တက်လာကြတယ်။ အချို့ကြာပင်တွေဟာ အဲဒီလိုနှင့် တဖြည်းဖြည်းကြီးထွားလာကြပြီး ကြာရိုး ကြာတံမှာ ဖူးငုံနှင့်တကွ ရေမျက်နှာပြင်ပေါ် မြင့်တက်လာကြတယ်။

'အချို့ကြာပင်တွေကတော့ ရေမျက်နှာပြင်နှင့် ထိမိရုံတော့ရောက်လာပြီး ရေမျက်နှာပြင်ကိုတော့ တိုးထွက်မလာနိုင်ကြသေးဘူး။ အချို့ကြာပင်တွေ ကတော့ မျက်နှာပြင်အောက် တစ်ပေ,နှစ်ပေ,သုံးပေ စသဖြင့် နစ်မြုပ်နေဆဲ။ အချို့အပင်ကလေးတွေက ရေထုအလယ်မှာ။ အချို့အပင်တွေကတော့ ရေကန်အောက်ခြေရွှံ့နွံထဲက အညှောက်ပြူရုံနှင့် လိပ်ငါးတို့အစားခံရပြီး ပျက်သုဉ်းသွားကြရတယ်။

'အေး အဲဒီမှာ ကောဏ္ဍညမထေရ်ကြီးက ကြာအိုင်ထဲကတစ်ပွင့်တည်း ရေမျက်နှာပေါ်ထိုးထွက်လာတဲ့ ကြာဖူးကြီးနှင့်တူတယ်ကွယ့်။ နေရောင် ခြည်နှင့်ထိတွေ့ရတာနှင့်တစ်ပြိုင်နက် ကြာဖူးကြီးဟာ ငွါးငွါးစွင့်စွင့် ကြာပဒုမ္မာ ပန်းကြီး ဖြစ်လာတော့တာပဲ။ အဲဒီလိုပဲ ပါရမီအပြည့်အဝ ဖြည့်ဆည်းပြီးတဲ့ အရှင်ကောဏ္ဍညဟာ မြတ်စွာဘုရားဟောကြားတော်မူလိုက်တဲ့ ဓမ္မတရား တော်ရောင်ခြည်များ ထိတွေ့ရလျှင်ထိတွေ့ရချင်းပဲ သောတာပန်တည်း ဟူသော ပဒုမ္မာကြာပန်းကြီးအဖြစ် ပွင့်လန်းတော်မူလာခဲ့တယ်။ ကျန်တဲ့ ရဟန်းကြီးလေးပါးကတော့ ရေအိုင်မျက်နှာပြင်ပေါ်သို့ တက်လုမ်းကာနီး ရောက်နေတဲ့ ကြာဖူးလေးခိုင်နဲ့တူတာပေါ့။

'တို့တစ်တွေ ပုထုဇဉ်သမားတွေကတော့ အဲဒီအချိန်အခါမှာ မြတ်စွာ ဘုရားကို ဖူးတွေ့ခွင့်မရနိုင်သေးတဲ့အပြင် ငါးလိပ်တို့အစာအဖြစ် ဝါးမျိုခြင်း ခံကြရတဲ့ ကြာဥကြာမြစ်ကလေးတွေလို ကိလေသာငါးလိပ်တွေအစာအဖြစ် နှင့် သံသရာမှာလည်နေခဲ့ကြရတာပေါ့။ အခုမှ ကံကောင်းထောက်မ လူ့ဘဝရကြတယ်ဆိုတော့ ကြာအိုင်ကြီးအောက်ဆုံးမှာ ကြာပင်ငယ်ကလေး

အဖြစ်နှင့် ပေါ်ပေါက်တော့လာနိုင်ခဲ့ကြပြီပေ့ါ။ အဲဒီအခြေအနေကနေ ကြာပင်ကလေး သန်သန်စွမ်းစွမ်းနှင့်ကြီးပြင်းလာပြီး ရေထုကြီးထဲက တဖြည်းဖြည်း ရေမျက်နှာပြင်ပေါ်ရောက်အောင်ကြိုးပမ်းကြရဦးမယ်။ ကမ္ဘာနှင့်ချီပြီး အားထုတ်ကြရမယ့်ကိစ္စကွယ့်၊ ဒါကြောင့် မင်းတို့လည်း တို့ ဘယ်အခြေအနေမှာရှိတယ် ဆိုတာလောက်တော့ သိကြရအောင် ဘိုးဘိုးက နည်းနည်းချင်း နားလည်အောင် ရှင်းရှင်းပြနေတာပါ။

'အေး၊ ပဥ္စဝဂ္ဂီငါးပါး ပြန်ဆက်ရအောင်။ ဝါဆိုလပြည့်နေ့မှာ အရှင်ကောဏ္ဍညကတော့ သောတာပန်ဖြစ်သွားပြီ၊ အာသဝေါကုန်ခန်းတဲ့ ကိလေသာ အညစ်အကြေးတွေအားလုံး ကင်းစင်သွားတဲ့ ရဟန္တာတော့ မဖြစ်သေးဘူး။ ကျန်လေးပါးကတော့ သောတာပန်တောင် မဖြစ်သေးဘူး။ မြတ်စွာဘုရားက 'ငါကိုယ်တော်မြတ်မှာ သံသရာဝဋ်ဆင်းရဲက လုံးဝလွတ်မြောက်ခဲ့ပြီ၊ အဲဒီတရားထူးကို သင်တို့အားဟောပြမယ်။ နားထောင်ကြ၊ သင်တို့လည်း ငါလိုပဲ ကျွတ်တမ်းဝင်နိုင်ကြမယ်'လို့ စောစောကပြောပြထားခဲ့တယ် မဟုတ်လား။ အခုတော့ ပါရမီအင်အားအလျောက် ရှင်ကောဏ္ဍညက သောတာပန်ဖြစ်ခဲ့ပြီ။ ရဟန္တာတော့ မဖြစ်သေးဘူး။ အခြားလေးပါးက အဲဒီသောတာပန်အဆင့်တောင် မရောက်သေးတော့ အဲဒီကျန်တဲ့လေးပါးကိုလည်း သောတာပန်ဖြစ်အောင် ရှေ့ဆက်ပြီး အားလုံးအတွက်အထက်ဆင့်ရောက်ကြရအောင် မြတ်စွာဘုရားက ကူညီပေးဖို့လိုလားတော်မူတယ်။ အဲဒီလေးပါးက အရှင်ကောဏ္ဍညရဟန်းကြီးလို သစ္စာလေးပါးတရားတော်ကို နာကြားရုံနှင့် ကိုယ်တိုင်ပဲ ခန္ဓာဉာဏ်ရောက်အောင် တရားရှုနိုင်တဲ့ပါရမီ မရသေးဘူး။ နေရောင်ခြည်နှင့်ထိတွေ့ရုံနှင့် ပွင့်အာလာနိုင်တဲ့ ကြာဖူးလောက် မရင့်ကျက်သေးဘူး။

'မင်းတို့ ပိုနားလည်အောင်ပြောရမယ်ဆိုရင် ငှက်ပျောဖီးတွေ ဈေးမှာရောင်းဖို့ ဈေးသည်က ခြံကလက်ကားသွားဝယ်ခဲ့တယ်ဆိုပါတော့၊ အဲဒီမှာ အချို့အသီးတွေက အပင်မှာပဲ ဝင်းဝါပြီးမှည့်ကာနီးနေလို့ တိုက်ရိုက် ရောင်းချနိုင်တယ်။ အချို့ငှက်ပျောသီးကတော့ မှည့်ရောင်မပြသေးဘူး။ စိမ်းတုန်း

ရှိသေးတယ်။ ဒါကြောင့် ဈေးသည်က အဲဒီငှက်ပျောဖီးစိမ်းတွေကို သူ့အိမ်မှာ မှည့်အောင် အုပ်ပေးရသေးတယ်။ မှည့်ရောင်ပြပြီး ဝါလာမှ ဈေးထွက်ရောင်းကြတယ်။

'ဒီလိုပဲ ရှင်ကောဏ္ဍညကိုယ်တော်ကြီးကတော့ မြတ်စွာဘုရားရဲ့ တရားရောင်ခြည်ထိတွေ့တာနှင့် မှည့်ရောင်ပြ ဝါဝင်းပြီး သောတာပန်တည်သွားတယ်။ ကျန်ကိုယ်တော်လေးပါးကတော့ မှည့်ရောင်မပြနိုင်သေးဘဲ စိမ်းနေသေးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ တရားတော်နှင့် ထပ်မံအုပ်ပေးရသေးတယ်။ အဲဒါက တရားတော်ကို နာကြားရုံနှင့် ခန္ဓာပေါ်ဉာဏ်မရောက်သေးတော့ သမထဝိပဿနာကို လက်တွေ့ကျင့်ကြဖို့ ကိုယ်တော်တိုင် ပြသပေးတော်မူရသကွယ့်။ အဲဒီကိုယ်တော်ကြီးလေးပါးဟာ မြတ်စွာဘုရား မျက်မှောက်တော်မှာ ကမ္မဋ္ဌာန်းထိုင်ကြရတာပေါ့ကွယ်။

'ဒါကြောင့် မြတ်စွာဘုရားနှင့်အရှင်ဝပ္ပတို့က လပြည့်ကျော်(၁)ရက်နေ့မှာ ဆွမ်းခံမထွက်ဘဲ မိဂဒါဝုန်မှာပဲနေကြတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင် ကမ္မဋ္ဌာန်းနည်းလမ်းပြပြီး အရှင်ဝပ္ပက သမထဝိပဿနာ ကမ္မဋ္ဌာန်းတရား လက်တွေ့ကျင့်ကြံရတယ်။ အရှင်ကောဏ္ဍည ဦးဆောင်တဲ့ ကျန်တဲ့ အရှင်လေးပါးတို့ကတော့ ဆွမ်းခံထွက်ကြပြီး သူတို့ရခဲ့သမျှ ဆွမ်းအာဟာရဖြင့် မြတ်စွာဘုရားပါ အရှင်ခြောက်ပါး မျှတစွာသုံးဆောင်ကြရသတဲ့။ သူတော်ကောင်းကြီးများ ညီညွတ်သင့်မြတ်ကြပုံ၊ အချင်းချင်းကူညီစောင့်ရှောက်ကြပုံများ တွေးကြည့်ကြစမ်း၊ ဘယ့်လောက်များကြည်ညိုစရာကောင်းလိုက်သလဲလို့။

'အေး–ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ နံနက်ခင်းအချိန်မှာပဲ အရှင်ဝပ္ပမထေရ်ဟာ သောတာပန်ဖြစ်တော်မူတယ်။အဲဒီနည်းအတိုင်း နောက်တစ်နေ့ ဝါဆိုလပြည့်ကျော်(၂)ရက်မှာ အရှင်ဘဒ္ဒိယ၊ (၃)ရက်နေ့မှာ အရှင်မဟာနာမမထေရ်၊ (၄)ရက်နေ့မှာ အရှင်အဿဇိမထေရ်တို့ဟာ အသီးသီး သောတာပတ္တိဖိုလ်တည်ကြပြီး မြတ်စွာဘုရားအထံတော်မှာ 'ဧဟိ ဘိက္ခု' ရဟန်းအဖြစ်ကို ခံယူကြတယ်ကွယ့်။

'အဲဒီလို ပဥ္စဝဂ္ဂီရဟန်းကြီးငါးပါးဟာ ဉာဏ်ရည်တူအဆင့်တူ သောတာပန်များဖြစ်တော်မူကြပြီဖြစ်တဲ့အတွက် မြတ်စွာဘုရားရှင်ဟာ ဝါဆိုလပြည့်ကျော်(၅)ရက်၊ ကြာသပတေးနေ့ရောက်တော့ ရဟန်းကြီးငါးပါးစလုံး အတူတကွ ရဟန္တာအဖြစ်သို့ရောက်ကြဖို့ အနတ္တလက္ခဏသုတ်တရားတော်ကို ဟောကြားတော်မူတယ်ကွယ့်။ အနတ္တလက္ခဏသုတ်ဒေသနာတော် ပြီးဆုံးတဲ့အခါမှာ ပဥ္စဝဂ္ဂီငါးပါးတို့ဟာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြတယ်ကွယ့်။ အေး–မောင်ဝဏ္ဏာတို့အတွက် နည်းနည်းအဆင့်မြင့်တဲ့ သောတာပန်၊ အရဟတ္တဖိုလ် စတဲ့စကားလုံးတွေတော့ ထည့်သုံးလိုက်ရသကွယ့်။ ဒါတွေဟာ နောက်တော့နားယဉ်လာပြီး အဓိပ္ပာယ်များပါသိအောင် ဘိုးဘိုး ရှင်းပြမှာပါ။ အခုတော့ အကျဉ်းချုပ်လောက်သိထားနိုင်ရအောင် ဘိုးဘိုး နည်းနည်းပြောပြမယ်။ ရဟန္တာဆိုတာ ပုထုဇဉ်သာမန်လူသားတွေထက်ထူးတာက လောဘ,ဒေါသ,မောဟ,မာနဆိုတဲ့ စိတ်အညစ်အကြေးတွေ လုံးဝကင်းစင်ပြီးသော အမြင့်မြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တယ်။ အလွန်ထူးမြတ်တဲ့ သီလ,သမာဓိ, ပညာဂုဏ်နဲ့ ပြည့်စုံတော်မူကြပြီး အနှောင်အဖွဲ့ ဆင်းရဲဒုက္ခအားလုံးမှ လွတ်မြောက်ပြီး လွတ်မြောက်ရန်ဉာဏ်အမြင်နှင့် ပြည့်စုံတော်မူကြတယ်ကွယ့်။ ဒါကြောင့် လူ,နတ်,ဗြဟ္မာတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်ကြတယ်။

'မြတ်စွာဘုရားက ဓမ္မစကြာတရားနှင့် အနတ္တလက္ခဏသုတ်များကို ဟောကြားတော်မူပြီးတဲ့နောက် လူ့ပြည်လောကမှာ မြတ်စွာဘုရားရှင်တော်မြတ်အပါအဝင် ရဟန္တာမြတ်ကြီးခြောက်ပါး ဖြစ်ပေါ်တော်မူခဲ့တာပေါ့။ ဒီအချက်ကို ဗုဒ္ဓဘာသာဝင်သူတော်စင်အများ သိကြပါတယ်။ ကြားနာလေ့လာဘူးကြပါတယ်။ အေး–အများမသိတဲ့ ရဟန္တာထူးတစ်ပါးလည်း အဲဒီအချိန်အခါကပေါ်ထွက်ခဲ့ပုံကို ဘိုးဘိုးပြောပြမယ်။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီးရဲ့ မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ(စာမျက်နှာ–၄၇၅) မှာ ရေးသားဖော်ပြထားတော်မူတယ်။ အလွန်စိတ်ဝင်စားစရာကောင်းသကွယ့်။

မောနေယျအကျင့်ကိုကျင့်သော အရှင်နာလကမထေရ်

'အခု ဘိုးဘိုးပြောပြခဲ့တဲ့အတိုင်း ဝါဆိုလပြည့်ကျော်(၅)ရက်နေ့မှာ ပဉ္စဝဂ္ဂီရဟန်းကြီးငါးပါး ရဟန္တာဖြစ်တော်မူကြ ကျွတ်တန်းဝင်တော်မူကြပြီး နောက်(၂)ရက်၊ ဝါဆိုလပြည့်ကျော်(၇)ရက်နေ့မှာ မြတ်စွာဘုရားထံတော် မှောက်သို့ ရသေ့တစ်ပါးရောက်ရှိတော်မူလာတယ်ကွယ့်။ အဲဒီရသေ့ရဲ့ ဘွဲ့တော်က အရှင်နာလကလို့ခေါ်သကွယ့်။

'အဲဒီနာလကရသေ့အကြောင်းကလည်း အလွန်အံ့ဩဖွယ် ထူးဆန်း ဖွယ်ကောင်းလွန်းလို့ သူ့နောက်ကြောင်းပြန်ပြောမှ မင်းတို့ ကောင်းကောင်း နားလည်ကြမယ်။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသားရဲ့ ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီးကိုးကွယ်တဲ့ ရသေ့ကြီးတစ်ပါးရှိတယ်။ ကာဠဒေဝိလရှင်ရသေ့ကြီး ကွယ့်။ အဘိညာဉ်ငါးပါး ဈာန်သမာပတ်ရှစ်ပါးရတဲ့ တန်ခိုးရှင်ပေါ့။ ဟိမဝန္တာ တောနှင့် နတ်ပြည်ကို ဈာန်တန်ခိုးနှင့် သွားလာကျက်စားနေတဲ့ ရသေ့ကြီး ပေါ့။ သုဒ္ဓေါဒနမင်းကြီးနန်းတော်ကို မကြာခဏကြွလာပြီး ဆွမ်းအလုပ် အကျွေး အလှူခံလေ့ရှိသတဲ့။

'ဘုရားအလောင်းတော်ကို လုမ္ဗိနီဥယျာဉ်မှာဖွားမြင်ပြီး ကပိလဝတ်ပြည် ရွှေနန်းတော်သို့ပြန်ရောက်တော့ နတ်တို့အကြောင်းကြားလျှောက်ထားချက် အရ ကာဠဒေဝိလရသေ့ကြီးဟာ သုဒ္ဓေါဒနမင်းကြီးထံကြွရောက်လာတယ်။ 'မင်းကြီးရဲ့သားတော်ကလေး ဖွားမြင်ကြောင်းကြားရတယ်၊ ကျုပ် ကြည့်ချင် မြင်ချင်တယ်'လို့ မိန့်တော်မူတော့ မင်းကြီးက သားတော်ကလေးကို ပခက် တော်မှချီယူခဲ့ပြီး အရှင်ရသေ့ကြီးကိုရှိခိုးစေဖို့ ရှေးရှုဆောင်ယူခဲ့ကြသကွယ့်၊ ကာဠဒေဝိလရသေ့ကြီးရှေ့မှောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် သားတော် ကလေးရဲ့ခြေအစုံတို့ဟာ ခုန်ပျံမြောက်တက်ပြီး ရသေ့ကြီးရဲ့ဆံကျစ်ဖျားမှာ ရပ်တန့်နေသကွယ့်။

'အဲဒီမှာ မောင်ဝဏ္ဏတို့သိထားဖို့ဟာ ဘုရားအလောင်းတော်တို့ဟာ ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝရောက်လာလျှင် ဘုရားလောင်းက ရှိခိုးခံထိုက်သည့် လူနတ်ဗြဟ္မာတစ်ဦးတစ်ယောက်မှ မရှိဘူးတဲ့။ အဲဒါ

ဖြစ်စဉ်ဖြစ်ကြောင်းဓမ္မတာပဲ။ အကယ်လို့သာ ဘုရားအလောင်းတော် သားတော်ကလေး၏ဦးခေါင်းကို ရသေ့ကြီးခြေရင်း၌ ချထားမိကြရင် ရသေ့ကြီး၏ ဦးခေါင်းဟာ ခုနစ်စိတ်ခုနစ်မြွာ ကွဲထွက်သွားမှာကွယ့်၊ အဲဒါကို ဘုရားအလောင်းတော်ကလေး သိတော်မူတယ်။ ရှင်ရသေ့ကြီးကိုလည်း သူဟာ မုချဘုရားဖြစ်တော်မူတော့မည့် ဘုရားအလောင်းဖြစ်တယ်။ ရသေ့ကြီးထက် မြင့်မြတ်တယ်။ ရသေ့ကြီးကသာ သူ့ကို ရှိခိုးသင့်ကြောင်း သိစေချင်လို့ကွယ့်။

'အဘိညာဉ်များရထားတဲ့ ရသေ့ကြီးကလည်း ဒီအကြောင်းအရာတွေ အားလုံး ဘုရားအလောင်းဖြစ်တဲ့ သားတော်ကလေးကို မြင်လိုက်တာနှင့်သိပါတယ်။ ဒါကြောင့် သူက သားတော်ကလေးကို ရိုသေစွာဦးညွှတ် ရှိခိုးလိုက်တယ်။ အဲဒီလို အံ့ဖွယ်သရဲဖြစ်ပေါ်မှုတွေတွေ့ရတဲ့ ဘုရင်ကြီးနှင့်တကွ နန်းတော်သူနန်းတော်သားအားလုံး သားတော်ကလေးကို ရှိခိုးကြတယ်ကွယ့်၊ ဒါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက သိဒ္ဓတ္ထမင်းသားကလေးကို ဦးညွှတ် ရိုသေသမှုပြုတာ ပထမအကြိမ်ပေါ့။

'ဒီလို ထူးကဲတဲ့အဖြစ်အပျက်တွေ ရသေ့ကြီးက သားတော်ကလေးကို ရှိခိုး၊ ဘုရင်မင်းကြီးကိုယ်တိုင်က သားတော်ကလေးကိုဦးချ ဖြစ်နေကြပုံတွေကို ရင်သပ်အံ့သြ ရှုမောဖွယ်တွေ့မြင်နေကြရတဲ့ နန်းတွင်းပရိသတ်အတွက် တစ်ဆင့်ပြီးတစ်ဆင့် အံ့ဖွယ်ကိစ္စများကြုံရပြန်သကွယ့်။ မြင်ကွင်းတစ်မျိုးပြောင်းသွားလို့ စိတ်တုန်လှုပ်သွားကြရပြန်တယ်။ ဘာပြုလို့လဲဆိုတော့ ကာဠဒေဝိလရသေ့ကြီးဟာ သားတော်ကလေးကို ဦးညွှတ်ဖူးမြော်ပြီးတာနှင့်တစ်ပြိုင်နက် အားရပါးရပြုံးရယ်သတဲ့။ ပြီးတော့ သားတော်ကလေးကို သေချာစွာကြည့်ရှုပြီးနောက် ဝမ်းနည်းကြေကွဲစွာနှင့် ပြင်းပြစွာငိုပြန်သကွယ့်။

'ဘုရင်မင်းမြတ်နှင့်တကွ နန်းတွင်းပရိသတ်အပေါင်း ရသေ့ကြီးရဲ့ ရယ်လိုက်ငိုလိုက်ပြုမူပုံကို မြင်တွေ့ကြရလို့ တုန်လှုပ်ချောက်ချားစွာနှင့် ရသေ့ကြီးကို မေးမြန်းကြတယ်။ 'အရှင်ရသေ့ကြီး၊ သားတော်ကလေး

အတွက် တစ်စုံတစ်ရာဘေးအန္တရာယ် မြင်ပါသလား ။ ရသေ့ကြီးက 'သားတော်ကလေးအတွက် တစ်စုံတစ်ရာသော ဘေးအန္တရာယ်မရှိ၊ ကေန်စင်စစ် ဘုရားဖြစ်တော်မူမည့် ဘုရားလောင်းပါ၊ ဒါကိုသိရှိလို့ ရွှင်ပြုံးဝမ်းသာတာပါ'လို့ ဖြေတယ်။ 'အရှင်ဘုရား၊ ဒီလိုဆို ဘာကြောင့်ပြင်းစွာငိုကြွေးရပါသလဲ'လို့ မေးမြန်းပြန်တော့မှ ရသေ့ကြီးက ဝမ်းနည်းစွာပြန်ဖြေတယ်။ 'ဒီလို မကြုံစဖူး ထူးကဲသောယောကျ်ားမြတ်ကို ဘုရားဖြစ်တော်မူတဲ့အခါ ငါဖူးမြော်ခွင့်ရတော့မှာမဟုတ်၊ ငါ့အတွက် ကြီးစွာသောဆုံးရှုံးမှုကြီးဖြစ်ပေစွတကားလို့ ကိုယ်ရေးကိုယ်တာအတွက် ဝမ်းနည်းမိပြီး ငိုကြွေးတာပါ'လို့ ရှင်းပြတယ်။

'အဲဒီလိုဖြေကြားပြီး ရှင်ရသေ့ကြီးဟာ နန်းတော်မှထွက်ခွာခဲ့စဉ် 'အလောင်းမင်းသား ဘုရားဖြစ်တဲ့အခါ ငါမဖူးတွေ့နိုင်ပေမယ့် ငါ့ဆွေမျိုးထဲက တစ်စုံတစ်ယောက်များ ဖူးတွေ့ခွင့်ကြုံနိုင်မလား'ဟု ဆင်ခြင်ကြည့်ရှုလိုက်တယ်။ အဲဒီတော့ ရသေ့ကြီး၏နှမငယ်ကမွေးတဲ့သား နာလကလုလင်ကို အလောင်းမင်းသားဘုရားဖြစ်တဲ့အခါကို ဖူးတွေ့နိုင်လိမ့်မည် မြင်တော်မူတယ်။ ဒါကြောင့် သူ့နှမအိမ်သို့ကြွကာ နာလကလုလင်ကို သူ့ထံမှောက်ခေါ်ပြီး ပြောပြသကွယ့်။

'ငါ့တူ နာလက၊ သုဒ္ဓေါဒနမင်းကြီးနန်းတော်မှာ သားတော်တစ်ပါးဖွားမြင်တော်မူတယ်။ အဲဒီသားတော်ကလေးဟာ ဘုရားညွန့်လျာဖြစ်တော်မူတယ်။ နောက် (၃၅)နှစ်ကြာတဲ့အခါ လူတွင်ထင်ရှား ဘုရားဖြစ်လိမ့်မယ်။ ငါ့တူ၊ မင်းဟာ ဘုရားကိုဖူးမြင်ထိုက်သူဖြစ်တယ်။ ဒါကြောင့် ငါ့တူ ကနေ့ပဲတောထွက်ရဟန်းပြုပေတော့'လို့ တိုက်တွန်းသကွယ့်။

'လုလင်နာလကဟာ ရှစ်ဆယ့်ခုနစ်ကုဋေစွာကြွယ်ဝတဲ့ သူဌေးသားဖြစ်ပေမယ့် သူ့ဦးရီးစကားကို လုံးဝယုံကြည်ပြီး ချက်ချင်းပဲဈေးသွား သင်္ကန်းသပိတ်ကိုဝယ်စေပြီး ဆံမုတ်ဆိတ်တို့ ရိတ်ပယ်လိုက်တယ်။ နောက်ပြီး သင်္ကန်းဝတ်ရုံလျက် 'မချွတ်ကေန်ပွင့်အံ့သော မြတ်စွာဘုရားကိုရည်ညွှန်း၍ ငါသည် ရဟန်းပြု၏'ဟု ဘုရားလောင်းရှိရာ ကပိလဝတ်နန်းတော်ဘက်သို့

မျက်နှာမူလျက် လက်အုပ်ချီရှိခိုးတယ်။ ပြီးတော့ သပိတ်ကိုအိတ်မှာထည့် ပခုံးစွန်းမှာချိတ်လွယ်ပြီး ဟိမဝန္တာတောသို့ဝင်ပြီး ဘုရားပွင့်တော်မူချိန်ကို စောင့်မျှော်ရင်း ရဟန်းတရားကို အားထုတ်နေသကွယ့်။

'မြတ်စွာဘုရား လူ့ပြည်မှာပွင့်တော်မူလာပြီး ဓမ္မစကြာတရားဦးဟော တာကို နာကြားရတဲ့ သူတော်ကောင်းနတ်အချို့က 'မြတ်စွာဘုရား ပွင့်တော် မူလာပြီ၊ ဓမ္မစကြာတရားဟောတော်မူပြီ'လို့ အရှင်နာလကကို လာရောက် လျှောက်ထားကြသကွယ့်။ အဲဒီတော့မှ (၃၅)နှစ်လုံးစောင့်မျှော်နေခဲ့ရတဲ့ အရှင်နာလကဟာ မြတ်စွာဘုရားထံတော်မှောက် ချက်ချင်းထွက်ခွာခဲ့တာ ဝါဆိုလပြည့်(၇)ရက်နေ့မှာ မြတ်စွာဘုရားရှေ့တော်မှောက်ကိုရောက်ခဲ့တယ်။ မြတ်စွာဘုရားကလည်း အဲဒီနေ့မှာ အရှင်နာလကရသေ့ရောက်လာလျှင် 'မောနေယျအကျင့်' တရားကို ဟောကြားပေးမယ်လို့ စောင့်မျှော်နေတော် မူသကွယ့်။

'မြတ်စွာဘုရားထံမှောက် ရောက်လျှင်ရောက်ချင်းပဲ မြတ်စွာဘုရားအား မောနေယျအကျင့်တရားကို မေးလျှောက်ခွင့်ရတယ်။ မောနေယျအကျင့် ဆိုတာ ရဟန္တာဖြစ်ရန် နောက်ဆုံးအကျင့် အရဟတ္တမဂ်တရားပါပဲ။ မြတ်စွာ ဘုရားကလည်း အရှင်နာလက တောင်းပန်တဲ့ မောနေယျအကျင့်တရားကို ဂါထာပေါင်း(၂၃)ဂါထာဖြင့် တစ်ထိုင်တည်းဟောကြားတော်မူတယ်ကွယ့်။ အရှင်နာလကဟာ မြတ်စွာဘုရားထံမှ မောနေယျအကျင့်တရားကိုကောင်းစွာ နာယူပြီးသည်နှင့်တစ်ပြိုင်နက် မြတ်စွာဘုရားအား အလွန်အထူးကြည်ညို စိတ်ဖြင့် ဖူးမြော်ကန်တော့ပြီး တောထဲသို့ပြန်ကြွသွားတော်မူတယ်၊ မကြာမီပဲ အရဟတ္တမဂ်ဉာဏ်ရပြီး ရဟန္တာဖြစ်သွားတော်မူတယ်။

'ဒီမောနေယျရဟန္တာပုဂ္ဂိုလ်ထူးဆိုတာ ဘုရားတစ်ဆူလျှင် တစ်ပါးသာ ပေါ်ထွက်မြဲဖြစ်တယ်ကွယ့်၊ အဲဒါ ဓမ္မတာပဲ။ မြတ်စွာဘုရားသခင် မပွင့်ခင် ကတည်းက စောင့်မျှော်ကြိုလင့်နေပြီး မြတ်စွာဘုရားပွင့်တာနှင့်တစ်ပြိုင်နက် သတင်းစကားကြားရပြီး မြတ်စွာဘုရားထံ အရောက်လာတယ်။ မြတ်စွာ ဘုရားက တရားဟောတယ်။ မောနေယျအလောင်းအရှင်မြတ်က မောနေယျ

တရားကို အထူးဟောရန်တောင်းပန်တယ်။ မြတ်စွာဘုရားကလည်း အရဟတ္တမဂ်ရစေမယ့်ကျင့်စဉ်ကို ဟောပြပေးလိုက်တယ်။

'အဲဒီနောက် မောနေယျကျင့်တဲ့အရှင်ဟာ တစ်တောဝင် တစ်တောင်ထွက်၊ တစ်ပင်အောက်နား တစ်ပင်သွား၊ တစ်ရွာဝင်ရောက် တစ်ရွာပေါက် အစဉ်လှည့်လည်သွားလာရင်း မြတ်စွာဘုရားဟောတော်မူလိုက်တဲ့တရားကို တောက်လျှောက်ကျင့်သွားတယ်။ တစ်နေရာတစ်နေရာမှာ နှစ်ရက်ဆက် မနေဘူး။ မြတ်စွာဘုရားသခင်ထံလဲ ထပ်မံဖူးမြော်ရန် ပြန်မလာတော့ဘူး။ ထပ်မံဖူးမြော်လိုတဲ့ဆန္ဒလဲ မဖြစ်ပေါ်ဘူး။ မြတ်စွာဘုရားထံမှာ တရားထပ်နာဖို့၊ မောနေယျတရားဟောရန် ထပ်မံပန်ကြားဖို့ ဆန္ဒများလည်း မဖြစ်ပေါ်ဘူး။ မလိုလဲ မလိုတော့ဘူး။ ဒီလိုနှင့် တစ်ပါးတည်းသာလျှင် တရားအားထုတ်ပြီး အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါက်ပြီး ရဟန္တာဖြစ်သွားကြတာပဲတဲ့။

'အရှင်နာလကလဲ မြတ်စွာဘုရားထံကထွက်ခွာလာပြီး တစ်တောဝင် တစ်တောထွက် တစ်ယောက်တည်းတရားကျင့်ရာမှာ ရဟန္တာဖြစ်ပြီး မကြာမီ ပရိနိဗ္ဗာန်စံဝင်တော်မူသွားတယ်။ မြတ်စွာဘုရားဟာ အရှင်နာလက ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံဝင်တော်မူတာတွေ သိတော်မူတယ်။ ကိုယ်တော်တိုင် နောက်ပါသံဃာများနှင့် အရှင်နာလကသီတင်းသုံးရာဌာနကို ကြွရောက်တော်မူသွားပြီး ဈာပနကိစ္စကို ဘုရားကိုယ်တော်တိုင် ဦးစီးဆောင်ရွက်ပေးတော်မူတယ်။ ပြီးတော့ ဓာတ်တော်များကိုကောက်ယူစေပြီး စေတီတော်တည်ထားစေတော်မူပြီးမှ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူတယ်ကွယ့်။

'အေး–အဲဒီလို ထူးခြားတဲ့ မောနေယျအကျင့်ကျင့်တဲ့ ရဟန္တာတစ်ပါးလည်း အရှင်ကောဏ္ဍညတို့နှင့် မရှေးမနှောင်းဘဲ ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီအရှင်က အခုပြောပြသလို တစ်မူထူးခြား တစ်ပါးတည်းနေ တစ်ပါးတည်းကျင့် တစ်ပါးတည်းပရိနိဗ္ဗာန်စံသွားတော်မူသွားတော့ လူသိမများကြဘူးပေါ့ကွယ်။

*

# အခန်း(၅)

## ယသ သတို့သားနှင့် မိဘနှစ်ပါး ကျွတ်တမ်းဝင်ကြခြင်း

'မောင်ဝဏ္ဏတို့ကို ဘိုးဘိုးက တို့မြတ်စွာဘုရားသခင် ဂေါတမဗုဒ္ဓဝင် အကြောင်းကို ပြောပြလာတာ အတော်ခရီးပေါက်လာပြီနော်။ ဒီပင်္ကရာ ဘုရားရှင်ကို ဖူးတွေ့ရပြီးတဲ့နောက် သုမေဓာရှင်ရသေ့ကြီးဟာ ဒီပင်္ကရာ ဘုရားရှင်ကဲ့သို့ သတ္တဝါတွေကိုကယ်တင်ချင်တဲ့ ကရုဏာစေတနာတော် ကြောင့် ဘုရားဆုပန်ခဲ့ပုံ၊ ထိုက်တန်လုံလောက်တဲ့ ပါရမီတွေဖြည့်ကျင့်ခဲ့ပုံ၊ နောက်ဆုံး ဘုရားဖြစ်တော်မူလာပြီး ပဉ္စဝဂ္ဂီငါးဦးအား သစ္စာလေးပါးတရား များကို ရှေးဦးဟောခဲ့ပုံတွေကို ပြောခဲ့ပြီးပြီနော်။

'စစ်မှန်သောထေရဝါဒဗုဒ္ဓဘာသာအကြောင်းကို ခြေခြေမြစ်မြစ်သိဖို့ရာ တို့ဗုဒ္ဓရှင်တော်မြတ်ရဲ့အကြောင်းအရာများကို အထိုက်အလျောက် သိကြဖို့ လိုတယ်ကွယ့်၊ မောင်ဝဏ္ဏတို့ လူငယ်လူရွယ်တွေအတွက် ဒီအကြောင်းအရာ များကို သိနိုင်ကြဖို့တယ်မလွယ်လှဘူး။ လူကြီးများအတွက် စာကြီးပေကြီး တွေရှိပါတယ်။ ကလေးသူငယ်များအတွက်လည်း စာငယ်တွေ၊ ကာတွန်း ရုပ်ပြစာအုပ်တွေထွက်နေကြတာ သတိပြုမိတယ်။ မောင်ဝဏ္ဏတို့ လူရွယ်များ အတွက်တော့ မကြီးလွန်းမငယ်လွန်းတဲ့စာပေများ ရှားပါးလှသကွယ့်၊ မဂ္ဂဇင်း စာစောင်တွေမှာ ကြိုးကြားကြိုးကြား ရေးကြတာလောက်ပဲ မြင်တွေ့မိတယ်။ ဒါကြောင့် ဘိုးဘိုးက တို့ဘုရားအကြောင်းကို မှန်မှန်ပြောပြနေတာ။ ကြည်ညို သဒ္ဓါဖြစ်ပွားကြရအောင်လို့ပါ။ ဘုရားရှင်တော်မြတ်ကို ကြည်ညိုသဒ္ဓါဖြင့် လေးစားမှ တရားတော်ကိုတန်ဖိုးထားမယ်၊ မြတ်နိုးမယ်။ တရားတော်ကို

မြတ်နိုးမှ လိုက်နာကျင့်သုံးကြမယ်။ ဒါကိုရည်ရွယ်ပြီး ဘိုးဘိုးက မောင်ဝဏ္ဏတို့ လူရွယ်တွေ အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်မှ အသက်အစိတ်. သုံးဆယ်ရွယ်တွေအတွက် အကျိုးရကြပါစေလို့ ပြောဟောနေတာကွယ့်။

'အေး–မြတ်စွာဘုရားဟာ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောပြောပြီးတော့ ပဉ္စဝဂ္ဂီရဟန္တာကြီးငါးပါးနှင့်အတူ မိဂဒါဝုန်ဒေသမှာ ပထမဆုံးဝါကပ်ကြပြီး မိုးရာသီ ခိုအောင်းနေကြတယ်ကွယ့်၊ ဆွမ်းပန်းကိစ္စအတွက်တော့ ခြောက်မိုင် လောက်အကွာမှာရှိတဲ့ ဗာရာဏသီမြို့ကြီးကို မှီခိုနေကြရတယ်။ အဲဒီမြို့ကြီးမှာ ယသလို့ခေါ်တဲ့ သတို့သားတစ်ယောက်ရှိတယ်ကွယ့်။ သူ့ရဲ့မိဘများဟာ လွန်စွာချမ်းသာကြွယ်ဝကြတဲ့ သူဌေးသူကြွယ်တွေဖြစ်သကွယ့်၊ သူ့မိခင်ဟာ သားကြီးယသကို လွန်စွာချစ်ခင်သံယောဇဉ်ကြီးရှာတယ်။ သံယောဇဉ် ကြီးရတဲ့အကြောင်းကလည်း နောက်ခံသမိုင်းအဖြစ်အပျက်က ဒီလိုရှိသကိုး။

'ယသမိခင်ဟာ ဥရုဝေလတောအနီး သေနာနိဂုံးက သေနာနီသူဌေး ကြီးရဲ့သမီးဦး သုဇာတာဖြစ်ခဲ့တယ်ကွယ့်။ အရွယ်ရောက်ချိန်မှာ မိဘများက သူနှင့်ထိုက်တန်တဲ့သတို့သားကို လိုက်ရှာနေချိန်မှာ 'သူနှင့်လက်ထပ်ထိမ်းမြား ရသူဟာ သူတို့မိဘများနှင့် အဆင့်အတန်းမျိုးနွယ်တူဖြစ်ပါရစေ၊ သူ့ရဲ့ပထမ ကိုယ်ဝန်ရှိသော် သားရတနာရရှိပါစေ'လို့ သုဇာတာက အဓိဋ္ဌာန်ပြုတယ်။ အဲဒီအဓိဋ္ဌာန်ကို သေနာနိဂုံးအနီးက ညောင်ပင်ကြီးမှာ ညောင်ပင်စောင့်နတ် ကို တိုင်တည်ပြီး အဓိဋ္ဌာန်ပြုတာကွယ့်၊ သူအဓိဋ္ဌာန်ပြုတဲ့အတိုင်း 'ဆုတောင်း ပြည့်ပါက နတ်ကြီးကို နို့ဃနာဆွမ်းဖြင့်ပူဇော်ပါမယ်'ဆိုတဲ့ ကတိကိုလည်း ပြုခဲ့တယ်ကွယ့်။

'သူဌေးသမီးသုဇာတာဟာ သူ့ရဲ့ဆုတောင်းတဲ့အတိုင်း ဗာရာဏသီက သူဌေးကြီးသားနှင့် လက်ထပ်ခဲ့ရတယ်။ သားဦးကလေးလည်းရခဲ့တော့ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့မှာ အဲဒီညောင်ပင်စောင့်နတ်အား နို့ဃနာဆွမ်းဖြင့် ပူဇော်ပသခဲ့တယ်၊ အဲ တို့မြတ်စွာဘုရားပွင့်တော်မူလာတော့ ဒီညောင်ပင်ကြီးမှာပဲ ဘုရားအလောင်းကို ရွှေခွက်နှင့်ဃနာနို့ဆွမ်း ကပ်လှူတာ ဒီသုဇာတာသူဌေးကတော်ကြီးပဲ၊ နှစ်စဉ်နှစ်တိုင်းဆက်ကပ်လှူခဲ့တာ အဲဒါဟာ

အကြိမ်နှစ်ဆယ်မြောက်ပဲ။ သူဌေးကတော်ကြီးကတော့ မသိရှာပါဘူး၊ မြတ်စွာဘုရားအလောင်းတော်ကို သူ့ဆုတောင်းပြည့်စေတဲ့ ရုက္ခစိုးနတ်ကြီးပဲ အောက်မေ့နေတာ။

'အရင့်အရင်နှစ်တွေက ရုက္ခစိုးကြီးကို ကိုယ်တိုင်မမြင်တွေ့ရပါဘူး။ ဒီနှစ်မှ သူ့အစေအပါးကျွန်မကို ညောင်ပင်ကြီးနေရာမှာ ရှေးဦးသွားပြီး သန့်ရှင်းရန်စေလွှတ်လိုက်တော့ သူငယ်မကလေးက ညောင်ပင်အောက်မှာ ဘုရားအလောင်းစံပယ်တော်မူနေတာကိုမြင်တွေ့ရလို့ ညောင်ပင်စောင့်နတ်ကြီးမှတ်ပြီး ကမန်းကတန်း သူ့သခင်မကို ပြန်ပြေးပြီးပြောပြတာ။ အဲဒီတော့ သုဇာတာသူဌေးကတော်ကြီးက ရွှေအုပ်ကိုယူလာပြီး ဃနာနို့ဆွမ်းကို ဘုရားအလောင်းအား ကိုယ်တိုင်ဆက်ကပ်တာ။ အဲဒါ ဘုရားမဖြစ်မီ နောက်ဆုံးဘုဉ်းပေးတော်မူတဲ့ဆွမ်းပဲကွယ့်။

'သူဌေးကတော်ကြီးဟာ အဲဒီနေ့မှာ အလွန်ဝမ်းမြောက်ရွှင်လန်းစွာနှင့် ဗာရာဏသီသူဌေးထံပြန်သွားတယ်။ လွန်ခဲ့သောနှစ်ပေါင်း(၂၀)က သူဆုတောင်းခဲ့တဲ့ညောင်ပင်ကြီးက ရုက္ခစိုးကြီးဟာ ဒီနှစ် ထူးထူးဆန်းဆန်း ကိုယ်ထင်ပြတယ်။ သူဆုတောင်းပြည့်အောင် ဒီနတ်ကြီးက စောင်မခဲ့လို့ မျိုးနွယ်တူသူဌေးကြီးနှင့် ထိမ်းမြားခဲ့ရတယ်။ သူလိုချင်တဲ့ ပထမသားဦး ယောကျ်ားကလေးရခဲ့တယ်လို့ သူထင်မှတ်နေခဲ့တာကွယ့်။ ဒီသားဦးဟာ အခုအသက်(၂၀)ကျော်လို့ အဲဒီနှစ်ထဲမှာပဲအိမ်ထောင်ချထားပေးလိုက်ပြီး သူဌေးစည်းစိမ်ကို ခံစားနေစေတယ်ကွယ့်။ ဒီသားကြီးကို သိဒ္ဓတ္ထမင်းသားလိုပဲ နန်းတော်ကဲ့သို့ ခန့်ညားထည်ဝါတဲ့ ပြာသာဒ်ဆောင် သုံးဆောင်မှာ ရွှေရံတော်အများအပြားနှင့် ပျော်စံနေစေတယ်ကွယ့်။ အဲဒီလို မိမိတို့ရဲ့ သားကြီး ပျော်ရွှင်စွာလောကစည်းစိမ်ခံစားနေတာကိုကြည့်ပြီး ဖခင်သူဌေးကြီးနှင့် မိခင်သူဌေးကတော်ကြီးတို့ဟာ လွန်စွာကြည်နူးနှစ်သိမ့်နေကြသကွယ့်။

'ယသ သတို့သားဟာ လွန်စွာနူးညံ့သိမ်မွေ့တဲ့ ကိုယ်နှုတ်နှလုံးရှိသူ ဖြစ်တယ်ကွယ့်၊ မိဘတို့က မိုးဥတုနှင့်လျောက်ပတ်တဲ့ စံအိမ်ပြာသာဒ်ထက်မှာ လွန်ကဲကြီးကျယ်တဲ့ ကာမဂုဏ်ချမ်းသာကို ဖျော်ဖြေသူအများနှင့် ခံစားခိုင်း

ထားသော်လည်း ယသသတို့သားကတော့ အဲဒီအပျော်အပါးတွေမှာ ငြီးငွေ့နေသကွယ့်။ ညတစ်ညမှာ ညဥ့်နက်လို့ ဖျော်ဖြေသူတွေဟာ သူတို့နေရာမှာပဲ တစ်ချို့က ကိုယ်ဝတ်ဖရိုဖရဲ၊ တစ်ချို့က ပါးစပ်ဟောင်းလောင်း တံတွေး လျှာရည်တစီစီယိုကျလျက် ရှုမကောင်းမြင်မကောင်းဖြစ်နေတာကို ယသ သူဌေးသားတွေ့ရပြီး မိမိကိုယ်ကို သူသေကောင်စွန့်ပစ်ရာသုသာန်ထဲရောက် နေသလို လွန်စွာထိတ်လန့်ကြောက်ရွံ့သွားတယ်။ အဲဒီလို သံဝေဂဉာဏ်တွေ ထက်သန်လာတော့ သူဌေးသား ယသဟာ ဘယ်သူ့မှအသိမပေးဘဲ စံအိမ်မှ တိတ်တဆိတ် ရွှေခြေနင်းစီးကာ အဆီးအတားအနှောင့်အယှက်မရှိဘဲ မြို့မှထွက်လာခဲ့နိုင်သကွယ့်။

'မြို့ပြင်ရောက်တော့ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့ဆီသို့ မျှော်မှန်းပြီးလျှောက်လှမ်းခဲ့ရာ မိဂဒါဝုန်တောကြီးသို့ အရုဏ်တက်အချိန်မှာ ရောက်သွားသကွယ့်။ မြို့ကထွက်လာကတည်းက ပါးစပ်ကတညီးညူညူနှင့် 'ဒီခန္ဓာကိုယ်ဆိုးကြီးကို ကိလေသာအမျိုးမျိုးက နှိပ်စက်ညှဥ်းပန်းလှချည့် တကား'လို့ သံဝေဂစကားတွေလည်း အဆက်မပြတ်ရွတ်ဆိုလာတယ်ကွယ့်။

'အဲဒီအချိန်မှာ မြတ်စွာဘုရားက စောစီးစွာထတော်မူပြီး ဟင်းလင်းပြင်မှာ စင်္ကြံလျှောက်နေတော်မူဆဲဖြစ်တယ်။ သူဌေးသားကို အဝေးကလှမ်းမြင်လိုက်တော့ စင်္ကြံမှဆင်းသက်ကာ အသင့်ခင်းထားတဲ့ မြတ်စွာဘုရားနေရာ၌ ထိုင်နေတော်မူတယ်ကွယ့်။ မြတ်စွာဘုရားအနီးကို ရောက်လာတော့လည်း ယသသူဌေးသားဟာ ယခင်ရွတ်ဆိုခဲ့တဲ့ သံဝေဂဥဒါန်းကိုပဲ မြွက်ဆိုနေလေတော့ ရှင်တော်ဘုရားက 'ချစ်သားယသ လာလော့၊ ကိလေသာအမျိုးမျိုးတို့ မနှိပ်စက်တဲ့တရားဟောမည်။ လာလော့၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ဟောပြမည်'လို့ ခေါ်လိုက်တယ်။

'ယသသတို့သားလည်း မြတ်စွာဘုရားထံတော်မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရသည်ကို လွန်စွာဝမ်းမြောက်ဝမ်းသာရှိပြီး သူစီးနင်းလာတဲ့ ရွှေခြေနင်းကို လမ်းပေါ်မှာ ချွတ်ထားခဲ့တယ်။ မြတ်စွာဘုရားအနီးသို့ ရိုရိုသေသေချဉ်းကပ်လာပြီး ရှိခိုးဦးချကာ သင့်လျော်သောနေရာ၌ ထိုင်နေ

တယ်။ အဲဒီတော့မှ မြတ်စွာဘုရားက ဒါနနှင့်ဆိုင်တဲ့တရား၊ သီလနှင့်ဆိုင်တဲ့ တရား၊ နတ်ရွာသုဂတိနှင့်စပ်တဲ့တရား၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ တရားစကားများကို ဟောပြောချီးမြှင့်ပေးတယ်။ မြတ်စွာဘုရားထံမှ မဂ်ဖိုလ် ရကြောင်းတရားများကို နာကြားရသော ယသသူဌေးသားဟာ ကိလေသာ မြူများဖြူစင်ပြီး သောတာပတ္တိမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတရားတော်များကို စွဲမြဲစွာခံယူသွားတယ်ကွယ့်။

'မိဂဒါဝုန်မှာ မြတ်စွာဘုရားထံတော်သို့ရောက်ပြီး အေးချမ်းတဲ့ အမြိုက် တရားရဲ့အရသာများကို ယသသူဌေးသားက တွေ့ရှိခံစားနေရတဲ့အချိန် ဗာရာဏသီမြို့ကြီးမှာကျန်ရစ်တဲ့ သူ့မိဘ သူဌေးကြီးနှင့်သူဌေးကတော်ကြီးတို့ အိမ်ဂေဟာမှာတော့ သောကမီးတွေ တဟုန်းဟုန်းတောက်လောင်နေကြ သကွယ့်။ သူဌေးကတော်ကြီးသုဇာတာဟာ နံနက်စောစောအိပ်ရာထတော့ သူအလွန်မြတ်နိုးယုယလှတဲ့ သားကြီးယသကို သူစံနေရာပြာသာဒ်မှာ မမြင်မတွေ့ရတော့ သူဌေးကြီးထံပြေးပြီးအကြောင်းကြားတယ်။ သူဌေးကြီးက လည်း မိမိတို့နေရာတိုက်ခန်းပြာသာဒ်ဝန်းကျင်မှာ သူ့သားကိုမတွေ့ရတော့ မြင်းစေကျော်တွေကို အရပ်လေးမျက်နှာသို့ စေလွှတ်ထောက်လှမ်းစေတယ်။ သူကိုယ်တိုင်လည်း မိဂဒါဝုန်တောဘက်သို့ လျှောက်သွားစုံစမ်းတယ်၊ အဲဒီလို နှင့် ယသသူဌေးသားစီးသွားတဲ့ ရွှေခြေနင်းရာကိုမြင်တွေ့ရတော့ ခြေနင်းရာ အတိုင်း အစဉ်လိုက်သွားရာ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ မိဂဒါဝုန် တောကို ရောက်သွားတော့တယ်။

'မြတ်စွာဘုရားက သူဌေးကြီးအဝေးကလာနေတာကို လှမ်းမြင်ပြန်ရော၊ အဲဒီတွင် တရားရထားပြီးဖြစ်တဲ့ သားယသနှင့် ဖခင်သူဌေးကြီးတို့ အချင်းချင်း ရုတ်တရက်မမြင်နိုင်ကြရအောင် တန်ခိုးတော်ဖြင့် ဖုံးကွယ်ထားလိုက်တယ်။ မြတ်စွာဘုရားအနားချဉ်းကပ်မိတော့ သူဌေးကြီးက 'သူ့သားယသ အမျိုး ကောင်းသားကို တွေ့မြင်မိလိုက်ပါသလား' လို့ မေးမြန်းတယ်ကွယ့်၊ မြတ်စွာ ဘုရားက သူဌေးကြီးကို 'သူဌေးကြီးသား ယသကို တွေ့ချင်လျှင် ဒီမှာ ထိုင်လော့၊ ဒီနေရာမှာထိုင်စောင့်လျှင် သားကိုတွေ့မြင်ရပါလိမ့်မည်' ဟု

မိန့်မြွက်ပြီး သူဌေးကြီးကို ထိုင်စေတယ်ကွယ့်။ သူဌေးကြီးလည်း သူ့သားနှင့် တွေ့ရလိမ့်မယ်ဆိုတဲ့ သတင်းကောင်းကြားရလို့ ဝမ်းမြောက်ဝမ်းသာစွာနှင့် မြတ်စွာဘုရားအား ရိုသေစွာရှိခိုးပြီး သင့်လျော်ရာ၌ထိုင်နေသကွယ့်။

'သူဌေးကြီး ငြိမ်သက်စွာထိုင်ပြီးတာနှင့်တစ်ပြိုင်နက် မြတ်စွာဘုရားက ယသကို ဟောကြားတော်မူခဲ့တဲ့ ဒါနနှင့်စပ်တဲ့တရား၊ သီလနှင့်စပ်တဲ့တရား၊ နတ်ရွာသုဂတိနှင့်စပ်သည့်တရား၊ မဂ်ဖိုလ်ရောက်ကြောင်း လမ်းကောင်း ကျင့်စဉ်နှင့်စပ်သောတရားတို့ကို အစဉ်အလိုက် ဟောကြားလိုက်တယ်ကွယ့်၊ အဲဒီတွင် သူဌေးကြီးဟာ သဒ္ဓါကြည်ညိုစိတ် ဝမ်းမြောက်ရွှင်လန်းတဲ့စိတ် ကြည်လင်သန့်ရှင်းတဲ့စိတ်တွေ ဖြစ်ပွားလာတယ်ကွယ့်။ အဲဒီလို သူဌေးကြီးရဲ့ စိတ်များ နူးညံ့သန့်ရှင်းပြီး သဒ္ဓါထက်သန်နေတာကို သိမြင်တော်မူတဲ့ မြတ်စွာဘုရားဟာ အချိန်ကိုက်ပြီး သစ္စာလေးပါးတရားကို ဆက်ပြီး ဟော ကြားလိုက်တယ်။ အဲဒီတရားတော်ကို နာကြားရတာနှင့်တစ်ပြိုင်နက် ဗာရာဏသီသူဌေးကြီးဟာ သောတာပတ္တိဖိုလ်၌တည်သွားတယ်ကွယ့်။

ဗုဒ္ဓသာသနာတော်တွင် ဒီသူဌေးကြီးဟာ လူဒါယကာတို့ဘက်မှ အစဦးဆုံးသော သောတာပန်တည်တဲ့ အရိယသာဝကဖြစ်တယ်ကွယ့်။ သောတာပန်တည်သွားတဲ့သူဌေးကြီးဟာ အလွန်ခိုင်မြဲတဲ့သဒ္ဓါတရားနှင့်ပြည့်စုံ သွားပြီး 'ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့တရားများဟာ မှောက်ထား ဖုံးကွယ်နေတဲ့အရာဝတ္ထုကို ဖွင့်လှစ်ပြလိုက်သလို၊ မျက်စိလည်နေသူကို လမ်းညွှန်ပြလိုက်သလို၊ အမိုက်မှောင်မှာ ဆီမီးထွန်းပြလိုက်သလို ရှင်တော် ဘုရားက တရားအမျိုးမျိုးဟောပြတော်မူတဲ့အတွက် တပည့်တော်မှာ ဉာဏ် အလင်းရောင်ရပါပြီ၊ လမ်းမှန်ကိုတွေ့ရပါပြီ၊ တရားမှန်ကိုသိရပါပြီ အရှင် မြတ်ဘုရား။ တပည့်တော်သည် ဘုန်းတော်ကြီးသောမြတ်စွာဘုရားကိုလည်း ကောင်း၊ တရားတော်မြတ်ကိုလည်းကောင်း၊ ရဟန်းသံဃာတော်မြတ်ကို လည်းကောင်း ကိုးကွယ်ရာလဲလျောင်းပုန်းအောင်းရာဟု သိမှတ်ပါသည်။ ဆည်းကပ်ပါသည်ဘုရား။ တပည့်တော်အား ဘုန်းတော်ကြီးသောမြတ်စွာ ဘုရားသည် ဤယနေ့မှစပြီး တစ်သက်တာကာလပတ်လုံး သရဏဂုံတည်သူ

ဥပါသကာဟု မှတ်ယူတော်မူပါဘုရား`လို့ ရိုသေလေးမြတ်စွာ လျှောက်ထား လိုက်တယ်ကွယ့်။

'အဲဒီလိုလျှောက်ထားလိုက်တာဟာ မြတ်စွာဘုရား၏သာသနာတော်ကို ယုံကြည်လက်ခံ ကြည်ညိုကိုးကွယ်တဲ့ ဗုဒ္ဓတပည့်တစ်ယောက်ဖြစ်ပါပြီလို့ လျှောက်ထားတာပေါ့ကွယ်။ ခုခေတ်စကားနှင့်ပြောကြရရင် 'ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ပါပြီ`လို့ လျှောက်ထားလိုက်တာပဲကွယ့်။

`အေး–ဘိုးဘိုးတို့ မောင်ဝဏ္ဏတို့လည်း ဗုဒ္ဓဘာသာမြန်မာပြည်မှာ ဗုဒ္ဓဘာသာဝင်မြန်မာမိဘများက မွေးဖွားဆင်းသက်လာပြီး ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ကြလို့ 'ဗုဒ္ဓဘာသာဝင်'လို့တော့ ကိုယ့်ကိုယ်ကိုယ် ခေါ်နေ ကြပါတယ်။ ဒါပေမယ့် ဗုဒ္ဓရှင်တော်ဘုရားရဲ့တပည့်သာဝကအစစ်ကတော့ အဲဒီယသနှင့် ယသဖခင်တို့လို သစ္စာလေးပါးတရားတော်ကို ထိုးထွင်းမြင်ပြီး တကယ့်တကယ်ကို မြတ်စွာဘုရား၊ တရားတော်နှင့် သံဃာတော်မြတ်များရဲ့ ဂုဏ်ကျေးဇူးတော်များကို ကောင်းစွာသိမြင်ပြီး ရတနာသုံးပါးကိုဆည်းကပ် ကိုးကွယ်ကြမှ ဗုဒ္ဓသာဝကစစ်စစ်ဖြစ်ကြတာကွယ့်။ အဲဒါကိုရည်ရွယ်ပြီး မောင်ဝဏ္ဏတို့လူငယ်လူရွယ်များ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ဖြစ်တော်စဉ် များကိုသိကြပြီး ဟောကြားတော်မူတဲ့ တရားတော်များရဲ့အဆီအနှစ် သဘော တရားများ၊ သံဃာတော်များရဲ့ဂုဏ်ကျေးဇူးများကို ရှင်းရှင်းနှင့် လွယ်လွယ် သိလာအောင် ယခုလို နည်းနည်းနည်းနည်း ဘိုးဘိုးက ရှင်းပြနေတာပေါ့။

'အေး–မြတ်စွာဘုရားက ဖခင်သူဌေးကြီးကို တရားဟောကြားတော် မူစဉ်မှာ သောတာပတ္တိမဂ်ကိုရလိုက်ပြီးဖြစ်တဲ့ ယသသူဌေးသားဟာ သူ သိမြင်ခဲ့တဲ့ တရားလမ်းကျင့်စဉ်အတိုင်း သစ္စာလေးပါးတရားအစုကို ထပ်မံ ဆင်ခြင်သုံးသပ်နေတယ်ကွယ့်။ အဲဒီလိုနှင့် အထက်မဂ်သုံးပါးကိုရရှိပြီး အာသဝေါတရားတို့မှ ရှင်းရှင်းလွတ်မြောက်ကာ ရဟန္တာဖြစ်သွားတယ်ကွယ့်။

'ယသသူဌေးသား ရဟန္တာဖြစ်ပြီလို့ မြတ်စွာဘုရားသိရှိတာနှင့်တစ်ပြိုင် နက် သူဟာ ဘယ်နည်းနှင့်မှ လူ့ဘောင်ပြန်ပြီး ကာမစည်းစိမ်များ ခံစား တော့မှာမဟုတ်ဘူးဆိုတာကိုလည်း နားလည်တော်မူတယ်။ ဒါကြောင့်

မြတ်စွာဘုရားက သားအဖနှစ်ယောက် တစ်ဦးနှင့်တစ်ဦး မမြင်ကြအောင် ဖန်ဆင်းထားတဲ့ တန်ခိုးအစီအရင်ကို ပြီးငြိမ်းစေလိုက်တယ်။ အဲဒီတော့ ဖခင်သူဌေးကြီးဟာ သူ့အနားမှာထိုင်နေတဲ့ သားဖြစ်သူကို ဘွားခနဲသွားတွေ့တော့ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး 'ချစ်သား၊ ချစ်သားကို သင့်မိခင်က မမြင်မတွေ့ရလို့ စိုးရိမ်ပူဆွေး ငိုကြွေးနေရတယ်။ သင့်မိခင်ရဲ့အသက်ကို ကယ်ပေးဖို့ ဖခင်နှင့်အတူ အိမ်သို့အခုသွားကြပါစို့'လို့ အငမ်းတကြီး ခေါ်တော့တာပဲကွယ့်။

'ရဟန္တာဖြစ်နေပြီဖြစ်တဲ့ သူ့သားကတော့ ဘာမှအဖြေမပေးဘဲ မြတ်စွာဘုရားကို မော်ပြီး ဖူးမြော်ကြည့်ရှုနေတယ်။ အဲဒီမှာ ဘုရားသခင်က သူဌေးကြီးကို 'ဒါယကာသူဌေးကြီး၊ ငါဘုရား မေးမြန်းတော်မူမယ်၊ သင်သူဌေးကြီး သဘောရှိသလိုဖြေစမ်းပါ။ ငါဘုရားရဲ့ ဆုံးမဟောကြားထားတဲ့ တရားတော်များကို သင်သူဌေးကြီး နာကြားရလို့ ဉာဏ်အမြင်များရခဲ့ပြီ၊ သစ္စာလေးပါးကိုလည်း ထိုက်သလောက် သိမြင်ပြီးပြီ၊ တစ်စုံတစ်ယောက်သောသူဟာ သင်သူဌေးကြီး ရရှိပြီးဖြစ်တဲ့ ဉာဏ်အမြင်အဆင့် သောတာပတ္တိမဂ်ကိုရပြီး အဲဒီတရားလမ်းစဉ်အတိုင်း သစ္စာလေးပါးအစုကို ဆက်လက်သုံးသပ်ဆင်ခြင်လို့ အထက်မဂ်သုံးပါးကို အစဉ်လိုက်ရရှိကာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်ပြီဆိုရင် အဲဒီရဟန္တာဖြစ်ပြီးသူဟာ လူ့ဘောင်လောကသို့ ပြန်လည်သက်ဆင်းပြီး ကာမစည်းစိမ်များကို ပြန်လည်ခံစားပါဦးမည်လော'ဟု မေးတော်မူသကွယ့်။ အဲဒီတော့ သူဌေးကြီးက 'မခံစားတော့ပါဘုရား'လို့ ဖြေကြားလျှောက်ထားတယ်ကွယ့်။

'အဲဒီတော့မှ ဘုရားရှင်တော်မြတ်က 'သူဌေးကြီး၊ သင်သူဌေးကြီး သိမြင်အပ်သကဲ့သို့ သစ္စာလေးပါးတရားတော်မြတ်ကို သင့်သား ယသလည်း သိမြင်ပြီးပေပြီ၊ အဲဒီလို သောတာပတ္တိမဂ်ဉာဏ်ဖြင့် ထိုက်သလောက်သိမြင်ပြီးတဲ့ သစ္စာလေးပါးတရားတော်ကိုပဲ ဆက်လက်သုံးသပ်ဆင်ခြင်လို့ အထက်မဂ်သုံးပါးကို အစဉ်လိုက်ရရှိပြီး ရဟန္တာပုဂ္ဂိုလ်ဖြစ်နေပြီ၊ ဒါကြောင့် လူ့ဘောင်သို့ ပြန်လည်ဆင်းသက်ပြီး ယခင်ကခံစားခဲ့တဲ့ ကာမစည်းစိမ်တို့ကို ဘယ်နည်း

နှင့်မျှ သုံးဆောင်တော့မှာမဟုတ်ဘူး ဒါယကာသူဌေးကြီး'လို့ မိန့်မြွက်တော်မူသကွယ့်။

'ဗာရာဏသီသူဌေးကြီးလည်း မြတ်စွာဘုရားနှုတ်မြွက်စကားကို ကြားရတော့ ဝမ်းမြောက်ဝမ်းသာပီတိများဖြာလျက် 'ရှင်တော်ဘုရား၊ တပည့်တော်သား ယသဟာ ရှင်တော်မြတ်ဘုရားရဲ့ကြီးမားသောကရုဏာတော်ကြောင့် လွန်စွာကြီးမားသော ချမ်းသာသုခလာဘ်တည်းဟူသော ရဟန္တာဆုကြီးကို ရပါပြီ။ တပည့်တော်များ ကုသိုလ်ကောင်းမှုများတိုးပွားရအောင် မိသားစုအားလုံး နှစ်သက်ဝမ်းမြောက်ကြရအောင် ယသအမျိုးသား နောက်လိုက်ရဟန်းနှင့်တကွ ဘုရားရှင်သည် တပည့်တော်များ၏ ယနေ့နံနက်ဆွမ်းကို သည်းခံသာယာတော်မူပါဘုရား'လို့ ရိုသေစွာ လျှောက်ထားသကွယ့်။ မြတ်စွာဘုရားဟာ ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် သူဌေးကြီး၏ဆွမ်းပင့်လျှောက်ထားချက်ကို လက်ခံတော်မူလိုက်တယ်။

'ဗာရာဏသီသူဌေးကြီးလဲ မြတ်စွာဘုရားအား ရှိခိုးပူဇော်ကန်တော့ပြီး ပြန်လည်ထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက် ယသသူဌေးသားဟာ မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကိုတောင်းပန်တယ်ကွယ့်။ မြတ်စွာဘုရားလည်း ပဥ္စဝဂ္ဂီငါးဦးကိုချီးမြှင့်ခဲ့သလိုပဲ ယသသူဌေးသားကို 'ဧဟိ ဘိက္ခု'လို့ ခေါ်တော်မူပြီး ရဟန်းအဖြစ်ကိုချီးမြှင့်ပေးလိုက်တယ်။ အဲဒီတော့ ယသသူဌေးသားဟာ ပရိက္ခရာရှစ်ပါးအပြည့်အစုံနှင့် ဝါတော်ခြောက်ဆယ်ရသောမထေရ်ကြီးတစ်ပါးလိုပဲ မြတ်စွာဘုရားကိုရိုသေစွာရှိခိုးလျက် ရဟန်းအသွင်သို့ ကူးပြောင်းသွားသကွယ့်၊ အဲဒီအချိန်မှာ မြတ်စွာဘုရားနှင့်ပဥ္စဝဂ္ဂီမထေရ်ငါးပါး၊ အရှင်ယသအားလုံးပေါင်း လူ့ပြည်လူ့သား ရဟန္တာမြတ်ခုနစ်ပါး ရှိသွားခဲ့တယ်ကွယ့်။

'အဲဒီနောက်တော့ မြတ်စွာဘုရားဟာ သင်္ကန်းတော်ပြင်ဆင် သပိတ်သင်္ကန်းကြီးတို့ကို ယူဆောင်ပြီး ရှင်ယသကို နောက်လိုက်ရဟန်းပြုပြီး ဗာရာဏသီသူဌေးကြီးအိမ်ကို ကြွရောက်တော်မူတယ်။ သူဌေးကြီးအိမ်မှာ အသင့်ပြင်ဆင်ထားတဲ့နေရာမြတ်မှာ ထိုင်နေတော်မူတော့ သူဌေးကြီး၊ သူဌေးကတော်ကြီးနှင့် အရှင်ယသရဲ့ဇနီးဟောင်းတို့က မြတ်စွာဘုရားထံ

ရှိခိုးချဉ်းကပ်လာကြပြီး သင့်တင့်လျောက်ပတ်သောနေရာများ၌ ထိုင်ကြပြီး ရှိခိုးကန်တော့ကြသကွယ့်။

'သူဌေးကြီးမိသားစုနှင့်တပည့်အပေါင်းတို့ နေရာယူကြပြီးတော့ မြတ်စွာဘုရားက ယသနှင့် သူဌေးကြီးတို့အားဟောကြားခဲ့တဲ့ ဒါန၊ သီလ၊ နတ်ရွာသုဂတိနှင့်စပ်သောတရားများ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းတရားများကို အစဉ်အတိုင်း ဟောကြားတော်မူပြန်တယ်။ သူဌေးကြီးလိုပဲ သူဌေးကတော်ကြီးနှင့် ယသ၏ဇနီးဟောင်းတို့လည်း သောတာပတ္တိဖိုလ်၌ တည်သွားကြသကွယ့်။ သူဌေးကတော်ကြီးနှင့် ချွေးမဖြစ်သူတို့ဟာလည်း သူဌေးကြီးလျှောက်ထားတဲ့အတိုင်း မြတ်စွာဘုရားက အမှောင်ခွင်းပြီး တရားအလင်းကိုပြသပေးသနားလို့ ဉာဏ်အလင်းရကြကြောင်း။ မြတ်စွာဘုရားရှင်၊ တရားတော်နှင့် သံဃာတော်တို့အား ကိုးကွယ်လဲလျောင်းရာဟူ၍ သိမှတ်ဆည်းကပ်ကြပြီဖြစ်ကြောင်း လျှောက်ထားပြီး သရဏဂုံသုံးပါးတည် သာဝကတပည့်ကြီးများဖြစ်သွားကြသကွယ့်။ သူဌေးကြီး၊ သူဌေးကတော်ကြီးနှင့် ယသဇနီးဟောင်းတို့ဟာ လူ့လောက၌ အစဆုံး တေဝါစိကသရဏဂုံတည် သောတာပန်အရိယာ ဥပါသကာ ဥပါသိကာမများဖြစ်သွားကြတယ်။

## ရဟန္တာအရှင်မြတ်ခြောက်ဆယ်ပေါ်ထွန်းခြင်း

'အေး ငါ့မြေးတို့ကို မိတ်ဆွေကောင်းများ ကိုယ်စီရှိအပ်တဲ့ အကြောင်းအနည်းငယ်ပြောပြထားချင်တယ်ကွယ့်။ မိတ်ဆွေကောင်းကို ကျမ်းဂန်စကားနှင့်ဆိုရင် 'ကလျာဏမိတ္တ' ခေါ်သကွယ့်။ မြတ်စွာဘုရားရဲ့ အနီးကပ်ပြုစုသူအရှင်အာနန္ဒာက 'မိတ်ဆွေကောင်းရှိလျှင် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကျေးဇူးများအတွက် တစ်ဝက်ကိစ္စပြီးစီးပါတယ်'ဟု ပြောဆိုနေပုံကို ရှင်တော်မြတ်ကြားသိရတော့ 'အာနန္ဒာ၊ အဲဒီလိုမပြောနှင့်၊ မိတ်ဆွေကောင်းများဟာ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကျေးဇူးများအတွက် တစ်ဝက်မျှကိစ္စပြီးစီးသည်မဟုတ်၊ အားလုံး ကိစ္စပြီးစီးစေပါသည်'ဟု သွန်သင်ခဲ့ဘူးသကွယ့်။

'အေး–အခု ဘိုးဘိုးပြောလက်စဖြစ်တဲ့ ယသသူဌေးသားမှာ မိတ်ဆွေသူငယ်ချင်း(၅၄)ဦးရှိသကွယ့်။ လေးဦးသောမိတ်ဆွေများကတော့ သူ့လိုပဲ ဗာရာဏသီမြို့ကြီးပေါ်က အခြားသူဌေးကြီးလေးဦးရဲ့သားများဖြစ်သကွယ့်။ ကျန်မိတ်ဆွေငါးဆယ်ကတော့ ဗာရာဏသီပတ်ဝန်းကျင်က မြို့ငယ်ရွာငယ်များက သူကြွယ်လူကုံထံတွေရဲ့သားသမီးများ ဖြစ်သကွယ့်။ အဲဒီအထက်တန်းလွှာလူငယ်များဟာ ပညာသင်ကြားစဉ်ကရော မိဘချင်းကုန်ရောင်းကုန်ဝယ်ဆက်သွယ်မှုကြောင့်ရော တစ်ယောက်နှင့်တစ်ယောက်ခင်မင်ရင်းနှီးအကျွမ်းတဝင်ရှိခဲ့ကြသကွယ့်။ အချင်းချင်းလည်း ကူညီစောင့်ရှောက်ကြ တစ်ယောက်အကျိုးတစ်ယောက်ဆောင်ကြနှင့် များစွာချစ်ကြည်ကြသကွယ့်။

'ယသသူဌေးသား လူ့ဘောင်စွန့်လွှတ် ရဟန်းဝတ်သွားကြောင်းသတင်းကို ဗာရာဏသီမြို့ပေါ်က သူဌေးသားလေးဦးက ရှေးဦးကြားသိကြရသကွယ့်။ သူတို့ရဲ့ပါရမီများ ထူးဆန်းကြပုံ၊ ရှေးရေစက်အဟုန်ကြီးမားကြပုံကတော့ အားကျအတုယူစရာကောင်းလှသကွယ့်။ ယသရဲ့သတင်းကိုကြားလျှင်ကြားချင်း ဗာရာဏသီသူဌေးသားလေးဦးတို့ တွေ့ဆုံတိုင်ပင်နှီးနှောကြသကွယ့်။ 'တို့သူငယ်ချင်းယသဟာ ကြီးကျယ်လှတဲ့ စည်းစိမ်ဥစ္စာများကိုစွန့်ပစ်၍ မြတ်စွာဘုရားထံတော်တွင်(ဓမ္မဝိနယ)တရားအဆုံးအမကိုနာယူ၍ သာသနာဘောင် ခိုဝင်ရဟန်းပြုသွားလေပြီ။ တို့မိတ်ဆွေယသဟာအဆင်ခြင်ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်တယ်။ လူ့ဘဝမှာသူနေခဲ့တဲ့သူဌေးသားအဖြစ်ဟာ နိမ့်ကျသည်လည်းမဟုတ်ခဲ့ဘဲနှင့် တရားအဆုံးအမသာသနာတွင်း ဝင်ရောက်သွားသည်မှာ ထိုသာသနာတော်သည် အယုတ်အနိမ့်မဟုတ်၊ မြင့်မြတ်၍သာ သူဝင်ရောက်ခြင်းဖြစ်ပေလိမ့်မည်။ ထိုသာသနာတော်ဝင် ရဟန်းဘဝဟာလည်း သူခံစားစံစားနေထိုင်သွားသော လူ့ဘဝစည်းစိမ်ထက် မြင့်မြတ်သာလွန်၍သာဖြစ်မှာ အမှန်ပင်၊ ဒါကြောင့် တို့လည်းပဲ တို့မိတ်ဆွေကြီးထံပါး သွားရောက်ချဉ်းကပ်ကြပါစို့'ဟု တိုင်ပင်ဆုံးဖြတ်လိုက်ကြတယ်။

'အဲဒီနောက က ဗာရာဏသီသူဌေးသားလေးယောက်ဟာ ယသသူဌေးသားတဖြစ်လဲ ရဟန္တာအဆင့်သို့တက် မြန်းစံနေတော်မူတဲ့ အရှင်ယသထံမှောက်သို့ အရောက်သွားခဲ့ကြသကွယ့်။ အရှင်ယသထံပါးသို့ သူငယ်ချင်းလေးဦး ရောက်သွားသည်နှင့်တစ်ပြိုင်နက် အရှင်ယသမထေရ်က မဆိုင်းမတွပင် မြတ်စွာဘုရားထံတော်သို့ ခေါ်ဆောင်သွားသကွယ့်။ မြတ်စွာဘုရားထံသို့ချဉ်းကပ်ကြ၍ သင့်လျော်ရာနေရာ၌ထိုင်ကြပြီးနောက် မြတ်စွာဘုရားအားရိုသေမြတ်နိုးစွာ ရှိခိုးကြသကွယ့်။ အရှင်ယသက မြတ်စွာဘုရားအား 'ဘုန်းတော်ကြီးမြတ်လှသောရှင်တော်ဘုရား။ ဤ ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝမ္ပတိ လေးဦးသောသူတို့သည် ဗာရာဏသီသူဌေးမျိုးအစဉ်အဆက်မှ ဆင်းသက်လာကြသူ သူဌေးသားလေးဦးဖြစ်ကြပါသည်ဘုရား။ တပည့်တော်၏ ရှေးလူ့ဘဝက သူငယ်ချင်းဟောင်းများလည်းဖြစ်ကြပါသည် ဘုန်းတော်ကြီးမြတ်သော ရှင်တော်ဘုရား၊ ဤသူဌေးသားလေးဦးအား ဆုံးမကံမြစ်တော်မူပါဘုရား'ဟု လျှောက်ထားတောင်းပန်သကွယ့်။

'ကြီးမားသောကရုဏာရှင် ဘုရားသခင်လည်း ယသသတို့သားအားဟောကြားခဲ့သည့်နည်းတူ ဒါနနှင့်စပ်သောတရား၊ သီလနှင့်စပ်သောတရား၊ ကောင်းရာသုဂတိနတ်ရွာသို့ရောက်စေသောတရားတို့ကို ဟောပြီးနောက် ကောင်းမှုကုသိုလ်အကျိုးများကြောင့် ဖြစ်ပေါ်လာသည့်နတ်ရွာတွင် ခံစားစံစားရသော ကာမဂုဏ်စည်းစိမ်တို့၏ယုတ်ညံ့ပုံနှင့် အပြစ်ဒေါသအထွေထွေဆင်းရဲမှုအဖုံဖုံကို တရားသံဝေဂရစေရန် ဟောတော်မူတယ်။ ထို့နောက်ဆက်လက်ပြီး ရဟန်းအဖြစ်၌ကျင့်ရသော နေက္ခမတရားကျင့်စဉ်များသည် အပြစ်ဒေါသကင်းစင်ပြီး ဆင်းရဲဒုက္ခငြိမ်းပုံတို့ကို ဆက်လက်ဟောကြားတော်မူပါတယ်။

'ထိုသို့ဟောပြတော်မူသည့်တရားများကို နာကြားရင်း သူဌေးသားလေးဦးတို့ရဲ့စိတ်ဟာ တည်ငြိမ်အေးချမ်း၍ နူးညံ့ပျော့ပျောင်းလာကာ အပိတ်အပင်အတားအဆီးကင်းစင်ကာ ကြည်လင်သန့်ရှင်းနေပြီကို သိမြင်တော်မူသောဘုရားသခင်သည် နောက်ဆုံးတရားအဆင့်ဖြစ်သော မဂ္ဂကထာ

သစ္စာလေးပါးမဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို အစဉ်အတိုင်း ဟောကြားဆုံးမ သွန်သင်တော်မူသကွယ့်။ အဲဒီနောက်ဆုံးအဆင့် နိဗ္ဗာန်ရောက်ကြောင်းတရား ကောင်းကို နာကြားကြရသောသူဌေးသားလေးဦးတို့သည် သောတာပတ္တိ ဖိုလ်သို့ တစ်ပြိုင်နက်ဆိုက်ရောက် မျက်မှောက်ပြုကြရသကွယ့်။

'သောတာပတ္တိဖိုလ်၌တည်ကြပြီးသော သူဌေးသားလေးဦးတို့သည် မြတ်စွာဘုရားအား 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့ သည် မြတ်စွာဘုရားထံတော်မှောက်၌ ရှင်အဖြစ်ကိုရကြပါစေ၊ ရဟန်း အဖြစ်ကိုရကြပါစေ'ဟု ရှိခိုးလျှောက်ထားကြသကွယ့်။ ရှင်ယသကို ရဟန်း ပြုပေးခဲ့သည့်ပုံစံအတိုင်း မြတ်စွာဘုရားသည် ရွှေလက်တော်ကိုဆန့်တန်းကာ 'ထေ ဘိက္ခဝေါ'ဟု ခေါ်တော်မူ၍ ရဟန်းအဖြစ်ကိုပေးသနားတော်မူလိုက် သကွယ့်။ အဲဒီခဏမှာပဲ သူဌေးသားလေးဦးဟာ ရုတ်ချည်းအသွင်ပြောင်းပြီး ရဟန်းပရိက္ခရာအစုံ သူ့နေရာနှင့်သူ နေရာတကျဆင်ယင်ပြီးသား ဝါတော် ခြောက်ဆယ်ရမထေရ်ကြီးများကဲ့သို့ ကြွေ့ဆောင်ကြကာ မြတ်စွာဘုရားအား ရှိခိုးကန်တော့လျက်ရှိကြသကွယ့်။ အဲဒီနောက်တော့ မြတ်စွာဘုရားထံတော် မှာပင် ဆက်လက်၍ တရားနာယူကျင့်သုံးဆောက်တည်တော်မူကြရာ ထို သောတာပန်တည် အရှင်လေးပါးလည်း ရှင်ယသနည်းတူ အာသဝေါ ကင်းငြိမ်းသော ရဟန္တာမြတ်များအဖြစ် စံပယ်နေတော်မူခဲ့ကြသကွယ့်။

'အေး ဒီဝတ္ထုကြောင်းက ဒီမှာမပြီးဆုံးသေးဘူး။ မောင်ဝဏ္ဏတို့ စဉ်းစား ဉာဏ်နှင့် ဆင်ခြင်ခန့်မှန်းကြည့်ကြပေ့။ ဗာရာဏသီပြည်ကြီးမှာ မြို့မျက်နှာဖုံး ဖြစ်ကြတဲ့ သူဌေးကြီးငါးဦးရှိခဲ့ရာ ပထမဦးဆုံး ယသနှင့် ယသမိဘများ၊ ဇနီးမယားပါ မြတ်စွာဘုရားထံ တပည့်သာဝကကြီးများဖြစ်သွားကြပုံ၊ ယသ သူဌေးသားဟာ သာသနာ့နွယ်ဝင် ရဟန္တာမထေရ်ရှင်တစ်ပါးဖြစ်သွားပုံ၊ အဲဒီ နောက် ယသမိတ်ဆွေ သူဌေးသားလေးဦးလည်း အကျွတ်တရားကိုယ်စီ ရကြပြီး ရဟန္တာများဖြစ်ကုန်ကြပုံ၊ ဒီသတင်းစုံများဟာ ဗာရာဏသီမြို့တော် တစ်ဝန်းနှင့် အရပ်ရပ်နယ်စုံ မြို့ရွာနိဂုံးအဖုံဖုံသို့ သတင်းပေါက်ကြား ရောက် သွားကြမယ်ဆိုတာ စိတ်နှင့်မှန်းဆကြည့်နိုင်ကြပါတယ်နော်။

'အေး–အတိုချုံးပြောရရင်တော့ ဗာရာဏသီမြို့ပတ်လည် ဇနပုဒ်တော အရပ်က ယသရဲ့သူငယ်ချင်းဟောင်း တောသူဌေးသားငါးဆယ်တို့ဟာ မကြာမတင်ဘဲ အရှင်ယသတို့ထံ ဆိုက်ရောက်လာကြသကွယ့်၊ သူတို့လည်း ရှေးပါရမီဖြည့်ဖက် ရေစက်အဟုန်တို့ကြောင့် မယုံနိုင်လောက်အောင်ဘဲ တစ်ယောက်မကျန် မြတ်စွာဘုရားထံမှာ ဆုံးမစကား တရားနာခံယူဆောက်တည်ကျင့်သုံးကြပြီး အားလုံးရဟန္တာမထေရ်မြတ်တို့ဖြစ်သွားကြသကွယ့်။ အဲဒီအချိန်အခါမှာ လူ့လောကတစ်ခွင်မှာ ရဟန္တာအရှင်မြတ်(၆၁)ပါး ရှိသွားသကွယ့်။ ရှင်တော်မြတ်ဘုရားနှင့် ပဉ္စဝဂ္ဂီမထေရ်ကြီး(၆)ပါး၊ နောက်ထပ်ပေါ်ထွန်းလာတဲ့ ရှင်ယသတို့မိတ်ဆွေအပေါင်း ရဟန္တာ(၅၅)ပါး၊ စုစုပေါင်း (၆၁)ပါးရှိသွားတာပေါ့။

## ဗုဒ္ဓမြတ်စွာ၏သာသနာပြုစီမံကိန်းကြီးစတင်ခြင်း

'အဲဒီအခါမှာ ဂေါတမရှင်တော်ဘုရားဟာ လူ့လောကတွင် အလွန်မွန်မြတ်ထူးခြားတဲ့ ဗုဒ္ဓသာသနာပြန့်ပွားထွန်းကားရေးစီမံကိန်းကြီးကို စတင်ချမှတ်ဆောင်ရွက်တော်မူတော့တာပဲ။ အေး–မောင်ဝဏ္ဏတို့ကိုပြောရဦးမယ်။ ဘိုးဘိုးဟာ အဲဒီသာသနာပြုစီမံကိန်းကြီးချထားဆောင်ရွက်တော်မူပုံအကြောင်းကို ဗုဒ္ဓဝံသ=ဗုဒ္ဓဝင်ကျမ်းတော်ကြီးမှာ အကြိမ်ကြိမ်ဖတ်ပြီး အကြိမ်ကြိမ် ပီတိရွှင်လန်း ဝမ်းမြောက်ခြင်းဖြစ်ရသကွယ့်။

'မြတ်စွာဘုရားဟာ ဘုရားဖြစ်တော်မူပြီးနောက် ပထမဝါကို ဣသိပတန မိဂဒါဝုန်တော၌ဝါကပ်တော်မူတယ်၊ အဲဒီ မိဂဒါဝုန်တော၌ သီတင်းကျွတ်လပြည့်တိုင်အောင် ရဟန္တာအသစ်စက်စက်အပါး(၆၀)ခြံရံပြီး သီတင်းသုံးတော်မူသကွယ့်။ အဲဒီပထမဝါအတွင်း တစ်ချိန်၌ မြတ်စွာဘုရားက သာဝကကြီးရဟန္တာအပါး(၆၀)ကို ခေါ်တော်မူပြီး ရှင်တော်ဘုရားရဲ့သာသနာပြုစီမံကိန်းကြီးကို ချပြတော်မူတယ်၊ အဲဒီစီမံကိန်းကြီးကို အောင်မြင်အောင် စတင်အကောင်အထည်ဖော်စေခဲ့သကွယ့်။ မြတ်စွာဘုရားက သာသနာပြုစီမံကိန်းကြီးအကြောင်းပြောကြားရန်နှင့် သာသနာပြုကြဖို့ တိုက်တွန်းရန် ဒီလိုမိန့်ကြားခဲ့သကွယ့်။

'ရဟန်းတို့၊ ငါဘုရားသည် နတ်လူတို့အာရုံ ကာမဂုဏ်၌ မှီသော တဏှာလောဘကျော့ကွင်းအလုံးစုံမှ ကင်းရှင်းလွတ် မြောက်ခဲ့ပေပြီ။

'ရဟန်းတို့ သင်တို့သည်လည်း ငါဘုရားကဲ့သို့ပင် နတ်လူတို့ အာရုံ ကာမဂုဏ်၌မှီသော တဏှာလောဘကျော့ကွင်းအလုံးစုံမှ ကင်းရှင်းလွတ်မြောက်ခဲ့ကြပေပြီ။

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ မာ ဧကေနဒွေ အဂမိတ္ထ။

'ရဟန်းတို့ လူအများ၏အကျိုးစီးပွားတိုးတက်ရန် ချမ်းသာ ရန် လောကကြီးကိုအစဉ်စောင့်ရှောက်ရန် နတ်လူတို့၏အကျိုး စီးပွားချမ်းသာရန်အတွက် အနယ်နယ်အရပ်ရပ်သို့ သာသနာပြု ဒေသစာရီခရီး လှည့်လည်သွားကြကုန်လော့။ တစ်ကြောင်းသော ခရီး၌ တစ်ပါးတည်းသာ သွားကြကုန်လော့'

ဟု တိုက်တွန်းပြီး ဤသို့ ဆက်လက်မိန့်ကြားတော်မူသကွယ့်။

'ရဟန်းတို့ သင်တို့သည် အစ,အလယ်,အဆုံး သုံးပါးလုံးစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံလျက် အနက်နှင့်ပြည့်စုံ၊ သဒ္ဒါပုဒ်ပါဠ် အက္ခရာနှင့်လည်းပြည့်စုံသော တရားတော်များကို ဟောကြား ကုန်လော့။ အပိုအလိုမရှိ ထက်ဝန်းကျင်ပြည့်စုံသော မကောင်းမှု အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ,သမာဓိ,ပညာ သုံးပါးသိက္ခာ သာသနာတော်တည်းဟူသော မြတ်သောအကျင့် ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့'

ဟူ၍ သာသနာပြုစေလွှတ်စကား မိန့်ကြားတော်မူသကွယ့်။

'အဲဒီလို မြတ်စွာဘုရားက ကိုယ်တော်တိုင် မွေးထုတ်ပြုပြင် သွန်သင် ပေးထားသော သာသနာပြုရဟန္တာမထေရ်ကြီးများကို စေလွှတ်သောအခါ သာသနာ့ရန်သူမာရ်နတ်ဆိုးကြီးမှာ နေမထိထိုင်မသာဖြစ်ပြီး ရှင်တော်

ဘုရားထံလာရောက်ပြီး ကန့်ကွက်ပိတ်ပင်တားဆီးရန် ကြိုးစားခဲ့သကွယ့်။ အေး မောင်ဝဏ္ဏတို့ကို ပြောမပြခဲ့မိတဲ့အချက်တစ်ချက် ဒီနေရာမှာ ဘိုးဘိုး ပြောပြရဦးမယ်။

## မာရ်နတ်သားကလိုက်လံနှောင့်ယှက်ခြင်း

'မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ ညနေချမ်းအချိန်မှာ ဘုရားလောင်းဟာ ဗောဓိညောင်ပင်ကုန်းသို့ရောက်ခဲ့ပုံ၊ သောတ္ထိယမြက်ထမ်း သမားက မြက်ရှစ်ဆုပ်လှူဒါန်းလိုက်ပုံ၊ အဲဒီမြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်တော့ (၁၈)တောင်ကျယ်ပြန့်တဲ့ အပရာဇိတရတနာပလ္လင်တော်ကြီး ပေါ်ပေါက်လာပုံ များကို ဘိုးဘိုးပြောခဲ့ပြီးနောက်၊ ဘုရားမဖြစ်မချင်း အဲဒီပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေရာမှ မထတော့ပြီဟု အဓိဋ္ဌာန်ပြုပြီး၊ မာရ်နတ်အစရှိတဲ့ နှောင့်ယှက်ဖျက်ဆီးတဲ့ ရန်သူအပေါင်းကိုအောင်မြင်တော်မူခဲ့ပြီး၊ တစ်ညလုံး တရားတော်များကို ဆင်ခြင်သုံးသပ်ကာ နံနက်မိုးသောက်ယံမှာ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဗုဒ္ဓဘုရားသခင်ဖြစ်တော်မူခဲ့ပုံကိုလည်း ဘိုးဘိုးပြောပြခဲ့တယ် နော်။ အဲဒီမှာ မာရ်နတ်အစရှိတဲ့ အနှောင့်အယှက်ဖျက်ဆီးတတ်တဲ့ရန်သူ အပေါင်းကို အောင်မြင်တော်မူခဲ့တယ်လို့ အကျဉ်းချုပ်သာဖော်ပြခဲ့တယ်ကွယ့်၊

'မြတ်စွာဘုရားရဲ့ အောင်ခြင်းရှစ်ပါးဖော်ပြတဲ့ ဂုဏ်တော်များအခန်းကျမှ ဒီမာရ်နတ်ရဲ့အဖျက်ရန်အကြောင်းကို အကျယ်တဝင့်ပြောပြမယ်လို့ ဘိုးဘိုးက စိတ်ကူးထားလို့ကွယ့်၊ ဒါပေမယ့် အခုဘုရားဖြစ်တော်မူလာပြီး သာဝကရဟန်း တပည့်ကြီးအပါးခြောက်ဆယ်တို့ကို သာသနာပြုစေလွှတ်ရန် စီစဉ်တော့လည်း မာရ်နတ်က လာရောက်ဖျက်ဆီးပြန်တယ်ကွယ့်၊ ဒါကြောင့်မို့ ဒီမာရ်နတ်ဟာ မြတ်စွာဘုရားကို သူရဲ့ရန်သူတစ်ဦးလိုသဘောထားပြီး နေရာအများမှာ လိုက်လံနှောင့်ယှက်နေပုံတွေကို အကွက်ကျတိုင်း ဖော်သွားရလိမ့်မယ်။ တဖြည်းဖြည်း မာရ်နတ်ဆိုတာဘယ်သူလဲ၊ ဘာကြောင့် ရှင်တော်ဘုရားကို လိုက်လံနှောင့်ယှက်နေရသလဲ ? ဆိုတာတွေကို နည်းနည်းချင်း ရှင်းရှင်းပြီး ပြောပြသွားမယ်။

ထိုရှင်တော်ဘုရားဟောကြားထားတဲ့ တရားတော်များအရ မာရ်ငါးပါး

ငါးမျိုးရှိတယ်ကွယ့်။ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ် တဲ့။ မောင်ဝဏ္ဏတို့ ပထမသိထားဖို့က 'မာရ်'ကို 'မံ'လို့ အသံထွက်ရသကွယ့်။ မြန်မာစာမှ 'မာန်' ဆိုတဲ့ ဝေါဟာရလည်းရှိသေးတယ်။ အဲဒါကိုလည်း 'မံ'လို့ဘဲအသံထွက်ကြသကွယ့်။ ဒီ'မာရ်'နဲ့ 'မာန်' တို့ဟာ ပါဠိစကားကဆင်းသက်လာကြတာချည်းပဲ၊ မြန်မာစကားဝေါဟာရမှာ ပါဠိက မြန်မာမှုပြုပြီးယူထားတဲ့ စကားလုံးတွေ အများကြီးရှိတယ်။ ဒါမျိုးလေးတွေကိုလည်း မောင်ဝဏ္ဏတို့ မပင်ပန်းဘဲနှင့် လွယ်လွယ်သိသွားအောင် ဗဟုသုတ ကြွယ်ဝအောင် ဘိုးဘိုးက နည်းနည်းချင်း ရှင်းပြပေးနေတာ။

'မာရ်ဆိုတာ ပါဠိစကားလုံး 'မာရ'ကလာတာ။ အနက်အဓိပ္ပါယ်က အတော်ကျယ်ဝန်းတယ်၊ လိုရင်းက 'သတ်တတ်သောသူ၊ သူသတ်သမား' တဲ့၊ 'အသက်ကိုလည်း သတ်တယ်၊ ရန်မူတယ်၊ ကုသိုလ်တရားကိုသတ်တဲ့သူ၊ သတ်တဲ့အကြောင်းတရား'လို့လည်း အဓိပ္ပာယ်ရှိတယ်။ အကျဉ်းချုပ်အားဖြင့် နှောင့်ယှက်အဖျက်လုပ်သူ။ ကောင်းမှုကုသိုလ်လုပ်သမျှ လိုက်လံနှောင့်ယှက်သူ၊ နှောင့်ယှက်စေသောအကြောင်းအချင်းအရာ စသည်ဖြင့် ကျယ်ဝန်းတယ်ကွယ့်။

'မာန်ဆိုတာက ပါဠိစကားလုံး 'မာန'ကဆင်းသက်လာတာ။ ထောင်လွှားခြင်း၊ ကိုယ့်ကိုကိုယ်အထင်ကြီးခြင်း စတဲ့ အဓိပ္ပာယ်တွေရှိတယ်။ ဒီစကားလုံးက မြန်မာစကားလုံးမှာအပြောများလို့ ဘိုးဘိုး အထူးရှင်းမပြတော့ဘူး။ မာရ် ကိုပဲပြန်ကောက်ရအောင်။

'ဘိုးဘိုးပြောခဲ့တယ်မဟုတ်လား။ မာရ် ငါးမျိုးငါးပါးရှိတယ်ဆိုတာ အဲဒီမှာ ဒေဝပုတ္တမာရ်ဆိုတာကတော့ မာရ်နတ်ဆိုတဲ့ တကယ့်နတ်သားပဲ။ အလွန်ဆိုးရွားယုတ်မာလို့ 'ပါပိမာရ်'လို့လည်း ခေါ်ကြသကွယ့်။ (ပါပိ=ယုတ်မာသော)။ ကျန်တဲ့မာရ်လေးပါးကတော့ သံသရာမှလွတ်မြောက်စေရန်ကြိုးပမ်းမှုများကို တားဆီးပိတ်ပင်နှောင့်ယှက်တတ်သော အကြောင်းသဘောများကို ဆိုလိုတာ။ မောင်ဝဏ္ဏတို့ကိုတော့ အလွန်ဆိုးတဲ့ မာရ်နတ်သားအကြောင်းကိုသာ နည်းနည်းပြောပြမယ်။

'အေး၊ ဒီမာရ်နတ်က သာမာန်နတ်သားတော့မဟုတ်ဘူးကွယ့်။ နတ်ပြည် ခြောက်ထပ်ရှိတဲ့အနက် အဆင့်မြင့်ဆုံးဖြစ်တဲ့ ပရနိမ္မိတဝသဝတ္တိဘုံက နတ်သားဖြစ်တယ်ကွယ့်။ သူက အဲဒိနတ်ဘုံမှာ တရားဝင်အုပ်စိုးနေတဲ့ နတ်သားကြီးမဟုတ်ပါဘူး။ အဲဒီဘုံရဲ့နတ်မင်းကြီးက အသီးအခြားရှိပါတယ်။ ဒါပေမယ့် မာရ်နတ်သားက နတ်မိုက်များစွာကိုခြံရံလျက်ရှိတဲ့ နတ်သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သကွယ့်၊ အေး တို့လူ့လောကမှာ လူမိုက်လူဆိုးတွေ စုရုံးသိမ်းသွင်းပြီး၊ တရားဝင်အစိုးရနှင့် တိုင်းပြည်ကို လုယက်တိုက်ခိုက် ပုန်ကန်ဆိုးသွမ်းနေကြတဲ့ သူပုန်ခေါင်းဆောင်လိုပေါ့။ ဒါပေမယ့် မာရ်နတ်ကြီးက လူပြည်ကသူပုန်ခေါင်းဆောင်တွေထက်တော့ မန္တိုင်းသာအောင် ပိုမိုတန်ခိုးကြီးတယ်။ သူက ပရနိမ္မိတဝသဝတ္တိနတ်ပြည်မှာသာ ဗိုလ်ကျ ဆိုးသွမ်းနေတာမဟုတ်ဘူး။ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံပါမကျန် လိုက်လံနှောင့်ယှက်ဖျက်ဆီးနိုင်လောက်အောင် ဘုန်းတန်ခိုးစွမ်းအားရှိသကွယ့်၊ သူက အခုပြောတဲ့ ဘုံသုံးပါးအပါအဝင် (၃၁)ဘုံကို သူ့ပိုင်နယ်နိမိတ်လို့သတ်မှတ်ထားတယ်ကွယ့်၊ အဲဒိနယ်အတွင်းမှာ ဆိုးသွမ်းမိုက်ကန်းနေကြတဲ့ လူနတ်ဗြဟ္မာအားလုံး သူ့အဖွဲ့သားတွေချည်းလို့လဲ သဘောထားတယ်ကွယ့်။ အေး သူ့ပိုင်နက်ဖြစ်တဲ့ သုံးဆယ့်တစ်ဘုံကလွတ်မြောက်ဖို့ ကုသိုလ်ကောင်းမှုပြုလုပ်ရင်၊ သံသရာဝဲဩဃထွက်မြောက်နိုင်ဖို့ ကောင်းမြတ်သောတရားဓမ္မ ရှာဖွေကျင့်ကြံသူဆိုရင် သူ့နယ်ပယ်မှထွက်ပြေးသွားရန် ကြိုးစားကြံဆောင်တယ်ဆိုပြီး အကြီးအကျယ်နှောင့်ယှက်ပေးသကွယ့်။

'အေး၊ အဲဒီလို မြတ်စွာဘုရားကို သိဒ္ဓတ္ထမင်းသားဘဝ တောထွက်လာသည့်အချိန်ကစပြီး တရားကျင့်ချိန်၊ တရားရှာချိန်၊ တရားရပြီး ဘုရားဖြစ်ချိန်နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူချိန်အနီးအထိ လိုက်လံနှောင့်ယှက် ဒုက္ခပေးပုံ၊ မာရ်နတ်က တားဆီးနှောင့်ယှက်တိုင်းလည်း ရှင်တော်ဘုရားက ကြီးမားလှသော ဘဂဝါဂုဏ်တော်မြတ်ဖြင့် အောင်နိုင်လိုက်ပုံကို ဆက်ပြီး ပြောပြမယ်ကွယ့်။

'မာရ်နတ်သားဟာ လူနတ်ပြဟ္မာ ဘုံသုံးမျိုးမှာ မကောင်းမှုဟူသမျှ ပြုကြလုပ်ကြလို့ဆော်ဩပြီး ကုသိုလ်ကောင်းမှုဟူသမျှကို နှောင့်ယှက်ဖျက်ဆီး နေတဲ့ နတ်ဆိုးကြီးဖြစ်ပြီး သူ့ကို သေမင်းလို့လည်းခေါ်ကြသကွယ့်။ သတ္တဝါ တွေ မွေးကြသေကြ တစ်ဖန်ပြန်မွေးကြ တစ်ဖန်ပြန်သေကြဖြစ်နေတာကို သူက အလွန်ကျေနပ်နှစ်သက်တယ်ကွယ့်။ အဲဒီလို သေလိုက်မွေးလိုက်နဲ့ သံသရာကရွတ်ကင်းလျှောက် လည်နေတော့ သူ့ရဲ့မရဏနယ်ပယ်မှာ ပရိသတ် မဆိတ်သုဉ်းပဲ ဝဋ်ဆင်းရဲခံနေကြရတဲ့သတ္တဝါတွေနဲ့ စည်ကားနေတာပေါ့။

'မြတ်စွာဘုရားကတော့ အဲဒီလို ဒုက္ခဘုံမှာ စုန်ချည်ဆန်ချည်ဖြစ်နေကြ ရတဲ့ ဝေနေယျအားလုံးကို ဆင်းရဲသံသရာမှလွတ်ရာ သေခြင်းကင်းရာ အမတ ဌာနီ နိဗ္ဗာန်ရွှေပြည်ကြီးကိုအရောက်ပို့ဆောင်ပေးလိုက်တယ်၊ အဲဒီလို ပြင်းပြတဲ့ ဆန္ဒမွန်ကြောင့် လွန်စွာပင်ပန်းဆင်းရဲလှစွာ ရွှေပြည်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး လမ်းဟောင်းကြီးကိုရှာဖွေရန် ကျင့်ကြံအားထုတ်တော်မူခဲ့ရှာတယ်ကွယ့်။

'ဒါကြောင့်မို့ ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားဟာ ကပိလဝတ် ရွှေပြည်ရွှေနန်းကိုစွန့်လွှတ်ပြီး တောရပ်မြိုင်ကြီးကိုခိုမှီဖို့ တစ်ဦးတည်း ထွက်လာစဉ်က လမ်းခရီးမှာ မာရ်နတ်က ဖွတ်အတင်းလိုက်ပြီး တားဆီး ခဲ့တယ်၊ တောမထွက်ပဲ ရွှေနန်းတော်မှာဆက်လက်စံနေတော်မူရင် ခုနစ်ရက် အတွင်း စကြာရတနာဟာ လက်တွင်းရောက်လာခဲ့ပြီး စကြဝဠာတစ်ခုလုံးကို လွှမ်းအုပ်စိုးမိုးရတဲ့ စကြဝတေးမန္ဓာတ်မင်းကြီး မချွတ်ကေန်ဖြစ်မည်အမှန်ဟု ပြောဆိုဖြားယောင်းခဲ့ဘူးတယ်ကွယ့်။

'ဘုရားအလောင်းက 'ဟယ်မာရ်နတ်ယုတ်၊ သင်ပြောမှမဟုတ်၊ ငါကိုယ် တော်အား မွေးဖွားကစပင် ပညာရှင်ပုရောဟိတ်ကြီးများက လူလောကမှာ နန်းစည်းစိမ်ခံစားနေထိုင်ငြားက မလွဲကေန် စကြဝတေးမန္ဓာတ်ဖြစ်မည်မှန် ကြောင်း ဟောကိန်းထုတ်ထားပြီးဖြစ်တယ်၊ ရွှေအိမ်နန်းနှင့် ကြင်နန်းစည်းစိမ် များစွန့်လွှတ်ပြီး တောရပ်မြိုင်ခို၍ တရားကိုရှာလျှင် သုံးလောကထွတ်ထား ဘုရားဖြစ်မည်အမှန်ဟု မုချဟောကိန်းထုတ်ပြီးဖြစ်တယ်၊ ယခု ငါကိုယ်တော် သည် ရွှေနန်းစည်းစိမ်ကာမဂုဏ်အဝဝတို့၌ ငြီးငွေ့ရွံ့ရှာ၍ စွန့်ပစ်ခါထားခဲ့ပြီ၊

သတ္တဝါဝေနေယျတို့ကို နိဗ္ဗာန်အရောက်ပို့ဆောင်ရန် ဗုဒ္ဓဘုရားရှင်အစစ် မဖြစ်မနေကြိုးပမ်းအားထုတ်မည်ဖြစ်၍ သင်မာရ်နတ် ငါ့အား မနှောင့်ယှက် မတားဆီးနှင့်၊ ယခုပင်ဖယ်ရှား၍ သင့်လမ်းသင်သွားလော့'ဟု ရဲရဲတောက် မောင်းနှင်ပစ်လိုက်သကွယ့်။

'အဲဒီတင် လူ့ဘုံနတ်ဘုံဗြဟ္မာဘုံမှာ မကောင်းမှုဟူသမျှ ထွန်းကား ကြီးပွားစေရန်အားထုတ် ကုသိုလ်မျိုးပြုတ်ရန်ကြိုးကုတ်နေသော နတ်ဆိုး သော့သွမ်း နတ်ရမ်းကားကြီးဟာ ဒေါသပုန်ထပြီး 'အချင်း သိဒ္ဓတ္ထမင်းသား၊ သင့်စကား သင်မှတ်ထားလိုက်၊ သင့်စိတ်သန္တာန်မှာ ကာမ,ဗျာပါဒ,ဝိဟိံသ ဆိုတဲ့ ကိလေသာများကြံစည်မိလျှင်တော့ ငါ့အကြောင်းကို ကောင်းကောင်း ကြီးသိစေမယ်'ဟု ပြောဆိုကြိမ်းမောင်းပြီးမှ မကြေမနပ်နှင့် ထွက်ခွာသွား ခဲ့သကွယ်။

'အဲဒီအချိန်အခါကစပြီး မာရ်နတ်ယုတ်ဟာ အလောင်းတော်၏နောက်သို့ အရိပ်ပမာကပ်လိုက်ပြီး ခုနှစ်နှစ်တိုင်တိုင် အမြဲမပြတ် ချောင်းမြောင်းကြည့်ရှု နေခဲ့တယ်ကွယ့်။ အလောင်းတော်ရဲ့စိတ်သန္တာန်မှာ ကိလေသာအညစ် အကြေး တစ်ခုခုဖြစ်ပေါ်ခဲ့လျှင် အဲဒီဖြစ်ပေါ်တဲ့နေရာမှာပဲ အလောင်းတော်ကို အသေသတ်မည်ဟု ဆိုးယုတ်တဲ့အကြံဖြင့် ခုနစ်နှစ်လုံးလုံး အလောင်းတော် နောက်က တကောက်ကောက်လိုက်နေခဲ့တာကွယ့်၊ အဲဒီလို ချောင်းမြောင်း လိုက်နေခဲ့သော်လည်း အလောင်းတော်ရဲ့သန္တာန်မှာ မကောင်းသောဝိတက် အကြံအစည်ဟူ၍ လုံးဝမဖြစ်လေတော့ မာရ်နတ်ဟာ အကြံဆိုးတစ်ခု ထုတ်ပြန်ပါရောတဲ့။

'ဒီလိုနှင့် ခြောက်နှစ်ကြာ အလွန်ကျင့်ရန်ခက်ခဲလှတဲ့ ဒုက္ကရစရိယာ အကျင့်ကို ဘုရားလောင်းကျင့်တော်မူစဉ် ပင်ပန်းဆင်းရဲလှသဖြင့် အသား အရေများခေါင်းပါး၊ တစ်ကိုယ်လုံးပိန်ချုံးအားဖျော့နေချိန် မာရ်နတ်ဟာ ဘုရားလောင်းထံ ရောက်လာပြန်တယ်။ ဒီတစ်ခါတော့ လေသံတစ်မျိုး ပြောင်းကာ အကျိုးကိုလိုတဲ့ဟန်ဖြင့် 'အရှင့်သား၊ အရှင့်သားရဲ့ ပြင်းထန်တဲ့ အကျင့်များကြောင့် ရုပ်ရည်အဆင်းတွေလည်း ပျက်ကုန်ပြီ။ သေခြင်းနှင့်

အလွန်နီးကပ်နေပြီး အသက်ငွေ့ငွေ့သာရှိတော့တယ်။ အသက်ရှည်ရှည်သာ နေရလျှင် ကုသိုလ်ကောင်းမှုများစွာပြုရလိမ့်မယ်။ ဒါကြောင့် ဒီဒုက္ခရစရိယာ အကျင့်ကို စွန့်လွှတ်လိုက်ပါတော့'ဟု ချော့မော့ဖြားယောင်းပြန်သကွယ့်။ အမှန်တော့ ဘုရားလောင်းဟာ ဒါလောက်ပြင်းထန်ပင်ပန်းလှသည့် အကျင့် များကို လက်မလျှော့ပဲဆက်လက်ကျင့်နေလျှင် အမှန်ဘုရားဖြစ်သွားမည်ကို စိုးရိမ်လို့သာ မာရ်နတ်က လိုက်ချော့နေတာဖြစ်တယ်ကွယ့်။

'အဲဒီအချိန်ကလည်း မာရ်နတ်ကို ဘုရားအလောင်းက မောင်းမဲနှင်ထုတ် လိုက်ပြန်တယ်ကွယ့်။ မာရ်နတ်ဟာ အဲဒီနောက်မှာ အတော်အရှိန်သတ် နေလိုက်တာ နောက်ဆုံး မဟာဗောဓိပင်ခြေတော်ရင်းမှာ ဘုရားအဖြစ် ပွင့်တော်မူမည့် ညနေချမ်းရောက်လာပါရော။ အဲဒီကျတော့ မာရ်နတ်ဟာ သူဘယ်လိုပြောဆိုဖျောင်းဖျလို့ရတော့မှာမဟုတ်ဘူး၊ အဲဒီနေ့ပဲ ဘုရားလောင်း ဘဝမှ သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဖြစ်တော့မှာပဲလို့သိရတော့ ဘုရားလောင်းကို စိစိညက်ညက်ပျက်သုဉ်းရန် သူပိုင်တဲ့ မာရ်နတ်စစ်သည်တော်အပေါင်း အသင်္ချေအနန္တ ကိုဦးဆောင်ပြီး ဘုရားအလောင်း တင်ပလ္လင်ခွေထိုင်နေတော် မူတဲ့ ဗောဓိညောင်ပင်ကြီးဆီသို့ အရပ်ဆယ်မျက်နှာမှ ဟစ်အော်ကြွေးကြော် ကာ မုန်တိုင်းတိုက်သလို ချီတက်လာခဲ့ကြတယ်ကွယ့်။

'ဒီမာရ်နတ်ဟာ အလွန်ဆိုးသွမ်းသလောက် ဘုန်းတန်ခိုးကလည်း အလွန်ကြီးတယ်ဆိုပဲ။ အဲဒီအချိန်အခါ သိဒ္ဓတ္ထမင်းသားဘုရားအလောင်းဟာ ဒီနေ့မှာပဲ ဘုရားဖြစ်တော်မူလိမ့်မည်ဆိုတဲ့သတင်းဟာ စကြဝဠာပြန့်နှံ့သွား တာကြောင့် သိကြားမင်းကအစ နတ်အပေါင်းတွေ မဟာဗြဟ္မာမင်းကြီးနှင့် ပရိသတ်တွေဟာ ဗောဓိပင်ပတ်ပတ်လည်ရောက်လာကြပြီး ဘုရားလောင်း အား စုဝေးပူဇော်နေကြတယ်ဆိုပဲ။ ဒီအချိန်မှာ မာရ်နတ်သားဟာ ကြီးမားတဲ့ မာရ်နတ်စစ်သည်တော်တွေနဲ့ မဟာဗောဓိပင်ကိုဝိုင်းဝန်းဖို့ ချီတက်လာကြ တယ်။ ကြောက်မက်ဖွယ်အသံကြီးတွေလဲပြုကြတော့ သိကြားမင်း ဗြဟ္မာမင်း တို့ဟာ မာရ်နတ်၏စစ်သည်တော်တွေကို ဘယ်သူမှကြံ့ကြံ့မခံနိုင်ဘဲ သူတို့ ပရိသတ်တွေနှင့် အကုန်ထွက်ပြေးကြသကွယ့်။



မာရ်နတ် စစ်ထိုးခန်း

ပါကစ္စတန်နိုင်ငံ၊ ဂန္ဓာရလက်ရာ အေဒီ ၂-ရာစု။

'အဲဒီမှာ မြတ်စွာဘုရားက ဆင်ခြင်သုံးသပ်ကြည့်တယ်။ မဟာဗောဓိ နယ်မြေပတ်ဝန်းကျင်မှာ လူနတ်ဗြဟ္မာသတ္တဝါဆို၍ တစ်ဦးတစ်လေမျှ မရှိတော့၊ မာရ်နတ်ရန်ကိုကြောက်ရွံ့ကြသဖြင့် အားလုံးထွက်ပြေးကုန်ကြပြီ။ ငါတစ်ဦးတည်းသာကျန်တော့သည်။ မာရ်နတ်က သူပိုင်တဲ့ လက်နက် ကိုးမျိုးကို ကိုင်ဆောင်ပြီး ရှေ့မှာ (၁၂)ယူဇနာ၊ ဝဲယာမှာ(၁၂)ယူဇနာစီ၊ အထက်အောက်ပတ်ဝန်းကျင်မှာ (၉)ယူဇနာ၊ နောက်ဘက်မှာ စကြဝဠာ တံတိုင်းအထိ ကျယ်ပြန့်စွာဖြန့်၍ထားသော မာရ်စစ်တပ်ကြီးနှင့် ချီတက်လာ နေပြီ၊ ငါကိုယ်တော်မြတ် ဒီရန်ကြီးကို ဘယ်လိုခုခံကာကွယ်မလဲ၊ ဘယ်ကဲ့သို့ တွန်းလှန်ဖြိုဖျက်ပြီး အနိုင်ယူနိုင်အံ့နည်းဟု အခြေအနေကို ဆင်ခြင်သုံးသပ် တော်မူတယ်။

'အဲဒီမှာတင် ဘုရားလောင်းတော်စဉ်းစားမိတာက 'ငါကိုယ်တော်မြတ် မှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဆည်းပူးစုဆောင်းလာခဲ့တဲ့ ပါရမီဆယ်ပါးမှ လွဲ၍ ငါ့အနီးအနားမှာ အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း၊ ညီအစ်ကိုရင်းချာ ဆွေမျိုးသားချင်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိချေ။ ငါနှင့် အစဉ်အမြဲလိုက်ပါခဲ့ကြတဲ့ ပါရမီဆယ်ပါးရဲမက်များကိုသာ အမှီသဟဲပြု၍ မာရ်နတ်ရန်ကို ကြံကြံခံပြီး တွန်းလှန်ဖြိုခွဲချေဖျက်ပစ်တော့အံ့ဟု စိတ်ကူး၍ မိမိပြုခဲ့သောပါရမီဆယ်ပါး တရားတော်မြတ်များကို နှလုံးသွင်းကာ စံပယ် တော်မူနေခဲ့တယ်ကွယ့်။

'တောတောင်သနင်း ခြင်္သေ့မင်းဟာ ဘယ်သားကောင်ကိုမျှ မမှု၊ သားကောင်များအလည်မှာ တင့်တယ်ရဲရင့်စွာတည်နေသကဲ့သို့ ဘုရား လောင်းတော်သည်လည်း တည်ငြိမ်စွာ ကြောက်ရွံ့ခြင်းကင်းမဲ့စွာ မိမိ၏ ပါရမီအဟုန်ဘုန်းကံကို ယုံကြည်စွာဖြင့် စံပယ်တော်မူနေတော့ မာရ်စစ်သည် အပေါင်းလည်း ဗောဓိပင်အနီးသို့မချဉ်းကပ်ဝံ့ကြပဲ အဝေးမှ ရပ်တန့်နေကြ သတဲ့။ အဲဒီတင် မာရ်နတ်ကြီးလဲ စိတ်ဆိုးမာန်ဆိုးဖြင့် သူ့စစ်သည်တော် တွေကို အော်ငေါက်ကြိမ်းမောင်းကာ 'လာကြကုန်၊ ချီတက်ကြကုန်၊ သိဒ္ဓတ္ထ

အား ဖမ်းဆီးကြကုန်'ဟု အမိန့်ပြင်းထန်စွာပေးပြီး ဗောဓိကုန်းမြေကို သူကိုယ်တိုင် မုန်တိုင်းထန်လက်နက်များဖြင့် စတင်တိုက်ခိုက်တယ်။ တဖြုန်းဖြုန်းတဒိုင်းဒိုင်းနှင့် မြင်းမိုရ်တောင်ကြီး ပွင့်ထွက်သွားလောက်အောင် ပြင်းထန်တဲ့လေမုန်တိုင်းကြီးဟာ ဘုရားအလောင်းတော်မျက်မှောက်ရောက် လာတဲ့အခါမှာ လေပြေလေညင်းကလေးတွေဖြစ်သွားတယ်ကွယ့်။

'မုန်တိုင်းလက်နက်ကမထိရောက်တော့ မာရ်နတ်သားက ပြင်းထန်တဲ့ မိုးသည်းမိုးပေါက်များဖြစ်အောင် ရွာချလိုက်ပြန်တယ်။ အဲဒီမိုးကြီးဟာ လွန်စွာ ပြင်းထန်လှပေမယ့် ဘုရားအလောင်းတော်ကို မိုးရေတစ်စက်မှ မထိဘူး ကွယ့်။ အဲဒီနောက် မာရ်နတ်ကြီးဟာ ကျောက်ခဲမိုး၊ ပြာပူမိုး၊ ရွှံ့ညွှန်မိုး၊ မီးကျည်မိုး၊ သဲမိုး၊ အမိုက်မှောင် စသည်ဖြင့် လက်နက်ကိုးမျိုးဖြင့် တစ်ခုပြီး တစ်ခု ဘုရားအလောင်းတော်တည်ရှိရာ ဗောဓိပင်ကို ဖြိုခွင်းဖျက်ဆီးရန် ကြိုးပမ်းပေမယ့် လက်နက်အားလုံးတို့ဟာ ဘုရားလောင်းအနီးအပါးရောက် လျှင် တံခွန်ကုက္ကားတွေ ဆီမီးတိုင်တွေ နံ့သာပေါက်ပေါက်တွေအဖြစ် အကုန် ပြောင်းလဲသွားကြပြီး ဘုရားအလောင်းကို ပူဇော်ရန်ရောက်လာကြသလိုပဲ တဖြည်းဖြည်းချင်း ကျလာကြသတဲ့။

'နောက်ဆုံးတော့ မာရ်နတ်ဟာ သူ့ရဲကိုယ်စောင့်စက်လက်နက် (ဘွဲ့ဖြူ လက်နက်လို့လဲ ခေါ်ကြသကွယ့်။)ကို ဘုရားအလောင်းအား ချိန်ရွယ်ပြီး ပစ်လွှတ်လိုက်သကွယ့်။ အဲဒီလက်နက်ဟာ ဘယ်လောက်ပြင်းထန်သလဲ ဆိုရင် ကောင်းကင်ကိုမြှောက်လိုက်ရင် (၁၂)နှစ်မိုးခေါင်သတဲ့ကွယ့်၊ ပင်လယ် မှာချရင် ပင်လယ်ရေတွေ အကုန်ခန်းခြောက်သွားတယ်။ ကုန်းပေါ်မှာချရင် သစ်ပင်တွေအကုန် သေကျေပျက်စီးကုန်တယ်၊အဲဒီနောက်ဆုံး သူ့ရဲလျှို့ဝှက် လက်နက်နဲ့ပစ်လွှတ်တိုက်ခွင်းတော့ သူ့စက်လက်နက်ဟာ ကောင်းကင် မိုးကြိုးစက်ကွင်းကဲ့သို့ ကြောက်မက်ဖွယ်မြည်ဟီးထစ်ချုန်းပြီးလာလိုက်တာ ဘုရားအလောင်းတော်ရဲ့အနားရောက်တော့ ခြေသုတ်ကျိုးဝန်းပမာ ဘာ အန္တရာယ်မျှမပြုဘဲ ခွေခွေကလေးကျရောက်သွားတယ်ကွယ့်။

'အဲဒီလို သူပိုင်စက်လက်နက်အပါအဝင် လက်နက်ကိုးမျိုးနဲ့ ဝိုင်းဝန်းတိုက်ခိုက်ပေမယ့် ဘုရားလောင်းတော်က မာရ်နတ်စစ်သည်တို့ တိုက်ခိုက်သမျှကို ပါရမီတော်အင်အားအစုံစုံ မေတ္တာစေတ်အဟုန်ဖြင့် တုန့်ပြန်ခုခံတွန်းလှန်ပစ်လိုက်တော့ မာရ်နတ်ကြီး အတော်ကြံရာမရဖြစ်သွားတယ်။ နောက်ဆုံးကျတော့ 'မရဲသော်လည်း ပြေးခဲစေ' ဆိုသလို သူ့ရဲမက်တွေရှေ့မှာ အရှက်ပြေသဖွယ်အားနှင့် ဂိရိမေခလာဆင်ကြီးပေါ်မှနေပြီး လက်တစ်ဖက်မှ လေးမြားကိုဝင့်ကာ 'အိုသိဒ္ဓတ္ထ၊ ယခုချက်ချင်း ကျွန်ုပ်ပိုင်သော ရတနာပလ္လင်မှ ထသွားလော့'လို့ လှမ်းအော်ပြောတယ်ကွယ့်။ 'မြတ်စွာဘုရားက အေးအေးသက်သာပဲ မာရ်နတ်အား စကားတုန့်ပြန်ပြောတယ်။

'ဟယ် မာရ်နတ်ယုတ်၊ မင်းဟာ ငါ့အား ချေမှုန်းသုတ်သင်ရန် လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်တယ်။ ငါကိုယ် ဘာမျှမထိခိုက်ခဲ့ဘူး။ ငါက မေတ္တာစေတ်ဖြင့်သာတုန့်ပြန်ခဲ့တယ်။ ငါအလိုရှိခဲ့လျှင် သင်နှင့်တကွ သင့်ဗိုလ်ပါအပေါင်းကို ခဲနှင့်ပစ်ခဲ ကျီးအပေါင်းကိုပြေးစေသကဲ့သို့ မကြာမီပြေးကြစေအံ့။

'ဟယ် မာရ်နတ်ယုတ်၊ သင်နှင့်တကွ သင့်ဗိုလ်ပါအပေါင်းကိုဖမ်းယူပြီး လက်တစ်ဖျစ်နှင့်ပင် မုန့်မုန့်ညက်ညက်ဖြစ်အောင် ချေဖျက်နိုင်စွမ်းရှိတယ်။ ငါသည် သူတစ်ပါး၏အသက်ဆုံးရှုံးစေမှုကို မနှစ်သက်၊ တီကောင်လောက်မျှသာရှိသော သင့်အား ငါသည် လက်နက်သုံးသဖြင့် အင်အားသုံးသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါသည် ယုတ်မာလှသော သင်မာရ်နတ်နှင့် ယခုကဲ့သို့ စကားပြောဆိုရသည်ပင် ငါမနှစ်သက်။ သင်က ပါရမီတန်ခိုးဖြင့် ငါဖန်ဆင်းထားသော ဤအပရာဇိတပလ္လင်တော်ကို သင်ပိုင်ဆိုင်သည်ဟု ယခုဆိုလာသည်။ သင့်ဥစ္စာဖြစ်ကြောင်း သက်သေကား ဘယ်သူနည်း။

'ဘုရားလောင်းတော်၏ ရဲရဲတောက်စိန်ခေါ်သံကိုကြားတော့ မာရ်နတ်က 'အခြားသက်သေ ဘာအထူးပြနေစရာလိုသလဲ၊ ယခု သင့်မျက်မှောက်၌ ရောက်နေသော မာရ်စစ်သည်အပေါင်းဟာ ငါ၏သက်သေများပင်တည်း'လို့ ပြောပြန်သကွယ့်။ အဲဒီလိုပြန်ပြောပြီး သူ၏လက်ယာလက်ကို ဆန့်တန်း

လိုက်တာနဲ့ ကုဋေကုဋာများပြားလှတဲ့ မာရ်စစ်သည်များက 'ငါသည် သက်သေ၊ ငါသည်သက်သေ'ဟု တစ်ပြိုင်နက် တစ်ခဲနက် ဆူညံအော်ဟစ်ကာ သက်သေခံကြသကွယ့်။ ဤတွင် ဘုရားအလောင်းက မာရ်နတ်ပရိသတ် ဆူညံလှုပ်ရှားနေကြသည်ကို ရပ်တန့်စေ၍ ကိုယ်တော်မြတ်၏ သက်သေကိုဖော်ပြရန် အခုလိုမြွက်ကြားတော်မူခဲ့သကွယ့်။

'ဟယ်မာရ်နတ်၊ ငါသည် ဤအပရာဇိတပလ္လင်တော်ကို လိုလားတောင့်တသဖြင့် ကမ္ဘာအဆက်ဆက်၌ မလှူခဲ့ဖူးသောဒါနကုသိုလ်ဟု မရှိခဲ့စဘူး။ မစောင့်ထိန်းဖူးသော သီလဟူ၍ မရှိခဲ့။ မကျင့်ခဲ့ဘူးသော ဒုက္ကရစရိယာဟူ၍ မရှိခဲ့။ ဟိုရှေးအတိတ်ဘဝဘဝပေါင်းများစွာက ပြုလုပ်ခဲ့သည့် ဒါနအစရှိတဲ့ ပါရမီမျိုးကုသိုလ်အဖုံဖုံကိုထားလိုက်ပါဦး။ ဝေဿန္တရာဘဝ တစ်ခုတည်း၌ပင် မဒ္ဒီမိဖုရားကိုစွန့်လွှတ်ခဲ့သည့် အထွတ်အထိပ်အလှူကြီးမျိုး ခုနစ်ကြိမ်ပြုလုပ်ခဲ့ဖူးပြီ၊ ခုနစ်ကြိမ်သော အလှူကြီးများပြုတိုင်း ဤမဟာပထဝီမြေကြီးသည် ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့ဘူးပြီ။

'ယခု အပရာဇိတပလ္လင်တွင် အလုံးစုံသောလောကကို ငါအောင်နိုင်ရန် ထိုင်နေစဉ် သင်သည် စစ်သည်တော်အပေါင်းနှင့်ချီတက်လာပြီး စစ်ထိုးလာတော့ ဤမဟာပထဝီမြေကြီးသည် အဘယ့်ကြောင့် မတုန်လှုပ် ဆိတ်ဆိတ်နေဘိသနည်း။ ဟယ် မာရ်နတ်ယုတ်၊ သင်က သင့်မာရ်နတ်ပရိသတ်အား မတရားသက်သေထားပြီး ဤပလ္လင်တော်ကို သင်ပိုင်သည်ဟု ဆိုလာသည်။ ငါက သင့်အားလည်းကောင်း၊ ငါ့အားလည်းကောင်း၊ ဘက်မလိုက်ဘဲ သမာသမတ်ညီမျှသော ဤမြေကြီးကို ငါ၏သက်သေအရာ၌ထားရှိမည်။ ဤအသက်ဝိညာဉ်မရှိ ဘက်မလိုက်သော ဤမဟာပထဝီမြေကြီးကို ငါ၏ သက်သေဖြစ်ပေလတ္တံ့'ဟု မြွက်ကြားတော်မူ၍ ဘုရားအလောင်းတော်သည် အလွန်ကျက်သရေရှိလှသော လက်ယာလက်တော်ကို သင်္ကန်းအတွင်းမှ ထုတ်ကာ မဟာပထဝီမြေကြီးသို့ရှေ့ရှုကာ ညွှန်တော်မူလိုက်သကွယ့်။

'အဲဒီခဏမှာပဲ မဟာပထဝီမြေကြီးဟာ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါခါအောင်လည်ပြီး အလွန်ပြင်းထန်သောအသံကြီးဖြင့် မြည်ဟည်းသတဲ့

ကွယ်။ ကောင်းကင်တစ်ခုလုံးလဲ မိုးချုန်းသံကဲ့သို့ သည်းစွာသောအသံကို မြည်စေသကွယ့်။ မြင်းမိုရ်တောင်နှင့် တောင်စဉ်ခုနစ်ထပ် ဟိမဝန္တာတောင် အစရှိသည့် တောင်တန်းတွေလည်း ကြောက်မက်ဖွယ်အသံနှင့် မြည်ဟီးကြသကွယ့်။ စကြဝဠာတစ်တိုက်လုံးဟာ မီးလောင်နေတဲ့ ဝါးတောလိုပဲတဲ့ တဖြောင်းဖြောင်းပေါက်ပြီး အသံတွေဖြစ်နေကြတယ်ကွယ့်၊ ကောင်းကင်တစ်ခုလုံးမှာလည်း မိုးတိမ်မရှိပဲနှင့် မိုးထစ်ချုန်းပြီး ကောင်းကင်မှ မီးကျည်မိုးတို့ ရွာသွန်းချနေသကွယ့်။ အဲဒီလို ကောင်းကင်နှင့်မြေကြီး နှစ်နယ်စလုံးဟာ ကြောက်မက်ဖွယ်အသံကြီးတွေနဲ့ မြည်ဟီးတုန်လှုပ်ကုန်ကြတော့ မာရ်နတ်သားဟာ အလွန်ပင်ထိတ်လန့်တုန်လှုပ်ပြီး အားထားကိုးကွယ်ရာမဲ့ဖြစ်သွားသကွယ့်၊ သူကိုင်ဆောင်ထားတဲ့ လက်နက်တစ်ထောင်ကိုစွန့်ပစ်ခဲ့ပြီး ဂိရိမေခလာဆင်ကြီးကို ပြန်စောင်းမှလှည့်မကြည့်တော့ဘဲ ချဉ်းတည့်ရာတအားကုန်ထွက်ပြေးသွားသကွယ့်၊ သူတို့ခေါင်းဆောင် မာရ်နတ်ကိုယ်တိုင် လက်နက်ချထွက်ပြေးတာမြင်တော့ မာရ်စစ်တပ်ကြီးလည်း ဖရိုဖရဲပြိုကွဲပျက်စီးပြီး လေမုန်တိုင်းတိုက်ခတ်လိုက်တဲ့ ပြာမှုန့်တွေလို မျက်နှာမူရာအရပ်သို့ ထွက်ပြေးသွားကြတော့သကွယ့်။

'အဲဒီလို မြတ်စွာဘုရားအလောင်းတော်ကို မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီပဲ အရှုံးကြီးရှုံးပြီး အသက်လုထွက်ပြေးခဲ့ရတဲ့ မာရ်နတ်ဟာ ဘုရားရှင်အား အောင်ခြင်းရှစ်ပါးနဲ့အောင်နိုင်ပြီး သုံးလောက၌ အတုမရှိသော ဗုဒ္ဓမြတ်စွာဖြစ်လာပြီးတောင် ဆက်လက်နှောင့်ယှက်ပေးမြဲ ပေးခဲ့သကွယ့်။

'အေး ဘိုးဘိုးအထက်ကပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားက ခြောက်ကျိပ်သော ရဟန္တာတို့ကို သာသနာပြုစေလွှတ်တော့ မာရ်နတ်သားဟာ နေမထိထိုင်မသာ အတော်ဖြစ်သွားတယ်။ 'ဒီရဟန်းကြီးဂေါတမဟာ သူတစ်ပါးတည်း သတ္တဝါတွေကယ်တင်ရုံမဟုတ်ဘူး အခုတော့ စစ်ကြီးတိုက်ဖို့ စီမံခန့်ခွဲသည့်အလား ရဟန္တာခြောက်ဆယ်ကို လမ်းတစ်ကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြနှင့်။ တရားကိုဟောကြ' လို့ စေလွှတ်နေပြီ။

ရဟန်းကြီးဂေါတမတစ်ပါးတည်း တရားဟောနေတာတောင် ငါ့စိတ်မှာ မသက်သာဖြစ်ရတာ။ အခုတော့ ရဟန္တာခြောက်ကျိပ်တောင် တရားဟောခိုင်းနေတာ ဘယ်ကြည့်နေနိုင်တော့မလဲ' ဆိုပြီး မြတ်စွာဘုရားထံမှောက်လာရောက်ချည်းကပ်ပြီး ဟန့်တားစကားဆိုပြန်သကွယ့်။

'ဒီတစ်ကြိမ်လဲ မြတ်စွာဘုရားကို သူက 'လူနတ်တို့အာရုံ ကာမဂုဏ်ကျော့ကွင်း၌မိနေသူဖြစ်လို့ အသင်ဂေါတမ ကျွန်ုပ်ပိုင်သော ဘုံသုံးပါးနယ်ပယ်မှ ဘယ်နည်းနှင့်မှမလွတ်နိုင်ပါဖူးလို့ ခြိမ်းခြောက်ပြန်တယ်ကွယ့်။ မြတ်စွာဘုရားက 'ဟယ် မာရ်နတ်ယုတ်၊ ငါကား သင်ထင်သလိုမဟုတ်။ ဒီကိလေသာစစ်ပွဲ၌ သင့်အား အပြီးအပိုင်အနိုင်သတ်ပြီးဖြစ်တယ်။ သင့်ကား အရှုံးကြီးရှုံးပြီဖြစ်တယ်'ဟု ပြောဆိုလွှတ်လိုက်တော့မှ မာရ်နတ်ဟာ အဲဒီအရပ်က ကွယ်ပျောက်သွားသကွယ့်။

'မောင်ဝဏ္ဏတို့၊ တို့ရှင်တော်မြတ်ဘုရားရဲ့သာသနာပြုစီမံကိန်းကြီးအတိုင်း ပထမဦးဆုံး ရဟန္တာရှင်တော်မြတ်အပါးခြောက်ဆယ်ကို သာသနာပြုလုပ်ငန်း စတင်အကောင်ထည်ဖော်စေတဲ့အကြောင်းကိုပြောပြရင်း မြတ်စွာဘုရားအလောင်းတော် တောထွက်တော်မူချိန်အခါကစပြီး လိုက်လံအနှောင့်အယှက်ပေးနေတဲ့ မာရ်နတ်အကြောင်း ကြားဖြတ်ပြီးပြောနေရတယ်ကွယ့်။ အေး သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရန် ရှင်တော်ဘုရားကိုယ်တော်တိုင် စတင်ဆောင်ရွက်တော်မူပုံများအကြောင်းကို ဆက်ကြရမယ်။

'တို့ဘုရားရှင်တော်မြတ်ဟာ သဗ္ဗညုတရွှေဉာဏ်ရှင်ဖြစ်တော်မူတဲ့အတိုင်း ဆောင်ရွက်တော်မူရမည့် လုပ်ငန်းပမာဏကို အတိအကျတိုင်းတာမြော်မြင်ပြီးဖြစ်သကွယ့်။ သူဟောပြောပြသရမည့်တရားဟာ သစ္စာလေးပါးကိုအခြေခံပြီး အေးငြိမ်းချမ်းသာရာ နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်တယ်ကွယ့်။ ဒီတရားဟာ လောကသဘာဝဖြစ်စဉ် အကြောင်းအမှန်များကို အရှိကိုအရှိအတိုင်း သိမြင်နိုင်ကြပြီး ဒုက္ခဆင်းရဲမှလွတ်မြောက်ရန် နည်းလမ်းကောင်းများ ညွှန်ကြားပြသဖို့ တရားဓမ္မများ လမ်းညွှန်ပြသခြင်းပဲဖြစ်တယ်ကွယ့်။

အေး တရားဓမ္မဆိုတာဟာလည်း သဘာဝအကြောင်းတရား အမှန်ဆုံးများ အကြောင်းဖြစ်တယ်။ အဲဒီတရားတွေဟာ ရှင်တော်ဂေါတမအလျင် ပွင့်တော်မူသွားတဲ့ နှစ်ကျိပ်ခုနစ်ဆူသောရှင်တော်မြတ်အပေါင်းတို့ ကိုယ်တော်တိုင် တွေ့ကြပြီး ဟောပြဆုံးမပြသသွားတော်မူကြတဲ့ တရားဓမ္မပဲ ဖြစ်တယ်ကွယ့်။

'အဲဒီတရားတော်ကို ကမ္ဘာဦးကစပြီး သူ့အချိန်နှင့် သူ့ကမ္ဘာနှင့်လျော်စွာ ပွင့်တော်မူလာတဲ့ ရှင်တော်ဘုရားတိုင်း ဟောကြားတော်မူခဲ့တာဖြစ်ပေမယ့် ဘုရားတစ်ဆူရဲ့အဆုံးမသာသနာဟာ နှစ်ကာလအချိန်အတိုင်းအတာအတွင်း မှာသာ တည်တံ့တယ်။ အဲဒီနောက် ဗုဒ္ဓဘုရားတစ်ဆူရဲ့ ဆုံးမတော်များကို လိုက်နာကျင့်သုံးသူများ တဖြည်းဖြည်းလျော့ပါးသွားပြီး သူတော်ကောင်း တရား ကွယ်ပျောက်သွားတယ်။ မသူတော်များက မိမိတို့ထင်ရာမြင်ရာ ဟောပြောကြ ဆုံးမကြတာတွေကို ဉာဏ်ပညာနည်းသူများက မသိ နားမလည်ကြ၍ လိုက်နာကျင့်သုံးကြတော့ ဒုက္ခဆင်းရဲတွင်းနက်ခဲ့ကြတယ်။ ပညာအလင်းရောင်ကွယ်ပျောက်ပြီး အမှောင်ကြီးဖုံးလွှမ်းသွားခဲ့တယ်။ ဘုရား တစ်ဆူနှင့်တစ်ဆူ ကြားကာလဟာလည်း ကမ္ဘာပေါင်းများစွာကြာမြင့်တော့ အမှန်တရားထွန်းကားပေါ်ပေါက်ချိန်ကနည်းပြီး၊ မမှန်တရားများကသာ အတိုင်းအဆမရှိသောအချိန်များတွင် ပြန့်ပွားနေခဲ့ကြတယ်။ ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူတဲ့ သုညကပ်ကမ္ဘာများမှာဆိုလျှင် အမှန်တရားအလင်းရောင် ဟူ၍ လုံးဝမရှိဘဲ မမှန်တရားအမှောင်ထုကြီးကသာ ဖုံးအုပ်လွှမ်းမိုးပြီး နေလာခဲ့ကြရတယ်ကွယ့်။

'တို့တတွေ အခုတည်ရှိနေထိုင်ကြတဲ့ စကြဝဠာကြီးဟာ ကပ်ကမ္ဘာ ပေါင်းများစွာ မီးဖျက်လိုက် ရေဖျက်လိုက်နှင့် မရေတွက်နိုင်အောင် ပျက်လိုက် ပေါ်လိုက် ဖြစ်ခဲ့ပြီးပြီကွယ့်။ ကပ်ကမ္ဘာတစ်ခုရဲ့ သက်တမ်းဟာလည်း မရေမတွက်နိုင်လို့ အသင်္ချေယျလို့ခေါ်ဆိုရတယ်။ ကိန်းဂဏန်းအရပြောမည် ဆိုလျှင် ကမ္ဘာသင်္ချေတစ်ခုမှာ (၁)နောက်မှာ သုည(၁၄၀)လုံးရှိတဲ့ အရေ အတွက်ပဲ။ တို့ရောက်နေတဲ့ ကပ်ကမ္ဘာကိုတော့ ဘဒ္ဒကမ္ဘာလို့ခေါ်တယ်။ ဟိုး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအချိန်မှာ ဒီပင်္ကရာဘုရားပွင့်တော်မူတယ်၊

ထိုရှင်တော်မြတ်ထံမှာ တို့ရဲ့ဘုရားဗုဒ္ဓဂေါတမအလောင်းတော်ဟာ သုမေဓာ ရှင်ရသေ့အဖြစ်နဲ့ ဘုရားဆုကိုပန်ခဲ့တယ်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း လုံးလုံး ပါရမီဖြည့်ရပြီးမှ ဘုရားဖြစ်တော်မူတာ ဒီအချိန်အတွင်းမှာ အခြား ဘုရားပေါင်း(၂၃)ဆူပွင့်သွားပြီး တို့ရဲ့ရှင်တော်မြတ်ဟာ (၂၄)ဆူမြောက်ဘုရား ဖြစ်တယ်။ ဘဒ္ဒကမ္ဘာမှာ နောက်ထပ်ဘုရားတစ်ဆူဖြစ်တဲ့ အရိမေတ္တေယျ ဘုရား ပွင့်တော်မူဦးမယ်ကွယ့်။

'အေး ဒီအကြောင်းတွေဟာ မောင်ဝဏ္ဏတို့ ဗုဒ္ဓဘာသာဆိုင်ရာ ဗဟုသုတရအောင် နည်းနည်းစီပြောပြောထားတာကွယ့်။ အဲဒီတော့ ဘုရား တစ်ဆူနဲ့တစ်ဆူကြားမှာ ကပ်ကမ္ဘာအချိန်ကာလပေါင်း ကြာရှည်လွန်းတော့ လူပြည်ကလူတွေလည်း ဘုရားတစ်ဆူဟောကြားတဲ့ တရားတွေမကျင့်ကျ မေ့လျော့ပျောက်ဆုံးကျဖြစ်တော့ ဓမ္မအစစ်အမှန်ဟာ မရှိတော့ဘူး။ အဲဒီအချိန် မှာ ဗုဒ္ဓအစစ်မဟုတ်တဲ့ သဗ္ဗညုတဉာဏ်တော်မရရှိကြတဲ့ ဘုရားတုအများ အပြားပေါ်တော့တာပဲ။ တို့ဂေါတမရှင်တော်ဘုရားပွင့်တော်မမူမီ နှစ်ပေါင်း တစ်ထောင်ကစပြီး ဘုရားပွင့်တော်မူလာတော့မည်လို့ ကောလာဟလ ဖြစ်ခဲ့တယ်ကွယ့်၊ အဲဒါကြောင့် ဘုရားဖြစ်ဖို့ဆိုပြီး ကြိုးပမ်းအားထုတ်ကြတဲ့ သူတော်စင်တွေအများကြီးရှိခဲ့ကြတယ်။

'တို့ဘုရားအလောင်းတော် တောထွက်လာတဲ့အချိန်က မဂဓတိုင်း ကောသလတိုင်းပြည်အတွင်း ဥရုဝေလတောကြီးကဲ့သို့ တောတောင်ချောက် ကမ်းပါးအနှံ့အပြားမှာ ဘုရားဖြစ်ဖို့ရန် ကြိုးပမ်းအားထုတ်နေသူ ထောင်ပေါင်း များစွာရှိနေတယ်။ သူတို့အရင့်အရင် တရားရှာသူများလည်း တရားတွေ့ပြီ ဘုရားဖြစ်ပြီဟု ကြွေးကြော်သူ မကြွေးကြော်သူလဲ အများပဲ၊ သူ့ဂိုဏ်းငါ့ဂိုဏ်း ဖွဲ့ကြပြီး ကိုယ်တပည့်အပေါင်းနှင့် ကိုယ့်မင်းနေပြည်တိုင်းမှာ ဘုရင်များ၏ အပူဇော်ခံဆရာကြီးတွေ ဖြစ်နေကြတယ်ကွယ့်။ ဒါပေမယ့် သူတို့ဟာ သဗ္ဗညုတဉာဏ်တော်ရ သမ္မာသမ္ဗုဒ္ဓများမဟုတ်ကြောင်း တို့ရှင်တော်မြတ် ဘုရားက ကောင်းစွာသိတော်မူပါတယ်။

'ဘုရားဖြစ်တော်မူပြီးနောက် ပထမဆုံးကြွရောက်ပြီး တရားချီးမြှင့်ရန် ကတိပေးထားခဲ့တဲ့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏မဂဓတိုင်းတစ်ခွင်လုံးမှာလဲ ပုရာဏကဿပ၊ မက္ခလိဂေါသာလ စတဲ့ ဆရာကြီးခြောက်ပါးဟာ ဘုရင်မင်းမြတ်အပါအဝင် တိုင်းသူပြည်သားအားလုံးတို့ရဲ့ ကိုးကွယ်ကြည်ညိုခံ ဂိုဏ်းဆရာကြီးတွေဖြစ်နေသကွယ့်။ သူတို့ဟောပြထားလို့ တိုင်းသူပြည်သားလူအများဟာလည်း (၆၂)မျိုးသောမိစ္ဆာအယူများကို လက်ခံယုံကြည်နေသူများဖြစ်သကွယ့်။

'အဲဒီတော့ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ သိန်းသန်းမကများလှတဲ့ ဝေနေယျတွေကို သစ္စာတရားကိုမြင်ရန်၊ ဓမ္မအစစ်အမှန်ကိုခက်ခဲမရှိနားလည်ကျင့်သုံးလာကြရန် ဟောပြောရမည့်ကိစ္စသည် လွယ်ကူလှသည်မဟုတ်ကြောင်းကို ဗုဒ္ဓရှင်တော်မြတ်သည် ကောင်းစွာသိမြင်သုံးသပ်ပြီး ဖြစ်တော်မူတယ်ကွယ့်၊ ဆရာအသီးသီးရဲ့ဝါဒများကို တစ်သက်ပတ်လုံး စွဲကိုင်ထားကြသောလူအပေါင်းသည် သူတို့ရဲ့မှားသောယုံကြည်မှုကို လွယ်လွယ်ဖြင့်စွန့်ပယ်ကြမည်မဟုတ်ဘူးကွယ့်။ မစွန့်ပယ်ရုံသာမဟုတ် ဗုဒ္ဓကိုယ်တော်မြတ်ကို ဝါဒရေးရာမှာသာမက ပုဂ္ဂိုလ်ရေးရာအရ သိက္ခာကျရန် တိုက်ခိုက်အန္တရာယ်ပြုကြမည်ကိုလည်း သဗ္ဗညုတဉာဏ်တော်ရှင်သည် ထင်လင်းစွာမြင်တော်မူပြီးဖြစ်သကွယ့်။

'ဒါကြောင့် ရှင်တော်မြတ်ရဲ့သာသနာပြုစီမံကိန်းကို စစ်ဆင်ရေးတစ်ခုအဖြစ် ကြိုဆောင်ဖွဲ့စည်း၍ ဦးစီးအုပ်ချုပ်တော်မူခဲ့တယ်။ ပထမဦးစွာပေါ်ထွန်းလာသော ရဟန္တာအရှင်မြတ်ကြီးအပါးခြောက်ဆယ်ကို ရှေ့ပြေးကင်းထောက်တပ်ငယ်အဖြစ် တစ်ခုသောခရီးကို နှစ်ပါးတွဲမသွားပဲ နေရာအနှံ့အပြားသို့ တစ်ပါးစီသာကြွစေပြီးလျှင် ရှင်တော်ဘုရားကိုယ်တော်တိုင်ကမူ ဥရုဝေလတောအုပ်သို့ သာသနာပြုခရီး တစ်ပါးတည်း စတင်ထွက်တော်မူခဲ့တယ်ကွယ့်။ ရှင်တော်ဘုရား၏ မဟာဗျူဟာ နည်းဗျူဟာတို့သည်ကား သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သည်နှင့်အညီ အံ့မခန်းနိုင်အောင်ရှိတယ်

ကွယ့်။ ထိရောက်အောင်မြင်လှသကွယ့်။ အဲဒီအချက်က ဘိုးဘိုး ရှေ့ဆက်ပြောပြမယ့်အကြောင်းအရာက ပိုမိုပေါ်လွင်လာပါလိမ့်မယ်။

## ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် သာသနာတွင်းသို့ရောက်ရှိလာခြင်း

'ရှင်တော်ဘုရားဟာ တစ်ပါးတည်း ဥရုဝေလတောအုပ်ဆီသို့ ရည်မှန်းကြွလှမ်းတော်မူလာစဉ် လမ်းခရီးအကြား၌ ကပ္ပါသိကလို့ခေါ်တဲ့ တောအုပ်တွင်း သစ်ပင်ရိပ်တစ်ခု၌ ခေတ္တနားနေရန်သီတင်းသုံးနေတော်မူတယ်ကွယ့်။ အဲဒီမှာ တိုက်တိုက်ဆိုင်ဆိုင် ဘဒ္ဒဝဂ္ဂီအမည်ရှိတဲ့ မင်းသားသုံးဆယ်ဟာ သူ့တို့ရဲ့ကြင်ယာတော်များနဲ့ တောအုပ်တစ်နေရာမှာ မူးယစ်သောက်စား ပျော်မြူးနေကြတယ်ကွယ့်။ သူတို့နဲ့အဖော်လိုက်လာတဲ့ မင်းသားတစ်ပါးမှာတော့ ကိုယ်ပိုင်ကြင်ယာတော်မရှိလို့ ပြည့်တန်ဆာမတစ်ဦးကို အခကြေးငွေပေးပြီး ငှားရမ်းခေါ်လာခဲ့သကွယ့်။

'မင်းသားတို့ မေ့လျော့ပျော်မြူးနေကြစဉ် အခကြေးငွေဖြင့်ငှားရမ်းခဲ့တဲ့ ပြည့်တန်ဆာမဟာ ဥစ္စာပစ္စည်းများကို ခိုးယူကာ ထွက်ပြေးသွားသကွယ့်။ အဲဒီကျမှ မင်းသားတို့လည်း အဖော်သူငယ်ချင်းကိုကူညီရန် ထွက်ပြေးသွားသော ပြည့်တန်ဆာမကို တောအုပ်အတွင်းလိုက်လံရှာဖွေရင်း ရှင်တော်ဘုရားသီတင်းသုံးနေတော်မူရာ သစ်ပင်ရင်းသို့ ရောက်လာကြတယ်ကွယ့်။ 'အရှင်ဘုရား၊ ဒီအနားမှာ မိန်းမတစ်ယောက်များ မမြင်မိဖူးလား'ဟုမေးမြန်းပြီး သူတို့ဥစ္စာပစ္စည်းများ ခိုးယူထွက်ပြေးသွားကြောင်းကို ရှင်းလင်းလျှောက်ထားကြသကွယ့်။ ရှင်တော်ဘုရားက မင်းသားတို့ရဲ့ပါရမီရင့်သန်မှုကို ဗုဒ္ဓမျက်စိဖြင့်မြင်တော်မူသည့်အလျောက် 'မင်းသားတို့၊ မိန်းမပျောက်ကို ရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်း ဤနှစ်မျိုးတွင် အဘယ်အချင်းအရာက ပို၍မြင့်မြတ်သနည်း' (အကျိုးရှိသနည်း)ဟုမေးမြန်းလိုက်တယ်ကွယ့်။ မင်းသားတို့ကလည်း 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်များအတွက် မိမိကိုယ်ကိုရှာခြင်းက ပိုမိုမြင့်မြတ်ပါသည်ဘုရား'ဟု ပြိုင်တူလျှောက်ထားကြသကွယ့်။ မြတ်စွာဘုရားက 'ဒီလိုဆိုရင် မင်းသားတို့ ထိုင်ကြလော့၊

သင်တို့အား ငါဘုရား တရားဟောတော်မူမည်' ဟု မိန့်မြွက်တော်မူသကွယ့်။

'အေး၊ အတိုချုံးပြောရလျှင် ယသသတို့သားနှင့် သူ့မိဘများကို ဟောခဲ့တဲ့ ဒါနကထာ သီလကထာကစပြီး မဂ္ဂကထာအထိ ရှင်တော်ဘုရားက အစဉ်လိုက်တရားတော်များ ဟောကြားတော်မူလိုက်သည့် အဆုံးတွင် အားလုံး အရိယာသူတော်စင်များဖြစ်သွားကြသကွယ့်၊အချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ် ဖြစ်ကုန်ကြသကွယ့်၊ တစ်ယောက်မှ ပုထုဇဉ်အဖြစ် မကျန်ရစ်ကြဘူး။ ရဟန္တာအဆင့်တော့ မည်သူမှ မရောက်ရှိကြသေးဘူးကွယ့်၊ ဒါပေမယ့် ယသသူဌေးသားလိုပဲ သာသနာတော်မှာ ရဟန်းအဖြစ် ခံယူတော်မူပါရစေလို့ အားလုံးကလျှောက်ထားလို့ မြတ်စွာဘုရားက 'ဧထ ဘိက္ခု' ဟုခေါ်တော်မူပြီး ရဟန်းအဖြစ်ချီးမြှင့်တော် မူလိုက်တယ်ကွယ့်၊ ယသမထေရ်လိုပဲ ဒီရဟန်းတော်သုံးဆယ်တို့လည်း ပရိက္ခရာအပြည့်အစုံဖြင့် ဝါတော်ခြောက်ဆယ်ရမထေရ်ကြီးများကဲ့သို့ ကြည်ညိုဖွယ်ရာ ရဟန်းတော်များဖြစ်သွားကြတယ်။

'အေး၊ ဘဒ္ဒဝဂ္ဂီရဟန်းသုံးဆယ်တို့ဟာ ကောသလပြည့်ရှင် ဘုရင်မင်းမြတ်နှင့် ညီအစ်ကိုဝမ်းကွဲများဖြစ်ကြလို့ ကောသလတိုင်းရဲ့အနောက်ပိုင်း ပါဝေယျပြည်ကို သွားရောက်သီတင်းသုံးကြသကွယ့်၊ အဲဒီရဟန်းတော်များဟာ သာသနာတော်မှာ ပါဝေယျကမထေရ်များလို့ အလွန်ထင်ရှားသကွယ့်၊ သူတို့ကိုအကြောင်းပြုပြီး နောင်အခါ၌ ကထိန်သင်္ကန်းကို မြတ်စွာဘုရားက ခွင့်ပြုတော်မူတယ်၊ အဲဒါကြောင့် ထေရဝါဒတိုင်းပြည်များမှာ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြတဲ့ ကုသိုလ်ကောင်းမှုပြုခြင်းအလေ့အထ အစဉ်အလာ တစ်ခု ဖြစ်ပေါ်ခဲ့ရသကွယ့်၊ အဲဒီကထိန်သင်္ကန်းကို ခွင့်ပြုတဲ့အချိန်အခါမှာပဲ ထိုအရှင်မြတ်များမှာ ရဟန္တာများအဖြစ် အဆင့်အတန်းသို့ တက်ရောက်သွားနိုင်ကြသကွယ့်၊ အဲဒီမထေရ်သုံးကျိပ်တို့ဟာ ကောသလတိုင်းမှာ အနာထပိဏ် သူဌေးကြီးကိုအကြောင်းပြုပြီး သာဝတ္ထိနေပြည်တော်မှာ (၂၅)ဝါ သီတင်းသုံး နေထိုင်တော်မူသကွယ့်။ အဲဒါကြောင့် ဒီရဟန်းမထေရ်သုံးကျိပ်ဟာ စစ်ကြောင်းတစ်ခုချီတက်ရာမှာ ရှေးပြေး(ဆပ်ပါးမိုင်းနား) ထောက်ပံ့ရေး

တပ်က လမ်းရှင်း တံတားခင်း ရိက္ခာစုရသလို မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်ဝါမဆိုမီ သာသနာပြုရန်အတွက် အစစအဆင်သင့်ဖြစ်ရန် ရှေးဦး ဆောင်ရွက်မှုများကို တာဝန်ယူခဲ့ကြသောမထေရ်ကြီးများဟု မှတ်ယူဖွယ် ရှိသကွယ့်။ ဒီမှာ ရှင်တော်ဘုရားရဲ့သာသနာပြုမဟာဗျူဟာကြီးရဲ့ တစ်စိတ် တစ်ပိုင်းကို တွေ့မြင်နိုင်ကြပြီကွယ့်။

## ဥရုဝေလရသေ့ညီနောင်ရှင်တစ်ထောင်သာသနာတွင်းရောက်ရှိကြခြင်း

'အေး၊ ဘဒ္ဒဝဂ္ဂီမင်းသားများကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပြီး ရှင်တော်မြတ်ဘုရားဟာ ဥရုဝေလတောအုပ်သို့ ဆက်လက်ကြွမြန်းတော် မူတယ်။ အဲဒီတောအုပ်မှာ ရသေ့ညီနောင်သုံးဦးတို့ဟာ နေရဉ္ဇရာမြစ်ကမ်း အထက်အောက် နေရာသုံးနေရာတို့၌ သီတင်းသုံးနေစဉ်ဖြစ်တယ်။ နောင်တော်ကြီး ဥရုဝေလကဿပဟာ မိမိကိုယ်မိမိ ရဟန္တာဟု ထင်မြင် မှတ်ယူဆပြီး တပည့်ရသေ့ငါးရာဖြင့် ခြံရံကာ နေထိုင်လျက်ရှိသကွယ့်။ ညီလတ် နဒီကဿပကလည်း တပည့်သုံးရာတို့ရဲ့ဦးစီးခေါင်းဆောင် ဆရာကြီး ဖြစ်တယ်။ ညီငယ် ဂယာကဿပလည်း ရသေ့နှစ်ရာတို့ရဲ့ခေါင်းဆောင်အဖြစ် နေထိုင်လျက်ရှိတယ်ကွယ့်။

'ယင်းဆရာကြီးတို့ဟာ မဂဓတိုင်းနှင့် အင်္ဂတိုင်းနှစ်တိုင်း၌ မင်းမှစ၍ ပြည်သူအများကြည်ညိုလေးစားခံရတဲ့ ဂိုဏ်းဆရာကြီးများဖြစ်သကွယ့်။ လစဉ်လစဉ် လှူဒါန်းပူဇော်ပွဲကြီးများကို ဥရုဝေတောသို့ လူအုပ်လူစုကြီးဖြင့် လာရောက်ပူဇော်လေ့ရှိကြတယ်ကွယ့်။ မြတ်စွာဘုရားက ဤအကြောင်း အချက်များကို သိရှိတော်မူသဖြင့် 'အရင်းလှဲ၍ အဖျားထင်းဖြစ်' ဆိုသကဲ့သို့ ယင်းဆရာကြီးများကို ရှေးဦးချေဖျက်ကာ သာသနာ့ဘောင်ရောက်စေလျှင် မဂဓတိုင်းနှင့်အင်္ဂတိုင်း နှစ်တိုင်းစလုံး သာသနာပြုပြီးဖြစ်မည်ကို မျှော်မြင်၍ ဤနည်းဗျူဟာကိုအသုံးပြုရန် ဥရုဝေလတောသို့ကြွမြန်းတော်မူခဲ့ခြင်းပဲကွယ့်။

'ပထမဆုံး မြစ်ညာမှာနေထိုင်တဲ့ နောင်တော်ကြီး ဥရုဝေလကဿပ၏ ကျောင်းသင်္ခမ်းသို့ကြွ၍ 'အို ရှင်ရသေ့၊ သင့်၌ ဝန်မလေးလျှင် သင့်မီးတင်း

ကုပ်၌ တစ်ညတာမျှသီတင်းသုံးနေတော်မူလိုသည်။' လို့ အခွင့်တောင်းလိုက်တယ်။ ရသေ့ကြီးက 'အို ရဟန်းကြီး၊ ကျွန်ုပ်အတွက် ဝန်လေးမှုမရှိပါ။ သို့ရာတွင် ဤမီးတင်းကုပ်၌ အလွန်တန်ခိုးကြီးမား၍ အလွန်ထက်မြက်လျင်မြန်ပြင်းထန်သည့် အဆိပ်ရှိသော နဂါးမင်း နေထိုင်ပါသည်။ ရဟန်းကြီးအား ထိုနဂါးမင်းက နှိပ်စက်ညှင်းပန်းခြင်း မပြုစေလိုပါ' ဟု ပြန်ပြောသကွယ့်။ ရှင်တော်မြတ်ဘုရားက ဒုတိယ,တတိယအကြိမ်မြောက် တောင်းပန်သော်လည်း ရသေ့ကြီးက မြတ်စွာဘုရားအား နဂါးမင်းက ညှင်းပန်းနှိပ်စက်မည်ကို စိုးရိမ်ကြောင်း ပြန်ပြောပြန်တယ်ကွယ့်။ မြတ်စွာဘုရားက 'နဂါးမင်းက ငါဘုရားအား နှိပ်စက်ညှင်းပန်းခြင်း ကောန်မပြုနိုင်ပါ။ ရသေ့ကြီးကသာ ခွင့်ပြုရန် ငါတိုက်တွန်း၏' ဟု စတုတ္ထအကြိမ် ထပ်မံပြောတော့မှ ရသေ့ကြီးက 'အရှင်ရဟန်းကြီး၊ အလိုရှိတိုင်း ချမ်းသာစွာနေထိုင်တော်မူပါ' လို့ ခွင့်ပြုလိုက်တယ်။

'မြတ်စွာဘုရားဟာ ရသေ့ကြီးထံမှခွင့်ပြုချက်ရသည်နှင့် မီးတင်းကုပ်ထဲဝင်ပြီးတော့ မြက်ဖျာကလေးကိုခင်း ကိုယ်ခန္ဓာမတ်မတ်ထားပြီး တင်ပလ္လင်ခွေထိုင်ကာ ကမ္မဋ္ဌာန်းအာရုံပြု၍ သီတင်းသုံးနေတော်မူတယ်ကွယ့်။ အေးနဂါးမင်းလည်း မြတ်စွာဘုရားဟာ သူ့တင်းကုပ်ထဲဝင်လာကတည်းက ပြင်းစွာအမျက်ထွက်ကာ မြတ်စွာဘုရားအား ဖွဲပြာအဖြစ် မှုန့်မှုန့်ညက်ညက်ပျက်စီးသွားရန် အဆိပ်နိုးပြင်းများကို တလူလူလွှင့်ထုတ် တိုက်ခိုက်တော့တာပဲ။ မြတ်စွာဘုရားက ကြီးမားသောကရုဏာမေတ္တာတော်ဖြင့် နဂါးကြီးရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်း အသားအသွေးအကြောတို့ကို မထိခိုက်မပျက်စီးစေရန် အဓိဋ္ဌာန်ပြုပြီး နဂါးကြီးရဲ့အခိုးများထက် တန်ခိုးအဆိပ်ပြင်းထန်သောအခိုးများကိုလွှင့်ထုတ်ပြီး နဂါးကြီး၏အခိုးများကို လွှမ်းမိုးနှိမ်နင်းလိုက်တယ်ကွယ့်။

'အဲဒီတော့ နဂါးကြီးက ပိုမိုဒေါသအမျက်ပြင်းစွာထွက်ပြီး အခိုးများအစား မီးတောက်မီးလျှံများကို လွှင့်ထုတ်ပြန်သကွယ့်။ မြတ်စွာဘုရားက တေဇောကသိဏ်းစျာန်ဝင်စားပြီး နဂါးမင်းရဲ့မီးတောက်မီးလျှံများကို ဖုံးအုပ်သွားစေတဲ့ ပိုမိုပြင်းထန်တဲ့ မီးတောက်မီးလျှံများဖြင့် တုန့်ပြန်လိုက်သကွယ့်။

အဲဒီတော့ မြတ်စွာဘုရားနှင့် နဂါးကြီးတို့ရဲ့ မီးတောက်မီးလျှံများကြောင့် မီးတင်းကုပ်တစ်ခုလုံး တဝင်းဝင်းတထိန်ထိန်ဖြင့် မီးဟုန်းဟုန်းတောက်လု မတတ်ရှိနေသကွယ့်။ ရသေ့ကြီးနှင့်တပည့်အပေါင်းကတော့ အနီးသို့ ကပ်မလာဝံ့ဘဲ အဝေးမှအထိတ်တလန့်ကြည့်ရှုကြရင်း 'အဆင်းလှပတဲ့ရဟန်း ကြီးတော့ နဂါးမင်းရဲ့ညှဉ်းပန်းနှိပ်စက်မှုကို မရှုမလှခံနေရရှာပြီ'ဟု အောက်မေ့ ကာ စိုးရိမ်စိတ်များ ပွားများဆင်းရဲနေကြရှာသကွယ့်။

'ထိုညလွန်မြောက် နံနက်ရောက်တော့ နဂါး၏ကိုယ်ခန္ဓာအစိတ်အပိုင်း ကို မထိခိုက်စေဘဲ ပိုမိုတန်ခိုးထက်သောအခိုးမီးလျှံတို့ဖြင့် ဖုံးအုပ်လွှမ်းမိုး အနိုင်ယူခဲ့သော ရှင်တော်ဘုရားသည် နဂါးမင်းအား သပိတ်တော်တွင် ထည့်ကာ ရသေ့ကြီးရှိရာသို့ ကြွသွားတော်မူသကွယ့်။ 'အို ရသေ့ကြီး၊ သင်ပြောတဲ့တန်ခိုးအဆိပ်ပြင်းထန်တဲ့ နဂါးကြီးတော့ ဤသပိတ်တွင်းမှာ ထည့်၍ ငါဆောင်ယူခဲ့ပြီ'ဟု ပြောဆိုပြသတော့ ရသေ့ကြီးမှာ ဒီအကြံ ဖြစ်သကွယ့်။ 'အင်း၊ ဒီရဟန်းကြီးဟာ အလွန်တန်ခိုးကြီးမားလှပေတယ်။ အဆိပ်ပြင်းထန် တန်ခိုးကြီးမားတဲ့ နဂါးကြီးကို လွှမ်းမိုးအောင်နိုင်ပေတယ်။ ဒီလိုတန်ခိုးကြီးမားသော်လည်း ငါကဲ့သို့ အာသဝေါကုန်ခန်းကင်းစင်ပြီးသော ရဟန္တာကား မဟုတ်သေးချေ'ဟု မိမိကိုယ်မိမိ အထင်ကြီးဆဲဖြစ်နေတယ် ကွယ့်။

'အဲဒါကြောင့် မြတ်စွာဘုရားဟာ ဒီရသေ့ကြီးရဲ့မာနအစွယ်ကျိုးအောင် သူ့ရဲ့အခြေအနေအမှန်ကို သူသိအောင် တန်ခိုးပြာဋိဟာများ ဆက်လက်ပြသ တယ်ကွယ့်၊ မြတ်စွာဘုရားမှာ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ များဖြင့် ကြီးမားသောတန်ခိုးရှိသော်လည်း အခုရှင်ရသေ့လို တိတ္ထိ များနှင့် မိမိဆွေတော်မျိုးတော်တွေရဲ့မာနကိုချိုးနှိမ်ရာမှာ၊ မိခင်မယ်တော် နတ်သားအား ကျေးဇူးဆပ်ရန် အဘိဓမ္မာတရားတော်ကြီးဟောကြားဖို့ တာဝတိံသာနတ်ပြည်သို့ကြွသွားတော်မူချိန်မှလွဲ၍ အခြားအချိန်ကာလများ တွင် အဘိညာဉ်တန်ခိုးများ ဘယ်အခါမျှမပြဘူးကွယ့်။ နောက်ဆုံး ပရိနိဗ္ဗာန် ပြုဖို့ ကုသိနာရုံပြည် မလ္လာမင်းတို့တိုင်းသို့ ကြွတော်မူစဉ်က သွေးဝမ်း

သွားတော်မူ၍ လွန်စွာပင်ပန်းနွမ်းနယ် ဖြစ်နေတာတောင် တန်ခိုးဣဒ္ဓိပါဒ် အသုံးပြုပြီး ကောင်းကင်ခရီးဖြင့် ကြွတော်မမူဖူးကွယ့်။ မလ္လာမင်းတို့၏ အင်ကြင်းတောသို့အရောက် ခြေလျင်ဖြင့်သာကြွတော်မူခဲ့သကွယ့်။

'ရသေ့ကြီးဟာ ဤသို့လျှင် မြတ်စွာဘုရားအား မိမိကဲ့သို့ အာသဝေါ ကုန်ခန်းသော ရဟန္တာမဟုတ်သေးဟု ထင်မှတ်နေသော်လည်း နဂါးမင်းကို ဆုံးမသော တန်ခိုးပြာဋိဟာများကြောင့် မြတ်စွာဘုရားအား မကြည်ညိုပဲ မနေနိုင်ဖြစ်ကာ 'အို ရဟန်းကြီး၊ အခြားတစ်ပါးသို့ ကြွမသွားပါနှင့်၊ ဤအရပ်၌ပင် သီတင်းသုံးနေတော်မူပါ။ ရဟန်းကြီးအား ဆွမ်းဝတ်ဖြင့် ဆက်ကပ်လုပ်ကျွေးပါမည်'ဟု ပြောကြားတယ်ကွယ့်။

'မြတ်စွာဘုရားက ရသေ့ကြီး၏မိန့်မှာစကား လျှောက်ထားသည်ကို လက်ခံကာ ရသေ့ကြီး၏ ကျောင်းသခ်မ်းအနီး တောအုပ်တစ်ခု၌ သီတင်းသုံး နေတော်မူသကွယ့်၊ အဲဒီတောအုပ်တွင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ဟာ သန်းခေါင်ယံအချိန် မြတ်စွာဘုရားအား လာရောက်ပူဇော်ကြတော့ သူတို့ရဲ့ကိုယ်ရောင်ကိုယ်ဝါကြောင့် တစ်တောလုံး ထွန်းလင်းတောက်ပနေ ကြသကွယ့်၊ မြတ်စွာဘုရားအား နတ်မင်းကြီးလေးပါးက အရပ်လေးမျက်နှာ ရပ်တည်ပြီး ပူဇော်ကန်တော့ကြတော့ တောအလည်မှာ မီးပုံကြီးလေးပုံပမာ ထက်ဝန်းကျင်ပတ်လည်ကို ထိန်လင်းစေတယ်ကွယ့်။

'ထိုညလွန်ပြီး နံနက်ရောက်တော့ ရသေ့ကြီးပေါက်လာပြီး ယမန်နေ့ ညက တစ်တောလုံးဝင်းထိန်ထွန်းပြောင်နေရသည့်အကြောင်းကို မြတ်စွာ ဘုရားအား မေးမြန်းလျှောက်ထားတော့၊ မြတ်စွာဘုရားက 'စတုမဟာရာဇ် နတ်မင်းကြီးလေးပါး လာရောက်ပြီး ပူဇော်ကန်တော့ကြကြောင်း ပြောပြ တယ်ကွယ့်၊ အဲဒီတော့ ရသေ့ကြီးက စတုမဟာရာဇ်နတ်မင်းကြီးလေးပါးပင် လာရောက်ပူးမျှော်ကန်တော့ကြပြီး တရားနာကြတယ်ဆိုတော့ ဒီရဟန်းကြီး ဟာ တန်ခိုးအာနုဘော် တော်တော်ကြီးမားပေတာပဲ၊ ဒါပေမယ့် ငါလိုတော့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာမဟုတ်သေးပါဘူး'လို့ တွေးတောနေပြန်သတဲ့ ကွယ့်။

'နောက်တစ်ည သိကြားမင်း၊ နောက်တစ်ည သဟမ္ပတိဗြဟ္မာမင်းကြီး စသည် လာရောက်ပူဇော်ပြီးလဲ ရသေ့ကြီးစိတ်မှာ ဒီလိုပဲ ထင်နေတာပဲ။ အဲဒီလိုရသေ့ကြီး စိတ်အကြံရှိတိုင်း မြတ်စွာဘုရားကလဲ သိရှိတော်မူတာပဲ။ ဒီလိုနဲ့ မဂဓတိုင်း အင်္ဂတိုင်းက ရသေ့ကြီးကိုကြည်ညိုကိုးကွယ်ကြတဲ့ ပရိသတ် အပေါင်းရဲ့ လစဉ်အလှူပွဲကြီး ကျင်းပပူဇော်ကြမည့်ရက်မတိုင်မီ တစ်ရက် အလိုမှာ ရသေ့ကြီးစိုးရိမ်ပူပန်မှုဖြစ်လာတယ်၊ 'မနက်ဖြန်ဆိုလျှင် မဂဓတိုင်းသူ တိုင်းသား၊ အင်္ဂတိုင်းသူပြည်သားလူအများဟာ ဆွမ်းခဲဖွယ်ဘောဇဉ်များ ယူဆောင်ပြီး ငါ့ကျောင်းသင်္ခမ်းကိုလာကြတော့မယ်။ ဒီတန်ခိုးကြီးမားတဲ့ ရှင်ရဟန်းက ငါတပည့်များအလယ်တွင် အံ့ဖွယ်ရာတန်ခိုးပြာဋိဟာများပြလျှင် ရဟန်းကြီးအား လွန်စွာကြည်ညိုကြပေလိမ့်မယ်။ ဒီလိုနှင့် ရဟန်းကြီးမှာ လာဘ်ပူဇော်သက္ကာရတွေ တစ်နေ့တစ်ခြား တိုးပွား များပြားလာလိမ့်မယ်။ ငါ့အတွက်တော့ ကြည်ညိုသဒ္ဓါထားသူများ လျော့ပါးသွားပြီး လာဘ်ပူဇော် သက္ကာရများ တစ်နေ့တစ်ခြား လျော့ပါးဆုတ်ယုတ်သွားတော့မယ်လို့ တွေးတောပူပင်ပြီး 'ရဟန်းကြီးသည် အလိုက်သိစွာ မနက်ဖြန်ခါဆွမ်းအတွက် ငါ့ကျောင်းကိုမလာရောက်လျှင် ကောင်းလေစွ'ဟု အကြံဖြစ်တယ်ကွယ့်။

'ရှင်တော်မြတ်ဘုရားဟာ ရသေ့ကြီးစိတ်၌ ဖြစ်နေသမျှအားလုံးကို စေတောပရိယအဘိညာဉ်ဖြင့်သိတော်မူလို့ နောက်တစ်နေ့မှာ ရသေ့ကြီး ကျောင်းသို့ ဆွမ်းစားမကြွဘဲ ဥတ္တရကုရုမြောက်ကျွန်းသို့ ကြွရောက်ဆွမ်းခံပြီး ဟိမဝန္တာ အနောတတ်အိုင်အနီးမှာ ဆွမ်းဘုဉ်းပေးတော်မူတယ်။ ပြီးတော့ အဲဒီအိုင်အနီး စန္ဒကူးတောအတွင်းမှာ နားနေတော်မူလိုက်တယ်။ နောက် တစ်နေ့အာရုံမတက်မီ ဥရုဝေလတောအရပ်သို့ပြန်ကြွလာပြီး နေမြဲကျောင်း သင်္ခမ်းမှာ သီတင်းသုံးနေထိုင်သကွယ့်၊ ဆွမ်းစားချိန်ရောက်တော့ ရသေ့ကြီး ဟာ ဘုရားရှင်ထံဆွမ်းစားကြွရန်ပင့်လျှောက်ရင်း ယမန်နေ့က အဘယ့် ကြောင့် ဆွမ်းအလို့ငှာ မကြွရောက်ပါလဲလို့ မေးမြန်းတယ်ကွယ့်။

'အဲဒီတော့ ဘုရားရှင်က 'ရသေ့ကြီး၊ မနေ့က အင်္ဂတိုင်း မဂဓတိုင်းမှ သင့်ကို ကိုးကွယ်သူတပည့်များ ဆွမ်းခဲဖွယ်ဘောဇဉ် ပူဇော်ဖွယ်များနှင့်

လာရောက်ပူဇော်ကြတယ်။ အဲဒီလိုပရိသတ်စုံလင်တုန်း 'ရဟန်းကြီးက ကြီးကျယ်သောတန်ခိုးပြာဋိဟာများပြလျှင် ငါ့ပရိသတ်များက သူ့အား ကြည်ညိုကြမယ်၊ အဲဒီတော့ ရဟန်းကြီးမှာ တစ်နေ့တစ်ခြား လာဘ်သက္ကာရ များပြားပြီး ငါ့အပေါ်တော့ အကြည်ညိုလျော့ပါးသွားကြမယ်၊ ငါ့အတွက် လာဘသက္ကာရလျော့ပါးသွားမယ်၊ ရဟန်းကြီးက အလိုက်သိပြီး ဒီနေ့ အတွက် ဆွမ်းစားမလာလျှင် ကောင်းလေစွ'ဟု သင်္ကြံစည်တွေးတောပူပန် ခဲ့တယ်မဟုတ်လား။ သင့်အကြံကို ငါ၏ စေတောပရိယအဘိညာဉ်ဖြင့်သိပြီး သင့်၌ သောကကင်းဝေးစေရအောင် မြောက်ကျွန်းမှာ သွားရောက်ဆွမ်းခံပြီး ဟိမဝန္တာ အနောတတ်အိုင်မှာ ဆွမ်းဘုဉ်းပေးတယ်။ နောက် အဲဒီအိုင်အနီး စန္ဒကူးတောမှာ နားနေသီတင်းသုံးခဲ့တယ်'လို့ မြွက်ကြားရှင်းလင်းလိုက် တယ်။

'အဲဒီတော့ ဥရုဝေလကဿပရသေ့ကြီးက 'ရဟန်းကြီးဟာ သူ့စိတ်နှင့် ငါ့စိတ်ကို သိမြင်နိုင်တယ်၊ တန်ခိုးအာနုဘော် ကြီးမားလှပါပေတယ်၊ ဒါပေမယ့် ငါ့လို အာသဝေါကုန်ခန်းတဲ့ ရဟန္တာတော့ မဟုတ်သေးဘူး'လို့ ထင်မြင်ပြန် သကွယ့်၊ ဒါကိုလဲ ရှင်တော်မြတ်က သိတော်မူတယ်။ ဒါပေမယ့် ရသေ့ကြီးကို တရားမဟောပြတော် မမူသေးဘူး။ ရသေ့ကြီးရဲ့ပါရမီအလျောက် ဉာဏ်ခြေများ လုံလောက်အောင် မရင့်ကျက်သေးလို့ ရင့်ကျက်မည့်အချိန်ကိုစောင့်ရင်း ရသေ့ကြီးကျောင်းအနီး တောအုပ်များတွင် ဆက်လက်သီတင်းသုံး နေတော် မူတယ်ကွယ့်။

'တစ်နေ့တွင် မြတ်စွာဘုရားဟာ သင်္ချိုင်းတစ်ခုတွင်စွန့်ပစ်ထားသော လူသေအလောင်းကိုရစ်ပတ်ထားသည့် ပိုက်ဆံချည်မျှင်အဝတ်ကို ပံသုကူ သင်္ကန်းအဖြစ် ကောက်ယူတော်မူခဲ့တယ်။ ထိုအဝတ်မှ တစ်ပြည်သားခန့် လောက်ကောင်များဖယ်ရှားရင်း 'ဒီအဝတ်ကို ဘယ်မှာလျှော်ဖွတ်ရမလဲ၊ ဘယ်မှာလှန်းရမလဲ၊ ဘယ်မှာပြန့်အောင်ဖြေဖြန့်ရပါ့မလဲ'ဟု စိတ်တော်တွင်း အကြံဖြစ်စဉ် ကမ္ဘာမြေကြီးသည်တုန်လှုပ်ကာ ကောင်းကင်အားလုံး ထစ်ချုန်း ကာ နတ်ပြဟ္မာတို့ကကောင်းချီးပေးကြ၍၊ သိကြားမင်းက ရေကန်တစ်ခုကို

ဖန်ဆင်းပြီး 'ဤရေကန်တွင် လျှော်ဖွတ်တော်မူပါ'ဟု လျှောက်လာတယ်။ အဝတ်လျှော်ဖွတ်ပြီးသောအခါ အနီးရှိ ရေသဖန်းပင်စောင့်ရုက္ခစိုးနတ်က ရေသဖန်းပင်အကိုင်းတစ်ခုကို ညွှတ်ကိုင်းစေ၍ 'ရှင်တော်ဘုရား၊ ဤသစ်ပင်ကိုင်းတွင် လှန်းထားတော်မူပါ' လျှောက်လာသကွယ့်။ အဝတ်ခြောက်သွေ့သွားသောအခါ သိကြားမင်းက ကျောက်ဖျာတစ်ခုကိုဖန်ဆင်းပြီး 'ဤကျောက်ဖျာပေါ်တွင် ဖြေဖြန့်တော်မူပါဘုရား'ဟု လာရောက်လျှောက်ထားသကွယ့်။

'နောက်တစ်နေ့ ဆွမ်းစားပင့်ရန် ရသေ့ကြီးရောက်လာပြီး ထိုတောအုပ်တွင် ယခင်ကမရှိခဲ့တဲ့ရေကန်နှင့်ကျောက်ဖျာ၊ ကိုင်းညွှတ်နေသော ရေသဖန်းကိုင်းတို့ကိုတွေ့တော့ ရှင်တော်ဘုရားအား မေးမြန်းတယ်။ ရှင်တော်ဘုရားက ဖြစ်ကြောင်းကုန်စင်ပြန်ပြောပြတော့ ယခင်ကကဲ့သို့ပင် 'ဤရဟန်းကြီးကို သိကြားမင်းကပင် လာရောက်၍ ဝေယျာဝစ္စဆောင်ရွက်ပေးအောင် ဘုန်းတန်ခိုးအာနုဘော်ကြီးမားတာအမှန်ပဲ၊ ဒါပေမယ့် ငါ့လိုအာသဝေါကုန်ခန်းတဲ့ရဟန္တာတော့ မဟုတ်ပေဘူး'ဟု တွေးတောပြန်တယ်ကွယ့်။

'မြတ်စွာဘုရားကလည်း သူ့စိတ်တွင်းဖြစ်ပေါ်နေသမျှကို အကုန်အစင်သိမြင်တော်မူတဲ့အလျောက် ရသေ့ကြီး၏ဣန္ဒြေများရင့်ကျက်လာစေရန် တန်ခိုးပြာဋိဟာများ ဆက်လက်ပြတော်မူပြန်တယ်။ ဒီရသေ့သူတော်စင်တွေဟာ မီးကိုပူဇော်ပြီး ကိလေသာအညစ်အကြေးများကို ရေချိုးမီးလှုံခြင်းဖြင့် စင်ကြယ်စေ၍ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်တယ်လို့ မှားယွင်းစွာယုံကြည်နေသူများဖြစ်သကွယ့်။ ဒါကြောင့် မီးပုံကြီးဖန်တီးရန် ထင်တုံးများခွဲကြတော့ ခွဲမရဖြစ်နေကြသကွယ့်။ မြတ်စွာဘုရားက ထင်တုံးများခွဲပြီးဖြစ်အောင် တန်ခိုးတော်နှင့်ဆောင်ရွက်လိုက်တော့ ထင်းတုံးငါးရာဟာ အစိပ်စိပ်ခွဲပြီးဖြစ်သွားတယ်ကွယ့်။

'ခွဲပြီးသားထင်းချောင်းများကိုစုပုံပြီး မီးပူဇော်ကြရန် မီးမွှေးကြတော့လဲ ထင်းတွေကအစိုဓာတ်များပြီး မီးမစွဲဖြစ်နေပြန်ရော။ အဲဒီမှာလဲ ရှင်တော်မြတ်က တန်ခိုးတော်ဖြင့် မီးများတောက်လောက်အောင် အဓိဋ္ဌာန်

လိုက်တော့ မီးပုံကြီးငါးရာဟာ တစ်ပြိုင်နက် တဟုန်းဟုန်းတောက်လောင်ကြ သကွယ့်။ ရသေ့တွေဟာ မီးပူဇော်မှုပြုကြပြီး မီးတောက်မီးလျှံများ ငြိမ်းသတ်ကြတော့ မီးအရှိန်များပြင်းထန်လွန်းသဖြင့် မငြိမ်းသတ်နိုင်ဖြစ်နေတဲ့အခါ မြတ်စွာဘုရားပဲ မီးပုံကြီးငါးရာကို တစ်ပြိုင်နက်ငြိမ်းသွားစေသကွယ့်၊ အဲဒီလို အံ့ဖွယ်ရာတန်ခိုးပြာဋိဟာများကို မြင်ရတော့လည်း ဥရုဝေလကဿပ ရသေ့ကြီးဟာ 'ဒီရဟန်းရဲ့တန်ခိုးအာနုဘော် ကြီးမားတာတော့အမှန်ပဲ၊ ဒါပေမယ့် ငါလိုတော့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာမဖြစ်တတ်သေးဘူး' တွေးတောမြဲအတိုင်း တွေးတောယူဆနေသကွယ့်။

'မြတ်စွာဘုရားလည်း သူ့အကြံများကိုသိရှိသည့်အလျောက် တန်ခိုးအမျိုးမျိုးကို ဆက်လက်ပြခဲ့ရာ (၁၅)ကြိမ်မြောက် တန်ခိုးပြပြီးသည့်နောက် ဥရုဝေလကဿပရသေ့ကြီးထံ မြတ်စွာဘုရားရောက်ရှိတော်မူလာသည်မှာ သုံးလနီးပါးရှိသွားချေပြီ။ ထိုအချိန်တွင် ရသေ့ကြီး၏ဉာဏ်ရွှေများ ရင့်ကျက်လာပြီဖြစ်ကြောင်း သိရှိတော်မူသောရှင်တော်ဘုရားဟာ ရသေ့ကြီးအား ပွင့်ပွင့်လင်းလင်း ရှင်းရှင်းကြီးမိန့်ကြားပြီး ချေချွတ်ဆုံးမပေးတော်မူမည်ဟု ဆုံးဖြတ်တော်မူသကွယ့်။ အဲဒီနေ့ညမှာပဲ မြတ်စွာဘုရားသီတင်းသုံးတော်မူတဲ့ ဥရုဝေလတောအုပ်မှာ အခါမဲ့မိုးကြီး သည်းထန်စွာရွာသွန်းသကွယ့်။ မိုးရေများလည်း ပြင်းထန်သောအဟုန်ဖြင့်စီးဆင်းကြတော့ မြတ်စွာဘုရား သီတင်းသုံးရာ နိမ့်ဝှမ်းသောအရပ်ကို လုံးဝရေလွှမ်းမိုးသွားသကွယ့်။ မြတ်စွာဘုရားက အရှိန်နှင့်စီးကျနေတဲ့ရေအလျဉ်ကိုဖယ်ရှားပြီး ရေဝန်းရေဝိုင်းရဲ့ ပတ်ဝန်းကျင်အလည်မှာ ဖုန်တထောင်းထောင်းထနေတဲ့ မြေပြင်ကိုဖန်ဆင်းပြီး အဲဒီမြေပြင်မှာ စင်္ကြံလျှောက်နေတော်မူတယ်ကွယ့်။

'ရသေ့ကြီးလည်း မြတ်စွာဘုရားအတွက် စိုးရိမ်ကြီးစွာဖြစ်ပြီး ရေစီးကြောင်းမှာ မျောပါမသွားစေနှင့်ဟုဆုတောင်းပြီး မြတ်စွာဘုရားသီတင်းသုံးနေရာကို ထိုရသေ့များစွာတို့နှင့် လှေဖြင့်လှော်ခတ်လာကြသကွယ့်။ အဲဒီနေရာမှာ ရေများပြည့်လျှံပြီး ထက်ဝန်းကျင်စီးကျနေတဲ့ ရေလျဉ်အလယ် ဖုန်တထောင်းထောင်းထနေတဲ့မြေပြင်မှာ စင်္ကြံလျှောက်နေတဲ့ မြတ်စွာဘုရား

ကို အံ့ဩစွာတွေ့မြင်ရသကွယ့်။ ရသေ့ကြီးက သူ့မျက်စေ့ကို သူမယုံနိုင်ဖြစ်ပြီး 'အို ရဟန်းကြီး၊ ရေပြင်အလယ်က ကုန်းမြေမှာ စင်္ကြံလျှောက်နေတာ အသင်ရဟန်းကြီးပင်ဖြစ်သလော'ဟု တအံ့တသြ မေးမြန်းတော့တာပဲ။ မြတ်စွာဘုရားက 'အို ကဿပ၊ အိမ်း ငါဟုတ်သည်'ဟု မိန့်ကြားပြီး ရသေ့ကြီးကကြည့်နေဆဲမှာပင် ကောင်းကင်သို့ပျံတက်သွားပြီး ရသေ့တို့၏လှေပေါ်သို့ ဆင်းသက်ကြွရောက်၍ရပ်တည်နေတော်မူသကွယ့်၊ အဲဒီတော့လဲ ရသေ့ကြီးက 'ဒီလောက်ပြင်းထန်တဲ့ရေအလျဉ်မှာ မျောပါမသွားဘဲ အသက်ရှင် တည်နေနိုင်တဲ့ ရဟန်းကြီးဟာ ဘုန်းတန်ခိုးအာနုဘော်ကြီးပါပေတယ်။ ဒါပေမယ့် ငါ့လို အာသဝေါကုန်ခန်းတဲ့ ရဟန္တာတော့မဟုတ်သေးဘူး'လို့ တွေးတောယုံကြည်မြဲ ယုံကြည်နေသကွယ့်။

'အဲဒီအကြံကိုသိတော်မူတဲ့ မြတ်စွာဘုရားဟာ ရသေ့အပေါင်းမှာ ကျွတ်တမ်းဝင်နိုင်လောက်အောင် ပါရမီရင့်ကျက်လာပြီကို သိရှိတော်မူသည့်အတိုင်း ရသေ့ကြီးထိတ်လန့်သံဝေဂရရန် ပွင့်ပွင့်လင်းလင်း ဒီလိုမိန့်မြွက်တော်မူသကွယ့်၊ 'အို ကဿပ၊ သင်သည် အာသဝေါကုန်ခန်းတဲ့ ရဟန္တာမဟုတ်ချေ။ အရဟတ္တမဂ်ဆိုက်ရောက်သူလဲမဟုတ်ချေ။ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုက်ရောက်ရန် အကျင့်မှန်လဲ အထာမြူမျှပင် မရှိချေ'။ အဲဒီလို သုံးခွန်းသောစကားဖြင့် သူ့ရဲ့အခြေအနေမှန်ကိုသိသွားအောင် ပွင့်ပွင့်လင်းလင်း မိန့်ကြားလိုက်တော့ ဥရုဝေလကဿပရသေ့ကြီးဟာ သံဝေဂကြီးစွာရ မြတ်စွာဘုရား၏ခြေတော်အစုံကိုဦးခိုက်ပြီး 'ဘုန်းတော်ကြီးသောရှင်တော်မြတ်ဘုရား၊ တပည့်တော်သည် ရှင်တော်ဘုရားအထံတော်၌ ရှင်ရဟန်းဖြစ်ပါရစေ'ဟု ရှိခိုးဦးတင်လျှောက်ထားသကွယ့်။

'အဲဒီတော့ မြတ်စွာဘုရားက ရသေ့ကြီး၏တပည့်ရသေ့ငယ် ငါးရာဟာလည်း ဣန္ဒြေရင့်ကျက်လာပြီကိုသိရှိတော်မူသည့်အတိုင်း 'အို ကဿပ၊ သင်ကား ရသေ့ငါးရာတို့၏ ဦးစီးဦးဆောင် ပါမောက္ခဆရာကြီးဖြစ်ပေသည်။ ထိုတပည့်ငါးရာတို့ကိုလည်း အသိပေးခွင့်ပန်စကား ပြောကြဦးလော့။ သို့မှသာလျှင် ထိုတပည့်ငါးရာတို့လည်း မိမိတို့သဘောကျ နှစ်ခြိုက်သလိုပြုလုပ်



ဥရုဝေလကဿပ ညီနောင် ချွတ်ခန်း

အိန္ဒိယနိုင်ငံ၊ ဆန်ချီ ဘီစီ ၁-ရာစု။

နိုင်ကြပေလိမ့်မည်'လို့ မိန့်မြွက်တော်မူသကွယ့်။ ရသေ့ကြီးလဲ သူ့တပည့်များထံသွားရောက်ပြီး 'ရသေ့အပေါင်းတို့ ကျွန်ုပ်သည် ရဟန်းကြီးထံ တပည့်ခံ၍ အကျင့်မြတ်ကိုကျင့်သုံးရန် အလိုရှိပါ၏။ အရှင်တို့လည်း မိမိနှစ်သက်ရာပြုလုပ်တော်မူကြပါကုန်'ဟု အကြောင်းကြားတယ်ကွယ့်။ ရသေ့ငါးရာတို့က တစ်ပြိုင်နက် 'အို အရှင်ကြီး၊ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်ထံ ရဟန်းကြီးပထမရောက်လာပြီး နဂါးမင်းကိုဆုံးမသည့်အခါကတည်းက ကြည်ညိုရင်းရှိကြပါတယ်။ အရှင်ဘုရားက ရဟန်းကြီးထံ တပည့်ခံပြီး အကျင့်မြတ်ကျင့်လျှင် ကျွန်ုပ်တို့အားလုံးလဲ ရဟန်းကြီးထံ တပည့်ခံပြီး အကျင့်မြတ်ကို ကျင့်လိုကြပါမယ်'လို့ ပြောကြားကြတယ်ကွယ့်။

'ဒီလိုနဲ့ ဥရုဝေလကဿပရသေ့ကြီးနှင့် နောက်ပါရသေ့ငါးရာတို့ဟာ မြတ်စွာဘုရားထံချဉ်းကပ်ပြီး အားလုံးရှင်ရဟန်းဖြစ်ပါရစေဟု လျှောက်ထားတယ်ကွယ့်။ မြတ်စွာဘုရားထံ တစ်စုတစ်ဝေးတည်းသွားကြရင်း သူတို့ရဲ့ဆံပင်များ၊ ဆံကျစ်ဝန်းများ၊ မီးဆုံကရား၊ အပ် စသော ပရိက္ခရာများ၊ ထမ်းပိုးများ၊ မီးမွှေယောက်မ စသည့် မီးပူဇော်ဖွယ်အသုံးအဆောင်များကို နေရဥ္စရာမြစ်ရေကြောမှာ မျှောချစွန့်ပစ်ခဲ့သကွယ့်။ မြတ်စွာဘုရားထံရောက်ပြီး ရဟန်းအဖြစ်ချီးမြှင့်ရန် တောင်းပန်လျှောက်ထားကြတော့ ရှင်တော်မြတ်ဘုရားက ယသမထေရ်တို့၊ ဘဒ္ဒဝဂ္ဂီရဟန်းတို့ကိုချီးမြှင့်ခဲ့သလိုပဲ 'ဧထ ဘိက္ခဝေါ'လို့ ခေါ်တော်မူပြီး ရဟန်းဖြစ်ကြစေတယ်ကွယ့်။

'ဥရုဝေလကဿပရသေ့ကြီးနှင့်တပည့်များက နေရဥ္စရာမြစ်ကြောမှာ မျှောလိုက်တဲ့ ရသေ့ပရိက္ခရာအသုံးအဆောင်များကို မြစ်အောက်ဆိပ်ကမ်းမှာနေတဲ့ ညီအလတ် နဒီကဿပဆရာရသေ့ကမြင်တော့ 'ငါ့အစ်ကိုကြီးတော့ အန္တရာယ်တစုံတရာတွေ့နေပြီ၊ သွားရောက်စုံစမ်းကြ'ဆိုပြီး တပည့်နှစ်ဦးသုံးဦးကို စေလွှတ်လိုက်သကွယ့်။ စေလွှတ်သူများပြန်မရောက်မီ စိုးရိမ်ကြီးလှသဖြင့် တပည့်သုံးရာနှင့်တကွ နောက်မှထက်ကြပ်လိုက်သွားကြသကွယ့်။ နောင်တော်ဥရုဝေလကဿပနှင့်တွေ့ကြပြီး အကြောင်းစုံကြားသိရတော့ လာသူတို့လည်း ရသေ့ပရိက္ခရာအသုံးအဆောင်များ မီးပူဇော်ဖွယ် အသုံး

အဆောင်အဆောက်အဦများကို နေရဉ္ဇရာမြစ်ရေကျောမှာ မျောလိုက်ကြပြန်ပြီး မြတ်စွာဘုရားထံချဉ်းကပ်ကာ ရဟန်းအဖြစ်လျှောက်ထားခံယူကာ အားလုံးရဟန်းဖြစ်သွားကြပြန်သကွယ့်။

'နေရဉ္ဇရာမြစ်ရဲ့အောက်အခြေမှာနေထိုင်တဲ့ ညီငယ် ဂယာကဿပလည်း နဒီကဿပနှင့် ရသေ့သုံးရာတို့ရဲ့ ရသေ့ဆိုင်ရာပစ္စည်းအသုံးအဆောင်များမြင်တွေ့တာနဲ့ သူ့နောင်တော်ထံလိုက်သွားခဲ့ကြတယ်။ သူတို့လည်း အကြောင်းစုံသိကြပြီး ရှင်တော်မြတ်ထံတပည့်ခံ၍ ဂယာကဿပနှင့် တပည့်အပေါင်း နှစ်ရာတို့သည် ရဟန်းအဖြစ် အားလုံးခံယူသွားကြပြန်တယ်ကွယ့်။

'ရှင်တော်မြတ်ဘုရားလည်း ဥရုဝေလကဿပ၌ ရသေ့ပေါင်း တစ်ထောင်တို့အား သီလ,သမာဓိ,ပညာဆိုင်ရာ သိက္ခာသုံးရပ် မြတ်သောအကျင့်တို့ကို ကျင့်ကြံအားထုတ်စေပြီး အားလုံးဣန္ဒြေပြည့်ဝ ရင့်ကျက်လာသည်ဟု သိရှိသည်နှင့် ဂယာသီသကျောက်ဖျာကြီးရှိရာ ဂယာဒေသသို့ ရဟန်းအားလုံးနှင့် ကြွရောက်တော်မူတယ်ကွယ့်။ ဂယာကျောက်ဖျာကြီးပေါ် သီတင်းသုံးရင်း ရဟန်းအားလုံးနှင့် သပ္ပါယဖြစ်မည့်တရားကို ဆင်ခြင်တော်မူသကွယ့်။ ရသေ့အားလုံးဟာ မီးကိုလုပ်ကျွေးပူဇော်ကြသူများဖြစ်တော့ ကိုယ်ခန္ဓာကြီးတစ်ခုလုံးမှာ ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး စတဲ့ တစ်ဆယ့်တစ်ပါးသောမီးများ အလျှံတလူလူနှင့် လောင်ကျွမ်းနေပုံနှင့် မီးများကို ဘယ်လိုငြိမ်းအေးစေနိုင်တယ်ဆိုတာ ရှင်းလင်းဖော်ပြတဲ့ အာဒိတ္တပရိယာယသုတ္တန်တရားတော်မြတ်ကို ဟောကြားတော်မူသကွယ့်။ တရားတော်အဆုံးမှာ ရသေ့ကြီးများဖြစ်ခဲ့တဲ့ ဥရုဝေလကဿပနှင့် ညီနောင်သုံးပါး နောက်လိုက်တပည့်တစ်ထောင်တို့ဟာ အာသဝေါကုန်ခန်းသော ရဟန္တာအရှင်များ ဖြစ်သွားကြတယ်ကွယ့်။

'အေး၊ ဒီမှာဖော်ပြတဲ့ တရားတော်အကြောင်းကို အပြည့်အစုံဖော်ပြချိန်မရောက်သေးလို့ မောင်ဝဏ္ဏတို့ကို မပြောပြသေးဘူး။ ပါဠိစကားလုံးများနားယဉ်ပါးအောင် တဖြည်းဖြည်းပြောပြရုံပဲရှိသေးတယ်။ အခု မောင်ဝဏ္ဏတို့

သိထားဖို့က တိတ္ထိဆရာကြီးများကြီးစိုးရာ ရာဇဂြိုဟ်ပြည်ကို ကြွချီတော်မမူမီ ဓမ္မတာပ်သားတစ်ထောင်နှင့် အင်အားရရှိဖို့ မဟာဗျူဟာ၊ နည်းဗျူဟာများဖြင့် ရှင်တော်ဘုရား အကွက်စေ့စေ့ စီစဉ်ဆောင်ရွက်ပုံများကို မြင်သိနိုင်ကြဖို့ရာ ဖြစ်တယ်ကွယ့်။

## ရာဇဂြိုဟ်ပြည်၌သာသနာပြုတော်မူခြင်း

'တို့ရှင်တော်မြတ်ဘုရားဟာ ဝေနေယျသတ္တဝါအပေါင်း ဒုက္ခဆင်းရဲမှ ကယ်တင်ရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပုံတွေပြောပြခဲ့ပြီးပြီနော်။ ပွင့်တော်မူတဲ့မြတ်စွာဘုရားရှင်တိုင်း ဒုက္ခဆင်းရဲမှ လွတ်မြောက်စေမယ့် သစ္စာလေးပါးကို သာဓကထားပြီး ဟောပြောတော်မူကြသကွယ့်။ ဘုရားတစ်ဆူနှင့်တစ်ဆူကြား အချိန်ကာလတွေမှာ ဒီသစ္စာတရားတွေ ပျောက်ကွယ်ပြီး မှားတဲ့အယူဝါဒအမြင်တွေပေါ်ခါ အဝိဇ္ဇာအမိုက်ထုကြီး ဖုံးလွှမ်းနေသကွယ့်။ အဲဒီကြီးမားတဲ့အမှောင်ထုကြီးကိုဖြိုခွင်းဖို့ တို့ဂေါတမ ရှင်တော်ဘုရားဟာ ကိုယ်တော်တိုင်ရှာဖွေတွေ့ရှိ ထိုးထွင်းသိတဲ့တရားတွေကို ရဟန္တာအရှင်မြတ်ကြီးတွေအား ဟောပြောတယ်။ ပြီးတော့ ရဟန္တာအရှင်မြတ်ကြီးခြောက်ကျိပ်တို့ကို တစ်ခရီးကို တစ်ပါးတည်းသာသွားစေပြီး သတ္တဝါများအား တရားရေအေး တိုက်ကျွေးစေတော်မူခဲ့တယ်။ ရှင်တော်မြတ်ကိုယ်တော်တိုင်ကတော့ ဥရုဝေလတောအုပ်ကိုကြွသွားပြီး ဥရုဝေလကဿပ ရသေ့ညီနောင်သုံးဦးနှင့် သူတို့တပည့်အပေါင်းတစ်ထောင်တို့ကို ချေချွတ်တော်မူတယ် စသည်တို့ကို ပြောပြပြီးပြီနော်။

'ရှင်တော်မြတ်ဘုရားဟာ ကိုယ်တော်တိုင်ချထားတော်မူတဲ့ မဟာဗျူဟာအရ ဓမ္မစစ်သည်တော်တစ်ထောင်ကျော် စုဆောင်းရပြီးတာနဲ့ ရာဇဂြိုဟ်ပြည်ကို ကြွချီတော်မူတယ်ကွယ့်။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးကို ဘုရားအဖြစ်ရတော်မူတဲ့အခါ တရားချီးမြှင့်မည်လို့ ပေးထားတဲ့ကတိရှိခဲ့လို့ ရှေးဦးကြွတော်မူတာပဲ။ အေး ရာဇဂြိုဟ်ပြည်ကြီးဆိုတာကလဲ အဲဒီအချိန်အခါက တရားဆရာကြီးတွေဆိုပြီး ဝါဒမျိုးစုံဟောပြနေတဲ့ ဆရာကြီး

ခြောက်ဦးကြီးစိုးနေသော အတ္တဝါဒီတို့ရဲ့ ခံတပ်မြို့တော်ကြီးပေ့ါ။ ဘုရင်ကစပြီး မှူးကြီးမတ်ရာသေနာပတိ မင်းညီမင်းသားအားလုံး ရာဇဂြိုဟ်ပြည်တစ်ပြည်လုံး မဂဓတိုင်းလုံး တိုင်းသူပြည်သားတွေဟာ ဒီဆရာကြီးခြောက်ပါးရဲ့ တပည့် နောက်လိုက်များဖြစ်ကြသကွယ့်၊ အဲဒီလို ရှင်တော်ဘုရားဟာ ဆန့်ကျင်ဘက် အယူဝါဒစွဲကိုင်ထားတဲ့ ပရိသတ်အတွင်းသို့ဝင်တော်မူရာမှာ ကိုယ်တော် တစ်ပါးတည်း ကြွသွားတော်မမူဘဲ နောက်ပါဓမ္မစစ်သည်တစ်ထောင်နှင့် ဗျူဟာစစ်ကျင်းသကဲ့သို့ တခဲနက်ကြွသွားတော်မူသကွယ့်။

'ရာဇဂြိုဟ်ပြည်ရောက်တော့လဲ လူဦးရေတစ်ဆယ့်ရှစ်ကုဋေရှိတဲ့ မြို့တွင်း သို့ ရုတ်တရက်ဝင်တော်မမူဘူးကွယ့်။ မြို့တော်နှင့် သုံးဂါဝုတ်(၅-မိုင်)ခန့်ကွာ ဝေးတဲ့ ထန်းပင်တောအုပ်တွင်းက သုပ္ပတိဋ္ဌ အမည်ရှိတဲ့ ပညောင်ပင်ကြီး အောက်မှာ သီတင်းသုံးနေထိုင်တော်မူကြတယ်ကွယ့်၊ မြတ်စွာဘုရားသခင်ရဲ့ နည်းဗျူဟာကို သေသေချာချာသုံးသပ်ကြည့်ကြစမ်း၊ လွန်စွာအံ့သြစရာ ကောင်းလှသကွယ့်။ မိမိနှင့်အယူဝါဒချင်းမတူဘဲ ပြိုင်ဘက်ဆန့်ကျင်ဘက် ဖြစ်နေတဲ့ ဆရာကြီးတွေရဲ့နယ်ပယ်ကို သိမ်သိမ်ငယ်ငယ် ကြွသွားတော် မမူဘူး။ ဓမ္မစစ်သည်နောက်လိုက်ရဟန္တာမထေရ်ကြီး တစ်ထောင်ကျော်နှင့် ခန့်ငြားထည်ဝါစွာ ကြွသွားတော်မူတယ်၊ ရာဇဂြိုဟ်မြို့တော်နားရောက်တော့ လည်း မြို့ထဲသို့ ရုတ်တရက် မဝင်သေးဘူး။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လာရောက်ပူဇော်ကန်တော့ပြီး ရှိသေလေးမြတ်စွာပင့်လျှောက်ရန် ဆိုင်းငံ့ တော်မူနေခြင်းဖြစ်တယ်။ တစ်မြို့လုံးရှိ ပရိသတ်မှာလည်း တခြားသော အယူဝါဒရှိတဲ့ ဆရာကြီးများရဲ့တပည့်တပန်းတွေဖြစ်လို့ ဘုရားသခင်အား ရှိသေလေးမြတ်စွာ ပူဇော်ကန်တော့ကြိုဆိုကြရန် သိနားလည်ကြမှာ မဟုတ် ဘူးကွယ့်။

'မြတ်စွာဘုရားသခင် ထန်းပင်တောအုပ်ထဲသို့ဝင်ရောက်တော်မူလာတဲ့ သတင်းကို ဥယျာဉ်မှူးက ဗိမ္ဗိသာရဘုရင်မင်းမြတ်ထံ လျင်စွာသွားပြီး သံတော်ဦးတင်လျှောက်ထားတယ်။ အဲဒီကောင်းမြတ်တဲ့သတင်းကိုရတာနဲ့ တစ်ပြိုင်နက် မင်းကြီးဟာ မဂဓတိုင်းသား ပုဏ္ဏားသူဌေးပေါင်း တစ်သိန်း

နှစ်သောင်းခြံရံလျက် မြတ်စွာဘုရားထံတော်သို့ချဉ်းကပ်ပြီး ရိုသေစွာရှိခိုး ပူဇော်လျက် သင့်မြတ်သည့်နေရာ၌ ထိုင်နေတော်မူသကွယ့်။ ပုဏ္ဏားသူဌေး တွေလဲ ပုံစံအမျိုးမျိုးနှင့် ဝင်ရောက်နေရာယူကြတယ်။ တိတ္ထိဆရာကြီးတွေရဲ့ တပည့်သားများဖြစ်ကြသည့်အတိုင်း မြတ်စွာဘုရားရှေ့တော်မှောက် ရောက်လာတော့ ဘယ်လိုနေရထိုင်ရမှန်းမသိ ဖြစ်လာကြတယ်။

'တစ်ချို့ကတော့ မြတ်စွာဘုရားကိုဖူးမျှော်ရတာနဲ့တစ်ပြိုင်နက် ဘုရင်ကြီး လိုပဲ ရိုသေစွာရှိခိုး နေရာယူကြတယ်။ တစ်ချို့ကလည်း ယဉ်ကျေးမှုထုံးစံ အတိုင်း သူတို့ဘယ်အမျိုးအနွယ်ဖြစ်တယ်ဆိုတဲ့ အမည်နာမကို ဖော်ပြနှုတ် ဆက်ပြီး ရှိမခိုးဘဲထိုင်နေကြတယ်။ တစ်ချို့ကတော့ အမည်နာမကိုတောင် မဖော်ပြပဲ ဆိတ်ဆိတ်နေပြီး ဦးမချဘဲထိုင်ကြတယ်ကွယ့်။ အဲဒီလို ပရိသတ် ကြီးဟာ အသီးသီးနေရာယူကြပြီးနောက် မဂဓတစ်တိုင်းလုံး ကိုးကွယ် ဆည်းကပ်ခဲ့ကြတဲ့ ဥရုဝေလကဿပအစရှိတဲ့ ရသေ့ညီနောင်နှင့် သူတို့ တပည့်အပေါင်းဟာ မြတ်စွာဘုရားအားခြံရံလျက် ထိုင်နေကြတာကိုတွေ့ကြ တော့ အလွန်အံ့ဩကုန်ကြတယ်။ စိတ်ထဲမှာလဲမဝေခွဲနိုင် ဖြစ်ကုန်ကြတယ်။ 'ဘယ်လိုလဲ၊ ဂေါတမဘုရားဆိုတဲ့ပုဂ္ဂိုလ်က တို့ဆရာကြီးတွေထံ တပည့်ခံပြီး အတူလိုက်ပါလာတာလား၊ တို့ဆရာကြီးတွေကပဲ ဂေါတမထံတပည့်ခံပြီး နောက် လိုက်ပါလာတာလား' ဒွိဟသံသယတွေ ဝင်နေကြတော့တယ်။

'ရှင်တော်ဘုရားကတော့ စေတောပရိယဉာဏ်တော်နှင့် ပုဏ္ဏားသူဌေး ပရိသတ်ကြီးရဲ့စိတ်ထဲမှာ သို့လောသို့လောတွေးနေကြတာကို အကုန် သိမြင်တော်မူတယ်။ ဒါကြောင့် ပရိသတ်ကြီးသံသယရှင်းပြီး ဟုတ်တိုင်းမှန်ရာ ထင်လင်းပေါ်လွင်စေရန် ဥရုဝေလကဿပရသေ့ခေါင်းဆောင်ကြီးကို အမေး ပုစ္ဆာတစ်ခုမေးပြီး ဖြေကြားခိုင်းတော်မူတယ်ကွယ့်။

'အို ကဿပ၊ သင်သည် ရသေ့အပေါင်း၏ဆရာကြီးဖြစ်ခဲ့ပြီး မီးကို ပူဇော်လေ့ရှိခဲ့တယ်၊ အခုတော့ အဘယ်အကြောင်းကြောင့် မီးပူဇော်ခြင်းကို စွန့်လွှတ်လိုက်ပါသလဲ။ အဲဒါ ငါဘုရား သင့်ကိုမေးမြန်းတယ်။ ဖြေကြားပါ လော့'။ 'ရှင်တော်မြတ်ဘုရား၊ ရှေးအဆက်ဆက် ယဇ်ဆရာကြီးတို့၏

ဟောပြောချက်အရ ကာမဂုဏ်ငါးပါးနှင့် မိန်းမအာရုံတို့ကို ယစ်ပူဇော်ခြင်းဖြင့် ခံစားရနိုင်တယ်ဆိုလို့ ယဇ်ပူဇော်မှုအကျင့်ကို ကျင့်ခဲ့ပါတယ်၊ မီးပူဇော်မှုပြုခဲ့ပါတယ်။ အခုတော့ အာရုံငါးပါး မိန်းမများဟာ ခန္ဓာငါးပါးရဲ့အညစ်အကြေးများသာဖြစ်ကြောင်းသိလို့ ယဇ်ပူဇော်မှုနှင့် မီးပူဇော်သောအကျင့်တို့ကို စွန့်လွှတ်လိုက်ပါတယ်ဘုရား'။

'ထိုအခါ မြတ်စွာဘုရားက နောက်ထပ်မံပြီး မေးခွန်းတစ်ခု မေးလိုက်ပြန်တယ်။ 'အို ကဿပ၊ အာရုံငါးပါးနှင့် မိန်းမများ၌ မမွေ့မလျော် မနှစ်ခြိုက်တော့ဘူးဆိုလျှင် လူ့ပြည်နတ်ပြည်မှာ ဘယ်အာရုံကို သင်မွေ့လျော်ပျော်ပိုက်ပါသလဲ၊ အဲဒါကိုဖြေကြားပါဦး။'

'အရှင်ဘုရား၊ တပည့်တော်မှာ ယခုအခါ ရာဂအစရှိသော ကြောင့်ကြမှုများကင်းတဲ့ ကာမတရား ဘဝတရားတို့မှလည်း မငြိတွယ်တဲ့ မွေးခြင်း အိုခြင်း နာခြင်း ဒုက္ခများကင်းငြိမ်းပြီး လွန်စွာငြိမ်းအေးတဲ့ နိဗ္ဗာန်တရားကို မဂ်ဖြင့်မျက်မှောက်ပြုပြီးဖြစ်လို့ မည်သည့်အာရုံကိုမျှကို စွဲလန်းခြင်း နှစ်ခြိုက်ခြင်း မရှိတော့ပါ။ ယဇ်ပူဇော်အကျင့် မီးပူဇော်သောအကျင့်တို့ကို လုံးဝစွန့်ပယ်ပြီးဖြစ်ပါသည်ဘုရား။'

'အဲဒီလိုဖြေကြားလျှောက်ထားပြီးနောက် နေရာမှထခါ မြတ်စွာဘုရားထံ ချဉ်းကပ်တယ်။ မြတ်စွာဘုရား၏ခြေတော်၌ ဦးခေါင်းတင်ထားကာ 'ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ဆရာအရှင်ဖြစ်ပါသည်။ ကျွန်ုပ်ကား ရှင်တော်ဘုရား၏တပည့်ဖြစ်ပါသည်'ဟု ဖွင့်ဟလျှောက်ထားသည်။

'အဲဒီလိုလျှောက်ထားပြီး ထန်းပင်တစ်မြင့်လောက် ပျံတက်သွားတယ်။ ပြန်ဆင်းလာပြီး ဘုရားသခင်၏ခြေတော်၌ ဦးခိုက်တယ်။ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် ထန်းခုနစ်ဆင့်တိုင်အောင် ဆက်ကာဆက်ကာ ခုနစ်ကြိမ်တိုင်တိုင် ကောင်းကင်ပျံတက်၍ ဆင်းသက်လာပြီး ရှင်တော်ဘုရားအား ရှိခိုးကန်တော့တယ်။ ငြိမ်းချမ်းတဲ့နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်ရန်

သွန်သင်ပေးတဲ့ ဘုရားရှင်အား ကျေးဇူးကန်တော့ပန်းဆက်ကပ်ပြီး သူ၏ ဆရာအစစ်ဖြစ်ကြောင်း ပရိသတ်အပေါင်းအား ထင်ရှားပြသလိုက်ခြင်းပဲ ကွယ့်။

'ရသေ့ကြီးရဲ့ တန်ခိုးပြာဋိဟာများကိုမြင်ကြရတဲ့ ပုဏ္ဏားသူဌေးကြီး တစ်သိန်းနှစ်သောင်းဟာ လွန်စွာအံ့ဩမဆုံးဖြစ်ကြပြီး 'သူ့ကိုယ်သူ ရဟန္တာ လို့ ကြွေးကြော်ခဲ့တဲ့ သူတို့ဆရာရသေ့ကြီးရဲ့ တိတ္ထိကွန်ယက်ကိုချိုးဖျက်ပြီး ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပေတယ်။ မြတ်စွာဘုရားရဲ့ဘုန်းတန်ခိုးဟာ အလွန်ကြီးမားပေတယ်လို့' ပြောကြ ချီးမွမ်းကြနှင့် လှုပ်လှုပ်ရွရွဖြစ်နေကြ တော့တယ်။

'ပုဏ္ဏားသူဌေးကြီးများ ချီးမွမ်းစကားပြောကြားနေကြတာကို ကြားသိ ရတဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ 'ပုဏ္ဏားကြီးများတို့ အခုလို သဗ္ဗညုတဉာဏ် တော်ရပြီး သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်နှင့် ဥရုဝေလကဿပရသေ့ကြီးကို ဆုံးမသွန်သင်ပေးနိုင်တာ အံ့ဩစရာမဟုတ်သေးပါ။ ဟိုးယခင်ဘုရားလောင်း ဘဝမှာ နာရဒပြဟ္မာမင်းဖြစ်စဉ်က ယခု ဥရုဝေလကဿပအလောင်းဟာ အင်္ဂတိမင်းဖြစ်တော့ သူ့ရဲ့မှားယွင်းတဲ့တိတ္ထိအယူများကို ချေဖျက်ပေးခဲ့သေး ကြောင်းပြောပြတယ်။ အဲဒီတော့ ပုဏ္ဏားသူဌေးကြီးများ တောင်းပန်ချက်အရ မဟာနာရဒကဿပဇာတ်အကြောင်းကို ဟောပြတော်မူတယ်ကွယ့်။

'အဲဒီလို ရှင်တော်ဘုရားက တရားစဟောတော့ ပုဏ္ဏားသူဌေးကြီး တွေဟာ မြတ်စွာဘုရားကို သဒ္ဓါကြည်ညိုမှုပိုမိုများလာတယ်။ စိတ်တည်ငြိမ်မှု လည်း ရလာကြတယ်။ အဲဒီတော့မှ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးနှင့် သူ့ပရိသတ်တစ်သိန်းနှစ်သောင်းကို ဒါနကထာ, သီလကထာ စသည်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းတရားများကို အစဉ်အတိုင်း ဟောပြောတော် မူတယ်ကွယ့်။ မောင်ဝဏ္ဏတို့ မှတ်မိမှာပေါ့။ ယသသတို့သားနှင့် မိဘများကို ဒီလိုတရားအစဉ်အတိုင်းပဲ ဟောခဲ့တယ်။ ဘဒ္ဒဝဂ္ဂီမင်းသားသုံးဆယ်ကိုလည်း ဒီလိုတရားပဲ တဆင့်ပြီးတဆင့် ဟောကြားတာပဲ၊မြတ်စွာဘုရားဟာ သတ္တဝါ တွေရဲ့စိတ်အခြေအနေ ဉာဏ်အဆင့်အတန်းလိုက် လွယ်ကူနားလည်နိုင်တဲ့

တရားတွေကိုဟောပြီး တရားနာပရိသတ်ရဲ့စိတ်များ တည်ငြိမ်အေးချမ်းပြီး ကြည်လင်လာမှ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂကထာကို ဟောပြောမြဲထုံးစံ ဖြစ်သကွယ့်။

'အဲဒီတရားစဉ်ဟောပြောပြီးအဆုံးမှာ ဗိမ္ဗိသာရမင်းကြီးနှင့် ပုဏ္ဏား သူဌေးကြီးတစ်သိန်းတစ်သောင်းဟာ တစ်ပြိုင်နက် သောတာပန်နွယ်ဝင် အရိယာသူတော်စင်များ ဖြစ်ကုန်ကြသကွယ့်။ ကျန်တဲ့တစ်သောင်းသော ပုဏ္ဏားသူဌေးကြီးတွေကတော့ သရဏဂုံတည်တဲ့ ဘုရားတပည့်ဥပါသကာ များဖြစ်သွားကြတယ်။ သောတာပန်တည်သွားတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ လွန်စွာကြည်ညိုသဒ္ဓါဖြစ်ပြီး နောက်တစ်နေ့တွင် နောက်ပါသံဃာတော် အပေါင်းနှင့်တကွ ဆွမ်းကပ်လှူဒါန်းပြီး ကုသိုလ်ယူလိုသဖြင့် ကြွရောက်တော် မူပါမည့်အကြောင်း ပင့်ဖိတ်လျှောက်ထားတယ်။ မြတ်စွာဘုရားက ဆိတ်ဆိတ် နေခြင်းဖြင့် ဘုရင်ကြီး၏ဆွမ်းစားပင့်လျှောက်တာကို လက်ခံတော်မူလိုက် တယ်ကွယ့်။

'ဘုရင်ကြီးလည်း ပရိသတ်တစ်သိန်းနှစ်သောင်းခြံရံခါ နန်းတော်သို့ ပြန်ကြွသွားပြီး နောက်တစ်နေ့ မြတ်စွာဘုရားနှင့်တကွ သံဃာတော် တစ်ထောင်တို့အား ဆွမ်းကပ်လှူဒါန်းရန် အစီအစဉ်များပြုလုပ်တယ်ကွယ့်။ နောက်တစ်နေ့မိုးသောက်ချိန်မှာ မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်ဆွမ်းများကို အဆင်သင့်ပြင်ဆင်ပြီး ရှင်တော်ဘုရားထံ ဆွမ်းဘုဉ်းပေးကြွတော်မူရန် ပင့်လျှောက်စေတယ်ကွယ့်။

'အဲဒီနေ့မနက် ရာဇဂြိုဟ်ပြည်တစ်ဝန်း အုန်းအုန်းကျက်ကျက် မြို့သူ

စတဲ့ အံ့ဩဖွယ်သတင်းဟာ ညတွင်းချင်း ရာဇဂြိုဟ်တစ်မြို့လုံး ပြန့်နှံ့သွားတော့တာပေါ့။

'အေး ဒါကြောင့်မို့ အဲဒီမနက်မှာ မြတ်စွာဘုရားကို ဖူးမျှော်ဘူးသူ၊ မဖူးမြင်ဘူးသူ ရာဇဂြိုဟ်ပြည်သား တစ်ဆယ့်ရှစ်ကုဋေရှိတဲ့ လူအုပ်ကြီးဟာ စောစောစီးစီးမြို့ကထွက်ပြီး ထန်းပင်ပျိုတောဥယျာဉ်သို့ အစုလိုက်အပြုံလိုက် သွားကြတော့တာပဲ။ အေး ငါးမိုင်လောက်ရှိတဲ့ခရီးတစ်လျှောက်လုံး ကွက်လပ်အကြားမရှိ လူတွေနှင့် ပြည့်ကျပ်နေတော့တာပဲ၊ ထန်းပင်ပျိုတောဥယျာဉ်တစ်ခုလုံးလဲ နေရာမလပ်လူများနှင့်ပြည့်နေတယ်။ ရဟန်းတစ်ထောင်မပြောနှင့် ရဟန်းတစ်ပါးတောင် ဒီလူအုပ်ထဲက ထိုးဖောက်သွားဖို့ နေရာမရှိဘူးကွယ့်။ အခြေအနေက တော်တော်ဆိုးနေပြီ။ ဒီအတိုင်းသာဆိုလျှင် ရှင်တော်မြတ်ဘုရားနှင့်တကွ ရဟန်းတစ်ထောင်ဟာ အဲဒီနေ့အဖို့ ဆွမ်းဘုဉ်းပေးကြရတော့မှာ မဟုတ်ဘူး။ မြတ်စွာဘုရား၏ဘုန်းကံဟာ အလွန်ကြီးမားတယ်ကွယ့်၊ မြတ်စွာဘုရား ဆွမ်းပြတ်မည့်အရေးနှင့်ကြုံတွေ့နေရပုံကို သိကြားမင်းအားပြောကြားတဲ့အလား သူထိုင်နေတဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာဟာ ပူနွေးလာတယ်။ ဒါက ဓမ္မတာတစ်ခုပဲ၊ အရေးတစ်ခုခု ကြုံလာတော့ မည်ဆိုလျှင် ပဏ္ဍုကမ္ဗလာကျောက်ဖျာက ပူနွေးလာပြီး သိကြားမင်းကို အသိပေး သတိပေးတယ်ကွယ့်။

'သိကြားမင်းက ဘယ်လိုအကြောင်းကြောင့် ကျောက်ဖျာပူလာရသလဲ လို့ ဆင်ခြင်ကြည့်တော့ မြတ်စွာဘုရားနှင့်ရဟန်းတစ်ထောင် ကြုံတွေ့နေရတဲ့ အခြေအနေကို သိမြင်သွားတယ်၊ ဒါကြောင့် သိကြားမင်းဟာ အာနုဘော်နှင့် မြတ်စွာဘုရားရှေ့တော်မှောက်သို့ နီဗ္ဗာန်ဆော်လုလင်ပျိုတစ်ဦးကဲ့သို့ဖန်ဆင်းပြီး ဘွားကနဲပေါ်ပေါက်လာတယ်ကွယ့်။ ပြီးတော့ မြတ်စွာဘုရားအမှူးပြုတဲ့ သံဃာတော်တွေ ကြွချီလောက်အောင် နေရာများပြုလုပ်စေတယ်။ ဘုရား, တရား, သံဃာတော်များ၏ ဂုဏ်တော်များကို ချီးကျူးတဲ့ဂါထာများရွတ်ဆိုခါ နီဗ္ဗာန်ဆော်ပြုလုပ်ပြီး မြတ်စွာဘုရားနှင့်သံဃာတော်အပေါင်းကို ပင့်ဆောင် သွားသကွယ့်။

'လူအများလဲ အလွန်ပင်အဆင်းလှ ကြည့်ရှုဖွယ်ကောင်းတဲ့ နိဗ္ဗာန်ဆော် လုလင်ပျိုသဏ္ဌာန်ဆောင် သိကြားမင်းကို ဘယ်သူများပေလိမ့်ဟု အချင်းချင်း ပြောကြသကွယ့်။ သိကြားမင်းက 'လူနတ်ပြဟ္မာသတ္တဝါတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ ရှင်တော်ဘုရားရဲ့အလုပ်အကျွေး ဒါယကာလေးပါ'ဟု ဂါထာစကားဖြင့် ပြန်ကြားသွားရင်း ရှင်တော်ဘုရားကို မင်းကြီးနန်းတော် အရောက် ပင့်ဆောင်ပို့ပေးခဲ့သကွယ့်။

'ဗိမ္ဗိသာရမင်းကြီးလဲ အလွန်ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဘုရားရှင်နှင့် နောက်ပါသံဃာတော်အပေါင်းအား နန်းတော်တွင်းသို့ ရိုသေစွာပင့်ဆောင်ပြီး မွန်မြတ်သောခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာအဖြာဖြာတို့ကို ကိုယ်တော်တိုင် လက်ရောက်ကြည်ဖြူ ကပ်လှူသကွယ့်။ ဆွမ်းကိစ္စပြီးသွားတော့ ဗိမ္ဗိသာရ မင်းကြီးက မြတ်စွာဘုရားသခင်အား အချိန်မရွေးအခါမရွေး ဖူးမျှော်ချင်လို့ မြို့နှင့်အလွန်ဝေးကွာတဲ့ ထန်းတောမှာ သီတင်းမသုံးပဲ မြို့နှင့်မနီးလွန်း မဝေးလွန်း သွားရေးလာရေးလွယ်ကူ မြို့သံလူသံလဲမဆူညံတဲ့ သူ့ရဲ့ဝေဠုဝန် ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူပါလို့ မြတ်စွာဘုရားကိုလျှောက်ထားပြီး လှူဒါန်းတယ်ကွယ့်။ ဒါကြောင့် မြတ်စွာဘုရားဟာ ဝေဠုဝန်ဥယျာဉ်အရံကို လက်ခံပြီး ကျောင်းလှူဒါန်းရခြင်းအကျိုးတရားများကို အနုမောဒနာတရား အဖြစ် ဟောကြားတော်မူတယ်ကွယ့်။ မြတ်စွာဘုရားဟာ ဒုတိယဝါကို အဲဒီ ဝေဠုဝန်ဥယျာဉ်ကျောင်းဝိဟာရမှာ သံဃာတော်အပေါင်းနှင့် သီတင်းသုံး နေထိုင်တော်မူခဲ့သကွယ့်။

'အေး၊ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ကြွရောက်ရာ၌ ရှင်တော်ဘုရားရဲ့ ဘဂဝါဂုဏ်တော် အလွန်ထင်ပေါ်လာတာကို သတိပြုကြရမယ်ကွယ့်။ မြတ်စွာဘုရားရဲ့ဂုဏ်တော်အပေါင်းဟာ မရေမတွက်နိုင်လောက်အောင် များပြားသကွယ့်။ ချီးကျူးလို့မကုန်နိုင်ဘူး။ အဲဒီအထဲက အဓိကဂုဏ်တော် ကိုးပါးကို သာမန်ပရိသတ်များနားလည်လွယ်အောင် အောက်မေ့သတိရ ပူဇော်နိုင်အောင် ဟောကြားထားသကွယ့်။ 'ဣတိပိသော' အစရှိတဲ့ ဂုဏ်တော်ကိုးပါးကိုတော့ ဗုဒ္ဓဘာသာဝင်တိုင်းသိရှိပြီး အစဉ်အောက်မေ့

သရဖျော်ပြုကြရမယ်ကွယ့်။ အဲဒီအထဲက ဘဂဝါဂုဏ်တော်တစ်ပါး အကြောင်း ကြားညှပ်ပြီး ဘိုးဘိုးပြောပြမယ်။

'ဘဂဝါဂုဏ်တော်ရဲ့အဓိပ္ပာယ် လွယ်လွယ်က 'ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တ နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား'တဲ့။ အေး၊ အဲဒီ ဂုဏ်တော်တွေကြောင့် ရာဇဂြိုဟ်ပြည်ကြွတော်မူတဲ့အခါ သူ့နေရာ သူ့နေရာ အလိုက် လိုအပ်တဲ့မဟာဗျူဟာ နည်းဗျူဟာတွေကိုသုံးပြီး အောင်မြင်မှုရပုံကို စဉ်းစားကြည့်ရအောင်။

'ရာဇဂြိုဟ်ဟာ လောကီစည်းစိမ်မျိုးစုံ ကာမဂုဏ်အာရုံတွေ ဖုံးလွှမ်း နေတဲ့ မြို့တော်ကြီး၊ အတ္တဝါဒစွဲကိုင်ပြီး မှားယွင်းတဲ့အယူအမျိုးမျိုး ဟောပြော ဆုံးမပေးနေကြတဲ့ တိတ္ထိဆရာကြီးခြောက်ပါး ကြီးစိုးရာမြို့တော်ကြီးဖြစ်တယ် ကွယ့်၊ အဲဒီလို အတ္တဒိဋ္ဌိရန်သူ့မြို့တော်ကြီးကို ထိုးဖောက်ဖြို့ခွင်းဖို့ရာ ရှေးဦး ဓမ္မစစ်သား ဒေါင်ဒေါင်မြည်ရသေ့တဖြစ်လဲ ရဟန္တာကြီးတစ်ထောင်ကို စုဆောင်းတယ်ကွယ့်၊ အဲဒီရသေ့ကြီးသုံးပါး ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပတို့ဟာလဲ မဂဓနိုင်ငံအင်္ဂတိုင်းသားတို့ကိုးကွယ်ရာ ဆရာကြီးများ ဖြစ်တော့ အတ္တဒိဋ္ဌိဝါဒကိုဖြန့်ဖြူးပေးရာ မူရင်းခေါင်းဆောင်ကြီးတွေ ဖြစ်ကြ တာပေါ့။ အဲဒီခေါင်းဆောင်ကြီးရဲ့ဌာနချုပ် ဥရုဝေလကို လျှပ်တပျက် စစ်ဆင်နည်းနှင့် ရှင်တော်မြတ်တစ်ပါးတည်း ဝင်ရောက်စီးနင်းလိုက်တာ အတ္တဒိဋ္ဌိဝါဒရဲ့ရှေ့တန်းခံတပ်ကြီး ပြိုကွဲပျက်စီးသွားတော့တာပဲ။ စစ်ဦးစီး ခေါင်းဆောင် ရသေ့ကြီးသုံးပါးလည်း လက်နက်ချအညံ့ခံခါ အနတ္တဝါဒ ဗိုလ်ချုပ်မှူးကြီးတွေဖြစ်တော်မူကြပြီး ရှင်တော်မြတ်ဘုရားကို ဓမ္မစစ်တပ်ကြီးမှာ ရှေ့တန်းစစ်သည်တော်များအဖြစ် ပါဝင်ချီတက်လာကြတာတွေကို တွေ့မြင် နိုင်ကြသကွယ့်။

'အေး၊ အဲဒီလိုချီတက်လာကြလို့ အတ္တဒိဋ္ဌိရန်သူမြို့တော်ကြီးအနားကို ရောက်လာတော့ ရုတ်တရက်ဝင်ရောက် မတိုက်ခိုက်ဘူးကွယ့်။ မိမိ၏ စစ်သည်အင်အား တစ်ထောင်ကျော်ကလေးနဲ့ မြို့တော်ကြီးထဲဝင်သွားလျှင်

တစ်ဆယ့်ရှစ်ကုဋေစစ်သည်များနဲ့ လွန်စွာတောင့်တင်းတဲ့ရန်သူတပ်ကြီးရဲ့ အဝိုင်းကိုခံရမှာပေါ့။ အဲဒီတော့ မြို့ပြင်မှာ စခန်းချပြီး ရန်သူရဲ့အင်အားကို ချိုနဲ့သွားအောင် နည်းဗျူဟာကိုအသုံးပြုတော်မူတာပဲကွယ့်။ ရှင်တော်ဘုရား ကြွရောက်တော်မူကြောင်း သတင်းရတာနဲ့ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တစ်သိန်းနှစ်သောင်းသော ပုဏ္ဏားသူဌေးကြီးများရောက်လာကြတယ်။ ဒီပရိသတ်ကြီးက **သူတို့** ကိုးကွယ်ဆည်းကပ်ခဲ့ကြတဲ့ ရသေ့ဆရာကြီးများ မြတ်စွာဘုရားထံ **အတ္တဝါဒ**လက်နက်များချပြီး တပည့်ခံလိုက်တာကို တွေ့မြင်ကြရတယ်။ အဲဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားအပေါ်မှာ သံသယဝင်နေကြတာတွေ ပျောက်ကွယ်သွားကြပြီး သဒ္ဓါယုံကြည်မှုအပြည့်နှင့် ကိုးကွယ်ဆည်းကပ်ကြတယ်။ သရဏဂုံတည်သွားကြတယ်။

'ဗိမ္ဗိသာရဘုရင်မင်းကြီးနှင့် ပုဏ္ဏားသူဌေးကြီးတစ်သိန်းနှစ်သောင်းဟာ အတ္တဒိဋ္ဌိဆရာကြီးတွေကို တပ်မကြီးမှာ ရိက္ခာထောက်ပံ့ပို့ဆောင်ရတဲ့ တပ်အသီးသီးရဲ့ တပ်မှူးကြီးတွေပဲကွယ့်။ အတ္တဒိဋ္ဌိတပ်မကြီး လှုပ်ရှားတက်ကြွဆောင်ရွက်နိုင်ဖို့ ဒီရိက္ခာထောက်ပံ့ပို့ဆောင်ရေး တပ်အသီးသီးပေါ် မှီခိုနေကြရတာကွယ့်။ အဲဒီတပ်မှူးကြီးတစ်သိန်းနှစ်သောင်းဟာ မြတ်စွာဘုရားရဲ့ ဓမ္မတပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုက်ကြတော့ ရာဇဂြိုဟ်ပြည်မမှာ အခြေခံတပ်စွဲထားတဲ့ အတ္တဝါဒီတပ်စခန်းကြီးဟာ အလိုလိုပြိုကွဲရတော့မယ်ဆိုတာ သိနိုင်ကြတာပေါ့။

'အေး၊ ဒီနေ့ တို့ရှင်တော်မြတ်ဘုရားရဲ့ ဘဂဝါဂုဏ်တော်ကို ကြည်ညိုကြရင်း ဗုဒ္ဓါနုဿတိဘာဝနာစီးဖြန်းကြကာ ကလနားသတ် တစ်ခန်းရပ်ကြသေးတာပေါ့။

*

## အခန်း (၆)

### ကပိလဝတ်ပြည်၌သာသနာပြုတော်မူခြင်း

'မောင်ဝဏ္ဏတို့ကို ရှင်တော်မြတ်ဘုရားရဲ့အကြောင်းအရာများ ပြောပြခဲ့တာ တော်တော်ကြာသွားခဲ့ပြီနော်။ မြတ်စွာဘုရားပွင့်တော်မူလာပြီးနောက် တိတ္ထိတို့ရဲ့ဗဟိုစခန်းကြီးတစ်ခုဖြစ်တဲ့ ရာဇဂြိုဟ်ပြည်ကိုကြွမြန်းပြီး ဗိမ္ဗိသာရဘုရင်မင်းမြတ်ကလှူဒါန်းတဲ့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူတဲ့ အထိ ပြောပြခဲ့ပြီးပြီ။

'ဟိုးရှေးခေါက်နှစ်ကျော်ကာလက ကပိလဝတ်ပြည်မှာ အဘ ခမည်းတော်နှင့်တကွ ယသော်ဓရာဒေဝီနှင့် မွေးစသားတော်ကလေးရာဟုလာတို့ကို စွန့်ပစ်ထားတော်မူခဲ့ရာမှ ယခု ကပိလဝတ်ပြည်တော်ပြန်ခန်း၊ ဆွေတော်မျိုးတော်များနှင့် ပြန်လည်တွေ့ဆုံခန်း၊ သားတော်ကလေးကို ပထမတွေ့ဆုံ ခန်းစတဲ့ စိတ်ဝင်စားဖွယ်အကြောင်းများကို ပြောပြမယ်ကွယ့်။

'တိုင်းတော်ပြည်တော်ကို စွန့်ပစ်တော်မူခဲ့ပြီး တောထွက်သွားတော်မူကတည်းက ခမည်းတော် သုဒ္ဓေါဒနမင်းဟာ သားတော်ရဲ့သတင်းကို နားတစွင့်စွင့်နှင့် နားထောင်စုံစမ်းနေခဲ့တယ်ဆိုတာ အထူးပြောစရာမလိုပါဘူး မောင်ဝဏ္ဏရဲ့။ အေး မြတ်စွာဘုရားပွင့်တော်မူလာပြီဆိုတဲ့သတင်းကိုတော့ မိဂဒါဝုန်မှာ ပထမဝါဆိုပြီး ပဥ္စဝဂ္ဂီငါးဦးအား ရှေးဦးတရားဟောပြောတော်မူတဲ့ အချိန်ကစပြီး ကြားသိတော်မူခဲ့တာအမှန်ပဲ။ နောက်တော့ ရာဇဂြိုဟ်ပြည် ရောက်တော်မူပြီး ဗိမ္ဗိသာရမင်းကြီး၏ကိုးကွယ်မှုကို ခံယူနေကြောင်းလဲ

သတင်းများရရှိမှာ အမှန်ပဲကွယ့်။ အဲဒီတော့မှ ခမည်းတော်မင်းကြီးဟာ သားတော်ကို တွေ့မြင်ဖူးမျှော်ချင်တဲ့ဆန္ဒ ပြင်းပြလွန်းလို့ အမတ်များကို စေလွှတ်ပြီး ပင့်ဆောင်ခိုင်းတော်မူခဲ့တယ်ကွယ့်။

'မဟာသက္ကရာဇ် ၁၀၃–ခု၊ ပြာသိုလဆန်းစ အချိန်ကပေါ့ကွယ်။ မင်းကြီးက အမတ်တစ်ဦးကိုခေါ်ပြီး 'အမောင်အမတ်၊ ငါ၏သားတော်ဟာ မိဂဒါဝုန်မှာ ဓမ္မစကြာတရားဦးကို ဟောတော်မူပြီး ယခုအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ကြယ်တာရာနက္ခတ်အပေါင်းခြံရံတဲ့ လပြည့်ဝန်း ကြီးလို အလွန်တင့်တယ်စွာ ရဟန္တာများခြံရံပြီး တရားရေအေးတိုက်ကျွေး တော်မူနေတယ်။ အမောင်အမတ်၊ သားတော်မြတ်စွာဘုရားထံ အရောက် သွားပြီး ခမည်းတော်က ဖူးမျှော်လိုပါသဖြင့် ကပိလဝတ်ပြည်သို့ ကြွရောက် တော်မူပါရန် လျှောက်ထားချေလော့'ဟု အမိန့်ပေးပြီး စေလွှတ်လိုက်တယ် ကွယ့်။

'အဲဒီအမတ်ဟာ နောက်လိုက်အခြွေအရံတစ်ထောင်နှင့် ကပိလဝတ် နေပြည်တော်မှ ရာဇဂြိုဟ်ပြည်သို့အရောက်သွားကြပြီး မြတ်စွာဘုရားကို ဖူးမျှော်ကြသကွယ့်။ မြတ်စွာဘုရားအားဖူးမျှော်ရင်း မင်းကြီးစေလွှတ်သော ကိစ္စကို နောက်မှလျှောက်ထားအံ့၊ ဦးစွာတရားနာယူဦးမည်ဟုအကြံဖြစ်ခါ တရားနာကြားသကွယ့်။ ရှင်တော်ဘုရားဟောကြားတော်မူသည့် တရား အဆုံးမှာ ထိုအမတ်နှင့်တကွ သူ၏နောက်လိုက်တစ်ထောင်တို့ဟာ အကျွတ် တရားရပြီး အားလုံးရဟန္တာဖြစ်ကုန်ကြသကွယ့်။ မြတ်စွာဘုရားထံ ရဟန်း အဖြစ်ကို လျှောက်ထားတော့ မြတ်စွာဘုရားက 'ထေ ဘိက္ခု'လို့ ခေါ်တော် မူပြီး သာသနာတော်တွင်း သွတ်သွင်းချီးမြှင့်ပေးတော်မူလိုက်တယ်။ ရဟန္တာ ဖြစ်တော်မူသွားကြတော့ လောကရေးရာအားလုံးကို လျစ်လျူပြုလိုက်ကြ သကွယ့်။ သုဒ္ဓေါဒနမင်းကြီး စေလွှတ်လိုက်သောကိစ္စကို လုံးဝဆောင်ရွက် တော်မမူကြတော့ဘူးကွယ့်။

'မင်းကြီးလဲ သူလွှတ်လိုက်တဲ့အမတ်နှင့် မင်းချင်းတစ်ထောင်တို့ ပြန် မလာကြ၊ သတင်းလဲမကြားရတော့ နောက်ထပ်အမတ်တစ်ယောက်နှင့်

မင်းချင်းတစ်ထောင် စေလွှတ်ပြန်တယ်။ သူတို့လဲ ပြန်မလာကြ သတင်း မကြားရတော့ မင်းကြီးက ထပ်ကာထပ်ကာ ကိုးကြိမ်တောင်စေလွှတ်လိုက် တာ အဲဒီအမတ်ကိုးယောက်နှင့် မင်းချင်းကိုးထောင်တို့ ကပိလဝတ်နေပြည် တော်ကို တစ်ဦးတစ်ယောက်မှပြန်မလာကြဘူးကွယ့်၊ မင်းကြီးလဲ နောက်ဆုံး ကြံရာမရဖြစ်ပြီး ရှင်တော်မြတ်ဘုရားရဲ့ဖွားဘက်တော်ဖြစ်တဲ့ ကာဠုဒါယီ အမတ်ကို မင်းချင်းတစ်ထောင်နှင့် စေလွှတ်တော်မူတယ်။ ကာဠုဒါယီ အမတ်ကို စေလွှတ်တဲ့အခါမှာ မင်းကြီးပြောကြားတဲ့စကားဟာ အလွန် စိတ်ထိခိုက်စရာကောင်းလှသကွယ့်။

'ကာဠုဒါယီ၊ ငါဟာ သားတော်မြတ်ကို အလွန်ဖူးတွေ့ချင်လို့ အမတ် ကိုးယောက်နှင့် မင်းချင်းကိုးထောင်ကို စေလွှတ်လိုက်တာ တစ်ဦး တစ်ယောက်မှ ပြန်ရောက်မလာကြဘူး။ ငါ့အသက်ဟာလည်း အတော် အိုမင်းလာပြီ။ ဘယ်အချိန် ကွယ်လွန်သွားမယ်ဆိုတာ မပြောနိုင်ဘူး။ ငါအသက်ရှင်စဉ် သားတော်ကိုမြင်တွေ့သွားချင်လို့ သင်ရအောင် လျှောက် ထားပေးစမ်းပါ ကာဠုဒါယီ'လို့ ပြောကြားရှာသကွယ့်၊ အဲဒီတော့ ကာဠုဒါယီ အမတ်က 'အရှင်မင်းကြီး၊ ကျွန်ုပ်အား ရဟန်းအဖြစ်ခံယူခွင့်ပြုလျှင် အရှင် မင်းကြီး၏ဆန္ဒကိုပြည့်ဝအောင် ရှင်တော်ဘုရားအား လျှောက်ထားပေးပါမည်' လို့ ဝန်ခံသကွယ့်။ ဒီတော့ မင်းကြီးက 'အမောင်ကာဠုဒါယီ၊ သင့်အလို ဆန္ဒအတိုင်း ရဟန်းပြုလိုပြု မပြုလိုနေ သားတော်သာ ငါ့ထံအရောက် ပင့်လျှောက်ပေးပါ'ဟု သနားသဖွယ်တောင်းပန်ရှာတယ်ကွယ့်။

'ကာဠုဒါယီအမတ် ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါမှာ တပေါင်းလ မပြည့်မီ (၇)ရက် (၈)ရက်အလိုလောက်တွင် ဖြစ်ပေတယ်။ ရှင်တော်ဘုရား အား ကပိလဝတ်ပြည်သို့ကြွတော်မူစေခြင်းငှာ တပေါင်းလရာသီရဲ့သာယာပုံ၊ သစ်သီးပန်းမန်တို့ရဲ့နုစ်သက်တင့်တယ်ပုံ စသည်များကို သွားလိုသည့်ဆန္ဒ ဖြစ်ပေါ်လာအောင် ဂါထာ(၆၄)ဂါထာဖြင့် သီကုံးလျှောက်ထားသကွယ့်။ အဲဒီလို ကာဠုဒါယီက ဥတုရာသီနှင့် လမ်းခရီးသာယာပုံများကို ဂါထာများဖြင့်

လျှောက်ထားတော့မှ မြတ်စွာဘုရားက လက်ခံတော်မူပြီး ဂာ်လဝတ်ပြည်ကို ကြွမြန်းတော်မူတယ်ကွယ့်။

'အဲဒီဂါထာ(၆၄)ပုဒ်မှာ ကာဠုဒါယီအမတ်က တပေါင်းလပြည့်နေ့တွင် ဆောင်းဥတုက လွန်မြောက်ခဲ့ပုံ၊ နွေဦးရာသီရောက်ခဲ့ပုံ၊ တောင်သူလယ်သမားများ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးချိန်မို့ ခရီးသွားရန်လွယ်ကူချောမွေ့နေချိန်ဖြစ်ပုံ၊ ဩကာသလောကကြီးဟာလဲ စိမ်းလန်းစိုပြေပြီး ပတ်ဝန်းကျင်တောအုပ်အပေါင်းမှာလည်း ရွက်ဟောင်းများစွန့်ပစ် ရွက်သစ်လဲလှယ်ကာ တင့်တယ်သာယာနေပုံ၊ သီးကြပွင့်ကြနေပုံ၊ ရာသီဥတုလည်း မပူလွန်းမအေးလွန်း လမ်းတိုင်းခရီးသွားရန် အဆင်ပြေကောင်းမွန်ပုံတို့ကို ဆန်းကြယ်စွာဖွဲ့နွဲ့သီကုံးထား၍ ကျမ်းဂန်များမှာ လွန်စွာထင်ရှားကျော်ကြားတဲ့ ပါဠိဂါထာများဖြစ်သကွယ့်။

'အေး၊ တို့မြန်မာစာပေသမိုင်းမှာလည်း အင်းဝခေတ်မှာ ပျို့ကဗျာလင်္ကာများ လွန်စွာထွန်းကားကြပြီး စာဆိုတော်ကြီးများ ထင်ရှားတဲ့အချိန်ဖြစ်ခဲ့သကွယ့်။ အဲဒီမှာလွန်စွာ ထင်ရှားကျော်ကြားတဲ့ စာဆိုဆရာတော်ကြီးရှင်မဟာသီလဝံသရဲ့တပည့် ရှင်အုန်းညိုက အဲဒီ ကာဠုဒါယီမထေရ်ကြီးရဲ့ပါဠိဂါထာများကို ကျမ်းဂန်များမှာ ဖွဲ့ဆိုထားတဲ့ အနက်အဓိပ္ပာယ်ရသအပြည့်အစုံအတိုင်း မြန်မာပျို့တစ်စောင်အဖြစ် ဆန်းကြယ်စွာ သီကုံးဖွဲ့စပ်ထားခဲ့သကွယ့်။ ဂါထာခြောက်ဆယ်ပျို့လို့ အလွန်နာမည်ကြီးလှသကွယ့်။ မောင်ဝဏ္ဏတို့လဲ ဒီလိုမြန်မာစာပျို့ကဗျာများကို လေ့လာလိုက်စားကြရမယ်ကွယ့်၊ ဒါမှ တို့မြန်မာစစ်စစ်စိတ်ဓာတ်များ ရှင်သန်ကြီးထွားလာနိုင်ကြမယ်။ ဆရာကြီးဦးဖေမောင်တင်က သူ့ရဲ့မြန်မာစာပေသမိုင်းကျမ်းမှာ ရှင်အုန်းညိုရဲ့ဂါထာခြောက်ဆယ်ပျို့ကို ဒီလိုတောင် ချီးမွမ်းထားသကွယ့်၊ 'ဂါထာခြောက်ဆယ်ပျို့တစ်ခုလုံးသည် ဆေးရောင်စုံဖြင့်ခြယ်လှယ်အပ်သော စိမ်းလန်းသာယာစိုပြေသည့် တောတောင်ကားချပ်ကြီးသဖွယ် စိတ်မျက်စေ့အာရုံတွင် ထိခိုက်ငြိစွဲလှပေသည်' တဲ့ကွယ်။

'ရှင်တော်မြတ်ဘုရားသည် တပေါင်းလပြည့်ကျော်(၁)ရက်နေ့က ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်နေပြည်တော်သို့ စတင်ခရီးထွက်တော်မူခဲ့တယ်။ မဂဓနှင့် အင်္ဂတိုင်းသားတွေထဲက ဥရုဝေဠကဿပညီနောင်တို့လို တိတ္ထိ အယူဝါဒကျွတ်ပြီး ဘုရားသာဝကကြီးများဖြစ်တော်မူလာကြတဲ့ ရဟန္တာပေါင်း တစ်သောင်းတို့ရယ်၊ ကပိလဝတ်ပြည်သား အမတ်ဆယ်ယောက်တို့နှင့် ပါလာတဲ့ မင်းယောက်ျားအမျိုးကောင်းသားတို့မှ သာသနာတော်သို့ဝင်ရောက် လာပြီး ရဟန္တာဖြစ်လာတဲ့ တပည့်သာဝကတစ်သောင်း၊ စုစုပေါင်း ရဟန္တာ နှစ်သောင်းခြံရံလျက် တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ကြွချီတော်မူလာ သကွယ့်။ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ယူဇနာ(၆၀)ကွာဝေးရာ ရက်ပေါင်း(၆၀)ကြာမည့် ခရီးရှည်ကြီးဖြစ်တယ်ကွယ့်။ ကပိလဝတ်ပြည်သို့ ကဆုန်လပြည့်ကျော်(၁)ရက်နေ့ရောက်ရန် ချိန်ဆပြီးကြွတော်မူခြင်းဖြစ်တယ်။ အဲဒီအချိန်အခါမှာ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် ဆိုတဲ့ အဂ္ဂသာဝကမထေရ်ကြီးနှစ်ပါးဟာ မြတ်စွာဘုရားထံမှောက်ရောက်တော်မူ ကြပြီး အဂ္ဂသာဝကအဖြစ် ခန့်ထားတော်မူပြီးဖြစ်တယ်။ ဒါပေမယ့် ထိုအရှင် နှစ်ပါးဟာ မြတ်စွာဘုရားနှင့်အတူလိုက်ပါသွားတော်မမူကြပဲ သူတို့၏ တပည့် သာဝက ရဟန္တာငါးရာနှင့်အတူတကွ ဝေဠုဝန်ကျောင်းတော်ကြီးမှာ စောင့် ရှောက်နေထိုင်တော်မူခဲ့ကြတယ်။

'ခရီးထွက်ပြီးနောက်တစ်ရက် နေ့အရုဏ်အတက်မှာ ရဟန္တာအရှင်မြတ် ကာဠုဒါယီမထေရ်ကြီးဟာ ကလ္လဝိစျာန်အဘိညာဉ်တန်ခိုးဖြင့် ခမည်းတော် သုဒ္ဓေါဒနထံ ကြိုတင်သတင်းကောင်းပို့ရန် ကောင်းကင်ခရီးဖြင့် ကပိလဝတ် နေပြည်တော်သို့ ကြွသွားတော်မူတယ်။ သုဒ္ဓေါဒနမင်းကြီး၏နန်းရင်ပြင်ကို သက်ဆင်းကြွရောက်လာတဲ့ ကာဠုဒါယီမထေရ်မြတ်ကို မင်းကြီးဖူးတွေ့လိုက် ရတော့ လွန်စွာဝမ်းမြောက်သွားရှာပြီး နန်းတော်တွင်းသို့ ပင့်တော်မူတယ်။ နန်းတော်တွင်းမှ နေရာထိုင်ခင်းပြုလုပ်ပြင်ဆင်ပြီး သီတင်းသုံးနေထိုင်တော် မူစဉ် မြတ်စွာဘုရား စတင်ခရီးထွက်လာပုံအကြောင်းကို ကြားကြရတော့ တစ်နန်းတော်လုံး အုန်းအုန်းကျွက်ကျွက် ပျော်ရွှင်မဆုံးဖြစ်ကြတယ်။

'မင်းကြီးဟာ အရှင်ကာဠုဒါယီထံမှ သပိတ်ကိုလှမ်းယူပြီး ခဲဘွယ်ဘောဇဉ်တို့ဖြင့် အပြည့်ဖြည့်၍ဆက်ကပ်တော့ ကာဠုဒါယီမထေရ်ဟာ နန်းတော်မှ ထွက်ခွာရန်ပြင်ဆင်တော်မူတယ်။ 'အခုရရှိသော ဆွမ်းခဲဘွယ်ဘောဇဉ်များကို ရှင်တော်ဘုရားအားဆက်ကပ်ပြီး ကျန်တာကို သူဘုဉ်းပေးမည်'လို့ ဘုရင်ကြီးကိုရှင်းပြတယ်။ အဲဒီတော့မှ 'ဒီဆွမ်းများကို အရှင်ဘုရားနန်းတော်ပေါ်မှာပဲ ဘုဉ်းပေးတော်မူပါ။ သားတော်ကြီး ဗုဒ္ဓမြတ်စွာဘုရားရှင်အတွက် ထပ်မံ၍ဆွမ်းသပိတ်တစ်လုံး ဆက်ကပ်လှူဒါန်းပါမည်'ဟု လျှောက်ထားသကွယ့်။ အရှင်ကာဠုဒါယီမထေရ်ကြီး ဆွမ်းကိစ္စပြီးတော်မူ၍ စန္ဒကူးနံ့သာရည်များဖြင့်သန့်စင်စေကာ မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ဖြည့်၍ ဆက်ကပ်သကွယ့်။ 'အရှင်ဘုရား နေ့စဉ် ဤသို့ပင်ကြွလာတော်မူပါ။ သားတော်ကြီးအတွက်လည်း နေ့စဉ်ပင် ရွှေနန်းတော်မှပင် ဆွမ်းကိစ္စပြည့်စုံစေပါမည်'ဟု လျှောက်ထားတော်မူတယ်။ အရှင်ကာဠုဒါယီမထေရ်လည်း ရှင်တော်မြတ်ဘုရားအတွက် ဆွမ်းသပိတ်ကိုယူဆောင်ပြီး ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား သီတင်းသုံးရောက်ရှိရာနေရာသို့ ကြွသွားတော်မူသကွယ့်။

'ဤသို့ဖြင့် ကာဠုဒါယီမထေရ်ကြီးသည် ကပိလဝတ်ရွှေနန်းတော်သို့ နေ့စဉ်ရက်ဆက် ကြွတော်မူလာပြီး ရှင်တော်ဘုရားအကြောင်းအရာ သတင်းမျိုးစုံကို ဘုရင်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့ကို ကြိုတင်ပြောကြားတော်မူတယ်။ ဆွေတော်မျိုးတော်တွေကလဲ မြတ်စွာဘုရားအပေါ် နေ့စဉ်သဒ္ဓါကြည်ညိုစိတ်ထက်သန်စွာဖြင့် ကပိလဝတ်ပြည်ဝင်ရက်ကိုသာ မျှော်မှန်းနေကြသကွယ့်။

'ခမည်းတော်သုဒ္ဓေါဒနမင်းကြီးရဲ့နန်းတော်ကို အရှင်ကာဠုဒါယီမထေရ်က နေ့စဉ်ကြွလာပြီး ဆွမ်းဘုဉ်းပေးတဲ့အကြောင်း၊ ရှင်တော်မြတ်ဘုရားအတွက်လည်း ဆွမ်းသပိတ် နေ့စဉ်ယူဆောင်သွားတဲ့အကြောင်း၊ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်နှစ်သောင်းတို့ဟာ ဘယ်ဌာနရောက်နေပြီ၊

လမ်းခရီးတလျှောက်မှာလည်း သောင်းသောင်းဖြဖြ ဘယ်လိုထွက်ကြို ဖူးမျှော်ကြတယ်၊ ပရိသတ်ကြီးများအား တရားရေအေး ဘယ်လိုတိုက်ကျွေးတော်မူတဲ့အကြောင်း စသည်တို့ကို မောင်ဝဏ္ဏကို ပြောပြပြီးပြီနော်။

'သုဒ္ဓေါဒနအရှင်မင်းကြီးနဲ့ ဆွေတော်မျိုးတော်အပေါင်းတို့ဟာ ရှင်တော်ဘုရားနှင့် နောက်ပါသံဃာတော်တွေ ကပိလဝတ်နေပြည်တော်ကိုဆိုက်ရောက်လာရင် ဘယ်လိုခရီးဦးကြိုကြမယ်၊ ဘယ်နေရာဌာနမှာ သီတင်းသုံးနေထိုင်ကြဖို့ စီစဉ်မယ့်စကားတွေကို ကြိုတင်ဆွေးနွေး တိုင်ပင်စီစဉ်ကြတယ်ကွယ့်။

'မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်များကို နိဂြောဓသာကီဝင်မင်းရဲ့ ဥယျာဉ်တော်မှာ သီတင်းသုံးဖို့စီစဉ်ကြပြီး နိဂြောဓာရုံကျောင်းတော်ကြီးလို့ သတ်မှတ်ကြတယ်ကွယ့်။ ပြည်တော်ဝင်ကြိုဆိုမှု အစီအစဉ်များကိုလည်း စနစ်တကျစီစဉ်ကြတယ်။ မြတ်စွာဘုရားသခင်နှင့်သံဃာတော်များ မြို့တော်သို့ ဆိုက်ရောက်လာသောအခါ မြို့နေလူထု၏ သားငယ်သမီးငယ်များကို အဆင်တန်ဆာအပြည့်အစုံဝတ်ကြပြီး ရှေ့တန်းမှကြိုဆိုကြစေတယ်ကွယ့်။ အဲဒီနောက်ကမှ အဆင်တန်ဆာအပြည့်အစုံဆင်ယင်ထားကြတဲ့ မင်းသားမင်းသမီးငယ်တို့ကို လိုက်ပါစေကြတယ်။ နောက်ဆုံးကမှ ဆွေတော်မျိုးတော် လူကြီးပိုင်းက နံ့သာပန်း နံ့သာမှုန့် စသည်တို့နှင့် ပူဇော်လျက် မြတ်စွာဘုရားကို နိဂြောဓာရုံဥယျာဉ်သို့ ပင့်ဆောင်ကြသကွယ့်။

'နိဂြောဓာရုံဥယျာဉ်မှာတော့ မြတ်စွာဘုရားသီတင်းသုံးရန် ဓမ္မာသနပလ္လင်ကို အဆင်သင့်ပြင်ဆင်ထားတဲ့အတိုင်း ရဟန္တာအပေါင်းနှစ်သောင်းခြံရံလျက် သီတင်းသုံးထိုင်တော်မူပြီး ပရိသတ်ကိုကြည့်ရှုတော်မူလိုက်တယ်။ အဲဒီမှာ သာကီဝင်မင်းတို့ဟာ ဇာတိမာန်ထောင်လွှား ခက်ထန်သူများဖြစ်တဲ့အတိုင်း 'သိဒ္ဓတ္ထမင်းသားဟာ ငါတို့ရဲ့ညီငယ် တူငယ် သားငယ် မြေးငယ်သာဖြစ်တယ်။ ငါတို့အောက် အသက်ငယ်သူသာဖြစ်တယ်'လို့ စိတ်မှာတွေးတောကြပြီး ငယ်ရွယ်သူ မင်းညီမင်းသားတို့အား 'အမောင်တို့က ရှိခိုးကြကုန်လော့၊ ငါတို့က အမောင်တို့နောက်ကထိုင်ကြမည်'ဟုပြောဆိုပြီး

မြတ်စွာဘုရားကို မရှိခိုးကြပဲ မင်းသားငယ်တို့နောက်ကွယ်မှသာ နေရာယူခဲ့ကြတယ်ကွယ့်။

'မြတ်စွာဘုရားဟာ သာကီဝင်မင်းမျိုး ဆွေတော်မျိုးတော်ကြီးများရဲ့ ဇာတိမာန်ပြင်းပြတဲ့ အတွင်းစိတ်သန္တာန်ကို သိမြင်တော်မူတယ်ကွယ့်။ ဒါကြောင့် 'သက်ကြီးရွယ်ကြီး ဆွေတော်မျိုးတော်များဟာ သက်ရွယ်ကြီးတဲ့ မာနစိတ်နှင့် ငါ့ကို ရှိမခိုးကြပါလား၊ မြတ်စွာဘုရားတို့မည်သည် ဘယ်သို့ သဘောရှိသလဲ၊ ဘယ်သို့ တန်ခိုးစွမ်းရည်များရှိသလဲဆိုတာ မသိကြပါလား၊ ဘုရားတို့ရဲ့တန်ခိုးအားအစွမ်းများကို ဖော်ထုတ်ပြမှသင့်လျော်ပေမည်'ဟု ကြံရွယ်ပြီး ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကိုပြတယ်ကွယ့်။

'ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ(ယမိုက်ပြာဋိဟာ)ဆိုတာ မြတ်စွာဘုရားရဲ့ အထက်အောက် ရှေ့နောက်ဝဲယာ မျက်စိတော် နားတော် နှာတော် လက်တော် ပခုံးတော် နံပါးတော် လက်တော် ခြေတော် မွေးညှင်းတော်တို့က နေပြီး ခရေအလျဉ် အခုမီးလျှံ အပြန်ပြန်ပြောင်းလဲကြည့်ရှုလိုက်တိုင်း အစဉ်ပြောင်းလဲစေတဲ့ တန်ခိုးပြပုံပဲကွယ့်။ မြတ်စွာဘုရားဟာ ဩဒါတ ကသိုဏ်း အာရုံပြုပြီး စတုတ္ထစျာန်ဝင်စားတယ်။ အဲဒီစျာန်မှထပြီး စကြဝဠာ တိုက်တစ်သောင်းကို အလင်းရောင်ပြန့်နှံ့စေတယ်။ အဲဒီအလင်းရောင်ကြီး ပေါ်လာလို့ လူအများဝမ်းသာအံ့ဩနေစဉ် ရှင်တော်မြတ်ဘုရားဟာ ကောင်းကင်မိုးယံသို့ ပျံတက်သွားပြီး ယမိုက်ပြာဋိဟာကို ပြတယ်ကွယ့်။ ဆွေတော်မျိုးတော်တွေရဲ့ ဦးခေါင်းများပေါ်လဲ ရေမှုန်မီးမှုန်ကလေးများဟာ မြတ်စွာဘုရားရဲ့ခြေဖဝါးတော်မှ ဖုန်မှုန့်ကလေးများသဖွယ် တဖွဲဖွဲကျလာတယ်။

'ဤအံ့ဖွယ်သရဲ ထူးဆန်းသည့်အချင်းအရာများကိုမြင်ကြရတဲ့ နတ်ဗြဟ္မာလူအပေါင်းတို့ဟာ ရှင်တော်ဘုရား၏ဂုဏ်တော်များကို တစိမ့်စိမ့်ချီးကျူး အံ့ဩနေကြစဉ်မှာပဲ သုဒ္ဓေါဒနမင်းကြီးလဲ ဝမ်းမြောက်ကြည်ညိုစွာသဒ္ဓါလွန်ကဲလျက် 'ရှင်တော်မြတ်ဘုရား၊ ရှင်တော်မြတ်ဘုရား မွေးဖွားပြီးစအချိန်က ကာလဒေဝိလရသေ့ကြီးအား ရှိခိုးစေရန် လက်နှစ်ဖက်ကိုယုက်ပေးစဉ်



တာဝတိံသာမှသင်္ကဿနဂိုရ်ပြည်သို့ဆင်းခန်း

အိန္ဒိယနိုင်ငံ၊ ဆန်ချီ ဘီစီ ၁-ရာစု။

အရှင်ဘုရားခြေတော်အစုံသည် ကောင်းကင်သို့ပျံတက်ကာ ရသေ့ကြီး၏ ဦးခေါင်းပေါ်၌သွား၍ ရပ်တည်နေခဲ့ပါသည်။ ထိုအချိန်က ဣျနိပ်သည် ရှင်တော်မြတ်အား ပထမအကြိမ်ရှိခိုးခဲ့ပါသည်။ နောက် လယ်ထွန်မင်္ဂလာ သဘင် ကျင်းပသောနေ့ကလည်း ရှင်တော်မြတ်နေထိုင်ရာ သပြေပင်ကြီး၏ အရိပ်သည် မရွေ့မပြောင်းရပ်တည်နေသည်ကို တအံ့တသြတွေ့ရ၍ ဒုတိယ အကြိမ်ရှိခိုးခဲ့ပါသည်။ ယနေ့လည်း လွန်စွာထူးကဲသည့် အံ့ဖွယ်အချင်းအရာ တန်ခိုးပြာဋိဟာများကို တွေ့မြင်ဖူးမျှော်ရ၍ တတိယအကြိမ်မြောက်ရှိခိုးပါ၏' ဟု နှုတ်မြွက်ဖော်ထုတ်ကာ ကာယကံမြောက် လက်အုပ်မိုး၍ ရှိခိုးလိုက်တယ် ကွယ့်။

'အဲဒီလို ဖခင်ဘုရင်မင်းမြတ်ကြီးကိုယ်တိုင်က သားတော်မြတ်စွာဘုရား အား ရှိခိုးကန်တော့တာကိုမြင်ကြရမှ သာကီဝင်မင်းကြီးငယ်အပေါင်းတို့ဟာ တစ်ဦးတစ်ယောက်မျှ ရှိမခိုးပဲမနေနိုင်ကြတော့ဘူးကွယ့်။ သာကီဝင်မင်း မာနအိုးအပေါင်းအားလုံး တစ်ယောက်မကျန် ရှင်တော်မြတ်ဘုရားအား ရှိခိုး၍ အရိုအသေပြုကြတော့တယ်။

'မြတ်စွာဘုရားဟာ ရေမီးအစုံတန်ခိုးပြာဋိဟာပြပြီးတဲ့နောက် ကောင်း ကင်ပြင်မှာ စကြဝဠာတိုက်တစ်သောင်းကျယ်ပြန့်တဲ့ ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းလိုက်တယ်။ စကြဝဠာတိုက်တစ်သောင်း အရှေ့ဘက်စွန်းထိပ်က စခဲ့တဲ့ ရတနာစင်္ကြံကြီးဟာ နောက်ဘက်စွန်းထိပ်ထိ ကျယ်ပြန့်သတဲ့။ အဲဒီစင်္ကြံတော်ကြီးတစ်လျှောက် မြတ်စွာဘုရားဟာ ရှေ့နောက် လူးလာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်နေတော်မူစဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအားလုံး စုဝေးရောက်လာကြပြီးလျှင် နတ်တို့၌သာထိုက်တန်သော နတ်ပန်းမျိုးစုံကြဲဖြန့်၍ ပူဇော်ကန်တော့ကြသတဲ့။ စကြဝဠာတိုက်တစ်သောင်း တစ်ဝန်း အပိတ်အပင်အတားအဆီးမရှိ ဟင်းလင်းပြင်ကြီးသဖွယ် ဘုရား ရှင်၏တန်ခိုးတော်ကြောင့်ဖြစ်ပေါ်နေပြီး အလင်းရောင်များပြည့်နှက်နေတယ်။ အဲဒီတော့ နတ်ဗြဟ္မာတို့ကလည်း လူတို့ကို မြင်ကြရသတဲ့၊ လူတွေကလည်း နတ်ဗြဟ္မာတို့ကို ထင်လင်းစွာမြင်ကြရသတဲ့ကွယ်။

'အဲဒီလို ကပိလဝတ်ပြည်ကောင်းကင်ယံမှာ ရတနာစင်္ကြံကြီးဖန်ဆင်းပြီး ရှင်တော်မြတ်ဟာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံကြွနေတော်မူပုံကို ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးကျန်ရစ်တော်မူခဲ့တဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကလှမ်း၍ တန်ခိုးတော်ဖြင့် မြင်တော်မူသကွယ့်။ အဲဒီတော့ ရဟန္တာအရှင်မြတ်ကြီးက 'ရှင်တော်မြတ်ဘုရားဟာ စင်္ကြံကြွတော်မူစဉ် စုဝေးရောက်ရှိနေကြတဲ့ နတ်လူပြဟ္မာအပေါင်းကို တရားဒေသနာချီးမြှင့်တော်မူတော့မယ်။ အဲဒီအချိန်အခါ မြတ်စွာဘုရားဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ ဘယ်လိုဘုန်းတန်ခိုးစွမ်းအင်အနန္တနှင့်ပြည့်စုံသလဲ၊ သတ္တဝါအပေါင်းကို ကရုဏာကြီးမားလှသဖြင့် သံသရာဝဋ်ဆင်းရဲမှကယ်တင်ရန် ဘယ်လိုပါရမီတွေဖြည့်ခဲ့ရသလဲ၊ ဘယ်လိုအကျင့်မြတ်တွေ ကျင့်ခဲ့ရသလဲဆိုတဲ့ ဗုဒ္ဓဖြစ်တော်စဉ် ဗုဒ္ဓဝင်တရားတော်ကိုဟောကြားလျှင် အဝိဇ္ဇာဖုံးလွှမ်းသောကြောင့် မျိုးနွယ်မာန ထောင်လွှားဝင့်ဝါနေကြတဲ့ သာကီဝင်မျိုးနွယ်များ၏ မာနကို ချိုးနှိမ်ဆုံးမ၍ ကောင်းကျိုးဖြစ်စေသည်သာမက စကြဝဠာတိုက်တစ်သောင်းက စုဝေးရောက်ရှိလာတဲ့ နတ်ပြဟ္မာအပေါင်းသည်လည်း ကိလေသာကုန်ဆုံး၍ နိဗ္ဗာန်လမ်းစံမြန်းနိုင်ကြပေမည်လို့ တွေးတောကြံစည်စဉ်းစားမိသကွယ့်။

'အဲဒီလိုစဉ်းစားမိတာနဲ့တစ်ပြိုင်နက် အရှင်သာရိပုတ္တရာမထေရ်ကြီးသည် တပည့်ရဟန်းငါးရာကို ခေါ်ဆောင်ကာ ကပိလဝတ်ပြည်သို့ ရှာန်တန်ခိုးများဖြင့် ကြွသွားတော်မူသတဲ့။ ပြီးတော့ ကောင်းကင်ယံမှာပဲ စင်္ကြံကြွတော်မူနေတဲ့ မြတ်စွာဘုရားအား ပူဇော်ကန်တော့ကြသတဲ့။ အဲဒီအချိန်မှာပဲ ရှင်မောဂ္ဂလာန်နှင့် အရှင်မဟာကဿပမထေရ်မြတ်ကြီးများလည်း ရောက်ရှိလာကြသတဲ့၊ အဲဒီလို ရဟန်းရှင်လူနတ်ပြဟ္မာအပေါင်း စကြဝဠာတိုက်တစ်သောင်းမှ စုံစုံညီညီစုဝေးမိတဲ့အခါမှာ အရှင်သာရိပုတ္တရာမထေရ်ကြီးက လက်ဝဲတစ်ဖက်ပခုံးထက်၌ လက်ကန်တော့စံပယ်တင်ပြီးလျှင် ဘုရားဆုပန် နိယတဗျာဒိတ်တော်ခံယူတော်မူသည်မှစ၍ ဘုရားဖြစ်တော်မူသည့်

တိုင်အောင် ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကို ဟောကြားတော်မူပါရန် ဂါထာများနှင့် မေးလျှောက်တော်မူသကွယ့်။

'အဲဒီလို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက တောင်းပန်လျှောက်ထားတော့ တို့ရဲ့ဂေါတမရှင်တော်မြတ်ဘုရားက ဒီပင်္ကရာမြတ်စွာဘုရားအစ ကဿပမြတ်စွာဘုရားတိုင်အောင် နှစ်ကျိပ်လေးဆူသော မြတ်စွာဘုရားတို့၏ အမည်အမျိုးနွယ်စသည့် ဗုဒ္ဓဝင်များကို ရှေးဦးဟောကြားသတဲ့။ နောက်ဆုံးမှာ မိမိရဲ့ဗုဒ္ဓဝံသ(ဂေါတမဗုဒ္ဓဝင်)ကိုလည်း ပြည့်ပြည့်စုံစုံဟောကြားတော်မူခဲ့သကွယ့်။ အဲဒီလို ရှင်တော်မြတ်ဘုရားဟောကြားတော်မူခဲ့တဲ့ နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ဖြစ်တော်စဉ် ကျင့်တော်စဉ်များကို ဗုဒ္ဓဝံသပါဠိတော်ဟု ပိဋကတ်သုံးပုံ၊ သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၌ ထည့်သွင်းပူဇော်ထားသကွယ့်။ အဲဒီ ဗုဒ္ဓဝံသပါဠိတော်ကိုအခြေပြုပြီး အဋ္ဌကထာဋီကာနှင့် အခြား ကျမ်းကြီးကျမ်းငယ်အသွယ်သွယ်တို့ကို ကိုးကား၍ ပထမတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တော်ရ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက 'နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်'ဟု အတွဲ(၆)တွဲ၊ အုပ်ရေ(၈)အုပ်ပါရှိသည့် မဟာဗုဒ္ဓဝင်ကျမ်းကို ပြုစုထားတော်မူသကွယ့်။

'အေး၊ မောင်ဝဏ္ဏတို့ကို ဘိုးဘိုးအခုလိုပြောပြနေနိုင်တာ အဲဒီကျမ်းတော်ကြီးကျေးဇူးများကြောင့် တစ်ဆင့်ပြန်ပြောနိုင်တာပဲကွယ့်။ တိုက်ဆိုင်ပတ်သက်လို့ပြောဦးမယ်။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၏ အလွန်ထူးခြားပြည့်စုံတဲ့ ဤမဟာဗုဒ္ဓဝင် အတွဲ(၆)တွဲ၊ အုပ်ရေ(၈)အုပ်ရှိတဲ့ ကျမ်းကြီးကျမ်းမြတ်ကို မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ(ငြိမ်း) ဦးကိုလေးနှင့် ရန်ကုန်တက္ကသိုလ် မန္တလေးတက္ကသိုလ်များတွင် ပါဠိပါမောက္ခအဖြစ်ထမ်းရွက်ခဲ့တဲ့ ပါမောက္ခဦးတင်လွင်တို့နှစ်ဦးက အပြည့်အစုံတိတိကျကျ အင်္ဂလိပ်ဘာသာနှင့် ပြန်ဆိုရေးသားထုတ်ဝေပြီးလို့ မြန်မာပြည်တွင်သာမက ကမ္ဘာတစ်ဝန်း ရှင်တော်ဘုရားများရဲ့ဖြစ်တော်စဉ်များကို ဖတ်ရှုကြည်ညိုကြရလို့ အလွန်ကျေးဇူးများလှသကွယ့်။

'အေး၊ ပြောလက်စအကြောင်း ပြန်ဆက်ရအောင်။ ဘိုးဘိုးပြောပြခဲ့သလို ကပိလဝတ်နေပြည်တော် အထက်ကောင်းကင်ယံကနေပြီး ရတနာစင်္ကြံတော်ကြီးထက်မှာ စင်္ကြံလျှောက်ရင်း အရှင်သာရိပုတ္တရာမထေရ်ကြီး တောင်းပန်လို့ ဗုဒ္ဓဝံသတရားတော်ကြီး ဟောပြခဲ့တယ်။ အဲဒီတရားတော်ဖြင့် ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏ ဦးခေါင်းဝပ်လျှိုး မာန်စွယ်ကျိုးခါ ရှိခိုးစေပြီးနောက် ရှင်တော်ဘုရားသည် ကောင်းကင်မှသက်ဆင်းခါ အသင့်ပြင်ထားသော ဓမ္မာသနပလ္လင်တွင် သီတင်းသုံးနေတော်မူသကွယ့်။ အဲဒီလို ဆွေတော်မျိုးတော်များအလယ် အပူဇော်ခံယူနေစဉ် ထူးဆန်းသော ပေါက္ခရဝဿမိုးကြီး ရွာသွန်းချလိုက်တယ်။

'ပေါက္ခရဝဿမိုး ဆိုတာ ကြာရွက်အဆင်းရှိသောရေ၊ နီမြန်းသော အဆင်းရှိသောရေလို့ အဓိပ္ပာယ်ရတယ်။ ထူးခြားချက်က ဒီမိုးကြီးရွာနေတုန်းမှာ စွတ်စိုလိုတဲ့သူများကိုသာ မိုးရေစိုစွတ်သတဲ့၊ မစွတ်စိုလိုသူများအပေါ် မိုးရေတစ်စက်မှ မကျဘူးတဲ့ကွယ်။ အဲဒီလိုအံ့ဖွယ်သရဲဖြစ်တဲ့ ထူးခြားတဲ့မိုးရွာပုံအကြောင်း ဆွေတော်မျိုးတော်များ ပြောဆိုနေကြပုံများကို ကြားသိရသော ရှင်တော်ဘုရားက 'ယခုလို ထူးခြားတဲ့မိုးကြီးမျိုး ဒီတစ်ခါသာ ရွာဘူးသည် မဟုတ်။ ရှေးအခါကလည်း ဆွေတော်မျိုးတော်များအစုံအညီ စုဝေးပွဲကြီး တစ်ခု၌ ယခုကဲ့သို့ ပေါက္ခရဝဿမိုးကြီး ရွာချခဲ့ဘူးပြီ'ဟု အတိတ်အကြောင်းအရာစုံကို ပြောပြ၍ ဝေဿန္တရာဇာတ်တော်ကြီးအား ဟောကြားတော်မူသကွယ့်။

'အဲဒီတရားပွဲကြီး ပြီးဆုံးသွားပြီးနောက် ဆွေတော်မျိုးတော်တွေဟာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အုပ်စုလိုက်ထပြီးပြန်သွားကြသကွယ့်။ 'နက်ဖန်ခါ တပည့်တော်တို့လှူဒါန်းသည့်ဆွမ်းကို အလှူခံပါ'လို့ပင် ပင့်ဖိတ်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိဘူးတဲ့ကွယ်။ အခုခေတ်မှာလဲ ဘုရားတရားနှင့် မနီးစပ်သူများဟာ အဲဒီလိုပဲမေ့လျော့ပြီး သဒ္ဓါထက်သန်မှုမရှိကြဘူးကွယ့်၊ ကုသိုလ်ကောင်းမှု ပြုရကောင်းမှန်းမသိကြဘူးကွယ့်၊ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကတော့ သဒ္ဓါတရားနည်းပါးလို့မဟုတ် မေ့လျော့လို့မဟုတ် သူ့ရဲ့သားတော်

ဟာ သူအထူးဖိတ်ကြားထားချက်ကြောင့် ကပိလဝတ်ပြည်သို့ကြွလာတော်မူတာဖြစ်ပြီး လမ်းခရီးမှာလည်း သူ့နန်းတော်ကပဲ ဆွမ်းပို့ဆက်ကပ်ခဲ့တာဖြစ်တယ်။ ဒါကြောင့် ဆွမ်းအလို့ငှာအခြားကြွသွားစရာမရှိ၊ သူ့နန်းတော်ကိုသာကြွလာမှာပဲဟု တွေးတောပြီး နန်းတော်ကိုပြန်ကြွသွားတယ်။ နောက်တစ်ရက် ဘုရားအမှူးပြုသော သံဃာတော်နှစ်သောင်းအား ဆက်ကပ်လှူဒါန်းရန် ယာဂုဆွမ်းစသည်များ အသင့်ပြင်ဆင်ချက်ပြုတ်၍ နေရာထိုင်ခင်းများကို ပြင်ဆင်ထားရန် စီမံခန့်ခွဲနေသတဲ့ကွယ်။

'နောက်တစ်နေ့နံနက်မှာ ဆွမ်းကိစ္စအတွက် မည်သည့်အစီအစဉ်မှမရှိလို့ ရှင်တော်မြတ်ဘုရားနှင့် နောက်ပါသံဃာတော်နှစ်သောင်းဟာ နိဂြောဓရုံ ယာယီစံကျောင်းမှထွက်ခွာကြပြီး ကပိလဝတ်ပြည်တော်တွင်းသို့ဆွမ်းခံရန် ဝင်ရောက်တော်မူလာကြသတဲ့။ နေပြည်တော်တံခါးဝမှာ ခေတ္တရပ်နားပြီး ရှင်တော်မြတ်စွာဘုရားဟာ ရှေးအတိတ်ကိုဆင်ခြင်တော်မူသတဲ့။ 'ငါ၏ နောင်တော်နောင်တော်များဖြစ်ကြတဲ့ ရှေးသဗ္ဗညုတဘုရားရှင်များဟာ မိမိတို့ နေပြည်တော်မှာ ရှေးဦးဆွမ်းခံဝင်တော်မူချိန်က မည်ကဲ့သို့ဆောင်ရွက်တော်မူခဲ့ကြသနည်း၊ သူဌေးသူကြွယ်မှူးမတ်အိမ်ယာ ဆင်းရဲသားတဖြာ ခွဲခြားကာ ဆွမ်းခံကြွတော်မူကြသလော၊ မခွဲမခြား အိမ်စဉ်တိုင်းသာလျှင် ရပ်တော်မူကြသလော'ဟု သုံးသပ်ရာတွင် မျက်နှာမလိုက် အိမ်တိုင်းစေ့ ဆွမ်းရပ်တော်မူကြောင်း သိမြင်တော်မူသဖြင့် ရှင်တော်ဘုရားလည်း ကပိလဝတ်ပြည်ဝင်တဲ့အခါမှစ၍ အိမ်တိုင်း၌ဆွမ်းရပ် အလှူခံကြွဝင်တော်မူခဲ့သတဲ့ကွယ်။

'ရှင်တော်မြတ်ဘုရားနှင့် နောက်ပါသံဃာနှစ်သောင်း မြို့တံခါးမှစပြီး အိမ်တိုင်း၌ရပ်၍ ဆွမ်းခံလာနေကြောင်းသတင်းဟာ တစ်မဟုတ်ချင်း ကပိလဝတ်ပြည်တွင်း၌ ပျံ့နှံ့သွားတယ်ကွယ့်။ ယသော်ဓရာဒေဝီမိဖုရားကြီးလည်း အဲဒီသတင်းကြားတာနဲ့တပြိုင်နက် လေသာပြတင်းပေါက်ကပြေးပြီး အောက်ကိုလှမ်းမျှော်ကြည့်ရှုသတဲ့။ အရင်က သိဒ္ဓတ္ထမင်းသားဘဝနှင့် မြို့တော်လမ်းမပေါ် ကြွရောက်တော်မူလျှင်ပင် မင်းဝတ်တန်ဆာများဆင်ယင်၍

ဆင်တော် မြင်းတော် ရထားတော်တို့နှင့် အလွန်ခမ်းနားတင့်တယ်ကျက်သရေ ရှိလှပေတယ်။ ယခုတော့ ဦးခေါင်းက ဦးပြည်း၊ ဖန်ရည်စွန်းအဝတ်ကို ဝတ်ဆင်ပြီး ဆွမ်းစားရန် အနားတိုခွက်မြည်းကို ကိုင်စွဲကာ ကြွမြန်းတော်မူတာ တင့်တယ်မှုရှိပါရဲ့လား' လို့ အရပ်စကားနှင့်ပြောရလျှင် ကြည့်လို့ရှုလို့မှ ကောင်းပါ့မလားဟု ပူပန်ရှာသတဲ့ကွယ်။

'နန်းတော်ပြတင်းက မြင်လိုက်ရတဲ့မြင်ကွင်းဟာ မိဖုရားကြီးအတွက် အလွန်ကြည်နူးသွားစေတယ်။ ရှင်တော်ဘုရားရဲ့အသရေတော်ဟာ လွန်စွာ ရွှန်းတင့်ပြီး လက္ခဏာကြီးလက္ခဏာငယ်များနှင့် ကျက်သရေရှိလှတယ် ကွယ့်။ ရောင်ခြည်ခြောက်သွယ်ဖြင့် ထွန်းလင်းတောက်ပစွာ ခြေတစ်လှမ်းပြီးတစ်လှမ်း ဖြည်းညင်းစွာလျှောက်သွားတော်မူနေတဲ့ မြတ်စွာဘုရားကို မြင်ရတာနှင့် ဝမ်းမြောက်ရွှင်မြူးပြီး သားတော်ကလေးရာဟုလာကိုခေါ်၍ လက်ညှိုးညွှန်ပြရှာတယ်။ ရှင်တော်မြတ်ဘုရားရဲ့ဂုဏ်ကျက်သရေအပေါင်းကို တစ်ခုစီတစ်ခုစီကို ဖွဲ့ဆိုသီကျူးတဲ့ ဂါထာ(၁၀)ပုဒ်ဖြင့် ပူဇော်သတဲ့၊ ဦးခေါင်း တော် လက်မောင်းတော် ခြေတော်အစုံ ကိုယ်လုံးတော်စသည် တစ်ခုပြီး တစ်ခု ဂုဏ်ပြုပြီးတိုင်း သားတော်ကလေးကိုချစ်စနိုး 'တာတ=ချစ်သားမျက်ရှု မောင်ရာဟု'၊ 'သားချစ်သက်ညှာ ရာဟုလာ'ဟုခေါ်ပြီး အဲဒီသံဃာနှစ်သောင်း ခြံရံပြီး ဆွမ်းခံကြွလာတဲ့ လူနတ်ထွတ်မူး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးဟာ သာကီနန်းဖွား သင်ချစ်သား၏ လူဖြစ်စဉ်ရှေးကာလက 'မွေးဖနတ်ကျော် သင်၏ခမည်းတော်ဘုရားပေတည်း' လို့ ဂါထာတစ်ပုဒ်ဆုံးတိုင်း ထပ်ကာ ထပ်ကာ ပြောပြရှာတယ်။

'အဲဒီနောက်တော့ ယသော်ဓရာဒေဝီဟာ သုဒ္ဓေါဒနဘုရင်မင်းမြတ် ကြီးထံ အပြေးအလွှားသွားရောက်ပြီး ခမည်းတော်ဘုရား၏သားတော်ကြီး ဟာ မြို့တော်တစ်လျှောက် သံဃာတော်နှစ်သောင်းခြံရံလျက် တစ်အိမ်ပြီး တစ်အိမ် ဝင်ထွက်ဆွမ်းရပ်လျက်ရှိကြောင်း သတင်းပို့ပေးလိုက်တယ်။ ဘုရင် မင်းမြတ်ကြီးဟာ အဲဒီအချိန်မှာ အထူးပြင်ဆင်ထားတဲ့ နန်းတော်ဆောင်မှာ သားတော်ကြီးနှင့် သံဃာတော်များကို နံနက်ဆွမ်းဆက်ကပ်ကြဖို့ ကိုယ်တော်

တိုင် ကြည့်ရှုစိမ်နေတုန်းဖြစ်သကွယ့်။ သားတော်ကြီး ဆွမ်းလှည့်လည်ခံနေကြောင်း သတင်းကြားရသည်နှင့် လွန်စွာတုန်လှုပ်ချောက်ချားသွားရှာတယ်။ ဝမ်းနည်းပက်လက်ဖြစ်ပြီး သားတော်ရှိရာကို ပုဆိုးစ လက်တော်ဖြင့် မဆွဲပြီး လျင်မြန်စွာပြေးသွားရှာသကွယ့်။ 'ရှင်တော်မြတ်ဘုရား၊ တပည့်တော်ကို အဘယ်ကြောင့် အရှက်ခွဲရပါသလဲ၊ အရှင်ဘုရားနှင့် သံဃာတော်နှစ်သောင်းကို တပည့်တော်က ဆွမ်းပြည့်စုံစွာမကပ်နိုင်လို့အောက်မေ့ပြီး အခုလို အိမ်တိုင်းလိုက်လံ ဆွမ်းခံနေရပါသလား' မချိတင်ကဲလျှောက်ထားသကွယ့်။ ရှင်တော်မြတ်ဘုရားက 'ခမည်းတော်မင်းကြီး၊ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်းကျင့်ဝတ်မှာ ငါဘုရားတို့၏အနွယ်စဉ်ဆက် ဆင်းသက်လာသောကျင့်ဝတ်ဖြစ်ပေသည်'ဟု ပြန်ကြားမိန့်မြွက်တော်မူသကွယ့်။

'ဘုရင်မင်းမြတ်ကြီးက 'သားတော်မြတ်ဘုရား၊ ကျွန်ုပ်တို့၏မျိုးနွယ်သည် ကပ်ဦး၁၀စ မဟာသမ္မတမင်းများမှ အနွယ်မပြတ်ဆင်းသက်ခဲ့သော ခတ္တိယအနွယ် မဟုတ်ပါလော။ ထိုမဟာသမ္မတ ခတ္တိယနွယ်စဉ်တလျှောက် ဘယ်မင်းမှ အိမ်စဉ်လျှောက်ပြီး ဆွမ်းရပ်ခဲ့သည်မရှိခဲ့ပါ'ဟု ပြန်လည်လျှောက်ထားသတဲ့။ အဲဒီတော့ ရှင်တော်မြတ်ဘုရားက အလွန်သံယောဇဉ်ကင်းစွာဖြင့် ပြတ်ပြတ်သားသား ဒီလိုမိန့်ကြားပြန်တယ်။ 'ခမည်းတော်မင်းကြီး၊ အဲဒီ ခတ္တိယသမ္မတအနွယ်အဆက်ဟာ အသင်မင်းကြီးရဲ့မျိုးနွယ်ဆက်ဖြစ်ပေတယ်။ ငါတို့၏အနွယ်မှာမူကား ဒီပင်္ကရာမြတ်စွာဘုရား၊ ကောဏ္ဍညမြတ်စွာဘုရားကအစ ကဿပမြတ်စွာဘုရားအဆုံးရှိတဲ့နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ဆက်နွယ်အစဉ်သည်သာ ငါတို့၏ဗုဒ္ဓဝင်ဖြစ်ပေတယ်။ ဤရှင်တော်ဘုရားများနှင့် ထို့ထက်အရင့်အရင် ဂင်္ဂါသဲပွင့်များမက ပွင့်တော်မူသွားပြီဖြစ်တဲ့ နောင်တော့်နောင်တော်ဘုရားရှင်များလည်း အိမ်စဉ်လှည့်လည်၍ ဆွမ်းရပ်ခြင်း၌မွေ့လျော်တော်မူခဲ့ကြပေတယ်'လို့ ရှင်းပြတော်မူပါတယ်။

'အဲဒီနောက် မြတ်စွာဘုရားက ခမည်းတော်ကြီးအား တရားတစ်ပုဒ်ချီးမြှင့်တော်မူတယ်ကွယ့်၊ 'သူတော်သူမြတ်ရဟန်းဆိုသည်မှာ ကောင်းသော

အသက်မွေးခြင်းအဖြစ် ဒကာဒကာမအိမ်များမှ ဆွမ်းခံဝတ်ကို ကျင့်ရသည်။ ဤသို့ ဖြူစင်သောဆွမ်းကျင့်ဝတ်ရှိသူရဟန်းသည် ယခုဘဝ နောင်ဘဝ၌ ချမ်းသာစွာနေရ၏'ဟု ဟောပြောပြီး အဆုံး၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ဟာ သောတာပတ္တိဖိုလ်၌ တည်သွားတယ်ကွယ့်။ သောတာပတ္တိဖိုလ်ဆိုတာ နိဗ္ဗာန်ရောက်ကြောင်းတရား အဆင့်လေးဆင့်မှာ အောက်ဆုံးအဆင့်ပေါ့။

'သောတာပန်အဖြစ်သို့ရောက်ရှိသွားတဲ့ သုဒ္ဓေါဒနမင်းမြတ်ကြီးဟာ ရှင်တော်ဘုရားထံမှ ဆွမ်းသပိတ်ကို ကိုယ်တိုင်လှမ်းယူတော်မူပြီး မြတ်စွာ ဘုရားနှင့် သံဃာတော်မြတ်တို့အား ရွှေနန်းတော်သို့ ဦးဆောင်ပင့်သွား တယ်ကွယ့်။ ရွှေနန်းတော်ရင်ပြင်မှာ အသင့်ပြင်ဆင်ထားရာ ဘုံပြာသာဒ်၌ နေထိုင်သီတင်းသုံးတော်မူပြီး မိထွေးတော်ဂေါတမီအား ဆွမ်းခံကျင့်ဝတ်၏ အကျိုးကျေးဇူးကိုပြသော တရားတစ်ပုဒ်ကို ထပ်မံဟောကြားပြန်တယ်။ အဲဒီမှာ မိထွေးတော်ဂေါတမီ မိဖုရားကြီးဟာ သောတာပတ္တိဖိုလ်၌တည်ပြီး သုဒ္ဓေါဒနမင်းကြီးက သကဒါဂါမိအဆင့်ရောက်သွားတယ်။ မင်းတို့ခေတ် စကားနှင့်ပြောရလျှင် တရားရာထူးမှာ ဒုတိယအဆင့်ကို ပရိုမိုးရှင်း ချက်ချင်း တက်သွားတာပေ့ါ။ အဲဒီနောက် မြတ်စွာဘုရားနှင့်သံဃာတော်အပေါင်းအား မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်များအား ဆက်ကပ်လှူဒါန်းပြီးနောက် နန်းတွင်းရှိ ဆွေတော်မျိုးတော်အပေါင်းနှင့် နန်းတွင်းပရိသတ်တို့ စုရုံး ရောက်ရှိလာကြကာ ရှိခိုးပူဇော်ကန်တော့ကြတယ်။ အဲဒီပရိသတ်ထဲမှာ ရာဟုလာမယ်တော် ယသောဓရာမိဖုရားနှင့် သူ့ရံရွေတော်များ မပါလာကြ ဘူးကွယ့်။ သူတို့အဆောင်များက ထွက်မလာကြဘူး။

'မောင်ဝဏ္ဏတို့ကို ဘိုးဘိုး ယခုပြောပြမယ့်အကြောင်းဟာ အလွန် စိတ်ဝင်စားစရာကောင်းတယ်။ ဇာတ်သဘင်ပြပွဲများမှာ ကြာမြင့်စွာ ကွဲကွာ နေခဲ့ကြတဲ့ ဇနီးမောင်နှံပြန်လည်တွေ့ဆုံကြတဲ့အခါ သက်ဆိုင်ရာ မင်းသား မင်းသမီးတို့ဟာ သဘာဝကျကျ အနုပညာသားပါပါ သီဆိုကပြ အသုံးတော် ခံခဲ့ကြတယ်မဟုတ်လား။ သူတို့ရဲ့ ကကြိုးကကွက် သီဆိုပုံဟာ ပရိသတ်က ရသခံစားကြရသကွယ့်။ ခွဲခွာနေကြရတုန်းက လွမ်းဆွေးတသ ပူပင်သောက

ရောက်ခဲ့ရတဲ့ အပူမီးနှင့်အလွမ်းရယ် ပြန်လည်တွေ့ဆုံရလို့ ပီတိလွှမ်းခါ ဝမ်းသာမိုးကြီးရွာချပုံတို့ကို သူ့ခမျာများ သဏ္ဌာန်လုပ် သရုပ်နှင့်တူအောင် တစ်ယောက်တစ်လှည့် ကြိုးပမ်းဖော်ထုတ်ကြရတယ်မဟုတ်ပါလား။

'အေး၊ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၅၀၀)ကျော်က ကပိလဝတ်မြို့တော် ရွှေနန်းတော်ဇာတ်ခုံကြီးပေါ်မှာ အစစ်အမှန်ဖြစ်ပေါ်ခဲ့တဲ့ ပြန်လည်တွေ့ဆုံပွဲဟာ လုပ်ဇာတ်သရုပ်ဖော် ကပြကြတဲ့ပုံမျိုးမဟုတ်ပဲ သဘာဝအတိုင်းဖြစ်ပေါ်ခဲ့တဲ့ အစစ်အမှန်ဇာတ်လမ်းဖြစ်တယ်ကွယ့်၊ ပိုပြီးစိတ်ဝင်စားရတာက မင်းသားခန်းမှာရောက်နေသူက ချစ်ဇနီးမယားနှင့် သားကလေးကို စွန့်ပစ်ထားခဲ့သူ သိဒ္ဓတ္ထမင်းသားဟာ ပြန်လည်တွေ့ရတော့ အာသဝေါတရား လုံးဝကုန်ခန်းပြီးသူ ရဟန္တာအစစ်ကြီးဖြစ်တော်မူတဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားပဲပေါ့ကွယ်။ မင်းသမီးအခန်းမှာကတော့ သာကီဝင်မျိုးဆက်မင်းသမီးတွေထဲမှ လက်ရွေးစင်ကောက်ယူခဲ့ရတဲ့ ယသော်ဓရာဒေဝီမိဘုရားကြီး ခြောက်နှစ်ပတ်လုံး သားကလေးရာဟုလာကို လက်ဆွဲပြီး သတင်းစကားကြားရနိုးနိုး မျှော်ကိုးခဲ့ရ ပူဆွေးခဲ့ရတဲ့ ပုထုဇဉ်မိဖုရား၊ လင်ယောကျ်ားစွန့်ပစ်ထားခံခဲ့ရတဲ့ မိန်းမသား။ အေး သူတို့နှစ်ဦးပြန်လည်ကြုံတွေ့ရတဲ့အကြောင်း ပြောပြရမှာ။ မောင်ဝဏ္ဏတို့ အလွန်သဘောကျမယ့်အခန်းပေါ့။

## ပါရမီဖြည့်ဖက်ယသော်ဓရာဒေဝီကိုတရားပြတော်မူခြင်း

'ရှင်တော်မြတ်ဘုရားဟာ နန်းတော်ပြင်ဦးဆိုက်ရောက်နေပြီ၊ ဆွမ်းဘုဉ်းပေးပြီးနောက် ဆွေတော်မျိုးတော်အပေါင်း၏ ပူဇော်မှုကိုခံယူနေကြကြောင်း အခြွေအရံများက ယသော်ဓရာဒေဝီကိုလျှောက်ထားကြတယ်ကွယ့်၊ 'အရှင်မလည်း အဆောင်တော်မှထွက်လှမ်းပြီး ရှင်တော်မြတ်အား ဖူးမျှော်ပါလော့' လို့လည်း တိုက်တွန်းကြတယ်ကွယ့်။ ယသော်ဓရာဒေဝီက 'ရှင်မတို့၊ ငါ၏ ကျေးဇူးအထူးရှိခဲ့လျှင် အရှင့်သားသည် ငါထံသို့ ကိုယ်တော်တိုင်ကြွလာပေလိမ့်မည်။ အဲဒီလိုကြွလာမှ အရှင့်သားကို ငါရှိခိုးမည်' ဟု တည်ငြိမ်စွာ ပြန်ကြားပြီး တိုက်ခန်းဦးပင် ဣန္ဒြေမပျက်ထိုင်နေသကွယ့်။

'မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်အပေါင်း၏ပူဇော်မှုကို ခံယူပြီးနောက် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား သပိတ်တော်ကိုယူဆောင်စေပြီး လက်ဝဲတော်ရံ လက်ျာတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ မထေရ်ကြီးနှစ်ပါးခြံရံလျက် ယသော်ဓရာမိဖုရား၏ အဆောင်တော်သို့ ထွက်ခွာကြွမြန်းတော်မူသကွယ့်။ မြတ်စွာဘုရား မိဖုရား အဆောင်တော်သို့ ကြွမြန်းတော်မူလာသည့်သတင်းကို ကြားလျှင်ကြားချင်း ယသော်ဓရာမိဖုရားသည် ရွှေရံတော် ကချေသည် မောင်းမအပေါင်းအားလုံး ဖန်ရည်စွန်းသောအဝတ်အစားများကို ဝတ်ဆင်ကြရမည်ဟု ညွှန်ကြားထား လိုက်သကွယ့်။

'မိဖုရားအဆောင်တော်သို့ရောက်၍ ခင်းထားသောနေရာတော်များ၌ ထိုင်ပြီးတော်မူသောအခါ ရှင်တော်မြတ်ဘုရားက 'ငါဘုရားအား ယသော်ဓရာ မင်းသမီး အလိုရှိတိုင်းရှိခိုးလာသည်ကို တစ်စုံတစ်ရာအဟန့်အတားစကား မပြောကြရ' ဟု မိန့်ကြားထားသကွယ့်။ ယသော်ဓရာမိဖုရားသည် မြတ်စွာ ဘုရားထံ အပြေးကလေးလာခဲ့ပြီး မြတ်စွာဘုရား၏ခြေဖမိုးတော်နှစ်ဖက်ကို မိမိ၏လက်နှစ်ဖက်ဖြင့် တအားကုန်တင်းကြပ်စွာဆုပ်ကိုင်ပြီး ပိုက်ဖက်လိုက် သတဲ့။ ပြီးတော့ ဖမိုးတော်ထက်၌ မိမိ၏ဦးခေါင်း နဖူးပြင်ကို တင်ထားကာ ဘယ်ညာပြောင်းလှန် အတန်တန်ဦးခိုက်၍ အလိုရှိတိုင်း အားပါးတရရှိခိုး ကန်တော့တယ်။

'အဲဒီလို ခြောက်နှစ်ကျော်ကာလ ခွဲခွာနေရသလောက် စိတ်ဝမ်းမှာ ခံစားရသလောက် အားရကျေနပ်အောင် ရှိခိုးပူဇော်နေတုန်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ယသော်ဓရာမိဖုရားရဲ့အကြောင်းမျိုးစုံကို ရှင်တော်ဘုရား အား တတွတ်တွတ်နှင့်လျှောက်ထားနေတယ်ကွယ့်။ 'ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား။ ကျွန်ုပ်၏သမီးသည် အရှင်မြတ်ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီလို့ သတင်းကြားတဲ့နေ့ကစပြီး ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ခဲ့ပါတယ်။ အရှင့်သား ဆွမ်းတစ်ထပ်သာဘုဉ်းပေးတယ်လို့ သတင်းကြား ကတဲက ပွဲတော်ကို တစ်ထပ်တည်းနှင့် ရောင့်ရဲခဲ့ပါတယ်။ အရှင်ဘုရား

တို့ဟာ မမြတ်သောအိမ်ယာနေရာကိုစွန့်ပစ်ကြောင်းသိပြီးကတည်းက သမီးတော်လည်း ပလ္လင်ညောင်စောင်းကိုစွန့်ပစ်ပြီး ကြိုးကုတင်မှာသာ အိပ်စက်ခဲ့ရှာပါတယ်။ အရှင်ဘုရားတို့သည် ပန်းနံ့သာစသည်တို့ကို ပစ်ပယ်ကြောင်းသတင်းများ ကြားသိရကတည်းက သမီးတော်က အမွှေးနံ့သာပန်းမန်များကိုစွန့်ပစ်ခဲ့တယ်'လို့ဆိုထားကြသကွယ့်။ ဆက်ပြီးတော့လည်း ခမည်းတော်မင်းကြီးက 'အရှင်ဘုရားတို့ တိုင်းပြည်စွန့်ခွာပြီး တောထွက်သွားတော့ဆွေတော်မျိုးတော် အခြားမင်းသားအပေါင်းတို့က လေးမြတ်စွာမြှောက်စားပြီး ဂရုပြုစောင့်ရှောက်သွားပါရစေလို့ ခွင့်တောင်းသဝဏ်လွှာများ ရောက်လာကြပါတယ်။ သမီးတော်ဟာ အဲဒီလိုချဉ်းကပ်တောင်းပန်လာသမျှကို လျစ်လျူရှုခဲ့ပါတယ်။ မည်သူတစ်ယောက်ကိုမျှ ပေမတဏှာဖြင့် ငဲ့စောင်းမကြည့်ခဲ့ပါ။ အရှင့်သားတော်၌သာ ချစ်ခင်ကြင်နာစိတ် ယုတ်လျော့ပါးမှုမရှိကြောင်း၊ အံ့ဩလောက်သောဂုဏ်ကျေးဇူးများနှင့် ပြည့်စုံရှာပါသည်'လို့ ယသော်ဓရာမင်းသမီးရဲ့ဂုဏ်ပုဒ်တို့ကို အဆက်မပြတ် ချီးကျူးပြောဆိုနေသကွယ့်။

'ရှင်တော်ဘုရားက သူ၏ပါရမီဖြည့်ဖက် ယသော်ဓရာမင်းသမီးဟာ အခုလို ပါရမီရင့်ကျက် အသိဉာဏ်ပြည့်စုံသောမျက်မှောက်ဘဝမှာ ခမည်းတော်လည်း အနီးကပ်စောင့်ရှောက်နေနိုင်လို့ သူ့ကိုယ်သူ ထိန်းသိမ်းစောင့်ရှောက်နေနိုင်တာ အံ့ဩစရာမဟုတ်သေးပါ။ ရှေးအတိတ်က ကိန္နရီမလေးဘဝမှာ ပါရမီလည်းမရင့်ကျက်သေး၊ အသိဉာဏ်ပညာလည်း မပြည့်စုံသေး၊ ခမည်းတော်လို ကြည့်ရှုထိန်းသိမ်းစောင့်ရှောက် မည်သူတစုံတစ်ဦးမှအနားမှာ မရှိဘဲလျက် စန္ဒတောင်ခြေရင်း၌ ကြင်နှံဖက်ကိန္နရာမောင်နှင့် ခွဲခွာခဲ့ရစဉ်က တစ်ဦးတည်း ကိုယ့်ကိုယ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံကမှ ပိုမိုအံ့ဩစရာကောင်းလှကြောင်းကိုပြောပြရင်း စန္ဒကိန္နရီဇာတ်ကို ပြောပြတော်မူတယ်ကွယ့်။

'အဲဒီလို စန္ဒကိန္နရီဇာတ်ကိုဟောကြားပြီး ရှင်တော်မြတ်ဘုရားဟာ ရွှေနန်းတော်မှထွက်ကြွတော်မူကာ နောက်ပါသံဃာတော်နှစ်သောင်းဖြင့် နိဂြောဓာရုံဃာယီစံကျောင်းသို့ ပြန်လည်ကြွသွားသကွယ့်။ သိဒ္ဓတ္ထမင်းသားနှင့် ယသော်ဓရာမင်းသမီးတို့ဟာ ခြောက်နှစ်ကြာကွဲကွာခဲ့ကြပြီး ပြန်လည်တွေ့ဆုံ

ကြတော့ အာသဝေါကင်းကွာတဲ့မြတ်စွာဘုရားမှာ တုန်လှုပ်မှုမရှိပဲ ပြန်လည် တွေ့ဆုံမှုကို ကြွကြွခိုင်ခိုင်တာ မထူးဆန်းပါဘူး။ ဒါပေမယ့် ယသော်ဓရာ မင်းသမီးကတော့ ပုထုဇဉ်သဘာဝ မိန်းမသားအဖြစ်နှင့် စိတ်တွင်း၌ မည်မျှ ခံစားရမည်ကို စဉ်းစားသိနိုင်ပါသကွယ့်။ သို့စဉ်လျက် ရုပ်ပျက်ဆင်းပျက် ရာဇဣန္ဒြေမပျက်စေပဲ သိက္ခာရှိရှိနှင့် ခွဲခွာခဲ့ရသမျှအတွက် ပူဆွေးရမှု၊ ပြန်လည်တွေ့ရှိရ၍ ကြည်နူးရမှုတို့ကို အားပါးတရဖော်ထုတ်ကာ ဖြေဆည်မှု ရယူသွားပုံတို့ကို မောင်ဝဏ္ဏတို့ တစိမ့်စိမ့်တွေးတောပြီး အရသာခံကြည့်စမ်း ပါလို့ ဘိုးဘိုးတိုက်တွန်းခဲ့မယ်ကွယ့်။

## ဆွေတော်မျိုးတော်များအကျိုးကိုဆောင်တော်မူခြင်း

'မောင်ဝဏ္ဏတို့ကို ဘိုးဘိုး ရှင်တော်မြတ်ဘုရားအကြောင်းတွေ ပြောပြခဲ့ တာ တော်တော်လေးခရီးရောက်လာပြီနော်။ မြတ်စွာဘုရားအဖြစ်ရောက် အောင် ဒီပင်္ကရာဘုရားလက်ထက်ကစပြီး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ရှည်လျားလှတဲ့ကာလပတ်လုံး အပင်ပန်းဆင်းရဲခံ ကိုယ်ကျိုးစွန့်လွှတ်ပြီးခါ တရားကျင့်ကြံခဲ့တာဟာ သတ္တဝါအပေါင်း ဆင်းရဲတွင်းကလွတ်အောင် ကယ်တင်ချင်လို့ နည်းလမ်းရှာခဲ့တယ်ဆိုတာ ပြန်သတိရကြရမယ်ကွယ့်။

'တို့ရဲ့ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ဆင်းရဲမှလွတ်ကင်းစေနိုင်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်လမ်းကို တွေ့တာသိတာနှင့်တစ်ပြိုင်နက် သူ့ရဲ့တရားကျင့်ဖော် ပဉ္စဝဂ္ဂီငါးဦးကို ပထမစတင်တရားပြခဲ့တယ်။ ပဉ္စဝဂ္ဂီငါးပါးဟာ သံသရာဝဋ် ဆင်းရဲမှ လုံးဝလွတ်ကင်းတဲ့နိဗ္ဗာန်ကို အရဟတ္တမဂ်အရဟတ္တဖိုလ်တို့နှင့် မျက်မှောက်ပြုနိုင်ခဲ့ကြတယ်။ အလားတူပဲ ယသသတို့သားနှင့် သူ့ရဲ့ မိတ်ဆွေများအပါအဝင် သူဌေးသားငါးကျိပ်ငါးဦးကိုလည်း ကိုယ်တော်တိုင် သိရှိပြီးရရှိပြီးဖြစ်တဲ့ မဂ္ဂင်တရားတို့ကို သင်ကြားပို့ချပေးခါ ရဟန္တာများ ဖြစ်စေခဲ့တယ်မဟုတ်လား။ ဒီလိုနဲ့ လူ့လောကမှာ ဘုရားရှင်တော်မြတ်အပြင် အခြားရဟန္တာခြောက်ကျိပ်ပေါ်ထွန်းလာတော့ အဲဒီရဟန္တာအရှင်မြတ်များကို လည်း 'ရဟန်းတို့ လူအများ၏အကျိုးစီးပွားကို တိုးတက်ရန် ချမ်းသာရကြ

စေရန် လောကကြီးကိုအစဉ်စောင့်ရှောက်ရန် နတ်လူတို့၏အကျိုးစီးပွား ချမ်းသာရန် ဒေသစာရီလှည့်လည်ကြကုန်။ တစ်ခရီးကို နှစ်ယောက်အတူ မသွားပဲ အစ,အလယ်,အဆုံး ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်တရားများကို ဖော်ထုတ်ကြကုန်'လို့ တိုက်တွန်းစေလွှတ်တော်မူခဲ့တယ်ကွယ့်။

'ဘုရားရှင်ကိုယ်တော်တိုင်လည်း ဥရုဝေလတောသို့သွားပြီး ဥရုဝေလ ကဿပညီနောင်သုံးပါးနှင့် နောက်လိုက်ရသေ့တစ်ထောင်ကို တရားဟောပြ ရဟန္တာများဖြစ်စေပြီး ရာဇဂြိုဟ်ပြည်ကိုကြွရောက်ခါ ဗိမ္ဗိသာရမင်းကြီးနှင့် တကွ ပြည်သူအပေါင်း ထောင်သောင်းများစွာတို့ကို သံသရာဝဋ်မှကယ်တင် တော်မူခဲ့တယ်ကွယ့်။ အဲဒီလို လောကသုံးပါးမှ သတ္တဝါများအကျိုးအတွက် ဆောင်ရွက်တာကို 'လောကတ္ထစရိယာ=လောကကြီးအကျိုးအတွက် ဆောင် ရွက်တော်မူခြင်း'လို့ ပြောရခြင်းဖြစ်တယ်ကွယ့်။ အဲဒီလို ဝေနေယျသတ္တဝါ တွေကို ကယ်တော်မူရန် လေးဆယ့်ငါးနှစ်လုံးလုံး ဆင်းရဲပင်ပန်းခံကာ ဆောင်ရွက်သွားတော်မူရှာသကွယ့်။

'ကာဠုဒါယီအမတ် လာရောက်ပင့်လျှောက်လို့ မိမိမွေးဖွားရာ ကပိလဝတ် နေပြည်တော်သို့ကြွမြန်းတာက ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော် မျိုးတော်များအကျိုးကြောင့် ဖြစ်တယ်ကွယ့်၊ အလွန်မာန်မာန ထောင်လွှားတဲ့ သာကီဝင်မင်းမျိုး၊ ကောလိယမင်းမျိုးတွေ သစ္စာလေးပါးအမှန်တရားတွေ သိမြင်လာရန် ဟောပြောဆုံးမပြီး နိဗ္ဗာန်ချမ်းသာရကြစေဖို့ ကူညီဆောင် ရွက်မှုများကို ဉာတတ္ထစရိယလို့ခေါ်သကွယ့်။

'ကမ္ဘာသားများနှင့် မိမိအမျိုးသားများကို အဲဒီလိုကယ်တင်တော်မူနိုင်ရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ဆည်းပူးအားထုတ်ခဲ့ရတာများ ကိုတော့ ဗုဒ္ဓတ္ထစရိယလို့ခေါ်သကွယ့်၊ မှတ်ထားကြ မောင်ဝဏ္ဏတို့။

'မြတ်စွာဘုရားဟာ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတိုက်မှာ ကြာကြာသီတင်းသုံးတော်မမူခဲ့ပါဘူး။ တပေါင်းလမှာ ရာဇဂြိုဟ်ပြည်မှထွက်

ခဲ့ပြီး ကဆုန်လပြည့်နေ့မှာ ကပိလဝတ်ပြည်ကိုရောက်တယ်။ ကပိလဝတ်ပြည်မှာ ရက်အနည်းငယ်သာသီတင်းသုံးပြီး ရာဇဂြိုဟ်ပြည်ကို ဒုတိယဝါဆိုရန် ဝါဆိုလပြည့်အမှီရောက် ပြန်ကြွသွားတော်မူတယ်။ အဲဒီရက်အနည်းအတွင်းမှာကိုပဲ ခမည်းတော်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်ထဲကသားတော်ရာဟုလာကလေးအပါအဝင် ကျွတ်တမ်းဝင်ကြဖို့ ဆောင်ရွက်တော်မူလိုက်ပုံများဟာ တကယ့်အံ့မခန်းပါပဲ၊ အဲဒီအကြောင်းများ ဘိုးဘိုးဆက်ပြောမယ်ကွယ့်။

'ကပိလဝတ်ပြည်သို့ ဆိုက်ရောက်တော်မူတဲ့နေ့မှာပဲ ရေမိုးအစုံစုံ တန်ခိုးပြာဋိဟာဖြင့် ဆွေတော်မျိုးတော်တို့၏ဇာတိမာန်ကို နှိမ်နင်းတော်မူလိုက်ပုံများကို ဘိုးဘိုးပြောပြပြီးပြီနော်။ အေး အဲဒီနောက် အရှင်သာရိပုတ္တရာမထေရ်ကြီး တောင်းပန်လျှောက်ထားတာကြောင့် ဗုဒ္ဓဝင်တရားတော်ကိုဟောကြားတဲ့အခါကျတော့ ဆွေတော်မျိုးတော်တွေဟာ မြတ်စွာဘုရားရဲ့ဖွဲလုံ့လဝီရိယနှင့် ကြီးမားသောပါရမီအဟုန် ဘုန်းတန်ခိုးအစုံစုံတို့အကြောင်းကိုတဖြည်းဖြည်းသိရှိလာကြတယ်ကွယ့်။

'ဒုတိယနေ့မှာတော့ သာကီဝင်ဆွေမျိုးတွေထဲက ဘယ်သူမှ ဆွမ်းဖိတ်မသွားကြလို့ ရှင်တော်ဘုရားဟာ သံဃာတော်နှစ်သောင်းခြံရံလျက်ကပိလဝတ်ပြည်သို့ ဆွမ်းခံရန်ဝင်ရောက်လာတော်မူတယ်။ အဲဒီသတင်းကြားရမှ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ကြွရောက်တော်မူလာပြီး အသင့်ပြင်ဆင်ထားတဲ့ မဏ္ဍပ်အဆောင်သို့နောက်ပါသံဃာတော်များနှင့် မြတ်စွာဘုရားကို ပင့်ဆောင်တယ်ကွယ့်၊ အဲဒီလိုဆွမ်းကျွေးမဏ္ဍပ်ကြီးသို့ ကြွရောက်ကာ ဆွမ်းအလှူခံလျှောက်ထားစဉ် မြတ်စွာဘုရားက ရှေးအစဉ်လာနောင်တော်ဘုရားများကဲ့သို့ပင် ဆွမ်းရပ်ဆွမ်းခံ၍ စားသုံးတော်မူကြောင်းကိုလမ်းမကြီးမှာ မတ်တပ်ရပ်လျက်ပင် ဂါထာတစ်ပုဒ်ဖြင့် တရားဟောပြစဉ်ခမည်းတော်ကြီးသည် သောတာပန်တည်၍ အရိယာနွယ်ဝင်သူတော်စင်ကြီးဖြစ်သွားတယ်ကွယ့်။ အဲဒီလိုအပါယ်တံခါးပိတ်သွားစေပြီး သံသရာမှလွတ်မြောက်စေရန် ပထမအဆင့်ပန်းတိုင်ရောက်သွားစေခြင်းဖြင့် ဗုဒ္ဓမြတ်စွာ

ဘုရားသည် ခမည်းတော်မင်းကြီးအား မွေးကျေးဇူးကိုပေးဆပ်ရာရောက်သည့် အပြင် ဉာတတ္ထစရိယာကိစ္စကို စတင်အောင်မြင်စွာ ဆောင်ရွက်လိုက်ခြင်းပင် ဖြစ်တယ်ကွယ့်။

မြတ်စွာဘုရားသည် ဆွမ်းကျွေးမဏ္ဍပ်ဆောင်ပလ္လင်တော်ပေါ်၌ ထိုင်တော်မူပြီး နောက် မိထွေးတော်ဂေါတမီနှင့် နန်းတွင်းပရိသတ်အပေါင်း စုံညီစွာရောက်လာစဉ် အရိယာနွယ်ဝင် သူတော်စင်ရဟန်းသံဃာများသည် ဆွမ်းခံခြင်းဝတ်ကို မပြတ်ကျင့်ကြရကြောင်း ဒုတိယဂါထာတစ်ပုဒ်ဖြင့် တရား ဟောတော်မူပြန်သကွယ့်။ ယင်းတရားအဆုံးတွင် ခမည်းတော် သုဒ္ဓေါဒန ဘုရင်မင်းမြတ်သည် သကဒါဂါမိဖိုလ်၌တည်၍ မိထွေးတော်ဂေါတမီကတော့ သောတာပတ္တိဖိုလ်၌တည်သွားသကွယ့်။

'အဲဒီနောက် ဆွမ်းကွမ်းကိစ္စပြီးတော့ ဆွမ်းဆက်ကပ်လှူဒါန်းရာသို့ မလာရောက်တဲ့ ယသော်ဓရာမိဖုရားအဆောင်သို့ ခမည်းတော်မင်းကြီးနှင့် အဂ္ဂသာဝက လက်ဝဲရံလက်ျာရံတပည့်ကြီးနှစ်ပါးခြံရံပြီး ရှင်တော်မြတ်ဘုရား ကြွသွားခဲ့ပြီး ခြောက်နှစ်ကြာစွန့်ပစ်ထားလို့ သောကပူဆွေးနေတဲ့ ကြင်ယာ တော် ယသော်ဓရာဒေဝီကို ရုတ်တရက် တရားပြလို့မရသေးမှန်း သိတော် မူသည့်အလျောက် တာရှည်စွာကိန်းအောင်းတောက်လောင်နေသည့် အပူ မီးကို မေတ္တာဓာတ်အားဖြင့်သာ ငြိမ်းသတ်ပေးတော်မူတယ်။ ပြီးတော့ ယသော်ဓရာမိဖုရားရဲ့ ရှေးဘဝကပါရမီဖြည့်ကူညီခဲ့ပုံတွေ သတိရကြည်နူး စေရန် စန္ဒကိန္နရီဇာတ်တော်ကိုသာ ဟောကြားတော်မူခဲ့တယ်။

## ညီတော်နန္ဒမင်းသား ရဟန်းဘောင်သို့ရောက်ခြင်း

'ကပိလဝတ်နေပြည်တော်ရောက်တဲ့ တတိယနေ့မှာတော့ ရှင်တော် ဘုရားဟာ ဉာတတ္ထစရိယာကျင့်ဝတ်ကို ဆက်လက်ကျင့်သုံးတော်မူပြန် တယ်၊ အဲဒီတတိယနေ့မှာ သုဒ္ဓေါဒနဘုရင်ကြီးဟာ နန်းရင်ပြင်မှာ သားတော် နန္ဒမင်းသားအတွက် မင်္ဂလာငါးပါးချီးမြှင့်သောပွဲကြီးကိုကျင်းပပြီး ရှင်တော် ဘုရားနှင့် သံဃာတော်အပေါင်းကိုလည်း ဆွမ်းအလှူဒါနကြီး ပြုလုပ်သကွယ့်၊

နန္ဒမင်းသားဆိုတာ ပဇာပတိဂေါတမီမိဖုရားကြီးကမွေးဖွားတဲ့ သုဒ္ဓေါဒန မင်းကြီးရဲ့ သားတော်တစ်ပါးဖြစ်တယ်ကွယ့်။ မယ်တော်မာယာဒေဝီမိဖုရား ကြီးက အလောင်းတော်သိဒ္ဓတ္ထမင်းသားဖွားမြင်ပြီးနောက် နှစ်ရက်သုံးရက် မြောက်တဲ့အချိန်မှာ မာယာဒေဝီရဲ့ညီမတော် မိထွေးတော်ဂေါတမီမှ နန္ဒ မင်းသားကို ဖွားမြင်တာကွယ့်၊ ဘုရားအလောင်းကို ဖွားမြင်တော်မူ ပြီးနောက် ခုနစ်ရက်မြောက်တဲ့နေ့မှာ မယ်တော်မာယာမိဖုရားကြီးက ကွယ်လွန်သွားခဲ့ တယ်။ ဒါကြောင့် ဂေါတမီမိဖုရားဟာ နန္ဒမင်းသားကို မိမိကိုယ်တိုင် မွေးဖွားခဲ့သော်လည်း နန္ဒမင်းသားကို အထိန်းတော်များနှင့်လွှဲထားပြီး သူ ကိုယ်တိုင်က တူတော်ဖြစ်တဲ့ ဘုရားအလောင်းကို နို့ချိုအေးတိုက်ကျွေး ပိုက်ထွေးယုယ မွေးမြူခဲ့တာကွယ့်။

'အခုတော့ သုဒ္ဓေါဒနမင်းကြီးဟာ သားတော်ကြီးကလည်း လောကမှာ အထွတ်အမြတ်ဆုံး ရှင်တော်ဘုရားဖြစ်သွားပြီ။ မိမိမှာလည်း သက်တော် ကြီးလှပြီဖြစ်လို့ နန်းရိုက်နန်းရာကို ဒုတိယသားတော် နန္ဒမင်းသားကို လွှဲပြောင်းပေးနိုင်ရန် အိမ်ရှေ့မင်းသားအဖြစ် အဲဒီနေ့မှာ ခန့်အပ်တော်မူတယ်။ တစ်ချိန်တည်းမှာပဲ နှမတော်ဇနပဒကလျာဏီမင်းသမီးနှင့် လက်ထပ်ထိမ်းမြား ပေးတော်မူတယ်ကွယ့်၊ ဒါကြောင့်မို့ အဲဒီနေ့မှာ နန္ဒမင်းသားဟာ (၁) မင်းသား ငယ်ဘဝက ဥဿျှောင်ဆံထုံးကိုဖြည်ပြီး အိမ်ရှေ့မင်းသားအဖြစ် ဥဿျှောင် တော်ကိုထုံးဖွဲ့တဲ့မင်္ဂလာ၊ (၂) အိမ်ရှေ့မင်းတံဆိပ်ပါ နဖူးသင်းကျစ်ကို နဖူး၌ တပ်ဆင်သောမင်္ဂလာ၊ (၃) အိမ်ရှေ့စံနန်းတော်အပ်မင်္ဂလာ၊ (၄) ဇနပဒ ကလျာဏီမင်းသမီးနှင့် လက်ထပ်ထိမ်းမြားသောမင်္ဂလာနှင့် (၅) အိမ်ရှေ့ ထီးဖြူတော် စိုက်ဆောက်အပ်နှင်းသည့်မင်္ဂလာ စတဲ့ မင်္ဂလာအခမ်းအနား ငါးရပ်ကျင်းပပြီး မြတ်စွာဘုရားနှင့် နောက်တော်ပါသံဃာတော်အပေါင်းအား ဆွမ်းအလှူဒါနကြီး ပေးတော်မူတယ်ကွယ့်။

'မောင်ဝဏ္ဏာတို့ ဘယ်လိုမှမထင်မှတ် မတွေးတောမိကြတဲ့ ဖြစ်ရပ်ထူး များကို ဘိုးဘိုးပြောပြမယ်။ မောင်ဝဏ္ဏာတို့ လွန်စွာအံ့သြထိတ်လန့်သွားကြ

မှာပဲ၊ ရှင်တော်မြတ်ဘုရားဟာ ဆွမ်းဘုဉ်းပေးပြီး ဆွမ်းအနုမောဒနာတရား ဟောကြားပြီးနောက် ကျောင်းတော်ကိုပြန်ကြွရန် ပြင်ဆင်ရာမှာ မိမိသပိတ်တော်ကို အနားမှာထိုင်နေတဲ့ ပူပူနွေးနွေးသတို့သားလည်းဖြစ် အိမ်ရှေ့မင်းသားလည်းဖြစ်တဲ့ ညီတော်နန္ဒကို လှမ်း၍ပေးလိုက်တော်မူတယ်၊ အိမ်ရှေ့မင်းသားလဲ သပိတ်တော်ကိုလက်ခံယူလိုက်ရပြီး ငေးမောကြည့်ရှုနေစဉ် ရှင်တော်မြတ်ဘုရားသည် နန်းတော်မှထွက်ခွာရန် နန်းတော်လှေကားဆီသို့ ကြွလှမ်းသွားတော်မူတယ်ကွယ့်။

'နန္ဒမင်းသားဟာ ဘုရားရှင်နန်းတော်လှေကားအောက်ရောက်လျှင် သပိတ်ကိုပြန်အပ်နိုင်ပြီအောက်မေ့ပြီး နောက်မှဆင်းလိုက်သွားရာ လှေကားအောက်ရောက်သော်လဲ သပိတ်ကိုပြန်မယူဘဲ ရှင်တော်ဘုရားသည် နန်းရင်ပြင်ကိုကျော်ဖြတ်၍ နိဂြောဓာရုံကျောင်းတော်သို့သာ ဦးတည်ကြွသွားတော်မူတယ်ကွယ့်၊ နန္ဒမင်းသားဟာ နောင်တော်လဲဖြစ်ပြန် ဘုန်းတော်ကြီးမြတ်လှသည့် ရှင်တော်ဘုရားလဲဖြစ်ပြန်သဖြင့် 'သပိတ်ကိုပြန်ယူတော်မူပါ'ဟု ဖွင့်ဟမလျှောက်ဝံ့ပဲ အထူးရိုသေလေးစားကြောက်ရွံ့သောအားဖြင့် ဟိုနေရာမှာသပိတ်ပြန်ယူနိုးနိုး ဒီနေရာမှာသပိတ်ပြန်ယူနိုးနိုး မျှော်လင့်ချက်ဖြင့် နောက်တော်ပါးမှသာ လိုက်ပါသွားရရှာသကွယ့်။

'လေသာပြူတင်းပေါက်မှ အဲဒီအချင်းအရာကိုလှမ်းမြင်ကြရတဲ့ မောင်းမ ခြွေရံများက ခေါင်းလျှော်မင်္ဂလာပြုနေတဲ့ ဇနပဒကလျာဏီမင်းသမီးထံကို ပြေးပြီး လျှောက်ထားကြသကွယ့်။ မင်းသမီးလဲ ဆံပင်ရေရွဲရွဲစိုကြီးဖြင့် နန်းဆောင်ပြူတင်းပေါက်ဆီပြေးလာပြီး 'အလျင်အမြန်ပြန်လာတော်မူပါ မောင်တော်'လို့ စိုးရိမ်တကြီးလှမ်းအော်ပြီး မှာလိုက်ရှာတယ်ကွယ့်၊ ဒီလိုနဲ့ ကျောင်းတော်ကြီးရောက်သွားတော့ မြတ်စွာဘုရားက မဆိုင်းမတွ 'ရဟန်းပြုမလား နန္ဒ'ဟု မေးလိုက်သကွယ့်။ မောင်ဝဏ္ဏတို့ စဉ်းစားကြည့်ကြစမ်း၊ အဲဒီအချိန်က နန္ဒမင်းသားရဲ့ ရင်တွင်းစိတ်တွင်းမှာ ဘယ်လိုခံစားနေရမလဲ ဆိုတာ။

'ရှင်တော်ဘုရားကတော့ ဉာဏတ္တစရိယဝတ်ကိုကျင့်သုံးပြီး နန္ဒမင်းသားကို ခေတ်စကားနှင့်ပြောရလျှင် ဇိကုတ်နတ်ပြည်တင်မလို့ ရည်ရွယ်ပြီး ခေါ်တာကွယ့်။ သုံးလိုက်တဲ့နည်းပရိယာယ်နှင့် အချိန်အခါကို စဉ်းစားကြည့်စမ်း။ ရှင်တော်ဘုရားရဲ့ မဟာဗျူဟာနည်းဗျူဟာတို့ဟာ အံ့သြဖွယ်ကောင်းလှသကွယ့်။ နန်းတော်တွင်းမှာ နန္ဒမင်းသားကို 'ရဟန်းပြုပေးမယ်၊ လာလိုက်ခဲ့'လို့ခေါ်ရင် ဘယ်လိုမှအောင်မြင်မှာမဟုတ်ဘူး။ ခမည်းတော်ကြီးနှင့် မယ်တော်ကြီးတို့က ကန့်ကွက်ကြမှာ အမှန်ပဲ၊ နန္ဒမင်းသားကလည်း သူ့အသိုင်းအဝိုင်းကြားမှာဆိုတော့ ပြောရဲဆိုရဲရှိပြီး 'ရဟန်းမဝတ်လိုပါဘူး ရှင်တော်ဘုရား'လို့ ငြင်းဆန်ရဲမှာအမှန်ပဲ။

'အခုတော့ နန္ဒမင်းသားကို နည်းပရိယာယ်ကြွယ်ကြွယ်နှင့် သူ့အသိုင်းအဝိုင်းမှ ခွဲထုတ်ခေါ်ယူခဲ့တယ်။ နန္ဒမင်းသားလည်း သပိတ်လက်ဝယ်ရောက်လာပြီး ဘယ်လိုပြန်ဆက်ကပ်ရမလဲ၊ ဘာကြောင့် ဘုရားရှင်က သပိတ်ကို ပြန်မယူတာလဲဟု ခေါင်းထဲမှာရှုပ်ပွေပြီး တွေးရခက်နေတုန်း နှမတော်ဇနပဒမင်းသမီးက 'မြန်မြန်ပြန်လာခဲ့နော် မောင်တော်'ဟု ရွှေနန်းတော်ပြူတင်းက လှမ်းပြောတာကြားရတော့ ရင်ထဲမှာ နင့်ခနဲဖြစ်သွားတာအမှန်ပဲကွယ့်။ အဲဒီလိုစိတ်ရှုပ်ပွေနေတုန်း စိတ်လွန်စွာလှုပ်ရှားနေဆဲမှာ ကျောင်းတော်ရောက်ရောက်ချင်း 'နန္ဒ၊ ရဟန်းပြုမလား'လို့ မြတ်စွာဘုရားက ရုတ်တရက်မေးလိုက်တာခံရတော့ အလန့်တထိတ်နှင့် စိတ်ရှုပ်နေရာမှာ ကြောက်ရွံ့ရိုသေစိတ်တွေရောထွေးပြီး စိတ်ကြည်ကြည်လင်လင်ဖြင့် မတွေးခေါ်နိုင်ပဲ 'ကောင်းပါပြီ နောင်တော်မြတ်စွာဘုရား၊ ရဟန်းပြုပါမည်'ဟု လျှောက်မိလျက်သားဖြစ်သွားခဲ့တယ်။

'ရှင်တော်မြတ်ဘုရားကတော့ မိမိကြားလိုတဲ့စကား ပြောစေလိုတဲ့ သဘောဆန္ဒကိုရပြီဖြစ်၍ ရဟန်းတော်များဘက်လှည့်ပြီး 'ဒီလိုဆိုလျှင် ရဟန်းတို့၊ ငါဘုရား၏ညီတော်နန္ဒကို ရဟန်းပြုပေးလိုက်ကြကုန်လော့'ဟု မြွက်ကြားတော်မူပါသကွယ့်။ ဒီနေရာမှာ နန္ဒ၏စိတ်အလိုမှာ ရဟန်းမပြုလို

သော်လည်း ရှင်တော်မြတ်ဘုရားက နန္ဒ၏ကောင်းကျိုးအစစ်အမှန် ဒုက္ခငြိမ်းအေးရေးကို လိုလားတော်မူလို့ အခုလိုဆောင်ရွက်ပေးလိုက်တာဖြစ်ပုံကို မောင်ဝဏ္ဏတို့ နားလည်သဘောပေါက်ကြရမယ်ကွယ့်။

## သားတော်ရာဟုလာ ရှင်သာမဏေဖြစ်တော်မူခြင်း

'အဲဒီလို နန္ဒမင်းသားရဟန်းပြုသွားပြီး လေးရက်အကြာ ရှင်တော်ဘုရားကပိလဝတ်ပြည်ရောက်လို့ ခုနစ်ရက်မြောက်နေ့မှာ ရွှေနန်းတော်သို့ ဆွမ်းချီးမြှင့်ရန် အလှည့်ကျပြန်သကွယ့်။ ဒီကြားထဲမှာ အခြားဆွေတော်မျိုးတော်များ၏ နေရာဌာနများသို့ လှည့်ပတ်ချီးမြှင့်နေခဲ့မှာပေါ့။ အဲဒီနေ့ မြတ်စွာဘုရားရွှေနန်းတော်ကိုကြွလာတော်မူတော့ ယသော်ဓရာဒေဝီဟာ ခုနစ်နှစ်အရွယ်ရှိပြီဖြစ်တဲ့ သားတော်ကလေးကို သပ်ရပ်ရှုချင့်စဖွယ် ဝတ်စားဆင်ယင်ပေးပြီး ဆွမ်းစားဆောင်သို့ သားတော်ရာဟုလာကလေးလက်ဆွဲပြီး ထွက်လာကြတော့တယ်။ သင့်တင့်တဲ့နေရာမှာထိုင်ကြပြီး ရှင်တော်ဘုရားနှင့် သံဃာတော်မြတ်များကို ရိုသေစွာရှိခိုးကြပြီးတော့ ယသော်ဓရာမိဖုရားက သူ့သားတော်ကလေးကို ဒီလိုပြောပြသကွယ့်။

'ရှင်တော်ဘုရားကိုလက်ညိုးညွှန်ပြပြီး 'ချစ်စရာသားတော်ရာဟုလာ၊ ဟိုမှာ ရွှေတောင်ကြီးလိုထွန်းလင်းတင့်ရှန်းစွာ မားမားမတ်မတ်ထိုင်နေတော်မူတဲ့ ရဟန်းတော်မြတ်ကြီးဟာ သင့်ဖခမည်းတော်မြတ်ကြီးဖြစ်သကွယ့်။ သင့်ဖခင်ဟာ အခုလိုတောထွက်ပြီး ရဟန်းပြုမသွားမီ ဒီနန်းတော်ကြီးမှာ စံနေတော်မူတုန်းက ရွှေအိုးကြီးလေးလုံး ပိုင်ဆိုင်တော်မူခဲ့တယ်- သားတော်လေးရဲ့။ မင်းဖခင်ကြီး တောထွက်ရဟန်းပြုသွားကတည်းက ဒီရွှေအိုးကြီးလေးလုံးစလုံး ကွယ်ပျောက်သွားခဲ့တယ်။ သားတော်မောင် အခု သင့်ဖခင်ရဟန်းတော်မြတ်ကြီးထံချဉ်းကပ်ပြီး 'ခမည်းတော်ဘုရား၊ သားတော်မောင်ဟာ ငယ်ရွယ်သူမင်းသားလေးဖြစ်ပါတယ်။ အချိန်ရောက်လာလျှင် မုဒ္ဓါဘိသိက်သွန်းပြီး လေးကျွန်းသနင်း စကြာမင်းဖြစ်ပါလိမ့်မည်။ စကြာမင်းတို့ ရှိသင့်ရှိထိုက်တဲ့ ရွှေငွေဥစ္စာဘဏ္ဍာများရှိရပါလိမ့်မည်။ ဒါကြောင့် သားတော်အား

ခမည်းတော်ပိုင်ဆိုင်တဲ့ ရွှေအိုးကြီးလေးလုံးအမွေကို ပေးတော်မူပါ'လို့ လျှောက်ထားပြီး သင့်ဖခင်ထံ အမွေသွားတောင်းချေလော့ဟု သွန်သင်ပြီး သားတော်ကလေးအား မြတ်စွာဘုရားအနီးချဉ်းကပ်သွားရန် စေလွှတ်လိုက်တယ်ကွယ့်။

'ရာဟုလာသားတော်ကလေးဟာ မြတ်စွာဘုရားထံ ချဉ်းကပ်သွားပြီးတော့ လောကထိပ်တင်ဘုရားသခင်၏ကရုဏာဓာတ်လှိုင်းနှင့် ဖခင်၏မေတ္တာဓာတ်လှိုင်းများကို အေးမြစွာရုတ်ချည်းထိတွေ့ခံစားလိုက်ရသကွယ့်။ဒါကြောင့် ရာဟုလာကလေးသည် ရှင်တော်မြတ်အနီးသို့ရောက်တာနှင့် 'ခမည်းတော် ရဟန်းမြတ်ကြီးဘုရား၊ အရှင်မြတ်ဘုရား၏အရိပ်သည် လွန်စွာအေးမြချမ်းသာလှပါ၏'ဟု လျှောက်ထားပြီး အခြားတီတီတာတာ ကလေးစကားများကို ပြောဆိုကာ အနားမှမခွာပဲနေတယ်ကွယ့်။ရှင်တော်မြတ်ဘုရားလည်း ဆွမ်းကိစ္စများပြီး၍ အနုမောဒနာတရားဟောကြားပြီး နောက်ပါရဟန်းတော်များခြံရံကာ နိဂြောဓာရုံကျောင်းတိုက်သို့ ကြွမြန်းထွက်သွားတော်မူတယ်ကွယ့်။

'အဲဒီတော့ ရာဟုလာမင်းသားကလေးဟာ မြတ်စွာဘုရားနောက်က ထက်ကြပ်မကွာလိုက်သွားပြီး 'ခမည်းတော်ရဟန်းမြတ်ကြီးဘုရား၊ သားတော်အား အမွေပေးတော်မူပါ။ ခမည်းတော်ရဟန်းမြတ်ကြီးဘုရား၊ သားတော်အား အမွေပေးတော်မူပါ'ဟု တစာစာတောင်းခံရင်း တကောက်ကောက် လိုက်ပါသွားသကွယ့်။ မြတ်စွာဘုရားကလည်း သားတော်ကလေးအား 'ချစ်သား ပြန်ပေတော့'ဟု လုံးဝမမြွက်ကြားဘူး။ မင်းချင်းတို့ကလည်း ခမည်းတော်နောက် သားတော်ကလိုက်ပါသည်ဖြစ်၍ မတားမြစ်ကြဘူး ကွယ့်၊ ဒီလိုနှင့် သားတော်ရာဟုလာမင်းသားကလေးဟာ နိဂြောဓာရုံကျောင်း တိုက်အတွင်းသို့ ရှင်တော်ဘုရားနှင့်အတူတကွ ရောက်ရှိသွားကြသကွယ့်။

'ကျောင်းတော်တွင်းရောက်သော် ရှင်တော်မြတ်ဘုရားက ဆင်ခြင် စဉ်းစားတော်မူသကွယ့်၊ 'သားတော်ရာဟုလာကလေးဟာ အဖ၏ဥစ္စာအမွေ ပစ္စည်းရလိုရှာတယ်၊ လောကီဥစ္စာအမွေအနှစ်များဟာ ဝဋ်ဆင်းရဲစာရင်းတွင် ပါကြပြီး လွန်စွာဆင်းရဲမှုကိုသာဖြစ်စေကြတယ်။ သားတော်ရာဟုလာကို



ရာဟုလာအမွေတောင်းခန်း

အိန္ဒိယနိုင်ငံတောင်ပိုင်း အမရဝတီလက်ရာ အေဒီ ၂-ရာစု။

ငါဘုရားက ဗောဓိပင်ရင်းမှာ မာရ်ငါးပါးကိုနိုင်နင်းအောင်တိုက်ယူခဲ့တဲ့ ဥစ္စာခုနစ်မျိုးကိုသာ လောကုတ္တရာအမွေအနှစ်အဖြစ် အရိယာတို့ရဲ့ အမွေအနှစ်အဖြစ် ပေးအပ်ချီးမြှောက်တော့အံ့။ သားတော်ရာဟုလာကို လောကုတ္တရာအမွေအနှစ်ပိုင်ရှင်ဖြစ်အောင် ပြုလုပ်ပေးတော့အံ့'လို့ ဆုံးဖြတ်တော်မူလိုက်တယ်ကွယ့်။

'ဒါကြောင့် ရှင်တော်မြတ်ဘုရားဟာ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ခေါ်တော်မူပြီး 'ချစ်သား သာရိပုတ္တရာ၊ ရာဟုလာမင်းသားကလေးက ငါဘုရားထံ အမွေတောင်းခံလာတယ်။ ဒါကြောင့် သင်ချစ်သားက ရာဟုလာမင်းသားကလေးကို ရှင်သာမဏေပြုလုပ်ပေးပေတော့'ဟု ညွှန်ကြားတော်မူလိုက်သကွယ့်။ ရှင်သာရိပုတ္တရာမထေရ်ကြီးလဲ ရှင်တော်မြတ်ဘုရား၏ အမိန့်ကိုနာခံတော်မူပြီး ကိုယ်တော်တိုင် ဥပဇ္ဈာယ်ဆရာပြုလုပ်ခါ ရှင်မဟာမောဂ္ဂလာန်နှင့် ရှင်မဟာကဿပတို့၏အကူအညီဖြင့် သားတော်ရာဟုလာ၏ ရှင်ပြုကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူလိုက်သကွယ့်၊ အဲဒီလို ဆောင်ရွက်ပေးလိုက်လို့ ရာဟုလာသားတော်ကလေး သာသနာ့နွယ်ဝင် ရှင်သာမဏေဘဝကိုရောက်သွားပြီး နောက်ဆက်တွဲအဖြစ်အပျက်များဟာ သာသနာတော်အတွက် အရေးကြီးတယ်ကွယ့်။ အေး အဲဒီနောက်ဆက်အကြောင်းအရာတွေဟာ အလွန်စိတ်ဝင်စားစရာအကြောင်းအရာတွေဖြစ်ကြောင်းကို မောင်ဝဏ္ဏတို့ကြားရမယ်။

'သားတော်ရာဟုလာကလေးဟာ ရှင်တော်ဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီး ကျောင်းတော်ကိုပြန်ကြွသွားတော့ နောက်ကတကောက်ကောက်လိုက်ကာ ခမည်းတော်ထံမှ ရွှေအိုးကြီးလေးလုံးအမွေများကိုတောင်းခံတယ်မဟုတ်လား။ အဲဒီတုန်းက မယ်တော်ယသော်ဓရာနှင့် ဘိုးတော်ဘုရင်မင်းမြတ်ကြီးတို့က ရှင်တော်မြတ်ဘုရားနောက်က သူရထိုက်တဲ့အမွေများပေးရန် တစာစာတောင်းခံရင်း လိုက်ပါသွားတဲ့ ရာဟုလာမင်းသားကလေးကို ကြည့်ရှုပြီးကြည်နူးနေကြသကွယ့်။ သူ့ဖခမည်းတော်က သားတော်

ကလေးကို ဘယ်လိုအမွေတွေများ ပေးလွှတ်လိုက်မလဲလို့ တွေးဆကြရင်း မင်းသားကလေးပြန်လာမည့်အချိန်ကို စောင့်နေကြသကွယ့်။

'အချိန်တွေကုန်လွန်သွားပြီး နောက်ဆုံးမှာ သားတော်ကလေး ပြန်လာတာမမြင်ရဘဲ သူ့ခမည်းတော်ရှင်တော်ဘုရားက သူ၏သားတော်ကို သာသနာ့အမွေခံရန် ရှင်သာမဏေပြုပေးလိုက်ပြီဖြစ်ကြောင်း သတင်းကိုသာ ကြားကြရသကွယ့်။ အဲဒီအချိန်အခါမှာ မယ်တော်ဖြစ်တဲ့ ယသော်ဓရာ ဒေဝီခမျာ ဘယ်လိုစိတ်ထိခိုက်မလဲ၊ ဘယ်လိုစိတ်ဆင်းရဲဖြစ်သွားမလဲဆိုတာ မောင်ဝဏ္ဏတို့ တွေးကြည့်ကြစမ်း။ သူ့ရဲ့မောင်တော်က လောကကြီးကို စွန့်ပစ်ပြီးထားခဲ့တုန်းက ယသော်ဓရာဟာ သားတော်ကလေးအဖော်ပြုပြီး အနည်းအကျဉ်းဆိုသလို စိတ်ကိုဖြေသိမ့်နိုင်ခဲ့ပေမယ့် အခုတော့ ဒီသားတော် ကလေးကို မိမိရင်ခွင်မှဆွဲထုတ်ယူသွားပြန်တော့ ဘယ်လောက်ခံစားရရှာ မလဲကွယ်။ ဒါပေမယ့် ယသော်ဓရာဒေဝီရဲ့ပါရမီဟာ အလွန်ရင့်သန်နေပြီ ကွယ့်၊ ဒါကြောင့်မို့ 'ရှင်တော်မြတ်ဘုရားက သားတော်ကလေးကို သာသနာ့ ဘောင်သို့သွတ်သွင်းလိုက်တာဟာ မဆင်မခြင်ရက်ရက်စက်စက်ပြုတော်မူတာ မဟုတ်ဘူး၊ သားတော်ကလေး၏ချမ်းသာအစစ်ကို လိုလားတော်မူလို့သာ ဒီလိုဆောင်ရွက်တာပဲ'ဟု ဉာဏ်နှင့်ဆင်ခြင်ပြီး မိမိကိုယ်မိမိ ဖြေသိမ့်နိုင်ခဲ့ တယ်။ ယသော်ဓရာမိဖုရားကြီးရဲ့ တွေးခေါ်ဆင်ခြင်ပုံဟာ မောင်ဝဏ္ဏတို့ ဘိုးဘိုးတို့ တွေးခေါ်ယူဆပုံနှင့်မတူမှာ သေချာတယ်။

'ရှင်တော်ဘုရားရဲ့ခမည်းတော် သုဒ္ဓေါဒနဘုရင်ကြီးကရော ဘယ်လို ခံစားရရှာမလဲဆိုတာကိုလဲ စဉ်းစားကြရအောင်။ မြေးတော်ကလေးရာဟုလာ ကို ရှင်ပြုပေးလိုက်ပြီလို့ သတင်းလဲကြားရော လွန်စွာစိတ်နှလုံးမသက်မသာ လွန်စွာပင်ပန်းဆင်းရဲဖြစ်သွားရာတယ်ကွယ့်၊ ဒီနေရာမှာ ဘုရင်ကြီး ရင်ကွဲရ မလောက် ခံစားရပုံအကြောင်းကို ရှင်းပြမယ်။ သိဒ္ဓတ္ထမင်းသားရော နန္ဒမင်းသားရော ရာဟုလာမင်းသားကလေးရော မွေးဖွားလာစက ပုဏ္ဏား ပညာရှိတွေက မင်းသားသုံးပါးစလုံး စကြဝတေးမင်းဖြစ်မယ်လို့ ဗေဒင်ဟောခဲ့ ကြတယ်၊ ဒါကြောင့်မို့ သိဒ္ဓတ္ထမင်းသားကို စကြဝတေးမင်းရဲ့အသရေတော်

နှင့် မြင်ချင်ဂုဏ်ယူချင်လို့ လောကီစည်းစိမ်အမျိုးပေါင်းစုံ ခံစားစံစားနေစေပြီး တောမထွက်နိုင်အောင် စောင့်ရှောက်လာခဲ့ရှာတယ်။ ဒါပေမယ့် သားတော်ကြီးဟာ သူ့ဘုန်းကံပါရမီတော်အလျောက် ဘုရားဖြစ်ချိန်တန်တော့ တောထွက်သွားရာ ခမည်းတော်ကြီးဟာ ပထမဆုံးအကြိမ် စိတ်နှလုံးယူကြုံးမရဖြစ်ရှာတယ်ကွယ့်။ ဒါပေမယ့် အဲဒီတုန်းက နန္ဒမင်းသားလေးလဲ စကြဝတေးမင်းဖြစ်မယ့်ဘုန်းကံရှိသူဖြစ်လို့ မိမိမှာ သားတော်တစ်ယောက် စကြဝတေးမင်းအဖြစ် မြင်နိုင်ဦးမှာပဲလို့ စိတ်ကိုဖြေသိမ့်နိုင်ခဲ့တယ်။ နန္ဒမင်းသားကို ကျောင်းတော်ခေါ်ပြီး ရဟန်းပြုလိုက်တော့ သုဒ္ဓေါဒနမင်းကြီး ဒုတိယအကြိမ် ပူပန်ဆင်းရဲရပြန်တယ်ကွယ့်။

'အဲဒီတော့ မင်းကြီးဟာ ငါ၏မြေးတော်ကလေးရာဟုလာ ကြီးပြင်းလာတော့မှ စကြဝတေးမင်းအဖြစ် ဝဝကြီးရှုမြင်ပေတော့မည်လို့ စိတ်ကိုနှစ်သိမ့်ခြင်းဖြင့် ပူပန်ဆင်းရဲကိုဖြေဖျောက်ခဲ့ရပြန်သကွယ့်၊ ရာဟုလာမင်းသားကလေးဟာ ဘုရားကျောင်းတော်မှ ရွှေအိုးကြီးတွေနှင့်ပြန်မလာဘဲ သာမဏေပြုပေးလိုက်ပြီဆိုတဲ့သတင်းကြားရတော့ သုဒ္ဓေါဒနမင်းကြီးမှာ ဖြေမဆည်နိုင်အောင် ဖြစ်သွားတော့တာပဲ။ ဘာကြောင့် အဲဒီလို အပူလုံးဆို့သွားရသလဲဆိုတော့ သူ့အနေနဲ့ သားတော်သို့မဟုတ် မြေးတော်တစ်ယောက်ယောက် စကြဝတေးမင်းအဖြစ် ခံယူမယ်ဆိုရင်း စိတ်ကိုအတော်အတန်ဖြေဆည်နိုင်ကောင်းပေမယ့် အခုအခြေအနေက သာကီဝင်မင်းဆက်ပြတ်သွားပြီဖြစ်လို့ စကြဝတေးမင်းအဖြစ် မြင်နိုင်ဖို့အခွင့်အလမ်းမရှိတော့ဘူးပေါ့။ ဒါကြောင့်လဲ သကဒါဂါမ်အရိယာသူတော်စင်ဖြစ်နေပြီဖြစ်သော်လည်း ဒေါသအမြစ်မပြတ်သေးသည့်အလျောက် အသည်းကြွေမတတ် စိတ်ဆင်းရဲသွားရှာတော့တာပဲကွယ်။

'နန္ဒမင်းသားကို ရဟန်းပြုပေးလိုက်တုန်းက ဝမ်းနည်းပူဆွေးလှသော်လည်း ရှင်တော်ဘုရားထံသို့ လိုက်မသွားခဲ့ဘူး၊ ဘယ်လိုမှ ပြောဆိုလျှောက်ထားမကန့်ကွက်ခဲ့ဘူးကွယ့်။ သဗ္ဗညုတဉာဏ်တော်ရှင်ဟာ နန္ဒမင်းသားချမ်းသာရေးအတွက် ဆောင်ရွက်ပေးတော်မူတာပဲလို့ ဖြေဆည်တော်မူနိုင်

ခဲ့သေးသကွယ်။ အခု မြေးတော်ကလေးရာဟုလာကို သာမဏေပြုပေး လိုက်တဲ့အခါမှာတော့ ခမည်းတော်ကြီးဟာ လုံးဝဖြေမဆည်နိုင်ရှာပဲ စိတ်နှလုံး မချမ်းသာမှုကို အောင့်အည်းသည်းခံနိုင်စွမ်းမရှိတော့လို့ ရှင်တော်မြတ်ဘုရား သီတင်းသုံးတော်မူရာ နိဂြောဓာရုံကျောင်းတော်သို့ ချက်ချင်းလိုက်သွားတယ် ကွယ့်။

'ရှင်တော်ဘုရား ရှေ့မှောက်ရောက်တော့ ရိုသေစွာရှိခိုးကန်တော့ပြီး 'ဘုန်းတော်ကြီးသော သားတော်ဘုရား၊ အကျွန်ုပ်သည် သားတော်ထံမှ ဆုတစ်ခုကို တောင်းယူလိုပါသည်'ဟု လျှောက်ထားတယ်ကွယ့်။ မြတ်စွာ ဘုရားက ချက်ချင်းပဲ 'ဂေါတမနွယ်မိုး ခမည်းတော်ကြီး၊ မြတ်စွာဘုရား တို့သည် လွန်မြောက်ပြီးသောဆု ရှိတော်မူကြကုန်၏'လို့ မိန့်ကြားတော် မူတယ်။

'ဒီနေရာမှာ မြတ်စွာဘုရားရဲ့ပြန်ကြားချက်ကို တိတိကျကျသိစေချင်လို့ မင်းကွန်းဆရာတော်ကြီးရဲ့ရေးသားချက်အတိုင်း ရှင်တော်ဘုရားမြွက်ကြား သော စကားလုံးများကို အတိအကျပြောပြတာကွယ့်။ အဓိပ္ပာယ်ရှင်းပြရရင် မြတ်စွာဘုရားဆိုသည်မှာ အခြားသောကိုးကွယ်ခံပုဂ္ဂိုလ်များလို ဆုတောင်း လာသူကို ဆုပေးခြင်း ဆုချခြင်းများကိုမလုပ်။ အလွယ်တကူနှင့် အလိုရှိတဲ့ ဆုကို တောင်းခံလေ့ဟု ပြောလေ့မရှိ။ ဘုရားရှင်တို့၏ အလေ့အကျက် မဟုတ်လို့ ဆိုလိုတာကွယ့်။

'အဲဒီတော့ ခမည်းတော်ဘုရင်မင်းမြတ်ကြီးက 'အကျွန်ုပ်ဟာ သားတော် ထံမှ ရဟန်းများနှင့် အပ်လည်းအပ်စပ်၊ အပြစ်လည်းမရှိတဲ့ဆုကို တောင်းခံမည် ဖြစ်ပါတယ်ဘုရား'လို့ ရှင်းလင်းလျှောက်ထားတော့မှ 'ဂေါတမ နွယ်မိုး ခမည်းတော်ကြီး၊ သင်မင်းကြီးတောင်းခံလိုသောဆုကို ဆိုလော့'လို့ ခွင့်ပြုတော်မူတယ်ကွယ့်။ ရှင်တော်ဘုရားထံမှ ခွင့်ပြုမိန့်ရတော့မှ ဘုရင်ကြီး ဟာ သနားစဖွယ် ဒီလိုလျှောက်ထားသကွယ်။

'ဘုန်းတော်ကြီးသော သားတော်ဘုရား၊ အကျွန်ုပ်ဟာ သားတော် တောထွက်ရဟန်းပြုသောအခါ ဂဏှာန်းအရေအတွက်နှင့်မဖော်ပြနိုင်လောက်

အောင် ဆင်းရဲဒုက္ခအမြောက်အများ ခံစားခဲ့ရပါတယ်။ သားတော် နန္ဒမင်းသားကို ရဟန်းပြုပေးလိုက်သောအချိန်ကလည်း အလားတူပဲ မဖော်ပြနိုင် မရေတွက်နိုင်သော ဆင်းရဲဒုက္ခများ ခံစားခဲ့ရပါကယ်။ ယခု ရာဟုလာမြေးတော်ကလေးကို ရှင်ပြုလိုက်သောအခါ၌ အတိုင်းထက်အလွန် ဆင်းရဲပင်ပန်းခြင်းဖြစ်ရပါပြီ။

'ဘုန်းတော်ကြီးသော သားတော်ဘုရား၊ မိဘဘိုးဘွားတို့၏ သားသမီးမြေးတို့အပေါ်မှာဖြစ်ပွားတဲ့ မေတ္တာပေမခာတ်သည် အရေပြားကလေးအပေါ်ယံ၊ ထိုအရေပြားမှအတွင်းအရေထူသို့ ထိုမှအသားသို့ ထိုမှအကြော၊ အရိုးတို့ကိုဖြတ်ပြီး ရိုးတွင်းချဉ်ဆီထိအောင်ခိုက်လျက် တည်နေပါသည်ဘုရား။

'ဘုန်းတော်ကြီးသော သားတော်ဘုရား၊ အကျွန်ုပ် လျှောက်ထားပါရစေ။ အရှင်မြတ်တို့သည် အမိအဖတို့ခွင့်မပြုသော သားမြေးကို ရှင်ရဟန်းပြုပေးတော်မမူကြပါကုန်လင့်'ဟု ဟောင်းပန်ရှာသကွယ်။

'ရှင်တော်မြတ်ဘုရားဟာ ခမည်းတော်ကြီး တောင်းပန်လျှောက်ထားသည်ကိုလက်ခံပြီး တရားစကားဟောကြားကာ စိတ်သက်သာရစေတယ်ကွယ့်။ ဘုရင်မင်းကြီး ကျောင်းတော်ကပြန်ထွက်ခွာသွားလျှင်သွားချင်းပဲ မြတ်စွာဘုရားဟာ ရဟန်းသံဃာတော်အပေါင်းအား စုရုံးစေပြီး သိက္ခာပုဒ်ပညတ်တော်မူလိုက်သကွယ်။ 'မိဘခွင့်မပြုအပ်သောသားကို ရှင်ရဟန်းပြု၍ မပေးအပ်။ အကြင်ရဟန်းသည် ရှင်ရဟန်းပြုပေးငြားအံ့။ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ'တဲ့။

'အေး၊ ဒီနေရာမှာ ဘိုးဘိုးပြောချင်တာ နှစ်ချက်ရှိတယ်ကွယ့်မောင်ဝဏ္ဏ။ သုဒ္ဓေါဒနမင်းကြီးလျှောက်ထားတဲ့အတိုင်း ဘိုးဘွားမိဘများရဲ့သားသမီးမြေးများအပေါ် သက်ရောက်တဲ့မေတ္တာဓာတ်ဟာ ဘယ်လောက်ကြီးမားသလဲဆိုတာ မောင်ဝဏ္ဏတို့ ကောင်းကောင်းသိနားလည်စေချင်တယ်။ ခုခေတ်လူငယ်လူရွယ်များဟာ သူ့တို့အပေါ်မိဘတွေရဲ့မေတ္တာ ဘိုးဘွားတွေရဲ့မေတ္တာ ဘယ်လောက်လေးနက်တယ်၊ ခိုင်မြဲတယ်ဆိုတာ ကောင်းကောင်းမသိကြဘူး၊

နားမလည်ကြဘူး၊ တန်ဘိုးမထားကြဘူး။ အဲဒီမေတ္တာများရဲ့ ဂုဏ်ကျေးဇူးများကို မသိကြဘူးကွယ့်။ ဒါကြောင့် တကယ့်ကျေးဇူးရှင်ကြီးများအပေါ် ကျေးဇူးပြန်ဆပ်ဖို့မပြောနဲ့ ကျေးဇူးမသိတတ်တဲ့ ကျေးဇူးကန်းသူများအဖြစ် တောင် အချို့ရောက်ကုန်ကြတယ်။ ဒါကြောင့် အဲဒီလို သားသမီးမျိုးဟာ ယခုဘဝလဲကြီးပွားတိုးတက်မှုမရှိကြဘူး။ နောင်ဘဝများမှာလည်း သူတို့ရဲ့ ကံကြမ္မာဟာ အလွန်ပဲမှောင်နေတယ်။ မောင်ဝဏ္ဏတို့ဟာ ဒီလိုကျေးဇူး မသိတတ်တဲ့သားသမီးမြေးမျိုး မဖြစ်စေချင်ဘူးကွယ့်။

'နောက်ပြီး ဘုရားသားတော်ရဟန်းသံဃာများမှာ လိုက်နာထိန်းသိမ်း စောင့်ရှောက်ရမည့် စည်းကမ်းဥပဒေဝိနည်းတွေရှိတယ်ကွယ့်။ သာသနာ တော်ဝင် သူတော်စင်ရဟန်းသံဃာများဟာ အဲဒီဝိနည်းလို့ခေါ်တဲ့ စည်းကမ်း ဘောင်တွေကိုလွန်ပြီး ပေါက်လွှတ်ပဲစားမနေထိုင်ရဘူးကွယ့်။ အဲဒီလို ဝိနည်းစည်းကမ်းတွေ မရိုသေမလိုက်နာဘူးဆိုရင် အဲဒါ ဘုရားသားတော် အစစ်အမှန် ရဟန်းမဟုတ်တော့ဘူး။ သာသနာ့ဘောင် ဝင်ခိုကပ်ရပ်နေတဲ့ ရဟန်းအတုအယောင်တွေသာဖြစ်တယ်ဆိုတာ မောင်ဝဏ္ဏတို့ ခွဲခြားသိမြင် တတ်ရမယ်ကွယ့်။

## ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအားချီးမြှောက်တော်မူခြင်း

'အေး၊ ရှင်တော်မြတ်ဘုရားဟာ သူ၏ခမည်းတော်မြတ်ကို သံသရာမှ လွတ်မြောက်ရန် ကယ်တင်ပေးတော်မူတဲ့အကြောင်းကို ပြောပြဦးမယ်ကွယ့်။ ဘုရားရှင်သည် ကပိလဝတ်ပြည်မှ ပြန်လည်ထွက်ခွာမသွားမီနေ့တစ်နေ့ သံဃာတော်နှစ်သောင်းခြံရံပြီး ရွှေနန်းတော်သို့ဆွမ်းစားကြွတော်မူလာ၍ ယာဂုများဘုဉ်းပေးတော်မူကာ ခေတ္တနားနေတော်မူစဉ် ခမည်းတော်ဘုရင် မင်းမြတ်ကြီးက ရှင်တော်ဘုရားအနီးချဉ်းကပ်လာပြီး ဒီလိုလျှောက်ထား သကွယ့်။

'ဘုန်းတော်ကြီးသော သားတော်ဘုရား၊ အရှင်ဘုရားတို့ တောထွက် သွားပြီး တရားကျင့်နေစဉ် ပဓာနအလုပ်ကိုလုပ်နေစဉ် နတ်များဟာ ကောင်း

ကင်ပြင်မှာရပ်လျက် ကျွန်ုပ်အား 'အရှင်မင်းကြီး၊ အရှင်မင်းကြီး၏သားတော်သည် တရားကျင့်နေစဉ် အာဟာရစားသောက်မှုနည်းပါးလို့ ကွယ်လွန်ခဲ့လေပြီ'လို့ လာရောက်ပြောကြားကြပါသည်ဘုရား'ဟု လျှောက်ထားသကွယ့်၊

'မြတ်စွာဘုရားက 'ခမည်းတော်ဘုရင်မြတ်၊ နတ်များက ဤသို့လာပြောသောအခါ အသင်ယုံကြည်ပါသလော'ဟု မေးမြန်းတော်မူတယ်။ အဲဒီတော့ ဘုရင်မင်းမြတ်ကြီးက 'ဘုန်းကြီးသော သားတော်မြတ်၊ ကျွန်ုပ်သည် ကောင်းကင်ပြင်မှ လာရောက်ပြောကြားသောနတ်တို့အား ဒီလိုပြန်ပြောလိုက်ပါတယ်ဘုရား။ 'အရှင်နတ်များတို့၊ ကျွန်ုပ်၏သားတော်ဟာ မဟာဗောဓိမဏ္ဍိုင်ကုန်းတော်အပြင်မှာ ဘုရားအဖြစ်သို့မရောက်ပဲ ဘယ်နည်းနှင့်မျှ ပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်'ဟု ပြောလွှတ်လိုက်ပါတယ်ဘုရား။

'မြတ်စွာဘုရားက 'ခမည်းတော်မင်းကြီး၊ အသင်မင်းကြီးသည် ယခုဘဝသာမဟုတ်သေး၊ ရှေးယခင်က မဟာဓမ္မပါလရွာအုပ်မင်းဖြစ်စဉ်ကလည်း 'သင့်သား၊ ဓမ္မပါလလုလင်သည် ကွယ်လွန်ခဲ့လေပြီ။ ဤအရိုးများကားသင့်သား၏အရိုးများပေတည်း'ဟု ဆိတ်၏အရိုးများကိုပြသ၍ ဒိသာပါမောက္ခဆရာကြီးက အသင့်အားပြောခဲ့ဘူးပြီ။ အဲဒီအခါ သင်သည် 'အကျွန်ုပ်တို့မျိုးရိုးတွင် သီလစောင့်ရှောက်မှုကြောင့် ငယ်ရွယ်စဉ် သေဆုံးလေ့မရှိ။ ကျွန်ုပ်၏သား ဓမ္မပါလကွယ်လွန်ပြီဟုပြောခြင်းမှာ လုံးဝမဟုတ်နိုင်၊ ကျွန်ုပ်မယုံကြည်ပါ'ဟု ပြန်ပြောခဲ့ဘူးပြီဟု မိန့်တော်မူသကွယ့်။

'အဲဒီမှာ ရှေးအတိတ်ကိုပြန်လည်ပြောပြပါလို့ မင်းကြီးကလျှောက်ထားလို့ မဟာဓမ္မပါလဇာတ်တော်အကြောင်းကို ဆွမ်းအနုမောဒနာတရားအဖြစ်ဟောကြားတော်မူသကွယ့်၊အဲဒီတရားတော်ဖြင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးဟာ လောကုတ္တရာတရား နောက်တစ်ဆင့်ပေါက်မြောက်ပြီး အနာဂါမိဖိုလ်ဆိုက်ရောက်သွားတယ်ကွယ့်။ အနာဂါမိဖိုလ်ဆိုတာ အရဟတ္တမဂ်ဖိုလ်ရဟန္တာအဖြစ်ရောက်ဖို့ တစ်ဆင့်သာလိုတော့တယ်။ ရှင်တော်ဘုရားဟာဥာတတ္ထစရိယကျင့်ဝတ်အတိုင်း ခမည်းတော်မင်းကြီးကို နိဗ္ဗာန်ချမ်းသာ

အပြီးသတ်ရောက်စေရန် ဘယ်လောက်ကူညီကယ်တင်လိုက်တယ်ဆိုတာကို မောင်ဝဏ္ဏတို့ နားလည်ကြဖို့ကွယ့်။ အေး အခုပြောတဲ့အထဲမှာ သီလ လုံခြုံလျှင် အသက်ရှည်တယ်ဆိုတဲ့ ဓမ္မပါလတို့ မျိုးရိုးအကျင့်ဓလေ့ကိုလည်း မောင်ဝဏ္ဏတို့အမြဲ သတိရှိစေချင်တယ်ကွယ့်။

'ရှင်တော်ဘုရားက သူ့ခမည်းတော် သုဒ္ဓေါဒနဘုရင်မင်းမြတ်အား မဟာဓမ္မပါလဇာတ်တော်ဟောကြားပြီး အနာဂါမ်သူတော်စင်ဘဝကို ရောက်သွားတဲ့အကြောင်းနော်။ အေး အဲဒါလိုဆောင်ရွက်ကြတာ ရှင်တော်ဘုရားက ဉာတတ္ထစရိယကျင့်ဝတ်ကို စောင့်ထိန်းတော်မူတာလို့ခေါ်သကွယ့်၊ ဆွေတော် မျိုးတော်တွေရဲ့ကောင်းကျိုးအစစ်ကို ဆောင်ရွက်တော်မူတာပေါ့။ အခုဆို ခမည်းတော်ကြီးက အနာဂါမ်ဖြစ်သွားပြီ။ မိထွေးတော်ဂေါတမီက သောတာပန် တည်သွားပြီ။ အပါယ်ငရဲကို ဘယ်တော့မှမကျတော့ဘူး။ ညီတော်နန္ဒ မင်းသားနှင့် သားတော်ရာဟုလာကလေးကို သာသနာ့ဘောင်သွတ်သွင်း ပေးထားလိုက်လို့ အနေးနှင့်အမြန် သံသရာဝဋ်ဆင်းရဲမှလွတ်ကင်းကြတော့ မှာ အမှန်ပဲ။ အေး ရှင်တော်ဘုရားက သူ့ရဲ့အခြားဆွေမျိုးတော်တွေကို ဘယ်လိုချီးမြှင့်စောင့်ရှောက်တော်မူသွားသလဲဆိုတာတွေ ဆက်လက်လေ့လာ ကြရမယ်ကွယ့်။

## ဆွေတော်မျိုးတော်များအားစောင့်ရှောက်ချီးမြှောက်ခြင်း

'ခမည်းတော်ကြီးကို အနာဂါမ်သူတော်စင်ဖြစ်အောင် သနားချီးမြှင့်တော် မူပြီးနောက် ရှင်တော်ဘုရားဟာ နောက်ပါ ရဟန်းနှစ်သောင်းခြံရံပြီး ကပိလဝတ် နေပြည်တော်နိဂြောဓာရုံကျောင်းတော်မှထွက်ခွာကာ ရာဇဂြိုဟ် ပြည်သို့ ဒုတိယဝါဆိုရန် အမှီပြန်ကြွသွားတော်မူတယ်ကွယ့်။ အဲဒီနှစ်က တပို့တွဲလပြည့်မှာ ကပိလဝတ်ပြည်ကိုအရောက်ကြွလာပြီး ဝါဆိုလပြည့်အမှီ ပြန်ကြွသွားတော့ မြတ်စွာဘုရား ဆွေတော်မျိုးတော်များထံ ပထမအကြိမ် ကြွရောက်တော်မူပြီး ငါးလတာမျှ သီတင်းသုံးနေထိုင်သွားတော်မူတယ် ဆိုနိုင်တယ်ကွယ့်။

'မြတ်စွာဘုရားရှင်ဟာ အပြန်ခရီးမှာ ကပိလဝတ်ပြည်မှ ထွက်ခွာတော်မူခဲ့ပြီး မလ္လတိုင်း အနုပိယသရက်တောအုပ်အရောက် ခရီးတထောက်နားနေ စံပယ်တော်မူတယ်ကွယ့်။ မြတ်စွာဘုရားထွက်ခွာသွားပြီးနောက် ချက်ချင်း ဆိုသလိုပဲ သုဒ္ဓေါဒနဘုရင်မင်းမြတ်ဟာ သာကီဝင်မင်းအပေါင်းကို အစည်း အဝေးခေါ်လိုက်တယ်၊အဲဒီမင်းပေါင်းစုံအစည်းအဝေးမှာ သုဒ္ဓေါဒနမင်းကြီးက–

'သာကီဝင်မင်းနွယ် ဆွေတော်မျိုးတော်အပေါင်းတို့ ငါ၏သားတော်ကြီး ဟာ တောထွက်ခဲ့ ရဟန်းမပြုဘဲ ထီးနန်းအုပ်ချုပ်မင်းလုပ်နေမည်ဆိုလျှင် ငါ့သားတော်ကြီးထံ စကြာရတနာအပါအဝင် ရတနာခုနစ်မျိုး ဆိုက်ရောက် လာမှာအမှန်ပဲ၊ ငါ့သားတော်မွေးဖွားစဉ်က သားတော်ဟာ စကြာမင်းဖြစ်ဖြစ် ဘုရားဖြစ်ဖြစ် ဖြစ်လာလျှင် သာကီဝင်မင်းအပေါင်းခြံရံခစားလျက်သာ လှည့် လည်သွားစေပါမည်ဟု သာကီဝင်မင်းအပေါင်းတို့က အာမဝန်ခံခဲ့ကြတယ် မဟုတ်လား။ အေး အဲဒီလိုကတိပေးစကားပြောကြားခဲ့သည့်အတိုင်း ငါ့သား တော်ကြီးဟာ စကြဝတေးမင်းဖြစ်လာခဲ့ရင် စကြာရတနာလှည့်ပတ်သွားလာ ရာကို အစဉ်တစိုက်လိုက်ပြီး စကြဝဠာတလျှောက် ထီးဆောင်းမင်းတို့ရဲ့သစ္စာ ကို ယူရမှာအမှန်ပဲ၊အဲဒီအချိန်မှာ သာကီဝင်အပေါင်းဟာ သောင်းသောင်းဖြဖြ ငါ၏သားတော်ကြီး စကြဝတေးမင်းကို ဝိုင်းဝန်းခြံရံပြီး သူနှင့်အတူ တိုင်းခန်း လှည့်လည်ရာ၌ လိုက်ပါကြမှာအမှန်ပဲမဟုတ်လား။

'အခုသားတော်ကြီးဟာ လူနတ်အပေါင်းချမ်းသာရေးအတွက် ဘုရားရှင် အဖြစ် ထွန်းပေါက်ပေါ်ထွက်လာတော့ ရှင်တော်မြတ်အနီးအပါးမှာ သာကီဝင် မင်းမျိုးဆက် သက်ရွယ်နုပျိုကြတဲ့ မင်းသားဆိုလို့ တပါးတလေမှ ခြံရံဝတ်ပြု နေသူမရှိဘူး။ ငါ့သားတော်အတွက် သာကီဝင်မင်းမျိုးမှ ဘုရားဖြစ်သည့် အားလျော်စွာ သာကီဝင်မင်းသားများသာလျှင် အခြံအရံဖြစ်ကြပါစေ။ အသင် သာကီဝင်မင်းအပေါင်းတို့သည် တစ်အိမ်ထောင်တစ်အိမ်ထောင်လျှင် မင်းသားတစ်ယောက်စီ ငါ့အားဆက်ကြကုန်လော့။ ထိုမင်းသားများကို ငါ၏သားတော်မြတ်ဘုရားထံ၌ ရှင်ရဟန်းပြုလုပ်ကြစေကုန်အံ့' လို့ မြွက်ကြား လိုက်တယ်ကွယ့်။

'စုဝေးရောက်ရှိလာတဲ့ သာကီဝင်မင်းအပေါင်းတို့ကလည်း 'ကောင်းပါပြီ အရှင်မင်းကြီး'လို့ သဘောတူလက်ခံကြတယ်။ ဒါကြောင့် ချက်ချင်းပဲ သာကီဝင်မင်းသားတစ်ထောင်တို့ဟာ ရှင်တော်ဘုရား ခေတ္တခရီးတန့်ရပ်နား တော်မူနေရာ အနုပိယသရက်ပင်ဥယျာဉ်သို့ မင်းကြီးနှင့်အတူ လိုက်သွား ကြပြီး မြတ်စွာဘုရားထံတော်မှာ ရှင်ရဟန်းပြုလိုက်ကြသကွယ့်။

'အေး အဲဒီရဟန်းတော်များဟာ ရှင်တော်ဘုရားအနီးအပါးမှာ အစဉ် သီတင်းသုံးတော်မူကြပြီး ရှင်တော်ဘုရား ဒေသစာရီကြွချီတော်မူရာကို အစဉ်ဝန်းရံလိုက်ပါကြတယ်။ ရှင်တော်ဘုရား မြို့ရွာအတွင်း ဆွမ်းခံလှည့် လည်ရာ တရားချီးမြှင့်ရာနေရာတိုင်းမှာ ခြံရံပြီးလိုက်ပါနေထိုင်တော်မူကြ တယ်ကွယ့်။ အဲဒီမင်းသားတွေထဲမှာ သုဒ္ဓေါဒနမင်းကြီးရဲ့မိဖုရားကြီးများက မွေးဖွားတဲ့ သားတော်ခြောက်ဦး မပါကြသေးဘူး။ သုဒ္ဓေါဒနမင်းကြီးရဲ့ သက်တော်ဟာ ကိုးဆယ်နီးပါးရှိလာပြီမို့ တိုင်းပြည်အုပ်ချုပ်ရေးကို ကိုယ်တိုင် မကြီးကြပ်တော့ပါဘူး။ သိဒ္ဓတ္ထမင်းသား၊ နန္ဒမင်းသားတို့ လောကီလူ့ဘောင် စွန့်ခွာသွားကြတော့ ကျန်ရှိတဲ့ ဘုရင့်သားတော်ကြီးများက အလှည့်ကျ ထီးနန်းအုပ်ချုပ် မင်းလုပ်စေတယ်။

'အဲဒီလို ဘုရင်မင်းမြတ်ကြီးရဲ့မိဖုရားကြီးများက ဖွားမြင်ကြတဲ့ အုပ်ချုပ် ရေးရာတာဝန်အတွက် တာဝန်ယူနေကြတဲ့ မင်းသားကြီးတွေက အခြား သာကီဝင်မင်းသားတွေလို ရဟန်းပြုပြီး ရှင်တော်ဘုရားနောက်က လိုက်ပါ မသွားကြဘူး။ အဲဒီတော့ လူ့လောကထုံးစံအတိုင်း မကျေမနပ် ပွစိပွစိ ပြော လာကြတယ်။ ကဲ့ရဲ့ရှုတ်ချကြသကွယ့်။ 'ဒီမင်းသားတွေဟာ သာကီဝင် မျိုးနွယ်ဆက်မဟုတ်သကဲ့သို့ ရှင်တော်ဘုရားရဲ့ဆွေတော်မျိုးတော် မဟုတ် သယောင်နေနိုင်ကြတယ်။ တို့ရဲ့သားတော်များလို ရဟန်းပြုပြီး ရှင်တော် ဘုရားနား ခြံရံမနေထိုင်ကြဘူး' စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချမေးငေါ့ကြတယ်။

'အဲဒီတော့ အလှည့်ကျ မင်းတာဝန်ထမ်းဆောင်နေတဲ့ ဘဒ္ဒိယမင်းသား အပါအဝင်၊ အနုရုဒ္ဓမင်းသား၊ အာနန္ဒမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသားကြီးတို့ဟာ ဆွေတော်မျိုးတော်တွေ ကဲ့ရဲ့ကြ မကျေမနပ်

ဖြစ်နေကြတာ ကျေအေးသွားအောင် ရှင်တော်ဘုရားထံသွားရောက်ပြီး သာသနာ့ဝန်ထမ်း ရဟန်းပြုလိုက်ကြတယ်ကွယ့်။ ဒီမင်းသားတွေထဲမှာ အရင်ဆုံးရဟန်းပြုသွားတဲ့ နန္ဒမင်းသားနှင့် အခု မင်းသားခြောက်ပါးမှာပါတဲ့ အာနန္ဒမင်းသားကို ကွဲကွဲပြားပြားမှတ်ထားရမယ်ကွယ့်၊ နန္ဒမင်းသားကိုတော့ ရှင်တော်ဘုရားဟာ ခက်ခက်ခဲခဲ နည်းပရိယာယ်သုံးပြီး တရားမြင်အောင် ပြသရသကွယ့်၊ အာနန္ဒမင်းသားကတော့ နောင်အခါ ဗုဒ္ဓဘာသာဝင်တိုင်း သိကြကြားဖူးကြတဲ့ ဓမ္မဘဏ္ဍာဂါရိက ရှင်အာနန္ဒာမထေရ်ကြီးပေါ့။ ဒေဝဒတ် မင်းသားကတော့ ယသော်ဓရာဒေဝီမိဖုရားရဲ့မောင်တော်အရင်း မြတ်စွာ ဘုရားရဲ့ယောက်ဖတော်ပေါ့။ နောင်ကို ရှင်တော်ဘုရားနှင့်ပြိုင်ပြီး ဂိုဏ်းကွဲ တည်ထောင်ကာ အတိုက်အခံအင်အားစုကြီးပြုလုပ်၍ မြေမျိုခံရကာ အဝီစိရောက်သွားတဲ့ပုဂ္ဂိုလ်ပေါ့။ အဲဒီပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး မင်းတို့ လူငယ်တွေသိကြအောင် သံဃာရတနာအခန်းရောက်မှ အကျယ်ပြောပြ မယ်ကွယ့်။

## သာကီဝင်များ၏ရေလုပွဲကြီးဖြစ်ပေါ်လာခြင်း

'ရှင်တော်ဘုရားဟာ ဒုတိယဝါဆိုဖို့ ရာဇဂြိုဟ်ပြည်ပြန်ကြွသွားပြီး ဗိမ္ဗိသာရမင်းကြီးလှူဒါန်းတဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင် တော်မူတယ်။ နောက် တတိယဝါ၊ စတုတ္ထဝါများတွင်လည်း ရာဇဂြိုဟ်မှာပဲ ဆက်လက်သီတင်းသုံးနေတော်မူတယ်ကွယ့်။ ဝါကျွတ်ချိန်ခါများမှာတော့ ရာဇဂြိုဟ်ပြည်နှင့် အနီးအပါးဒေသများကို ဒေသစာရီကြွချီတော်မူပြီး ပရိသတ် အပေါင်းတို့ကို တရားရေအေးတိုက်ကျွေးတော်မူတယ်။

'ရာဇဂြိုဟ်ပြည်ဆိုတာ တိတ္ထိဆရာကြီးခြောက်ဦးရဲ့ ဗဟိုဌာနကြီးပေါ့။ သူတို့ကို မင်းနှင့်ပြည်သူအပေါင်းအားလုံးက ကိုယ့်ဆရာသူ့ဆရာအဖြစ်နဲ့ ကိုးကွယ်ခဲ့ကြတာပေါ့။ အဲဒီဆရာကြီးတွေရဲ့အယူဝါဒအားလုံးဟာ မှားယွင်းတဲ့ အကြောင်း၊ သံသရာဝဲဩဃက လွတ်မြောက်နိုင်စေသောတရားများမဟုတ်

ကြောင်း၊ ဗုဒ္ဓက ရှင်းလင်းဟောပြောပြီး လောကတ္ထစရိယာ လောကတစ်ဝန်းမှ ဝေနေယျသတ္တဝါတွေအားလုံး၏ ချမ်းသာရကြောင်းအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်မူတော့တာပဲကွယ့်။

'ဉာတတ္ထ ဆိုတဲ့ ဆွေမျိုးအပေါင်းရဲ့ကောင်းကျိုးကိုလည်း ရှင်တော်ဘုရားက လျစ်လျူရှုမထားပါဘူး။ အစဉ်နှလုံးသွင်း ဆင်ခြင်နေတော်မူတယ်ကွယ့်၊ ဆွေတော်မျိုးတော်တွေအတွက် အကူအညီလိုနေပြီလို့ ဉာဏ်တော်မှာပေါ်လာလျှင် ရှင်တော်ဘုရားဟာ ချက်ချင်းပဲကြွသွားတော်မူပြီး ကယ်တင်တော်မူသကွယ့်၊ ဘယ်လောက်များ ကရုဏာကြီးမားတော်မူသလဲ၊ အေးတစ်ခါတော့ အဲဒီလိုဆွေတော်မျိုးတော်တွေအချင်းချင်း ပြဿနာပေါ်ကြပြီး သွေးချောင်းစီးမယ့်ရန်ပွဲဖြစ်နေတာကို ဉာဏ်တော်မှာမြင်လာလို့ ရှင်တော်ဘုရား သွားရောက်ဖြန်ဖြေရပုံအကြောင်းကို ဘိုးဘိုးပြောပြမယ်။

'သာကီဝင်မင်းမျိုးတွေဟာ ကပိလဝတ်သာကီဝင်မင်းမျိုးနှင့် ကောလိယသာကီဝင်မင်းမျိုးလို့ မျိုးနွယ်စုနှစ်ပိုင်းရှိတယ်ကွယ့်။ လွယ်လွယ်ပြောရမယ်ဆိုတော့ ရှင်တော်ဘုရားရဲ့ခမည်းတော် သုဒ္ဓေါဒနဘက်က သာကီဝင်ဆွေမျိုးတွေက ကပိလဝတ်သာကီဝင်၊ မယ်တော်မာယာမိဖုရားကြီးရဲ့ အနွယ်တွေက ကောလိယသာကီဝင်။ အဲဒီတိုင်းပြည်နှစ်ပြည်ကို ရောဟိဏီ ဆိုတဲ့ မြစ်ငယ်ကလေးက ပိုင်းခြားထားသကွယ့်။

'အဲဒီသာကီဝင်အုပ်စုနှစ်စုဟာ ဒီရောဟိဏီမြစ်ရေကိုမှီခိုပြီး လယ်ယာစိုက်ပျိုးအလုပ် လုပ်ကြရတယ်၊သာမန်အချိန်တွေတုန်းကတော့ အဲဒီမြစ်ရေကို မျှမျှတတခွဲဝေသုံးကြဖို့ ပြေပြေပြစ်ပြစ်ပြောဆိုညှိနှိုင်းကြပြီး ဆောင်ရွက်ကြတယ်။ နှစ်ပြည်လုံး သာယာအေးချမ်း ညီညီညွတ်ညွတ်ရှိကြသကွယ့်။ ကပိလဝတ်ပြည်ကို မြတ်စွာဘုရား ပထမဆုံးအကြိမ်ကြွရောက်လာပြီး ရဟန်းဘောင်ဝင်ကြတဲ့ သာကီမင်းသားတစ်ထောင်နှင့်ပြန်ကြွသွားလို့ လေးနှစ်လောက်အချိန်မှာတော့ နယုန်လမှာ ရာသီဥတုကတော်တော်ပူပြင်းတယ်။ ရောဟိဏီမြစ်ရေလဲ တော်တော်နည်းပြီး နှစ်နိုင်ငံလယ်သမားတွေအတွက်

သီးနှံစိုက်ပျိုးဖို့ ရေမလုံမလောက်ဖြစ်ပါရောကွယ်။ အဲဒီတော့ ရေခွဲဝေမှုမှာ အဆင်မပြေကြ သဘောကွဲလွဲကြ ငြင်းခုန်ကြနှင့် နောက်ဆုံးကျတော့ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်စစ်ခင်းကြတော့မည့်အရေးကြီး ဖြစ်ပေါ်လာတော့တာပဲ။

'အဲဒီအချိန်မှာ မြတ်စွာဘုရားဉာဏ်တော်မှာ ဆွေတော်မျိုးတော်တွေ ရေခွဲဝေယူသုံးစွဲမှု ပြဿနာဖြစ်ကြပြီး သွေးချောင်းစီးဖွယ်အန္တရာယ်ကျရောက် တော့မှာကို မြင်တော်မူလို့ ခေတ္တသီတင်းသုံးနေတဲ့ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှ ကပိလဝတ်ပြည်သို့ တစ်ပါးတည်း ကောင်းကင်ခရီးဖြင့် ကြွချီလာခဲ့တယ်ကွယ့်။ ကပိလဝတ်ပြည်ဆိုက်ရောက်တော့ ရောဟိဏီမြစ် အလယ် နှစ်ပြည်ထောင်မင်းတို့ရဲ့နှစ်ဖက်စစ်တပ်အဖွဲ့တို့ အထက်ကောင်းကင် ပြင်မှာ တင်ပျဉ်ဖွဲ့ခွေထိုင်နေတော်မူတယ်ကွယ့်။

'မြတ်စွာဘုရားကိုယ်တော်တိုင်ကြွလာပြီး အမှောင်တွေဖြစ်စေလိုက် အလင်းဖြစ်စေလိုက်နှင့် တန်ခိုးပြာဋိဟာများပြတော်မူတော့ နှစ်ဖက်စစ်သည် များဟာ ထိတ်လန့်ကြပြီး လက်နက်များပစ်လွှင့်ခါ မြစ်သောင်ပြင်မှာ ဝပ်တွား ကြပြီး ရှင်တော်ဘုရားအား ပူဇော်ကန်တော့ကြတယ်ကွယ့်၊ မြတ်စွာဘုရားက ရန်လိုခြင်းဟာ မကောင်းသောအကျိုးကို ဖြစ်စေတယ်။ ဘာမှအဖိုးမတန်တဲ့ ရေကြောင့် သာကီဝင်မင်းမျိုးရဲ့ သွေးမြေကျတဲ့အလုပ်ဟာ လွန်စွာအကျိုး ယုတ်စေတဲ့အကြောင်းဖြစ်ပုံကို တရားဟောကြားတော်မူတယ်ကွယ့်။

'အဲဒီလို ရှင်တော်ဘုရားကြွရောက်လာပြီး နှစ်ဖက်သောဆွေတော် မျိုးတော်များ သွေးချောင်းစီးမည့် စစ်ဘေးအန္တရာယ်မှ ကင်းဝေးအောင် တားဆီးကာကွယ်ပြီး ပြေပြစ်ငြိမ်းအေးသွားရန် တရားဟောပြောဆုံးမတော်မူ တယ်ကွယ့်၊ နှစ်ဖက်သောပရိသတ်ဟာ သောင်ပြင်ပေါ်မှာ အားလုံးညီညာ စုရုံးကြပြီး ရှင်တော်ဘုရားအား ကြည်ညိုသဒ္ဓါများစွာနှင့်ရှိခိုးပူဇော်ကြ၊ နှစ်ပြည်ထောင် သွေးစည်းညီညွတ်ရေးအထိမ်းအမှတ်နှင့် ရှင်တော်ဘုရား၏ ကျေးဇူးကြီးမားမှုကို တုန့်ပြန်ကြသည့်အနေဖြင့် ကပိလဝတ်နှင့်ကောလိယ

မင်းသားနှစ်ရာ့ငါးဆယ်စီ ရှင်တော်ဘုရားအား လှူဒါန်းကြတယ်။ ရှင်တော်ဘုရားအား အနီးကပ်ခြံရံပြုစုစောင့်ရှောက်နေထိုင်သွားကြဖို့ကွယ့်။

'အဲဒီနယုန်လအတွင်း ရောဟိဏီမြစ်သောင်ပြင်မှာ ငြိမ်းချမ်းရေးရန်ပြေပွဲကြီးဖြစ်ပေါ်လာခဲ့ပြီး နောက်ဆက်တွဲဖြစ်ရပ်တစ်ခုအနေနှင့် ဗုဒ္ဓဘာသာဝင်တွေအတွက် နေ့ထူးနေ့မြတ်ဖြစ်သော နယုန်လပြည့်အခါတော်ကြီးဖြစ်ပေါ်လာတာကို မောင်ဝဏ္ဏတို့ကို ဆက်ပြောပြဦးမယ်ကွယ့်။

## မဟာသမယအခါတော်နေ့အခမ်းအနားကြီး

'ရှင်တော်ဘုရားဟာ သာကီဝင်မင်းသားငါးရာကို ရဟန်းပြုပေးပြီး ကပိလဝတ်ပြည်အနီးက မဟာဝုန်တောအတွင်း သီတင်းသုံးနေတော်မူတယ်ကွယ့်။ကပိလဝတ်ပြည်တစ်လှည့် ကောလိယပြည်ဘက်တစ်နေ့ ဆွမ်းခံထွက်ကြပြီး ရဟန်းငါးရာကို ကမ္မဋ္ဌာန်းတရားပြနေတော်မူတယ်ကွယ့်။ အဲဒီမင်းသားတွေဟာ သဒ္ဓါကြောင့်တောထွက်လာကြတာမဟုတ်ပဲ သာကီဝင်မင်းဆွေမျိုးလူကြီးများ၏အမိန့်ကြောင့်သာ သာသနာ့ဘောင်ရောက်လာကြရတာ။ ပြီးတော့ အရင်တစ်ခါ ကပိလဝတ်ပြည်ကို ရှင်တော်ဘုရားကြွလာတုန်းက သုဒ္ဓေါဒနမင်းကြီးအမိန့်ဖြင့် သာသနာ့ဘောင်ဝင်သွားကြတဲ့ သာကီဝင်မင်းသားတစ်ထောင်လို မင်းပျိုမင်းလွင်တွေ မဟုတ်ကြဘူးကွယ့်။ သူတို့မှာ ကြင်ယာတော်အသီးသီးရှိကြတယ်ကွယ့်။ အဲဒီတော့ အစကမှ သဒ္ဓါမှု အပြည့်အဝမရှိပဲ သာသနာတော်ဝင်ရဟန်းပြုရတာ စိတ်လက်မပါ ငြီးငွေ့ပျင်းရိနေကြတယ်။ နောက်ဆံတင်းရသူတွေဖြစ်နေကြတယ်လေ။ ကျန်ရစ်တဲ့ ကြင်ယာတော်မိသားစုကလည်း တိတ်တဆိတ်သဝဏ်လွှာများပို့ပေးကြပြီး 'အရှင်တို့၊ သာသနာတော်မှာ ပျော်ပိုက်မနေကြပါနှင့်၊ မိသားစုစီးပွားရေးလည်း ကစဉ့်ကရဲပျက်ပြားကုန်ပါပြီ။ အလျင်အမြန်ပြန်ခဲ့ကြပါတော့'လို့ အဆက်မပြတ် သံယောဇဉ်ကြိုးတွေ သွယ်တန်းပေးနေကြသကွယ့်။

'သာကီဝင်မင်းသား ရဟန်းတော်ငါးရာဟာ သာသနာတော်မှာငြီးငွေ့ပြီး တရားမရနိုင်ဖြစ်နေကြတာကို ရှင်တော်ဘုရားက ကောင်းစွာသိတော်မူပါ

တယ်။ ဒါကြောင့်မို့ သူတို့စိတ်ရွှင်လန်းလာအောင် မွေ့လျော်သာယာဖွယ် ဝန်းကျင်ရှိသော ဟိမဝန္တာတောတိုက်သို့ ရဟန်းငါးရာကို တန်ခိုးတော်ဖြင့် ခေါ်ယူသယ်ဆောင်သွားတယ်ကွယ့်။ အဲဒီဟိမဝန္တာပတ်ဝန်းကျင်ဒေသရဲ့ သာယာသောရှုမြင်ကွင်းနှင့်တကွ သားရဲတိရစ္ဆာန် သစ်ပင်ပန်းမန်မျိုးစုံ ထူးဆန်းအံ့သြဖွယ်ရာများကို ရှုမောကြည်နူးလာကြပြီး ကြင်ယာတော်များကို မေ့လျော့သွားကြကာ စိတ်တည်ငြိမ်လာကြတယ်ကွယ့်။

'အဲဒီအခါကလေးကို အမိဖမ်းပြီး ရှင်တော်ဘုရားက မိမိရှေးဘဝက ဖြစ်တော်မူခဲ့တဲ့ သကုဏာငှက်မင်းရဲ့ ကုဏာလဇာတ်တော်ကို ဟောပြတော့ သာကီဝင်မင်းသား ရဟန်းငါးရာဟာ အားလုံးဈာန်အဘိညာဉ်ရကြတဲ့ သောတာပန်အဆင့်ကို ရောက်သွားကြတယ်။ ဒါကြောင့် ဟိမဝန္တာတောင်မှ အပြန်ခရီးမှာတော့ မြတ်စွာဘုရားရဲ့တန်ခိုးတော်ကို မှီခိုမနေရတော့ဘဲ ရဟန်းတွေဟာ မိမိတို့အဘိညာဉ်တန်ခိုးဖြင့် မဟာဝုန်တောကို ပြန်ကြွလာတော်မူနိုင်ကြတယ်ကွယ့်။ အဲဒီဌာနမှာ အေးချမ်းစွာ သံယောဇဉ်ကင်းရှင်းစွာ ဆက်လက်တရားအားထုတ်ရင်း ရဟန္တာအရှင်အရိယာသူတော်စင်တွေ ဖြစ်ကုန်ကြတယ်။ ကပိလဝတ်ပြည်မှ ကြင်ယာတော်များလည်း ဤသတင်းကို ကြားရတော့ အားလုံး စိတ်ဝမ်းညှိုးငယ် သနားစဖွယ်ဖြစ်ကုန်ကြတော့တယ်။

'ဒါက မင်းတို့ငါတို့အမြင်နှင့်တွေးကြည့်ရတာကိုး။ ရှင်တော်မြတ်ဘုရား က သတ္တဝါတွေကို စိတ်ဆင်းရဲကြအောင် ဘယ်ပြုလုပ်ပါလိမ့်မလဲကွယ်။ အားလုံးအကျိုးအတွက် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ဖို့အတွက် ရည်ရွယ် ပြီး ကရုဏာတော်ကြီးမားစွာနှင့် ဆောင်ရွက်ပေးတာပဲပေါ့။ အေး အဲဒီ အချက်တွေ ရှင်းရှင်းမြင်သိအောင် ဘိုးဘိုးနည်းနည်းဆက်ပြောဦးမယ်ကွယ့်။

'အဲဒီနှစ် နယုန်လမှာ ဆွေတော်မျိုးတော်များအတွက် ဆက်တိုက်အကျိုး ဆောင်ရွက်ပုံတွေကို ပြောပြမယ်။ အဲဒီရဟန်းငါးရာ ရဟန္တာဖြစ်သွားကြတဲ့ နေ့ဟာ နယုန်လပြည့်နေ့ဖြစ်တယ်ကွယ့်။ အဲဒီရဟန္တာငါးရာဖြစ်တဲ့နေ့မှာ ရှင်တော်ဘုရားဟာ ထူးခြားတဲ့တရားများကို ဟောကြားတော်မူမယ်ဆိုတာ

သိကြလို့ နတ်ဗြဟ္မာတွေရောက်လာကြတယ်။ နတ်ဗြဟ္မာများသာမကဘူး နတ်တို့နှင့် အစဉ်ရန်ပွားနေကြတဲ့အသူရာတွေရော၊ ဘယ်တော့မှ မသင့်မြတ်ကြတဲ့ နဂါးဂဠုန်တွေရော ဒီငြိမ်းချမ်းရေးအခါတော်နေ့ကြီးမှာ စုရုံးရောက်ရှိလာကြတယ်ကွယ့်။ ဒါကြောင့် အဲဒီနေ့မှာ ဝေနေယျသတ္တဝါတွေအချင်းချင်း မေတ္တာရှေ့ထားပြီး ရန်ပြေရန်ငြိမ်းဖြစ်ကြဖို့ ကြွရောက်လာတဲ့နတ်တွေ ဗြဟ္မာတွေ အမည်များဖော်ထုတ်ပြီး ရှင်တော်ဘုရားက တရားအထူးဟောကြားလို့ မရေတွက်နိုင်အောင်များပြားတဲ့ နတ်ဗြဟ္မာသတ္တဝါအများ ကျွတ်တမ်းဝင်ကြသကွယ့်။

'အဲဒီတရားတော်ကို မဟာသမယသုတ်တော်လို့ခေါ်တယ်။ သတ္တဝါအများ ညီညွတ်စွာစုဝေးရောက်ရှိတဲ့အချိန်ကာလပေါ့။ အဲဒီသုတ်တော်ကြီးပြီးတော့လည်း ရှင်တော်ဘုရားက ဆက်လက်ပြီး ထူးခြားတဲ့ သုတ်တော်ခြောက်သုတ်ကို ဟောကြားတော်မူလို့ လူနတ်ဗြဟ္မာအပေါင်း အရိယာသူတော်စင်ဖြစ်သွားကြတယ်ကွယ့်။ တို့ဗုဒ္ဓဘာသာနိုင်ငံတော်မှာ နှစ်စဉ်နယုန်လပြည့်နေ့မှာ ဝတ်အသင်းအဖွဲ့များက မဟာသမယသုတ်တော်လို့ ရွတ်ဖတ်ကြပြီး ဆရာတော်သံဃာတော်များက နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သမ္မာပရိဗ္ဗာဇနီယသုတ်၊ ကလဟဝိဝါဒသုတ်၊ မဟာဗျူဟသုတ်၊ စူဠဗျူဟသုတ်၊ တုဝဋ္ဋကသုတ်၊ ပုရာဘေဒသုတ် ဆိုတဲ့ သုတ္တန်တရားတော်မြတ်ခြောက်ပါးကိုလည်း ဟောကြားလေ့ရှိသကွယ့်။ အဲဒီတရားပွဲကြီးပြီးတော့ ရှင်တော်ဘုရားနှင့်တကွ သာကီဝင်မင်းသားရဟန္တာငါးရာဟာ ဝေသာလီပြည်က မဟာဝုန်တောမှာ ပဉ္စမဝါဆိုဖို့ရန် ပြန်ကြွသွားကြတယ်။

မောင်ဝဏ္ဏတို့ မျက်စိမလည်ကြနှင့်၊ မဟာဝုန်တော နှစ်ခုရှိတာ သတိပြုကြရမယ်။ ကပိလဝတ်ပြည်နားက မဟာဝုန်တောကတော့ သာမန်တောပါပဲ။ ရှင်တော်ဘုရား ခေတ္တနားနေတော်မူလေ့ရှိတယ်ကွယ့်။ ဝေသာလီပြည်ရောက်တော့ မဟာဝုန်တောမှာ မြတ်စွာဘုရားဝါဆိုတော်မူရန် လိစ္ဆဝီမင်းသားတို့က ကူဋာဂါရကျောင်း စတဲ့အဆောက်အဦများ ဆောက်လုပ်ပေးထားကြသကွယ့်။ အဲဒီမှာ မြတ်စွာဘုရားကြွလာလို့ ဝါမဆိုမီ ဖခင်သုဒ္ဓေါဒနမင်းကြီး

သည်းထန်စွာရောဂါကပ်ရောက်လို့ မင်းစေအမတ်တစ်ဦးကို စေလွှတ်လိုက်တယ်ကွယ့်။ မြတ်စွာဘုရားလည်း သတင်းကြားလျှင်ကြားချင်းပဲ ဖခင်ကြီးကို အားပေးချီးမြှင့်ရန် ကပိလဝတ်ပြည်သို့ ရဟန္တာအပါးငါးရာခြံရံပြီး ကြွသွားတော်မူကာ နိဂြောဓာရုံကျောင်းတော်မှာ သီတင်းသုံးနေတော်မူသကွယ့်။

နိဂြောဓာရုံကျောင်းကိုရောက်ပြီး သုံးရက်အကြာမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သားတော်ရှင်တော်ဘုရား နောက်ဆုံးဟောကြားတော်မူတဲ့ တေဘုမ္မကသင်္ခါရတရားတို့၏မမြဲသောသဘော ဆင်းရဲခြင်းသဘော အစိုးမရခြင်းသဘောတို့ကိုဆင်ခြင်သုံးသပ်ရင်း ရာဇပလ္လင်ထက်ထီးဖြူအောက်မှာပင် အရဟတ္တဖိုလ်ရောက်ကာ ပရိနိဗ္ဗာန်စံယူသွားတယ်ကွယ့်။ ရဟန်းဘောင်မရောက်ဘဲ လူဝတ်ကြောင်ဘဝနှင့် ပရိနိဗ္ဗာန်စံတော်မူသွားကြတဲ့ အရိယာနွယ်ဝင် သူတော်စင်ပုဂ္ဂိုလ်များမှာ သုဒ္ဓေါဒနမင်းကြီးဟာ ရှေးဦးပထမပဲ။ သူ့နောက်တော့ သန္တတိအမတ်ကြီးနှင့် ဒါရုစိယ စတဲ့ ပုဂ္ဂိုလ်များရှိသေးတယ်။

## မိထွေးတော်ဂေါတမီနှင့်သာကီဝင်မင်းသမီးငါးရာတို့ ဘိက္ခုနီဘောင်သို့ဝင်ကြခြင်း

'ရှင်တော်ဘုရားဟာ ခမည်းတော်ကြီးရုပ်အလောင်းကို ကောင်းစွာပြင်ဆင်ကြပြီး စကြဝတေးမင်း၏အလောင်းကို သဂြိုဟ်နည်းဖြင့် သဂြိုဟ်စေတော်မူတယ်။ အဲဒီလို သရီရကိစ္စပနကိစ္စပြီးလို့ နိဂြောဓာရုံကျောင်းမှာ စံပယ်တော်မူနေစဉ် မိထွေးတော်မဟာပဇာပတိဂေါတမီမိဖုရားကြီးဟာ သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံတော်မူသွားပြီးနောက် လူ့ဘောင်လောကလူ့ဘဝကို ငြီးငွေ့သံဝေဂရသွားတယ်ကွယ့်။ ဒါကြောင့် ရှင်တော်ဘုရားထံ ချဉ်းကပ်ပြီး 'သားတော်အရှင်မြတ်ဘုရား၊ ကျွန်ုပ်တို့မာတုဂါမများသည် ဝတ်ကြောင်ဘဝကိုစွန့်လွှတ်၍ ရှင်တော်ဘုရား ဆုံးမတော်မူအပ်သော သာသနာတော်တွင် ရဟန်းပြုလိုကြပါသည်။ ကျွန်ုပ်နှင့်တကွ မာတုဂါမများကို ရဟန်းပြုပေးတော်မူပါ'လို့ လျှောက်ထားတောင်းပန်တယ်ကွယ့်။

'ရှင်တော်ဘုရားက 'မယ်တော်၊ ငါဘုရား၏သာသနာတော်၌ မာတုဂါမများကို ရဟန်းပြုခြင်းငှာမသင့်။ ပြုသဖြင့်လည်း ရှည်မြင့်စွာမစင်ကြယ်ရာ။ ရဟန်းအဖြစ်ကို မနှစ်သက်လင့်'ဟု မိန့်မြွက်တော်မူသကွယ့်၊ မိထွေးတော်ဂေါတမီကလည်း ရှင်တော်ဘုရားခွင့်ပြုတော်မမူတဲ့ရဟန်းဘဝကို လွန်စွာတောင့်တပြီး မလျှော့သောဇွဲနှင့် ရှင်တော်ဘုရားထံ သုံးကြိမ်တိုင်အောင် လျှောက်ထားတောင်းပန်တယ်ကွယ့်၊ မြတ်စွာဘုရားက သုံးကြိမ်စလုံး ခွင့်ပြုတော်မမူပဲ ငြင်းပယ်ချခဲ့တယ်ကွယ့်။ အဲဒီနောက်တော့ ရှင်တော်ဘုရားဟာ ပဥ္စမမြောက်ဝါအမှီ ဝေသာလီပြည်သို့ ရဟန္တာငါးရာနှင့် ပြန်ကြွသွားတော်မူပြီး ကုဋာဂါရကျောင်းတော်ကြီးအတွင်းမှာ သီတင်းသုံးနေတော်မူတယ်။

အဲဒီမှာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းဇာတ်ကွက်တစ်ခုပေါ်လာတာပဲကွယ့် မောင်ဝဏ္ဏ။ ဘိုးဘိုးပြောခဲ့တဲ့ သာကီဝင်မင်းသားငါးရာက ပစ်ခွာသွားခဲ့တဲ့ ကြင်ယာတော်မင်းသမီးငါးရာဟာ သူတို့ဘဝရဲ့အခြေအနေကို သုံးသပ်ပြီး ပူပင်သောကများနေစဉ်မှာ သူတို့အားလုံးရဲ့ မှီခိုအားထားနေရတဲ့ သုဒ္ဓေါဒနမင်းကြီးဟာလည်း ပရိနိဗ္ဗာန်စံဝင်သွားပြန်တော့ သူတို့မှာ တစ်ပူပေါ်နှစ်ပူဆင့် ရင်နင့်ကြေကွဲ ငိုပွဲဆင်ကြရပြန်တာပေါ့။

'အေး ဒီအမျိုးသမီးကြီးတွေဟာ သာမန်မျှပါရမီရှိကြတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ကြဘူး။ ဒီလိုဆင်းရဲဒုက္ခဖြစ်ကြရတော့ သံဝေဂရနိုင်အောင် တရားသဘောကို ဆင်ခြင်မိကြသကွယ့်၊ လောကလူ့ဘောင်မှာ ကြင်ယာမဲ့တဝဖြင့် သောကပူဆွေးနေကြမည့်အစား ရှင်တော်ဘုရားရဲ့တရားတော်များ ကျင့်ကြံလိုက်နာကြပြီး အေးချမ်းတဲ့ဘဝကိုထူထောင်ကြဖို့ ကြံစည်စိတ်ကူးမိကြတယ်၊ တချိန်တည်းမှာပဲ မဟာပဇာပတိဂေါတမီမိဖုရားကြီးလည်း ဒီစိတ်ကူးမျိုးနှင့် သားတော်မြတ်ဘုရားထံ ချဉ်းကပ်ပြီလို့သတင်းရလို့ ကြင်ယာမဲ့မင်းသမီးငါးရာတို့ဟာ မိထွေးတော်ဂေါတမီထံ အပြေးကလေး စုဝေးရောက်ရှိလာခဲ့ကြတယ်။

'ဒီလိုစုပေါင်းမိကြတဲ့ ဘဝတူအသွင်တူ ရင်ပူနေရတဲ့အမျိုးသမီးတွေကို မြင်တွေ့လိုက်တော့ မိမိလျှောက်ထားချက်ကို ရှင်တော်ဘုရားက လက်မခံဘဲ

ပယ်ချလိုက်လို့ အားငယ်ဝမ်းနည်း အကြံကုန်နေတဲ့ မိထွေးတော်ကြီးဟာ ရုတ်တရက် အကြံတစ်ခုရလိုက်တယ်ကွယ့်။ ချက်ချင်းပဲ နန်းတွင်းဆတ္တာသည်(ခေါင်းရိတ်သမား)ကိုခေါ်လိုက်ကာ မိမိနှင့်တကွ သာကီဝင်မင်းသမီးငါးရာတို့၏ဆံများကို ရိတ်ဖြတ်ပယ်ရှားပစ်စေတယ်။ ပြီးတော့ အသီးသီးဖန်ရည်စွန်းသောအဝတ်များကို ဝတ်ဆင်ကြပြီး နန်းတော်တွင်းမှာပဲ မြတ်စွာဘုရားကိုအာရုံပြုပြီး ရဟန်းမိန်းမအသွင်ကိုယူလိုက်ကြသကွယ့်။ ပြီးတော့မှ သာကီဝင်မင်းသမီးအားလုံးနှင့်တကွ ကပိလဝတ်ရွှေနန်းတော်မှထွက်ပြီး မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တောသို့ ကြွရောက်ဖို့ရာ စီမံကြသကွယ့်။

'ကပိလဝတ်နှင့်ကောလိယမင်းမျိုးအပေါင်းတို့ကလဲ အဲဒီရဟန်းမအသွင်ဝတ်ဆင်ပြီးသော သာကီဝင်မင်းသမီးငါးရာနှင့် မဟာပဇာပတိမိဖုရားကြီးတို့စီးနင်းသွားကြရန် ရွှေထမ်းစင်များကို စီစဉ်ပေးကြတယ်ကွယ့်။ ဒါပေမယ့် မိဖုရားကြီးတို့အဖွဲ့က ရွှေထမ်းစင်နှင့်သွားကြလျှင် ရှင်တော်ဘုရားအား မရိုမသေရှိမည်ဟုစိုးရိမ်ပြီး ကပိလဝတ်မှဝေသာလီ (၅၁)ယူဇနာခရီး (အနည်းဆုံး မိုင် ၅၀၀–၆၀၀ ခရီး)ကို ခြေလျင်ဖြင့်သာ လျှောက်သွားကြသကွယ့်။ ဆွေတော်မျိုးတော်တွေက အစောင့်အရှောက်အပြည့်အစုံ စားနပ်ရိက္ခာအပြည့်အစုံ လှည်းများပေါ်မှာတင်လူကြပြီး နောက်မှခရီးတစ်လျှောက်စောင့်ကြပ်ပို့ဆောင်ပေးလိုက်ကြတယ်။

'မိုင်ငါးရာကျော်ခရီး ခြေလျင်လျှောက်ခဲ့ကြတဲ့ သာကီဝင်မျိုးနွယ်နုနယ်တဲ့ မင်းမိန်းမတွေရဲ့အခြေအနေကို ခန့်မှန်းကြည့်ပေတော့မောင်ဝဏ္ဏရေ့။ သူတို့အားလုံး ကိုယ်ခန္ဓာတွေဟာ မြူအလိမ်းလိမ်း ဖုန်အလိမ်လိမ်းနှင့်ဖြစ်ပြီး ခြေထောက်များလည်းဖူးဖူးရောင်ပြီး သွေးသံရဲရဲနှင့် ကိုယ်မချမ်းသာစိတ်နွမ်းနယ်စွာဖြင့် ဝေသာလီပြည်ရှိ ဘုရားကျောင်းတော်တံခါးမုခ်သို့ဆိုက်ရောက်သွားကြတယ်ကွယ့်။ အဲဒီကိုရောက်သွားပြန်တော့လဲ ရှင်တော်ဘုရားက ဝတ်ခွင့်မပေးပါဘူးလို့ အတန်တန်ပြောခဲ့ပါလျက်နှင့် ဖွတ်အတင်းမလိုက်နာဘဲ ရဟန်းအသွင်ယူခဲ့ပြီးမှ ရှင်တော်ဘုရားကလက်မခံလျှင်

အရပ်ရပ်နေပြည်တော် ကြားလို့မှမတော်ဖြစ်တော့မှာပဲလို့ မိထွေးတော် ဂေါတမီဟာ တွေးမိသွားတယ်။ ရှင်တော်ဘုရားကိုလည်း သွားရောက် မဖူးမျှော်ဝံ့ကြဘဲ ကျောင်းအဝင်မုခ်ဦးအပြင်ဘက်မှာ အားလုံး မချမ်းမသာ ငိုကြွေးနေကြသကွယ့်။

'အဲဒီအခြေအနေကို ကျောင်းတော်ပေါ်မှ ရုတ်တရက် ဆင်းသက်လာတဲ့ ညီတော်အာနန္ဒာမထေရ်က မမျှော်လင့်ဘဲသွားတွေ့လိုက်ရတော့ တော်တော်အံ့ဩသွားပြီး စိတ်မကောင်းဖြစ်သွားသကွယ့်။ အဲဒီနောက် အဖြစ်အပျက်က သာသနာတော်မှာ ဘိက္ခုနီ(ရဟန်းမများ)ပေါ်ထွန်းလာတဲ့ အကြောင်းနှင့်ဆက်စပ်နေတယ်။

## မယ်တော်မိနတ်သားအားအဘိဓမ္မာတရားဟောတော်မူခြင်း

'ရှင်တော်မြတ်ဘုရားဟာ လောကတ္ထစရိယ လောကအကျိုးအတွက်လည်းကောင်း၊ ဉာတတ္ထစရိယ ဆွေတော်မျိုးတော်အတွက်လည်းကောင်း၊ ဘယ်လိုကောင်းကျိုးတွေဆောင်ရွက်ပုံကို ပြောပြခဲ့တယ်။ ရှင်တော်မြတ်ရဲ့ ဖခမည်းတော်ကြီး အနာဂါမ်တည်သွားပုံရယ်၊ ခမည်းတော်ဘက်က ဆွေတော်မျိုးတော်တွေနဲ့ မယ်တော်ဘက်ကဆွေတော်မျိုးတော်တွေ ရောဟိဏီမြစ်ရေ သုံးစွဲမှု အငြေအခုံမညီမျှကြလို့ သွေးချောင်းစီးမျှစစ်မက်ဖြစ်ပွားခါနီး တားဆီးပြီး တရားရေအေးဖြင့် ပငြိမ်းအေးစေတော်မူတဲ့အကြောင်းတွေပေါ့။ အေး အဲဒီတရားပွဲအပြီး ရှင်တော်မြတ်ဟာ ကပိလဝတ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့ ဒုတိယဝါဆိုရန်ကြွသွားတော်မူတဲ့အကြောင်း ပြောပြတော်မူခဲ့တယ်။

'မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်မှာ ဒုတိယဝါကိုသီတင်းသုံးပြီး ဝေသာလီတဝိုက် လှည့်လည်သီတင်းသုံးဝါဆိုရာမှ ခြောက်ဝါမြောက်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဝါဆိုတော်မူတယ်၊ ခုနစ်ဝါမြောက်ကိုတော့ လူ့ပြည်မှထွက်ခွာပြီး တာဝတိံသာနတ်ပြည်မှာ သီတင်းသုံးတော်မူတယ်။ ရှင်တော်မြတ်ဘုရား အဲဒီဝါတွင်းကာလကို တာဝတိံသာမှာ သီတင်းသုံးနေတော်မူတဲ့ မယ်တော်ဖြစ်တော်မူခဲ့တဲ့ ကျေးဇူးရှင်မိခင်ကြီးကို

မွေးကျေးဖူးဆပ်ဖို့ရန် အတွက်ပဲဖြစ်တယ်။ မိခင်မာယာဒေဝီမိဖုရားကြီးဟာ သားတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီးနောက် ခုနစ်ရက်အကြာ ကံကုန်လွန်တော်မူရှာပြီး တာဝတိံသာနတ်ပြည်မှာ နတ်သားသွားဖြစ်နေတယ်၊ မယ်တော်မိနတ်သားလို့ ခေါ်ကြတယ်။ သန္တုသိတနတ်သားလို့လဲခေါ်သကွယ့်။

'ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကို အနာဂါမ်တည်အောင်ဟောပြောပြီး၊ မိထွေးတော်ဂေါတမီကိုလည်း မိခင်မယ်တော်မာယာ၏ကိုယ်စား နို့ချိုအေးတိုက်ကျွေးခဲ့သမျှကျေးဇူးဆပ်၍ သောတာပန်ဖြစ်ပြီးနောက် သာသနာတော်တွင် ဘိက္ခုနီမအဖြစ် တရားရှာရန်အခွင့်အလမ်းပေးတော်မူခဲ့ပြီးဖြစ်သော်လည်း အဲဒီအချိန်မှာ မယ်တော်အရင်းကိုမွေးကျေးဖူးဆပ်ရန် ဘာမှမဆောင်ရွက်နိုင်သေးဘူးကွယ့်။ ဒါကြောင့် တာဝတိံသာကို အထူးကိစ္စအဖြစ်နဲ့ကြွသွားတော်မူခဲ့တာကွယ့်။

'အဲဒီတာဝတိံသာခရီးစဉ်မှာ ရှင်တော်မြတ်ဘုရားဟာ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို အခုဘိုးဘိုးပြောခဲ့တဲ့ မိခင်မယ်တော်မာယာကိုမွေးကျေးဖူးဆပ်ရန်အပြင် အဘိဓမ္မာတရားတော်ကို သတ္တဝါအများအားဟောပြောနိုင်ရန်အတွက်လဲဖြစ်တယ်။ တို့ရှင်တော်မြတ်ဘုရားဟာ မဟာဗောဓိပင်တော်ရင်းမှာ အာသဝက္ခယဉာဏ် သဗ္ဗညုတဉာဏ်တော်များဖြင့် ပဋိစ္စသမုပ္ပါဒ်တရား၊ အရိယသစ္စာလေးပါးတရားတော်များကို ထိုးဖောက်သိမြင်ခဲ့တဲ့အတိုင်း လူနတ်ဗြဟ္မာဝေနေယျသတ္တဝါအားလုံးတို့အား ဟောပြောပြသဆုံးမတော်မူပြီးလို့ ကျွတ်တမ်းဝင်ကြရသူ နတ်လူဗြဟ္မာအပေါင်းကုဋေသိန်းသန်းရှိသွားခဲ့ပြီ၊ ဒါပေမယ့် ရတနဃရသတ္တာဟဌာနမှာ သုံးသပ်ဆင်ခြင် ပေါက်ရောက်ထင်မြင်ခဲ့တဲ့ အဘိဓမ္မာပဋ္ဌာန်းဒေသနာတော်မြတ်ကိုတော့ ဟောပြတော်မမူရသေးဘူးကွယ့်။

'အဲဒီလိုနက်နဲတဲ့ ကျယ်ပြန့်တဲ့ အဘိဓမ္မာတရားတော်များကို လူ့ပြည်မှာ နားလည်သဘောပေါက်သူဆိုလို့ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်မှမရှိဘူးကွယ့်၊ ပြီးတော့ ဒီတရားဟာ သုတ္တန်တရားတော်တွေလို လိုတာလောက်ထုတ်နုတ်ပြီး တရားအချက်တစ်ခုခုကို

ကွက်ပြီး သာဓကတွေ ဥပမာတွေနှင့် တစ်ခုစီရှင်းပြပြီး ဟောပြောလို့ရတဲ့ တရားမျိုးမဟုတ်ဘဲ အဘိဓမ္မာတရားတော်မြတ်ကြီးဟာ အားလုံးခြုံငုံသုံးသပ်မှ ပြည့်စုံနားလည်နိုင်တာကွယ့်။ အဲဒီလောက်ကျယ်ပြန့်တဲ့ နက်နဲတဲ့ တရားတော်ကြီးကို လူ့ပြည်မှာဟောပြောလို့မဖြစ်နိုင်ဘူး။ ဒါကြောင့် လူ့ပြည်လောကမှ လူသတ္တဝါများထက် ပါရမီများထူးခြားပြီး ပညာပါရမီအဆင့်မြင့်တဲ့ တာဝတိံသာနတ်ပြည်ကိုကြွရောက်ပြီး ဟောပြောတော်မူရတာပဲ၊တာဝတိံသာမှာတော့ အဘိဓမ္မာခုနစ်ကျမ်းလုံးကို သုံးရက်တောက်လျှောက် မနားတမ်းဟောကြားခဲ့တယ်။ အဲဒီလို ဟောပြောပုံအကြောင်းအရာအကျယ်များကို တရားရတနာအပိုင်းကျမှ မောင်ဝဏ္ဏတို့ကိုပြောပြမကွယ့်။

'အခု ဒီနေ့ပြောပြချင်တာကတော့ ယခုမြန်မာပြည်မှာ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့လို့သတ်မှတ်ပြီး ရှင်တော်ဘုရားကို ပူဇော်ကြပုံ၊ ဆီမီးထွန်းပွဲကျင်းပကြပုံ၊ အသံမစဲပဋ္ဌာန်းရွတ်ပွဲများ ကျင်းပကြပုံအကြောင်းနှင့်ဆက်နွယ်ပြီး မြန်မာဗုဒ္ဓဘာသာဝင်တို့၏အစဉ်အလာ သက်ကြီးပူဇော်ပွဲကျင်းပကြပုံအကြောင်း ယဉ်ကျေးမှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောပြမယ်။

'အခုပြောခဲ့သလို မယ်တော်မိနတ်သားကို မွေးကျေးဖူးဆပ်ရင်း ခက်ခဲနက်နဲတဲ့ အဘိဓမ္မာတရားများဟောကြားတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့မှာ ရှင်တော်ဘုရားက သိကြားမင်းအား 'ဒါယကာ သိကြားမင်း၊ ငါဘုရားသည် လူ့ပြည်သို့ပြန်ကြွတော်မူအံ့'ဟု အသိပေးမိန့်ကြားတော်မူလိုက်တယ်။ သိကြားမင်းလည်း ရှင်တော်ဘုရား မိန့်ကြားတော်မူသည်နှင့် တပြိုင်နက် မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ပြန်လည်သက်ဆင်းရန် စောင်းတန်းသုံးသွယ် ရတ်ချည်းဖန်ဆင်းလိုက်တယ်။ ယာဘက်စောင်းတန်းက ရွှေ၊ ဝဲဘက်စောင်းတန်းက ငွေစောင်းတန်းဖြစ်ပြီး အလယ်စောင်းတန်းက ပတ္တမြားစောင်းတန်းဖြစ်သကွယ့်၊ စောင်းတန်းများရဲ့အခြေက လူ့ပြည်သင်္ကာသမြို့တံခါးမှာဖြစ်ပြီး စောင်းတန်းဦးက မြင်းမိုရ်တောင်ထိပ်ဖြစ်သကွယ့်။

'ရှင်တော်ဘုရားက လူပြည်သို့ပြန်ကြွရန် မြင်းမိုရ်တောင်ထိပ် အလယ် ပတ္တမြားစောင်းတန်းမှာရပ်တော်မူလိုက်တာနှင့် ယာဘက်ရွှေစောင်းတန်းမှာ သိကြားမင်းနှင့်သူ့ပရိသတ်များကနေရာယူကြပြီး၊ ဝဲဘက် ငွေစောင်းတန်း ထိပ်မှာ ဗြဟ္မာပရိသတ်များစုဝေးကြသကွယ့်။ မြင်းမိုရ်တောင်ထိပ် ပတ္တမြား စောင်းတန်းဦးမှာ မြတ်စွာဘုရားရပ်တော်မူပြီး ရေမီးအစုံတန်ခိုးပြာဋိဟာကို ပြတော်မူလိုက်တယ်၊ အဲဒီအချိန်မှာ ဗြဟ္မာဘုံနှစ်ဆယ် နတ်ပြည်ခြောက်ထပ် လူပြည်အပါယ်လေးဘုံသားတို့ဟာ တစ်ဦးနှင့်တစ်ဦး အတားအဆီးမရှိ ဟင်းလင်းတိုးလျှိုပေါက် အချင်းချင်းမြင်နိုင်ကြရတယ်ကွယ့်။

'ပတ္တမြားစောင်းတန်းထိပ်မှ ရေမီးအစုံ တန်ခိုးပြာဋိဟာများပြပြီးနောက် ရောင်တော်ခြောက်ပါးအစုံနှင့် ရောင်ခြည်တော်လွှင့်ထုတ်ခါ သက်ဆင်း လာတော်မူသော ဘုရားရှင်၏အသရေတော်ကို ဖူးမြော်ကြည်ညိုကြရသော နတ်လူဗြဟ္မာအပေါင်းတို့မှာ ဘုရားအဖြစ်ကိုမတောင့်တသူဟူ၍ တစ်ယောက်မှ မရှိကြဘူးကွယ့်၊ တို့ရှင်တော်ဘုရား၏ ယာဘက်စောင်းတန်းဦးမှ သိကြားမင်း က ဦးဆောင်ပြီး ဝိဇယုတ္တရခရုသင်းကိုမှုတ်ပြီး ပူဇော်ကာလိုက်ပါလာခဲ့သတဲ့၊ သူ့နောက်က သုယာမနတ်မင်းက စာမရီသားမြီးယပ်ကိုကိုင်လျက် လိုက်ပါ လာသတဲ့။ သူ့နောက်မှ မယ်တော်မိနတ်သား သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကိုတလွှဲလွှဲခပ်ပြီး ပူဇော်ကာလိုက်သတဲ့ကွယ်။ အဲဒီနောက် မှာတော့ ပဥ္စသိခနတ်သားဟာ ဗေဠုဝစောင်းကိုပိုက်ပြီး ဓမ္မတေးများ တီးခတ်ပူဇော်ကာ သက်ဆင်းကြသတဲ့၊ နောက်ဆုံးမှာတော့ စကြဝဠာတွင်းရှိ နတ်အပေါင်းဟာ တခဲနက်လိုက်ပါလာကြသတဲ့ကွယ်။ ဝဲဘက် ငွေစောင်း တန်းမှာ ဗြဟ္မာကြီးများကဦးဆောင်ပြီး ဗြဟ္မာ့ထီးဖြူကြီးကို ဆောင်းမိုးပူဇော် လျက် လိုက်ပါသက်ဆင်းလာကြသတဲ့ကွယ်။ မောင်ဝဏ္ဏတို့ စိတ်ကူးနှင့် လှမ်းမျှော်ကြည့်ကြစမ်း။

'အဲဒီအချိန်အခါမှာ သာဝတ္ထိပြည်သူပြည်သားများလည်း ရှင်သာရိ ပုတ္တရာမထေရ်၏အကြောင်းကြားချက်အရ ရှင်တော်ဘုရား တာဝတိံသာမှ

လျှပြည် သင်္ကဿမြို့တံခါးမှ သက်ဆင်းတော်မူလာမည်လို့ သိကြတဲ့အတွက် သာဝတ္ထိပြည်မှထွက်လာကြသတဲ့။ သာဝတ္ထိနှင့်သင်္ကဿမြို့ဟာ ယူဇနာ(၃၀) လောက်ဝေးကွာတာ။ ညနေချမ်းအချိန် ထက်ကောင်းကင်ကိုမော့၍ ကြည့်လိုက်လို့ မြင်ကြရတဲ့ရှုခင်းကို မျှော်မှန်းကြည့်စမ်းဖို့ပြောတာကွယ့်။

'ထွက်ပြူလာတဲ့လပြည့်ဝန်းကြီးက နောက်ခံအလင်းရောင် ငွေခြည်လွှာကားချပ်ကြီးမှာ ရောင်ခြည်တော်ခြောက်စုံဖြင့် ထွန်းလင်းဝင်းတောက်နေတဲ့ ရှင်တော်မြတ်ဘုရားရယ်၊ တန်ခိုးဣဒ္ဓိပါဒ်အလင်းတွေနှင့် ဝင်းထိန်နေတဲ့ နတ်ပြဟ္မာပရိသတ်ကြီးခြံရံပြီး တဖြည်းဖြည်းဆင်းသက်လာကြတဲ့ရှုခင်းဟာ သာဝတ္ထိပြည်သူတွေအတွက်တော့ တစ်သက်မေ့ဖွယ် ဘယ်ရှိတော့မလဲ။ သင်္ကဿမြို့တံခါးစောင်းတန်းရဲ့ အခြေတစ်ဝိုက်မှာလည်း မနိုင်ရင်နေရမယ် အရှုံးမပေး စေတနာပီတိဝေဖြာလျက် လူတွေစီမံထွန်းညှိပူဇော်နေကြတဲ့ ဆီမီးပွဲတော်ကြီးရဲ့မြင်ခင်းဟာလည်း အံ့ဖွယ်ရှုမဝဖြစ်နေကြမည်အမှန်ပဲပေါ့ကွယ်။

'တကယ်တော့ အဲဒီကြီးမားလှတဲ့လူပရိသတ်ကြီးက ပူဇော်ကြတဲ့ ဆီမီးအလင်းရောင်မျိုးစုံဟာ စောင်းတန်းသုံးသွယ်မှ သက်ဆင်းလာတဲ့ ရှင်တော်ဘုရားရဲ့ရောင်ခြည်တော်များ၊ နတ်ပြဟ္မာတို့ရဲ့ကိုယ်ရောင်ကိုယ်ဝါများကို ဘယ်တုပယှဉ်ပြိုင်နိုင်တော့မလဲကွယ့်။ ဒါပေမယ့် သဒ္ဓါကြည်ညို စေတနာအရင်းခံဖြင့် ဆီမီးပူဇော်၍ ခရီးဦးကြိုလိုက်ကြတဲ့ မနော့ကံကုသိုလ်ကတော့ နတ်ပြဟ္မာများရဲ့သဒ္ဓါကြည်ညိုမှုထက် မနိမ့်ကျပါဘူးကွယ်။

'သင်္ကဿမြို့တော်စောင်းတန်းအခြေမှာ ရောက်ရှိပူဇော်နေတဲ့ ရဟန္တာပရိသတ်အပေါင်းကိုတော့ လက်ယာတော်ရံအဂ္ဂမဟာသာဝကကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာမဟာထေရ်ကြီးက ဦးဆောင်ဦးရွက်ပြုတော်မူသကွယ့်။ ရှင်တော်ဘုရားဟာ တာဝတိံသာမှ နတ်တို့ရဲ့နေ့ရက်သုံးရက်သာ သီတင်းသုံးခဲ့သော်လည်း လူ့ပြည်အနေနှင့်တော့ ဝါဆိုလပြည့်နေ့က သီတင်းကျွတ်လပြည့်နေ့အထိ သုံးလကြာခဲ့သကွယ့်။ အဲဒီသုံးလအတွင်းမှာ ရှင်သာရိ

ပုဏ္ဏရာမထေရ်ကြီးဟာ ရှင်တော်မြတ်ဘုရားထံရောက်ရှိပြီး တာဝတိံသာမှာ ဟောကြားခဲ့သော အဘိဓမ္မာတရားအကျဉ်းကို နာကြားခံယူတော်မူခဲ့တယ်။

'အေး မင်းတို့ နားလည်အောင်ရှင်းပြရရင် ရှင်တော်ဘုရားဟာ တာဝတိံသာသို့ကြွရောက်တော်မူပေမယ့် ခန္ဓာကိုယ်တော်ဟာ လူသားများရဲ့ ခန္ဓာကိုယ်တော်ဖြစ်လို့ အချိန်တန်ရင် အာဟာရဖြည့်တင်းစားသောက်ရမှာ ဖြစ်တယ်။ အချိန်နှင့်အမျှ အညစ်အကြေးသန့်စင်ရတယ်။ နတ်ပြဟ္မာတို့မှာတော့ အာဟာရကိစ္စအဝဝမှာ သူတို့ရဲ့တန်ခိုးက္ကဒ္ဓိပါဒ်ဖြင့်ပြီးရပြီး၊ ကျင်ကြီးကျင်ငယ် စွန့်ရတဲ့ကိစ္စမရှိတော့ သုံးရက်လောက် တစ်ထိုင်တည်း အဘိဓမ္မာတရားအရှည်ကြီးကို နာကြားနိုင်ကြတာပေါ့။ အဲဒီမှာ တရားအဆက်မပြတ်ရအောင် လူ့ပြည်အချိန်နှင့် ဆွမ်းခံချိန်၊ အာဟာရဘုဉ်းပေးချိန်ရောက်လျှင် ရှင်တော်ဘုရားက နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်းထားခဲ့တယ်ကွယ့်။ ရှင်တော်ဘုရားကိုယ်သဏ္ဌာန်၊ အဆင်း၊ အသံ တသဝေမတိမ်းဖြစ်တဲ့ ရုပ်ပွားတော်က ဟောနေဆဲတရားတော်ကို ဆက်လက်ဟောကြားနေရတယ်ကွယ့်။

'ရှင်တော်မြတ်ဘုရားကတော့ ဆွမ်းခံချိန်ရောက်လျှင် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူတယ်။ ပြီးတော့ ဟိမဝန္တာအနောဝတတ်အိုင်မှာ ဆွမ်းဘုဉ်းပေးပြီး နေသန့်တော်မူရန် စန္ဒကူးတောသို့ကြွတော်မူတယ်။ အဲဒီစန္ဒကူးတောမှာ အသင့်စောင့်ကြိုနေတဲ့ အရှင်သာရိပုတ္တရာမထေရ်ကြီးကို တာဝတိံသာမှာ နေ့စဉ်ဟောကြားခဲ့တဲ့ အဘိဓမ္မာတရားအကျဉ်းချုပ်ကို ပြန်လည်ဟောပြသကွယ့်။ နောင်အခါ မထေရ်ကြီးက သူ၏တပည့်ရဟန်းငါးရာကို ပြန်လည်ပြီး မကျဉ်းမကျယ်ဟောပြတယ်။ အဲဒီကတဆင့် အခြားသံဃာ့ပရိသတ်နှင့် လူအပေါင်းတို့ဟာ အဘိဓမ္မာတရားကို နာကြားကြရတာပဲကွယ့်။ အေး တရားတော်အပိုင်းရောက်မှ ဒီအကြောင်းအရာများကို အကျယ်ပြောပြဦးမယ်။

'ဘိုးဘိုး အဓိကပြောချင်တာကတော့ တို့ဗုဒ္ဓဘာသာဝင်မြန်မာတွေဟာ သီတင်းကျွတ်လပြည့်အချိန်ရောက်ရင် မီးထွန်းပွဲကြီးကျင်းပပြီး မီးပုံးပျံလွှတ်၊ မီးရှူးမီးပန်းပျောက်အိုးဖေါက်ကြ၊ ကလေးတွေပျော်ကြ၊ မုန့်လုံးရေပေါ်စားကြ

နှင့်သာ ကျေနပ်တင်းတိမ်မနေကြဖို့ပဲကွယ့်။ အခုအချိန်မှာ မင်းတို့လို လူငယ်လူရွယ်တွေမပြောနှင့် လူကြီးတွေတောင် အခု ဘိုးဘိုးပြောပြသလို တာဝတိံသာကို တို့ရှင်တော်ဘုရားကြွရောက်ပြီး အဘိဓမ္မာပြောဟောပုံ၊ သီတင်းကျွတ်လပြည့်မှာ နတ်ဗြဟ္မာများက ခမ်းနားကြီးကျယ်စွာ လူ့ပြည်သို့ ရှင်တော်ဘုရားကို လိုက်လံပို့ဆောင်ပူဇော်ကြပုံ၊ သင်္ကဿမြို့မှ လူထု ပရိသတ်က လိုက်လှဲကြည်ညို သဒ္ဒါတရားများစွာနှင့် ရှင်တော်ဘုရားအား ကြိုဆိုပူဇော်ကြပုံများကို ကောင်းစွာနားလည်သဘောပေါက်အောင် ပြောပြ သင့်သကွယ့်။ ဒါမှသာ သီတင်းကျွတ်မှာ ပျောက်အိုးဖောက်ရတာကိုချည်း လုပ်နေကြလို့တော့ နေရာမကျသေးဘူး။ မိဘများကို ကျေးဇူးဆပ်ရန် ကုသိုလ်များပြုကြဖို့၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြဖို့ဆိုတဲ့ အနှစ်သာရရှိတဲ့ဆောင်ရွက်မှုများကို အလေးပေးပြုလုပ်သင့်ကြကြောင်း မင်းတို့ကိုပြောပြချင်လို့ပဲ။

# အခန်း(၇)

## အနာထပိဏ်သူဌေးကြီး ဘုရားရှင်အားဖူးတွေ့ခြင်း

'မောင်ဝဏ္ဏတို့။ သီတင်းကျွတ်ပွဲတော် မီးထွန်းပူဇော်ပွဲတော်တို့ အကြောင်းကို ရှင်းပြခဲ့တယ်နော်။ သက်ကြီးဝါကြီး ဆရာသမားမိဘများကို ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ကန်တော့ကြတဲ့ မြန်မာဗုဒ္ဓဘာသာဝင်တို့ရဲ့ ဒီနေ့ ထူးခြားမြတ်အစဉ်လာဟာ ဘယ်ကဆင်းသက်လာတယ်ဆိုတာ မောင်ဝဏ္ဏတို့ မူရင်းဇာစ်မြစ်သိကြအောင်လို့ပြောပြခဲ့တာပဲကွယ့်။ အဓိကကတော့ ရှင်တော် ဘုရား တာဝတိံသာနတ်ပြည်မှ ပြန်လည်သက်ဆင်းလာသည်ကို သာဝတ္ထိ ပြည်သူပြည်သားများက သောင်းသောင်းဖြဖြ ကြိုဆိုကြတဲ့ပူဇော်ပွဲကြီးကို အစဉ်အလာဖြစ်ခဲ့တာပဲကွယ့်။ ပြီးတော့ ရှင်တော်ဘုရားဟောကြားတော်မူခဲ့တဲ့ 'ပူဇာ စ ပူဇနေယျာနံ=ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ခြင်း။ ဂါရဝေါ စ နိဝါတော စ= အရိုသေအလေးအမြတ်ပြုခြင်း၊ မိမိကိုယ်ကို ဝပ်တွားနှိမ့်ချ မာန်မာနလျှော့ခြင်း' စတဲ့ မင်္ဂလာအကျိုးများလည်းရကြအောင်လို့ ဘိုးဘွား စဉ်အဆက် ထိန်းသိမ်းလာခဲ့ကြတဲ့ အစဉ်အလာကောင်းကြီးဖြစ်သကွယ့်။ အဓိပ္ပာယ်သိသိ အနှစ်သာရရှိရှိနှင့် ဆက်လက်ဆောင်ရွက်တတ်ကြရအောင် ဘိုးဘိုးကပြောပြခဲ့တာ။

'အေး တန်ဆောင်းမုန်းလပြည့်နေ့ကြတော့ ရှင်တော်ဘုရားမပွင့်မီ ကာလ ရှေးပဝေသဏီတုန်းကတော့ ကြတ္တိကာနက္ခတ်ပွဲကြီး ဆင်နွှဲလေ့ရှိခဲ့ တာပါပဲ။ ဒါပေမယ့် မြတ်စွာဘုရားက အဇာတသတ်မင်းကြီးကို သာမည ဖလသုတ်ခေါ်တဲ့ လူ့ဘောင်စွန့်ခွာရဟန်းဖြစ်ရခြင်းရဲ့အကျိုးကျေးဇူးများ အကြောင်း ဟောကြားပြီးကတည်းက ဗုဒ္ဓဘာသာဝင်တွေက တန်ဆောင်မုန်း

လပြည့်နေ့ကို သာမညဖလသုတ် ဟောကြားတော်မူရာ အခါတော်နေ့လို့ သတ်မှတ်ကြသကွယ့်။ အဲဒီအကြောင်း တရားရတနာအခန်းရောက်မှ အကျယ်ပြောပြဦးမယ်။

'အခုတော့ ရှင်တော်မြတ်ဘုရားဟာ ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်ကြီးသို့ ပြောင်းရွှေ့ကြွမြန်းပြီး ဝါတော်ပေါင်းနှစ်ဆယ်တိတိ သီတင်းသုံးတော်မူလာရတဲ့ အကြောင်းအစကို ပြောပြမယ်ကွယ့်။ သာဝတ္ထိပြည်ကြီးဟာ ဗုဒ္ဓရှင်တော်ဘုရားတိုင်း သီတင်းသုံးစံတော်မူခဲ့ရာမြို့တော်ဖြစ်တယ်ကွယ့်။ တို့ဗုဒ္ဓရှင်တော်ဘုရားဂေါတမဟာ ရာဇဂြိုဟ်ပြည်မှာ ရှေးဦးပထမ သီတင်းသုံးရာမြို့တော်ဖြစ်လာရတာက သိဒ္ဓတ္ထမင်းသားဘဝမှ တောထွက်လာစဉ်က ရာဇဂြိုဟ်ပြည်ကိုဆွမ်းခံဝင်စဉ် ဗိမ္ဗိသာရမင်းကြီးက ဖူးတွေ့ရတော့ 'ဘုရားစင်စစ်ဖြစ်တဲ့အခါ သူ့ထံအရင်ကြွလာပါ'ဟု လျှောက်ထားလိုက်တယ်ကွယ့်၊ အဲဒီတုန်းက ဘုရားလောင်းက 'ကောင်းပြီ'လို့ ဝန်ခံတဲ့ကတိစကားအတိုင်း ဘုရားဖြစ်တော်မူလာတော့ ရာဇဂြိုဟ်ပြည်ကို ရှေးဦးကြွသွားတော်မူခဲ့ရတာ ပဲကွယ့်၊ ရာဇဂြိုဟ်မှာ ရှင်တော်ဘုရား နှစ်ပေါင်းများစွာ သီတင်းမသုံးပါဘူး။ ဒုတိယ၊ တတိယနှင့် စတုတ္ထဝါများ သုံးဝါသုံးနှစ်ဆက်တိုက်၊ နောက် (၁၇)ကြိမ်မြောက်နှင့် (၂၀)ကြိမ်မြောက်ဝါ စသဖြင့် စုစုပေါင်း ငါးဝါမျှသာ သီတင်းသုံးတော်မူခဲ့တယ်။ (၂၁)ဝါမြောက်မှစပြီး ပရိနိဗ္ဗာန်စံတော်မူတဲ့ (၄၄)ဝါမြောက်အထိဝါများကို သာဝတ္ထိပြည်ကြီး၌ တစ်ဆက်တည်း (၂၄)ဝါ သီတင်းသုံးတော်မူခဲ့တယ်ကွယ့်။

'အဲဒီလောက် ကြာရှည်စွာသီတင်းသုံးတော်မူသွားတဲ့ ဇေတဝန်ကျောင်းတော်ကြီးအကြောင်းကို မောင်ဝဏ္ဏတို့ကောင်းကောင်းသိကြဖို့ ဘိုးဘိုးပြောပြမယ်၊ ရာဇဂြိုဟ်ပြည်ကြီးနှင့် သာဝတ္ထိပြည်ကြီးတို့ဟာ တစ်ချိန်တည်းရှင်ဘုရင်နှစ်ပါး စိုးစံတော်မူကြတဲ့ ပြည်ကြီးများဖြစ်သကွယ့်။ ဒီနေရာမှာ 'ပြည်'လို့သုံးထားတာကို ဘိုးဘိုးရှင်းပြမယ်ကွယ့်၊ ရာဇဂြိုဟ်ပြည်ကြီးဆိုတာ မဂဓတိုင်းရဲ့ဘုရင်မင်းမြတ်စံတော်မူရာ ရှင်ဘုရင်ထီးနန်းစိုက်ရာ မြို့တော်ကြီးပါဘဲ၊ ဒါကြောင့် ကာသိတိုင်း ဗာရာဏသီပြည်၊ ကောသလတိုင်း သာဝတ္ထိ

ပြည်လို့ ကျမ်းတွေမှာရေးကြတဲ့ ထုံးစံအသုံးနှုန်းတစ်ခုပါ။ အဲဒီပြည်ကြီးများနှင့် အခြားပြည်ကြီးတွေဟာ လမ်းမကြီးအသွယ်သွယ်နှင့် အချင်းချင်းဆက်သွယ် ကုန်စည်ဖလှယ် ကုန်ရောင်းကုန်ဝယ်ပြုခဲ့ကြတယ်ကွယ့်။

'အဲဒီအချိန်က ရာဇဂြိုဟ်ပြည်က သူဌေးကြီးတစ်ဦးနှင့် သာဝတ္ထိပြည်မှာ သူဌေးကြီးတစ်ဦးတို့ဟာ အချင်းချင်း မောင်လယ်နှမလယ် တော်စပ်ကြတယ်ကွယ့်။ မောင်လယ်နှမလယ်ဆိုတာ ရာဇဂြိုဟ်သူဌေးရဲ့နှမက သာဝတ္ထိပြည် သူဌေးနှင့်လက်ဆက်ပြီး၊ သာဝတ္ထိပြည်သူဌေးက ရာဇဂြိုဟ်ပြည်သူဌေးကြီးရဲ့ နှမနှင့်လက်ထပ်ထားတဲ့ ဆွေမျိုးဆက်စပ်ပုံကိုပြောတာကွယ့်။ သူတို့နှစ်ဦး ဟာ တစ်နယ်မှတစ်နယ် ထွက်ကုန်များကို ဈေးနှုန်းအတက်အကျအလိုက် ရောင်းဝယ်ဖလှယ်ကြတဲ့ သူဌေးကြီးနှစ်ဦးဖြစ်တယ်ကွယ့်။ တစ်ချိန်မှာ ကုန်ဈေးနှုန်းမကိုက်ကြလို့ အရောင်းဝယ်အဆက်ပြတ်သွားတာ နှစ်နှစ် လောက်ကြာပြီးမှ သာဝတ္ထိသူဌေးကြီးက လှည်းပေါင်းငါးရာနှင့် သာဝတ္ထိ နယ်ထွက်ကုန်ပစ္စည်းများတင်ပြီး ရာဇဂြိုဟ်ပြည်ကိုသွားရောက်သတဲ့ကွယ်။

'သူတို့နှစ်ဦးရဲ့ပြုလုပ်နေကြဓလေ့ထုံးစံက တစ်ဦးဦးက ကုန်စည်တွေနှင့် လာခဲ့ရင် မြို့တော်ကြီးကိုမရောက်မီ ရှေ့ပြေးသတင်းအပို့နိုင်းလေ့ရှိတယ်။ အဲဒီသတင်းကို လက်ခံရမယ့်မြို့ကြီးမှ ယောက်ဖတော်သူဌေးက လှည်းယဉ် နှင့် အလျင်အမြန်ထွက်လာပြီး ခရီးဦးကြိုဆိုရတယ်။ သူ့ရဲ့ယောက်ဖ သူဌေးကြီးကို သူ့လှည်းယဉ်နှင့်တင်ပြီး မြို့ထဲကိုဝင်ကြတယ်။ ကုန်စည်တင် လှည်းတွေက နောက်မှ တဖြည်းဖြည်းလိုက်လာကြတယ်၊ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်မှာ ဒုတိယဝါကပ်တော်မူစဉ်အခိုက်မှာ သာဝတ္ထိပြည်မှ သူဌေး ကြီးဟာ ရာဇဂြိုဟ်ပြည်ကိုလာတာဖြစ်သကွယ့်။

'ဒီတစ်ခေါက်အလာမှာ သာဝတ္ထိပြည်သူဌေးဟာ ရာဇဂြိုဟ်ပြည်သူဌေး ကြီးရဲ့အပြုအမူများကြောင့် အတော်အံ့သြရ အစဉ်းစားရခက်နေခဲ့တယ်။ ကုန်စည်လှည်းငါးရာနှင့် ရာဇဂြိုဟ်ပြည်နားနီးကပ်လာတော့ သူ့ယောက်ဖ တော်ထံ ထုံးစံအတိုင်း ရှေ့ပြေးသတင်းပို့လုလင်ကို ကြိုတင်လွှတ်လိုက် တယ်။ သူ့ယောက်ဖ ရာဇဂြိုဟ်သူဌေးဟာ ခါတိုင်းလို လှည်းယဉ်နှင့်

ဆီးကြိုနိုးနိုးမျှော်ကိုးရင်း ရာဇဂြိုဟ်မြို့ထဲ ဝင်ရောက်ခဲ့သည့်တိုင်အောင် ခါတိုင်းလို အကြိုမရောက်လာဘူးကွယ့်။ ရာဇဂြိုဟ်သူဌေးအိမ်ဝင်းကို လှည်းငါးရာနှင့်ဆိုက်ရောက်တော့လည်း အိမ့်ရှင်သူဌေးက ယောက်ဖတော်သူဌေးကို ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်မှုမပြုဘူးကွယ့်။ သူ့အခိုင်းအစေ တပည့်အပေါင်းကို ကိုယ်တိုင်ကြီးကြပ် စီမံခန့်ခွဲခိုင်းစေနေတယ်၊ သာဝတ္ထိပြည်က ဆိုက်ရောက်လာတဲ့ ယောက်ဖသူဌေးကြီးကို 'သူဌေးကြီး ရောက်လာပြီလား၊ သားသမီးများ ကျန်းမာကြရဲ့လား' လို့ စကားနှစ်ခွန်းသာပြောပြီး သူ့တပည့်များနှင့် အလုပ်များနေတော့သကွယ့်။

'သာဝတ္ထိသူဌေးလည်း တစေ့တစောင်းကြည့်လိုက်တော့ ခမ်းနားကြီးကျယ်စွာ အကျွေးအမွေးနှင့် ညှော်ခံပွဲကြီးတစ်ခုပြုလုပ်ရန်ပြင်ဆင်နေပုံရလို့ 'ရာဇဂြိုဟ်သူဌေးကြီး သားပေးသမီးယူ မင်္ဂလာပွဲများဆင်နွှဲဖို့ အလုပ်များနေကြလားလို့'မေးမြန်းစုံစမ်းလိုက်တယ်ကွယ့်။ အဲဒီမှာ ရာဇဂြိုဟ်သူဌေးကြီးက သားရေးသမီးရေး မင်္ဂလာသဘင်ပြုလုပ်ဖို့မဟုတ်ကြောင်း၊ နံနက်အခါတွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအား နောက်ပါအခြံအရံ သံဃာတော်အရှင်သူမြတ်များနှင့်တကွ ဆွမ်းအလှူဒါနပြုလုပ်ဖို့အတွက် ပြင်ဆင်နေကြောင်း ရှင်းလင်းပြောပြသကွယ့်။ 'မြတ်စွာဘုရား' လို့ ရာဇဂြိုဟ်သူဌေးကြီး နှုတ်ဟပြောဆိုလိုက်တာနှင့်တစ်ပြိုင်နက် သာဝတ္ထိသူဌေးကြီးမှာ ဦးခေါင်းမှ ခြေဖျား ခြေဖျားမှဦးခေါင်း တစ်ကိုယ်လုံးကြည်နူးဝမ်းမြောက် သဒ္ဓါပီတိများ ဖြာသွားသကွယ့်။ 'သူဌေးကြီး၊ မြတ်စွာဘုရားလို့ သင်ပြောလိုက်သလား' လို့ တအံ့တဩမေးလိုက်တော့ 'ဟုတ်ပါတယ် သူဌေးကြီး၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်တော်ကို နက်ဖန်နံနက် ဆွမ်းအလှူပေးမှာပါ' လို့ ပြောတာ ဟုတ်ပါကြောင်း' ဟု ပြန်ပြောသကွယ့်။

'အဲဒီတင် သာဝတ္ထိသူဌေးကြီးက 'မြတ်စွာဘုရား, မြတ်စွာဘုရား။ လောကမှာ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင်တော် ပေါ်လာတာခဲမျှ ယခု ပေါ်လာပြီတဲ့၊ ပေါ်လာပြီတဲ့' ဟု ဝမ်းသာအားရရေရွတ်မြည်တမ်းကာ ယောက်ဖတော် ရာဇဂြိုဟ်သူဌေးအား 'ယခုပင် မြတ်စွာဘုရားအား သွားရောက်ဖူးမျှော်



ဇေတဝန်ကျောင်းရေစက်ချခန်း

အိန္ဒိယနိုင်ငံ၊ ဘရဟုတ် ဘီစီ ၂-ရာစု

လိုပါတယ်၊ သွားရန်ဖြစ်နိုင်ပါ့မလား၊ အချိန်တော်ရဲ့လား' ဟု အငမ်းမရ မေးမြန်းတယ်ကွယ့်။ သူ့ယောက်ဖတော်က 'ယခုအချိန်နှောင်းပြီ၊ ရှင်တော်ဘုရားဟာ သုဿန်တစ်ခု၌ တောရသီတင်းသုံးနေချိန်ဖြစ်လို့ သွားရောက်နှောက်ယှက်ရန်မသင့်။ ယခုလို ညချမ်းအချိန်ဟာ သုဿန်အဝသို့သွားရန်လည်း အချိန်မဟုတ်တော့ပါ။ နက်ဖန် ရှင်တော်ဘုရား ဆွမ်းအလှူခံရန်ကြွရောက်လာတော့မှ အားရအောင်ဖူးပါ'ဟု ဖြေသိမ့်ပြောဆိုသကွယ့်။

'အဲဒီအချိန်ကစပြီး သာဝတ္ထိသူဌေးကြီးဟာ သာဝတ္ထိမှ သူသယ်ယူလာတဲ့ ကုန်ပစ္စည်းများနှင့်တကွ လှည်းသားငါးရာတို့ကိုလည်း စိတ်မဝင်စား၊ ရာဇဂြိုဟ်သူဌေးကြီးနှင့် သူ့တပည့်အပေါင်း လှုပ်ရှားပြင်ဆင်နေကြပုံကိုလည်း သတိမပြုတော့ဘဲ ရှင်တော်မြတ်ဘုရား၌သာအာရုံပြုပြီး 'မြတ်စွာဘုရား၊ မြတ်စွာဘုရား'ဟု နှုတ်မှပူဇော်ကာ သူ့အတွက်သီးသန့်ထားတဲ့ ပြာသာဒ်ဆောင်အိပ်ခန်းသို့ တက်ရောက်ဝင်သွားသကွယ့်၊ အိပ်ယာမှာ လဲလျောင်းစဉ်မှာလဲ မြတ်စွာဘုရားကိုသာ စွဲမြဲစွာအာရုံပြုကြည်ညိုနေတော့ သမာဓိဟာလွန်စွာထက်သန်ပြီး ပီတိတွေဖြာလျက် ကိုယ်မှလည်း တိုက်ခန်းအနှံ့အလင်းရောင်တွေနှင့် လင်းထိန်နေသကွယ့်။ ဒီလိုနှင့် ညဉ့်သုံးယံစလုံး အိပ်မပျော်ဘဲ ဘုရားအာရုံ၌သာစိတ်ရောက်နေတော့ မိမိကိုယ်မှအလင်းရောင်ကြောင့် အာရုံကျင်းလို့ အလင်းရောက်ပြီထင်မှတ်ပြီး အိပ်ယာမှထ အပြင်ထွက်ရန်ပြင်ဆင်တာ သုံးကြိမ်တောင်ရှိသတဲ့၊ လဝန်းကြီးကိုမြင်မှ ပြန်လည်လဲလျောင်းရတာ ညဉ့်သုံးယံစလုံးပဲတဲ့ကွယ်။

'နောက်ဆုံးယံမှာတော့ အုံးစက်ရာကုတင်မှ အပြီးတစ်ခါထဲထ, ပြာသာဒ်မှဆင်းပြီး မြို့တံခါးဆီကို မိမိကိုယ်အလင်းရောင်ဖြင့် ရောက်ရှိသွားသကွယ့်၊ သမ္မာဒေဝနတ်ကောင်းများက သူ့အတွက် မြို့တံခါးများအဆင်သင့်ဖွင့်ထားလို့ မြို့ပြင်ကိုလွယ်ကူစွာရောက်သွားသကွယ့်။ မြို့ပြင်မှ တောရကျောင်းတော်တည်ရှိရာ သုဿန်သို့မှန်းဆပြီး လျှောက်လှမ်းသွားရင်း သုဿန်တစ သချိုင်းဝသို့သွားနေသည်ကိုသတိပြုမိတော့ မြို့ပြင်မှာစွန့်ပစ်ထားတဲ့ အလောင်းကောင်တွေကြား ရောက်နေမှန်းသိတော့မှ သူဌေးကြီးမှာ

အာရုံတွေပျက်သွားတယ်ကွယ့်။ အဲဒီမှာ သမာဓိပျက်ကာ ကိုယ်ရောင်များ ပျောက်ပြီး အမှောင်ထဲရောက်နေလို့ ကြောက်စိတ်တွေဝင်လာတော့တယ်။ ရှေ့ဆက်မသွားဝံ့လို့ တုန့်ဆိုင်းနေတော့ နတ်ကောင်းနတ်မြတ်များက လာပြီး အားပေးကြတယ်ကွယ့်။ 'ဘာမျှမကြောက်နဲ့၊ ရှင်တော်ဘုရားထံ ရောက်ကာ နီးပြီ၊ ရှေ့ဆက်သာသွားပါ' လို့ တိုက်တွန်းကြသတဲ့။

'အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ သုသာန်တစ်နေရာမြေပြင်မှာ စင်္ကြံ လျှောက်နေတော်မူသကွယ့်။သူဌေးကြီးလာတာမြင်တော့ ကုန်းမြင့်တစ်နေရာ တက်ပြီးထိုင်တော်မူကာ 'သုဒတ္တ လာလော့၊ သုဒတ္တ လာလော့'ဟု လှမ်းပြီးခေါ်တော်မူလိုက်တယ်။ သူ့ရဲ့ငယ်နာမည်ကို ခေါ်သံကြားတော့ သူဌေးကြီးဟာ ဝမ်းမြောက်ဝမ်းသာနှင့် ရှင်တော်ဘုရားထံ အလျင်အမြန် ချဉ်းကပ်သွားတယ်ကွယ့်။ ပြီးတော့ ရှင်တော်ဘုရား၏ခြေတော်များကို ဦးခိုက်ကာ အကြိမ်ကြိမ်ပူဇော်ကန်တော့ပြီး 'ရှင်တော်ဘုရား ချမ်းသာစွာ အိပ်စက်တော်မူရပါသလား' လို့ လျှောက်ထားမေးမြန်းလိုက်တယ်ကွယ့်။

'ရှင်တော်ဘုရားက 'ဘုရားရဟန္တာတို့မည်သည် ကိလေသာအာသဝေါ အညစ်အကြေး လုံးစုံကင်းငြိမ်းပြီးတာမို့ ထိုင်ထလျှောက်သွား လဲလျောင်း နားနေ ဣရိယာပုတ်လေးပါးစလုံး၌ပင် ချမ်းသာစွာနေကြကြောင်း' ပြောပြ တယ်။ ပြီးတော့ ယသသတို့သားနှင့်မိသားစုကို ဟောကြားတော်မူခဲ့တဲ့ အတိုင်း ဒါနအကြောင်း၊ သီလအကြောင်း၊ နတ်ပြည်နတ်ရွာ သုဂတိဘုံ များသို့ရောက်ကြောင်းတရားများကို ဟောကြားသကွယ့်။ နောက်ဆုံးတော့ သံသရာဝဲသြဃမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်များ ဟောကြားပြီးတဲ့အဆုံးမှာ သာဝတ္ထိသူဌေးကြီးဟာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားသတဲ့ကွယ်။

'သူဌေးကြီးလည်း ရှင်တော်ဘုရား၌ သဒ္ဓါကြည်ညိုတရားပွားများကာ 'ရှင်တော်ဘုရားဟောတော်မူတဲ့ တရားများဟာ မှောက်ထားသောခွက်ကို လှန်ပြသကဲ့သို့၊ ဖုံးထားသောအိုးကို အဖုံးဖွင့်ပြသကဲ့သို့၊ အမှောင်တိုက်မှာ ဆီမီးထွန်းလင်းပေးသကဲ့သို့၊ ထို့အတူ များစွာသောတရားများကို တစ်မျိုးစီ

တစ်ဖုံစီ အလီလီခွဲခြား ရှင်းလင်းပြသတော်မူပါပေသည်။ အံ့သြဖွယ်ရှိလှပါပေသည်။ ရှင်တော်ဘုရား တပည့်တော်သည် ဘုရား,တရား,သံဃာတော်တည်းဟူသော ရတနာသုံးပါးအား ကိုးကွယ်လည်းလျောင်းရာဟူ၍ ဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့မှစ၍ သက်ဆုံးတိုင် တပည့်တော်အား ရှင်တော်မြတ်ဘုရား၏ တပည့်ဥပါသကာတစ်ဦးအဖြစ် လက်ခံအသိအမှတ်ပြုတော်မူပါဟု ရှိသေစွာလျှောက်ထားလိုက်သတဲ့ကွယ်။

'အဲဒီလိုမြတ်စွာဘုရားအားလျှောက်ထားပြီးတော့ 'တပည့်တော်အား သနားသောအားဖြင့် မနက်ဖန်အတွက် ဆွမ်းအလှူကိုလက်ခံတော်မူပါ'ဟု ဆွမ်းကျွေးပင့်သကွယ့်။ ရှင်တော်ဘုရားက ဆိတ်ဆိတ်နေခြင်းဖြင့် သူ၏ဆွမ်းအလှူကို လက်ခံလိုက်တော့ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရာဇဂြိုဟ်သူဌေးကြီး အိမ်ပြန်လာခဲ့သကွယ့်။ သူဌေးကြီးအိမ်မှာ ရှင်တော်မြတ်ဘုရားကို ဖူးတွေ့ခဲ့ရပုံ၊ တရားနာခဲ့ရပုံ၊ ဆွမ်းအလှူလက်ခံလိုက်ပုံများ ပြောပြကြတော့ ရာဇဂြိုဟ်သူဌေးကြီးကရော ရာဇဂြိုဟ်က ကုန်သွယ်ဘက်သူကြွယ်များကရော ဗိမ္ဗိသာရဘုရင်မင်းမြတ်ကရော သာဝတ္ထိသူဌေးကြီးဟာ ရာဇဂြိုဟ်မှာ ဧည့်သည်သာဖြစ်လို့ အစစအရာရာ သူတို့ ကူညီဆောင်ရွက်ပေးမည့်အကြောင်း ဝိုင်းဝန်းပြောပြကြသတဲ့။ ဒါပေမယ့် သာဝတ္ထိသူဌေးက သူ့တွင် တပည့်လှည်းသားငါးရာနှင့် ငွေကြေးအပြည့်အစုံကုံလုံကြောင်း ပြောပြပြီး ရာဇဂြိုဟ်သားတို့၏ အကူအညီများကို လုံးဝလက်မခံဘဲ ငြင်းပယ်လိုက်သကွယ့်။

'ပြောတဲ့အတိုင်းပဲ နောက်တစ်နေ့မှာ ရှင်တော်ဘုရားနှင့် သံဃာတော်အပေါင်းအား ရာဇဂြိုဟ်သူဌေးအိမ် အလှူမဏ္ဍပ်မှာပဲ သိုက်မြိုက်တင့်တယ်စွာ ဆွမ်းဆက်ကပ်လှူဒါန်းကြတယ်ကွယ့်။ ရှင်တော်ဘုရားက ဆွမ်းအနုမောဒနာတရားများ ဟောပြောပြီးတဲ့အခါ သာဝတ္ထိသူဌေးကြီးက 'ရှင်တော်ဘုရား၊ တပည့်တော်များ သာဝတ္ထိနယ်ပယ်မှာ သံဃာတော်အပေါင်းနှင့်တကွ ဝါဆိုသီတင်းသုံးနေထိုင်တော်မူရန် ကျောင်းအလှူဒါနပြုလိုပါကြောင်း'လျှောက်ထားသတဲ့။ ရှင်တော်ဘုရားက 'ဒါယကာသူဌေးကြီး၊ ဘုရားရဟန္တာတို့

မည်သည့် ဆိတ်ငြိမ်အေးချမ်းရာကိုသာနှစ်သက်တော်မူကြတယ်’လို့ အမိန့်ရှိတယ်။ ထိုအခါ သူဌေးကြီးက ‘တပည့်တော်များ ဒီအကြောင်း ကောင်းစွာသိရှိနားလည်ပါကြောင်း’ပြန်လျှောက်တော့ ရှင်တော်ဘုရားက ဆိတ်ဆိတ်နေလိုက်ခြင်းဖြင့် ကျောင်းဆောက်လုပ်လှူဒါန်းခွင့်ပြုလိုက်တယ်။

ရာဇဂြိုဟ်သူဌေးကြီးဟာ ခုခေတ်စကားနှင့်ပြောရလျှင် သိန်းသုံးရာထီဆုကြီးရတာထက် မြတ်စွာဘုရားအား ကျောင်းဆောက်လုပ်လှူဒါန်းခွင့်ရတာကို လွန်စွာဝမ်းသာပီတိဖြစ်တာပေါ့။ ရာဇဂြိုဟ်မှာ အရောင်းအဝယ်ကိစ္စတွေကို လျင်လျင်မြန်မြန်စီရင် မပြီးပြတ်သေးတဲ့ကိစ္စများကို ယောက်ဖတော် ရာဇဂြိုဟ်သူဌေးကြီးကိုလွှဲအပ်ပြီး သာဝတ္ထိသို့အပြန်ခရီး စတင်ထွက်ခဲ့သကွယ့်။ သာဝတ္ထိနှင့်ရာဇဂြိုဟ်ဟာ (၄၅)ယူဇနာ၊ မိုင်လေးရာကျော်လောက်ဝေးကွာသကွယ့်၊ လမ်းခရီးတလျှောက် မြို့ရွာအသီးသီးမှာလဲ သာဝတ္ထိသူဌေးကြီးနှင့် ဆက်သွယ်ရင်းနှီးကြတဲ့ ခင်မင်ကြတဲ့ ဩဇာညောင်းတဲ့သူကြွယ်များကုန်သည်ကြီးများ နေရာတကာမှာရှိသကွယ့်။ ရာဇဂြိုဟ်မှအထွက် ဝေသာလီပြည်က ကြားနေနိုင်ငံ၊ အဲဒီနောက်မှ သာဝတ္ထိပြည် ကောသလတိုင်းသို့ရောက်ကာ လမ်းခရီး(၄၅)ယူဇနာမှာ ရှင်တော်ဘုရားကြွလာတော်မူလျှင်တစ်ယူဇနာခရီးတစ်ထောက် နားနေတော်မူရန် သာဝတ္ထိသူဌေးကြီးက အပြန်ခရီးမှာ အားလုံးအပြည့်အစုံ စီမံခန့်ခွဲသွားသကွယ့်။

‘တစ်ယူဇနာတိုင်း ရှင်တော်ဘုရားနှင့် နောက်ပါသံဃာတော်များအေးချမ်းစွာ စံပယ်နားနေကြရန် စံကျောင်းများဆောက်လှူကြဖို့ ဒေသခံပြည်သူများကို ဆော်ဩသွားသကွယ့်။ ‘အိုမိတ်ဆွေအပေါင်းတို့ လောကမှာသမ္မာသမ္ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်တော်မူလာပြီ။ ကြုံတောင့်ကြုံခဲ ဖူးရခဲသောရှင်တော်ဘုရားဟာ သင်တို့နေထိုင်ရာဒေသသို့ ကြွရောက်တော်မူလာလိမ့်မည်။ ဒါကြောင့် ထူးကဲမွန်မြတ်တဲ့ကုသိုလ်များရကြအောင် တစ်ယူဇနာတစ်ယူဇနာအကွာအဝေးမှာ စံကျောင်းတော်များဆောက်လုပ်လှူဒါန်းကြပါ။ သင်တို့၏စေတနာသဒ္ဓါတရားအလျောက် လှူဒါန်းနိုင်ကြလျှင် လှူဒါန်းကြပါ။ မစွမ်းဆောင်နိုင်သောပုဂ္ဂိုလ်များအတွက် ကျွန်ုပ်က အစစအရာရာ ကုန်ကျ

စရိတ်အားလုံးအတွက် လှူဒါန်းပါမည်'ဟု လှုံ့ဆော်စည်းရုံးတယ်ကွယ့်။ ဒေသအသီးသီးမှာ ငွေကြေးများလိုသလောက်ထောက်ပံ့ပြီး အသေးစိတ် စီမံခန့်ခွဲပြီးမှ သာဝတ္ထိအရောက် ခရီးပြင်းနှင်သွားတော့တယ်။

'ဒီနေရာမှာ စဉ်းစားစရာတစ်ခုက ဒီလိုကွယ့်။ သာဝတ္ထိနှင့် ရာဇဂြိုဟ် ခရီးမိုင်(၄၀၀)ကျော် (၅၀၀)မျှသာရှိတယ်။ ဒါတောင် သာဝတ္ထိသူဌေးကြီးက ရာဇဂြိုဟ်မှာ မြတ်စွာဘုရားပွင့်တော်မူနေတာကို မသိဘူး။ လမ်းခရီး တလျှောက် ဝေသာလီပြည်နယ်က လူအပေါင်းလည်း မသိကြဘူးဆိုတော့ တွေးတောစရာပဲပေါ့။ ဒီတိုင်းပြည်ကြားမှာ စီးပွားကုန်သွယ်ရေးသမားတွေ လည်း သွားလာကူးသန်းနေကြပေမယ့် ဘုရားတစ်ဆူပွင့်တော်မူတာကို တောင် မသိရှိကြဖူးဆိုတော့ မောင်ဝဏ္ဏတို့ အံ့သြသွားကြမလားပဲ။

'ဒါကို ဘိုးဘိုးရှင်းပြမယ်။ ဒီကိစ္စမျိုးဟာ ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာပြည်ကြီးမှာလဲ ဖြစ်ပေါ်ခဲ့ဖူးပြီကွယ့်။ ဥပမာ အောက်မြန်မာပြည် မွန်တို့ဌာနီ သထုံနယ်နှင့် သုဝဏ္ဏဘူမိဒေသမှာ ရှင်ဥတ္တရနှင့် ရှင်သောဏ ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး အသောကဘုရင်ကြီးရဲ့ သာသနာပြု အစီအစဉ် အရ ကြွရောက်တော်မူလာပြီး သာသနာပြုလို့ ထေရဝါဒဗုဒ္ဓသာသနာ စည်ပင်ထွန်းကားနေတာကို အထက်မြန်မာပြည် သရေခေတ္တရာနှင့် ပုဂံပြည် များသို့ ဒီသတင်းမရောက်ရှိကြဘူး။ ရောက်ရှိရင်လဲ အထူးအလေးမပြု ကြဘူး။ တိတ္ထိအရည်းကြီးတွေကို ကိုးကွယ်နေကြတာ အနော်ရထာမင်းကြီး လက်ထက်ကြမှ ရှင်အရဟံမထေရ်မြတ်ကြွလာတော့မှ ဘုရားအစစ် တရား အစစ် သံဃာအစစ်ကို ကြားမြင်သိရှိလာကြရတယ်မဟုတ်လား။

'အေး ရှည်ရှည်ဝေးဝေးမပြောနဲ့၊ ဒုတိယစစ်ကြီးမဖြစ်မီကာလ ၁၉၄၀- ပြည့်နှစ်လောက်မှာ ရဟန္တာဟုကျော်ကြားတဲ့ ဝေဘူဆရာတော်ဘုရားကြီး ဟာ ကျောက်ဆည်မြို့ ဝေဘူတောရမှာပေါ်ထွက်သီတင်းသုံးတော်မူတာကို ကျောက်ဆည်မြို့ ပတ်ဝန်းကျင်ဆွမ်းခံရွာတွေကသာ သိရှိကြတာ။ ကျောက် ဆည် မန္တလေးအနီးအပါးက လူတွေမပြောနှင့်၊ ဇာတိချက်မြေ ရွှေဘို အင်ကြင်းတောက ဆွေမျိုးသားချင်းများကတောင် မသိကြဘူး။တို့ကျေးဇူးရှင်

ဆရာကြီးဦးဘခင်တောင်မှ လုံးဝမသိဘူး။ စစ်မီးကြီး မြန်မာပြည်မရောက်မီ ၁၉၄၀–ပြည့်နှစ်ကျမှ တာဝန်နှင့် မီးရထားငွေစာရင်းစစ်ဆေးရန် ကျောက်ဆည်သို့ ကံအားလျော်စွာရောက်သွားလို့ ဝေဘူဆရာတော်ကြီးကို ပထမဆုံးအကြိမ် ဖူးမြော်ခွင့်ရခဲ့တာ။ စစ်ကြီးအတောအတွင်းနှင့် စစ်ကြီးပြီးလို့ (၁၀)နှစ်ကျော်ကြာမှ ဆရာကြီးဦးဘခင် ပင့်လျှောက်ချက်အရ ရန်ကုန်ကို ၁၉၅၅–ခုနှစ် ကြွရောက်တော်မူလာမှ လူအများသိရှိကြပူဇော်ကြ ဆည်းကပ်နိုင်ခဲ့ကြသကွယ့်။

'အဲဒီသာဓကတွေလိုပဲ ရာဇဂြိုဟ်ပြည်မှာ ထွန်းပေါ်ပူဇော်နေကြတဲ့ သမ္မာသမ္ဗုဒ္ဓရှင်တော်မြတ်အကြောင်းမသိကြတဲ့ ဝေသာလီနှင့်သာဝတ္ထိပြည်သူတွေဟာ တိတ္ထိဆရာကြီးတွေကိုသာ ကိုးကွယ်ဆည်းကပ်နေကြတော့ ရှင်တော်မြတ်ပွင့်တော်မူလာတဲ့သတင်းကြားမိတောင်မှ သူတို့ကိုးကွယ်တဲ့ တိတ္ထိဆရာမျိုးအဆင့်လို့သာ အောက်မေ့နှလုံးသွင်းခဲ့ကြမှာပေါ့။ သာဝတ္ထိသူဌေးကြီး၏ ဆော်ဩပြောပြမှ သမ္မာသမ္ဗုဒ္ဓအစစ် သဗ္ဗညုတဉာဏ်တော်အရှင်အကြောင်းသိကြရပြီး ကြွလာတော်မူတဲ့အခါ အေးချမ်းသက်သာစွာ သီတင်းသုံးနေနိုင်ဖို့ စံကျောင်းတော်များ တစ်ယူဇနာတိုင်းမှာ ခမ်းနားထည်ဝါစွာ တည်ဆောက်ကိုးပမ်းကြသကွယ့်။

## ဇေတဝန်ကျောင်းတော်ဆောက်လုပ်လှူဒါန်းခြင်း

'အဲဒီသာဝတ္ထိသူဌေးကြီးဟာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ချမ်းသာကြွယ်ဝတဲ့ သူဌေးမျိုးဖြစ်ပြီး အစာဆင်းရဲငတ်မွတ်စွာနေကြတဲ့ သူတောင်းစားများကို တစ်နေ့မပြတ် ထမင်းဟင်းကျွေးမွေးလှူဒါန်းနေလို့ အနာထပိဏ်လ္ဍိကသူဌေးကြီးလို့ အမည်တွင်သကွယ့်။ အေး ရှင်တော်ဘုရားအတွက် ကျောင်းဆောက်လှူပုံကို မောင်ဝဏ္ဏတို့ ဒီနေ့ကြားရတော့ အလှူအတန်းမှာနည်းနည်းမှ တွန့်တိုစိတ်မရှိဘဲ သူမတူအောင် သဒ္ဓါတရားထက်သန်ပုံတွေကို ဘိုးဘိုးပြောပြမယ်။ သူဌေးကြီးဟာ ရာဇဂြိုဟ်ကအပြန်လမ်းခရီးမှာ ရာဇဂြိုဟ်နှင့် သာဝတ္ထိကြား တစ်ယူဇနာခရီးတိုင်း မြတ်စွာဘုရားကြွတော်မူလာလျှင်

နားနေတော်မူဖို့ စီစဉ်ထားခဲ့ပြီး သာဝတ္ထိပြည်ပြန်ရောက်တာနှင့် ဘုရားကျောင်းတော်ဆောက်ရန် နေရာကောင်းကို လိုက်လံရှာဖွေတော့တာပဲ။

'ရှင်တော်ဘုရားက ဆိတ်ငြိမ်ရာအရပ်ကိုသာလိုလားကြောင်း မိန့်တော်မူလိုက်လို့ လိုက်ရှာတော့ သာဝတ္ထိမြို့အနောက်တောင်မျက်နှာ နှစ်မိုင်သုံးမိုင်အကွာ (တစ်ကောသ=တစ်ယူဇနာ၏လေးပုံတစ်ပုံ)အရပ်မှာ ဇေတမင်းသားပြုစုပျိုးထောင်ထားတဲ့ ဉယျာဉ်ခြံမြေတစ်ခုကို အခန့်သင့်သွားတွေ့တယ်ကွယ့်။ ဇေတမင်းသားက သူ့ဉယျာဉ်ကို ရွှေနှင့်စက်ပြီးရောင်းချရန် သဘောတူသကွယ့်။ အေး ရွှေနှင့်စက်ရောင်းတယ်ဆိုတာ သူ့ခြံမြေပေါ်မှာ ရွှေဒင်္ဂါးပြားများ အကွက်မလပ်စီချစေကာ အဲဒီရွှေဒင်္ဂါးပြားအရေအတွက်ဟာ သူ့ခြံရောင်းဈေးပဲလို့ပြောတော့ သူဌေးကြီးက သူ့တပည့်များကို သူ့ဘဏ္ဍာတိုက်မှ ရွှေပြားတွေကို လှည်းနှင့်သွားအသယ်ယူခိုင်းပြီး ဇေတမင်းသားဉယျာဉ်ထဲမှာ အကွက်စေ့ ရွှေဒင်္ဂါးပြားတွေ စီချကြရတယ်။ အားလုံးပြီးစီးတော့ ရေတွက်ကြည့်ရာမှာ ရွှေဒင်္ဂါးပြား(၁၈)ကုဋေရှိသတဲ့။

'ဇေတမင်းသားရဲ့ခြံမြေကို အဲဒီလိုတန်ဖိုးကြီးစွာ မတုန့်မဆိုင်းဝယ်ယူပြီး ရှင်တော်ဘုရား ကိန်းဝပ်စံပယ်တော်မူရန် အလွန်ခန့်ညားထယ်ဝါ ခမ်းနားကြီးကျယ်လှတဲ့ကျောင်းတော်ကြီးကို စတင်ဆောက်တော့တာပဲ။ ခြံမြေအကျယ်(၁၆)ပယ် (တစ်ပယ်=၁ ဒသမ ၇၅ ဧက)၊ (၂၈)ကေရှိတဲ့ နေရာအပြည့်တည်ဆောက်လိုက်တဲ့ အဆောက်အုံတွေဟာ သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ်ကြီးထက် ခမ်းနားကြီးမားသတဲ့၊ ဘုံသုံးဆင့်ရှိတဲ့ ပင်မပြာသာဒ်အဆောင်ကြီးမှာ တစ်ဆင့်တစ်ဆင့်မှာ အခန်းပေါင်း(၁၀၀၀)ပါရှိသကွယ့်။ အဲဒီ ပင်မဗဟိုအဆောက်အဦကြီးမှာ ရှင်တော်ဘုရားကိုယ်တော်တိုင် အသုံးပြုရန် ဂန္ဓကုဋီခေါ်တဲ့အထူးဆောင်လေးခုရှိသကွယ့်၊ ဂန္ဓကုဋီ စတဲ့အထူးဆောင်များပေါ့။ အဲဒီ ဗဟိုဘုံသုံးဆင့်ပြာသာဒ်ဆောင်ကြီးကို ဝန်းရံထားတဲ့ ကျောင်းတိုက်ငယ်ပေါင်းကလည်း(၁၀၀၀)ရှိသတဲ့ကွယ်။

'အဲဒီကျောင်းဆောင်ပြာသာဒ်တွေအပြင် အထောက်အကူပြု အသုံးချရမည့် စင်္ကြံများ၊ မဏ္ဍပ်များ၊ ဇရပ်များ၊ တရားအားထုတ်ရန် ဂူလိုဏ်များ၊

ရေတွင်း ရေကန် ရေချိုးခန်းများကလည်း အလွန်များသတဲ့၊ ဥယျာဉ်ခြံကြီး ထဲက ခုတ်ချိုင်ရမည့် သစ်ပင်ဝါးပင်များကို ခုတ်လှဲရှင်းလင်းပြီး ကျန်ရှိသော သီးပင်ပန်းပင်များကို သင့်လျော်အောင်စီစဉ်ပြုပြင်ထားလိုက်တော့ ကျောင်း တိုက်ပရဝုဏ်ကြီးဟာ ချမ်းမြေ့သာယာကြည်နူးဖွယ်ရာကောင်းလှသကွယ့်။ သာဝတ္ထိမြို့တော်နှင့် မနီးလွန်းမဝေးလွန်း မြို့မှကျောင်းတော်သို့ သွားလမ်း လာလမ်းများနှင့်အဆင်ပြေပြီး မြို့တော်ကြီးမှ လူသူလေးပါး ဆင်မြင်းရထားသံ များလည်းမကြားရတော့ ရှင်တော်မြတ်ဘုရား၏ အလိုတော်ကျဖြစ်လှ သကွယ့်။

'ကျောင်းတော်ကြီး၏အာရာမ်တစ်ခုလုံးကို တံတိုင်းအုတ်ရိုး ကာရံ ထားပြီး အဝင်မုခ်ဦးကလည်း ခမ်းနားထည်ဝါလှသကွယ့်၊ အဲဒီမုခ်ဦးကိုတော့ မူလဥယျာဉ်ပိုင်ရှင်ဇေတမင်းသားက အနာထပိဏ်သူဌေးကြီးကိုတောင်းပန်ပြီး တည်ဆောက်လှူဒါန်းလို့ ကျောင်းတိုက်အာရာမ်တစ်ခုလုံးကို 'ဇေတဝန် ကျောင်းတော်ကြီး' လို့ ခေါ်ဝေါ်သမုတ်လာတာဖြစ်သကွယ့်။

'ဒီကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းဖို့ သာဝတ္ထိသူဌေးကြီးကို ရှင်တော်မြတ်ဘုရားက ခွင့်ပြုတော်မူလိုက်တာ ထူးတဲ့အကြောင်းရှိသကွယ့်။ သာဝတ္ထိပြည်ကိုပြောင်းရွှေ့သီတင်းသုံးပါက ကောသလတိုင်းတစ်တိုင်းလုံး ဝေနေယျသတ္တဝါအပေါင်းကို ကယ်တင်ချွတ်ချွတ်နိုင်ရန်ဖြစ်တဲ့အပြင် ဇေတဝန် ကျောင်းတော်ကြီးတည်နေရာမှာပဲ နောင်တော်ဘုရားရှင်ခုနစ်ဆူ၊ ဝိပဿီ မြတ်စွာဘုရားမှအစ နောက်ဆုံးပွင့်သွားတဲ့ ကဿပဘုရားရှင်တို့ သီတင်းသုံး တော်မူကြပြီး သတ္တဝါများကိုကယ်တင်ခဲ့ကြလို့ပဲကွယ့်၊ ဒါကြောင့် ဒီနေရာကို ဘုရားရှင်တို့ မစွန့်လွှတ်တော်မူကြတဲ့ အဝိဇဟိတဌာနတစ်ခုဖြစ်သကွယ့်။ မောင်ဝဏ္ဏတို့ ဗဟုသုတရအောင်ပြောပြရဦးမယ်။

'ခပ်သိမ်းသောဘုရားရှင်များ မစွန့်လွှတ်ဘဲ အမြဲအသုံးပြုတော်မူကြတဲ့ နေရာဌာနကြီးလေးပါးရှိသကွယ့်။ အဝိဇဟိတဌာနကြီးလေးပါးလို့ ခေါ်တယ်။ ပထမဌာနကတော့ (၁) မဟာဗောဓိညောင်ပင်ကြီးရဲ့ အရှေ့ဘက်ကိုင်း အောက်မှာ ဘုရားဖြစ်မည့်နေ့ ရှင်တော်ဘုရားဆိုက်ရောက်လာတော့ ပါရမီ

ဘုန်းကံအလျောက် ပေါ်ပေါက်လာတဲ့ ဝဇီရာသနမဟာဗောဓိ ပလ္လင်တော်။ (၂) ဣသိပတန မိဂဒါဝုန်တောမှာ ရှေးဦးဓမ္မစကြာဟောကြားတော်မူရာဌာန။ (၃) ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်ခန်း ဆောင်မှ ညောင်စောင်းတော်နေရာဌာန။ (၄) တာဝတိံသာနတ်ပြည်မှာ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်များဟောကြားပြီး လူ့ပြည်သို့ ရွှေစောင်းတန်း ငွေစောင်းတန်း နှစ်ဖက်ရံလျက် ပတ္တမြား စောင်းတန်းဖြင့် ရှင်တော်ဘုရားဆင်းသက်လာရာ သင်္ကဿနဂိုရ်ပြည်ရှိ စောင်းတန်းသုံးစင်း မြေစိုက်ရာဌာနရယ်လို့ အဲဒီနေရာကြီး လေးဌာန လေးနေရာဟာ ဘုရားရှင်တိုင်းမစွန့်လွှတ်ခဲ့တဲ့ နေရာဌာနများဖြစ်တယ်ကွယ့်။

## ဘုရားရှင်အား သာဝတ္ထိပြည်သို့ပင့်ဆောင်တော်မူပုံ

'အေး ဘိုးဘိုး ပြောခဲ့သလို သာဝတ္ထိသူဌေးကြီးက ရှင်တော်ဘုရား ဆန္ဒတော်နှင့်အညီ ကျောင်းတော်ကြီး တည်ဆောက်ပြီးစီးတော့ လိမ္မာ ရေးခြားရှိတဲ့ သူကြွယ်တစ်ယောက်ကိုရွေးချယ်ပြီး အခြွေအရံများနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ တမန်အဖြစ်စေလွှတ်လိုက်ပြီး ရှင်တော်ဘုရားကို သာဝတ္ထိသို့ပင့်ဆောင်ခဲ့ရန် စီစဉ်လိုက်သကွယ့်။ မောင်ဝဏ္ဏာတို့ကိုယ်တိုင် တရုတ်ပြည်ကြီးမှ စွယ်တော်နှစ်ဆူ ပင့်ဆောင်ခဲ့တဲ့အခမ်းအနားရယ်၊ မကြာသေးမီ မတ္တရာမြို့နယ် စကျင်တောင်မှ လွန်စွာကြီးမားလှတဲ့ စကျင် ကျောက်တုံးကြီးကို ဘုရားဆင်းတုတော်ပုံကြမ်းဖော်ပြီး မန္တလေးမှတဆင့် ရန်ကုန်မြို့ရှိ ကြို့ကုန်းဆိပ်ကမ်းအရောက် ကြီးကျယ်ခမ်းနားစွာ ပင့်ဆောင် ပူဇော်ခဲ့ကြတဲ့ပွဲကြီးများကို မျက်မြင်ကိုယ်တွေ့ ကြည်ညိုခဲ့ကြရပြီနော်။

'ရှင်တော်ဘုရားကို အခမ်းအနားနှင့် သိုက်မြိုက်စွာပင့်ဆောင်ကြတဲ့ အစီအစဉ်များဟာ ရှင်တော်ဘုရား ရွှေလက်ထက်တော်ကပဲ ဖြစ်ပေါ်ခဲ့ကြ တာပေါ့။ ရေလမ်းဖြင့်လည်းကောင်း၊ ကုန်းလမ်းဖြင့်လည်းကောင်း၊ ထူးခြား လေးမြတ်စွာပူဇော်ခဲ့ကြပုံကို နှစ်ကြိမ်တိုင်တိုင် ဗုဒ္ဓဝင်ကျမ်းတော်ကြီးမှာ ဖတ်ကြရသကွယ့်။ အခု ဘိုးဘိုးပြောပြမှာက ကုန်းလမ်းဖြင့် (၃၅)ယူဇနာ

(မိုင်–၄၀၀)ခန့်ခရီးတစ်လျှောက် ရာဇဂြိုဟ်မှ သာဝတ္ထိအရောက် ပင့်ဆောင်ပုံအကြောင်းပေါ့ကွယ်။ အခုခေတ် တို့ရဲ့ရန်ကုန်ရွှေမြို့တော်အရောက် စွယ်တော်မြတ်နှစ်ဆူနှင့် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ပင့်ဆောင်ပုံများဟာ အဲဒီရှင်တော်ဘုရားလက်ထက်က ပင့်ဆောင်ပူဇော်တဲ့အခမ်းအနားများကိုအတုယူပြီး ဆောင်ရွက်ကြတာဖြစ်သကွယ့်။

'အခု ဒီမှာလဲ သာဝတ္ထိသူဌေးကြီးစေလွှတ်လိုက်တဲ့ ရှင်တော်ဘုရားပင့်ဆောင်ရေးအဖွဲ့ဟာ ရာဇဂြိုဟ်ပြည်ရောက်တော့ မြတ်စွာဘုရားအားရှေးဦးစွာ ဖူးမျှော်လျှောက်ထားကြသကွယ့်။ ရှင်တော်ဘုရားဟာလည်းသာဝတ္ထိပြည်မှာ နှစ်လရှည်ကြာစွာ သာသနာပြုကိစ္စကြီးကိုမြော်မြင်ပြီးရာဇဂြိုဟ်ပြည်မှာ အခြေချနေထိုင်တော်မူတဲ့ ကျောင်းတော်အရံတိုက်များကိုအစောင့်သံဃာအစီအစဉ်များပြုလုပ်ပြီး ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ပြည်သူတွေကိုသိစေပြီးနောက် ဒေသစာရီထွက်မြန်းကြွချီတော်မူသကွယ့်။

'မင်းနှင့်တကွ ပြည်သူတွေက ဂင်္ဂါမြစ်တစ်ဖက်ကမ်းအရောက် ခမ်းနားကြီးကျယ်စွာ ပို့ဆောင်ကြသကွယ့်။ ဂင်္ဂါမြစ်အခြားတစ်ဖက်မှစပြီး ဝေသာလီပြည်ရှင်များနှင့် ပြည်သူများကလည်း တခမ်းတနားကြိုဆိုပင့်ဆောင် ပူဇော်ကြပြီး ဝေသာလီနယ်ကြီးအဆုံးတစ်လျှောက် လိုက်လံစောင့်ရှောက်ပူဇော်ကြသကွယ့်။ အေး အဲဒီအကြောင်းအရာတွေကို ရေလမ်း၌ ဂင်္ဂါမြစ်ဖြတ်ကူးကြပုံကို ဘိုးဘိုး ကနေ့သက်သက်ပြောပြမယ်ကွယ့်။ ဝေသာလီပြည်ကြီးကိုဖြတ်ကြွသွားရာခရီးတစ်လျှောက် သာဝတ္ထိသူဌေးကြီး အဆင်သင့်စီစဉ်ထားခဲ့တဲ့ တစ်ယူဇနာတစ်ယူဇနာကြားမှာ ဆောက်လုပ်ထားတဲ့ကျောင်းတော်တွေမှာ တစ်ညဉ့်စီနားနေပြီး အနီးအနားနယ်ပယ်က သိန်းသန်းမက များမြောင်လှတဲ့ ပရိသတ်ဝေနေယျတို့ကို တရားရေစင်များတိုက်ကျွေးချီးမြှင့်သွားတော်မူသတဲ့ကွယ်။

'လမ်းခရီးတစ်လျှောက်မှာ သာဝတ္ထိသူကြွယ်၊ အခြွေအရံများနှင့် ဒေသဆိုင်ရာနယ်ပယ်ရှင်တို့၏အစီအစဉ်များဖြင့် ရှင်တော်ဘုရားနှင့် နောက်ပါသံဃာတော်အပေါင်း ချမ်းမြေ့သက်သာစွာ ကြွမြန်းတော်မူနိုင်ကြလေရဲ့။

သာဝတ္ထိပြည်ကြီးမှာလည်း ရှင်တော်ဘုရား ရာဇဂြိုဟ်ပြည်မှကြွချီလာပြီ ဆိုတဲ့ သတင်းရကတည်းက ကြိုဆိုရေးအစီအစဉ်များ စနစ်တကျဆောင်ရွက် နေကြသကွယ့်။ အဲဒီအစီအစဉ်များကို ဘိုးဘိုး အသေးစိတ်ရှင်းပြဦးမယ်။ သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကြွလာတော်မူပြီး သီတင်းသုံးရန် ကမကထပြု ဦးဆောင်ဦးရွက်ဆောင်ရွက်သူဟာ အနာထပိဏ်သူဌေးကြီးဖြစ်ပေမယ့် ဒီလောက်ကြီးကျယ်တဲ့အခမ်းအနားကြီးမှာ ကောလသတိုင်းရှင် ဘုရင် မင်းမြတ်ကို လေးစားသောအနေဖြင့် တစ်နည်းတစ်ဖုံပါဝင်လာအောင် သူဌေး ကြီးက ဒီလိုကြံဆောင်သကွယ့်။

'ကောသလမင်းကြီးရဲ့ အဂ္ဂမဟာဒေဝီမိဖုရားခေါင်ကြီးမှ ဖွားမြင်တော်မူ သော ခုနစ်နှစ်အရွယ်သမီးတော်တစ်ပါးရှိသကွယ့်။ ဒီမင်းသမီးကလေးဟာ ရှေးဘဝဘဝအဆက်ဆက် ရှင်တော်မြတ်ဘုရားများကို ဖူးမြော်ပူဇော်ခွင့် ရရှိခဲ့သည့်အတိုင်း သီလ,သမာဓိစသည့် ကုသိုလ်ပါရမီများနှင့် ပြည့်စုံလှ သကွယ့်။ ဖွားမြင်စက နတ်ပြဟ္မာများကပင် ကြိုဆိုဂုဏ်ပြုကြပြီး မုလေးပန်း များ ဖြိုးဖြိုးရွာသွန်းချကာ ပုဆစ်ဒူးတိုင်နစ်လုမျှဖြစ်သတဲ့ကွယ်။ ခမည်းတော် ပသေနဒီကောသလမင်းကြီးက သမီးတော်ကလေးကို ချစ်စနိုးဖြင့် သုမနာ မင်းသမီးဟုခေါ်တွင်စေပြီး ဖွားဖက်တော်အမျိုးသမီးငါးရာဖြင့်ခြံရံကာ ပြုစု စောင့်ရှောက်ထားခဲ့သကွယ့်။ သမီးတော်နှင့်အခြံအရံများစီးနင်းကြဖို့ ယာဉ် ရထားငါးရာချီးမြှင့်ပြီး ချမ်းသာစွာကြီးပြင်းလာစေတယ်ကွယ့်။

'သာဝတ္ထိသူဌေးကြီးဟာ ပသေနဒီကောသမင်းကြီးထံသွားရောက်ပြီး လိမ္မာရေးခြားစွာနှင့် ဒီလိုလျှောက်ထားသကွယ့်။ 'မြတ်သောအရှင်မင်းကြီး၊ ရှင်တော်မြတ်ဘုရားဟာ အကျွန်ုပ်လှူဒါန်းမည့် ဇေတဝန်ကျောင်းတော်ကြီးကို အလှူလက်ခံရန် ရာဇဂြိုဟ်ပြည်မှ ဒေသစာရီကြွချီတော်မူလာတာ ယခုအခါ အရှင်မင်းကြီးပိုင် တိုင်းပြည်နယ်နိမိတ်ထဲသို့ ဝင်ရောက်တော်မူလာပါပြီ။ ရှင်တော်မြတ်ဘုရား ဤကဲ့သို့ကြွရောက်တော်မူလာတာဟာ ကျွန်ုပ်တို့ အတွက် ထူးမြတ်သောမင်္ဂလာကြီးဖြစ်သလို အရှင်မင်းကြီးနှင့်တကွ သာဝတ္ထိ ပြည်ကြီး တိုင်းသူပြည်သားများအတွက်လည်း မင်္ဂလာမြတ်ကြီးပင်ဖြစ်ပါပေ

သည်။ ဒါကြောင့် အရှင်မင်းကြီး၏သမီးတော် သုမနာမင်းသမီးကို ဖွားဖက်တော်သတို့သမီးငါးရာနှင့်တကွ ရေပြည့်အိုး ပန်းမာလ်နံ့သာများကိုင်စွဲပြီး ရှင်တော်မြတ်ဘုရားအား ခရီးဦးကြိုပင့်ဆောင့်ရန် လွှတ်တော်မူပါ အရှင်မင်းကြီး'ဟု ရိုသေစွာလျှောက်ထားသကွယ့်။

'သူဌေးကြီးလျှောက်ထားပုံဟာ ဘယ်လောက်လိမ္မာပါးနပ် အကျိုးသက်ရောက်မှုရှိလဲလို့ မောင်ဝဏ္ဏတို့ နည်းနည်းတွေးကြည့်ကြစမ်း။ သာဝတ္ထိသူဌေးကြီးဟာ ဘုရင်မင်းမြတ်ကို ရိုသေသမှုပြုပြီး မြတ်စွာဘုရားကို ကိုယ်တော်တိုင်ထွက်၍ ခရီးဦးကြိုဆိုပူဇော်ရန်လျှောက်ထားရင် သူ့အလှူသူ့ပွဲမှာ သူ့အတွက်နေရာရတော့မှာ မဟုတ်တော့ဘူးပေါ့။ ရှင်ဘုရင်ကိုလည်း နေရာပေးချင်တယ်၊ သူ့ရဲ့အလှူရှင်ဂုဏ်ကိုမပျက်စေချင်တော့ ရှင်ဘုရင်ကြီးရဲ့ ချစ်လှတဲ့သမီးတော်ကလေးကိုအရေးပေးလိုက်တော့ သူ့မှာလည်းဂုဏ်မပျက် ဘုရင်ကြီးကိုလည်း နေရာပေးပြီးဖြစ်လို့ အလွန်ကောင်းမွန်တဲ့လျှောက်ထားချက်ဖြစ်တာကို မြင်ကြတယ်မဟုတ်လား။ ဘုရင်ကြီးလဲ ဘယ်လိုမှ မငြင်းနိုင်ဘဲ 'ကောင်းပြီ သူဌေးကြီး'ဟု ဝန်ခံကတိပေးလိုက်ပြီး သူဌေးကြီးအလိုဆန္ဒအတိုင်း သမီးတော်သုမနာမင်းသမီးကို ဘုရင်ကြီးကိုယ်စားပြု ရှင်တော်မြတ်ဘုရားအား ခရီးဦးကြိုဆိုပူဇော်ရန် စေလွှတ်ပေးလိုက်သကွယ့်။

'ဘုရင်မင်းမြတ်ကြီးအမိန့်အတိုင်း သမီးတော်သုမနာဟာ သတို့သမီးငါးရာခြံရံလျက် ရေပြည့်အိုးများ ပန်းနံ့သာများကိုင်စွဲကြကာ ရှေးဦးအကြိုတော်အဖွဲ့အနေနှင့် သာဝတ္ထိပြည်မှထွက်ခွာကြသကွယ့်။ သာဝတ္ထိပြည်နယ်တစ်နေရာမှာ သံဃာတော်အပေါင်းခြံရံ အသရေတင့်တယ်စွာ တဖြည်းဖြည်းကြွမြန်းလာတဲ့ ရှင်တော်ဘုရားကို ဖူးတွေ့ကြရတယ်။ အမျိုးသမီးအကြိုတော်အဖွဲ့ဟာ ရှင်တော်မြတ်ဘုရားကို နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ကြပြီး သင့်လျော်ရာနေရာမှာ နေရာယူကြကာ ရှိခိုးကန်တော့ကြတယ်။ ရှင်တော်မြတ်ဘုရားလည်း ရှေးဦးအကြိုတော်အမျိုးသမီးအဖွဲ့ကို တရားဒေသနာများ ဟောကြားတော်မူရာ မင်းသမီးသုမနာတို့အဖွဲ့နှင့် ရပ်ရွာဒေသမှ တရားနာငရိသတ် အမျိုးသမီးကြီးငယ်များ၊ ဥပါသကာဒါယကာများ စသည်ဖြင့်

ပရိသတ်ပေါင်းနှစ်ထောင်ကျော်တို့ဟာ တစ်ပြိုင်နက်အကျွတ်တရားရကြပြီး သောတာပတ္တိမဂ်ဖိုလ်၌တည်ကြ အရိယာနွယ်ဝင်သူတော်စင်များ ဖြစ်ကုန်ကြသကွယ့်။

'သာဝတ္ထိသူဌေးကြီးကောင်းမှုကြောင့် မြတ်စွာဘုရားရဲ့ခရီးတစ်လျှောက်မှာ ဝေနေယျသတ္တဝါတွေ ဘယ်လောက်များ ကျွတ်တမ်းဝင်ကြသလဲဆိုတာ ခန့်မှန်းကြည့်စမ်း။ အခု အမျိုးသမီးအဖွဲ့နှင့်တကွ ပရိသတ်နှစ်ထောင်ကျော် မဂ်ဖိုလ်ရကြတာဟာ နောက်ဆုံးခရီးတစ်ထောက်နားတဲ့အခိုက်မှာ ရရှိကြတဲ့ အကျိုးကျေးဇူးကွယ့်။ ရာဇဂြိုဟ်ကအထွက် ဝေသာလီပြည်ကြီးလာတဲ့ခရီး ညစဉ် နားနေတော်မူခဲ့တဲ့စခန်းတွေမှာလဲ သတ္တဝါတွေ ဘယ်လောက်များ ချွတ်ချွတ်ပေးတော်မူခဲ့မယ်ဆိုတာကို မောင်ဝဏ္ဏတို့ခန့်မှန်းကြည့်ကြပေတော့။ အဲဒါ လူသားပရိသတ်တွေသာပြောသေးတာ။ မမြင်ရတဲ့ နတ်ဗြဟ္မာအပေါင်း မရေတွက်နိုင်အောင်လည်း ကျွတ်တမ်းဝင်ခွင့်ရကြမှာ မလွဲဘဲကွယ့်။

'အေး သာဝတ္ထိသူဌေးကြီး အစီအစဉ်ကောင်းပုံကိုဆက်ပြောရဦးမယ်။ မင်းသမီးသုမနာတို့အမျိုးသမီးအဖွဲ့ သာဝတ္ထိပြည်တံခါးမှ ထွက်ခွာသွားတာနှင့် နောက်ထပ်တစ်ဖွဲ့က ထက်ကြပ်မကွာ လိုက်သွားကြပြန်သကွယ့်။ အဲဒီအဖွဲ့ကတော့ အနာထပိဏ်သူဌေးကြီးသားနှင့် လူပျိုတော်သားအဖွဲ့ကွယ့်။ သာဝတ္ထိသူဌေးကြီးမှာ အရွယ်ရောက်သားကြီးတစ်ဦးရှိသကွယ့်။ သူ့မှာလည်း သူဌေးသားငါးရာ အခြံအရံရှိတာကိုး။ သူတို့ကိုတောက်ပြောင်သော အဆင်တန်ဆာများ အပြည့်အစုံဝတ်စေလျက် အရောင်တလက်လက်ထွက်နေတဲ့ တံခွန်များ ကိုယ်စီကိုင်ကြကာ သုမနာမင်းသမီးတို့အဖွဲ့နောက်က ဆက်ထွက်ခဲ့ကြတယ်ကွယ့်။

'အဲဒီသူဌေးသားနောက်မှ သူဌေးကြီးသမီးနှစ်ယောက်ဖြစ်တဲ့ စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့ အမျိုးသမီးအဖွဲ့ကြီး လိုက်ပါသွားကြသကွယ့်။ စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့မှလည်း အခြားသူဌေးသူကြွယ်သမီးပေါင်း ငါးရာစီခြံရံလျက် ရေပြည့်အိုးများ၊ နံ့သာပန်းမာလ်များကိုင်ဆောင်ပြီး သာဝတ္ထိပြည်ကြီးမှာ ထွက်ခွာခဲ့ကြသကွယ့်။ သူဌေးသမီးနှစ်ယောက်ရဲ့အဖွဲ့များ

ထွက်ခွာပြီးနောက် အနာထပိဏ်သူဌေးကတော်ကြီး ပုညလက္ခဏာဒေဝီဟာ အဝတ်အစားတန်ဆာအပြည့်အစုံဝတ်ဆင်လျက် သူဌေးကတော်ငါးရာခြံရံပြီးလိုက်ပါကြသကွယ့်။ သူဌေးကတော်ကြီးတွေကတော့ ရွှေခွက်ငွေခွက်များမှာ နံ့သာရည်များဖြည့်ပြီး ကိုင်ဆောင်သွားကြသတဲ့။

'အဲဒီအဖွဲ့အားလုံးနောက်ကမှ အနာထပိဏ်သူဌေးကြီးက သူဌေးအဝတ်အစား အသစ်စက်စက်များဝတ်ဆင်ပြီး သူ့လိုပဲ အသစ်စက်စက်သူဌေးအဝတ်အစားများဆင်ယင်ထားတဲ့ သူဌေးငါးရာတို့နှင့်အတူတကွ ရှင်တော်ဘုရားကိုဆိုရန် အစီအစဉ်အရ ထွက်ခွာကြသကွယ့်။

'အဲဒီလို တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆက်ခါဆက်ခါ သာဝတ္ထိပြည်ကြီးမှထွက်ခွာကြပြီး ရာဇဂြိုဟ်ပြည်လမ်းမကြီးအတိုင်းလိုက်ပါသွားကြကာ အားလုံးပရိသတ်များ မြတ်စွာဘုရား ခေတ္တငံ့လင့်ပြီး သုမနာအမျိုးသမီးအဖွဲ့ကို တရားချီးမြှင့်နေတော်မူရာသို့ သူ့အချိန်နှင့် ဆိုက်ရောက်စုဝေးမိကြသကွယ့်။ အဲဒီမှာ ရှင်တော်ဘုရားအား အဖွဲ့အသီးသီးစုရုံးပူဇော်ကြပြီးနောက် မူလကလာခဲ့တဲ့ အစီအစဉ်အတိုင်း သာဝတ္ထိပြည်ဘက်သို့ပြန်လည်လှည့်ကြပြီး ရှင်တော်ဘုရားအား ပင့်ဆောင်ကြသကွယ့်။

'သုမနာမင်းသမီးရဲ့ သတို့သမီးအဖွဲ့က ရှေ့ဆုံးမှပြန်စထွက်၊ နောက်မှ သူဌေးသားအဖွဲ့၊ သုဘဒ္ဒါသူဌေးသမီးများအဖွဲ့၊ သူဌေးကတော်အဖွဲ့၊ နောက်ဆုံးက သူဌေးကြီးတို့အဖွဲ့များက အစီအစဉ်အတိုင်း နေရာပြန်ယူကြပြီး သာဝတ္ထိပြည်ဘက်သို့ ရှင်တော်ဘုရားနှင့် နောက်ပါသံဃာတော်များကို ကြိုဆိုပင့်ဆောင်လာခဲ့ကြသကွယ့်။ ရှင်တော်မြတ်ဘုရားဟာ သာဝတ္ထိပြည်က လာရောက်ကြိုဆိုပူဇော်ကြတဲ့ အမျိုးသမီးအမျိုးသား ဥပါသကာအဖွဲ့အားလုံးကို ရှေ့ကသွားစေလျက် အနာထပိဏ်သူဌေးကြီးနောက်က ကြွရောက်လိုက်ပါလာတဲ့ ရှင်တော်ဘုရားဦးဆောင်တဲ့ သံဃာအဖွဲ့အစည်းကြီးကလည်း ကိုယ်တော်ရောင်ဖြင့် ထူးခြားတဲ့အသရေတော်များဆောင်လျက် ပတ်ဝန်းကျင်တစ်ခုလုံးကို ရွှေရောင်အဆင်း ဝါဝါဝင်းတောက်ပစေလျက် အဆင်သင့် ထွန်းညှိပူဇော်ထားသော ဆီမီးရောင်စုံအလင်းရောင်တို့ကို

ဖုံးလွှမ်းကာ မြတ်စွာဘုရား၏တင့်တယ်ခြင်းဖြင့် ဇေတဝန်ကျောင်းတော် ပရဝုဏ်သို့ ကြွမြန်းဝင်ရောက်ပြီး ဂန္ဓကုဋီတိုက်ခန်းဆောင်၌ နားနေသီတင်း သုံးတော်မူတယ်ကွယ့်။

'အေး တို့မြန်မာပြည်မှာလည်း ဘိုးဘိုးပြောသလို လောကချမ်းသာ အဘယလာဘမုနိဆင်းတုတော်ကြီးကို စကျင်တောင် မတ္တရာမြို့နယ်ကနေ ဧရာဝတီမြစ်ရိုးတစ်လျှောက် မိုင်လေးရာကျော် မြို့အသီးသီးဖြတ်ကျော်၍ သယ်ဆောင်လာခဲ့ကြတဲ့ဘုရားရုပ်တုတော်ပင့်ပွဲအခမ်းအနားကြီးကိုတင့်တယ် သိုက်မြိုက်ထည်ဝါစွာပင့်ဆောင်ခဲ့ပုံများကို အားလုံးမြင်တွေ့အံ့သြခဲ့ကြရတယ် မဟုတ်လား။ ဟိုအချိန်အခါက သက်တော်ထင်ရှားရှိတော်မူတဲ့ ရှင်တော် မြတ်ဘုရားကို အလွန်သဒ္ဓါကြည်ညိုလှတဲ့ အနာထပိဏ်သူဌေးကြီးရဲ့ ပင့်ဆောင်ပုံ၊ လမ်းခရီး၌ ကြိုဆိုပူဇော်ကြပုံ စတဲ့ အခမ်းအနားကြီးဟာ ဘယ်လောက်အံ့သြထူးကဲ မွန်မြတ်လိုက်မလဲဆိုတာ မောင်ဝဏ္ဏတို့ စိတ်ကူး နှင့် ကြည်ညိုကြည့်ကြစမ်းကွယ့်။

## လိစ္ဆဝီမင်းတို့ ဘုရားရှင်အားရေကြောင်းမှပင့်ဆောင်ကြပုံ

'အေး မြတ်စွာဘုရားရှင်ကို ကုန်းလမ်းအတိုင်း ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်အရောက် အနာထပိဏ်သူဌေးကြီးက ပင့်ဆောင်သလိုပဲ ဝေသာလီပြည်က လိစ္ဆဝီမင်းသားအပေါင်းတို့ကလည်း ရှင်တော်ဘုရားကို ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်အရောက် ရေကြောင်းခရီးဖြင့် ပင့်ဆောင် ကြဖူးသကွယ့်၊ ပင့်ဆောင်ကြရတဲ့အကြောင်းကိုတော့ ဓမ္မရတနာအခန်းကျမှ အကျယ်ပြောပြမယ်၊ အခုတော့ ဘုရားရတနာအကြောင်း ပြောမပြီးသေးဘူး ဆိုတော့ လိစ္ဆဝီမင်းတို့ရဲ့ ရေလမ်းမှပင့်ဆောင်ခဲ့ပုံအခန်းလောက်ကိုပဲ ပြောပြ ဦးမယ်။

'ရာဇဂြိုဟ်နှင့်ဝေသာလီဟာ သိပ်မဝေးလှဘူး၊ ဂင်္ဂါမြစ်ကြီးရဲ့ ဟိုဘက် ကမ်းနဲ့ ဒီဘက်ကမ်းပါပဲ၊ ဒါပေမယ့် ရှင်တော်ဘုရားဒေသစာရီထွက်မယ်လို့ သိတာနှင့်တစ်ပြိုင်နက် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းက လွန်စွာခမ်းနားတဲ့

အစီအရင်များနှင့် ရှင်တော်ဘုရားအားလိုက်ပို့ပုံ၊ အခြားတစ်ဖက်ကမ်းမှာ လိစ္ဆဝီမင်းအပေါင်းက ကြိုဆိုပင့်ဆောင်ပုံများဟာ အံ့မခန်းကြည်ညိုသဒ္ဓါများစွာနှင့် ဆောင်ရွက်ကြပုံတွေဖြစ်ကြောင်း အခုပြောပြမယ်။

'ရှင်တော်ဘုရားက ဝေသာလီမင်းအပေါင်းရဲ့ တောင်းပန်လျှောက်ထားခြင်းကြောင့် ခရီးထွက်ခွာမည့်အကြောင်း ဗိမ္ဗိသာရမင်းကြီးကြားသိလျှင်သိချင်း ရှင်တော်ဘုရားအတွက် လမ်းခရီးပြုပြင်စီရင်မှုကို စတင်စီမံသကွယ့်။ ဗိမ္ဗိသာရမင်းကြီးရဲ့အစီအမံနှင့် အနာထပိဏ်ရဲ့စီမံချက်နှစ်ခုကို မောင်ဝဏ္ဏတို့နှိုင်းယှဉ်ခန့်မှန်းကြည့်ကြပေါ့။

'ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ်ကမ်းခြေအရောက် ငါးယူဇနာဝေးသကွယ့်။ အဲဒီ ငါးယူဇနာခရီးလမ်းကို မြေညီညာစွာဖြစ်အောင် ပြုပြင်စေသကွယ့်။ ပြီးတဲ့နောက် လမ်းဝဲယာနှစ်ဖက်မှာ တံခွန်ကုက္ကားများစိုက်ထူ ရေပြည့်အိုးများချထား ငှက်ပျောပင်ရှင်များစိုက်စေတယ်။ လမ်းတစ်လျှောက်လုံးမှာလည်း အဆင်းငါးမျိုးရှိတဲ့ပန်းတွေ ဒူးဆစ်မြုပ်ထိ ကြဲဖြန့်ထားသကွယ့်။ တစ်ယူဇနာတစ်ယူဇနာတိုင်းမှာလည်း ရှင်တော်ဘုရားနှင့်နောက်ပါသံဃာငါးရာ စံပယ်နားနေရန် စံကျောင်းတော်တစ်ဆောင်စီ ဆောက်လုပ်လှူဒါန်းထားသကွယ့်။

'ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှတစ်ဖက်သို့ ကူးကြွသွားရန် လှေကြီးနှစ်စင်းကိုယှဉ်တွဲပူးကပ်ပြီး အလည်တည့်တည့်တွင် ရတနာမဏ္ဍပ်တစ်ဆောင်ကိုဆောက်လုပ်ထားသတဲ့။ ယင်းမဏ္ဍပ်ကို ရတနာပန်းဆိုင်းစသည်ဖြင့် အထူးတလည်ပြင်ဆင်ပြီးနောက် ရှင်တော်ဘုရား သီတင်းသုံးတော်မူရန် ရတနာပလ္လင်တော်ကို ပြင်ဆင်ထားရှိတယ်။ အဲဒီလို အဆင်အပြင်အားလုံးပြည့်စုံမှ ရှင်တော်ဘုရားကို ခရီးစတင်ကြွမြန်းတော်မူပါရန် လျှောက်ထားတယ်။

'ရှင်တော်ဘုရားကလည်း နောက်ပါသံဃာငါးရာနှင့် ခရီးစတင်ထွက်တော်မူတော့ ရှင်တော်ဘုရားအား ထီးဖြူနှစ်လက်၊ နောက်ပါသံဃာတစ်ပါးစီအား ထီးတော်တစ်လက်စီမိုးပြီး ပင့်ဆောင်ခဲ့ကြသကွယ့်။ လမ်းခရီးမှာလည်းတစ်ယူဇနာရောက်တိုင်းမှာ ခေတ္တနားနေသီတင်းသုံးတော်မူသကွယ့်။ ညစဉ်ခရီးတစ်လျှောက်ပြည်သူများအား တရားရေအေး တိုက်ကျွေးတော်မူလို့

လူပေါင်းများစွာနှင့် နတ်ဗြဟ္မာများစွာတို့ တရားထူးရကြသတဲ့။ အလှူဒါန များ လှူဒါန်းခွင့်ရကြသကွယ့်။

'လိစ္ဆဝီမင်းတို့ထံသို့လည်း 'ရှင်တော်ဘုရား ဒေသစာရီကြွချီတော်မူလာပြီ၊ ကြိုဆိုကြရန်အသင့်ပြင်ထားကြပေတော့'လို့ သတင်းပို့လိုက်တယ်။ အဲဒီအစီအစဉ်နှင့် ရှင်တော်ဘုရားဟာ ငါးရက်ခရီးကြွမြန်းတော်မူပြီး လှေဖောင်တော်ပေါ်သို့ တက်ရောက်တော်မူသကွယ့်။ လှေဖောင်တော်ထက်က ရတနာမဏ္ဍပ်အတွင်း ရှင်တော်ဘုရားအတွက် အသင့်ပြင်ဆင်ခင်းကျင်းထားတဲ့ ပလ္လင်တော်ပေါ်မှာ သီတင်းသုံးပြီး ဝဲယာနှစ်ဘက်မှာ သံဃာတော်ငါးရာတို့ ခြံရံပြီး ထိုင်ကြသကွယ့်။

'လှေတော်ကြီး ကမ်းမှထွက်ခွာစပြုကတည်းက ဗိမ္ဗိသာရမင်းကြီးဟာ လှေတော်ကို လက်နှင့်ကိုင်တွယ်ပြီး ကမ်းစပ်မှရေနက်ရာသို့ တစ်ကိုယ်လုံးရေမြုပ်လို့ လည်မျိုသို့ရေရောက်သည့်တိုင်အောင် ရေထဲကိုဆင်းလိုက်ပါသွားသကွယ့်။ 'အရှင်တော်ဘုရား ပြန်လည်ကြွလာတော်မူသည့်တိုင်အောင် တပည့်တော် ဤဂင်္ဂါမြစ်ကမ်းမှ စောင့်ကြိုနေပါမည်ဘုရား'လို့လဲ ဘုရားရှင်အား ဗိမ္ဗိသာရမင်းကြီးက လျှောက်ထားလိုက်သေးသကွယ့်။

'ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာတော့ လိစ္ဆဝီမင်းသားတို့ဟာ ဗိမ္ဗိသာရမင်းကြီးထံမှ သတင်းရကတည်းက ကြိုဆိုရေးအစီအစဉ်များ ပြုလုပ်ကြသကွယ့်။ သူတို့ရဲ့ကြိုဆိုရေးအစီအစဉ်ဟာ ဗိမ္ဗိသာရမင်းကြီးရဲ့အစီအစဉ်များထက် နှစ်ဆသာရမည်လို့ ကြွေးကြော်လုပ်ဆောင်ကြသကွယ့်။ ဂင်္ဂါမြစ်ကမ်းမှ ဝေသာလီပြည်အရောက် သုံးယူဇနာခရီးလမ်းကိုလည်း ပြုပြင်ညီညွတ်စေပြီး တစ်ယူဇနာခရီးတိုင်းတွင် စံကျောင်းများကို ဆောက်လုပ်ထားပြီး အဆင်သင့်ပြင်ဆင်ထားသကွယ့်။

'လှေဖော်တော်ကြီးဟာ ဝေသာလီပြည်ကမ်းဘက်ရောက်သည်နှင့် လိစ္ဆဝီမင်းသားများဟာ ဗိမ္ဗိသာရမင်းကြီးလုပ်သလိုပဲ လည်မျိုရေရောက်သည့်တိုင်အောင် ရေထဲသို့ဆင်း၍ ကြိုဆိုပူဇော်ကြသကွယ့်။ ရှင်တော်ဘုရားဟာ

ဝေသာလီပြည်မြေပေါ်သို့ လက်ယာခြေတော်ချမိသည်နှင့်တစ်ပြိုင်နက် မိုးကြီး သည်းထန်စွာရွာသကွယ့်။ လိစ္ဆဝီမင်းသားတို့သည် ရှင်တော်ဘုရားအား ထီးဖြူလေးလက်၊ သံဃာတော်တစ်ပါးလျှင် ထီးဖြူနှစ်လက်မိုး၍ ပင့်ဆောင် ကြသကွယ့်။ ဗိမ္ဗိသာရမင်းကြီး ပင့်ဆောင်သည်ထက် နှစ်ဆတိုး၍ ပူဇော် ကြမယ်ဆိုတဲ့အတိုင်း ပြုလုပ်ဆောင်ရွက်ပြကြတာပေါ့။

'အေး ဂင်္ဂါမြစ်အတွင်း လှေဖောင်တော်ဖြတ်သန်းစဉ် တစ်ယူဇနာ အတွင်းမှာ မိုးကောင်းကင်မှနတ်ဗြဟ္မာတို့က စောင့်ရှောက်ပူဇော်ကြပြီး၊ မြစ်အတွင်းမှ နဂါးမင်း စသည်တို့ကလဲ ပူဇော်ကြတယ်လို့ဆိုသကွယ့်။ အခု ဘိုးဘိုးပြောခဲ့တာက ရှင်တော်ဘုရား ဒေသစာရီကြွချီတော်မူတဲ့အခါ ရေလမ်းမှာလည်း ကြိုဆိုပူဇော်ကန်တော့ကြပုံအကြောင်းပေါ့ကွယ်။ အနာထပိဏ်သူဌေးကြီး ပင့်ဆောင်တုန်းက ကြိုဆိုပူဇော်ကန်တော့ကြပုံနှင့် နှိုင်းယှဉ်ကြည့်ကြရန် ဘိုးဘိုးပြောပြတာပါ၊ တစ်မျိုးတစ်ဖုံစီတော့ ခမ်းနား ကြီးကျယ်တာချည်းပါပဲ။ ရှင်တော်ဘုရားကို မည်မျှကြည်ညိုကြ ရိုသေပူဇော် ကြပုံကို သိကြအောင်ပြောပြတာကွယ့်။

## ပုဗ္ဗာရုံကျောင်းအမကြီးဝိသာခါ

'သာဝတ္ထိပြည်မှာ ရှင်တော်ဘုရားဟာ နှစ်ပေါင်းနှစ်ဆယ်တောင် ဝါဆို သီတင်းသုံးပြီးနေထိုင်တော်မူစဉ် အနာထပိဏ်သူဌေးကြီးလိုပဲ ရှင်တော်ဘုရား အပေါ် လွန်စွာကြည်ညိုတဲ့ ဒါယိကာမကြီး ဝိသာခါဆိုတဲ့ အမျိုးသမီးကြီး တစ်ဦး ပေါ်ပေါက်လာခဲ့သကွယ့်။ အဲဒီအမျိုးသမီးကြီးအကြောင်း အခု ဆက်ပြောမယ်။

'ဝိသာခါအမျိုးသမီးဟာ ရာဇဂြိုဟ်မြို့တော်သူပါပဲ။ ရာဇဂြိုဟ်ပြည်မှာ မွေးဖွားကြီးပြင်းလာခဲ့တာပါပဲ။ ဒါပေမယ့် သာဝတ္ထိပြည်သားတစ်ဦးနှင့် အိမ်ထောင်ကျရဖို့အကြောင်းကဖန်လာတော့ သာဝတ္ထိပြည်မှာ သက်ဆုံးတိုင် နေထိုင်သွားခဲ့ရသကွယ့်။ သာဝတ္ထိပြည်မှာ ရှင်တော်ဘုရားအတွက် အနာထပိဏ်သူဌေးကြီးလို ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်

လှူဒါန်းခွင့်ရပြီး ဗုဒ္ဓသာသနာတော်အတွက် များစွာအကျိုးပြုဆောင်ရွက်သွားခဲ့တယ်။ သူ့ရဲ့အတ္ထုပ္ပတ္တိဟာ အလွန်စိတ်ဝင်စားစရာကောင်းလှတယ်။ မြန်မာအမျိုးသမီးများ လွန်စွာအတုယူဖွယ်ကောင်းလှတဲ့ အမျိုးသမီးကြီးတစ်ဦးပေ့ါ။ မောင်ဝဏ္ဏတို့ကို အခုပြောပြနေတဲ့အကြောင်းအရာနှင့် ဆက်စပ်နေတဲ့ ဝိသာခါကျောင်းအမကြီးရဲ့ အကြောင်းအရာများကိုသာ ထုတ်နုတ်ပြောပြသွားမှာပါ။

'ဝိသာခါကျောင်းအမကြီးဟာ ရာဇဂြိုဟ်ပြည်ကနေ သာဝတ္ထိပြောင်းရွှေ့အိမ်ထောင်ကျရတဲ့အကြောင်းကတော့ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးနှင့် သာဝတ္ထိပြည် ကောသလမင်းကြီးတို့ သူဌေးကြီးများအပြောင်းအရွှေ့လုပ်ကြရာကနေ ဝိသာခါတို့မိသားစုဟာ သာဝတ္ထိကို ပြောင်းရွှေ့သွားခဲ့ကြရတယ်ကွယ့်။ သာဝတ္ထိပြည် ကောသလမင်းကြီးက သူ့ပြည်မှာ အလွန်ကြွယ်ဝတဲ့ သန်းကြွယ်သူဌေးမျိုးမရှိတော့ ရာဇဂြိုဟ်ပြည်မှာ ပေါများလှတဲ့ သန်းကြွယ်သူဌေးထဲက တစ်ဦးတစ်ယောက်ကို သူ့ပြည်ကိုစေလွှတ်ဖို့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးထံ တောင်းခံလာတယ်ကွယ့်။ အဲဒီတော့ ရာဇဂြိုဟ်ဘုရင်ဟာ သူ့မှူးမတ်များနှင့်တိုင်ပင်ပြီး ဇီလုံနာသူဌေးများထဲကတော့ မပေးလိုဘူး။ မီလုံနာသူဌေးတစ်ဦးကိုရွေးချယ်ပြီး သာဝတ္ထိပြည်ကို ပို့ပေးလိုက်တယ်။

'အဲဒီမှာ ဝိသာခါအမျိုးသမီးရဲ့ထူးခြားချက်က ရာဇဂြိုဟ်ပြည်မှာနေစဉ်အသက်(၇)နှစ်အရွယ်ကာလက ရှင်တော်ဘုရားထံ မိသားစုများနှင့် သွားရောက်ဖူးမျှော်ခဲ့ဖူးသကွယ့်။ အဲဒီတုန်းကပဲ ရှင်တော်ဘုရားက သူ့အရွယ်နှင့်သင့်တော်တဲ့တရားဓမ္မများ ဟောကြားဆုံးမလို့ ဝိသာခါအမျိုးသမီးကလေးဟာ သောတာပန်အဆင့်ရှိ အရိယာသူတော်ကောင်းမလေးဖြစ်သွားခဲ့ပြီးပြီကွယ့်။ သူမရဲ့ဖခင် မီလုံနာသူဌေးကြီး ဓနဥ္စယနှင့်အတူ သာဝတ္ထိပြည်ကိုပြောင်းကြရတော့ ဝိသာခါက ငယ်ရွယ်သူကလေးမဟုတ်တော့ဘူးကွယ့်။ အရွယ်ရောက်ပြီး အလွန်ချောမောလှပတဲ့ အပျိုကလေးဖြစ်နေပြီပေ့ါ။ သာဝတ္ထိမှာ သူတို့မိသားစုက မြို့တွင်းမှာမနေဘဲ သာဝတ္ထိပြင်ပ အနည်းငယ်ကွာလှမ်းတဲ့ သာကေတမြို့ငယ်ကလေးမှာ အခြေချနေထိုင်ကြတယ်ကွယ့်။

အတိုချုံးပြောရမှာဖြင့် အဲဒီလိုနေထိုင်ကြစဉ် ဝိသာခါကို သာဝတ္ထိမြို့တွင်းက မြို့စားသူဌေးတစ်ဦး၏သားနှင့် မိဘများကပေးစားလို့ ယောက္ခမ သူဌေးကြီး မိဂါရတို့အိမ် လိုက်ပြီးနေထိုင်ရရှာသကွယ့်။

'အဲဒီမှာ အခက်အခဲက ဝိသာခါတို့မိသားစုက ရာဇဂြိုဟ်ပြည်မှာ ကတည်းက ရှင်တော်ဘုရားကိုဖူးတွေ့ရပြီး ရှင်တော်ဘုရားကို ဆည်းကပ် ကိုးကွယ်တဲ့ တပည့်သာဝကတွေဖြစ်ခဲ့ကြတယ်၊ဒါပေမယ့် ယောက္ခမတော်စပ် လာရတဲ့ မိသားစုက အဲဒီအခါက ရှင်တော်ဘုရားနှင့် အတိုက်အခံဖြစ်နေတဲ့ တိတ္ထိကြီးခြောက်ဦးကို ကိုးကွယ်ပူဇော်သူများဖြစ်သကွယ့်။ နောင်အခါ ကျတော့ ချွေးမတော်သူဝိသာခါက လိမ္မာပါးနပ်စွာနှင့် ကြံစည်ဆောင်ရွက် ပေးလို့ ယောက္ခမသူဌေးကြီးမိဂါရလည်း ရှင်တော်ဘုရားကို ဆည်းကပ် ကိုးကွယ်တဲ့သာဝကတပည့်ကြီး အရိယာသောတာပန်တစ်ဦးဖြစ်လာသကွယ့်၊ ချွေးမဖြစ်သူဝိသာခါကိုလည်း သူ့ဘဝပြောင်းလဲသွားစေပြီး ကောင်းကျိုးတွေ ရရှိတဲ့အတွက် သူ့ချွေးမကိုကျေးဇူးတင်လွန်းလို့ ချွေးမလို့ မခေါ်တော့ဘဲ သူ့ရဲ့မိခင် ကျေးဇူးရှင် 'မိဂါရမာတာ' လို့တောင်မှ အမွှန်းတင်ခေါ်ဆိုလာခဲ့ သကွယ့်။

'အမျိုးသမီးဝိသာခါနှင့်ပတ်သက်ပြီး အစစအရာရာမှာ အလွန်ကြီးကျယ် ခမ်းနားတာတွေချည်းပဲကွယ့်။ မိဂါရသူဌေးကြီးက သူ့သားအတွက် ချွေးမ လောင်းရှာပုံတွေ၊ ချွေးမလောင်းကိုတွေ့ရတော့ စေ့စပ်ကြောင်းလမ်းပွဲကြီး ကျင်းပပုံ၊ နောက်ထပ်မင်္ဂလာအခမ်းအနားပွဲကြီးဆင်နွှဲပုံ၊ ဝိသာခါသတို့သမီး သာဝတ္ထိပြည်သို့ဝင်ဖို့ စီမံဆောင်ရွက်ထားပုံတွေဟာ ကြီးကျယ်ခမ်းနား အံ့မခန်းတွေချည်းပဲကွယ်။

'ဘိုးဘိုးအဓိကပြောချင်တာကတော့ နောင်အခါ သူ့ရဲ့ယောက္ခမကြီး နှင့် မိသားစုအားလုံး ဗုဒ္ဓသာဝကတွေဖြစ်လာပြီးနောက် ရှင်တော်ဘုရား အတွက် ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းပုံပဲကွယ့်။ အနာထပိဏ်သူဌေးကြီးဆောက်လုပ်တုန်းက မြေကွက်အနှံ့ ရွှေခွက်များချပြီး မြေကြီးဝယ်ရပုံ၊ နောက်ဆောက်လုပ်ပြီးရေစက်ချပွဲ အစရှိသဖြင့် မရေတွက်

နိုင်အောင် ရတနာငွေကြေးများစွာ အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်း ပုံကို ဘိုးဘိုး ပြောပြပြီးပြီနော်။ အခုလည်း ဝိသာခါကျောင်းအမကြီးရဲ့ ဖခင်က သမီးမင်္ဂလာပွဲအတွက် အထူးဝတ်ဆင်ရန်ချီးမြှင့်တဲ့ ရွှေအတိပြီးတဲ့ မဟာလတာ ဆိုတဲ့ ဝတ်စုံကြီးကို ထုခွဲရောင်းချစေတယ်ကွယ့်။

'မင်္ဂလာဝတ်စုံ မဟာလတာကြီးရဲ့တန်ဖိုးကို မည်သူမျှပေးမဝယ်နိုင်တော့ ဝိသာခါဒါယကာမကြီးက သူကိုယ်တိုင်ပဲ တန်ဖိုးဖြတ်ဝယ်ယူလိုက်တယ် ကွယ့်။ ကိုးကုဋေနှင့်တစ်သိန်း ရှင်တော်ဘုရားထံ ပစ္စည်းလေးပါးအတွက် ရည်ရွယ်ပြီးလှူဒါန်းတော့ ရှင်တော်ဘုရား သာဝတ္ထိပြည် အရှေ့အရပ်မှာ သင့်လျော်တဲ့မြေကွက်ကို တန်ဖိုးကိုးကုဋေဖြင့်ဝယ်ယူပြီး ခမ်းနားကြီးကျယ် သော ကျောင်းတော်ကြီးကို ကိုးကုဋေအကုန်အကျခံ၍ ဆောက်လုပ်ပြီးစီးစေ တယ်ကွယ့်၊ ကျောင်းအရာမ်အဖြစ် ကျောင်းငယ်ငါးရာကိုလည်း သံဃာတော် ငါးရာအတွက် ဆောက်လုပ်လှူတယ်ကွယ့်။ ကျောင်းဆောင်ကြီးနှင့်တကွ အရံကျောင်းငယ်များအားလုံးပြီးစီးတော့ ရှင်တော်ဘုရားနှင့်သံဃာတော်ငါးရာ အားလှူဒါန်းပွဲကြီးလုပ်ပြီး ဝါတွင်းလေးလလုံး ပုဗ္ဗာရုံကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူကြပါဟု လှူဒါန်းသကွယ့်၊ ရှင်တော်ဘုရားက ကျောင်းကို သာ ဆောက်လုပ်လှူဒါန်းရန်မိန့်ကြားသော်လည်း သာသနာတော်နှင့်အကျွမ်း ဝင်ပြီး နားလည်လိမ္မာသော ဝိသာခါဒါယိကာမကြီးက ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ဟူသော ပစ္စည်းလေးပါးအလှူရှင်ဖြစ်အောင် စီမံလိုက်တယ်ကွယ့်။ နေ့စဉ်ဆွမ်းလှူတယ်။ စတုမဓုစတဲ့ဆေးများကိုလည်း မပြတ်လှူတယ်။ ဝါကျွတ်လို့ ကျောင်းလှူဒါန်းသည့် ရေစက်ချပွဲကြီးပြုလုပ်တော့လဲ သံဃာတော် အားလုံးအား သင်္ကန်းတော်အစုံများ လှူဒါန်းလိုက်သေးသကွယ်။

'အေး အဲဒီလို ဘိုးဘိုးတို့ဗုဒ္ဓသာသနာတော်မှာ ထူးခြားလှတဲ့အမျိုးသမီး ဥပါသိကာမကြီးအကြောင်းကို မောင်ဝဏ္ဏတို့ ဗဟုသုတအတွက် အနည်း အကျဉ်းလောက် ဘိုးဘိုးကပြောပြထားတာ။ အပြည့်အစုံကတော့ မင်းကွန်း ဆရာတော်ကြီးပြုစုထားခဲ့တဲ့ မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီးမှာ ရှာဖွေဖတ်ရှုကြ ပေတော့။

'မောင်ဝဏ္ဏတို့ကို ဘိုးဘိုး အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါ သူဌေးမကြီးအကြောင်းကို ပြောပြပြီးပြီနော်။ ဘိုးဘိုးက သူတို့အကြောင်းကို ပြောပြနေတာက သူတို့ကို ဘုရား,တရား,သံဃာ ရတနာသုံးပါးအပေါ်တွင် သူတို့ကြည်ညိုကြသလို သဒ္ဓါတရားထက်သန်ကြသလို မောင်ဝဏ္ဏတို့လူငယ် လူရွယ်တွေလည်း သူတို့ကိုအတုယူအားကျပြီး ရတနာသုံးပါး၌ ကြည်ညို ထက်သန်လာစေချင်လို့ပဲကွယ့်။ မှတ်ထားကြနော်။ ပြီးတော့ အဲဒီလို ဘုရား ရှေ့လက်ထက်တော်က သာသနာတော်ကိုထောက်ပံ့ကူညီကြပုံများကိုလည်း သိရှိကြ မှတ်သားကြဖို့ပေါ့။

## နကုလမာတုနှင့် နကုလပိတု ဇနီးမောင်နှံ

'ကဲ–ဆက်ပြီး ဘုရားရှေ့လက်ထက်တော်က ရှင်တော်ဘုရားနှင့် အလွန် ရင်းနှီးခဲ့ကြတဲ့ ဇနီးမောင်နှံပုဂ္ဂိုလ်ကြီးနှစ်ဦးအကြောင်းကို ပြောပြဦးမယ်။ သူတို့အကြောင်းကလည်း အတော်စိတ်ဝင်စားစရာကောင်းလှသကွယ်။ အဲဒီဇနီးမောင်နှံတို့ရဲ့အမည်များက နကုလပိတုသူဌေးကြီးနှင့် နကုလမာတု သူဌေးကတော်ကြီးလို့ခေါ်တယ်ကွယ့်။ သူတို့ရဲ့သားကလေး နကုလကိုစွဲပြီး နကုလရဲ့ဖခင် = နကုလပိတု၊ နကုလရဲ့မိခင် = နကုလမာတုလို့ အမည် တွင်လာကြတာပါ။

'တစ်ချိန်မှာတော့ ရှင်တော်မြတ်ဘုရားဟာ နောက်ပါရဟန်းငါးရာနှင့် သုသုမာရဂိရမြို့ကို ကြွရောက်တော်မူလာပြီး မြို့အနီး ဘေသကဠာ အမည် ရှိတဲ့ တောအုပ်မှာ သီတင်းသုံးနေထိုင်တော်မူသကွယ့်။ အဲဒီမြို့ကလူအပေါင်း ကလည်း ရှင်တော်ဘုရား ဆိုက်ရောက်တော်မူလာတဲ့သတင်းကိုကြားတာနှင့် ရှင်တော်ဘုရားထံ စုရုံးရောက်ရှိလာကြသကွယ့်။ အဲဒီမြို့ပရိသတ်မှာ ရှေ့ဆုံးက နေရာယူထိုင်နေကြတဲ့သူတွေထဲမှာ နကုလပိတုနှင့် နကုလမာတု ဇနီး မောင်နှံလည်း ပါလာတယ်ကွယ့်။ အဲဒီဇနီးမောင်နှံနှစ်ဦး ရှင်တော်ဘုရားကို ဖူးမျှော်ရလျှင် ဖူးမျှော်ရချင်း 'ဒီပုဂ္ဂိုလ်ဟာ ငါတို့ရဲ့သားကြီးပဲ'ဟု နှစ်ယောက် စလုံး တွေးခေါ်မိကြပြီး 'ချစ်သား၊ အသင်သည် ငါတို့မိဘနှစ်ပါးအား

စွန့်ပစ်လျက် ဘယ်အရပ်သို့လှည့်လည်သွားလာနေပါသလဲ'ဟု တစ်ပြိုင်နက် မေးမြန်းလျှောက်ထားသကွယ့်။

'ရှင်တော်ဘုရားကို ဖူးမျှော်နေကြတဲ့ပရိသတ်ကြီးမှာ အဲဒီလို သူတို့က ရင်းရင်းနှီးနှီး ရှင်တော်ဘုရားကို ငါ့သားကြီးဟုခေါ်၍ ပြောဆိုနေကြတာ အလွန်အံ့ဩတကြီး ကြည့်ရှုနေကြသကွယ့်။ အဲဒီတော့မှ မြတ်စွာဘုရားက ပရိသတ်ကြီးအား ဒီပုဂ္ဂိုလ်နှစ်ဦး ရှေးဘဝပေါင်းများစွာ၌ မိမိ၏အမိအဖ ဖြစ်ကြသည်။ ဦးလေးဦးကြီး ဖြစ်ခဲ့ကြသည်၊ မိထွေးမိကြီးဖြစ်ခဲ့ကြသည် စသည်ဖြင့် ရှင်းလင်းဟောပြတော်မူသကွယ့်။

'နောင်ကာလအချိန်အတော်ကြာသွားပြီးနောက် မြတ်စွာဘုရားသခင်ဟာ သုသုမာရဂိရမြို့ကို ကြွရောက်လာပြန်ပြီး ယခင်တစ်ကြိမ်ကလိုပဲ အနီးရှိတောအုပ်မှာ သီတင်းသုံးနေတော်မူပြန်တယ်။ အဲဒီအချိန်မှာ နကုလပိတုနှင့် နကုလမာတုတို့ဟာ အသက်အရွယ်ကြီးမြင့်နေရှာပြီကွယ့်။ ယခင်တစ်ကြိမ်မှာလိုပဲ ရှင်တော်ဘုရားထံ မြို့သူမြို့သားအပေါင်းနှင့်တကွ ဖူးမျှော်ရန်ရောက်ရှိလာသကွယ့်၊ဒီအခါမှာလည်း သူတို့နှစ်ဦးဟာ ရှင်တော်မြတ်ဘုရားကို ရင်းရင်းနှီးနှီးဆက်ဆံပြောဆိုကြသကွယ့်။ ပြီးတော့ ရှင်တော်မြတ်ဘုရားနှင့် နောက်ပါသံဃာတော်မြတ်တို့အား နောက်တစ်နေ့တွင် ဆွမ်းအလှူခံကြွကြဖို့ ဖိတ်မန်လျှောက်ထားသကွယ့်။

'နောက်တစ်နေ့တွင် ရှင်တော်ဘုရားနှင့် သံဃာတော်များကို သူတို့နေအိမ်မဏ္ဍပ်တွင် မွန်မြတ်လှတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့နှင့် ကောင်းမွန်စွာပြုစုလုပ်ကျွေးကြတယ်။ ဆွမ်းဝတ်ကိစ္စများပြီးဆုံးကြတော့ နကုလပိတုဒါယကာကြီးက ရှင်တော်ဘုရားထံ ရှေးဦးချဉ်းကပ်ပြီး ဒီလို လျှောက်ထားတယ်။ 'တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ သူဌေးမ နကုလမာတုအား ထိမ်းမြားယူဆောင်ခဲ့ပါသည်။ ထိုအချိန်ကစပြီး နကုလမာတုအပေါ် စိတ်ဖြင့်ပင် သစ္စာဖောက်ခြင်းမရှိခဲ့ပါ၊ ကိုယ်အားဖြင့် သစ္စာဖောက်မူဟူ၍ ပြောဖွယ်မလိုပါ။ ရှင်တော်မြတ်ဘုရား တပည့်တော်တို့သည် ယခုဘဝလည်း အချင်းချင်းရှုမြင်လိုပါသည်၊ နောင်ဘဝဆက်တိုင်း

လည်း အချင်းချင်းရှုမြင်လိုပါသည်ဘုရား’ဟု လျှောက်ထားသတဲ့။ မြတ်စွာဘုရားနှင့် ဘယ်လောက်ရင်းနှီးကြသလဲဆိုတာ၊ အဲဒီလိုလျှောက်ထားတာ သာ ကြည့်ပေတော့။

‘အေး သူ့ဇနီးနကုလမာတုကလည်း သူ့ခင်ပွန်းလျှောက်ထားတဲ့အတိုင်း သဘောတူစကားလုံးတူ လျှောက်ထားပြန်သကွယ့်။ ‘တပည့်တော်မသည် ငယ်ရွယ်စဉ်အခါက ငယ်ရွယ်သူ နကုလပိတုနှင့် ထိမ်းမြားယူဆောင်ခဲ့သည်မှစ၍ နကုလပိတုအပေါ် စိတ်ဖြင့်လည်း သစ္စာဖောက်ပြားမှုမရှိခဲ့ပါ။ ကိုယ်ဖြင့် သစ္စာဖောက်ပြားရန်ဟူ၍ အဘယ်ပြောဆိုစရာရှိနိုင်ပါမည်နည်း။ ရှင်တော်မြတ်ဘုရား၊ တပည့်တော်တို့သည် ယခုဘဝတွင် အချင်းချင်းအမြဲမြင်လိုကြပါသည်၊ နောင်ဘဝတွင်လည်း အချင်းချင်းတူစုံတွဲခါ အမြဲမြင်လိုကြပါသည် ဘုရား’ဟု လျှောက်ထားသတဲ့ကွယ်။

‘အဲဒီတော့မှ ရှင်တော်မြတ်ဘုရားက သူတို့အလိုဆန္ဒပြည့်အောင် ဘယ်လိုဆောင်ရွက်ရမည်၊ ဘယ်လိုနေထိုင်ကြရမည်ဆိုတာကို ဟောပြတော်မူသကွယ့်၊ ‘ဒါယကာတို့ဇနီးမောင်နှံဟာ ဒီဘဝမှာလည်း အချင်းချင်းမြင်ချင်ကြတယ်၊ နောင်ဘဝမှာလည်း အချင်းချင်းမြင်လိုကြတဲ့ဆန္ဒရှိကြရင် နှစ်ဦးစလုံးဟာ (၁) တူမျှတဲ့ သဒ္ဓါတရားရှိကြကုန်ရာ၏။ (၂) တူမျှသော သီလရှိကြကုန်ရာ၏။ (၃)တူမျှသော စွန့်ကြဲမှုရှိကြကုန်ရာ၏။ (၄) တူမျှသော ဉာဏ်ပညာရှိကြကုန်ရာ၏’။ အဲဒီလို သဒ္ဓါ,သီလ,စာဂ,ပညာနှင့် ပြည့်စုံအောင် ပြုမူနေထိုင်ကြလျှင် ယခုဘဝတွင်လည်း အချင်းချင်းရှုမြင်ကြရကုန်၏’ဟု ဟောပြညွှန်ကြားပေးတော်မူလိုက်သကွယ့်။

‘အခု ဘိုးဘိုးပြောပြသလိုပဲ နကုလပိတုနှင့် နကုလမာတုတို့ဟာ ရှင်တော်မြတ်ဘုရားအား သားတော်အရင်းလိုသဘောထားပြီး ရင်းရင်းနှီးနှီး ဆက်ဆံပြောဆိုကြသကွယ့်၊ မိမိတို့လိုအင်ဆန္ဒကိုလည်း မိဘက သားတစ်ဦးနှင့် ပြောဆိုသလို ပြုမူဆက်ဆံလေ့ရှိကြသကွယ့်။ ဒါကြောင့် နောင်အခါ၌ မြတ်စွာဘုရားဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတော့ ထူးခြားတဲ့ ဘိက္ခုများ ဘိက္ခုနီများ၊ လူပုဂ္ဂိုလ် ယောကျ်ား

မိန်းမများကို ရွေးချယ်ပြီး (တေဒဂ်)အမည်နာမ ချီးမြှင့်တော်မူတဲ့အခါမှာ နကုလပိတုနှင့် နကုလမာတု နှစ်ဦးစလုံးဟာ ရှင်တော်မြတ်ဘုရားနှင့် အရင်းနှီးဆုံးပုဂ္ဂိုလ်များအဖြစ် ဝိဿာသကတေဒဂ်၊ ဝိဿာသိကတေဒဂ်ကို သနားချီးမြှင့်တော်မူခဲ့သကွယ့်။

## ပဋာစာရီထေရီမကြီး

'အေး ဘိုးဘိုး ဒီနေ့ပြောပြမည့်အကြောင်းအရာကတော့ ပဋာစာရီဆိုတဲ့ အမျိုးသမီးအကြောင်းကွယ့်။ ဝိသာခါအမျိုးသမီးကြီးအကြောင်းပြောတုန်းက မြန်မာအမျိုးသမီးများ စံယူထိုက်တဲ့အမျိုးသမီးကြီးလို့ ဘိုးဘိုး ချီးကျူးပြောခဲ့တယ်နော်။ အဖက်ဖက်မှ ချီးကျူးဂုဏ်ယူထိုက်တယ်၊ အထူးသဖြင့် အိမ်ထောင်ဖက်ရွေးချယ်ရာမှာ မိဘများက ဂုဏ်ရည်တူသတို့သား ရွေးချယ်လက်ထပ်ပေးတာကို နာခံလိုက်နာလို့ ဘဝတစ်လျှောက်လုံး ချမ်းမြွေသာယာကျက်သရေမင်္ဂလာနှင့် ပြည့်လျှမ်းသွားခဲ့တယ်မဟုတ်လား။

'အခုဘိုးဘိုးပြောမယ့် ပဋာစာရီကတော့ သူဌေးသမီးကလေးဖြစ်ပေမယ့် အိမ်ထောင်ပြုရာမှာ မိဘစကားမနာယူပဲ မိမိစိတ်ထင်ရာ မိမိနှင့်အဆင့်တန်းမတူရာ စိတ်နောက်ကိုယ်ပါ ပြုလုပ်လိုက်တဲ့အတွက် ဘဝပျက်ပြီး ဒုက္ခအကြီးအကျယ်ရောက်ရတဲ့အကြောင်းကွယ့်။ မင်းတို့ စိတ်ဝင်စားမှာပါ။ တို့ငယ်ငယ်တုန်းကတော့ နာမည်ကြီးဇာတ်ပွဲတွေမှာ ခဏခဏကပြခဲ့ကြတဲ့ ဇာတ်ဝတ္ထုတစ်ခုပေါ့။

'သူ့အကြောင်းက ဒီလိုကွယ့်၊ ဘုရားရှင်လက်ထက်တော်မှာ သာဝတ္ထိပြည်က သူဌေးကြီးရဲ့ တစ်ဦးတည်းသောသမီးဖြစ်သကွယ့်၊ ဒီသူဌေးသမီးဟာ အရွယ်ရောက်တဲ့အချိန်မှာ သူ့အိမ်ကခိုင်းစေတဲ့ အလုပ်သမားတစ်ယောက်နှင့် မေတ္တာသက်ဝင်နေသကွယ့်။ မိဘများက အချိန်အရွယ်ကျတော့ မျိုးတူဂုဏ်တူသူဌေးသားတစ်ယောက်နှင့် လက်ထပ်ပေးစားဖို့ စီစဉ်နေကြတုန်း သူက သူ့ရဲ့ချစ်သူနှင့် တိတ်တဆိတ်အိမ်မှထွက်ပြေးကြပြီး သာဝတ္ထိမှ ခရီးအတော်ဝေးတဲ့ ရွာငယ်မှာ ပုန်းအောင်းနေထိုင်ကြသတဲ့။

'အဲဒီလိုနေထိုင်ရာမှ မကြာမီမှာပင် သူဌေးသမီးမှာကိုယ်ဝန်သန္ဓေ ရှိလာတော့ သူ့ယောက်ျားကိုပြောသတဲ့။ ဒီရွာမှာ အကူညီမဲ့ပြီး မီးဖွားလို့ လွယ်ကူမှာမဟုတ်၊ မီးဖွားရန် မိဘများထံပြန်ကြရအောင် လိုက်ပို့ပါလို့ သူ့ယောက်ျားကိုပြောပြသတဲ့။ သူ့ယောက်ျားကတော့ သူ့မိဘများရဲ့မျက်နှာ ကို မကြည့်ဝံ့သဖြင့် လိုက်ပို့ပါမည်ဟုပြောပြီး နေ့ရွှေ့ညရွှေ့ လုပ်နေတော့ သတဲ့။ အမျိုးသမီးလည်း သူ့ယောက်ျားကတော့ သူ့မိဘထံပြန်ပို့တော့မှာ မဟုတ်ဘူးဆိုတာ သဘောပေါက်ပြီး သူတစ်ကိုယ်တည်း သာဝတ္ထိပြန်ရန် အိမ်ကထွက်သွားသကွယ့်။ သူ့ယောက်ျားက သူ့ဇနီးသည်တစ်ဦးတည်း ထွက်ခွာသွားမှန်းသိတော့မှ နောက်အပြေးအလွှားလိုက်သွားရှာသတဲ့၊ သူ့ဇနီး ကို ရွာမှမလှမ်းမကမ်း တောချုံမှာ မီးဖွားသန့်စင် သားကလေးတစ်ယောက် မွေးပြီးကြောင်းတွေ့ရသတဲ့။ အဲဒီတော့မှ မီးဖွားဖို့အရေး ရတက်မအေးလို့ မိဘများထံ ပြန်ဖို့လိုခဲ့တာ ယခုတော့ သားကလေးတစ်ယောက် အောင်အောင်မြင်မြင်မွေးဖွားပြီးပြီမို့ သာဝတ္ထိပြည်ကို ပြန်စရာမလိုတော့ ကြောင်း နှစ်ဦးသဘောတူဆုံးဖြတ်ပြီး ရွာကိုပြန်နေထိုင်ခဲ့ကြသကွယ့်။

'နောင်တစ်ချိန် ကိုယ်ဝန်အရင့်အမာရှိချိန်မှာလည်း အရင်တစ်ခါလိုပဲ မိဘများထံပြန်ပို့ရန် သူ့ယောက်ျားကိုပြောပြန်သတဲ့၊ သူ့ယောက်ျားကလည်း အရင်တစ်ခါလိုပဲ နေ့ပို့မယ်ညပို့မယ်နှင့် ရက်ဆွဲအချိန်ပြောင်းနေတော့ သူဌေးသမီးလည်း အရင်တစ်ကြိမ်အတိုင်း တစ်ဦးတည်းရွာမှထွက်သွားပြန် သကွယ့်။ အရင်တစ်ခါလိုပဲ လမ်းခရီးတောစပ်အနီးမှာ ဒုတိယသားကလေး တစ်ယောက်ဖွားမြင်ပြန်တယ်။ သူ့ယောက်ျားလည်း သူ့ဇနီးနောက် အပြေး လိုက်ပြန်တော့ လမ်းခရီးမှာ သားကလေးဖွားမြင်ပြီးကြောင်းတွေ့ရပြန်တယ်၊

'အဲဒီလိုပြန်လည်ဆုံမိကြတဲ့အချိန်မှာပဲ မိုးကြီးသည်းထန်စွာ ရွာသွန်းချ လိုက်တယ်ကွယ့်။ အဲဒီတော့ မီးနေသည်အမျိုးသမီးက သူတို့သားအမိ မိုးမစိုမစွတ်နေကြရအောင် တဲပုတ်အကာကလေးဆောက်ပေးရန် သူ့ ယောက်ျားကိုပြောတော့ သူ့ယောက်ျားလည်း ပြောတဲ့အတိုင်း မဆိုင်းမတွ တုတ်ချောင်းသစ်ခက်များနှင့် ခိုလှုံစရာနေရာလေးအဖြစ် အမိုးမိုးရန်

မြက်တောမှာ မြက်ကိုစုရိတ်ဖြတ်နေဆဲ အနားမှာရှိတဲ့ တောင်ပို့က မြွေက ထွက်ပြီးကိုက်လိုက်လို့ ဗုန်းဗုန်းလဲသေသွားရောတဲ့။

'သူဌေးသမီးလည်း သူ့လင်ပြန်လာခေါ်နိုးခေါ်နိုးနှင့် 'ငါ့များပစ်ပြီး ထွက်ပြေးပြီလား'လို့ တစ်ညလုံးပူပင်စွာနှင့် စောင့်ဆိုင်းနေရှာသကွယ့်။ မနက်ကျမှ အရုဏ်ကျင်းလို့ အလင်းရောက်မှ ခြေရာခံပြီးလိုက်သွားတော့ တောင်ပို့အနား အသက်ပျောက်နေတဲ့ သူ့ယောက်ျားအလောင်းကို မြင်ရသကွယ့်။ သူဌေးသမီးလည်း အပူမီးတောက်ပြီး တစ်ယောက်တည်း သားနှစ်ယောက်နှင့် အားနွဲ့ပူဆွေးကာ အငိုကြီးငိုရှာသပေါ့ကွယ့်။

'အဲဒီအချိန်အခါကျတော့ သားနှစ်ယောက်နှင့် မိဘများထံ အမှန် ပြန်တော့မည်လို့ စိတ်ဆုံးဖြတ်ပြီး သာဝတ္ထိပြည်သို့ဦးတည်ကာ ခရီးစထွက်ခဲ့ သကွယ့်။ မကြာမီမှာပဲ လမ်းခရီးမှာ ချောင်းငယ်တစ်ခုကိုတွေ့ရပါရောတဲ့။ အဲဒီချောင်းကို သားနှစ်ယောက်နှင့် တစ်ပြိုင်နက်မကူးနိုင်၊ သားကြီးကို ဒီဘက်ကမ်းမှာခေတ္တထားခဲ့ပြီး သားငယ်ကို တစ်ဖက်ကမ်းကိုအလျင်ပို့ရန် အစီအစဉ်နှင့် တစ်ဖက်ကမ်းကို ဖြတ်ကူးသွားတယ်။ သားကြီးကို ဒီမှာဖက် ကမ်းမှာ ထားပစ်ခဲ့တယ်။ တစ်ဖက်ကမ်းရောက်နေလို့ သားငယ်ကို ကမ်းဘေးမှာချထားခဲ့ပြီး ချောင်းကိုတစ်ဖန် ပြန်ဖြတ်လာခဲ့တယ်။

'အဲဒီအချိန်မှာ သိမ်းငှက်တစ်ကောင်က သားငယ်ကို အသားတစ်တုံး မှတ်ထင်ကာ သုတ်ချီဖို့ ပျံသန်းလာတာမြင်လိုက်ရတော့ လက်ကိုဝှေ့ရမ်း အော်ဟစ်ကာ သိမ်းစွန်ရဲကိုခြောက်လှန့်ပစ်ရန် အော်ဟစ်မောင်းနှင်ရှာတယ် ကွယ့်။ သိမ်းစွန်ကတော့ သူ့အသံကိုမမှုပဲ သားငယ်ကိုချီပြီး ပျံသန်းသွား တော့တယ်။ အဲဒီအချိန်မှာ တစ်ဖက်ကမ်းပေါ်က သားကြီးက သူ့မိခင် အော်ဟစ်လက်ရမ်းတာကိုမြင်တော့ သူ့ကိုလာရန်ခေါ်တယ်လို့ထင်မှတ်ပြီး ချောင်းထဲပြေးဆင်းလာရာမှာ ရေထဲမျောပါ သေဆုံးသွားပြန်တယ်ကွယ့်။ ဘယ်လောက်များ အပူမီးဝိုင်းလိုက်သလဲဆိုတာ မောင်ဝဏ္ဏတို့ စဉ်းစားသာ ကြည့်ကြပေတော့။

'အေး သူ့အပူမီးက မငြိမ်းသေးဘူး။ နောက်တစ်ကွက် အပူမီးလုံးကြီး ထရဦးမယ်။ အေး အဲဒီလိုနဲ့ သာဝတ္ထိပြည်ကိုရောက်သွားပြီး သူ့မိဘအိမ် ဆီသို့ရောက်တော့ အိမ်ကိုမတွေ့ရတော့ဘူး။ အိမ်တည်ရာနေရာဟောင်းမှာ ဘာအဆောက်အဦမှမတွေ့ရတော့ဘူး။ အဲဒီမှာ ဝိုင်းအုံလာတဲ့ ပရိသတ်ကပြောပြတော့မှ ယမန်နေ့ည လေကြီးမိုးကြီးသည်းထန်စွာရွာချိန်မှာ သူဌေးကြီးတိုက်ပြိုကျ၍ လုံးဝပျက်စီးသွားကြောင်း၊ သူဌေးကြီးတို့မိသားစု အားလုံး သားငယ်ကလေးပါ အကုန်လုံးတိုက်ပြိုကြီးထဲမှာ အသက်ပျောက် သွားကြပြီဖြစ်ကြောင်း၊ ဒါကြောင့် မိသားစုအားလုံး၏ရုပ်အလောင်းများကို တစ်စုတစ်ဝေးတည်းမီးသင်္ဂြိုဟ်ထားတာကို အဝေးမှမြင်ရသောမီးခိုးများ လက်ညိုးညွှန်ပြရင်း ပြောကြားကြသတဲ့ကွယ်။

'အဲဒီသတင်းကြားမိတာနှင့်တစ်ပြိုင်နက် သူဌေးသမီးဟာ 'အမယ်လေး ဘယ်လိုပြောလိုက်ကြပါလိမ့်'ဟု တစ်ခွန်းတည်းအော်ဟစ်ကာ အဝတ်များကို မဆီးနိုင်မသိမ်းနိုင် စိတ်ဖောက်ပြန်ရူးသွပ်သွားကာ မိဘများမီးသင်္ဂြိုဟ်ထားရာ နေရာသို့အပြေးသွားကာ ပြင်းထန်စွာငိုကြွေးမြည်တမ်းရှာသကွယ့်။ အမျိုး ကောင်းသမီးတို့ စောင့်စည်းရန်ဝတ်ယွင်းချွတ်ပျက်ကာ ထိုအကြောင်းရာ ကြောင့် 'ပဋာစာရ သည္ညာမည်က ကျွန်တော်မ၏အကြီးအငယ် သားနှစ်သွယ် တို့သည် တစ်ဦးရေမျှပ် တစ်ဦးကိုသိမ်းသုတ်သဖြင့် ဆုံးချုပ်ပျက်စီးခဲ့ကြလေပြီ၊ လမ်းခရီး၌ သားတို့အားထား လင်ယောကျ်ားသည် စုတိပြတ်ကြွေ သေခဲ့ လေပြီ။ မွေးသမိခင်ကျေးဖူးရှင်ကိုလည်းကောင်း မွေးသဖခင်ကျေးဖူးရှင်ကို လည်းကောင်း တစ်မိဝမ်းတွင်း ထက်အောက်ဆင်းသည့် မောင်ရင်းကို လည်းကောင်း တိုက်ပြို၍အသက်ကုန် တစ်ခုတည်းသောထင်းပုံ၌ ရှာပနအပြီး ဖုတ်ကျည်းသင်္ဂြိုဟ်အပ်ကုန်ပြီတကား'ဟု ရွတ်ဆိုမြည်တမ်း ငိုကြွေးရှာ သကွယ့်။

'အဲဒီလိုငိုကြွေးမြည်တမ်းပြီး သွက်သွက်ခါရူးသွပ်သွားရှာတဲ့ အမျိုးသမီး ကို လူအများက အဝတ်အစားပေးကမ်းဝတ်ဆင်ပေးကြသော်လည်း ဆုတ်ဖြဲ ပစ်တယ်ကွယ့်။ အဲဒီလို ဝတ်လစ်စလစ်အရက်မရှိတော့ဘဲ လှည့်လည်

သွားလာနေတော့ သူ့ကို'အဝတ်မဝတ်တဲ့ အရှက်မရှိတဲ့သူ'ဟု အဓိပ္ပာယ်ရတဲ့ 'ပဋာစာရ'အမည်ကိုပေးကြသတဲ့။ ဒါကြောင့် သူဌေးသမီးဘဝကအမည်ကို ဘယ်လိုခေါ်သလဲဆိုတာ အထင်အရှားမသိရဘဲ အရူးမဘဝရောက်ပြီး အရှက်မရှိ အဝတ်မဝတ်တော့တာကြောင့် ပဋာစာရ (မြန်မာ့ဇာတ်သဘင်အခေါ် ပဋာစာရီ) လို့ ထင်ရှားလူသိများလာရတယ်ကွယ့်။

'အေး အဲဒီလို ချာချာလည်အောင် ရူးသွပ်သွားသောဘဝသို့ ရောက်နေပေမယ့် ရှေးပါရမီရင့်သန်လှလွန်းလို့ ရှင်တော်မြတ်ဘုရားကို ဖူးတွေ့ခွင့်ရသွားပြီး အကျွတ်တရားရကာ ဘိက္ခုနီမအဖြစ်ဖြင့် ရဟန္တာအဆင့်ရောက်သွားခဲ့ရှာသကွယ့်။

'ဖြစ်ပုံက ဒီလိုလေ။ ဒေါင်ချာစိုင်းအောင်ရူးသွပ်ပြီး အဝတ်မပါ အရပ်တကာလှည့်လည်သွားနေရင်း တစ်နေ့သ၌ ရှင်တော်မြတ်ဘုရားက ပရိသတ်လေးပါးကို တရားဟောပြနေတော်မူတဲ့နေရာဆီကို ရောက်သွားရှာတယ်။ လူအပေါင်းကလည်း တရားပွဲအနားသို့ ပဋာစာရီမလာရအောင် မောင်းထုတ်ကြသော်လည်း ရှင်တော်ဘုရားက ပရိသတ်ကိုမိန့်ကြားသကွယ်။ 'ပဋာစာရီလာသည်ကို မတားမြစ်ကြပါနှင့်၊ လာပါစေ'လို့ ခွင့်ပြုတော်မူလို့ တရားနာနေတဲ့ ပရိသတ်အစွန်ရောက်လာတယ်။ ရှင်တော်ဘုရားကလည်း 'ချစ်သမီးပဋာစာရီ၊ အဘယ်ကြောင့် သတိလွတ်နေသလဲ၊ သတိရှိလော့'ဟု မိန့်မြွက်လိုက်တယ်။

'အဲဒီတော့မှ သူ၌အဝတ်အစားမရှိသည်ကိုသတိရပြီး သူ့ကိုယ်သူလုံခြုံနိုင်သမျှ လုံခြုံနိုင်အောင် ဒူးကွေးပဆစ်တုပ် ထိုင်နေရှာတယ်။ ပရိသတ်ထဲက လူတစ်ယောက်က အဝတ်တစ်ထည်ပစ်ပေးလိုက်လို့ အဝတ်တစ်ထည်ရတော့ အဲဒီအဝတ်နှင့်ဖုံးလွှမ်းပြီး ရှင်တော်ဘုရားအနား ချဉ်းကပ်လာရှာတယ်ကွယ့်၊ ပြီးတော့မှ 'တပည့်တော်မမှာ သားနှစ်ယောက်သေဆုံး၊ အားထားရသူ ခင်ပွန်းသည်လည်းကွယ်လွန်၊ မိဘနှစ်ပါးနှင့် မောင်ကလေးပါပျက်ဆုံးကြလို့ သောကမီးဝိုင်းပြီး အရူးတပိုင်းဖြစ်ရပါသည်ဟု လျှောက်ထားပြီး ငိုကြွေးပြန်တယ်ကွယ့်။

'အဲဒီတော့မှ ရှင်တော်ဘုရားက 'မိဘမောင်ဘွား လင်သားဆုံးရှုံးခဲ့လို့ ဘဝဆက်တိုင်း ငိုကြွေးခဲ့ရတဲ့မျက်ရည်များဟာ သမုဒ္ဒရာလေးစင်းတောင် ပြည့်လျှံနေတယ်။ သူတို့ဟာ အချိန်ကျရင်ကွယ်လွန်ကြမှာသဘာဝမို့ အားမကိုးရပါဘူး။ ယခုချစ်သမီးမှာ အားကိုးနိုင်တဲ့ ငါဘုရားထံတော်မှောက် ရောက်နေပြီ။ အားကိုးရမည့်တရားများပြပေးမည်၊ အသင်အား ချမ်းသာ သုခကိုပေးတော့မည်၊ သင့်ပူပင်သောကရောက်စရာမလို၊ လုံးဝအေးချမ်း ရတော့မည်'ဟုမိန့်ကြားပြီး တရားပြသဟောကြားတော်မူရာ တစ်ထိုင်တည်း မှာပင် သောတာပန်ဘဝသို့ရောက်သွားသကွယ့်။ အဲဒီတင် ပဋာစာရီက ဘိက္ခုနီဝတ်ပါရစေတောင်းပန်လို့ ရှင်တော်ဘုရားက ဘိက္ခုနီကျောင်းပို့ပေး လိုက်တယ်။ ဘိက္ခုနီဘဝဖြင့် ဆက်လက်အားထုတ်ရာ ရဟန္တာဘဝသို့ ရောက်ပြီး ဝိနည်းတော်မှာအလွန်ကျွမ်းကျင်လို့ ဝိနည်းတေဒဂ်ရ ဘိက္ခုနီမ အဖြစ် ရှင်တော်ဘုရားက ချီးကျူးဂုဏ်ပြုတော်မူခဲ့တယ်ကွယ့်။

*

# အခန်း (၈)

## ရှင်တော်ဘုရားနှင့်လောကဓံတရား

'မောင်ဝဏ္ဏတို့ကို ဘိုးဘိုး ရှင်တော်မြတ်ဘုရားရဲ့ ဗုဒ္ဓုပ္ပတ္တိခေါ် ဗုဒ္ဓဘုရားရှင်၏ဖြစ်တော်စဉ်အကြောင်းကိုပြောပြတာ တိုတိုကျဉ်းကျဉ်းနဲ့လိုရင်းပြည့်စုံသလောက်ရှိသွားပြီ။ အတိုချုပ်အားဖြင့်တော့ မောင်ဝဏ္ဏတို့ကိုပြောပြနေတာက တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မှာ စဉ်လာမပြတ်ပိုင်ဆိုင်ခဲ့ကြသော အဖိုးတန်ရတနာသုံးပါးရှိတယ်ကွယ့်။ အဲဒါက ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ဆိုတဲ့ ရတနာသုံးပါးပဲကွယ့်။ အလွန်အဖိုးထိုက်တန်တဲ့ အဲဒီရတနာတွေကို ဟိုရှေးရှေးပုဂံပြည်သို့ အရှင်အရဟံရဟန္တာအရှင်မြတ်ယူဆောင်တော်မူလာကတည်းက ကိုးကွယ်ဆည်းကပ်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာ ယနေ့အထိပဲ။

'အဲဒီ ဘုရားရတနာ,တရားရတနာ,သံဃာရတနာ ဆိုတဲ့ ရတနာမြတ်သုံးပါးဟာ မြန်မာပြည်က သယံဇာတပစ္စည်းအဖြစ်ပိုင်ဆိုင်နေတဲ့ ကျောက်စိမ်း,ပတ္တမြား,ပုလဲ စတဲ့ရတနာများထက်အဖိုးအနဂ္ဃထိုက်တန်လှပြီး ဒီရတနာသုံးပါးကြောင့် မြန်မာပြည်သားအပေါင်းဟာ ကပ်ကြီးသုံးပါးဘေးအန္တရာယ်အပေါင်းတို့က ကင်းလွတ်ပြီး အေးချမ်းစွာနေထိုင်နိုင်ကြတာပေါ့။ အခြားအိမ်နီးချင်းနိုင်ငံများမှာ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ဝတ်မွတ်ခေါင်းပါးခြင်းစတဲ့ဘေးအန္တရာယ် များကြုံတွေ့နေရပုံကို နေ့စဉ်လိုကြားသိနေကြရပေမယ့် မြန်မာနိုင်ငံဟာ ဒီလိုဘေးဆိုးအန္တရာယ်ဆိုးများ ကြီးကြီးကျယ်ကျယ်ဖြစ်လေ့မရှိတာဟာ ဒီရတနာမြတ်သုံးပါးရဲ့တန်ခိုးအာနိသင်ကြောင့်လို့ ဘိုးဘိုးက ပြောလိုတယ်။

'မောင်ဝဏ္ဏတို့လူငယ်လူ ရွယ်တွေ ဗုဒ္ဓဘာသာဝင်မိဘများမှဆင်းသက်လာတဲ့အတိုင်း ဗုဒ္ဓရှင်တော်ဘုရားအကြောင်း သိသင့်သိထိုက်တာများပြောပြနေတာ တော်တော်ကြာခဲ့ပြီနော်၊ ရှင်တော်ဘုရားရဲ့ ခမည်းတော် မယ်တော်တို့အကြောင်း၊ ကြင်ယာတော် ယသော်ဓရာအကြောင်း၊ သားတော်ကလေးရာဟုလာအကြောင်း စသည်တို့ပေါ့ကွယ်။ ရှင်တော်ဘုရားဖြစ်စဉ်တော်အကြောင်းပြောပြရင် လှူဝတ်ကြောင်တပည့်သာဝကတွေထဲက အနာထပိဏ်သူဌေးကြီးအကြောင်း၊ ဝိသာခါကျောင်းအမကြီးအကြောင်း၊ နကုလပိတုနဲ့နကုလမာတုတို့အကြောင်း၊ နောက်ဆုံး ပဋာစာရီအမျိုးသမီးရဲ့ ကြေကွဲဖွယ်ဖြစ်စဉ်တွေကိုလည်း ပြောပြပြီးပြီနော်။

'အဲဒီပဋာစာရီသူဌေးသမီးဟာ မိဘစကားကိုနားမထောင်ဘဲ မိဘကိုတော်လှန်ပြီး မိမိနှင့်အဆင့်အတန်းပညာဂုဏ်မညီ အမျိုးဇာတိကွဲပြားတဲ့သူနှင့်ရည်ငံကြပြီး မိဘအိမ်ကိုစွန့်ပစ်ထွက်ပြေးကြလို့ အလွန်ဒုက္ခဆင်းရဲတွေ့ကြရတဲ့အကြောင်းလဲပဲ ပြောပြပြီးပြီနော်။ မောင်ဝဏ္ဏတို့လို လူငယ်တွေနဲ့အထူးသဖြင့် သမီးငယ်များ သင်ခန်းစာယူနိုင်ကြဖို့ရည်ရွယ်ပြီး ဘိုးဘိုးကပြောပြခဲ့တာ။ မောင်ဝဏ္ဏတို့ စိတ်ဝင်စားတယ်မဟုတ်လား။ ဒီနေ့တော့ရှင်တော်ဘုရားရဲ့ နောက်ပိုင်းအကြောင်းအရာများရောက်လာပြီ ဆိုကြပါစို့၊ အဲဒါဆက်ပြောကြဦးစို့ကွယ့်။

'ရှင်တော်ဘုရားဟာ သက်တော်သုံးဆယ့်ငါးနှစ်မှာ လူနတ်တို့၏ ကိုးကွယ်အားထားရာ ဆရာမြတ်ကြီးတစ်ဆူအဖြစ် ပွင့်တော်မူလာပြီး လေးဆယ့်ငါးဝါလုံးလုံး နတ်လူဗြဟ္မာတို့၏ကောင်းကျိုးချမ်းသာအတွက် သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ရန်ရည်ရွယ်ခါ နေ့ညမအား တရားတော်များဟောကြားဆုံးမ သွန်သင်ပြသပေးပြီးတော့ ပရိနိဗ္ဗာန်စံလွန်တော်မူသွားသကွယ့်၊ အေး ပရိနိဗ္ဗာန်စံလွန်တော်မူတယ်ဆိုတာဟာ ရှင်တော်ဘုရားနှင့်အရိယာသာဝကသံဃာတော်များနှင့်စပ်လျဉ်းပြီး သုံးစွဲပြောဆိုရတဲ့ ဝေါဟာရစကားလုံးကွယ့်၊ သာမန်လူတွေအဖို့တော့ 'ကွယ်လွန်သွားတယ်၊ သေကြေပျက်စီးတယ်' ပေါ့။ ထီးနန်းပြည့်ရှင်ဘုရင်မင်းမြတ်များကိုတော့ 'နတ်ရွာစံ

ကံတော်ကုန်တယ်'လို့ ပြောကြသကွယ့်။ မျက်မှောက်ခေတ် ရဟန်းသံဃာတော်များကိုတော့ 'ပျံလွန်တော်မူသွားတယ်'လို့ ပြောကြတယ်။ အဲဒီလို သာမန်လူများကျတော့ 'ထမင်းစားတယ်၊ ဖျော်ရည်သောက်တယ်' စသည်ဖြင့် ပြောဆိုကြပြီး ဘုန်းကြီးများအတွက်တော့ 'ဆွမ်းဘုဉ်းပေးတယ်၊ ဖျော်ရည် သုံးဆောင်တယ်'လို့ ပြောကြရသတဲ့။မောင်ဝဏ္ဏတို့အရွယ်ကစပြီး ဆရာတော် သံဃာတော်များနှင့် ဆက်ဆံဖူးမျှော်ရာမှာ ပြောဆိုလျှောက်ထားရတဲ့ စကား အသုံးအနှုန်းများကို ယခုကတည်းကနားယဉ်နေအောင် ဘိုးဘိုးက ပြောပြ ပေးနေတာပဲဖြစ်တယ်ကွယ့်။

'ယခုဆက်ပြီးပြောမယ့်အကြောင်းအရာကတော့ လောကမှာ လူရယ်လို့ ဖြစ်လာရင် မောင်ဝဏ္ဏတို့လဲ ဘဝတစ်လျှောက်လုံးမှာတွေ့ကြုံရမယ့်ကိစ္စ အကြောင်းအရာတစ်ခုပဲဖြစ်တယ်ကွယ့်။ ဘုရားရဟန္တာမဟုတ်တဲ့ ရိုးရိုး ပုထုဇဉ်ပုဂ္ဂိုလ်များ ကိုယ်ထက်သာလျှင် မနာလိုဝန်တိုတတ်ကြတဲ့ သဘာဝ အကြောင်းနှင့်စပ်ပြီး ပြောပြမယ်ကွယ့်။ မောင်ဝဏ္ဏတို့ ကောင်းကောင်း နားထောင်မှတ်သားထားကြ။ အဲဒီလို မနာလိုတဲ့စိတ်သဘောထားတာကြောင့် မိမိထက်သာလွန်သူတို့ကို ပျက်စီးရာပျက်စီးကြောင်း မသမာစိတ်ထားနှင့် ပြုမူဆောင်ရွက်တာလည်း လောကကြီးမှာ အစဉ်တွေ့နေကြရသကွယ့်။ အဲဒီ မနာလိုဝန်တိုတဲ့သဘောတရား၊ အဲဒီသဘောတရားလှုံ့ဆော်မှုကြောင့် ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်မှုများကြောင့် လူအပေါင်းတို့၏ ကောင်းကျိုးချမ်းသာအတွက် အစဉ်ဆောင်ရွက်နေရှာတဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ပင် ဒဏ်ခံခဲ့ရဘူးတယ်ကွယ့်။

## ရှင်တော်ဘုရား၏ဂုဏ်သိက္ခာမေးမှိန်အောင်လုပ်ကြံကြခြင်း

'အေး ဘိုးဘိုးပြောပြခဲ့ပြီးတဲ့အတိုင်း ရှင်တော်ဘုရားပွင့်တော်မမူမီက အိန္ဒိယပြည်ကြီးတစ်ပြည်လုံးမှာ ယခုခေတ် ဟိန္ဒူဝါဒဆိုတဲ့အယူအဆမျိုးကို တိုင်းကြီးပြည်ကြီးအရှင် ဘုရင်မင်းမြတ်တို့မှစ၍ အားလုံးယုံကြည်လိုက်နာကြ သကွယ့်။ ဘုရားအမှတ်နှင့် မှားယွင်းကိုးကွယ်ပူဇော်ကြသကွယ့်။ ရှင်တော်

ဘုရားပွင့်တော်မူလာတော့လည်း ခမည်းတော်မယ်တော်တို့နှင့် ဆွေတော်မျိုးတော်အပေါင်းလည်း အဲဒီဆရာကြီးတွေကိုပဲ ကိုးကွယ်ကြတယ်။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရနှင့် သာဝတ္ထိပြည့်ရှင် ကောသလဘုရင်မင်းမြတ်ကြီးလည်း အဲဒီဆရာကြီးတွေကိုပဲ ကိုးကွယ်ဆည်းကပ်ခဲ့ကြတာပဲ။ ဒီဆရာကြီးတွေကို တိတ္ထိတက္ကတွန်းများလို့ ခေါ်ကြသကွယ့်။ ဘုရားပွင့်တော်မူလာတဲ့အချိန်မှာ ဒီပုဂ္ဂိုလ်ကြီးများဟာ ဂိုဏ်းခြောက်ဂိုဏ်းကို ဦးစီးပြီး သူတို့ကိုယ်သူတို့ ဘုရားသဖွယ် ထင်မြင်ယူဆကြပြီး လူအပေါင်း၏ဆရာကြီးများဖြစ်နေကြတယ်။ အပူဇော်ခံယူနေကြသကွယ့်။

'လောကတစ်ခွင်မှာ အတုမဲ့ဂုဏ်တော်များနှင့် ပြည့်စုံတော်မူပြီး ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပွင့်လာပြီးနောက် ဘိုးဘိုးပြောခဲ့ပြီးအတိုင်း သံသရာဝဋ်ဒုက္ခမှကင်းလွတ်ရာ တရားအစစ်တရားအမှန်များကို နေ့မအားညမအား ဟောကြားပြသဆုံးမတော်မူတဲ့အတွက် တိုင်းကြီးပြည့်ရှင် ဘုရင်မင်းမြတ်များနှင့်တကွ တိုင်းသူပြည်သားအပေါင်းဟာ ရှင်တော်ဘုရားနှင့်တွေ့ကြုံရလို့ တရားနာကြရတဲ့အခါ တရားတော်၏အေးမြကြည်လင်သော ချမ်းသာသုခများရကြလို့ 'တပည့်တော် တပည့်တော်မတို့အား ဒီယနေ့မှစ၍ ရှင်တော်ဘုရား၏တပည့်ဒါယကာ ဒါယိကာများဟု မှတ်ယူတော်မူပါ။ ရှင်တော်ဘုရားအား မှီခိုအားထားရာအဖြစ် ဆည်းကပ်ကိုးကွယ်ပါ၏။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ။ ဟောကြားတော်မူသော တရားတော်မြတ်များကိုလည်း မှီခိုအားထားရာအဖြစ် ဆည်းကပ်ကိုးကွယ်ပါ၏။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ။ ဘုရားရှင်၏ တပည့်သားသံဃာတော်အရှင်မြတ်များကိုလည်း ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃံ သရဏံ ဂစ္ဆာမိ။ ။ လှိုက်လှိုက်လှဲလှဲ ကြည်ညိုသဒ္ဓါများ ပွားများစွာနှင့် ရှိခိုးလျှောက်ထားကြသကွယ့်။

'အေး မောင်ဝဏ္ဏတို့ကြားဖူးကြ ရွတ်ဆိုကြတဲ့ သရဏဂုဏ်သုံးပါးရဲ့ အနက်အဓိပ္ပာယ်ကို သေသေချာချာသိကြရအောင် ဘိုးဘိုးကရှင်းပြနေတာ။ ဒီလို အခြားသိသင့်တဲ့ ရွတ်ဖတ်သင့်ကြတဲ့ ဘုရားရှိခိုး ဆွမ်းတော်ကပ်

စတဲ့ ကိစ္စရပ်များအတွက်လည်း ဖြည်းဖြည်းချင်း ညှပ်ညှပ်ပြောသွားမယ်။ မောင်ဝဏ္ဏတို့ အလွယ်တကူသိမှတ်ကြရအောင်ပေါ့။

'အေး ပြောလက်စအကြောင်း ပြန်ဆက်ရအောင်။ အဲဒီလို မင်းနှင့်ပြည်သူအပေါင်းဟာ တိတ္ထိတွေကိုပစ်ပယ်ပြီး မကိုးကွယ်ကြတော့ သူတို့မှာ တပည့်နောက်လိုက် နည်းပါးကုန်တယ်။ ပူဇော်ပသကြတဲ့ လာဘ်သပ်ပကာများလည်း ခေါင်းပါးသွားတယ်။ အဲဒီတော့ သူတို့နှင့်နှိုင်းယှဉ်ရအောင် မြင့်မြတ်တဲ့ရှင်တော်ဘုရားကို မနာလိုစိတ်များပြင်းထန်စွာဖြစ်ပြီး ရှင်တော်ဘုရား၏ဂုဏ်သိက္ခာညှိုးနွမ်းရန် ကျေးဇူးမဲ့မကောင်းသတင်းဖြစ်ပေါ်စေရန် မကောင်းတဲ့အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ကြတော့တာပဲ။

## စိဉ္စမာဏာမိန်းမယုတ်ကိုအသုံးပြု၍လုပ်ကြံကြခြင်း

'ပထမအစီအစဉ်က တိတ္ထိတွေဟာ သူတို့ရဲ့လက်ကျန် နောက်လိုက်တပည့်တွေထဲက ရုပ်ဆင်းလှပတဲ့ ပရိဗိုဇ်မတစ်ဦးကိုရွေးချယ်လိုက်တယ်။ ပရိဗိုဇ်ဆိုတာ 'အရပ်တကာ လှည့်လှည်တရားရှာနေတဲ့ သူတော်စင်'လို့ အဓိပ္ပာယ်ရှိတယ်။ တိတ္ထိတွေက သူတို့ကိုယ်ကို တောတောင်မြို့ရွာ လှည့်လည်သွားနေကြတဲ့ တရားရှာသူများလို့ ယူဆပြောဟောနေကြတယ်ကွယ့်။ အဲဒီ စိဉ္စမာဏာလို့ခေါ်တဲ့ ပရိဗိုဇ်မကို မြတ်စွာဘုရား၏ဂုဏ်သတင်းညှိုးမှိန်ရန် သူ၏ရုပ်ရည်အဆင်းကို ကောင်းစွာအသုံးချပေတော့လို့ အမိန့်နှင့်စေခိုင်းလိုက်တယ်ကွယ့်။

'အဲဒီနောက် မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းတော်၌ ညချမ်းအခါ တရားဟောကြားပြီးအချိန် ပရိသတ်အပေါင်း ကျောင်းတော်မှထွက်ခွာလာချိန်တွင် စိဉ္စမာဏာဟာ ဇေတဝန်ကျောင်းတော်ဆီသို့ဦးတည်၍ ပရိသတ်များ ရှုကြည့်နေစဉ် သွားရောက်လေ့ရှိတယ်ကွယ့်။ တစ်ဖန် နံနက်အချိန်မှာလည်း ပရိသတ်အပေါင်း ဇေတဝန်ကျောင်းတော်သို့ပန်းဆီမီးဆက်ကပ်ရန် တရားနာယူရန်လာကြပြန်တော့လည်း စိဉ္စမာဏာဟာ ဇေတဝန်ကျောင်းတော်မှထွက်လာပြီး လူပရိသတ်များကြားမှ ဖြတ်သွားပြန်တယ်။ အဲဒီလို နေ့စဉ်ရက်ဆက်

မြင်နေရသော စိဥ္စမာဏအား လူအပေါင်းတို့က 'ညဘယ်မှာသွားအိပ်ပြီး နံနက် ဘယ်ကထလာပါသလဲ'လို့ မေးမြန်းကြသောအခါ 'အို အရှင်တို့၊ ကျွန်ုပ် ဘယ်မှာအိပ်သည်၊ ဘယ်ကထ၍လာသည်ကို သင်တို့သိလို့ အဘယ် အကျိုးရှိမည်နည်း။ အမှန်အကြောင်းကတော့ ကျွန်ုပ်သည် ညအချိန်များတွင် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်ခန်း၌ ရဟန်းကြီးဂေါတမနှင့် နှစ်ဦးတည်း အတူတကွအိပ်စက်ခဲ့၍ နံနက်၌ပြန်ထွက်ခွာလာခြင်းဖြစ်ပါသည်' ဟု ပြန်ကြား ဖြေဆိုလေ့ရှိခဲ့သကွယ့်။ သာဝတ္ထိပြည်သူပြည်သားများလည်း စိဥ္စမာဏ၏ ပြောကြားချက်ကြောင့် သို့လောသို့လောတွေဝေကြကာ စဉ်းစားရကြပ်နေ ခဲ့ကြသကွယ့်။ ယုံရအခက် မယုံရအခက် ဖြစ်နေကြတာပေါ့။

'နောက် ရှစ်လ ကိုးလခန့်ကြာတော့ တစ်နေ့ညနေချမ်းတွင် မြတ်စွာ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ပရိသတ်များအားတရားဟောကြား နေစဉ် စိဥ္စမာဏဟာ ကိုယ်ဝန်အရင့်အမာရှိတဲ့ဟန်ဖြင့် ပရိသတ်အလည်သို့ ရုတ်တရက်ဝင်ရောက်လာသကွယ့်။ ဘဲဥထက်ခြမ်းပုံ သစ်သားချပ်ကြီးကို ရင်ခွင်မှာ ဗိုက်မှာကပ်ပြီး ကြိုးများနှင့်ခိုင်ခိုင်ချည်နှောင်ထားသကွယ့်။ အဲဒီ အပေါ်ကမှ အဝတ်နီတစ်ထည်ကိုပတ်ချည်လိုက်တော့ ကိုယ်ဝန်အရင့်အမာ ပုံသဏ္ဍာန်ဖြစ်သွားတော့တာပေါ့။ ပြီးတော့ သူ့ရဲ့ခြေနှင့်လက်တို့ကိုလည်း အရိုးတစ်ခုနှင့်ထုရိုက်ထားတော့ တကယ့်မီးနေသည်တစ်ယောက်လို နွမ်းနယ် ပင်ပန်းနေဟန် ပုံဖမ်းသွားတာပေါ့ကွယ်၊ ဘယ်လောက်များ အကြံပက်စက် လိုက်သလဲလို့။

'ပရိသတ်ထဲဝင်လာပြီး ရှင်တော်ဘုရား၏တရားပလ္လင်တည့်တည့်မှာ မတ်တပ်ရပ်ပြီး ရှင်တော်ဘုရားကိုလက်ညှိုးတငေါက်ငေါက်ထိုးကာ အားရပါးရ စွပ်စွဲပုတ်ခတ်ပြောဆိုတော့တာပဲကွယ်။ 'အိုရဟန်းကြီး၊ သင်ကတော့ ပရိသတ်အလည်မှာ အေးအေးဆေးဆေး တရားဟောနေနိုင်လိုက်တာ။ ကျွန်တော်မမှာတော့ သင်ရဟန်းကြီးနှင့်စွဲပြီး ကိုယ်ဝန်ရရှိခဲ့ရတယ်။ ယခု အဲဒီကိုယ်ဝန်ဟာ ရင့်ကျက်လာပြီမို့ ကျွန်တော်မမှာတော့ မီးဖွားဖို့ကိစ္စ ပူပင်နေလိုက်ရတာ။ သင်ရဟန်းကြီးကတော့ မီးဖွားသန့်စင်ဖို့ နေအိမ်လည်း

မစဉ်းစား၊ မစီစဉ်နေရက်ပါလေတယ်။ မီးဖွားဖို့အတွက် ဆီ ထောပတ် ဆေးဝါး စသည်အတွက်လည်း ဘာမျှမပြုလုပ်ပေး။ သင်ရဟန်းကြီးကိုယ်တိုင် ကျွန်တော်မ၏မီးနေကိစ္စကို မစီမံနိုင်တောင် တပည့်ဒါယကာများဖြစ်တဲ့ ကောသလဘုရင်မင်းကြီး၊ အနာထပိဏ်သူဌေးကြီး၊ ဒါမှမဟုတ် ဝိသာခါ သူဌေးမကြီး တစ်ယောက်ယောက်အား ကျွန်တော်မ မီးနေဝင်ဖို့အတွက် သင့်လျော်မယ့်အစီအစဉ်များ ပြုလုပ်ပေးလိုက်ဖို့ မိန့်ကြားတော်မူသင့်ပါတယ်။ ရှင်ရဟန်းကြီးက မွေ့လျော်ပျော်ပိုက်ဖို့သာစဉ်းစားပြီး ကိုယ်ဝန်သားကိုစောင့် ရှောက်ရန်အတွက်တော့ တာဝန်ယူမစဉ်းစားတော့ဘဲနေရက်ပါပေတယ်'ဟု ရန်စွယ်တငေါ်တငေါ်နှင့် အသားလွတ်စွပ်စွဲပြောဆိုတယ်ကွယ့်။

'ရှင်တော်ဘုရားကတော့ အေးအေးဆေးဆေးနှင့်ပဲ 'စိဉ္စမာဏ သင်ယခု ပြောတဲ့ စကားများဟာ မမှန်ဘူး,မှန်တယ်ဆိုတာ သင်နှင့်ငါသာသိကြ၏'လို့ မိန့်မြွက်လာတော့ စိဉ္စမာဏအတွက် အကွက်ကောင်းရသွားပြီး 'ဟုတ်တယ် ရှင်ရဟန်းကြီး၊ ဒီကိစ္စဟာ သင်ရဟန်းကြီးနှင့် ကျွန်တော်မတို့သာ သိကြတဲ့ ကိစ္စလို့ပြောပြီးပြီပဲ'ဟု တဆင့်ကွန့်ပြီး သူ၏စွပ်စွဲမှုကိုပေါ်လွင်သွားစေသကဲ့သို့ ဖြစ်သွားတယ်။ အဲဒီလို လိပ်ခဲတည်းတည်းဖြစ်နေချိန် ရှင်တော်ဘုရားအား စောင့်ရှောက်ကာကွယ်နေတဲ့ သိကြားမင်းကြီးရဲ့ အရေးပေါ်အချက်ပေး ကိရိယာကြီးက သတင်းပို့သကွယ့်။

'အဲဒီအချက်ပေးကိရိယာကြီးက ဘာလဲဆိုတော့ သိကြားမင်းထိုင်လေ့ ရှိတဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာကြီးက ပူနွေးပြီးလာသကွယ့်။ အဲဒီအခါမှာ သိကြားမင်းက ဘာအကြောင်းအရာလဲလို့ ဆင်ခြင်လိုက်တော့ လူ့ပြည်မှာ ရှင်တော်ဘုရားကို စိဉ္စမာဏ စိတ်ယုတ်ဆိုးက ရန်ငြိုးကြီးစွာနှင့် ပြဿနာ ရှာနေတာကို နတ်မျက်စိနှင့်ကြည့်လို့မြင်သကွယ့်။ သိကြားမင်းလည်း ချက်ချင်းပဲ နတ်သားလေးယောက်ခေါ်ပြီး လူ့ပြည်ကိုဆင်းလာကြသကွယ့်။ အခြားပရိသတ်တွေကတော့ သိကြားမင်းနှင့်နတ်သားတွေကိုမမြင်နိုင်ကြ ဘူးပေါ့။ မြတ်စွာဘုရားကတော့ သူတို့ရောက်လာတာကို သိတော်မူတယ်။ တရားဟောမဏ္ဍပ်ထဲရောက်လျှင်ရောက်ချင်း နတ်သားလေးယောက်က

ကြွက်လေးကောင်အဖြစ်ဖန်ဆင်းပြီး စိဉ္စမာဏအဝတ်ခြုံလွှာထဲဝင်ကြပြီး ကိုယ်ဝန်သဏ္ဌာန်ဆောင်နေတဲ့ သစ်သားချပ်ကိုယ်ဝန်တုကြီး ချည်နှောင်ထားတဲ့ကြိုးတွေကို ကိုက်ဖြတ်ပစ်လိုက်ကြတယ်ကွယ့်။

'အဲဒီတော့ လေးလံလှတဲ့သစ်သားတုံးကိုယ်ဝန်တုကြီးဟာ နှောင်ကြိုးမဲ့ဖြစ်ပြီး ကိုယ်မှပြုတ်ကျသွားတယ်ကွယ့်၊ ဒီသစ်သားချပ်သစ်သားတုံး ကိုယ်ဝန်အတုကြီးဟာ စိဉ္စမာဏခြေဖျားပေါ် ကျရောက်လို့ ခြေဖျားကလေးတွေသွင်သွင်ကျိုးသွားကြသတဲ့ကွယ်။ တစ်ကြိမ်တည်းမှာပဲ လေကပင့်လိုက်လို့ အပေါ်ရုံခြုံလွှာကြီးကလဲ လွင့်ကာကျသွားတော့စိဉ္စမာဏရဲ့ ပကတိသဏ္ဌာန်ဟာထင်ထင်ရှားရှားကြီးပေါ်လာကြတော့ ပရိသတ်ကြီးက စိဉ္စမာဏ၏လည်ဆည်မှုကြီးကို ကောင်းကောင်းနားလည်သဘောပေါက်သွားကြတယ်ကွယ့်။

'အဲဒီမှာပဲ တရားနာနေကြတဲ့လူထုပရိသတ်ကြီးက မခံမရပ်နိုင် အုံကြွလာပြီး စိဉ္စမာဏကို ယုတ်မာလွန်းလို့ ရွံရှာစရာကောင်းလို့ ဝိုင်းပြီးတံတွေးနှင့်ထွေးကြတယ်ကွယ့်။ ပြီးတော့ ဇေတဝန်ကျောင်းတော်ထဲမှ ဆွဲထုတ်ခေါ်သွားကြတယ်။ ဇေတဝန်ကျောင်းပြင်ဘက် ရှင်တော်ဘုရားမမြင်ကွယ်ရာနေရာတစ်ခုကို ရောက်တာနှင့်တစ်ပြိုင်နက် မဟာပထဝီမြေကြီးဟာရုတ်တရက်ကွဲအက်ပြီး စိဉ္စမာဏ စုံးစုံးမြုပ်သွားသတဲ့ကွယ်။ အဲဒီအခြင်းအရာကို မြေမြိုတယ်လို့ခေါ်တယ်။ သာမန်အားဖြင့်တော့ အကုသိုလ်မကောင်းမှုပြုကြသူတွေ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်,အပါယ်ဘဝများကို ယခုဘဝက ကွယ်လွန်ပြီးမှသာ အကုသိုလ်ဆိုးကျိုးကိုခံစားကြရတာဖြစ်သော်လည်း စိဉ္စမာဏ၏မကောင်းမှုကတော့ ရှင်တော်ဘုရားကိုပင်ပြစ်မှားတဲ့ပြစ်မှုကြီးဖြစ်လေတော့ ဒိဋ္ဌဓမ္မချက်ခြင်းလက်ငင်း ဘေးဒဏ်ကိုခံစားသွားရတာဖြစ်တယ်ကွယ့်။

## သုန္ဒရီပရိဗိုဇ်မကိုအသုံးပြု၍လုပ်ကြံကြပြန်ခြင်း

'အဲဒီလိုအခြေအနေမှာ တိတ္ထိတို့မှာ ကိုးကွယ်ဆည်းကပ်မည့်သူများလည်း ရှားပါးသထက်ရှားပါး၊ လာဘ်ပူဇော်မှုတွေလည်း နည်းသထက်နည်း

လာတော့ အကြံယုတ်တစ်မျိုး ထပ်ထွင်ကြပြန်သကွယ့်။ စိဉ္စမာဏာလို ရုပ်ရည်ချောမောလှတဲ့ ပရိဗိုဇ်မတစ်ယောက်ကိုရှာထုတ်ပြီး အကြံယုတ်ကို တဖန်လုပ်နိုင်းပြန်သကွယ့်။ ဒီပရိဗိုဇ်မအမည်ကတော့ သုန္ဒရီတဲ့ကွယ့်။ သူ့ရဲ့ အကြံယုတ်လုပ်ငန်းစဉ်ကလည်း စိဉ္စမာဏာလို ရှေ့ပိုင်းဆောင်ရွက်မှုအတူတူပဲ ကွယ့်။ စိဉ္စမာဏာလိုပဲ ဇေတဝန်ကျောင်းတော်ကို ညနေသွား မနက်မှ ပြန်ထွက်လာဟန် သာဝတ္ထိပြည်သူတွေရဲ့မြင်ကွင်းမှာ လှုပ်ရှားပြသပြန် သကွယ့်။ သူကတော့ စိဉ္စမာဏာလို ရှစ်လကိုးလလောက် အပင်ပန်းမခံဘူး။ သုံးလေးလလောက်နှင့် လုပ်ငန်းရဲ့ပထမပိုင်းပြီးဆုံးသွားတယ်။

'အဲဒီနောက် သုန္ဒရီပရိဗိုဇ်မ သာဝတ္ထိပြည်မှ လုံးဝပျောက်ကွယ်သွား သကွယ့်။ ပျောက်ကွယ်သွားမှာပေါ့။ တိတ္ထိတွေက သူသတ်သမားများငှားပြီး သုန္ဒရီကိုသတ်သင်ခိုင်းလိုက်တာကိုး။ ပြီးတော့မှ သုန္ဒရီရဲ့အလောင်းကို ဇေတဝန်ကျောင်းတော်အနီးမှ မြောင်းတစ်ခုထဲမှာ စွန့်ပစ်ပြီး သစ်ရွက်ခြောက် တွေနှင့် ဖုံးအုပ်ဖျောက်ဖျက်ဖို့ ညွှန်ကြားထားလိုက်ကြတယ်။ သုန္ဒရီပရိဗိုဇ်မ ပျောက်ဆုံးပြီး ခုနစ်ရက်ကြာလောက်မှာ တိတ္ထိတွေဟာ ကောသလ ဘုရင်မင်းမြတ်ထံသွားရောက်တိုင်ကြားတယ်၊ သူတို့က 'ရဟန်းကြီးဂေါတမနဲ့ တပည့်ရဟန်းတို့ကို မယုံသင်္ကာရှိကြောင်း၊ သူတို့ဆရာ ရဟန်းဂေါတမကို ကာကွယ်ရန် သုန္ဒရီကိုဖျောက်ဖျက်ပစ်ကြောင်း' ပြောပြီး ဖော်ထုတ်ပေးရန် တောင်းခံကြသကွယ့်။ ဘယ်လောက်ယုတ်မာပက်စက်ကြသလဲလို့။

'ဘုရင်မင်းမြတ်လည်း အမှုမှန်ဖော်ထုတ်ပေးရန် သူ့ရဲ့မှူးမတ်များကို မိန့်ကြားသကွယ့်။ အဲဒီတော့ မှူးမတ်များကွပ်ကဲပြီး သုန္ဒရီရှာဖွေရေးလုပ်ငန်း များ လုပ်ကြရတာပေါ့။ တိတ္ထိတို့ဟာ သူတို့အစီအစဉ်အတိုင်း ရှာဖွေသူတို့ကို ကူညီဝိုင်းဝန်းသလိုနှင့် ဇေတဝန်ကျောင်းဘေးရှိ မြောင်းထဲမှ အလောင်းကို တွေ့ရှိသွားရအောင် လမ်းညွှန်ပြလိုက်တော့ တွေ့သွားကြတာပေါ့။ အဲဒီတော့ ဘုရင်မင်းမြတ်ကြီးက သူသတ်သမားလက်သည်တရားခံကို ဖော်ထုတ်ရှာဖွေ ရန် အမိန့်ပေးရပြန်သကွယ့်။

'အဲဒီလိုအခြေအနေမှာ တိတ္ထိတို့က ရှင်တော်ဘုရားနှင့်တကွ သားတော်ရဟန်းများအပေါ် အကြည်ညိုပျက်ရန် သာဝတ္ထိမြို့တွင်း လှည့်လည်ကာ ရဟန်းသံဃာတော်များကို ကဲ့ရဲ့သင်္ဂြိုဟ်စကားပြောကြားခါ ရှုတ်ချကြအောင် နှိုးဆွတိုက်တွန်းကြတော့တာပဲ။ သာဝတ္ထိပြည်သူပြည်သားအပေါင်းလည်း တိတ္ထိတို့၏လှည့်စားဖျားယောင်းမှုများကို နားယောင်ခါ ရဟန်းတော်များအပေါ် အထင်အမြင်လွဲမှားကြပြီး ရှုတ်ချပြစ်တင် ကဲ့ရဲ့ခဲ့ကြတယ်ကွယ့်။ ရဟန်းတော်များလည်း အခြေအနေအရပ်ရပ်ကို ရှင်တော်ဘုရားအားပြန်ကြားလျှောက်ထားရာ ရှင်တော်ဘုရားက 'သားတော်များ၊ သည်းခံတော်မူကြရန်' မိန့်ကြားပြီး 'သည်အရေးအခင်းဟာ ခုနစ်ရက်မျှသာကြာမြင့်မှာပါ၊ ခုနစ်ရက်လွန်မြောက်ပြီးနောက် အဖြစ်မှန်များပေါ်ပေါက်လာပြီး အားလုံးပြေငြိမ်းသွားမှာဖြစ်ကြောင်း၊ သာဝတ္ထိပြည်သူများလည်း ရှင်တော်ဘုရားနှင့် သံဃာတော်များအပေါ် ယခင်ကထက် ဆထက်တိုးပြီး ကြည်ညိုသဒ္ဓါပွားများလာမည့်အကြောင်း' မိန့်မြွက်တော်မူသကွယ့်။

'ရှင်တော်ဘုရားမိန့်မြွက်တော်မူသည့်အတိုင်း ခုနစ်ရက်မြောက်တဲ့နေ့မှာ သူသတ်သမားခြောက်ယောက်ဟာ သေရည်ဆိုင်မှာ သေရည်သောက်ရင်း ရငွေများဝေစုခွဲရာမှ မကျေမနပ်ဖြစ်ပြီး အချင်းဖြစ်ပွားကြရာမှ အမှုမှန်အကြောင်းအရာများအားလုံးကို ဖော်ထုတ်ပြောဆိုကြတော့တယ်။ ကောသလမင်းကြီးလဲ အမှုမှန်ပေါ်သည်နှင့်တစ်ပြိုင်နက် တိတ္ထိဆရာကြီးတို့အား 'သုန္ဒရီပရိဗိုဇ်မအား မိမိတို့ပင်သတ်ဖြတ်ရန်ခိုင်းစေခဲ့ကြောင်း၊ ဘုရားရှင်နှင့်တကွ သားတော်ရဟန်းသံဃာများ၌ လုံးဝအပြစ်မရှိကြောင်း၊ မိမိတို့မှာသာလျှင် အပြစ်ရှိကြောင်းနှင့် ဝန်ခံကြောင်း စသည်တို့ကို သာဝတ္ထိမြို့တော်တစ်ဝန်းတစ်လမ်းဝင်တစ်လမ်းထွက် လှည့်လည်၍ မိမိတို့၏အပြစ်များကို ဝန်ခံကြရမည်'ဟု အမိန့်ချမှတ်လိုက်တယ်ကွယ့်။

'တိတ္ထိတို့လည်း ဘုရင်အမိန့်ကိုနာခံပြီး သာဝတ္ထိပြည်တစ်ပြည်လုံးလှည့်လည်ကာ ဝန်ခံစကားပြောကြားကြရသကွယ့်၊ အဲဒီကစပြီး တိတ္ထိတို့ရဲ့ အခြေအနေဟာ ပိုမိုဆိုးရွားသွားတယ်။ ကိုးကွယ်တဲ့ ပရိသတ်လည်း



အလောင်းတော်ကိုမီးပူဇော်ရန် ပြင်ဆင်နေပုံ

ပါကစ္စတန်နိုင်ငံ၊ ဂန္ဓာရလက်ရာ အေဒီ ၂/၄-ရာစု။

မရှိသလောက်ဖြစ်သွားတယ်။ လာဘ်ပူဇော်မှုလည်း မရကြတော့ဘူးပေါ့ ကွယ့်။ ရှင်တော်ဘုရားနှင့်တကွ သားတော်ရဟန်းသံဃာများကို အရင် ကထက် ဆထက်ထမ်းပိုးတိုးတက်၍ ကြည်ညိုသဒ္ဓါပွားများကြပြီး ပူဇော် အထူးကိုခံယူတော်မူကြရတယ်။ လာဘ်ပူဇော်မှုများလည်း အံ့မခန်းတိုးတက် များပြားလာတယ်ကွယ့်။

## ဗုဒ္ဓဘုရားရှင်မဟာပရိနိဗ္ဗာန်စံယူတော်မူခြင်း

'အေး တို့ကိုးကွယ်အားထားရာ ဗုဒ္ဓဘုရားရှင်သည် အဲဒီလိုအတိုက်အခံ အဖျက်သမားတွေ ထိုးနှက်ကြတဲ့ဒဏ်တွေကို တွန်းလှန်အောင်နိုင်ပြီး လေးဆယ့်ငါးဝါကာလပတ်လုံး ဝေနေယျသတ္တဝါများကိုဆင်းရဲမှလွတ်မြောက် အောင်ကယ်တင်ခဲ့ပြီး သက်တော်ရှစ်ဆယ်ပြည့်ချိန်မှာ ပရိနိဗ္ဗာန်ပြုသွားတော် မူတယ်ကွယ့်။

'အေး တိတ္ထိတွေလဲ ရှင်တော်ဘုရားနှင့်သံဃာတော်များကို အသရေ ပျက်ပြားအောင်စွပ်စွဲကြတဲ့ မကောင်းမှုကြောင့် မကောင်းဒဏ်ကို ခံသွားရပုံ များမှ သံဝေဂယူသင့်ကြတာတွေ ဒီနေရာမှာ နည်းနည်းဖြည့်စွက်ပြောရဦး မယ်။ တိတ္ထိတွေဟာ ရှင်တော်ဘုရားပွင့်တော်မမူခင်ကဘဲ မင်းနှင့်တကွ လူအပေါင်းတို့၏ ဆရာကြီးများလုပ်ခဲ့ကြတယ်ကွယ့်။ မဟုတ်မမှန်တဲ့တရား တွေ ဟောကြားပြသပြီး လာဘ်လာဘနှင့်အပူဇော်ခံခဲ့ကြသူတွေဖြစ်သကွယ့်။ ရှင်တော်ဘုရားပွင့်တော်မူလာပြီး သံသရာဝဋ်ဆင်းရဲမှလွတ်ကင်းရာ တရား ကောင်း တရားမှန်တွေ ဟောကြားလို့ အကျိုးထူးများခံစားကြရတော့ လူတွေက တိတ္ထိတွေကိုစွန့်ပစ်ခဲ့ ရှင်တော်ဘုရား၏တပည့်သာဝကများ ဖြစ်ကုန်ကြတာပေါ့။

'အဲဒါကို တိတ္ထိဆရာကြီးများက မနာလိုဝန်တိုဖြစ်ကြပြီး ရှင်တော်ဘုရား နှင့် သံဃာတော်များကိုပျက်စီးရန် လုပ်ကြံကြတော့တာပဲ၊ အဲဒီလိုကြီးမားတဲ့ အကုသိုလ်မကောင်းကြီမှုကြောင့် ပါဝင်လုပ်ဆောင်ခဲ့ကြတဲ့ စိဉ္စမာဏနှင့် သုန္ဒရီပရိဗိုဇ်မတို့ဟာ ချက်ချင်းလက်ငင်း ဒုက္ခဆင်းရဲနှင့်တွေ့ကြုံပြီး အသက် ဆုံးရှုံးကုန်ကြတယ်မဟုတ်လား။ အေး သူတို့ကို မကောင်းမှုပြုရန်စေခိုင်းတဲ့

တိတ္ထိဆရာကြီးများလည်း အဝိစိငရဲမှာ မကျွတ်တမ်းဝင့်ဆင်းရဲခံကြရမှာ မြေကြီးလက်ခတ်မလွဲဘူးဆိုတာ ဘိုးဘိုးပြောရဲတယ်။ အဲဒါကို သင်ခန်းစာယူကြပြီး သူတစ်ပါးအပေါ် မနာလိုဝန်တိုမှုဖြင့် မကောင်းမကြံမိကြဖို့ မောင်ဝဏ္ဏတို့ သတိပြုဆင်ခြင်ကြစေလိုလို့ ဘိုးဘိုးပြောပြတာပဲကွယ့်။

'အေး ရှင်တော်ဘုရားဟာ လေးဆယ့်ငါးဝါကာလပတ်လုံး သတ္တဝါများကို နည်းပေးလမ်းပြဆိုဆုံးမပြီး မလ္လမင်းတို့စိုးစံရာ ကုသိနာရုံကိုကြွတော်မူရာတယ်ကွယ့်။ အနားမှာပြုစုသူဆိုလို့ ရှင်အာနန္ဒာတစ်ပါးတည်းနဲ့ ခြေလျင်ကြွတော်မူရာ လမ်းခရီးမှာ အလွန်ဝေးလံလှလို့ သုံးလတိတိကြွတော်မူရတယ်။ အေး နောက်ဆုံးခရီးဖြစ်တော်မူတဲ့အတွက် သတ္တဝါတို့အကျိုးကိုဆောင်ရွက်ရန် တရားများကိုလည်း တောက်လျှောက်ဟောကြားတော်မူသွားတာပဲကွယ့်။

'အဲဒီနောက်ဆုံးခရီးကို ဝေသာလီပြည်က စတင်ထွက်တော်မူတဲ့အခါ လေးဆယ့်ငါးဝါလုံးလုံး တရားများစုံစုံလင်လင် ဟောကြားဆုံးမပြီးခဲ့သော်လည်း အခုနောက်ဆုံးခရီးကြွလာတော့လည်း လမ်းခရီးမှာ မနားမနေ ဆက်လက် ဟောကြားသွားသေးသကွယ့်။ ဝေသာလီပြည်ကထွက်ပြီး လမ်းခရီးမှာ ရွာတွေရှိသလောက် တစ်ထောက်စီနားပြီး တရားအမျိုးစုံ ဟောကြားတော်မူခဲ့တယ်၊ ကွယ်လွန်ခါနီး ဖခင်ဖြစ်သူတစ်ဦးက သတိကောင်းနေစဉ် မိမိသားသမီးများအား မှာကြားစရာမှာ ဆုံးမစရာရှိတာများ ဆုံးမနေသလိုပဲ ရှင်တော်ဘုရားက ရှင်လူရဟန်းတို့ရဲ့ကြီးပွားချမ်းသာရေး၊ သာသနာတော် ရှည်ကြာစွာတည်တံ့ခိုင်မြဲရေးတို့အတွက် အဆက်မပြတ် ဟောကြားတော်မူခဲ့ရှာသကွယ့်။

'အသက်ရွယ်တော်ကလည်းရှစ်ဆယ်၊ အိုမင်းရင့်ရော်ပြီဖြစ်တဲ့အပြင် ဝေးလံတဲ့သုံးလခရီးကြီးကို ခြေလျင်ကြွချီတော်မူရတာ ဘယ်လောက်ပင်ပန်းနွမ်းနယ်မယ်ဆိုတာ မောင်ဝဏ္ဏတို့ စဉ်းစားကြည့်ကြစမ်း။ သတ္တဝါများအပေါ် မည်မျှမဟာကရုဏာကြီးမားသလဲလို့၊ ဒီအထဲမှာ ပိုမိုပင်ပန်းစရာအကြောင်းတစ်ခုက ဖန်လာပြန်သေးသကွယ့်။ ပါဝါပြည်ရောက်တော့ စုန္ဒဆိုတဲ့ ရွှေပန်းတိမ်သည်တစ်ဦး တည်ဆောက်လှူဒါန်းခဲ့တဲ့ကျောင်းမှာ ခေတ္တဝင်ရောက်

ခရီးနှင်တော်မူတယ်။ စုန္ဒပန်းတိမ်သည်ဟာ ယခင်က ရှင်တော်ဘုရား၏ တရားတော်များနာကြားရ၍ သောတာပန်တည်ခဲ့တယ်ကွယ့်။ သူက သူလှူထားတဲ့ကျောင်းကို အခုလို ရှင်တော်ဘုရားကြွလာပြီး သီတင်းသုံးတော်မူလို့ ဝမ်းပန်းတသာနှင့် ဆွမ်းဆက်ကပ်လှူဒါန်းတာပေါ့။ စုန္ဒ ဆက်ကပ်တဲ့ ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် အလွန်ကြမ်းတမ်းလှတဲ့ သွေးဝမ်းသွန်တဲ့ ရောဂါ ဖြစ်ပေါ်လာပါရောကွယ်။ ရှင်တော်ဘုရား မည်မျှပင်ပန်းဆင်းရဲတော်မူရှာမလဲ။ ဒါပေမယ့် ခေတ္တနားနေတော်မူပြီး ကုသိနာရုံအရောက် ခရီးဆက်တော်မူရှာသကွယ်။

'ကုသိနာရုံပြည်ဟာ မလ္လမင်းတို့အုပ်စိုးရာ တိုင်းပြည်ဖြစ်သကွယ့်။ အဲဒီတိုင်းပြည်ရဲ့ တောင်ဘက်အစွန်အဖျားမှာ အင်ကြင်းတောကြီးရှိသကွယ့်။ အဲဒီအင်ကြင်းတောထဲက ပျိုးပင်နှစ်ပင်ကြားမှာ ရှင်အာနန္ဒာအား သင်္ဃန်းများ ခင်းကာ နေရာပြင်စေပြီး မြောက်ဘက်သို့ဦးခေါင်းပြုကာ ရှင်တော်ဘုရား နားနေလဲလျောင်းတော်မူတယ်ကွယ့်။ ရှင်တော်ဘုရားသည် ကာမဂုဏ်အာရုံ များကင်းရှင်းရာ တောရပ်မြိုင်ကြီးတွေကိုသာ နှစ်သက်မှုပုံကို မောင်ဝဏ္ဏတို့ သတိပြုမိကြရဲ့လား။ ဖွားမြင်တော်မူတုန်းက လုမ္ဗိနီအင်ကြင်းတောမှာ၊ တရားကျင့်တော့ ဥရုဝေလတောအုပ်မှာ၊ ဘုရားဖြစ်တော်မူလာတော့ ဗုဒ္ဓဂယာ ဗောဓိပင်အောက်မှာ၊ တရားဦးဟောကြားတော်မူတာက ဣသိပတန မိဂဒါဝုန်တောမှာ၊ ပရိနိဗ္ဗာန်စံတော့ မလ္လမင်းတို့ရဲ့ အင်ကြင်းတောမှာ။ အဲဒါတွေကိုကြည့်တော့ သူတော်သူမြတ်ပုဂ္ဂိုလ်များဟာ ဆိတ်ငြိမ်ရာ တောအရပ်မှာ ပျော်ပိုက်တော်မူကြပုံကို သိသာနိုင်တယ်ကွယ့်။

'အေး အဲဒီလိုနဲ့ အာယုသင်္ခါရလွှတ်ချိန်မရောက်မီကလေး အချိန်တိုင်အောင် ရှင်တော်ဘုရားဟာ သတ္တဝါများအကျိုးကို ဆောင်ရွက်တုန်းပဲကွယ့်။ အဲဒီမှာ ဘိုးဘိုးက အာယုသင်္ခါရလွှတ်တယ်ဆိုတဲ့ စကားရပ်ကို သုံးစွဲလိုက်တယ်။ မင်းတို့ နားယဉ်ကြရအောင်လို့ လူသာမန်ဝေါဟာရမှာတော့ 'အသက်ထွက်တယ်ပေါ့'။ အဲဒီအချိန်မှာ လူ့ပရိသတ်များကတော့ ရှင်တော်ဘုရားရဲ့ နောက်ဆုံးအချိန်ကို မသိကြသေးပါဘူး။ လူသားတစ်ဦးတစ်ယောက်မှ

မပေါ်လာ မရောက်လာကြသေးဘူး။ နတ်ဗြဟ္မာတွေကတော့ အထက်ကောင်းကင်အနှံ့ ဆိုက်ရောက်လာကြပြီး နတ်ပန်းများသွန်းလောင်းကြကာ ရှင်တော်ဘုရားအား ပူဇော်ကန်တော့ကြသကွယ့်။

## သာသနာတော်၌ ထူးခြားသောရဟန္တာအရှင်မြတ်ကြီးနှစ်ပါး

'အဲဒီနောက်မှ ရှင်တော်ဘုရားပရိနိဗ္ဗာန်စံတော်မူမည့်သတင်းကို လမ်းခရီးပြည်နယ်ကျောင်းများမှ တပည့်သံဃာတော်များ ကြားသိကြတော့ အပြေးလိုက်ကြကာ အချို့အင်ကြင်းတောသို့ ရောက်လာစပြုနေပြီ။ အဲဒီအထဲမှာ သုဘဒ္ဒ ဆိုတဲ့ ပရိဗိုဇ်ကြီးတစ်ပါးရော ပါလာသကွယ့်။ အဲဒီပရိဗိုဇ်ကြီးဟာ သာမန်ပုဂ္ဂိုလ်တော့မဟုတ်ဘူး။ ရှင်တော်ဘုရားပွင့်တော်မူလာပြီး ရှေးဦးသာသနာဘောင်ကိုဝင်ခွင့်ရတဲ့ အရှင်ကောဏ္ဍညရဲ့ညီပဲကွယ့်။

'အေး ရှင်တော်ဘုရား သက်တော်ထင်ရှားရှိစဉ်တစ်လျှောက် နောင်တော်ဖြစ်သူ ကောဏ္ဍညမထေရ်ကြီးဟာ ရှင်တော်ဘုရားရဲ့တပည့်သာဝကရဟန်းတွေထဲမှာ ဝါတော်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့ပေမယ့် သူ့ညီကတော့ ပရိဗိုဇ်ဘဝမှာပဲ ရှိသေးတယ်။ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံဝင်တဲ့အချိန်အထိ စဉ်းစားတွေဝေပြီး ပရိဗိုဇ်အဖြစ်နှင့်နေခဲ့သကွယ်။ အဲဒီအချိန်ကျမှ သတိဝင်လာပြီး အပြေးအလွှား ရှင်တော်ဘုရားထံ လိုက်လာတယ်။ သူရောက်လာတော့ အရှင်အာနန္ဒာမှာ ပြဿနာပေါ်ရှာတော့တာပဲကွယ်။ သုဘဒ္ဒကလည်း ရှင်တော်ဘုရားပရိနိဗ္ဗာန်မစံမီ ဖူးမျှော်ပါရစေလို့ ဖွတ်အတင်းအခွင့်တောင်း၊ အရှင်အာနန္ဒာကလဲ 'ဘယ်နည်းနှင့်မှ ခွင့်မပြုပါဘူးလို့'ငြင်းဆန်နှင့် တကယ်အချိန်အခါမှာ ရှင်တော်ဘုရားနေရာတော်ကို ကွယ်ကာထားတဲ့ အရံအပြင်မှာ ဆူညံသံများဖြစ်နေတော့သကွယ့်။

'ရှင်တော်ဘုရားက အပြင်မှအသံများကို သတိပြုမိတော့ 'အာနန္ဒာ၊ သုဘဒ္ဒကို မတားမြစ်ကြနှင့်၊ လာခွင့်ပြုလိုက်ပါလို့'မိန့်တော်မူရှာတယ်၊ ဒီလိုနှင့် သုဘဒ္ဒပရိဗိုဇ်ကြီးဟာ ရှင်တော်ဘုရားထံမှောက်ရောက်ရပြီး သူသိလိုတာလျှောက်ထားခွင့်ရသွားတယ်ကွယ့်၊ သူက မရှင်းလင်းတဲ့တရားအချက်တွေ

မေးမြန်း၊ ရှင်တော်ဘုရားက ကရုဏာကြီးမားစွာနှင့် ရှင်းလင်းဟောကြား ပြတော့ ပရိဗိုဇ်ကြီးဟာ ရှင်တော်ဘုရားထံ ရဟန်းအဖြစ်ကိုတောင်းပန်တယ်။ ရှင်တော်ဘုရားကလည်း ခွင့်ပြုတော်မူပြီး တစ်ထိုင်ထဲမှာပင် ရဟန်းအဖြစ်ရပြီး ဉာဏ်စဉ်အဆင်ဆင့် တမုဟုတ်ခြင်းတက်သွားပြီး ရဟန္တာဖြစ်သွားတော် မူတယ်။

'အထက်ကပြောပြတဲ့အတိုင်း ဒီသုဘဒ္ဒပရိဗိုဇ်ဟာ ရှင်တော်ဘုရားရဲ့ သာသနာမှာ လက်ဦးမဆွရဟန္တာဖြစ်ခဲ့တဲ့ အရှင်ကောဏ္ဍညရဲ့ညီတော် ဖြစ်သကွယ့်၊ ဟော အခု သူ့ကိုရှင်တော်ဘုရားကိုယ်တော်တိုင် သာသနာ တွင်းသွတ်သွင်းပြီး ရဟန်းဘဝရောက်စေတယ်။ နောက်ပိတ်ဆုံး ရဟန္တာ ဖြစ်အောင် တရားပြပေးလိုက်တော့ ဒီညီတော်နောင်တော်နှစ်ပါးဟာ အလွန် ထူးခြားတဲ့ သာဝကနှစ်ပါးဖြစ်သွားပါရောကွယ်။

## ရတနာမြတ်သုံးဖြာဆည်းကပ်ကြပါ

'ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားအပေါင်းတို့ဟာ ဘုရားရတနာ, တရားရတနာ, သံဃာရတနာတည်းဟူသော သုံးဖြာသောရတနာတို့ကို လွန်စွာ တန်ဖိုးထားသည့်အလျောက် အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်ကြ သကွယ့်၊ ဆည်းကပ်ကိုးကွယ်တယ်ဆိုတာ နှုတ်မှအမြဲရွတ်ဆိုပူဇော်ကန်တော့ ကြတာကို ဆိုလိုတယ်ကွယ့်၊ မောင်ဝဏ္ဏတို့လည်း ဘိုးဘိုး အခုချပေးသလို လိုက်ဆိုကြပြီး ဒီရတနာသုံးပါးကို အစဉ်ပဲဆည်းကပ်ကြပေတော့။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မြတ်စွာဘုရားအား ဆည်းကပ်ကိုးကွယ်ပါ၏။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
တရားတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏။
သံဃံ သရဏံ ဂစ္ဆာမိ ။
သံဃာတော်မြတ်များကို ဆည်းကပ်ကိုးကွယ်ပါ၏။

'အဲဒါ မောင်ဝဏ္ဏတို့လူငယ်တွေ သရဏဂုံသုံးပါး ရတနာမြတ်သုံးဖြာကို အမြဲရွတ်ဆိုကြရအောင် အလွတ်ရအောင် ကျက်မှတ်ထားကြပေတော့။

'ရှင်တော်မြတ်ဘုရားမှာ ထူးခြားတဲ့ဂုဏ်တော်အပေါင်းနဲ့ ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာတို့ဟာ ရှင်တော်ဘုရား ပွင့်တော်မူကတည်းက ဂုဏ်တော်များကိုချီးကျူးပြီး ပူဇော်ကန်တော့တဲ့အစဉ်အလာ ဖြစ်ပေါ်ခဲ့တာပဲ။ အမှန်စင်စစ်တော့ ရှင်တော်ဘုရားရဲ့ဂုဏ်တော်များဟာ မရေတွက်နိုင်အောင် များပြားလွန်းလို့ လူအပေါင်းတို့ ဆင်ခြင်နှလုံးသွင်းနိုင်ရုံ ဂုဏ်တော်ကိုးပါးကို ရွေးချယ်စိစစ်ပြီး ရွတ်ဆိုပူဇော်ကြတယ်ကွယ့်။ အဲဒီဂုဏ်တော်ကိုးပါးကိုလည်း မောင်ဝဏ္ဏတို့ အစဉ်ရွတ်ဖတ်သရဇ္ဈာယ်နိုင်အောင် အရကျက်မှတ်ထားဘို့ လိုသကွယ့်။

## ဗုဒ္ဓဂုဏ်တော်

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ
သမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရောပုရိသဒမ္မသာရထိ,
သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

'အေး အဲဒီဂုဏ်တော်ကိုးပါးကို မောင်ဝဏ္ဏတို့ ရှင်းရှင်းသိနားလည်ရန် ဘိုးဘိုးက ဂုဏ်တော်တစ်ပါးစီကို ရှင်းပြမကွယ့်။

(၁) အရဟံဂုဏ်တော်– ထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

(၂) သမ္မာသမ္ဗုဒ္ဓေါ– သစ္စာလေးတန် ဥေယျဓမ်တို့ကို ကိုယ်တော်တိုင် အကြွင်းမရှိ ကောင်းစွာသိမြင်တော်မူသော မြတ်စွာဘုရား။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော– ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(၄) သုဂတော– သတ္တဝါတို့ အကျိုးများကြောင်း ဟုတ်မှန်သည့်စကားကောင်းကို မြွက်ဆိုတော်မူသော မြတ်စွာဘုရား။



မဟာပရိနိဗ္ဗာန စေတီတော်

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံ

(၅) လောကဝိဒူ– လောကအကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။

(၆) အနုတ္တရောပုရိသဒမ္မသာရထိ– ဆုံးမထိုက်သူတို့အား ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမပေးမှု၌ အတုမရှိ အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရား။

(၇) သတ္ထာဒေဝမနုဿာနံ– ချမ်းသာစေကြောင်း လမ်းဟောင်းညွှန်ပြ မြွက်ဟတော်မူတတ်သောကြောင့် လူနတ်တို့၏ ဆရာမြတ်အစစ် ဖြစ်တော်မူသော မြတ်စွာဘုရား။

(၈) ဗုဒ္ဓေါ– တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။

(၉) ဘဂဝါ– ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရား။

'အေး အဲဒီဂုဏ်တော်ကိုးပါးဟာ ရှင်တော်မြတ်ဘုရားရဲ့ ဂုဏ်တော် အနန္တတို့မှ အလွယ်တကူ ရွတ်ဆိုနိုင်ရန် ရွေးနုတ်ဖွဲ့သီထားတဲ့ ဂုဏ်တော် များဖြစ်တယ်။

'အဲဒီတော့ ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်တဲ့ မောင်ဝဏ္ဏတို့ဟာ ဗုဒ္ဓ ရှင်တော်ဘုရားကို ယုံကြည်ကိုးကွယ်ပြီး၊ ဆိုဆုံးမတော်မူတဲ့ အဆုံးအမ တရားတော်များကို သိရှိနားလည်ကြရမယ့်တာဝန်ရှိတယ်ကွယ့်။ အဲဒီအချက် တွေကို ကောင်းစွာသဘောပေါက်ပြီး ဒီကနေ့ကစပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' သုံးဂါထာ၊ 'ဣတိပိသော' ဂုဏ်တော်ကိုးပါးတို့ကို အလွတ်ရွတ်ဆိုနိုင်ကြ အောင် ကြိုးပမ်းကြဖို့ ဘိုးဘိုးက ဆော်ဩလိုက်ရတယ် မောင်ဝဏ္ဏတို့ လူငယ်လူရွယ်များတို့။

'ဘိုးဘိုး အခုပြောပြတာတွေမှာ တဖြည်းဖြည်းစကားအခက်ကလေးများ ပါဠိစကားလုံးများပါလာတာကို သတိပြုမိကြမှာပေါ့။ ပါဠိစကားဟာ ရှင်တော် မြတ်ဘုရားကိုယ်တော်တိုင် တရားဟောကြားရာ၌ အသုံးပြုတော်မူခဲ့တဲ့

ဘာသာစကားဖြစ်လို့ ဗုဒ္ဓဘာသာဝင်ဟူသမျှ မြင့်မြတ်တဲ့အခြေအနေကို ရောက်လိုလျှင် တဖြည်းဖြည်းလေ့လာမှတ်သား သင်ကြားယူကြရမှာ ဖြစ်တယ်လို့ ဘိုးဘိုးပြောချင်တယ်။ အေး အခု ဗုဒ္ဓရတနာရှင်းပြတဲ့အပိုင်းက ပြီးသွားပြီ။

'အေး ဘိုးဘိုး နည်းနည်းဆက်ပြောချင်တာက 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'လို့ ရွတ်ဖတ်ကြတာဟာ ဗုဒ္ဓရဲ့ဂုဏ်တော်များကို ဆည်းကပ်ကိုးကွယ်တာပါ။ ဗုဒ္ဓရဲ့ ဂုဏ်တော်တွေဟာလည်း 'ဣတိပိ သော ဘဂဝါ အရဟံ'အတိုင်း ရှင်းပြပြီးပြီ။

'အခု ဗုဒ္ဓဂုဏ်တွေလို ရှင်တော်ဘုရားဟောကြားတော်မူတဲ့ ဓမ္မတရားတော်တွေမှာလဲ သူ့ဂုဏ်နှင့်သူ ရှိကြတယ်ကွယ့်။ အဲဒါကိုလဲ ပြောပြထားမယ်။ ကျက်မှတ်ထားရအောင်လို့၊ အကျယ်အဓိပ္ပာယ်ကတော့ ဓမ္မရတနာခန်းရောက်မှ ရှင်းလင်းပြောပြမယ်။

### ဓမ္မဂုဏ်တော်

သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။

'ဓမ္မဂုဏ်တော်ခြောက်ပါးလိုပဲ သံဃာ့ဂုဏ်တော်များကိုလဲ ယခုကစပြီး ကျက်မှတ်ထားကြပေတော့။ သံဃာ့ဂုဏ်တော်များက ကိုးပါးရှိသကွယ့်။

### သံဃာ့ဂုဏ်တော်

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော, သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိ ကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

'အေး မောင်ဝဏ္ဏတို့ကို ဘိုးဘိုး အခုပြောပြပြီးတာက ဘုရားဂုဏ်တော်ကိုးပါး၊ ဓမ္မဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါး အားလုံးဂုဏ်တော်နှစ်ဆယ့်လေးပါးရှိသကွယ့်။ အေး အခု ဘိုးဘိုး နည်းနည်းဆက်ပြောပြတာကို မောင်ဝဏ္ဏတို့စိတ်ဝင်စားမယ်ထင်တယ်ကွယ့်။ အခုလို ဂုဏ်တော်နှစ်ဆယ့်လေးပါးကို ရွတ်ဖတ်သရဇ္ဈာယ်ရင် ဘယ်လိုအကျိုးခံစားမှုရသလဲဆိုတာ ရှင်တော်ဘုရားကိုယ်တော်တိုင် ဟောထားတဲ့အကြောင်းလေး သိပ်စိတ်ဝင်စားစရာကောင်းတယ်ကွယ့်။

## ရတနာသုံးဖြာဆည်းကပ်ရကျိုး

ဘုရားလက်ထက်တော်က ရဟန်းသံဃာများဟာ ရှင်တော်ဘုရားထံမှာ ကမ္မဋ္ဌာန်းထိုင်နည်းတရားကို တောင်းခံယူပြီး တောထဲမှာ တရားသွားကျင့်ကြံအားထုတ်ကြသကွယ့်။ အဲဒီလို သစ်ပင်ရင်းမှာတရားအားထုတ်ကြရင်း ငါ့သားတော်များမှာ တကယ်လို့ တရားအားထုတ်နေရင်း ဘေးအန္တရာယ်တွေ့တော့မယ်၊ ကြောက်မက်ဖွယ်ရာများတွေ့၍ ကြက်သီးမွေးညင်းများတောင် ထလာမယ်ဆိုရင် ငါဘုရား၏ဂုဏ်တော်ဖြစ်တဲ့ 'ဣတိပိ သော ဘဂဝါ အရဟံ' စတဲ့ ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်ကြတဲ့။ အဲဒီလိုရွတ်ဖတ်သရဇ္ဈာယ်လိုက်ရင် အသင်တို့မှာ ကြောက်စိတ်တွေပျောက်သွားမယ်တဲ့။ ကြက်သီးမွေးညင်းလဲ ထတော့မှာမဟုတ်ဘူးတဲ့။

'ငါဘုရား၏ဂုဏ်တော် 'ဣတိပိ သော' စသည်ကို မအောက်မေ့သတိမထားမိရင်လည်း ငါ၏တရားတော်ဂုဏ်တော်ဖြစ်တဲ့ 'သွာက္ခာတော ဘဂဝတာ ဓမ္မော' စတဲ့ တရားဂုဏ်တော်များကို အောက်မေ့ရွတ်ဖတ်သရဇ္ဈာယ်ကြတဲ့၊ အဲဒီလိုဆိုရင် ကြောက်စိတ်များပြေပြီး ကြက်သီးမွေးညင်းများထခြင်းမှ လွတ်ကင်းကြလိမ့်မယ်။

'အေး တရားဂုဏ်တော်များကို မရွတ်မိရင်လဲ သံဃာဂုဏ်တော်များဖြစ်တဲ့ 'သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော' စတဲ့သံဃာတော်များ၏ဂုဏ်တော်ကို အောက်မေ့သတိရရွတ်ဖတ်ပေတော့တဲ့။ အသင်တို့ရဲ့

ကြောက်စိတ်များပြေပြီး ကြက်သီးမွေးညင်းများလည်း လွတ်ကင်းသွားလိမ့်မယ်။

'အဲဒီလို အကျိုးတရားများ ဘာလို့ခံစားရသလဲဆိုလို့ရှိရင် ငါကိုယ်တော်မြတ် ဘုရားရှင်ဟာ လူနတ်ဗြဟ္မာတို့၏ အထူးပူဇော်ထိုက်တဲ့ အရဟံဂုဏ်တော်နှင့်တကွ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်တော်ပိုင်ရှင်အဖြစ် ကိလေသာအညစ်အကြေးများဖြစ်တဲ့ ရာဂ, ဒေါသ, မောဟကင်းစင်ပြီး မည်သည့်ဘေးအန္တရာယ်ကိုမျှကြောက်ရွံ့စိတ်မရှိ ကင်းလွတ်လို့ဖြစ်တယ်-လို့ သာဝကတပည့်အပေါင်းတို့ကို ရှင်တော်ဘုရားက အတိအလင်းရှင်းလင်းဟောကြားထားတယ်ကွယ့်။ အဲဒီလို ဟောထားတာဟာ ဓဇဂ္ဂသုတ်နောက်ပိုင်းမှာဖြစ်တယ်။

'ဒါကြောင့် မောင်ဝဏ္ဏတို့လဲ ဂုဏ်တော်နှစ်ဆယ့်လေးပါးကို သေချာစွာကျက်မှတ်ပြီး အစဉ်ရွတ်ဖတ်သရဇ္ဈာယ်နိုင်အောင် ကြိုးစားကြပေတော့လို့ ဘိုးဘိုး တိုက်တွန်းချင်ပါတယ်။

ဗုဒ္ဓရတနာအခန်း ဤတွင် နိဂုံးကမ္ပတ် အပြီးသတ်လိုက်ပါတယ်။

ဇေယျာမောင်



တိပိဋက = နိကာယသာသနာပြုအဖွဲ့အတွက် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ကျမ်း ခြောက်တွဲ-ရှစ်အုပ်ကို ဦးဆောင်ဘာသာပြန်ဆိုခဲ့၏။ စာပေဗိမာန်(ဘာသာပြန်)စာပေဆုကို သုံးကြိမ်ရရှိခဲ့သည်။ ထင်ရှားသော စာပေလက်ရာတို့တွင် သီပေါမင်းနှင့်နယူး ယောက်တိုင်းသတင်းစာ၊ မြန်မာ့ဂုဏ်ဆောင် ဆရာကြီး ဦးဘခင်၊ မြတ်ဗုဒ္ဓဒေသနာ၊ Manual of Vipassana တို့ပါဝင်သည်။

ဆရာကြီးဇေယျာမောင်သည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဇေယျာရွှေမြေ ညွှေ့ပါမောက္ခရိပ်သာ၌နေထိုင်လျက်ရှိပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်တွင် သာသနာတော်ပြန့်ပွားရေးဘာသာရပ်ကို တွဲဖက်ဌာနမှူးအဖြစ် တာဝန်ယူသင်ကြားပို့ချပေးခဲ့သည်။ နိုင်ငံတော်မှချီးမြှင့်သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ဝိဇ္ဇာ ပညာထူးချွန်(ပထမဆင့်) တို့ကို ရရှိခဲ့သည်။


လူငယ်လူရွယ်များအတွက် ရတနာမြတ်သုံးဖြာ
ဗုဒ္ဓရတနာ
ဇေယျာမောင်